၁၀၄၇၅

ပဲခူးခရိုင်-ဝေါမြို့အပိုင်

အဗျားနွယ်ရွာ - အလယ်ဆိုင်

မူလ-ကသစ်ဝိုင်

ကျေးဇူးရှင် ဆရာတော် ဘုရားကြီး

ဟောကြားတော်မူခဲ့သော

ကိုယ်တွေ့ဉာဏ်မြင်

# အလုပ်ပေးဝိပဿနာ တရားစဉ်

## ဒုလ္လဘဒေသနာ

တည်းဖြတ်စီစဉ်သူ

အရှင်ခေမိန္ဒ (ပဓာန-နာယက)

မူလ ကသစ်ဝိုင် ဓမ္မရိပ်သာ။

ပထမတွဲ

သာသနာ-၂၅၁၃၊ ကောဇာ-၁၃၃၁-ခု၊ နယုန်လ

A-1

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၃၂၄၈)

**ထုတ်ဝေသူ** .... ဦးခေမိန္ဒ၊
ကင်းလွတ်ခွင့် အမှတ် ( ၀၈၇၂ )
ကသစ်ဝိုင်-ဓမ္မရိပ်သာ၊
အဗျားရွာ-ဝေါမြို့အပိုင်၊ ပဲခူးခရိုင်။

**ပုံနှိပ်သူ** .... ဦးထွန်းမင်း၊ မှတ်ပုံတင်အမှတ်( မြဲ- ၀၈၆၁ )
အနော်ရထာ ပုံနှိပ်တိုက်၊
အမှတ် ၁၇၇၊ ၅၁-လမ်း၊ ရန်ကုန်မြို့။

# ကျေးဇူးတင်လွှာ

ကျေးဇူးရှင် ဆရာတော် ဘုရားကြီး, ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော, "ကိုယ်တွေ့ဉာဏ်မြင်အလုပ်ပေး ဝိပဿနာတရားစဉ် ဤစာကျမ်း....ပထမတွဲကို" တိုတောင်း လှသောအချိန်ပိုင်းကလေးအတွင်းမှာ၊ ပြီးစီးအောင်မြင်ရန်, မဖြစ်မနေ၊ အဘက်ဘက်မှ ကိုယ်ဘိ,ရင်ဘိ, စွမ်းအင်ရှိသမျှ, ကူညီ ဆောင်ရွက်ခဲ့ကြသော, မူလ- ကသစ်ဝိုင်မှ, ဦးနန္ဒ, ဦးပဏ္ဍဝ, ဦးဈာနိက, အရှင်မြတ်များနှင့်၊ အင်းစိန်မြို့၊ ဗိုလ်ကြီးပါ,ဒေါ်စိစိ,တို့အား၊ များစွာ ဥပကာရ ကျေးဇူး တင်ရှိပါကြောင်း။

မူလ- ကသစ်ဝိုင်ဓမ္မရိပ်သာ
ဘုန်းတော်ကြီးများ။

## အာစရိယံ-ဂရုံ-အဟံဝန္ဒာမိ သဗ္ဗဒါ။

လောကုတ္တရာ-အမွေထူး, အမွေမြတ်,ပေးအပ် သနားခဲ့သော ဆရာမြတ်သခင်, ထေရ်အရှင်မြတ် ကြီး၏ ကျေးဇူးတော်, ဂုဏ်တော်, အထူးတွေကို "ကိုယ်တွေ့ ဥာဏ်မြင်" ဆယ်ရက်စဉ်၊ အလုပ် စခန်း၊ ပါဝင်လျှမ်းသည့်၊ ဤစာ, ကျမ်းကို၊ ရေး သားပါရ "ဓမ္မပူဇာ" တရားဖြင့်သာ, အမြတ်ဆုံး ပူဇော်ကန်တော့ လိုက်ပါ၏၊ ဆရာတော် အရှင် သူမြတ်ကြီးဘုရား။ ။

(ပုံ) ဘဒ္ဒန္တ - ခေမိန္ဒ၊

(ပုံ) ဘဒ္ဒန္တ - လက္ခဏ၊



ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော် ဘုရားကြီး ၏ ပုံ

# မာတိကာ

ဦးရေ　　　　　　　　　　　　　　　　စာမျက်နှာ


၁။ ပုဗ္ဗကိစ္စ အလုပ်ပေးတရားတော် ... ၁

၂။ ဓါတုမနသိကာရနှင့် ဣရိယာပထပဗ္ဗ
အလုပ်ပေးတရားတော် .... ၆၅

၃။ သီလခဏ်း ညတရားတော် .... .... ၁၃၁

၄။ သမ္ပဇညပဗ္ဗ အလုပ်ပေးတရားတော် .... ၂၀၁

၅။ သမထခဏ်း ညတရားတော် .... .... ၂၇၁

# ဓမ္မဒါန

## စေတနာရှင်များစာရင်း

ကျေးဇူးရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော "ကိုယ်တွေ့ဉာဏ်မြင် အလုပ်ပေးဝိပဿနာတရားစဉ်ဒုလ္လဘဒေသနာ" တော်သည် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက် လာမှသာ, ဟောကြားတော် မူအပ်သော, အလွန်အကြူး, အထူးအားဖြင့် ကြားနာရခဲသော, အဘိဓမ္မာဒေသနာမှ, ဖွေရှာပေါင်းထုတ်, အနှစ်စုလျက်, ရှုမှတ်ဆင်ခြင်, ကိုယ်တိုင်မြင်တွေ့ သိရှိခဲ့ရသော တရားတော်များဖြစ်၍၊ မွေး, နာ, အို, သေ, ရတဲ့ဘေးမျှော်တွေးကြောက်သဖြင့်၊ နိဗ္ဗာန်ရောက်ရေး, တအားသွေးလျက်၊ အသက်ခန္ဓာပမာမထား, ကြိုးစားအားထုတ် လိုကြတဲ့, ရဟန်းရှင်လူ, ယောဂီသူတော်စင်တို့သည် ကြည့်ရှုဆင်ခြင်, သိမှတ်တွင်တွင်ဖြင့်, အသင့်နှလုံးသွင်းကာ, အမြင့်ဆုံး အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်စံသုံးမှုကို၊ ရည်သန်ပြုသည်ကာ ပဋိပတ္တိသာသနာ ရှည်ကြာတည်တန့် ခိုင်မြဲမှုအတွက်က တဖြာ, သဒ္ဓါပြခန်း လှူဒါန်းပါဝင်ကြသော ဓမ္မဒါန အလှူရှင်များမှာ....

၁။ ညောင်လေးပင်မြို့ မိဘများကို အမှူးထား၍ ကသစ်ဝိုင်ရိပ်သာ ဆရာတော် ဘုရားကြီး၏ တိုက်ကျောင်းအမ, ရဟန်းအမလေး, မချိုချို စေတနာ ၂၅၀၀ိ

၂။ ရန်ကုန်မြို့ အငြိမ်းစားအတွင်းဝန်ဦးချမ်းသာ- ဒေါ်တင်တင်မေ မိသားစုစေတနာ ၁၀၀၀

၃။ ရန်ကုန်မြို့ ဂွတ္တာလစ် ရပ်ကွက်နေ ကသစ်ဝိုင်ရိပ်သာ ဘုန်းတော်ကြီး ဦးခေမိန္ဒ၏ ရဟန်းအမ ဒေါ်အုန်းမေ၊ သီးစန်းစန်းရီ၊ ထား ထား ရီ သား မောင်သန့်စင်တို့ စေတနာ ၃၀၀

၄။ ကသစ်ဝိုင် ဓမ္မရိပ်သာ ဦးဝိနယ စေတနာ ၁၇၅

၅။ ပဲခူးခရိုင် ကဝမြို့နယ်၊ ကသစ်ပင်ရွာ(ကွယ်လွန်သူ) ခင်ပွန်းဖြစ်သူ ဦးမင်းဖန်အားရည်စူး၍ ကျောင်းအမ ဒေါ်ငွေမယ် စေတနာ ၁၂၅

၆။ ရန်ကုန်မြို့ စမ်းချောင်း ခေမာလမ်း၊ အငြိမ်းစား ယစ်မျိုးဝန်ထောက် ဦးစံဗိုလ်-ဒေါ်သန်း မိသားစုစေတနာ ၁၀၀

၇။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ်၊ဦးထွန်းရီ ဒေါ်ပု စေတနာ ၁၀၀

၈။ ဝေါမြို့နယ် ပန်းညိုရွာ ဦးအောင်-ဒေါ်မြရွှေ စေတနာ ၁၀၀

၉။ ဝေါမြို့နယ် ပန်းညိုရွာ မောင်အောင်မြင့်-မစန်းသီ စေတနာ ၁၀၀

၁၀။ အင်းစိန်မြို့ လမ်းသစ်လမ်း၊ ဗိုလ်ကြီးပေါ-ဒေါ်စိစိမိသားစုစေတနာ ၁၀၀

၁၁။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ်၊မြခွါညို လမ်း၊ ဦးစန်းရှိန်-ဒေါ်ငွေကျင် မိသားစု စေတနာ ၈၀

၁၂။ ကသစ်ဝိုင် ဓမ္မရိပ်သာ ဦးကောသလ္လစေတနာ ၇၅၀

၁၃။ ညောင်လေးပင်မြို့ ဦးကျားနှင့် မောင်နှမ
တစု စေတနာ ၇၅

၁၄။ ညောင်လေးပင်မြို့ ဦးကျားစေတနာ ၇၅

၁၅။ ပေါ်မြို့ကျောင်းဒါယကာ ဦးထွန်းတင်-ဒေါ်
ချော စေတနာ ၆၀

၁၆။ ရန်ကုန်မြို့ ၃၂-လမ်း အမှတ် ၁၄၀၊ဦးဘဆွေ
ဒေါ်သန်းမြ စေတနာ ၆၀

၁၇။ ပဲခူးမြို့ ခ ရိုင် ဝန် က တော် ဒေါ်လှရင်-သား
မောင်အေးသန်း စေတနာ ၅၀

၁၈။ ဘုရားကြီးမြို့ ရဟန်းအမကြီး ဒေါ်ပိန်သွီးမပု
စေတနာ ၅၀

၁၉။ ရန်ကုန်မြို့ ရွှေ ဘုံ သာ လမ်း၊ ဦးမောင်စိန်-
ဒေါ်တင်မေ စေတနာ ၅၀

၂၀။ မုဒုံမြို့ စာ စဉ် ရပ်၊ ဒေါ်လှစိန်-မသန်းမြင့်-
ခင်လှဝေ-စေတနာ ၅၀

၂၁။ ရန်ကုန်မြို့ ၄၄ လမ်း အမှတ် ဂ၆ ဒေါ်ညွန့်-
သွီး ဒေါ်ဖွားကြည် စေတနာ ၅၀

၂၂။ ပေါ်မြို့နယ် အဗျား အလယ်စု ကိုသန်းမောင်
မအေးတင် စေတနာ ၅၀

၂၃။ ဖဒိုမြို့ ဦးကျူးဝါးစသော ယောဂီ ဟောင်း
များ စေတနာ ၅၀

၂၄။ ဖဒိုမြို့ဦးခင်မောင်၊ဒေါ်ငြိမ်းရွှေ-သ္မီးမငွေးငွေး
သား မောင်စိုးဝင်း စေတနာ ၅၀

၂၅။ ရှမ်း ပြည်၊ နောင် ချို နယ်၊ ရွှေ မု ဌေး ရွာ-
ဒေါ်ဖွားခင် မိသားစု စေတနာ ၅၀

၂၆။ ဖဒိုမြို့ ဦးဟင်ရှင်း ဒေါ်အမာ စေတနာ ၅၀

၂၇။ ဖဒိုမြို့ ဦးလောဂါ ဒေါ်မြမြ သ္မီးရဟန်းအမ
လေး မကျင်လွှမ် စေတနာ ၅၀

၂၈။ ( က သစ် ဝိုင် ) ဦးအဂ္ဂနှင့် သား သ္မီးများ
စေတနာ ၄၀

၂၉။ ညောင် လေး ပင် မြို့၊ ဦး ကျော် အေး-
ဒေါ်-ကျင်မေ စေတနာ ၃၀

၃၀။ ဝေါမြို့ ကွယ်လွန်သူ ဦးချစ်မောင် ရည်စူး၍
ဒေါ်စောနှင့် မိသားစု စေတနာ ၃၀

၃၁။ ဝေါမြို့ ဒေါ်သူတော် ဒေါ်စံ ဒေါ်စန်းမြင့်
စေတနာ ၃၀

၃၂။ ကဝမြို့နယ် မကျက်ကြီးရွာ မညို သ္မီးမမရီမြင့်
စေတနာ ၂၅

၃၃။ ရန် ကုန် မြို့ အ လုံ ပွဲ ရုံ တန်း ဦးရန်အောင်
ဒေါ်သိန်း သားသ္မီးများ စေတနာ ၂၅

၃၄။ ပြွန်တဆာမြို့ ဒေါ်ကျင်သန်း သ္မီး မလွှမ် တူမ-
မညွန့်ညွန့် စေတနာ ၂၅

၃၅။ ဒါး ပိန် မြို့ ဦး မောင် တင် သား သ္မီး များ
စေတနာ ၂၀

၃၆။ ရန်ကုန်မြို့ ပုဇွန်တောင် ရွှေဘုန်းပွင့် ဒုလ္လဘာ အဖွဲ့ဝင်များ စေတနာ ၂၀

၃၇။ ရန်ကုန်မြို့ ဘောက်ထော် အ ဝေ ရာ လမ်း ဦးသိန်းအောင် ဒေါ်တင်တင်ညွန့် သား သမီး မြေးများ စေတနာ ၂၀

၃၈။ မော်လမြိုင်မြို့ မရမ်းကုန်းရပ် အမှတ်(၃၉၇) မမြင့်မြင့်သန်း စေတနာ ၂၀

၃၉။ ဘုရားကြီးမြို့ ဥက္ကံရွာ ဆရာတော် စေတနာ ၂၀

၄၀။ ပြန်တံဆာမြို့ ဒေါ်စောတင် ဒေါ်ငွေစိန် ဒေါ်စန်း မအေးမြင့် စေတနာ ၂၀

၄၁။ ရှမ်းပြည် နောင်ချိုမြို့နယ် ရွှေ မုဋ္ဌော ရွာ ဦးဘလွန်း ဒေါ်လှညွန့် မိသားစုစေတနာ ၂၀

၄၂။ ဖဒိုမြို့ ဦးကျူးဝါး စေတနာ ၂၀

၄၃။ ဖဒိုမြို့ ဦး ဟောင် လျောင်း ဒေါ် ပိုး ကြူ စေတနာ ၂၀

၄၄။ ဖဒိုမြို့ ဦးအော်ကေး ဒေါ်ရှုဝ့ိ ၂၀

၄၅။ ဝေါမြို့နယ် အဗျားဗိုလ်တဲ ကိုဒွေး မတင် စေတနာ ၂၀

၄၆။ ဝေါမြို့နယ် အဗျားဗိုလ်တဲ မောင်ပိန် မသိန်း-မြင့် စေတနာ ၂၀

၄၇။ ရန်ကုန်မြို့ အထက်ပုဇွန်တောင် အမှတ် ၂၁

စိန်ရွှေရတနာဆိုင်-ရွှေပန်းတိမ်ဆရာ ကိုဘငွေး
မစိုးမြင့် သား သမီး များ စေတနာ ၁၅၀

၄၈။ ပဲခူးမြို့ မောင် ဘ တင် မောင် သောင်း ထွန်း
မခင်စိုး မောင်တင်နိုင် စေတနာ ၁၅

၄၉။ ပဲနွယ်ကုန်းမြို့- ဒေါ်သိန်းတင်- မချစ်-မတင်ရီ
မငွေး စေတနာ ၁၅

၅၀။ ဝေါမြို့နယ် အဇျားအလယ်စု- ကိုငမောင်
ဒေါ်ကြည်သိမ်းမစိန်မြင့် မဥ စေတနာ ၁၅

၅၁။ ကျောက်ညှပ် ကိုဟုတ်ကျင် မမြရီ စေတနာ ၁၅

၅၂။ ပု ဇွန် တောင် ရွှေဘုန်းပွင့် ဒုလ္လဘ ရဟန်း
ဦးသီလ၊ ရဟန်း ဒါယိကာ ဦးတင်အောင်
စေတနာ ၁၀

၅၃။ ရန်ကုန်မြို့ ပုဇွန်တောင် အိုးဘိုးရပ် လိပ်ကန်
လမ်း အမှတ် (၅၁)အဖဦးစံဦး သား မောင်
တင်အောင်-မလှရီ သားသမီး မြေးစေတနာ ၁၀

၅၄။ ပုဇွန်တောင် အိုး ဘို ရပ် ဦးကုလားလမ်း၊
ဦး လှ မောင်- ဒေါ် စိန် ခိုင် သား သမီး များ
စေတနာ ၁၀

၅၅။ ပုဇွန်တောင် အိုးဘိုရပ် လိပ်ကန်လမ်း အမှတ်
၃၇၊ဒေါ်ကြင်ဝါး၊ ဒေါ်ကြင်လွှမ် စေတနာ ၁၀

၅၆။ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်း (၁၆၆) ဦးဘအုန်း
ဒေါ်စိန် သမီး ဒေါ်အုံးမေ- ဒေါ်သိန်းဟံ
စေတနာ ၁၀

၃၇။ မိဘများ အမျိုးထား၍၊ ရန်ကုန်မြို့ ပုဇွန်-
တောင်၊ အိုးဘိုရပ်၊ ဒေါ်ဒွေးလမ်း ဦးစံလှိုင်-
ဒေါ်စောတင် သမီး မဝင်းကြည် မတင်ကြည်
တို့ စေတနာ ၁၀

၃၈။ ညောင်လေးပင်မြို့ ဒေါ်ချစ် - ဒေါ်ဝိုင်း
စေတနာ ၁၀

၃၉။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ဒုလ္လဘာ
ရဟန်း-တော် ဦးကောဏ္ဍည၊ ဦးဇဝန၊ ဦးပဏ္ဍိတ
တို့ စေတနာ ၁၀

၄၀။ ရှမ်းပြည် နောင်ချိုမြို့နယ် ရွှေမုဋ္ဌောရွာ
ဒေါ်အေးမေ စေတနာ ၁၀

၄၁။ မဒေါက်မြို့ ဦးသင်း ဒေါ်ပိုးစု စေတနာ

၄၂။ ပဲခူးမြို့ ညောင်ဝိုင်းရပ် ၁၂-လမ်း ဦးအုံး-
ဒေါ်သန်းကြည် စေတနာ ၁၀

၄၃။ ဝေါမြို့နယ် အညာစုကျေးရွာ ရဟန်းအမ
ဒေါ်ထွေး စေတနာ ၁၀

၄၄။ ရှမ်းကိုင်းရွာ ဦးလှဖေ ဒေါ်လှရှင် သား-
မောင်ဝင်းအောင် စေတနာ ၁၀

၄၅။ ရန်ကုန်မြို့ ပုဇွန်တောင်ရေကျော်လမ်း(၇၂)
ဒေါ်ထင်ကျော် စေတနာ ၁၀

၄၆။ ပဲခူးမြို့ ဒေါ်သန်း စေတနာ ၁၀

၆၇။ ရန်ကုန်မြို့ မအူကုန်းစက်ရုံလမ်း (၄၇) မိခင် ဒေါ်သင်း အမှူးထား၍ ဦးမျိုးဆွေ စေတနာ ၁၀

၆၈။ ရန်ကုန်မြို့ ပုဇွန်တောင် အိုးဘိုရပ် ကွက်သစ် ဖြတ်လမ်း (၅၂) မိခင် ဒေါ်သန်း အမှူးထား၍ ရွှေမန်းပဲလှော်ဖို ဦးမြ ဒေါ်တင်မြင့် စေတနာ ၁၀

၆၉။ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်း (၂၁) ကွယ်လွန်သူ ဘခင် ဦးမောင်ဆင်-ဒေါ်တင် စေတနာ ၁၀

၇၀။ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်း အမှတ်-(၂၁) ရွှေပန်းတိမ်ဆရာဦးဘဌေး ဒေါ်စိုးမြင့် သားသမီး စေတနာ ၁၀

၇၁။ ပုဇွန်တောင် တောင်လုံးပြန် ကန္နားလမ်း အမှတ် (၄) ဦးတင် ဒေါ်ဇံရင် သား မောင်တင်ဧ စေတနာ ၁၀

၇၂။ ရန်ကုန်မြို့ လမ်း (၅၀) အမှတ် (၈၅) ဦးထွန်းအုံ ဒေါ်ခင်ညွန့် စေတနာ ၁၀

၇၃။ ရန်ကုန်မြို့ ပုဇွန်ထောင် ရွှေဘုန်းပွင့် ဦးသီလ (ခေါ်) ဦးသောကြာ စေတနာ ၁၀

၇၄။ ရန်ကုန်မြို့ အထက်ပုဇွန်တောင် အမှတ်(၃၂) ဦးထွန်းကြိုင် ဒေါ်ကျင်လှိုင် စေတနာ ၁၀

၇၅။ ရန်ကုန်မြို့ တောင်လုံးပြန် ကျောင်းလမ်း အမှတ် (၃) ဦးကျော် ဒေါ်ကြည် မိသားစု စေတနာ ၁၀ိ

၇၆။ ရန်ကုန်မြို့ ပုဇွန်တောင်တပ်မြေ မြခွါညိုလမ်း ဦးထွန်းခိုင် ဒေါ်အေးချစ် သမီး သန်းသန်းနွဲ့ မြင့်မြင့်ဝေ စေတနာ

၇၇။ ပဲခူးမြို့ ဦးအုန်း ဒေါ်သန်းကြည် စေတနာ ၁၀

၇၈။ ရန်ကုန်မြို့ ရွှေဘုံသာလမ်း ဦးကျင် စေတနာ ၁၀

၇၉။ ရန်ကုန်မြို့ ရွှေဘုံသာလမ်း ဦးသိန်းစေတနာ ၁၀

၈၀။ ဘုရားကြီးမြို့ ဦးမောင်အို စေတနာ ၁၀ိ

၈၁။ မုပွလင်မြို့ ရဟန်းအမကြီး ဒေါ်မဲ စေတနာ ၁၀ိ

၈၁။ ပဲခူးခရိုင် ကဝမြို့နယ် မကျက်ကြီးရွာ မခင်မြ စေတနာ ၁၀

၈၂။ ရန်ကုန်မြို့ ခေမာလမ်း အမှတ် (၁၇) မူမူ စေတနာ ၁၀

၈၃။ ဒါးပိန်မြို့ ဦးကိုကိုကြီး ဒေါ်အမာစေတနာ ၁၀

၈၄။ ဒါးပိန်မြို့ မခင်ပင်း မတင်ရီ စေတနာ ၁၀

၈၅။ ရန်ကုန်မြို့ ပုဇွန်တောင် ရွှေဘုန်းပွင့် ဒုလ္လဘ ရဟန်း ဦးကောဝိဒနှင့် ရဟန်းအမ ဒေါ်ကျင်မွှေး စေတနာ ၁၀

# (ည)

၁၆။ တောင်ဥက္ကလာ (၇) ရပ်ကွက် ဦးသိန်း
စေတနာ ၁၀
၁၇။ တောင်ဥက္ကလာ မဂ္ဂင် လမ်း ညွန့် ကျောင်း
ဦးဇဝန စေတနာ ၁၀
၁၈။ တောင်ဥက္ကလာ (၇) ရပ်ကွက် ဦးကျော်ရင်
စေတနာ ၁၀
၁၉။ ပဲခူးမြို့ ဦးစံရင် ဒေါ်ဝက် စေတနာ ၁၀
၂၀။ ပဲခူးမြို့ အမိ ဒေါ်သဲအူ နှင့် သား သမီး များ
စေတနာ ၁၀
၂၁။ ညောင်လေးပင်မြို့ မန္တလေးလမ်း ဒေါ်သန်း-
စိန် သမီး မကျင်သန်း စေတနာ ၁၀
၂၂။ ညောင်လေးပင်မြို့ စာတိုက် ဒေါ်ချစ် နှင့်
ညီမ ဒေါ်ပိုင် စေတနာ ၁၀
၂၃။ ရန်ကုန် တောင်လုံးပြန် ချမ်းသာလမ်း (၂၄)
ဦးဘသိန်း ဒေါ်မြို့ စေတနာ ၅
၂၄။ ပုဇွန်တောင် ရွှေဘုန်းပွင့်အဖွဲ့ ဒေါ်ဝက် ၅
၂၅။ ရန်ကုန် သင်္ကန်းကျွန်း ငမိုးရိပ် စံပြရပ်ကွက်သစ်
ဦးကျော်ဇံ ဒေါ်တင် မိသားစု စေတနာ ၅
၂၆။ ရန်ကုန်မြို့ အလုံလျှပ်စစ်ဌာန ဦးငြိမ်းမောင် ၅
စေတနာ
၂၇။ ရန်ကုန်ပုဇွန်တောင် တပ်မြေဂန္ဓမာလမ်း (၈)
ဒေါ်လှ သမီး မအုံး၊ အေး ကိုစိန် စေတနာ ၅

စာမျက်နှာ (၃၄၉) သို့

# ကျေးဇူးရှင် "ကသစ်ဝိုင်" ဆရာတော်ကြီး

## ထေရုပ္ပတ္တိအကျဉ်းနှင့်နိဒါန်း။

မြန်ပြည်နယ်ပယ် ခရိုင်တခွင်မှာ " က သ စ် ဝိုင် " ဟု နာမည်တွင် အလွန်ပင် ထင်ရှား ကျော်ကြားလှသည့်၊ သီလ, သမာ, ပညာစသား, ကျင့်တပုံးနှင့် ပြည့်စုံပါပြေးသည့်, မဟာထေရ, ဗျတ္တိဗလ, သတ္တိဝိသေသ, ရှိတော် မူလတ်သည့်, အရိယာဇာတ် ပရမတ်နွယ်တော်, မြတ်ထေရ်ကျော်သခင် "ကျေးဇူးရှင်" ဆရာတော် ဘုရားကြီးသည်၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်- အဗျား အလယ်စု ရွာ၌၊ ၁၂၆၅- ခု၊ ဖေဂ္ဂုဏီ နက္ခတ်နှင့် ယှဉ်သော တပေါင်းလဆန်း ( ၁၀ ) ရက်၊ ဗုဒ္ဓဟူးနေ့ ညည့် (၁၀) နာရီ အချိန်တွင်ဘွားမြင်လေသည်။

**ပညာရှိများ, နိမိတ်ကြား။**

ကသစ်ဝိုင် ထေရ်မော်, ဆရာတော်တပါးရယ်လို့, နာမည် ကျော်ကြား,ဖြစ်လာပြေးမည့်ဇာနည်လောင်းလျာ,သားကောင်း ရတနာ သူငယ်ကလေးကို, ဖွားမြင်ခါနီး ဆဲဆဲအခါတွင်, အိမ်၏ ရှေ့,နောက်, တောင်,မြောက်, တခွင် ပတ်ဝန်းကျင်၌ ကျီးများ ပြုံခြင်း၊ ရပ်ရွာတွင်းမှာလည်း၊ ဆူညံနိမိတ်, အရိပ်မမြင်,အလွန်ပင် တိတ်ဆိတ်လျက်, အလွန် မွှေးကြိုင်သော, ရနံ့များကို ရှူရှိုက်ရခြင်း စသော ထူးခြားသည့် အတိတ်, နိမိတ်,တွေ တွေ့ရှိရ လေ သောကြောင့်, ပညာရှိများက၊ ဤသူငယ် ကလေးသည်

# နိဒါန်း

သာမညမဟုတ်၊ နောင်သောအခါ၊ သာသနာမှာ၊ ဩဇာအာဏာ၊ တေဇာကြီးမား၊ လွန်ကျော်ကြားမည့်၊ သာသနာ့ကြက်သရေ၊ တင့်ဝေဖြိုးလည့်၊ အာဇာနည်တွင်၊ အရှင်တပါး ဖြစ်လိမ့်မည်ဟု နိမိတ်ဩဘာ၊ ထောမနာစကား၊ ပြောကြား လာကြကုန်၏။

**နေ့သင့် နာမ်ပေါ်၊ မည့်မှည့်ခေါ်။**

ကြာသပတေးဝိုင် ထေရ်မော်၊ ဆရာတော် လောင်းလျာ သူငယ်ကလေးသည်၊ ငယ်ရွယ်စဉ်ကပင် ရောဂါဝေဒနာ ကင်းပြီး ဖြူစင်သန့်ရှင်း ငြိစ်ကြေးကင်းလျက်၊ ရွှေရောင်အဆင်းကဲ့သို့၊ ဝါဝင်းသော ကိုယ်ရေ ကိုယ်သား ရှိသည်ဖြစ်၍၊ မိဘ ဘိုးဘွားများကရင်းသူငယ်ကို ငယ်မည်နာမ "မောင်ရွှေဘ" ဟု မှည့်ခေါ်ကြလေသည်။

**မာတာ၊ ပိတု မည်နာမ။**

ခမည်းတော်၊ မယ်တော်တို့၏ အမည်သညာ ခေါ်စရာကားရှေး ကုသိုလ်ကံ ဆည်းပူး မှန်သဖြင့်၊ အကျိုးပေး သန်သည့် "ဦးဘိုးကံ" နှင့် စိတ်သဘော ဖြူစင်၊ ပူပင်မနှော၊ သောကမဝင်၊ အေးရိပ်ယှဉ်လျက်၊ ပူရိပ်ငြိမ်းသင့် "ဒေါ်စိမ်းရင်" ဟု အမည်နာမ၊ ခေါ်ကြလေသည်။

**ရင်နှစ်သည်းချာ၊ သားဦးရတနာ။**

"ဦးဘိုးကံ၊ ဒေါ်စိမ်းရင်" ခေါ် ခမည်းတော်၊ မယ်တော်တို့၏၊ ရင်နှစ်သည်းချာ၊ သား၊ သမီးရတနာ (၁၀)ယောက်တို့တွင်၊

# နိဒါန်း

ပထမသားဦးရတနာကြီးဖြစ်၍နောင်အခါ သာသနာမှာ နေလ ဖွယ်သွင် အလွန်ထင်ရှား၍ သာသနာ့အာဇာနည် သူရဲကောင်းဖြစ်မည့် "ကသစ်ဝိုင်ထေရ်မော် ဆရာတော်လောင်းလျာကလေး" တပါး ဖြစ်ခဲ့လေသည်။

## ငြိမ်သက်သေခွေ, မြတ်ဣန္ဒြေ။

ကသစ်ဝိုင်ထေရ်မော်, ဆရာတော်ဖြစ်မည့် အလောင်းလျာ သတို့သားကလေးသည်, ငယ်ရွယ်စဉ်ကပင်, ငြိမ်သက်တည်ကြည် သော ဣန္ဒြေရှိသည့်ပြင် တည်ကြည်ခန့်ငြားသော ........ ရုပ-သမ္ပတ္တိနှင့် ပြည့်စုံ၍၊ အကုသိုလ်မှုပြစ်၊ အပြစ်ဖြစ်မှာ လွန်စွာ ကြောက်တတ် လေသည်၊ တခုထူးသည်မှာ ဟုတ်မှန်ရာကို မကြောက်မရွံ့ နောက်မတွန့်ဘဲ စွဲမြဲစွာပြုလုပ်ပြောဆိုတတ်သော ဝါသနာအလေ့တခု ရှိလေသည်၊ မကောင်းမှုအကုသိုလ် ဒုစရိုက် ဘက်ကျပြန်တော့, ပြုလိုက်ရမှာ အလွန်စက်ဆုပ်ရွံ့ရှာ, တတ်လေ သည်။

## ရှင်ပြုမင်္ဂလာ, ဘွဲ့သညာ။

ဇာနည်လောင်းလျာ သူငယ်ကလေးသည် တဆယ့်နှစ်နှစ် အရွယ်ရောက်သောအခါ မိဘများက, သားဦးရတနာ, ငယ်မည် နာမ မောင်ရွှေဘကို အဗျားအထက်စုကျောင်း ဆရာတော် (ဦးကလျာဏ)ထံ၊ ကြီးကျယ်ခန်းနား၊ စည်ကားလှစွာ မင်္ဂလာ-ပဗ္ဗဇ္ဇ, ဘိသေကဖြင့်၊ ဗုဒ္ဓမြတ်စွာ၊သာသနာအတွင်း ချီးမြှင့်ခြင်းမှု ကောင်းစွာပြုပြီးလျှင်၊ ပညာရင်နို့ သောက်စို့ဘို့ရန်၊အပ်နှံပြီး နောက် ဆရာတော်လက် ရောက်သောအခါ၊ ကသစ်ဝိုင်ထေရ်

# နိဒါန်း

မော်, ဆရာတော်လောင်းလျာ တပည့်သာမဏေငယ် မောင်ရွှေဘကို ဗုဒ္ဓဟူးသား, ဖြစ်သည့်အားလျော်စွာ ဆန်းဂိုဏ်းထောက်ချင့်နေ့နံသင့်၍ "ရှင်ရေဝတ"ဟု ဘွဲ့မည်သတ်မှတ်, ပေးအပ်ချီးမြှင့်ခဲ့လေသည်။

## သာမဏေဖြစ်လာ,ပညာရှာ။

အဗျားအထက်ကျောင်း ဆရာတော်ထံမှောက်ဝယ်၊ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီးနောက်၊ဆရာတော် ခြေတော်ရင်း၌ပင် လောကီတန်းပညာ ၄ တန်းပြီးမြောက်, လက်ထောက်ဆရာပြုလုပ်ပြီးကာ နှစ်ဝါတိတိ ဆရာသမားကို အကူအညီပေး၍ နေထိုင်ခဲ့လေသည်။

## ပညာရှာသွား,ရပ်တပါး။

ရှင်ရေဝတသည်, ၁၄, နှစ်သားရွယ် သာမဏေဘဝဖြင့် ၂,ဝါရသောအခါ၊ကျိုက်ထိုမြို့အနီး မရမ်းချုံကျောင်းတိုက် ဆရာတော်ထံ၌၎င်း၊ ထိမ္မတဆင့် သရက်တောကျောင်းတိုက် အင်းဝတောင်ကျောင်း "ပထမကျော်" ဆရာတော် ဦးကောသလ္လနှင့် ဦးဣန္ဒဝံသတို့ထံ၌ သဒ္ဒါသင်္ဂြိုဟ်,မှစ၍ နေ့ဝါ, ညဝါ, သင်ရိုးအခြေခံအောက်စာငယ်များကို ကုန်စင်တတ်မြောက်အောင် ဆည်းပူးသင်ယူခဲ့လေသည်။

သာမဏေ, ၄, ဝါရ၊ ၁၆, နှစ်ရွယ် ရောက်သောအခါ၊ အစိုးရပါဠိ ပထမပြန် စာမေးပွဲ၌, ပထမငယ် တန်းကို အလွယ်တကူအောင်မြင် ပြီးမြောက်ခဲ့လေသည်၊ ၎င်းနောက် စာမေးပွဲများကို

## နိဒါန်း

ဆက်လက် အားမထုတ်တော့ဘဲ၊ အထက် ကျမ်းကြီး များကို သာ, သချာ ပေါက်ရောက် တတ်မြောက်ရလေအောင်, အထူး ကြိုးစား သင်ယူခဲ့လေသည်။

ဤကဲ့သို့ သာသနာ့ တာဝန်ကို ထမ်းဆောင်ကာ ပညာများ ရှားမှီးနေရင်း၊ ကသစ်ဝိုင် ထေရ်မော်, ဆရာတော်ဖြစ်မည့်, ဇာ နည်လောင်းလျာ, သညာနာမ, ခေါ်တွင်ကြသည့်, ရှင်ရေဝတ သည်၊ အသက်နှစ်ဆယ် ပြည့်ဖို့း ကြွယ်သဖြင့်, ရဟန်းခံရမည့် အချိန်သို့ ရောက်ရှိခဲ့လေသည်။

**ဥပသမ္ပဒ, ပြုကြမင်္ဂလာ။**

ဘခမည်းတော်, မယ်တော်တို့သည်, ဥပသမ္ပဒ, ပြုကြမင်္ဂလာ အခါကောင်းကို, စိစစ် ရွေးချယ်ကြပြီးကာ, ၁၂၇၅-ခု၊ တပေါင်း လဆုပ် (၅) ရက် နေ့၌, သိုက်မြိုက် စည်ကား, ခန်းနားစွာဖြင့် ဥပသမ္ပဒ, ကံဆောင်ပြုကာ, ရဟန်းခံအလှူမင်္ဂလာပွဲကို, ကျိုက် ထိုမြို့ မရမ်းချို ဆရာတော်ဘုရားကြီး အမှူးထား၍ တကြိမ်၊ ညောင်လေးပင်မြို့၊ တောရကြီး ကျောင်းတိုက်, ဆရာတော် ဦးအရိယ, အမှူးထား၍ တကြိမ်, နှစ်ကြိမ်, တိုင်တိုင်, အဗျား အလယ်စုရွာ, ရေသိမ်၌ ရဟန်းအဖြစ်ရောက်အောင် ချီးမြှောက် လှူဒါန်းခဲ့ကြလေသည်။

ရဟန်းဖြစ်ပြီး မကြာမီ, ပခုက္ကူမြို့၊ မဟာဝိသုတာ ရာမ တိုက် ဆရာတော်များထံ၌၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာများ ကို ၃, နှစ် တိုင်တိုင်, ပိုင်ပိုင်, နိုင်နိုင်ချည်း, ဆည်းပူး, သင်ယူခဲ့ လေသည်၊ ရဟန်း သုံးဝါရသောအခါ၌၊ အစိုးရ ပထမပြန် စာမေးပွဲ- ပထမလတ်တန်းကို အလွယ်တကူ အောင်မြင်ပြန်လေ

သည်၊ အောင်မြင်ပြီးသောအခါ၊ မန္တလေးမြို့သို့ တဖန် ပြောင်းရွှေ့ခါ၊ ရွှေရေးဆောင်တိုက် ဆရာတော် ဦးကြည်စသော, ပညာကျော် ဆရာတော်များထံ၌ နေ့ဝါ, ညဝါ,ကို ထပ်မံ သင်ယူခဲ့ပြန်လေသည်၊ သိက္ခာ, ၆,ဝါရသောအခါ၊ အစိုးရ ပထမပြန် စာမေးပွဲ၌ ပထမကြီးတန်းကို ရည်မှန်းသည်ထက် လွယ်ကူစွာအောင်မြင်ခဲ့ပြန်လေသည်။

**ပညာရည်ဝ, ဌာနေကြွ။**

ဤသို့ ပညာရည်ဝ, နည်းနာရ၍, ပိဋက ကျမ်းစာများကို အလွယ်တကူ ကြည့်ရှုသိမြင်, တတ်မြောက်ပြီ ဖြစ်၍, စာပေသင်ကြားခြင်းကို ရပ်ဆိုင်းကာ၊ စာပေပို့ချခြင်း အလုပ်ဖြင့်သာသနာ့တာဝန်ကို အားသွန်,ကြိုးပန်းရင်း၊ ဝေါမြို့အနီး ကျုံ့တူကျောင်းတိုက်ကြီး၌၊ (၇) ဝါမှ (၁၀) ဝါထိ နေထိုင်ခဲ့လေသည်။

ထိုမှတဖန် ပြည်မြို့၊ ပါဠိတက္ကသိုလ် ကျောင်းတိုက် ကြီး၌၊ (၁၀) ဝါမှ (၁၂) ဝါထိ၊ စာပေ ပို့ချခဲ့ပြန်လေသည်၊ ရဟန်းသိက္ခာ (၁၂)ဝါသို့ ရောက်လာသောအခါ၊ အဗျား အထက်စုရွာမူလ ဥပဇ္ဈာယ် ဆရာတော်ထံမှောက် ပြန်လည်ရောက်၍, ဆရာသမား ဝတ္တရားကို, ကြည်ညိုဝပ်တွား, လွန်လေးစားလျက်, ပြုစုလုပ်ကျွေးရင်း၊ငင်းအထက်စု ကျောင်း၌ပင်(၁၂-ဝါမှ- ၂၂ဝါ)ထိ ဆယ်ဝါတိုင်တိုင် နေ့ဝါ ညဝါများကို မနားမနေ ကြိုးစားပို့ချလျက် သာသနာ့ တာဝန်ကို ထမ်းဆောင်ခဲ့ပြန်လေသည်။

**နှစ်ဆယ့်နှစ်ဝါ,တရားရှာ**

သိက္ခာတော် ၂၂-ဝါရသောအခါ၌၊ ဒုတိယ ကမ္ဘာစစ်ကြီး၏ ဗုန်းဒဏ်ကြောင့် ကျောင်းတိုက်ကြီး ပျက်စီးကာ၊ သံဃာတော်

များပင် မနေနိုင်လောက်သော အခြေသို့ ဆိုက်ရောက်လာရာ ဆရာတော်ဘုရားသည် ရှေးရှေးဘဝက ဖြည့်ကျင့် ဆည်းပူးလာခဲ့သော ပါရမီအဟုန်တို့ကြောင့်၊ သပိတ်တလုံးသုံးထည်သော သင်္ကန်းဖြင့် ဖက္ကလိပ်ကျောင်းသို့ ကြွရောက်ခါ မထင်မရှား သီတင်းသုံး၍ တနှစ်လုံးလုံး နေ့ရောညဥ့်ပါ၊ ကိုယ်တွေ့ဉာဏ်မြင် ဆင်ခြင်ရှုမှတ်၊ ဝိပဿနာတရားတော်မြတ်ကို၊ တကယ်ပေါက်ရောက်အောင်၊ ပြင်းပြင်းထန်ထန်၊ မနေမနား ကြိုးစား အားထုတ် ၍ သိမြင်ခဲ့လေသည်။

## ကသစ်ဝိုင်ဆရာတော်၊မည်ထင်ပေါ်

ဤကဲ့သို့ ကိုယ်တိုင် သိမြင်ခဲ့ပြီးသော တရားဓမ္မတို့ကို မိမိကဲ့သို့ သိမြင်စေဘို့ရန်၊ ကျေးဇူးရှင် ခမည်းတော် မယ်တော် တို့အား၊ အားထုတ်စေခြင်သော သမ္မာဆန္ဒ၊ ဗလဝစေတနာ တရားတို့သည် တဖွားဖွား ဖြစ်ပေါ်လာ၍ ခမည်းတော်မယ်တော်တို့ရှိရာ၊ အဗျားအလယ်စုရွာအနီး၊ ကသစ်ဝိုင် ကျောင်းတိုက်ကြီးသို့ ပြန်လည် ကြွရောက်ခဲ့လေသည်။

ထိုချိန်ကာလ သမယဝယ် ကသစ်ဝိုင် ကျောင်းတိုက် ကြီး၏ တတိယမြောက် ဆရာတော် ဦးကုဏ္ဍလ ပြန်လွန်တော်မူပြီး ဖြစ်၍ ကျောင်းတိုက်ကြီးတွင် သံဃာတော်များ ကင်းမဲ့နေငြား သဖြင့် အဘိုးဖြစ်သူ ဦးဘိုးမြစသော ကျောင်းဒါယကာ ကျောင်းဒါယိကာမ အများတစုတို့က၊ အားကိုးပြုခါ၊ ကသစ်ဝိုင်ကျောင်းတိုက်ကြီး၌ပင်၊ သီတင်းသုံး နေထိုင်တော်မူ၍၊ တရားဓမ္မများ၊ ဟောဘော်ညွှန်ပြ ဆိုဆုံးမပါရန် ပင့်လျှောက်ကြလေ တော့သည်။

# နိဒါန်း

ထိုသို့ပင့်လျှောက်ချက်ကို, လက်ခံသော်လည်းအခိုက်အတန့်မျှ သီတင်းသုံးမည်ဟု, မိန့်ကြားပြီးလျှင်, ကျေးဇူးမကင်းကြသူတို့အား, ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာ တရားများကို ပြသရင်း တရားအားထုတ်သူ ယောဂီများ အဆက်မပြတ် များပြား လာခဲ့သဖြင့်၊ တစတစ ထင်ပေါ်ကျော်ကြားပြီး "ကသစ်ဝိုင်" ဆရာတော် ဘုရားကြီးရယ်လို့, အမည်နာမ တွင်လာရလေသည်။

ဤကဲ့သို့ ယောဂီများအား တရားပြသရင်း သက်တော်(၆၂) သိက္ခာတော် (၄၂)ဝါရတွင်, ဘဝအထူး ကူးပြောင်း သွားသည်အထိ, နှစ်ပေါင်း နှစ်ဆယ်တိုင်တိုင်, ကသစ်ဝိုင် ရိပ်သာ၌ပင် သီတင်းသုံးနေထိုင်ကာ, ကသစ်ဝိုင် ဆရာတော် ဘုရား ဟူသော အမည်ဖြင့်, မြန်ပြည်အတွင်း, ဂုဏ်သတင်းပြန့်၍, နေလအသွင်, ထင်ပေါ်ကျော်ကြားလျက် ပရိယတ်,ပဋိပတ် ထူးမြတ်သော သာသနာတော်၏ အကျိုးကို နေ့ညမအား, မနားမနေ, အားအင်ရှိသမျှသည်ပိုးရွက်ဆောင်ကာ၊ ကသစ်ဝိုင်ရိပ်သာကြီး၏,နောက်သားစဉ်လာ, အကျိုးဖြာအောင်, ဝေဆာပြောင်လင်း, အမှောင်ခွင်းခါ, ထွန်းလင်းသာဘိ,၊ သီ, မိ, ပညာ၊ ဂုဏ်ရောင်ဝါတို့နှင့် ပြည့်စုံတော်မူသော, ကျေးဇူးရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီးသည်၊ ၁၃၂၇-ခုနှစ်၊ ပွင့်လစ်ခွါညို, လပြသိုထွက်, ကျော် ၉ ရက်, စနေနေ့ နံနက် ( ၁၁ ) နာရီ ၅၀ မိနစ် အချိန်တွင် ဆရာတော်၏ အာယုသက်တန်း ကုန်ခမ်းသွားပါသဖြင့်, သက်တော် ၆၂, သိက္ခာတော် ( ၄၂ ) ဝါရသောအခါ၌၊ ဘဝအထူး ကူးပြောင်းတော်မူခဲ့လေပြီတကား။

ဘဝအထူး ကူးပြောင်း သွားသော်ငြားလည်း၊ ဆရာတော် ဘုရားကြီး၏, ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော တရား

တော်များကို ကြားနာရသဖြင့်၊ တကြိမ်တခါဘူးမျှ-မတွေ့စဘူး အတွေ့ထူးသဖြင့်၊ ကြည်နူးလှသော ဓမ္မပီတိ၊ ဓမ္မရသ၊ ဓမ္မသုခများကို ခံစားရ၍ ကိလေသာအပူခပ်သိမ်းတို့မှ၊ တဒင်္ဂအားဖြင့် ငြိမ်းကြသူ ရဟန်းရှင်လူတို့လည်း သိန်းသန်းမက များပြားလှပေတော့၏။

ထို့ကြောင့်၊ ဆရာတော်ဘုရားကြီး၏ တရားဓမ္မများကို နာကြားပြီးရင်း၊ နာကြားလိုရင်း၊ ဖြစ်ကြငြားသော်လည်း ဆရာတော်ဘုရားကြီးကား၊ ဘဝအထူး ကူပြောင်းသွားခဲ့ရှာလေပြီ။

ဆရာတော်ဘုရားကြီး၏ တပည့်တပန်း၊ ရဟန်းရှင်လူ၊ ယောဂီ သူတော်စင်တို့အဘို့မှာမူကား ကြိမ်မီးအုံးတမျှ ပူဆွေးသောကဖြစ်ကြပါသော်လည်း၊ဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သောတရားဓမ္မတို့ဖြင့်ဖြေဖျောက်ခါသာနေကြရလေတော့သည်။

ဆရာတော်ဘုရားကြီး ဟောကြားတော် မူခဲ့သော တရားဒေသနာတို့သည်ကား၊ ကျမ်းဂန်တွေ့ထူး၊ သင်ဘူး-မသင်ဘူး ကြသော၊ သဒ္ဓါပသန္န သမ္မာဆန္ဒ စိတ်ကောင်း စိတ်မြတ် ရှိကြသူ ရဟန်းရှင်လူ အများပြည်သူတို့အား၊ သိမ်မွေ့နက်နဲ၊ သိမြင်နိုင်ခဲ ထင်မြင်နိုင်ခဲသော ရုပ်နာမ်ဓမ္မသဘာဝတို့ကို၊ သိမြင်နိုင်အောင် ပေါ်လွင် ထင်ရှားသော စကားအသုံးအနှုန်းတို့ဖြင့် တန်ဆာဆင်လျက် "ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာ လုပ်ငန်းစင် တရား"များကို စာပေကျမ်းဂန်တတ်သူက တခြား၊ သဘောအဟုတ်အမှန်တွေကို ကိုယ်တိုင် သိသူကတဖြာ ကိစ္စပြီးအောင် ကျင့်ကြံအားထုတ်သူကတနည်း အသီးသီးကွဲပြားအောင် တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့တရားဆိုး၊ တရားယုတ်တွေကို လက်တွေ့ဖြုတ်ပုံ၊ ဖျက်ပုံတို့နှင့်တကွပြည့်စုံ

သို့ ပရမတ်သို့ အမှန်သိပုံတွေကို လုပ်ငန်းဆိုင်ရာကျမ်းအဖြာဖြာ တို့ဖြင့် ဥပမာပုံအမျိုးမျိုးပြကာ နှစ်ပေါင်း နှစ်ဆယ်တိုင်တိုင် ကိုယ်တော်တိုင် ဟောကြားပြသ ဆိုဆုံးမခဲ့လေသည်။

**စာအုပ်ထုတ်ရန် ခွင့်ပြုမြန်**

ထိုကဲ့သို့ ဟောကြားတော်မူခဲ့သော တရားဒေသနာများကို၊ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ကိုယ်တိုင်ကျင့် ကြံ ကြိုးကုတ်အားထုတ်၍ လက်တွေ့ခံစားကြရ၊ နာကြားရသော ရဟန်းရှင်လူ ယောဂီ သူတော်စင်အများ တောင်းပန်လျှောက် ထားချက်အရ ဆရာတော်ဘုရားကြီးသည် စာအုပ်ထုတ်ဝေရန် ခွင့်ပြုလိုက်လေသည်။

**ဆရာတော်ဘုရား ရည်ရွယ်သွား။**

နောင်သောအခါ၊ မူလ-ကသစ်ဝိုင်ရိပ်သာ၌ ဆောက်လုပ်ပြီး ကျောင်းများ ဟောင်းနွမ်းယိုယွင်း ပျက်ဆီးသွားပါက ပြုပြင် မည့် ဒါယကာမရှိသော ကျောင်းများကို ဤစာအုပ်မှ ဖြစ်ပေါ် လာသော အလှူငွေဖြင့် အသင့်စီမံ ပြုပြင်သွားရန်နှင့်၊ ပဋိပတ္တိ သာသနာတော်မြတ်ကြီး နေလပမာ ရှည်ကြာတည်တန့် ခိုင်မြဲမှု အတွက် ရည်ရွယ်ချက်ပြုတော်မူ၍ ရန်ကုန်မြို့မ-ကသစ်ဝိုင် ပဋိပတ္တိ အဖွဲ့ကြီးအား စာအုပ်ထုတ်ဝေခွင့် ပြုလိုက်လေသည်။

**သာသနာအကျိုး ရည်မျှော်ကိုး**

ဤကဲ့သို့ ထုတ်ဝေခွင့် ပြုလိုက်လျှင်ပင် သာသနာ့တာဝန် ဒို့ တာဝန်၊ သာသနာ့အလုပ် ဒို့အလုပ်ဟု သာသနာတော်မြတ်ကြီး ကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ ဖြင့် အမြဲတန်း အားပေး ချီးမြှင့်

# နိဒါန်း

ထောက်ပံ့လျက်ရှိသော ညောင်လေးပင်မြို့ ဆရာတော်ဘုရားကြီး၏ ကျောင်းအမ၊ ရဟန်းအမလေး၊ မချိုချိုက အလှူငွေ (၂၅၀၀) ကျပ်၊ ရန်ကုန်မြို့-အတွင်းဝန်ဟောင်း ဦးချမ်းသာ-ဒေါ်တင်တင်-မေ သားသမီးများ စေတနာတစုက အလှူငွေ (၁၀၀၀) ကျပ်ကို စာအုပ်ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့မ ကသစ်ဝိုင် ပဋ္ဌိပတ္တိအဖွဲ့ကြီးသို့ ထည့်ဝင်လှူဒါန်းကြလေသည်။

သို့ရာတွင် စာအုပ်ထုတ်ဝေခွင့်ရရှိသော ရန်ကုန်မြို့မ ကသစ်ဝိုင် ပဋ္ဌိပတ္တိအဖွဲ့ကြီးသည်၊ အကြောင်း အမျိုးမျိုး တွေ့ကြောင့် စာအုပ်အဖြစ်သို့ရောက်အောင် မဆောင်ရွက်နိုင်ခဲ့ပေ။

ထိုကဲ့သို့ မဆောင်ရွက်နိုင်တော့သဖြင့်၊ ဆရာတော် ဘုရားကြီး၏၊ မူလရည်ရွယ်ချက်အကြံထမြောက်ပြီးစီးအောင်၊ ဆောင်ရွက်နိုင်စေရန်၊ စာမူအချို့နှင့် တိတ်ခွေ စသည်များကို၊ မူလ ကသစ်-ဝိုင်ရိပ်သာသို့ ပြန်လည် လွှဲအပ်လာလေသည်၊ ထိုအခါ မရှောင်မလွှဲသာသော တာဝန်ကြီးတရပ် အမှတ်မထင် ဤစာရေးသူများအပေါ်၌ ကျရောက်လာခဲ့လေသည်၊ ကျရောက်လာသော တာဝန်ကိုလည်း ကျေပြွန်အောင်ထမ်းဆောင်ဘို့ရန်၊ အဘက်ဘက်မှလွယ်ကူသော ကိစ္စတခုကား မဟုတ်ပါပေ၊ ဘယ်လိုဘဲရှိရှိ ဆရာတော်ဘုရားကြီး၏ မူလရည်ရွယ်ချက်ကို အကောင်အထည် ဖေါ်ထုတ်နိုင်ရန် သန္နိဋ္ဌာန်ပြု၍ မှန်မြတ် သန့်စင်သော စိတ်ထားဖြင့်၊ ဆရာတော်ဘုရားကြီးသည် နှစ်ပေါင်း နှစ်ဆယ် တိုင် တိုင် ကိုယ်တိုင် လည်း ကျင့်၊ နယ်သူ နယ်သား၊ မြို့သူ မြို့သား တပည့်အများကိုလည်း အသင့်နှလုံးသွင်း ကျင့်ကြံအားထုတ် စေဘို့ရန် ဟောကြားတော် မူခဲ့သော တရားတော် များကို သာသနာ

# နိဒါန်း

ငါးထောင်တွင်း, ပျောက်ကွယ်ခြင်း မရှိရလေအောင်က တဖြာ၊ ပဋိပတ္တိသာသနာ, ဂုဏ်ဝါရောင်ရှိန်, မှေးမှိန် မသွားရလေအောင် ကတသိ်း, အနည်းနည်းဖြင့် ကြိုးစားဆောင်ရွက်လျက် ရှိကြပါသော မုဒ္ဒမူ အုပ်ဖိုတောရ ဆရာတော်စသော တပည့်အများ တို့တွင် အပါအဝင် ဖြစ်ကြသည့် ဆရာတော်ဘုရားကြီးနှင့် အတူနေ တပည့်များ ဖြစ်ကြသည့် ဤစာရေးသူ အရှင်မြတ်နှစ်ပါး တို့သည် ဆရာတော် ဘုရားကြီး ပေးသနားတော် မူခဲ့သော ဓမ္မအမွေထူး ကို ခံယူရလည်းကျ ဆရာတော်ဘုရားကြီးကို တရားဖြင့် ပူဇော် သည်ကတဖြာ, ဘယာမဘက်, သဒ္ဓါသက်သက်ဖြင့်, မနားမနေ ကြိုးစားရင်း, ဆရာတော်ဘုရား အသက်ထင်ရှားရှိစဉ်က ကဲ့သို့ပင် တော်သလင်းလဆန်း (၂) ရက်နေ့မှ တန်ဆောင်မုန်း လဆန်း (၁၂)ရက်နေ့ထိ ၁၀-ရက်စဉ်တရား ၅-ပတ်၊ ဆရာတော်ဘုရားကြီး မရှိပြီးသည့်နောက် တပေါင်းလဆန်း (၂)ရက်နေ့မှ ငှင်းလဆန်း (၁၂)ရက်နေ့ထိ တရားတပတ်၊ သင်္ကြန်တွင်း တရား တပတ်၊ တနှစ်လျှင် မူလကသစ်ဝိုင် ရိပ်သာကြီး၌, တရားပတ် (၇)ပတ်ကို မပျက်မကွက် ဆက်လက်ပြသ၍ နေခဲ့ခြင်းဖြင့် ပဋိပတ္တိ သာသနာ တော်ကြီးသည် အရှည်သဖြင့် တည်တန့်ခိုင်မြဲလာခဲ့လေသည်။

## စာမူရလာ,သွားပြရှာ

ဆိုခဲ့ပြီး အကြောင်းများကြောင့်, လွဲအပ်ရယူခဲ့သော စာမူများကို လောကမှာ အကိုအကြီး အဘအရာ ဆိုလာစကားနှင့်အညီ ဆရာတော်ဘုရားကြီး၏ တပည့်အများတို့တွင် အကြီးဆုံးဖြစ်သော, မုဒ္ဒမူ အုပ်ဖိုတောရ ဆရာတော်ဘုရားအား အဘအရာ သား၍ ရိုသေလေးစားသောအားဖြင့် စာမူများကို စိစစ်ပေးပါ

ရန် သွားရောက် အပ်နှံခဲ့လေသည်၊ ထိုသို့အပ်နှံသော အခါ၌ ငါတို့လည်း တရားပြရက်တွေက ဆက်နေ၍အားလပ်ခွင့်ကိုမရဘူး (မင်းတို့ဘဲ) ကိုယ်တော်တို့ဘဲ ရှေ့နောက် စကားထပ်၊ စကားညှပ်များကို ကြည့်ရှုပြုပြင်ပြီး စာအုပ် ရိုက်နှိပ်ဘို့ရန်အမိန့်ရှိတော်မူပါသဖြင့် စာမူကို ပြန်ယူလာခဲ့ရလေသည်၊ စာမူပြန်ရောက် လာသောအခါ တိတ်ရိကော်ဒါဖွင့်၍ စာမူနှင့် တိုက်ဆိုင်ပြုပြင်ပြီးခါ အမြန်ဆုံး စက်တင်ပုံနှိပ်ထုတ်ဝေနိုင်ရန် (ကျောင်းရှိ သံဃာတော်များ အကူအညီဖြင့်) ရေးစီရင်ရလေတော့သည်။

### ငါးထောင်သာသနာ့တည်တန့်ကြာ

ဤကဲ့သို့ စာအုပ်ထုတ်ဝေနိုင်ရေးစီရင်ရခြင်းသည် ဆရာတော်ဘုရားကြီး၏ ရည်ရွယ်ချက်နှင့် "ကိုယ်တွေ့ဉာဏ်မြင် ဆယ်ရက်စဉ်တရားတော်"များကို ထပ်မံ၍ ငါးထောင် သာသနာတွင်းဝယ် မပျက်မယွင်းစေဘဲ မြဲမြဲတည်တန့်ခိုင်မြဲတိုးပွားသွားရလေအောင် ထိမ်းသိမ်းစောင့်ရှောက်သောအားဖြင့် စာအုပ်အဖြစ် ပထမတွဲ ဒုတိယတွဲ စသည်ဖြင့် ဆုံးခန်းတိုင်အောင်၊ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဟောကြားတော် မူခဲ့သော တရားတော်များကို တိတ်ရိကော်ဒါမှ ရေးကူး၍ ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း။

### ကျင့်စေလိုထ အာသီသ

ကာမ, ရူပ, အရူပဟူ၊ သုံးဘုံဘဝ သုံးဌာန၌ မွေး, အို, နာရ, သေရတဲ့ဘေး မျှော်တွေးကြောက်လှသဖြင့် နိဗ္ဗာန် ရောက်ရန်၊ စိတ်ရည်သန်လျှက်၊ အားသွန်ကြိုးပန်း၊ ဝိပဿနာ ကမ္မဌာန်းကို၊ တကယ်တန်း အား ထုတ် လို ကြ သော ယောဂီ သူတော်စင်

# နိဒါန်း

မှန်သမျှတို့သည် အလွန်တရာ တွေ့ခဲ, ကြုံခဲ, ဆုံခဲ, လှစွာသော ဒုလ္လဘ ဒေသနာ ကိုယ်တွေ့ ဉာဏ်မြင် လုပ်ငန်းစဉ် ဝိပဿနာ အလုပ်ပေးတရား ဒေသနာမြတ်ကို, အမြဲမပြတ်, ရှုမှတ်ဆင်ခြင်ခါ၊ လိုက်နာကျင့်သုံး, အသင့်နှလုံးသွင်းပြီး၊ ရုပ်နာမ်တရားတို့ကို၊အဟုတ်အမှန် ပွားများကာဖြင့်, ဖြစ်ပျက်ဆုံးရာ, မဟာအသင်္ခတ, နိဗ္ဗာနသို့, မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့်, လျင်စွာ မျက်မှောက်, ဝင်စံရောက်နိုင်ကြပါစေသော်။

(ပုံ) ဘဒ္ဒန္တ-ခေမိန္ဒ

(ပုံ) ဘဒ္ဒန္တ-လက္ခဏ

မူလ-ကသစ်ဝိုင်ရိပ်သာ

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော်ဘုရားကြီး ကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# ပုဗ္ဗကိစ္စ -၉- ပါး

# အလုပ်ပေး တရားတော်

ဒုလ္လဘဒေသနာ

### ကျေးဇူးရှင်

### ကသစ်ပိုင်ဆရာတော်ဘုရားကြီး၏

# ပုဗ္ဗကိစ္စနှင့်အလုပ်ပေး တရားတော်

ဒုလ္လဘ ဒေသနာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**လက်အုပ်ချီပုံ။** အားလုံးလက်အုပ်ချီကြ၊ ဂါရဝ၊ နိဝါတ ဖြစ်အောင် လက်အုပ်ချီကြ၊ လက်ဝါးချင်းကပ်ထား၊ လက်ဝါးနဲ့ လက်ချောင်း တဖြောင့်တည်းထား၊ လက်ချောင်းကလေးတွေလဲ စိပ်စိပ်ယား၊ လက်မနဲ့ လက်ညှိုး၊ လက်ညှိုးနဲ့၊ လက်ခလယ်၊ လက်ခလယ်နဲ့၊ လက်သူကြွယ်၊ ထိထားကြ။

ဘယ်ဘက် လက်ဖဝါးနဲ့ ညာဘက် လက်ဖဝါးချင်းလဲ ကပ်ထား၊ လက်ချောင်းကလေးတွေလဲဘဲ တချောင်းနဲ့ တချောင်း ထိထားပါ၊ လက်ဖဝါးခြင်းကပ်လိုက်တော့လက်ညှိုးလက်ညှိုးခြင်း၊ လက်ခလယ် လက်ခလယ်ခြင်း လက်သူကြွယ် လက်သူကြွယ်ခြင်း၊ ထိယားကြ၊ လက်ကို ခုံးတုံးတုံးမထားနဲ့၊ လက်လဲမယှက်ပါနဲ့၊ လက်အုပ်ကို နဖူးပေါ်တင်ထားလိုက်၊ ရှိခိုးခါနီး ဆဲဆဲလေးမှာ မျက်လုံးမှိတ်ထားလိုက်။

မိမိတို့ရင်တွင်း နှလုံးအစဉ်မှာရှိတဲ့ စေတနာကလေးက ရှိခိုးခံ ရသော ရတနာသုံးပါးနှင့် ဆရာသမားတို့၏ ရင်တွင်း နှလုံးအစဉ်

မှာဝင်နေတဲ့ သီလ၊ သမာဓိ၊ ပညာ့ဂုဏ်ကို စိတ်ကရည်မှန်းပြီးကာ ကြည်ညိုသောသဒ္ဒါ၊ ထက်သန်သောစေတနာ၊ အသိ့ဉာဏ်၊ ပညာ့ရှေ့သွားပြီးကာ၊ ခန္ဓာမှာ လက်ငင်း ဖြစ်ပျက်နေသော ရုပ်၊ နမ်၊ ဓမ္မဖြင့် လေးလေးညီညီ၊ ပြတ်ပြတ်၊ ရှင်းရှင်း ကန်တော့ကြ။

**ဆုပေး။** ။သက်တော်ထင်ရှား မြတ်ဘုရားသည်၊ လေးလလွန်လျှင် ပရိနိဗ္ဗာန်စံမည်ဟု သံဃာတော်များအား ဒေမိန့်ရှိလိုက်သောအခါ များစွာသောပုထုဇဉ် သံဃာတော်တို့သည် ဘုရားရှင်ကိုယ်တော်မြတ်ကို မစွန့်မူ၍၊ ဘုရားသွားရာနောက်တော်ဟ တိုင်ပင်စည်းဝေးပြီးကာ လိုက်ပါ၍ သွားကြလေသည်။

အတ္တဒတ္တ မထေရ်တပါးကတော့ ဘုရားမှင် ကိုယ်တော်မြတ်ကြီးသည် လေးလ လွန်လျှင် ပရိနိဗ္ဗာန် စံတော်မူမည်တဲ့ ါမှာလဲ ရာဂ မကင်းသေးပါ၊ ဘုရားရှင် ကိုယ်တော်မြတ် ပရိနိဗ္ဗာန် မစံသေးခင် လက်ဆုတ်လက်ကိုင် တရားတခု ပိုင်ပိုင်၊ နိုင်နိုင်၊ ရဟန္တာဖြစ်အောင် ကြိုးစားအားထုတ်အံ့မှဘဲလို့ စိတ်ကူးပေါက်သည့်အလျောက်၊ ကိုယ့်တရားကို ကိုယ်ပြင်းပြင်းထန်ထန် ကြိုးစား အားထုတ်၍ နေလေသည်။

သံဃာတော် အမျှင်မြတ်များက အစည်းအဝေး ခေါ်ပါသော်လဲ အစည်းအဝေး ပတက်ပါ၊ ဟာတခု ပြုလုပ်မယ်ဆိုဒါ တိုင်ပင်မှုလဲမပြုပါ၊ ဤကဲ့သို့ နေသောအခါ၌ သံဃာတော်အရှင်မြတ်များက၊ အတ္တဒတ္တမထေရ်ကို ခေါ်ဆောင်၍၊ မြတ်စွာဘုရား အတ္တဒတ္တ မထေရ်တပါးဟာဖြင့် ဘုရားရှင် ကိုယ်တော်မြတ် အပေါ်မှာ မချစ်မြတ်နိုးပါဘုရား၊ ဘုရားရှင် ကိုယ်တော်မြတ်

ကြီးသည် လေးလလွန်လျှင် ပရိနိဗ္ဗာန် စံမည်ဟုသိပါလျက်နဲ့, သံဃာတော်များ အစည်းအဝေး ခေါ်ပါသော်လဲ အစည်းအဝေးသို့ မတက်ပါ ဘုရား၊ ဘာတခု ပြုလုပ်မယ် ဆိုဒါ တိုင်ပင်မှုလဲ မပြုကြောင်းပါ ဘုရား၊ သို့အတွက်ကြောင့် အတ္တဒတ္တ မထေရ်တပါးဟာဖြင့် ဘုရားရှင် ကိုယ်တော်မြတ်အပေါ်မှာ မချစ်မြတ်နိုးပါဘုရားလို့ ဂုံးတိုက်သည့် အလား လျှောက်ထားလိုက်သောအခါဝယ်....။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်“ဇာနန္တာပိ ပုစ္ဆန္တိ”အတ္တ-ဒတ္တ- မထေရ်အကြောင်း ကောင်းကောင်းကြီး သိပါသော်လဲ သံဃာတော်များ အလယ်မှာ ထင်ရှားစေခြင်းငှာ မေးတော်မူလိုက်သောအခါ....။

အတ္တဒတ္တ-မထေရ်က မြတ်စွာဘုရား ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် လေးလလွန်လျှင် ပရိနိဗ္ဗာန် စံတော်မူမည်ဆိုဒါ တပည့်တော် ကြားပါတယ်ဘုရား၊ တပည့်တော်မှာလဲ ရာဂမကင်းသေးပါဘုရား၊ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်မစံဝင်သေးခင် သက်တော်ထင်ရှားရှိစဉ် အခါကာလကပင် လက်ဆုတ် လက်ကိုင် တရားတခု ပိုင်ပိုင်,နိုင်နိုင်,ရဟန္တာဖြစ်အောင် ကြိုးစားအားထုတ်အံ့မှဘဲလို့ စိတ်ကူးပေါက်သည့် အလျောက်၊ ကိုယ့်တရားကို ကိုယ် ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်ခါ၊ ကိုယ့်အလုပ်ကို, ကိုယ်လုပ်နေရသည့် အတွက်ကြောင့် သံဃာတော်များ အစည်းအဝေး ခေါ်ပါသော်လဲ အစည်းအဝေး မတက်နိုင်ပါဘုရား၊ ဘာတခု ပြုလုပ်မယ်ဆိုဒါ တိုင်ပင်မှုလဲ မပြုနိုင်ကြောင်းပါဘုရားလို့ ဟုတ်တိုင်းမှန်စွာ လျှောက်ထားလိုက်သောအခါ....။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ အတ္တဒတ္ထမထေရ်အား ကောင်းကြီးသြဘာ ထောမနာ ပေးပြီးတဲ့နောက် ချစ်သားတို့၊ ချစ်သားတို့၊ သင်ချစ်သားတို့လဲ, ငါဘုရားအပေါ်မှာ တကယ်တန်း ချစ်မြတ်နိုးခဲ့ပါလျှင် အတ္တဒတ္ထမထေရ်လို ချစ်ကြနော်, ပူဇော်ကြနော်, ကန်တော့ကြနော်လို့ အမိန့်ရှိပြီးတဲ့နောက်....။

ဂန္ဓာဒိဟိ၊ နံ့သာပန်း၊ ဆီမီးဖယောင်းတိုင်၊ ပစ္စည်းလေးပါး စသည်တို့ဖြင့်၊ မံ၊ ငါဘုရားကို၊ ပူဇေန္တာ ၊ပူဇော်ကန်တော့နေကြကုန်သော ပုဂ္ဂိုလ်တို့သည်။ မံ၊ ငါဘုရားအစစ်ကို၊ နပူဇေန္တိနာမ၊ တကယ်တန်း ပူဇော်သည် ကန်တော့သည် မ, မည်နိုင်ကြကုန်။

ဓမ္မာနု ဓမ္မပဋိပတ္တိယာပေန၊ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရား အားလျော်တဲ့ ပဋိပတ်အကျင့်မြတ်ဖြင့်သာလျှင်။ မံ၊ ငါဘုရား အစစ်ကို။ ပူဇေန္တိနာမ၊ တကယ်တန်း ပူဇော်ရာ မည်ကြကုန်၏လို့ အမိန့်ရှိပြီးတဲ့နောက်....။

**အတ္တဒတ္ထ ပရတ္ထေန ဗဟုနာပိ နဟာပယေ အတ္တဒတ္ထမ-**
**ဘိညာယ သဒတ္ထပသုတောသိယာ။**

ဆိုတဲ့ဂါထာကို ဟောကြားလိုက်သည့်အဆုံးဝယ်၊ အတ္တဒတ္ထ မထေရ် ရဟန္တာဖြစ်သွားတဲ့ထိုးနှလုံးသွင်းပြီး သကာလ၊ ယခုရှိခိုး နေကြကုန်သော သင်ဒါယကာ ဒါယကာမ အပေါင်းတို့သည် သာသနာတော်ကြီးတော့ တပက်ကျော်လွန်၍ သွားခဲ့ပြီ၊ ကျန်တဲ့ သာသနာဟာလဲ ကိုယ်ပိုင် သာသနာမဟုတ်ပါ၊ ကိုယ့်သက် တန်းနဲ့ဆိုင်တဲ့ သာသနာသည်သာလျှင်၊ ကိုယ်ပိုင်သာသနာအစစ်

ပါတကားဟု၊ ကိုယ့်အလုပ်မှန်း သိကြသည်ဖြစ်၍ ဝိပဿနာ အလုပ်ကို အားထုတ်ကြတော့မယ်ဆိုလျှင် ခန္ဓာမှာ ရုပ်၊ နာမ်၊ ဖြစ်ပျက်တွေမြင်ပြီး သကာလ၊ အပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဖြင့် ကိုယ်ကိုယ်တိုင် အရင် လှမ်းမြင်နိုင်ကြပါစေ။

ကိုယ်လှမ်းမြင်ရသလို သူတပါးကိုလဲ လှမ်းမြင်ရလေအောင်၊ စားရေး၊ သောက်ရေး၊ ဝတ်ရေး၊ နေရေး၊ဆိုဒါ လိုလေသေးမရှိ လိုဒါ ပေါ့တာဝန်နှော်၊ သာသနာ အလုပ်သည်သာလျှင် ကိုယ်ပိုင် အလုပ်နှော်လို့၊ ကိုယ့်တာဝန်မှန်း ကိုယ့်အလုပ်မှန်းသိကြသည် ဖြစ်၍ လိုတဲ့နေရာမှာ အားပေး ချီးမြှင့် ထောက်ပံ့ကြရုံမျှမက တရားတော်များကိုတောင် ကိုယ်တိုင်ပြနိုင် ဟောနိုင် ဆုံးမနိုင် သံသယ ရှိသူကို အလွယ် တကူဖြင့် ဖြေရှင်းနိုင်၊ အယူမှား ဒိဋ္ဌိ အကြီးစားကို အလွယ်တကူဖြင့် ချွတ်နိုင် ဖြုတ်နိုင်သော မြန်မာ ပြည် တပြည်လောက်သာ မက၊ ကမ္ဘာ တဝှမ်းလုံး ထင်ရှား ကျော်ကြားလောက်တဲ့ ကမ္ဘာ့သာသနာပြု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ် မြတ်တွေ ရလွယ်ရောက်လွယ်နိုင်ကြသည် ဖြစ်ကြစေ။

(ဆရာတော်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏အရှင်ဘုရား)

## သရဏဂုံဆောက်တည်ပုံ။

နိဗ္ဗာန် ရောက်ခြင်း အစ၊ သရဏဂုံ သုံးပါးကလို့ ဆိုသော ကြောင့်၊ ကဲ-သရဏဂုံ ဆောက်တည်ကြ။

တပည့်တော်များသည် ယနေ့ကစ၍ ရုပ်ထူး နာမ်ထူး အစဉ် သက်တော်ထင်ရှား မြတ်စွာဘုရားကို တသက်ပတ်လုံး အမြတ်ဆုံး

ထား၍ အားကိုးနေကြပါ၏။ အားကိုးပါလျှင် ဘေး ဟူသမျှ ဆင်းရဲဟူသမျှ၊ ကွယ်ပျောက် သွားကြ လိမ့်မည် ဟူ၍ ယုံကြည် ပြီးခါ၊ ကိုးကွယ်ဆည်းကပ်ရပါတော့သည် အရှင်ဘုရား။

တပည့်တော် များသည် ယနေ့က စ၍ ခန္ဓာ ကိုယ်မှာ လျှပ် တလက်မက ဖြစ်ပျက်နေသော ရုပ်နာမ်ခန္ဓာ အစဉ်ကို မြင်နေ ရသော ဝိပဿနာဉာဏ် ဖြစ်ပျက်ရပ်သော နိဗ္ဗာန်ကြီးကို မြင်နေ ရသော မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ တရားမှန်တရားစစ်တွေကို တသက် ပတ်လုံး အမြတ်ဆုံးထား၍ အားကိုးနေကြပါ၏။ အားကိုးပါ လျှင် ဘေးဟူသမျှ၊ ဆင်းရဲဟူသမျှ၊ ကွယ်ပျောက်သွားလိမ့်မည် ဟူ၍ ယုံကြည်ပြီးခါ ကိုးကွယ်ဆည်းကပ် ရပါတော့သည် အရှင် ဘုရား။

တပည့်တော်များသည် ယနေ့ကစ၍ ကိလေသာ၊ စိတ်ယုတ် မာတွေကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖြင့် သတ်ပြီး ကြသော ရဟန္တာအရှင်၊ သတ်တုံး-သတ်ဆဲ- ဖြစ်နေ ကြသော ကလျာဏ ပုထုဇဉ် သေက္ခအရှင် သံဃာတော်မြတ်များကို တသက်ပတ်လုံး၊ အမြတ်ဆုံး ထား၍ အားကိုး နေကြ ပါ၏။ အားကိုးပါလျှင်၊ ဘေးဟူသမျှ၊ ဆင်းရဲ ဟူသမျှ၊ ကွယ်ပျောက် သွားလိမ့်မည် ဟူ၍ ယုံကြည်ပြီးခါ ကိုးကွယ်ဆည်းကပ်ရပါတော့သည် အရှင်ဘုရား။

**သရဏဂုံတည်ပုံ ၂ မျိုး။**

ရတနာသုံးပါးကို အမြတ်ဆုံးထား၍ အားကိုးလိုက်ပါလျှင်၊ ဘေးတွေကွယ်မယ်၊ဆင်းရဲတွေကွယ်မယ်လို့ ယုံကြည်ပါရဲ့လား ?

။ ယုံကြည်ပါတယ်ဘုရား။ ။

ယုံကြည်ပြီး သကာလ, ရတနာသုံးပါး အစစ်တွေကို, ကိုးကွယ် ဆည်းကပ်ရပါတော့သည်ဆိုဒါ စိတ်ပါရဲ့လား ?

။ ပါပါတယ်ဘုရား။ ။

နှုတ်ကဆိုရုံနဲ့ မပြီးဘူး, စိတ်ထဲက တကယ် ယုံကြည်မှနော်၊ စိတ်ထဲက ယုံကြည်ခဲ့ပါလျှင် ဆုံးတဲ့နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်, ဖိုလ်-ဉာဏ်ဖြင့် မမြင်သမျှ ကာလပတ်လုံး လောကီသရဏဂုံတည်သော ဥပသကာ ယောကျ်ား ဥပသိကာ မိန်းမတို့ဟူ၍မှတ်။

ဆုံးတဲ့နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မြင်ခဲ့ပါလျှင် လောကုတ္တရာ သရဏဂုံတည်သော အရိယာအရှင် သူတော်စဉ်လို့မှတ်။

**လောကီ သရဏဂုံပျက်တတ်ပုံ။**

လောကီ သရဏဂုံ တည်ကြသော ဥပသကာ ယောကျ်ား၊ ဥပသိကာ မိန်းမတို့မှာ လောကီ သရဏဂုံ ပျက်ခြင်း၏ အကြောင်း နှစ်ပါးရှိပါသည်။

၁။ မိစ္ဆာဒိဋ္ဌိ အယူကိုယူလျှင်လဲ ပျက်တတ်ပါသည်။

၂။ သေသွားလျှင်လဲ ပျက်တတ်ပါသည်။

ဤကဲ့သို့ လောကီ သရဏဂုံ ပျက်ခြင်း၏ အကြောင်း နှစ်ပါးတို့တွင် တပါးပါးနှင့် ပြည့်စုံခဲ့ပါလျှင်၊ လောကီသရဏဂုံ ပျက်ကြလိမ့်မည်လို့ဆိုဒါမှတ်။

အဲဒီ သရဏဂုံ ပျက်မည်ဆိုလျှင် မဂ်ဝင် နိဗ္ဗာန်မြင်, ဖိုလ်ဝင်-နိဗ္ဗာန်မြင် မဖြစ်နိုင်ဘူးလို့ ဆိုဒါ ယုံကြည်ကြပေတော့။

**လောကုတ္တရာသရဏဂုံမပျက်ပုံ။**

လောကုတ္တရာ သရဏဂုံတည်သော အရိယာအရှင် သူတော်စဉ်တို့မှာ ကတော့၊ လောကုတ္တရာ သရဏဂုံ ပျက်ထာကို မဆိုထားဘိ, ယုတ်ညံ့သေးသိမ် - မေးမှိန်အောက်ကျသော အဖြစ်မျိုး ဘယ်အခါမှ မတွေ့ရမူ၍၊ တနေ့ တခြား မြင့်မြတ်သော အမျိုးမှာ ဖြစ်ပြီးသကာလ အထက်တန်းရောက်၍ မဂ်ဝင် နိဗ္ဗာန်မြင်, ဖိုလ်ဝင် နိဗ္ဗာန်မြင်,ရုံမျှမက၊ ဆုံးတဲ့နိဗ္ဗာန်ကြီးကို ဧကန် ဝင်တော့မယ်၊ ဧကန်ရောက်တော့မယ်ဆိုဒါ မှတ်ကြပေတော့၊ ဒါကသရ-ဏဂုံ ဆောက်တည်ပုံအကျဉ်းဘဲ။

**ဆယ်ပါးသီလ ဆောက်တည်ကြ။**

ယောဂီတို့ရွှေ,ငွေ, ဒင်္ဂါး, ပိုက်ဆံ, ငွေ စက္ကူ, နှင့် ပတ်သက်၍ အကုန်လုံးရှင်းပြီးကြပလား ?

။ ရှင်းပြီးပါပြီဘုရား ။ ။

ရှင်းပြီးလျှင် ယောဂီများကတော့ ဆယ်ပါးသီလသိက္ခာပုဒ်ကို ဆယ်ရက်စောင့်ထိန်းရလိမ့်မယ်။

**သီလ ဆောက်တည်ပုံ နှစ်မျိုး။**

သိက္ခာပုဒ်တော်ပိုင်းခြား၍ ဆောက်တည်ပုံကတမျိုး၊ ကာလပိုင်းခြား၍ ဆောက်တည်ပုံက တမျိုးလို့ ပဋိသမ္ဘိဒါမဂ် ပါဠိ

တော်မှာ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကိုယ်တိုင် ဟောထား ပါသည်။

သိက္ခာပုဒ်တော်ပိုင်းခြား၍ ဆောက်တည်တယ်ဆိုဒါက, အခု ဆယ်ပါးသီလရှိတယ်၊ ဆယ်ပါးသီလကို အကုန်လုံး ပိုင်းခြား၍ ဖြစ်စေ၊ သို့မဟုတ် ကိုယ်တတ်နိုင်ဒါ....(၉)ပါးဖြစ်စေ မတတ်နိုင် တာ ဖယ်ထား၍ (၈)ပါးဖြစ်စေ၊ ဆောက်တည်ပြီး (၇)ပါး ဖြစ် စေ (၆) ပါးဖြစ်စေ၊ စသည် တို့ဖြင့် ပိုင်းခြားပြီး သကာလ ဆောက်တည်လို့ ရတယ်ဆိုဒါမှတ်။

ကာလအားဖြင့်လည်း တထိုင်တည်းဖြစ်စေ, တနာရီဖြစ်စေ, နှစ်နာရီ ဖြစ်စေ, တရက်ဖြစ်စေ, တလ ဖြစ်စေ, တနှစ် ဖြစ်စေ, ပိုင်းခြားပြီး ဆောက်တည်လို့ ရတယ်လို့ ဆိုဒါမှတ်။

ယောဂီတို့ကတော့ ဆယ်ပါးသီလ သိက္ခာပုဒ်ကို ဆယ်ရက် ပိုင်းခြားပြီး ဆောက်တည်ရလိမ့်မယ်။ ယောဂီမှတပါး, အခြား အခြားဖြစ်သော ပုဂ္ဂိုလ်တို့ကတော့ မိမိတို့ ဆောက်တည် နိုင်တဲ့ သိက္ခာပုဒ်တော်တို့ကို လိုက်ဆို၍ မိမိတို့ ရည်ရွယ်ချက် အတိုင်း ကာလပိုင်းခြားပြီး ဆောက်တည်ကြပေတော့။

**ဆယ်ပါးသီလ ခံယူပုံ။**

(၁) တပည့်တော်များသည် ယခုအချိန်မှစ၍ မိမိတို့စိတ်ဖြင့် ရည်ရွယ်ထားရာ, ပိုင်းခြားထားရာ, ကာလပတ်လုံး သူ့တပါးအသက်ကို သတ်ဖြတ်ခြင်းမှရှောင်ကြဉ်ပါ၏။

(၂) သူများဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

(၃) မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(၄) လိမ်ပြောခြင်း, ဂုံးချောခြင်း, စိတ်ကြမ်းပြောခြင်း, အဖျင်းပြောခြင်းမှ ရှောင်ကြဉ်ပါ၏။

**မှတ်ချက်**။ အခါတိုင်းသီလခံယူတာက လိမ်ပြောတာ တခုထဲပါတယ် ယောဂီတို့သီလခံယူတာက, လိမ်ပြောခြင်းလဲ ရှောင်ကြဉ်ရ၊ ဂုံးတိုက်ခြင်း, စိတ်ယုတ်မာမျိုးဖြင့် ပြောဆိုခြင်းဆိုတဲ့ စိတ်ကြမ်းပြောဆိုခြင်းမှလဲ ရှောင်ကြဉ်ရ, အဖျင်းပြောခြင်းမှလဲ ရှောင်ကြဉ်ရ, အားလုံး (၄)ခုနေ၁်။

(၅) မူးလဲမူးတတ်, မေ့လဲမေ့တတ်သော, သေရည်အရက်များကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။

(၆) နေလွဲသော အခါ၌ ခဲဘွယ် ဘောဇဉ် တို့ကို စားသောက်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(၇) ကခြင်း, သီခြင်း, ဆိုခြင်း, တီးမှုတ်ခြင်း, ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ပါ၏။

**မှတ်ချက်**။ ။သီလခံယူဆောက်တည် ထားတဲ့ ယောဂီများဆိုလို့ရှိရင်၊ လေ၁်ပီတာ စသော အသံတွေလဲ ကြားတတ်၊ သီချင်းသံ, ဆိုင်းသံ့တွေလဲ ကြားတတ်၊ အဲဒီလို ကြားတဲ့နေရာမှာ၊ သီချင်းသံက မကဲ့ပါဘူး၊ ကဲ့တဲ့နေရာမှာ ရွှေ့ပြီးတော့နားထောင်အုံးမှ ဘဲလို့ အဲဒီလို စိတ်နဲ့ ရွှေ့ပြီး နားမထောင်ကောင်းဘူး။

နားထောင်မယ်ဆိုလို့ရှိရင် သံဃာတော်များအတွက် ခြေတလှမ်း ဒုက္ကဋ်အာပတ် တချက်သင့်တယ်။

ယောဂီ အရှင် သူတော်စဉ်တွေ ကတော့ သိက္ခာပုဒ်တော် ပျက်သွားလိမ့်မယ်လို့ ဆိုလိုတယ်။

(၈) ပန်းပန်ခြင်း, နံ့သာလိမ်းကျံခြင်း, နံ့သာမှုန့်စသည် တို့ဖြင့် မွန်းမံလိမ်းကျံခြင်းမှ ရှောင်ကြဉ်ပါ၏။

**မှတ်ချက်။** ။ဆပ်ပြာ ခမွှးတွေ, ခေါင်း လိမ်း ဆီ မွှေးတွေဟာ ကိုယ်နံ့တွေမကောင်းဘူး၊ ဆံပင်အနံ့အသက်တွေ မကောင်းဘူးဆိုလျှင် ယိမ်းကောင်း ပါတယ်၊ တိုက်ကောင်း ပါ တယ်၊ ကိုယ်အနံ့အသက်တွေ ဆံပင်အနံ့ အသက်တွေ ကောင်း မယ်ဆိုရင်မသုံးစွဲကောင်းဘူး။

(၉) မြင့်သောနေရာ, မြတ်သောနေရာ,တို့၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(၁၀) ရွှေ, ငွေ, ဒင်္ဂါး, ပိုက်ဆံ, ငွေစက္ကူ, များကို ကိုင်ခံသုံးစွဲ ခြင်းမှ ရှောင်ကြဉ်ပါ၏ အရှင်မြတ်တို့ ဘုရား။

ဆယ်ပါးသီလကို လုံခြုံအောင် စောင့်ထိမ်းရလိမ့်မယ်၊ခုနက လောကီသရဏဂုံတည်တဲ့ ဥပသကာ ယောကျ်ား ဥပသကီ မိန်းမ တို့မှာ ယခု ဆယ်ပါးသီလ ဆောက်တည်ပြီးတော့ ထားသည် ဖြစ်လေသောကြောင့်၊ လဇ္ဇီဖြစ်တဲ့ ဥပသကာ ယောကျ်ား ဥပ သကီ မိန်းမတွေ တဆင့်တက်ပြီလို့ မှတ်ပေတော့၊ အဲဒါက လူတို့နဲ့ပတ်သက်တဲ့ သီလခံယူပုံကလေး။

ရဟန်းတော်များ သီလအတွက် ရှင်သာမဏေများမှာ ရှင်သီလ စင်ကြယ်ရလိမ့်မယ်၊ ရဟန်းတော်များဆိုလျှင် ရဟန်းသီလ စင်ကြယ်ရလိမ့်မယ်၊ ရဟန်း သီလဆိုတာက အကျဉ်းအားဖြင့် နှစ်ရာနှစ်ဆယ် ခုနစ်သွယ် အကျယ်အားဖြင့် ကုဋေကိုးထောင် ကျော်သော သိက္ခာပုဒ်တွေပါဘဲ၊ အဲဒီ သိက္ခာပုဒ်တော်တွေ အကျဉ်းချုံးလိုက်မယ်ဆိုရင် နှစ်ပါးပါဘဲ။

ဝါရိတ္တသီလ၊ ရှောင်ကြဉ်ရမဲ့သီလက တပါး။ စာရိတ္တသီလ၊ ဖြည့်ကျင့်ရမဲ့သီလကတပါး၊နှစ်ပါးရှိပါတယ်။ဝါရိတ္တသီလရှောင်ကြဉ်ရမဲ့ သီလဆိုတာက ပါရာဇိကတို့၊သံဃာဒိသိသ်တို့၊ နိဿဂ္ဂိယပါစိတ်တို့၊စသည်ဖြင့် ဆိုင်ရာဆိုင်ရာ ရှောင်ကြဉ်ရပါလိမ့်မယ်။ရဟန်းတော်များမှာဆိုလို့ ရှိရင် အကပ္ပိယပေါ်ဟာရနှင့်ခံယူထားသော ရွှေ့၊ငွေ့၊ဒင်္ဂါး၊ပိုက်ဆံ၊ငွေစက္ကူများရှိလျှင် အာလယပြတ်စွန့်ပြစ်ရပါလိမ့်မယ်၊ မိမိကိုယ်တိုင် ဝယ်ထားသော ပစ္စည်းပင်ဖြစ်စေ ကပ္ပိယကာရကနှင့် ဝယ်ပင်ဝယ်ငြားသော်လဲ ခိုင်းစေတဲ့နေရာမှာ ဆိုလို့ရှိရင် မအပ်သော ခိုင်းခြင်းမျိုးဖြင့် ဝယ်ထားသော၊ သပိတ်၊ လက်ကိုင်ပုဝါ၊ ဘလာစာအုပ်၊ သင်္ကန်း၊စသည်ရှိမယ်ဆိုလျှင်လဲ အာလယပြတ် စွန့်ပြစ်ရလိမ့်မယ်။

များသောအားဖြင့် ဖြစ်တတ်ထာက နေ လွဲသောအခါ၌ အကြောင်းမရှိပါဘဲနဲ့ ကွမ်းစားခြင်း၊ ဆေးသောက်ခြင်းလဲဘဲ ရှောင်ကြဉ်တော်မူကြပါလို့ သတိပေးလိုက်ပါတယ်။

ဆိုင်ရာဆိုင်ရာလဲဘဲ သိပြီးသား ပုဂ္ဂိုလ်တွေ များကြပါလိမ့်မယ်၊ အဲဒါကြောင့် ရှောင်ကြဉ်ရမဲ့ သီလကို ရှောင်ကြဉ်တော်ကြပါလို့သတိပေးလိုက်ပါသည်။

**စာရိတ္တသီလ။**

ဖြည့်ကျင့်ရပည့် သီလမျိုးဆိုတာက၊ သေခိယ၊ ခုနှစ်ဆယ့်ငါးပါး၊ စုဒ္ဒသခန္ဓကဝတ်တွေ ဖြည့်ကျင့်ရပါလိမ့်မယ်၊ သေခိယ ခုနှစ်ဆယ့်ငါးပါးထဲမှာ သင်္ကန်းဝတ်ပုံတွေပါတယ်၊ သင်္ကန်းဝတ်တဲ့နေရာမှာ ဘုရားခွင့်ပြုတော်မူတဲ့အတိုင်း- ပရိမဏ္ဍလသိက္ခာပုဒ်နဲ့-သင်းပိုင်ကို ဒူးအောက် လက်ရှစ်သစ်ချ၊ အဝန်းညီစွာ ဝတ်တော်မူကြပါ။

ကောသီ တင်မယ်ဆိုလို့ရှိရင်လဲ ဒူးအောက် လက်လေးသစ်ချ၊ အဝန်းညီစွာ ဝတ်တော်မူကြပါ၊ ဘယ်ဘက်ပခုံးပေါ်ကတင်ထားတဲ့အစလဲဘဲ လက်ကောက်ဝတ် တိုင်အောင် ဖုံးနိုင်လဲ ဖုံးကြပါ၊ မဖုံးနိုင်လို့ရှိရင်လဲ တတောင်ဆစ်ကျော်အောင် ဖုံးတော်မူကြပါ သင်္ကန်းကိုလဲဘဲ အချိုးကျကျ အဝန်းညီစွာ ဝတ်ရုံတော်မူကြပါ။

ဆွမ်းစားတဲ့ အခါမှာဆိုရင် ပရိမဏ္ဍလ၊ သိက္ခာပုဒ်တော်နှင့်အညီ၊ ဆွမ်းလုပ်ကို ပြင်ပြီးတော့ စားခြင်း၊ ပြတ်ပြတ် စပ်စပ်မြည် အောင် မစားခြင်း၊ ဆွမ်း လုပ် ကို နှံ့ တဲ့ နေ ရာ မှာ ကျီးကန်းများ နှိုက်သကဲ့သို့ ပြန့်ကြဲမကျမူ၍ ခွန့်ခြင်း၊ ဆွမ်းကို ဟိုကဒီကနှိုက်၍ မစားဘဲ မိမိဘက်မှ ဇောက်ချ၍စားခြင်း၊ ပါးစပ်တဖက်ဖေါင်း၊ နှစ်ဖက်ဖေါင်းမရှိအောင် စားခြင်းဆိုတဲ့ သေခိယ သိက္ခာပုဒ်တော်နှင့်အညီ ဆွမ်းများ စားတော်မူကြပါ။

နောက်ပြီးတော့ ဝစ္စကုဋိ ဝတ်ကလေး၊ သေနာသန ဝတ်ကလေး၊ ကိုယ်နေတဲ့ကျောင်းလေးမှာ ဆိုလို့ရှိရင် သန့်သန့်ရှင်းရှင်း,စင်စင်ကြယ်ကြယ်,နေတော်မူကြပါ၊ ဝစ္စကုဋိ ဝတ်နဲ့လဲ

ပြည့်စုံအောင် နေတော်မူကြပါ၊ စာရိတ္တသီလ ဖြည့်ကျင့်ရမဲ့ သီလမျိုးကိုလဲ အကျဉ်းချုံးပြီး သတိပေးပါတယ်။ ရဟန်းတော်များအတွက် ပြီးပါပြီ။

## ပုစ္ဆကိစ္စ (၉)ပါး

### ဘုရားပင့်ပုံ။

၁။ ရှေ့ဦးစွာ ဘုရားပင့်ရပါလိမ့်မယ်။

ဂင်္ဂါသဲလုံးမက၊ အမတပြည်ခွင် စံဝင်တော် မူကြွားသည့် ရှင်တော်မြတ်ဘုရားပေါင်း အနန္တ၊ တဏှင်္ကရာ ဘုရားအစ ဂေါတမဘုရားအဆုံး၊နိဗ္ဗာန် စံသုံးတော်မူကြွားသည့်ရှင်တော်မြတ်ဘုရား။ နှစ်ကျိပ်ရှစ်ဆူ ကိုယ်တော်မြတ်ကြီး များနှင့် ကိုယ်စား ပူဇော်ရန် ဓါတ်တော်သုံးသွယ် စွယ်တော်လေးချောင်း ဆံတော်ပေါင်း အဆူဆူတို့သည် ခြောက်ရောင်ခြည် ဖြန့်သန်း၍ ဈာန်စခန်းဖြင့် ကြွမြန်းတော်မူလာပြီးလျှင် ဝိပဿနာ ကမ္မဋ္ဌာန်းခွင် ယခုပင်ဝင်လိုကြွားသည့် တပည့်တော်များကို၊ အိန္ဒြာသေရေး ဒုက္ခဘေးမှ ကင်းဝေးစင်ကြယ် အအေးပင်စင်နယ်သို့၊ အလွယ်ထုတ်ချောက်အမြန်ရောက်အောင် ကရုဏာဆောင်လျှက်၊ ဉာဏ်စဉ် တက်လှန်း ဘို့မဂ်လမ်းပွင့်မည့် ဝိပဿနာကမ္မဋ္ဌာန်း အကျင့်ဖြင့်၊ ချီးမြှင့်တော်မူပါရန် အတ္တဘော ရုပ်နာမ်ကြီးကို အလှူခံပြီးလျှင်၊ ရှေ့ပလ္လင်အမှတ်ဖြင့် ရုပ်ဓါတ် နာမ်ဓါတ် ပေါ်သို့သီတင်းသုံးကြွတော်မူပါမည့် အကြောင်း ဇောစိတ် ကောင်းကောင်းဖြင့်၊ ရုပ်ဓါတ် နာမ်ဓာတ် ပေါ်သို့၊ သီတင်းသုံး ကြွတော်မူပါမည့် အကြောင်း၊

ဇောစိတ် ကောင်းကောင်းဖြင့် ဦးခေါင်း ရိုကျိုး လက်အုပ်မိုး လျက်၊ အကြိမ်ကြိမ် ရှိခိုးကာ ပင့်လျှောက် လိုက်ပါ၏၊ ဘုန်း- သမ္ဘာနေဝန်း ထွန်းလင်းထောက်ပတော်မူလတ်သည့် အရှင်မြတ် ကြီးတို့ ဘုရား။

**မှတ်ချက်။** ။ဘာဖြစ်လို့ ဘုရားတွေပင့်တင်ထားရပါသလဲလို့ သိချင်ခဲ့ပါလျှင်, မတော်တဲ့အလုပ်ကို မလုပ်ဘို့ မတော်တဲ့ စကားကိုမပြောကြားဘိုလို့ ခန္ဓာကိုယ်ပေါ်မှာ ဘုရား တွေပင့်တင်ထားရပါတယ်လို့ အကျဉ်းချုပ်မှတ်ပါ။

**အကျယ်ချဲ့ပြောပုံ။**

ခန္ဓာကိုယ်ပေါ်မှာ ဘုရားတွေ ပင့်တင်ထားလျှင် ကိုယ်ပေါ် မှာ ဘုရားတွေ သီတင်းသုံးနေတယ်လို့ အဲသလို စိတ်ထဲက မှတ်ထားကြ။ ကိုယ်နဲ့ ဘုရားနဲ့ မကင်းတော့ဘူး၊ ကိုယ်သွားရာ ဘုရားပါနေကော့တာဘဲ၊ ဒီလိုဆိုရင် ဘုရားရှေ့မှာနေဘိသကဲ့သို့ ရိုရိုသေသေ နေကြ၊ အကယ်၍ မတော်တဲ့ အလုပ်ကို လုပ်မယ် ဆိုလျှင် ဘုရားရှင်ကိုယ်တော်မြတ် မြင်သွားပါလိမ့်မယ်။

မတော်တဲ့ စ ကား ကို ပြောကြားမယ် ဆိုလျှင်- ဘု ရား ရှင် ကိုယ်တော်မြတ် ကြားတော် မူပါ လိမ့်မယ်။ ဤကဲ့သို့ ဘုရား မြင်မှာစိုးလို့ မတော်တဲ့အလုပ်ကို မလုပ်ဖြစ်အောင် ဘုရား ကြား သွားမှာစိုးလို့ မတော်တဲ့ စကားကို မပြောကြား ဖြစ်အောင်၊ ခန္ဓာကိုယ်ပေါ်မှာ ဘုရားတွေ ပင့်တင်ထားရပါတယ်လို့ မှတ်ကြ ပေတော့။ ဒါက ၁-နံပါတ် ဘုရားပင့်ခြင်း၏အကြောင်းအကျိုး ပါဘဲ။

**ဘုရားအားခန္ဓာကိုယ်လှူနည်း။**

ဘုရားပေါင်း အနန္တ ပွင့်တော်မူနေ ကြပါလျက် အရိယာ မဂ်အသက် တချက်ကမှ မသွင်းဘူးခဲ့သော တပည့်တော် များ၏ အတ္တဘော အသေကောင်ကြီးကို ပုထုဇဉ် အသက်နှင့် အရိယာ အသက် ခွဲပုံ၊ သတ္တဝါ တို့၏ အသက်သည် နှစ်မျိုး၊ ပုထုဇဉ် အသက်က တမျိုး၊ အရိယာအသက်က တမျိုး၊ နှစ်မျိုး ရှိတယ်၊ ပုထုဇဉ်အသက်ဆိုလျှင် ရှူလိုက်,ရှိုက်လိုက်, ရှူလိုက်,ရှိုက်လိုက်, ဆိုတဲ့ ထွက်သက်ဝင်သက်ကို ခေါ်တယ်။

အရိယာအသက်ဆိုရင် မဂ်အသက်ကို ခေါ်ပါတယ်၊ မဂ် အသက် နားမလည်ကဲ့လို့ ရှိရင် ခန္ဓာမှာ ဖြစ်ပျက်ကိုမှတ်ရင်း မှတ်ရင်းနဲ့ ဖြစ်ပျက်ဆုံးသွားတဲ့ နိဗ္ဗာန်ကြီးကို မြင်ရတဲ့ မဂ်ဉာဏ် ကို မဂ်အသက်ခေါ်ပါတယ်။

**ဘုရားပွင့်လာပုံ။**

ဘုရားပွင့်လာတာ ပုထုဇဉ် အသက်သွင်းချင်လို့လား၊ အရိ ယာ အသက်သွင်းချင်လို့လား၊ အရိယာ အသက်သွင်းခြင်းလို့ နော်၊ အရိယာ အသက်သွင်းချင်လို့ ဆိုဒါ သောတာပန် ဖြစ်စေ ချင်လို့၊ သကဒါဂါမ်ဖြစ်စေချင်လို့၊ အနာဂါမ်ဖြစ်စေချင်လို့၊ ရဟန္တာဖြစ်စေချင်လို့၊ ဘုရားပွင့်လာဒါနော်။

**သာသနာထားခဲ့ပုံ။**

သာသနာတော်ကြီး ထားခဲ့တာကော အရိယာမဂ် အသက် သွင်းချင်လို့ မဟုတ်လား၊ ဘုရားတွေ ပွင့်လာတာ ဘယ်လောက်

များပလဲ၊ဂင်္ဂါဝါဠု သဲစုမက အလွန်များပြီနော်-ဘုရားတွေပွင့်ဒါ များပါလျက်နဲ့ မိမိမှာ အရိယာမင်- အသက် ကလေးများ သွင်းဘူးပါရဲ့လား? အောက်တန်းစား သောတာပန်လောက် ဟုတ်ကဲ့လား? မဟုတ်သေးလို့ရှိလျှင် မိမိခန္ဓာကိုယ်ဟာ ဘုရား သာသနာနဲ့ ပတ်သက်ပြီး အရှင်ခေါ်မလား? အသေ ခေါ် မလား? အသေခေါ်တယ်နော်။

**ပုထုဇဉ်-အသက် အသေခေါ်ပုံ။**

အောက်တန်းစား သောတာပန်လောက်မှ မဖြစ်သေးလျှင် အသေခေါ်တယ်နော်၊ ပုထုဇဉ်အသက်ကတော့ သာသနာတွင်း မှာလဲရှိ၊ သာသနာပမှာလဲရှိ၊ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, ငရဲ, တွေလဲ ရှိကြတာဘဲ၊ ပုထုဇဉ် အသက်ဆိုတာ (ဘဝဓမ္မတာ, သံသရာဓမ္မတာ ဖြစ်တဲ့ အသက်တွေဘဲ) ဤအသက် ကလေးကို သေတယ် ရှင်တယ်လို့ သမုတိနယ်မှာ သုံးသော်လဲ-သာသနာနဲ့ ဘုရားပွင့်လာတဲ့အခါမှာ ဒီအသုံးမျိုး သုံးလို့ မဖြစ်တော့ဘူး၊ မဂ်မကျသေးလျှင် အသေလို့ခေါ်ပါ, မဂ်ကျသွားလျှင် အရှင် လို့ ခေါ်ပါ, ဒါဖြင့် ဘုရားပေါင်း အနန္တပွင့်တော်မူနေကြပါ လျက် မဂ်ကလေးတချက်မှ မကျသေးဘူးဆိုလျှင်၊ မိမိခန္ဓာကိုယ် ကြီးသည် အသေကောင်ကြီးနော်- ဒအသေကောင်ကြီးကို အရှင် မဖြစ်ချင်ဘူးလား ?

။ အရှင်ဖြစ်ချင်ပါတယ်ဘုရား။ ။

အရှင် ဖြစ်ချင်တယ်၊ မဂ် ကျချင်တယ်ဆိုလျှင်၊ ခန္ဓာကိုယ် ကြီးအား ဘုရားလှူရလိမ့်မယ်။

**No. 2**

**ဘုရားအား ခန္ဓာလှူပုံ။**

ဘုရားပေါင်း အနန္တ ပွင့်တော်မူနေကြပါလျှင်- အရိယာမဂ်, အသက်တချက် ကမှ မသွင်းခဲ့ဘူးသော တပည့်တော် များ၏၊ အတ္တဘော အသေကောင် ကြီးကို၊ အရိယာမဂ်, အသက်သွင်း ပေးဘို့ရန် စေတစိတ်သန်သန်ဖြင့် အမှန်အားကိုးပြီးကာ ဖွန့်လွှတ် လှူဒါန်း လိုက်ပါ၏, အပ်နှင်း လိုက်ပါ၏ အရှင် မြတ်ကြီးတို့ ဘုရား။

**လှူရခြင်းအကြောင်း နှစ်ပါး။**

၁။ အရိယာမဂ်, အသက်သွင်းချင်လို့ လှူဒါတပါး။

၂။ ကြောက်စရာ,လန့်စရာ,ထိတ်စရာ,ပေါ်လာရင် ဖျောက် ပြစ်-ဆင်ခြင်ပြစ်ဘို့က တပါး။

လှူရခြင်း၏ အကြောင်းနှစ်ပါးနေ့၊ အရိယာမဂ်, အသက် သွင်းချင်လို့ဆိုတာက သောတာပန် ဖြစ်ချင်လို့, သကဒါဂါမ် ဖြစ်ချင်လို့, အနာဂါမ် ဖြစ်ချင်လို့, ရဟန္တာဖြစ်ချင်လို့, ခန္ဓာ ကိုယ်ကြီးကို ဘုရားလှူပါတယ်လို့ဆိုဒါမှတ်။

ကြောက်စရာ လန့်စရာ ထိတ်စရာပေါ်ရင် ဖျောက်ပြစ်ဘိုလို့ လှူပါတယ်၊ ဝိသုဒ္ဓိမဂ်,ထဲမှာ ပါတဲ့ အကြောင်း ခေါ်တယ်။ အဲဒါလေး အရေးကြီးတယ်၊ ယောဂီများ တရားအားထုတ်ပြီ ဆိုလို့ရှိရင် ကြောက်စရာ လန့်စရာ ထိတ်စရာတွေ ပေါ်တတ် တယ်၊ ပေါ်မယ်ဆိုရင် ဖျောက်ပြစ်ဘို ဆင်ခြင် ဘိုလို့ ဆိုတာ အရေးကြီးတယ်။

ဒါကြောင့် မြတ်စွာဘုရားက- သင်တို့ တရား အားထုတ်မယ် ဆိုလျှင် ကြောက်တတ် လန့်တတ်ပါလိမ့်မယ်၊ ဒီလိုဆိုရင် ငါ့ကို,

ခန္ဓာကိုယ်ကြီး အပ်ထားကြ၊ လှူထားကြလို့ မြတ်စွာ ဘုရား အမိန့် ရှိသည့် အတိုင်း၊ ခန္ဓာကိုယ်ကြီး ဘုရားကို လှူလိုက်ရင် ခန္ဓာကိုယ်ကြီးကို ဘုရား ပိုင်တယ်၊ ဘုရားရှင် ကိုယ်တော်မြတ် စောင့်ရှောက်တော်မူ လိမ့်မယ်။ ဘုရား၏ တန်ခိုးတော်ကြောင့် နတ်၊ သိကြား၊ ဗြဟ္မာ၊ တွေလဲ စောင့်ပြီးနေပါလိမ့်မယ်၊ ဒီလို ဆိုရင် ကြောက်စရာ၊ ထိတ်စရာ၊ လန့်စရာ၊ မရှိတော့ဘူး၊ ထိုသို့ ပင် မရှိသော်လဲ တရားအားထုတ်တဲ့နေရာမှာ၊ ခန္ဓာကိုယ်တွင်းက မမြင်စဘူး အထူးမြင်ခဲ့သော် ကြောက်တတ်၊ လန့်တတ်၊ ထိတ် တတ်တယ်။

## ဆင်ခြင်ပုံ။

ဤကဲ့သို့ဖြစ်မယ်ဆိုလျှင် ဆင်ခြင်လိုက်ကြ၊ ငါ့ခန္ဓာကိုယ်ကြီး မှ မဟုတ်ဘဲ၊ ဘုရားလှူပြီးသား ဘုရားပိုင်တဲ့ ခန္ဓာကိုယ်ကြီး ဖြစ်နေပါပကော၊ ဘုရားတန်ခိုးတော်ကြောင့်၊ နတ်၊ သိကြား၊ ဗြဟ္မာ၊ တွေတောင် စောင့်ရှောက် ပြီးတော့ နေပါပကောလို့ ဆင်ခြင်လိုက်ကြ။

ဤကဲ့သို့ ဆင်ခြင်လိုက်မယ်ဆိုလျှင် ဝမ်းမြောက်တဲ့ သော-မနဿစိတ်တွေ ပေါ်လာပါလိမ့်မယ်၊ ကြောက်စိတ်၊ လန့်စိတ်၊ ထိတ်စိတ်ဆိုတဲ့ ဒေါမနဿစိတ်တွေ ပျောက်သွားပါလိမ့်မယ်လို့ ဆိုလိုတယ်၊ ဘာဖြစ်လို့လဲမေးရင်- အိပ်မက်မက်သလို စိတ်ထင် ချည့်ဘဲဖြစ်လို့။

အိပ်မက်ထဲမှာ ဘုရားတွေ၊သိကြား၊နတ်၊ဗြဟ္မာ၊တွေ စေါင်း တန်းတွေ၊အရောင်အဝါတွေ၊ရွှေတုံး၊ငွေတုံး၊ကြီးတွေ ကောက်ရ တယ်လို့မက်တယ် တကယ်လား စိတ်ထင်လား ?

။ စိတ်ထင်ပါဘုရား။ ။

စိတ် ထင်နေ၁်စိတ်ထဲက ထင်ယုံထင်တာ တကယ် မဟုတ်ဘူး။ မကောင်းတဲ့ဘက်က မကောင်းဆိုဝါး ဘီလူး့ သူရဲ, တောကြီး တောင်ကြီး, မှောင်ကြီးတွေ မြင်မယ်ဆိုရင် ဒါလဲ စိတ်ထင်ပါ၊ တကယ်မဟုတ်ဘူး တကယ်မဟုတ်လျှင်၊ ကြောက်စရာ့လန့်စရာ့ ထိတ်စရာ့ရှိသေးလား?။

။ မရှိပါဘုရား။ ။

ဘာဖြစ်လို့လဲမေးရင် စိတ်ထင်တွေဖြစ်လို့။

ယောဂီတို့ ခန္ဓာကိုယ်ထဲမှာ မမြင်စဘူး ထူးဆန်းတာတွေ မြင်ခဲ့သော်ငြား၊ အပြင်ဘက်က ကြောက်စရာ လန့်စရာ ထိတ်စရာ ဆင်တွေ့ ကျားတွေ့မြင်ခဲ့သော်ငြား၊ တကယ်မဟုတ်ဘူး စိတ်ထင်တွေ ဖြစ်တယ် စိတ်ထင်တွေဖြစ်သောကြောင့် ဆင်ခြင်လိုက်လျှင် ကြောက်စိတ်, လန့်စိတ်, ထိတ်စိတ်တွေ ပျောက်သွားမယ်လို့ ဆိုလိုတယ်။

တရားပွဲတပွဲဆိုရင် ဘယ်သူဟာ ဘာဖြစ်သွားပြန်ပြီဆိုတာ-ပြောတဲ့အတိုင်း မလိုက်နာလို့၊ ပြောတဲ့အတိုင်း လိုက်နာမယ်ဆိုလျှင် ဘာမှမဖြစ်ဘူးနော်-ယောဂီများ သတိထားကြပါ။

## ၃။ ။ဘုရားထံ ကမ္မဋ္ဌာန်းတောင်းပုံ။

ဘုရားတပည့်တော်များအား အရိယာမဂ်, အသက်သွင်းပေးဘို့ရန် ကရုဏာ သန့်သန့်ထား၍ ဝိပဿနာ ကမ္မဋ္ဌာန်းတရား ပေး

သနားတော်မူပါ၊ ပေး သနား တော်မူပါ့ အရှင်မြတ်ကြီးတို့ဘုရား။

**မှတ်ချက်။** ။ဘာဖြစ်လို့ ဘုရားထံ ကမ္မဋ္ဌာန်းတောင်းရသလဲလို့မေးလျှင်၊ဘုရားထံကရလာတဲ့ ကမ္မဋ္ဌာန်းတရားကို အမြဲတန်း ရှိရှိသေသေ လေးလေးစားစားဖြင့်၊ အားထုတ်နေစေချင်လို့ ၊ ဘုရားထံမှာ ဝိပဿနာ ကမ္မဋ္ဌာန်း တောင်းရတယ်၊ ဘုရားထံက ကမ္မဋ္ဌာန်း တောင်းလာပြီဆိုလျှင် စိတ်ကလေးနဲ့, အမှတ်ကလေးနဲ့, အမြဲတန်း မလွှတ်ရအောင် နေစေချင်လို့ ဘုရားထံမှာ ကမ္မဋ္ဌာန်း တောင်း ရပါတယ်ဆိုတာ မှတ်ကြပေတော့။

အကျယ် ပြောမယ်ဆိုလျှင် ဘုရားဆိုတာ အမြတ်စားဘဲ၊ ဘုရားရှင် ကိုယ်တော်မြတ်ထံက ရလာတဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းတရားလဲဘဲ အမြတ်စားဘဲ၊ လောကမှာ ရွှေ, ငွေ, ကျောက်သံ, ပတ္တမြား,တို့သည် ရလွယ်ပါတယ်၊ နတ်မင်း စည်းစိမ်,ဗြဟ္မာမင်း စည်းစိမ်, ဆိုတာလဲ ရလွယ်ပါတယ်၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရားဆိုတာ ဘုရားထံမှ အလွန့်အလွန်ရခဲပါတယ်၊ ရခဲသော ဝိပဿနာ ကမ္မဋ္ဌာန်း တရားများကို ရလာပြီဆိုလျှင် သားတော် ရာဟုလာလေးကို- အတုခိုးရမယ် သားတော်ရာဟုလာလေးသည် မြတ်စွာဘုရားထံက ရခဲလှသော အဆုံးအမလေးတခုကို ရလာပြီဆိုလျှင် အလွန့်အလွန် ဝမ်းသာလွန်းလို့ - ရတဲ့နေ့မှာ ဆွမ်းပင်မစားဘဲ နေနိုင်ကြောင်း။

ဒါကြောင့်မြတ်စွာဘုရားထံက အလွန်ရခဲလှစွာသော ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို၊ ရလာပြီဆိုလျှင် ကိုယ့်စိတ်နဲ့,ကမ္မဋ္ဌာန်း

၁၀၄၇၅

နဲ့၊ အမှတ်ကလေးနဲ့၊ ဘယ်တော့မှ မလွတ်ရအောင် အားထုတ်စေခြင်လို့ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်း တောင်းရပါတယ်လို့ ဆိုဒါ မှတ်ကြပေတော့။

**ဘုရားနဲ့ပတ်သက်ထာ သုံးမျိုး။**

၁။ ဘုရားပင့်ခြင်း။

၂။ ဘုရားအား ကိုယ်ကြီး လှူခြင်း။

၃။ ဘုရားထံ ကမ္မဋ္ဌာန်းတောင်းခြင်း။

**ဆရာနဲ့ပတ်သက်ထာနှစ်မျိုး။**

၁။ ဆရာအား၊ ကိုယ်ကြီးလှူခြင်း။

၂။ ဆရာထံ၊ ကမ္မဋ္ဌာန်း တောင်းရခြင်း။

**အာမခံတောင်းပုံ။**

ယောဂီတို့ထံမှာ အာမခံတောင်းရမယ်၊ ရဟန်းရှင်လူ ယောဂီသူတော်စဉ် အပေါင်းတို့၊ ဆရာဆုံးမတဲ့စကားကို မြေဝယ်မကျနားထောင်နိုင်ပါမလား ?

ရှေ့တင်တော့ ဘယ်သူမဆို နားထောင်တာဘဲ ကွယ်ရာမှာ အရေးကြီးတယ်၊ ကွယ်ရာမှာကော - နားထောင်နိုင်ပါ့မလား ?

။ နားထောင်နိုင်ပါတယ်ဘုရား။ ။

ကွယ်ရာမှာလဲ နားထောင်ကြနော် မလိုက်နာရင် မုသာဝါဒ လိမ်ပြောတဲ့ သိက္ခာပုဒ် ပျက်သွားလိမ့်မယ်၊ အာမခံပြီး လိုက်နာကြနော်- လိုက်နာမှ ကမ္မဋ္ဌာန်းပေးရမယ်တဲ့။

## ရဟန်းသုံးပါး အာမခံပေးပုံ။

ဝိသုဒ္ဓိမဂ်ထဲမှာ ရဟန်းငယ် သုံးပါး၊ ဆရာထံ ကမ္မဋ္ဌာန်း သွားတောင်းတော့ ဆရာက အာမခံ တောင်းတယ်၊ ငါ့ရှင်တို့ ဆရာ ဆုံးမတဲ့စကားကို မြေဝယ်မကျ နားထောင်နိုင်ပမလားလို့ အာမခံ တောင်းလိုက်တော့ ရဟန်းငယ် သုံးပါးက အသက်စွန့်ပြီး အာမခံ အသီးသီး ပေးလိုက်တယ်။

ရဟန်းငယ် တပါးက- ဆရာသခင် ကျေးဇူးရှင်အား ကျေးဇူး ရှိမယ်ဆိုလျှင် ဘုရားတပည့်တော် ခန္ဓာကိုယ်ကြီးကို၊ အသူတရာ နက်သော ချောက် ကမ္ဘားကြီးထဲသို့ (အသူတရာဆိုဒါ တသူကို လက်ခုပ်တဖောင် ရှိတယ်) ဇောက် ထိုးချပြီး သေရဲပါတယ်၊ သေဝန့်ပါတယ် ဘုရားလို့ အသက် စွန့်ပြီး အာမခံပေးလိုက် တယ်။

ရဟန်းငယ်တပါးက ဆရာသခင် ကျေးဇူးရှင်အား ကျေးဇူး ရှိမယ်ဆိုလျှင် ဘုရားတပည့်တော် ခြေဖဝါးကို ကျောက်ပြင် ပေါ်မှာ တဖြေးဖြေးကုန်အောင် သွေးပြီး သေရဲပါတယ်, သေ ဝန့်ပါတယ်, ဘုရားလို့ အသက်စွန့်ပြီး အာမခံ ပေးလိုက်တယ်။

ရဟန်းငယ်တပါးက ဆရာသခင် ကျေးဇူးရှင်အား- ကျေးဇူး ရှိမယ်ဆိုလျှင် ဘုရားတပည့်တော် ထွက်သက်သည် ဝင်သက် မရောက်ခင်၊ ဝင်သက်သည်- ထွက်သက်မရောက်ခင်၊ အသက် အောင့်ပြီး မရှူပါဘဲနဲ့ သေရဲပါတယ်,သေဝန့်ပါတယ်, ဘုရား လို့ အသက်စွန့်ပြီး အာမခံပေးလိုက်တယ်။

အာမခံ လိုလောက်သောကြောင့် ကမ္မဋ္ဌာန်းဆရာကကမ္မဋ္ဌာန်း ပေးလိုက်သောအခါဝယ်၊ မြေဝယ်မကျ နားထောင်ပြီး သကာလ အားထုတ်သည် ဖြစ်လေသောကြောင့်၊ အာသပေါ် ကုန်ခမ်း၍ ရဟန္တာများ ဖြစ်သွားကြောင်း။

ဒါကြောင့် သင် ရဟန်းလူရှင် ယောဂီ သူတော်စဉ်တို့ တရားအားထုတ်တဲ့ (၁၀)ရက် အတွင်းမှာ၊ ဆရာ ဆုံးမတဲ့စကားကို နားထောင် နိုင်ကြပမလား, နားထောင်မှ ရမယ်နော်၊ နားမထောင်လျှင် ဘယ်နည်းနဲ့မှ မရဘူး၊ ဆရာသည် ကမ္မဋ္ဌာန်းကိုပေးရုံသာ ပေးတတ်တယ်၊ တရားမြင်တာကတော့- ကိုယ်ကိုယ်တိုင် အားထုတ်မှသာလျှင် မြင်တယ်နော်။

**ဆေးဆရာ ဥပမာ။**

ဆေးဆရာများသည် ဆေးကိုသာလျှင် ကျွေးတတ် မွေးတတ်သည် လူမမာက တကယ်တန်း ဆေးသောက်၊ ရှောင်ကြဉ်စရာရှိတာတွေကို ရှောင်ကြဉ်မှသာလျှင် ရောဂါပျောက်မယ်နော်၊ ဒါကြောင့် ဆရာ ချည့်ဘဲ သိပ်ပြီး အားမကိုးကြဘဲ မိမိကိုယ်တိုင်လဲ ကြိုးစားမှသာလျှင် ရမယ်ဆိုတာ မှတ်ကြပေတော့။

**၄။ ။ဆရာအားခန္ဓာကိုယ်လှူပုံ။**

ဆရာသခင် အရှင်သူတော်စင်အား ဘုရား တပည့်တော်များ၏ အတ္တဘော အသေကောင်ကြီးကို၊ အရိယာမဂ်,အသက်သွင်းပေးဘို့ရန် စေတနာသန့်သန့်ဖြင့်၊ အမှန် အားကိုးပြီးကာ စွန့်လွှတ် လှူဒါန်းထားပါ၏၊ အပ်နှင်းထားပါ၏ အရှင်မြတ် ကမ္မဋ္ဌာန်းဆရာ။

**ခန္ဓာကိုယ်အပ်ရခြင်း။**

ဆရာအား ကိုယ်ကြီးအပ်လိုက်ပြီနော်၊ ဘာဖြစ်လို့ အပ်သလဲ မေးရင် အရိယာမဂ်, အသက်သွင်းချင်လို့၊ အရိယာမဂ်, အသက် သွင်းချင်လို့ ဆိုတာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်ချင်လို့ ကိုယ်ကြီးအပ်ပါတယ် ရည်ရွယ်ချက်နဲ့ ကိုက်ရဲ့လား ?

။ ကိုက်ပါတယ်ဘုရား။ ။

အပ်လိုက်ရုံနဲ့ အရိယာ ဖြစ်ပမလား ?

။ မဖြစ်ပါဘုရား။ ။

အားထုတ်ရ သေးတယ်၊ အားထုတ်မယ် ဆိုလျှင် ဆရာ သမားကလဲ ပြောရမှ ယောဂီသူတော်စဉ်တွေကလဲဘဲ နားထောင် အုံးမှနော်၊ ဒါမှသာလျှင် အရိယာဖြစ်မှာ။

ဒါကြောင့် အရိယာ အရှင်သူတော်စဉ်တို့ဖြစ်ဘို့၊ ဆရာအား ကိုယ်ကြီး အပ်လိုက်သည် ဖြစ်လေသောကြောင့်၊ ဆရာသည် ကိုယ်ကြီး ပိုင်တယ်, ကိုယ်ကြီးပိုင်လျှင် ဆရာသည် ပြောရဲ, ဆိုရဲ, ဆုံးမရဲတဲ့ "ဝတ္တာဂုဏ်"တပည့်များမှာ မြေဝယ်မကျ နားထောင် လွယ်တယ်ဆိုတဲ့ "သော ဝစ္စဿတ ဂုဏ်" ဒီဂုဏ်တွေ အသီးသီး မြောက်ကြပြီလို့ ဆိုတာမှတ်။

**၅။ ။ဆရာ့ထံ ကမ္မဋ္ဌာန်းတောင်းပုံ။**

ဘုရား တပည့်တော်များအား အရိယာမဂ်, အသက်သွင်း ပေးဘို့ရန် ကရုဏာ သန်သန်ထား၍၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရား ပေးသနားတော်မူပါ အရှင်မြတ် ကမ္မဋ္ဌာန်းဆရာ။

ဘာဖြစ်လို့ ဆရာထံ ကမ္မဋ္ဌာန်း တောင်းရသလဲလို့ မေးရင် "ယထာဘူတံ ဉာဏာယသတ္တာ ပရိယောဒါတမ္ဗော" ဆိုတဲ့ ဘုရားဟော ပါဠိတော်နှင့်အညီ ဟုတ်တိုင်းမှန်စွာ သိချင်လို့ ဆရာထံ ကမ္မဋ္ဌာန်း တောင်းရပါတယ်။

ဘယ်လို ဟုတ်တိုင်းမှန်စွာ သိချင်သလဲ ? နည်းမှန် လမ်းမှန်ကိုလဲ ဟုတ်တိုင်းမှန်းစွာ သိချင်တယ်၊ အားထုတ်လိုက်တဲ့အခါမှာ နာမ်, ရုပ်, ကိုလဲ မြင်ချင်တယ်၊ ဖြစ်ပျက်ကိုလဲ မြင်ချင်တယ်၊ လက္ခဏာရေးသုံးပါးလဲထင်ချင်တယ်၊ ဉာဏ်စဉ်တက်ပြီးသကာလ မဂ်ဝင်ချင်တယ်, ဖိုလ်ဝင်ချင်တယ်, နိဗ္ဗာန် ဝင်ချင်လို့ ဆရာထံ ကမ္မဋ္ဌာန်း တောင်းရပါတယ်။

ဒါဖြင့် ဒီဆရာထံမှာ ကမ္မဋ္ဌာန်း တောင်းရင် ဒီဆရာပေးတဲ့ ကမ္မဋ္ဌာန်းကို အားထုတ် နေကြနော် အခြားအခြား ဖြစ်သော ကမ္မဋ္ဌာန်းများ အားထုတ်ခဲ့ဘူးသူများပါလျှင် မှားလို့တော့ မဟုတ်ဘူး အသာကလေး ချထားဦးနော်၊ နှလုံး မသွင်းဘဲနဲ့ ထားအုံး တရားအားထုတ်ပြီးတဲ့ အခါမှ....။

ရှေ့က အားထုတ်ခဲ့ဘူးတဲ့ တရားနဲ့ ယခုဒီမှာ အားထုတ်တဲ့ တရားနဲ့ ချိန်ကြည့်လိုက်ပါ၊ ဘယ်တရားဟာဖြင့် စိတ်ဓါတ်နဲ့ ကိုက်တယ်၊ မြင်လဲ မြင်လွယ်တယ် ငါသည် ကိလေသာဆိုတဲ့ ရန်သူတွေဝေးပြီးသကာလ အင်မတန် စိတ်အေး, ကိုယ်အေး,စိတ်ချမ်းသာ, ကိုယ်ချမ်းသာ,နဲ့ နေနိုင်တယ်လို့ - လက်တွေ့ သဘောကလေးများ ရမယ်ဆိုလျှင်၊ ကိုယ်ကြိုက်နှစ်သက်တဲ့ ရိပ်သာ တခုကိုသာ လက်ကိုင်တုတ် ထားပြီးသကာလ၊ အားထုတ်ပါလို့ ဆိုလိုတယ်။

ယခုတော့ ဒီဆရာထံက ကမ္မဋ္ဌာန်း တောင်း ထား သော ကြောင့် ဒီဆရာပေးတဲ့ ကမ္မဋ္ဌာန်းကို ရှိသေလေးစားပြီးသကာလ အားထုတ်ကြဘို့ သတိပေးလိုက်ပါသည်။

(ဘုရားနှင့် ပတ်သက်တာ သုံးမျိုး၊ ဆရာနှင့် ပတ်သက်ထာ နှစ်မျိုး ဆိုတော့ ငါးမျိုး ရှိသွားပြီ)

၆။ ။သူတော်ကောင်းများအား တောင်းပန်ကန်တော့ပုံ။

သူတော်ကောင်းနှစ်မျိုး၊ အရိယာ သူတော်ကောင်း၊ ပုထုဇဉ် သူတော်ကောင်း နှစ်စား ရှိကြပေသည်။

အရိယာ သူတော်ကောင်းဆိုလျှင် သာသနာဘက်မှာ ရဟန္တာ ထိအောင် ရှိကြ ပေသည်၊ လူဘက်မှာ အနာဂါမ်ထိအောင် ရှိကြပေသည်။

သာသနာဘက် လူဘက် နှစ်ဖြာ အရိယာပင် ရှိငြားသော်လဲ အရိယာဆိုတာ ပကာသနမကြိုက်ဘူး မြေပေးလို အင်မတန်မှ အနေကျစ်တယ်၊ အပြောအဆိုလဲကျစ်တယ်၊ သိဘို့ရာခဲယင်းလှပါ ပေ၏၊ ဤသို့ အရိယာမှန်း သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ, ကိုယ်, နှုတ်, စိတ်, သုံးပါး တပါးပါးဖြင့် ပြစ်မှား မိခဲ့ ပါလျှင် "အရိယူပဝါဒ" ကံကြီးထိုက်၏။

မကန်တော့သမျှ ကာလပတ်လုံး သေသည်၏ အခြားမဲ့၌ အပါယ်လဲကျတတ်ပါသည်၊ သမထဘက်က အားထုတ်ခဲ့ပါလျှင် ဈာန်အဘိညာဉ်၊ ဝိပဿနာဘက်က အားယုတ်ခဲ့ပါလျှင် မဂ်, ဖိုလ်,

နိဗ္ဗာန် အနေ့ောင့်အယှက်တွေ ဖြစ်တတ်ပေသည်၊ ထိုအန္တရာယ်များ ပပျောက်စေခြင်းအကျိုးငှာ အရိယာများအား, ပြစ်မှားမိမယ် ဆိုလျှင် ကန်တော့တောင်းပန်ရလိမ့်မယ်။

ပုထုဇဉ်အား သီလရှိဆဲအခိုက်၌၊ ပြစ်မှားမိခဲ့ပါလျှင် ကံကြီး တော့ မထိုက်ပါ၊ ကြီးလေးသောအပြစ်, ဖြစ်ခြင်းငှာ ထိုက်ပါ ပေ၏၊ သူလဲဘဲ မကန်တော့သမျှ ကာလပတ်လုံး သေသည်၏ အခြားမဲ့၌ အပါယ်ကျရောက်ခြင်း များတတ်ပေသည်၊ သမထ ဘက်က အားထုတ်ခဲ့ပါလျှင် ဈာန်အဘိညာဉ်, ဝိပဿနာဘက်က အားထုတ်ခဲ့ပါလျှင် မဂ်, ဖိုလ်, နိဗ္ဗာန်, အန္တရာယ် အနေ့ောင့် အယှက်တွေ ဖြစ်တတ် ပေသည်၊ ထိုအန္တရာယ်များ ပပျောက် စေခြင်းအကျိုးငှာ ကန်တော့ တောင်းပန်ရလိမ့်မယ်။

ယခု ဘဝတွင်မက အနမတဂ္ဂ- သံသရာက စ၍ ပြစ်မှားမိတဲ့ အပြစ်တွေ လူတိုင်း လူတိုင်း ရှိကြပေတယ်၊ အဲဒီ အပြစ်တွေပါ ထည့်ပြီး တောင်းပန် ရမယ်နော်- တောင်းပန်တဲ့ အခါမှာ ရိုရို သေသေ လေးလေး စားစား ကန်တော့ တောင်းပန်ကြ။

## ကန်တော့တောင်းပန်ပုံ။

အစမထင်သည့် သံသရာ ခွင်က အစ၊ ယခုဘဝ, ယခု အချိန် ကြအောင် မိုက်သည့် အလျောက်၊ မပြစ်မှား ထိုက်သော ဘုရား အစရှိသော အရိယာ ပုဂ္ဂိုလ်များနှင့်တကွ၊ မိဘ ဆရာ ပုထုဇဉ် သူတော်ကောင်း အပေါင်းတို့အား ကိုယ်, နှုတ်, စိတ်, သုံးပါး၊ တပါးပါးဖြင့် ပြစ်မှားမိခဲ့ပါလျှင်၊ နတ်ရွာ, နိဗ္ဗာန်, ဈာန်, မဂ်, ဖိုလ်, ၏ အန္တရာယ်မငြိဘို့ရန် မနောဉာဏ် ဖြူဖွေး၍ ယဉ်ကျေး

သော ကိုယ်နှုတ်ဖြင့် လက်အုပ် ချီမိုးပြီး အကြိမ်ကြိမ် ရှိခိုးကာ တောင်းပန်လိုက်ပါ၏၊ ကြေအေးတော် မူကြပါ၊ သည်းခံတော် မူကြပါ၊ အပြစ်ဘေးမှ ချမ်းသာပေးတော်မူကြပါ၊ ရှိခိုးကာ တောင်းပန်လိုက်ပါ၏ ရှိရှိသမျှ သူတော်ကောင်း အပေါင်းတို့။

## ၇။ ။မိမိအားပြစ်မှားသူများကိုခွင့်လွှတ်ခြင်း။

မိမိအား ပြစ်မှားမိတဲ့ သူတွေရှိမယ်ဆိုလျှင် အမြဲတန်းဆင်ချင်ပြီး သကာလ သည်းခံနေရခြင်း၊ ရပ်ထဲ ရွာထဲမှာ နေကြသော ပုဂ္ဂိုလ်တို့သည်၊ သူကလွန် ကိုယ်ကလွန် ရှိကြပေတယ်၊ သူတို့က လွန်မှန်း သိချင်မှသိမယ်၊ အကယ်၍ သိပါသော်လဲ တောင်းပန်ချင်မှ တောင်းပန်ပေလိမ့်မယ်၊ ကန်တော့ချင်မှ ကန်တော့ပေလိမ့်မယ်၊ ဤလိုပင် သိပါလျက်- ကန်တော့တောင်းပန်ခြင်း မပြုလုပ်ငြားသော်လဲ ယောဂီတို့ မိမိတို့အလုပ်ကို ပြန်ကြည့်။

ဝိပဿနာ အလုပ် ဆိုတာ သဘောထား ကြီးတဲ့ အလုပ်ဖြစ်တယ်၊ အပြစ် ပြောဒါ, ကဲ့ရဲ့ဒါ, ဆဲဒါ, ခဲ့, စသည်တို့ဖြင့် ပေါက်တာ သည်းခံနိုင်တဲ့ အလုပ်ဖြစ်တယ်။

ဒီလို သဘောထား ကြီးတဲ့ အလုပ်, အပြစ် ပြောဒါများ၊ သည်းခံနိုင်တဲ့ အလုပ် ဖြစ်သောကြောင့် သူတို့က မတောင်းပန်သော်လဲ မိမိတို့က အပြစ် အနာအဆာ ဘာတခုမှ မယူမူ၍ သူတို့အပေါ်မှာ မေတ္တာစိတ်ထားပြီး သကာလ သည်းခံနေရခြင်း။

ယခုရက်အတွင်းမှာ ယောဂီ အချင်းချင်းပင်ဖြစ်စေ၊ ဘေးက တစိမ်းတရံဆံပင် ဖြစ်စေ၊ အပြစ် ပြောကြ တော့မယ်၊ ကဲ့ရဲ့ကြ

တော့မယ်၊ ဆဲကြတော့မယ်၊ ခဲ့ စသည် တို့ဖြင့် ပေါက်ကြတော့ မယ်ဆိုလျှင် ခန္ဓာကိုယ်ကြီးပေါ် လွှဲတင်ချလိုက်၊ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ (သဗ္ဗံ ကိဗ္ဗိသံ ခန္ဓ ပဌိ ဗဒ္ဓံ) ဆိုတဲ့ ဘုရားဟောပါဠိတော်နှင့်အညီ၊ ဟောဒီ ခန္ဓာကိုယ်ကြီး အပြစ်ပါဘဲ။

ဒို့ခန္ဓာကိုယ်ကို မဆိုထားဘိ အရှင်မကြီး ထိပ်သီးဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတောင် အပြစ်ပြောဒါ၊ ကဲ့ရဲ့ဒါ၊ ခဲ့ စသည်တို့ဖြင့် ပေါက်တာခံရသေးတာဘဲ၊ ဒို့ခန္ဓာကိုယ် ဆိုရင် ဘယ်မှာ ဆိုဘွယ်ရာရှိတော့မလဲ၊ ခန္ဓာကိုယ်ကြီးပေါ် အပြစ်တင်ပြီး သကာလ၊ ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်း သွားအောင် ပြင်းပြင်းထန်ထန် ဝီရိယမျိုးဖြင့် ကြိုးစားပြီး အားထုတ် ကြပေတော့။

## ဂ။ ။မေတ္တာပွားခြင်းလွှတ်ခြင်း။

မိမိတို့အား ပြစ်မှားမိသော ပုဂ္ဂိုလ်များရှိခဲ့ပါလျှင်၊နှုတ်ခွင့်၊ နိဗ္ဗာန်၊ ဈာန်၊ မဂ်၊ ဖိုလ်၏ အန္တရာယ် မငြိဘို့ရာ မနေ့ဥာဏ်ဖြူဖွေး၍၊ကိုယ်၊နှုတ်၊ယဉ်ယဉ်ကျေးကျေးဖြင့် ကြေအေး၍နေကြပါ၏၊ သည်းခံ၍လည်း နေကြပါ၏၊ အပြစ်ဘေးမှ ချမ်းသာလည်း ပေးကြ ပါ၏၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာ ကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ တွင်း၊ ပ၊ နှစ်တန်ဘေးရန်လည်း ကျန်း ကင်းကြပါစေ၊ ကျန်း ကင်းကြပါစေ၊ ကျန်း ကင်းကြပါစေဟု မေတ္တာ ရေချမ်း သွန်းဖြန်း၍ နေကြပါ၏ သူတော်ကောင်း အပေါင်းတို့။

ဒါက-မိမိအား ပြစ်မှားမိတဲ့ သူတွေရှိမယ်ဆိုလျှင်၊ အမြဲတန်း ဆင်ခြင်ပြီး သကာလ သည်းခံ နေရခြင်း၊ အားလုံး၊ နှစ်ပါး ရှိသွားပြီ။

## ၉။ ။မေတ္တာပို့ရခြင်း။

မေတ္တာသည်- ပညတ်မေတ္တာ၊ ပရမတ်မေတ္တာ၊ နှစ်မျိုး ရှိပါတယ်၊ ပညတ်မေတ္တာ အရင်ပို့ကြစို့ ။

**ပညတ်မေတ္တာပို့ပုံ။**

**အမှာ။** ။ပညတ်မေတ္တာပို့တဲ့အခါမှာ စိတ်ပါရတယ်၊ ချပေးလို့ လိုက်ဆိုတဲ့သဘောမျိုး မရှိရဘူး။

**ဥပမာ။** ။ဒီအရံတွင်းမှာ လူ သံဃာ ချမ်းသာကြပါစေလို့ မေတ္တာပို့ရင်၊ လူ သံဃာသို့ တကယ်တန်း စိတ်ရောက်ပါစေ၊ ချမ်းသာကြပါစေလို့ ဘုန်းကြီးက တခေါက်ဆိုလျှင် ယောဂီ တို့က လေးလေး ညီညီ သုံးခေါက်၊ စိတ်သည် ရင်ထဲမှာထား ပေါ်ဒါမှတ်၍ မေတ္တာပို့ကြပါ။

အရံတွင်းမှာ လူ သံဃာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ကိုယ်ပို့သောမေတ္တာ လူ သံဃာအပေါ်မှာ စူးရှမယ် ဆိုရင် လူ သံဃာကလဲ ကိုယ့်အပေါ်မှာ တဖန်မေတ္တာ ပြန်စူးရှလေသောကြောင့်၊ လူ သံဃာနှင့်ပတ်သက်၍၊ စိတ်၏ ချမ်းသာခြင်း၊

ကိုယ်၏ချမ်းသာခြင်းများရရှိနေရတတ်ပေသည်၊ ဒါကြောင့် လူ သံဃာအား မေတ္တာပို့ရခြင်း ဖြစ်တယ်လို့ ဆိုဒါမှတ်။

အရံတွင်းမှာ ရှိတဲ့ နတ်တွေကို၊ အာရုံစိုက်ပြီးတော့ မေတ္တာ ပို့ကြ။

အရံတွင်းမှာ, နတ်တွေဟာ, ချမ်းသာကြပါစေ၊ ချမ်းသာ ကြပါစေ၊ ချမ်းသာကြပါစေ။

ကိုယ်ပို့သော မေတ္တာ, နတ်တွေပေါ်မှာ စူးရှမယ် ဆိုလျှင် နတ်တွေကလဲ ကိုယ့်အပေါ်မှာ မေတ္တာ တဖန် စူးရှလေသော ကြောင့်- နတ်တွေနဲ့ ပတ်သက်၍၊ ကြောက်စရာ, လန့်စရာ, ထိတ် စရာ, မပြတဲ့အပြင်၊ဘေးကလာမဲ့ အန္တရာယ်များကိုလဲ၊ကာကွယ် စောင့်ရှောက်တတ်ပေသည်၊ ဒါကြောင့် နတ်တွေအား မေတ္တာ ပို့ပါလို့ ဝိသုဒ္ဓိမဂ် ပထဝီကသိဏ နိဒ္ဒေသကထာမှာ လာတယ် လို့ ဆိုတာ ယုံကြပေတော့။

ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်ဒေသမှာ အုပ်ချုပ်ပြီးနေတဲ့ အစိုးရ တွေ ရှိတယ်၊ အဲဒီအစိုးရတွေကိုလဲ၊ ဂရုစိုက်ပြီး မေတ္တာပို့ကြ။

ငါတို့ မြို့ ရွာ, အစိုးရတွေဟာ,၊ ချမ်း သာ ကြ ပါ စေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ကိုယ်ပို့သော မေတ္တာ- အစိုးရတွေ အပေါ်မှာ စူးရှမယ် ဆိုလျှင် အစိုးရတွေကလဲ ကိုယ့်အပေါ်မှာ ဇမေတ္တာတဖန် ပြန် စူးရှလေသောကြောင့်- အစိုးရနှင့်ပတ်သက်ပြီး သကာလ၊ အမှု အခင်းဆိုင်ရာ မရှိပါဘဲနဲ့ စိတ်ချမ်းသာ, ကိုယ်ချမ်း,နေရစာတ်

ပေသည်၊ ဒါကြောင့် အစိုးရတွေအပေါ်မှာ မေတ္တာပို့ပါလို့-ဝိသုဒ္ဓိမဂ်- ပထဝီကသိဏနိဒ္ဒေသ-ကထာ, မှာ (ဂေါစရဂါမေ-ဋ္ဌာယရနေ)လို့ ရှိပါတယ်ဆိုတာ ယုံကြပေတော့။

ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်ဒေသမှာ ရှိတဲ့လူတွေကို အားလုံး ရွာစွန့်, ရွာဖျား, မြို့စွန့်, မြို့ဖျား, မကျန် အကုန်လုံး ဘယ်သူမှ မချန်ပါဘဲ အာရုံစိုက်ပြီး မေတ္တာပို့ကြ။

ငါတို့မြို့ရွာ လူတွေဟာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ရှိရှိသမျှ သတ္တဝါတွေဟာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

**ကဲချုံးကြစို့…။**

မေတ္တာပို့ဆဲခဏမှာ စိတ် အစဉ်သည် ဖြန်းကနဲ့, စိမ့်ကနဲ့, အေးကနဲ့ ဆိုတာလို သိသိသာသာ တကယ်တန်း ပီတိတွေ ဖြစ်လာမယ်ဆိုလျှင်၊ ကိုယ်ပို့သော မေတ္တာစူးပြီ၊ ကိုယ့်မေတ္တာစူးမယ်ဆိုလျှင်- သူ့မေတ္တာ ပြန်စူးလေသောကြောင့်၊ အားလုံးသော သတ္တဝါတို့နှင့် ပတ်သက်၍ ဘေးမထိ၊ ရန်မရှိ, အန္တရာယ်မငြိ, ပါဘဲနဲ့၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရတတ်ပေသည်၊ ဒါကြောင့် အားလုံးသော သတ္တဝါတွေအပေါ်၌ မေတ္တာပို့ပါလို့ ဘုရားရှင်ကိုယ်တိုင်ပင် ဟောကြားခဲ့ပါသည်။

မေတ္တာခြုံ လုံသတဲ့, အဲဒါက ပညတ်မေတ္တာပို့ ခေါ်တယ်။

**ပရမတ်ဒမေတ္တာပို့ပုံ။**

ငါ၏ စိတ်သည် ကြည်လင် အေးမြ၍ ချမ်းသာ နေသလို၊ သတ္တဝါတို့၏ စိတ်တိုင်း၊ စိတ်တိုင်း၊ ကြည်လင်အေးမြ၍ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ငါ၏ ရုပ်မှုံတွေသည်၊ အေးရှိန်၊ အေးခိုး၊ အေးငွေ့၊ တွေသန်း၍ ချမ်းသာနေသလို သတ္တဝါတို့၏ ရုပ်မှုံတိုင်း-ရုပ်မှုံတိုင်း-အေးရှိန်၊ အေးခိုး၊ အေးငွေ့၊ တွေ့ သန်း၍ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

**မှတ်ချက်။** ။တရားမြင်တဲ့ ပုဂ္ဂိုလ် ပညတ်မေတ္တာ မပို့ပါနဲ့၊ ပရမတ် မေတ္တာပို့ပါ၊ ပရမတ်မေတ္တာ ဆိုတော့ နှစ်ခုထဲဘဲ၊ စိတ်၊ စိတ်ချင်း၊ ရုပ်၊ ရုပ်ချင်း၊ ကပ်ပြီးတော့--မေတ္တာပို့ရင် စူးလဲ စူးတယ်၊ ကိုယ်ပို့သော မေတ္တာ စူးမယ် ဆိုလျှင်၊ သူ့မေတ္တာပြန်စူးလေသောကြောင့်၊ တယောက်နဲ့ တယောက်၊ အန္တရာယ်မရှိ- ဘေးမရှိပါဘဲနဲ့ စိတ်ချမ်းသာကိုယ်ချမ်းသာနေရ တတ်ပေသည်၊ ဒါကြောင့် တရားမြင်တဲ့ ပုဂ္ဂိုလ်၊ ပရမတ်မေတ္တာ ပို့ပါလို့ ဆိုလိုက်ပေသည်။

**အမျှဝေတောင်းပန်ပုံ။**

ယခုပြုသမျှ-နေ့တိုင်းနေ့တိုင်းပြုနေသမျှ၊ ကုသလ၏ အဘိုးအခတွေကို၊ ကြားကြားသမျှ-လူရော၊နတ်ပါ၊သတ္တပါအနန္တတို့အား-ရငြားပါစေ၊ ရငြားပါစေ၊ ရငြားပါစေ၊ အမျှ၊အမျှ၊ အမျှ၊ဝေငှလိုက်ပါ၏၊ သာဓုခေါ်နိုင်ကြ၍ - ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြ

ပါစေကုန်သတည်း၊တွင်းပန္နစ်တန်- ဘေးရန်လည်း ကေန်ကင်းနိုင်ကြပါစေကုန် သတည်း၊ကိုယ်စောင့်နတ်က အစ- ရှိရှိသမျှ-နတ်, ဗြဟ္မာ, အပေါင်း သူတော်ကောင်းတို့ကလည်း၊ တဆင့်ပြန်၍ ကျွန်ုပ်တို့အား- အန္တရာယ်မပြုဘို့အရေး-ဝိုင်းဝန်း၍ စောင့်ရှောက်ပေးဘို့ မေတ္တာရပ်ခံ၍ - မျှားမျှားကြီး တောင်းပန် လိုက်ပါ၏၊ နတ်, ဗြဟ္မာ, အပေါင်း သူတော်ကောင်းတို့။

ပုဗ္ဗ ကိစ္စ (၉) ပါး ကုန်သွားပြီ။ ။ပုဗ္ဗကိစ္စဆိုတာ ဝိပဿနာ တရားအားမထုတ်ခင်၊ ရှေးဦးစွာ ကြိုတင်၍ လုပ် ထား ရ တဲ့ အလုပ်ခေါ်တယ်။

ပုဗ္ဗ ကိစ္စ (၉) ပါးကို အကျဉ်းဆုံးနည်းနဲ့ဖြစ်စေ၊ အလတ်စား နည်းနဲ့ဖြစ်စေ၊ အကျယ်ဆုံးနည်းနဲ့ဖြစ်စေ၊ ဆိုနိုင်ပါတယ်။

ဆရာသမားနဲ့ ဝေးကွာသော အရပ်ဒေသ၌၊ အားထုတ်ကြမယ်ဆိုလျှင် ဆရာသမားနှင့်ပတ်သက်သော, နှစ်ခု, နုတ်၍၊ ပုဗ္ဗ ကိစ္စ (၇) ပါးနဲ့လဲ ပြုလုပ်နိုင်ပါတယ်။

အကယ်၍ တရားတော်များကို တကယ်တန်း ယုံယုံ ကြည်ကြည် လေးလေး စားစားဖြင့် အားထုတ်ကြတော့မယ် ဆိုလျှင်၊ ပုဗ္ဗကိစ္စ (၇) ပါးသော်မှမပြုလုပ်မူ၍ တရားကိုသာလျှင် အားထုတ်မယ်ဆိုရင်လဲ ရနိုင်ပါတယ်။

ပုဗ္ဗကိစ္စ (၉) ပါးနဲ့ ပတ်သက်၍ အကျဉ်းချုပ်ကလေး မှတ်လိုက်ပေတော့။

**တရားအားထုတ်ပုံအကျဉ်း။**

ပုဗ္ဗကိစ္စက- သိတ်အရေးကြီးတာ မဟုတ်ဘူး။

တရားအားထုတ်ပုံ အားထုတ်နည်းက အရေးကြီးတယ်။

ယခုပဋိပတ္တိသာသနာတော်ကြီး ထွန်းကားပြီးနေတဲ့အချိန်မှာ မြို့ကြီးတွေမှာဆိုလျှင် ရိပ်သာတွေ အလွန်များတယ်၊ ရိပ်သာ တခုခု၌ နည်းမှန် လမ်းမှန်လေး မရသေးလျှင် ကိုယ့်ကိုယ်ကို အနွှပုထုဇဉ် အကန်းကြီး၊ ငါသည် အပါယ်ကျတော့ ဘယ်တော့မှ လွတ်မှာမဟုတ်ဘူးလို့၊ ဒီလိုလဲ မှတ်ထားရတယ်။

ဒါကြောင့် ရိပ်သာနည်းကလေးတွေဘဲ ဖြစ်ဖြစ်-ဆရာသမား ထံက နည်းကလေးတွေပင်ဖြစ်ဖြစ် ကိုယ့်ကိုယ်တိုင် ပိဋကတ် တော်ကထုတ်နှုတ်ပြီး သကာလ၊ တကယ်တန်း အားထုတ်နိုင်တဲ့ နည်းကလေးပင်ဖြစ်ဖြစ်၊တခုခုရမယ်ဆိုလျှင်၊ စာတတ် ကလျာဏ- ပုထုဇဉ်ဖြစ်၍ အပါယ်ခွင်လွတ်တော့မယ် ဆိုဒါ ယုံကြည်လေး စားပြီးသကာလ၊ ဆရာတော်, ယခု အားထုတ်ပုံအားထုတ်နည်း ကလေး ပေးမယ်နော်။

ဒီနေ့ညတော့ ကျဉ်းကျဉ်းလေး၊ နက်ဖန်ခါ မနက် ကြမှ အကျယ်တဝင့် အရင်းကစပြီးတော့ ဟောတော့မယ်။

ဒါကြောင့် လူပိန်း၊ လူသစ်တွေ ပါလာသည် ဖြစ်လေသော ကြောင့်၊ ကျယ်ကျယ်ကြီး ပြောမယ်ဆိုလျှင် ဘာကိုမှတ်ရမှန်း- မသိတော့ဘူး။

ကမ္မဋ္ဌာန်းပေးတဲ့ အခါမှာ နည်းကျယ်ကျယ် မပေးရဘူး၊ ပေးရင် မရဘူးလားမေးမယ်ဆိုလျှင် ရပါတယ်။

သို့သော်လဲ အရပေးတယ်ခေါ်တယ်၊ နည်းလဲ ရသွားအောင်၊ လုပ်ငန်းတွေလဲ တိုစိ တိုစိလေးနဲ့ သိအောင်၊ ယောဂီ အသစ်တွေလဲ၊ ရှင်းရှင်း ကလေးနဲ့ သိအောင် လုပ်ငန်းကလေး ပြောတော့မယ်နော်။

စာတတ်၊ ပေတတ်၊ ပုဂ္ဂိုလ်တွေက ယနေ့ ညနေအတွက်ဆိုရင် ယုံကြည်နိုင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ထမင်းချက်ပြီးတော့ အသာလေး ကောက်စားတဲ့ ပမာပြောတာ၊ ထမင်းဖြစ်လာပုံ၊ ဆန်ဖြစ်လာပုံ၊ လယ်ထွန်ပုံ၊ စသည်တို့ဖြင့် အရင်းမပါဘူး၊ အကျဉ်းချုပ်လို့ မှတ်ပါ။

## နည်းပြ ဝိပဿနာသင်္ကေတ်းစာ။

ယောဂီတို့ ဝင်တဲ့နေ့ကစ၍ ထွက်သည့်နေ့အထိ - စိတ်သည် ရင်ထဲမှာထား၊ တနာရီ အားထုတ်မယ်ဆိုလျှင် တနာရီလုံးလုံး စိတ် ရင်ထဲမှာထား၊ ညဉ့်ဦးယံလောက် အားထုတ်မယ်ဆိုလျှင်-ညဉ့်ဦးယံလုံးလုံး စိတ် ရင်ထဲမှာထား၊ ကိုယ်အားထုတ်တဲ့အချိန်ကလေးကို ပိုင်းပြီးတော့ - စိတ် ရင်ထဲမှာထား၊ ကိုယ်မှာပေါ်တာ ငါးမျိုး မှတ်နေပါ။

ယောဂီတို့ကတော့ ဆယ်ရက်လုံးလုံး အားထုတ်သည် ဖြစ်လေသောကြောင့်၊ ဆယ်ရက်လုံးလုံး စိတ်သည် ရင်ထဲမှာထား ကိုယ်မှာ ပေါ်တာ ငါးမျိုး မှတ်နေပါ။

မှတ်နေရမယ်ဆိုတာ သိ့ သိ၊ သိ့သိ၊ နေရမယ်လို့ ဆိုတာ မှတ်၊ စာနဲ့ရေးမှတ်ဘို့လဲ မဟုတ်ဘူး၊ ကျက်မှတ်နေဘို့လဲ မဟုတ်ဘူး၊ မှတ်နေရမယ်ဆိုတာနဲ့၊ သိနေရမယ်ဆိုတာနဲ့ အတူတူဘဲ။

ဒါကြောင့် လျှာလဲ မလှုပ်ပါနဲ့ နှုတ်လဲ မမြွက်ပါနဲ့၊ အသံလဲမထွက်ပါနဲ့၊ ရွတ်ဘာသည် သရဇ္ဈာယ်ခြင်းဆိုတာလဲ မလုပ်ပါနဲ့၊ စိတ်ထဲက သိရုံ သိရုံဆိုသောကြောင့် - ပုတီးလဲ မကိုင်ပါနဲ့၊ စာကိုလဲ မစဉ်းစားပါနဲ့၊ စာနဲ့ ခန္ဓာနဲ့ ကိုက်မှ ကိုက်ပါ့ မလားလို့ - ဒီလိုလဲဘဲ - စာနဲ့ ခန္ဓာနဲ့ နှိုင်းယှဉ်ပြီးတော့ မနေနဲ့၊ အသာကလေး စိတ်ထဲက သိရုံ့ သိရုံ့ကလေး မှတ်နေပါ။

ဘယ်အချိန် မှတ်မလဲမေးရင် ပေါ်တဲ့အချိန် မှတ်ပါ....ပေါ် ဒါသည် ဘယ်နှစ်မျိုးလဲ မေးရင် ငါးမျိုး။

(၁) ပူဒါတမျိုး
(၂) အေးဒါတမျိုး
(၃) လှုပ်ထာတမျိုး .... .... သုံးမျိုး
(၄) ဆင်းရဲဒါတမျိုး
(၅) ချမ်းသာဒါတမျိုး .... .... နှစ်မျိုး

ပေါင်းလိုက်တော့ငါးမျိုး ခေါ်တယ်၊ ပူဒါ၊ အေးဒါ၊ လှုပ်ဘာ၊ ဆင်းရဲဒါ၊ ချမ်းသာဒါ၊ ငါးမျိုး၊ အဲဒီ ငါးမျိုးဘဲ မှတ်ရမယ်။

ဘာနဲ့မှတ်မလဲ ?။
။ စိတ်နဲ့ မှတ်ရပါတယ်ဘုရား။ ။

ဘယ်အချိန် မှတ်မလဲ ?။

။ ပေါ်တဲ့အချိန် မှတ်ရပါတယ်ဘုရား။ ။

ပေါ်ဒါ ဘယ်နှစ်မျိုးလဲ ?။

။ ငါးမျိုးပါဘုရား။ ။

ဘယ်မှာ ပေါ်တတ်သလဲ ?။

။ ကိုယ်မှာ ပေါ်တတ်ပါတယ်ဘုရား။ ။

ကိုယ်ဆိုတာ တကိုယ်လုံးခေါ်တယ်။ လူတို့ မှတ်နေကြတဲ့-ခေါင်း, ကိုယ်, ခြေ, လက်, ရင်းတို့အထဲမှာ ကိုယ်က - အလယ်ပိုင်းခေါ်တယ်၊ ယခု ကိုယ်က - ကာယပသာဒ, ကာယဓါတ်ကို ကိုယ်ကောက်ရလေသောကြောင့်၊ တကိုယ်လုံးခေါ်တယ်။

ခေါင်းမှာပေါ်ရင် ဘယ်နှစ်မျိုးလဲ ?။

။ ငါးမျိုးပါဘုရား။ ။

ဘာနဲ့ မှတ်မလဲ ?။

။ စိတ်နဲ့ မှတ်ပါတယ်ဘုရား။ ။

ဘယ်နေရာက မှတ်မလဲ? ။

။ ရင်က မှတ်ပါတယ်ဘုရား။ ။

အလယ်ပိုင်း ကျော, ရင်,စသည် တို့မှာ - ပေါ်ဒါ ဘယ်နှစ်မျိုး ?။

။ ငါးမျိုးပါဘုရား။ ။

ဘာနဲ့ မှတ်မလဲ ?။

။ စိတ်နဲ့ မှတ်ပါတယ်ဘုရား။ ။

အောက်ပိုင်း - ပေါင်, ခြေသလုံး, စသည်မှာ ပေါ်ပါသယ်နှစ်မျိုးလဲ ?။

။ ငါးမျိုးပါဘုရား။ ။

ဘာနဲ့ မှတ်မလဲ ?။

။ စိတ်နဲ့ မှတ်ပါတယ်ဘုရား။ ။

ဘယ်ကနေမှတ်မလဲ ?။

။ ရင်ကနေ မှတ်ပါတယ်ဘုရား။ ။

ရင်ကချည်းမှတ်မှရတယ်၊ စိတ်က ရင်ထဲမှာသာ ရှိတာကို· မနောဝိညာဉ်စိတ်သည်၊ ရင်ထဲမှာသာရှိသောကြောင့် ဝိပဿနာဉာဏ်အမြင်လဲ- ရင်ထဲမှာသာရှိတယ် ဟိုနေရာ-ဒီနေရာမှာ လုံးဝမရှိဘူး။

ကွက်ကွက်လေးပေါ်ရင် ဘယ်နှစ်မျိုး?။

။ ငါးမျိုးပါဘုရား။ ။

ဘယ်ကနေ မှတ်မလဲ ?။

။ ရင်ကနေ မှတ်ပါတယ်ဘုရား။ ။

ဘာနဲ့ မှတ်မလဲ ?။

။ စိတ်နဲ့ မှတ်ပါတယ်ဘုရား။ ။

တကိုယ်လုံးပေါ်ရင် ဘယ်နှစ်မျိုး ?။

။ ငါးမျိုးပါဘုရား။ ။

ဘယ်ကနေ မှတ်မလဲ ?။

။ ရင်ကနေ မှတ်ပါတယ်ဘုရား။ ။

ဘာနဲ့ မှတ်မလဲ ?။

။ စိတ်နဲ့ မှတ်ပါတယ်ဘုရား။ ။

ဘယ်အချိန် မှတ်မလဲ ?။

။ ပေါ်တဲ့အချိန် မှတ်ပါတယ်ဘုရား။ ။

ပေါ်ဒါ ဘယ်နှစ်မျိုးလဲ ?။

။ ငါးမျိုးပါဘုရား။ ။

အဲဒီ ငါးမျိုး နာမည်ပေးမယ်။

ပူရင် ဗမာလို ပူဒါနော်၊ ပူတယ်က, တမျိုး၊ ပူဒါက, တမျိုး၊ ပူဒါက, ရုပ်ဘက်ကို- နာမည်ပေးတယ် ခေါ်တယ်၊ ပူတယ်ဆိုတာက နာမ်ဘက် သိပုံပြောသည်။

## "ဂစ္ဆန္တော, ဂစ္ဆန္တာမိတိ, ပဇာနာတိ"

သွား, သွားတယ်လို့ မှတ်ဆိုတာ၊ နာမ်ဘက်က သိပုံ ခေါ်တယ်။

ဆရာတော်က- ရုပ်ဘက်ကို.... နာမ်ပေါ်တဲ့ဘက်က နာမည်ပေးသောကြောင့်၊ ဒီနေရာမှာ (ဒါ) သုံးသည် သဘောကြရဲ့လား ?။

ပူရင်,ပူဒါ၊အေးရင်,အေးဒါ၊ လှုပ်ရင်,လှုပ်ထာ၊ ဆင်းရဲရင်, ဆင်းရဲဒါ၊ ချမ်းသာရင်, ချမ်းသာဒါ၊ သိရုံ - သိရုံကလေး၊ လျှာလဲမလှုပ်နဲ့၊ နှုတ်လဲမမြွက်နဲ့၊ ပူရင် ပူဒါလို့ မှတ်ပါ။

ဘယ်ကပူလဲလို့မေးရင်၊ ခန္ဓာထဲက ပေါ်တက်လာတဲ့ အပူမှန်သမျှ-အကုန်လုံး နေရာမရွေး၊ပူ-ပူဒါလို့မှတ်ပါ၊ အကြောင်းမရွေး၊ ပူ, ပူဒါလို့မှတ်ပါ။

**ပူဒါ နေရာမရွေးပုံ။**

ခေါင်းက ပူရင်လဲ ပူဒါ၊ အလယ်ပိုင်းကျောရင် စသည်က ပူရင်လဲ ပူဒါ၊ အောက်ပိုင်းပေါင် ခြေသလုံး စသည်က ပူရင်လဲ ပူဒါ၊ အသားအရေ အရိုး စသည်က ပူရင်လဲ ပူဒါ၊ နေရာမရွေးနဲ့တော့ ပူရင်, ပူဒါလို့ မှတ်ပါ။

**ပူဒါ အကြောင်းမရွေးပုံ။**

နေကြောင့် ပူရင်လဲ ပူဒါ၊ မီးကြောင့် ပူရင်လဲ ပူဒါ၊ ဆေးပူ - အစားပူ - စားလို့ပူရင်လဲ ပူဒါ၊ စိတ်ဆိုးလို့ဘဲ ပူပူ-ကြာကြာထိုင်လို့ဘဲပူပူ- အလုပ်လုပ်လို့ဘဲပူပူ - ခရီးသွားလို့ဘဲ ပူပူ- ဘာကြောင့် ညာကြောင့် ရွေးမနေနဲ့၊ ပူရင်, ပူဒါလို့ မှတ်ပါ။

**အေးရင် အေးဒါ။**

အေးရင်,အေးဒါ၊ ဘယ်လို အအေးလဲလို့မေးရင် ကိုယ်ထဲက ပေါ်တက်လာတဲ့အအေးမှန်သမျှ နေရာမရွေး၊အေးလျှင်-အေးဒါ, အကြောင်းမရွေး၊ အေးလျှင်-အေးဒါ,လို့ မှတ်ပါ။

**အေးဒါ နေရာမရွေးမှတ်ပုံ။**

ခေါင်းက အေးရင်လဲ အေးဒါ၊ အလယ်ပိုင်း ကျောရင်

စသည်က အေးရင်လဲ အေးဒါ၊ အောက်ပိုင်း ပေါင်ခြေသလုံး စသည်က အေးရင်လဲ အေးဒါ၊ အသား အရေ အကျောစသည်က အေးရင်လဲအေးဒါလို့ မှတ်ပါ၊ နေရာရွေးမနေနဲ့တော့။

**အေးဒါ အကြောင်းမရွေးမှတ်ပုံ။**

လေတိုက်လို့ အေးရင်လဲ အေးဒါ၊ နှင်းကျလို့အေးရင်လဲ အေးဒါ၊ ဆောင်းအေးလို့ အေးရင်လဲ အေးဒါ၊ ရေချိုးလို့ အေးရင်လဲ အေးဒါ၊ ဆေးအေး, အစာအေး, စားသောက်လို့ အေးရင်လဲ အေးဒါ၊ စိတ်နှလုံးအေးလို့ အေးရင်လဲ အေးဒါ၊ ဘာကြောင့် ညာကြောင့် ရွေးမနေနဲ့ အအေးမှန်သမျှ မှတ်သာ မှတ်ကြ။

ရေခဲများစားရင် မကိုင်ဘူးလား၊ ကိုင်ရင် မအေးဘူးလား?

။ အေးပါတယ်ဘုရား။ ။

ဒါကော မမှတ်ရဘူးလား

။ မှတ်ရတာဘဲ။ ။

ရေခဲက အေးသလား၊ ဘယ်သူက အေးသလဲ၊ အေးဒါက, အေးတယ်လို့ မှတ်ရတာဘဲ၊ လုပ်လို့ပင်အေးအေး မလုပ်ဘဲနဲ့ အေးအေး-မှတ်သာ မှတ်ပေတော့။

**လှုပ်ထာ နေရာမရွေးမှတ်ပုံ။**

ဘယ်လို အလှုပ်လဲလို့မေးရင်၊ ကိုယ်ထဲက ပေါ်တက်လာတဲ့ အလှုပ်မှန်သမျှ နေရာမရွေး အကြောင်းမရွေး လှုပ်, လှုပ်တာလို့ မှတ်ပါ။

**လှုပ်ရင်လှုပ်ထာ။**

ခေါင်းက လှုပ်ရင်လဲ လှုပ်ထာ၊ အလယ်ပိုင်း ကျောရင် စသည်က လှုပ်ရင်လဲ လှုပ်ထာ၊ အောက်ပိုင်း ပေါင် ခြေသလုံး စသည်က လှုပ်ရင်လဲ လှုပ်ထာ၊ အသား၊ အရေ၊ အကျော၊ စသည်က လှုပ်ရင်လဲ လှုပ်ထာလို့ နေရာမရွေးပါနဲ့၊ လှုပ်ရင် လှုပ်ထာလို့ မှတ်ပါ။

**လှုပ်ထာ အကြောင်းမရွေးမှတ်ပုံ။**

စိတ်ကြောင့်ဘဲ လှုပ်လှုပ်၊
ဥတုကြောင့်ဘဲ လှုပ်လှုပ်၊
အာဟာရကြောင့်ဘဲ လှုပ်လှုပ်၊
သွေးသား၊ လေတွေ ဆပ်ဆပ် ဆပ်ဆပ်နဲ့ ခုလိုဘဲ လှုပ်လှုပ်၊
အသက်ရှူလို့ဘဲ လှုပ်လှုပ်၊
အသက်မရှူဘဲ လှုပ်လှုပ်၊
ရင်ထဲက ဒိတ်ဒိတ် ဒိတ်ဒိတ်နဲ့ ခုန်လို့ဘဲ လှုပ်လှုပ်၊
စားချင်၊ ဝါးချင်လို့ဘဲ လှုပ်လှုပ်၊
ကွေးချင် ဆန့်ချင်လို့ဘဲ လှုပ်လှုပ်၊

အကြောင်းမရွေးကြပါနဲ့၊ ခန္ဓာကိုထဲက ပေါ်တက်လာတဲ့ အလှုပ်မှန်သမျှ မှတ်ပါလို့ ဆိုတယ်။

**ဆင်းရဲရင် ဆင်းရဲဒေါ**။

ခန္ဓာကိုယ်ထဲမှာ ကျင်ဒါ၊ နာဒါ၊ ကိုက်ထာ၊ အောင့်ဒါ၊ မူးဒါ၊ ဝေဒါ၊ စသည်တို့သည် ကိုယ်ဆင်းရဲတာ။

စိတ်ဆိုးတယ်၊ စိတ်ညစ်တယ်၊ စိတ်ကောက်တယ်၊ စိတ်မချမ်းသာဘူး၊ စိတ်ဆင်းရဲတာ၊ ဤကဲ့သို့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ တွေ့မယ်ဆိုရင်၊ ဆင်းရဲလျှင် ဆင်းရဲဒါလို့ မှတ်ပါ။

အပူနှင့် ပတ်သက်၍၊အအေးနှင့်ပတ်သက်၍၊ အလှုပ်နဲ့ ပတ်သက်၍၊ ခန္ဓာကိုယ်မှာ ပေါ်တက်လာလို့၊ မခံသာလျှင် ဆင်းရဲဒါလို့ မှတ်ပါ။

**ချမ်းသာရင် ချမ်းသာဒါ**။

ချမ်းသာလျှင် ချမ်းသာဒါလို့ မှတ်ပါ၊ကိုယ်ချမ်းသာလျှင်လဲ ချမ်းသာဒါလို့ မှတ်ပါ၊စိတ်ထဲမှာ အေးကနဲ့၊ ဖြန်းကနဲ့၊ စိမ့်ကနဲ့၊ သိမ့်ကနဲ့၊ ဆိုတဲ့ စိတ်ချမ်းသာလျှင်လဲ ချမ်းသာဒါ၊ အပူနဲ့၊ အအေးနဲ့၊အလှုပ်နဲ့၊ပတ်သက်ပြီးသကာလ ခံသာကြမယ်ဆိုလျှင် ချမ်းသာဒါ ခေါ်တယ်၊ ချမ်းသာလျှင် ချမ်းသာဒါလို့ သိရုံ၊ သိရုံကလေး မှတ်ပါ။

**ပူအေးလှုပ်ထောက် ဆင်းရဲ ချမ်းသာရောက်**။

ချမ်းသာလျှင် - ချမ်းသာဆိုတာက၊ ဆင်းရဲကြီးကိုထောက်၍၊ ဆင်းရဲဒါလေးကို ချမ်းသာဒါခေါ်တယ်၊ ဆင်းရဲဒါလေးကို ထောက်၍၊ ဆင်းရဲဒါကြီးကို-ဆင်းရဲတာလို့ ခေါ်တယ်၊ အပူကြီးကို ထောက်၍ - အပူလေးကို ချမ်းသာဒါ ခေါ်တယ်၊ အအေးကြီးကို ထောက်၍ - အအေးကလေးကို ချမ်းသာတယ်၊ အလှုပ်ကြီးကို ထောက်၍ - အလှုပ်ကလေးကို ချမ်းသာတယ်။

**ဥပမာ။** ။အပူ ကလေးတခုသည်-ခန္ဓာကိုယ်မှာ တွေ့တယ် ဆိုပါတော့၊ အဲဒီ အပူကလေးသည် - မခံသာလျှင် ဆင်းရဲဒါ၊ခံသာလျှင် ချမ်းသာဒါ၊ အအေးကလေးသည် - အလှုပ်ကလေးသည် - ခန္ဓာကိုယ်မှာ တွေ့တယ် ဆိုပါတော့၊ အဲဒီ အအေး - အလှုပ်ကလေးသည်၊ မခံသာလျှင် ဆင်းရဲဒါ၊ ခံသာလျှင် ချမ်းသာဒါ၊ပူရင်, ပူဒါ,လို့ မှတ်ရင်၊ ဘယ်သူက ပူသလဲ ?။

။ ပူဒါက, ပူတယ်။ ။

အေးရင်, အေးဒါ ဘယ်သူကအေးသလဲ ?

။ အေးဒါက, အေးတယ်။ ။

လှုပ်ရင်, လှုပ်ထာ ဘယ်သူက လှုပ်သလဲ ?

။ လှုပ်ထာက လှုပ်တယ်။ ။

ဆင်းရဲရင်, ဆင်းရဲဒါ - ဘယ်သူကဆင်းရဲသလဲ ?

။ ဆင်းရဲဒါက, ဆင်းရဲတယ်။ ။

ချမ်းသာရင်, ချမ်းသာဒါ ဘယ်သူက ချမ်းသာသလဲ ?

။ ချမ်းသာဒါက ချမ်းသာတယ်။ ။

ချမ်းသာတဲ့လူရယ်လို့ - အသီးအခြား မရှိတော့ဘူး။

ထို့အတူ ပူတဲ့လူ,အေးတဲ့လူ,လှုပ်တဲ့လူ, ဆင်းရဲတဲ့လူ, ရယ်လို့ အသီးအခြား မရှိတော့ဘူး။

ပူဒါကဘဲ ပူတယ် ဘယ်အချိန်ပူသလဲ ?။

။ ပေါ်တဲ့အချိန် ပူတယ်။ ။

ဘယ်က ပေါ်သလဲ ?။

။ တကိုယ်လုံးက ပေါ်ပါတယ်။ ။

ဘယ်အချိန် မှတ်မလဲ ?

။ ပေါ်တဲ့ အချိန် မှတ်ပါ။ ။

မပေါ်ခင်လဲ မမှတ်ပါနဲ့၊ ပေါ်အောင်လဲ မကျိုးစားပါနဲ့၊ ပျောက်သွားပြီးလျှင်လဲ လိုက်မရှာပါနဲ့၊ ပေါ်တုံး ပေါ်ခိုက်၊ အချိန်လေးသာ မှတ်ပါလို့ ဆိုလိုသည်။

**အေးရင် အေးဒါလို့ မှတ်ပါ။**

ဘယ်သူကအေးသလဲ ?။

။ အေးဒါက အေးတယ်။ ။

ဘယ်အချိန်အေးသလဲ ?

။ ပေါ်တဲ့အချိန်အေးတယ်။ ။

ဘယ်အချိန်မှတ်မလဲ ?

။ ပေါ်တဲ့အချိန်မှတ်ပါ။ ။

**လှုပ်ရင် လှုပ်ထလို့ မှတ်ပါ။**

ဘယ်သူက လှုပ်သလဲ ?

။ လှုပ်ထက လှုပ်တယ်။ ။

အဲဒါ ယောဂီတို့ မှတ်ထားကြ၊ လှုပ်တယ် - ဆိုရင် - ရင်က လှုပ်တယ်၊ အသားကလှုပ်တယ်၊ ခေါင်းက လှုပ်တယ်၊ လက်က

လှုပ်တယ်, ခြေက လှုပ်တယ်, စသည်မရှိတော့ဘူး၊ ရင်က သိပ်ခုံတာဘဲ၊ ရင်က လှုပ်လှုပ် - လှုပ်လှုပ်နဲ့ သိပ်မောတာဘဲ။ နောက်ပြီးတော့ဆိုရင်လဲ ဟိုနေရာ- ဒီနေရာက တင်းကြပ်ကြပ်ကြီး စသည်တို့ဖြင့် ဖြစ်နေတယ်ဆိုလျှင်၊ ကြောက်စရာ လန့်စရာ ပေါ်တတ်တယ်။

လှုပ်ထာက လှုပ်တယ်ဆိုလျှင် ကြောက်စရာ လန့်စရာ ပေါ်သေးသလား ?

॥ မပေါ်တော့ပါဘုရား။ ॥

အသား, အရေ, အကျော, ခေါင်း, ကိုယ်,ခြေ, လက်, ဒါတွေ ဘာမှ မပါတော့ဘူး။

ဘယ်အချိန် လှုပ်သလဲ ?

॥ ပေါ်တဲ့အချိန် လှုပ်တယ်။ ॥

ဘယ်မှာ ပေါ်တတ်သလဲ ?

॥ တကိုယ်လုံးမှာ ပေါ်တတ်တယ်။ ॥

တကိုယ်လုံးမှာ ပေါ်တာ ဘယ်သူလဲ ?

॥ လှုပ်ထာပါ။ ॥

လှုပ်ထာကလေးဟာ၊ ယောကျ်ား မိမ္မ ဟုတ်ကဲ့လား ?

॥ မဟုတ်ပါ။ ॥

(စာလိုပြောရင် - ဝါယောဓါတ်ဘဲ၊ ဗမာလိုပြောရင် လေခေါ်တယ်၊ ပရမတ်လိုပြောရင် ကန့်, တိုး, တွန်း, လို့ မှတ်ရတယ်၊ အဲဒါလေဘဲ အကောင်အထည်ဖြပ် လာတာမဟုတ်ဘူး။

ဆင်းရဲလျှင် ဆင်းရဲဒါ။

ဘယ်သူက ဆင်းရဲသလဲ ?

॥ ဆင်းရဲဒါက ဆင်းရဲတယ်။ ॥

ပေါင်တွေက ဆင်းရဲတယ်, ခြေသလုံးတွေက ဆင်းရဲတယ်, ပေါင် ခြေသလုံးတွေ ကိုက်တယ့်စသည် ရှိသေးသလား ?

॥ မရှိတော့ပါ။ ॥

ခေါင်းကိုက်တယ်ခေါင်းမူးတယ်စသည် ရှိသေးသလား ?

॥ မရှိတော့ပါ။ ॥

ဘယ်အချိန် ဆင်းရဲသလဲ ?

॥ ပေါ်တဲ့အချိန် ဆင်းရဲပါတယ်။ ॥

ပေါ်တာ ဘယ်သူလဲ ?

॥ ဆင်းရဲဒါပါ။ ॥

ဘယ်နေရာက ပေါ်တတ်သလဲ ?

॥ တကိုယ်လုံးက ပေါ်တတ်ပါတယ်။ ॥

တကိုယ်လုံးပေါ်တာကို ဘယ်ကနေမှတ် ?

॥ ရင်ကနေမှတ်။ ॥

ဘာနဲ့မှတ် ?

॥ စိတ်နဲ့မှတ်။ ॥

စိတ် ဘယ်မှာထား?

॥ ရင်မှာထား။ ॥

## ချမ်းသာလျှင် ချမ်းသာဒါ။

ဘယ်သူက ချမ်းသာသလဲ ?

။ ချမ်းသာဒါက ချမ်းသာတယ်။ ။

ဘယ်အချိန် ချမ်းသာသလဲ ?

။ ပေါ်တဲ့အချိန် ချမ်းသာတယ်။ ။

ဘယ်မှာ ပေါ်တတ်သလဲ ?

။ တကိုယ်လုံးမှာပေါ်တတ်ပါတယ်။ ။

တကိုယ်လုံးပေါ်တာ ဘယ်သူလဲ ?

။ ချမ်းသာဒါပါ။ ။

ချမ်းသာဒါလေးကို စာလိုပြောလျှင် သုခဝေဒနာခေါ်တယ်၊ ခန္ဓာကိုယ်မှာ သုခဝေဒနာ၊ ပေါ်တဲ့အချိန်မှာ ချမ်းသာနေတာဘဲ မပေါ်ခင် ချမ်းသာဒါမရှိ၊ ပျောက်သွားပြီးလျှင် ချမ်းသာဒါ မရှိ။

ဘယ်အချိန် ချမ်းသာသလဲ ?

။ ပေါ်တဲ့အချိန် ချမ်းသာတယ်။ ။

ဘယ်အချိန် မှတ်ရမလဲ ?

။ ပေါ်တဲ့အချိန် မှတ်ရပါတယ်။ ။

မပေါ်ခင် မမှတ်ပါနဲ့၊ ပေါ်အောင်လဲ မကြိုးစားပါနဲ့၊ ပျောက်သွားပြီးလျှင်လဲ လိုက်မရှာပါနဲ့၊ ပေါ်တုံး ပေါ်ခိုက် ကလေးသာ မှတ်ပါလို့ ဆိုလိုတယ်။

ဝင်တဲ့နေ့ကစ၍ တရားထွက်သည့်နေ့အထိ စိတ်ဘယ်မှာထား၊ ရင်မှာထား၊ ရင်မှာထားပြီး ဘာလုပ်နေ၊ ကိုယ်မှာ ပေါ်ဒါ ငါးမျိုး မှတ်နေပါ။

"စိတ်ထားတော့ရင်-မြင်တာက တကိုယ်လုံး" စိတ်ဘယ်မှာ ထား၊ ရင်မှာထား၊ တကိုယ်လုံးမှာ မြင်စရာရှိရင်၊ ရင်ကချည့် ဒိုင်ခံမြင်သောကြောင့်၊ စိတ်ရင်ထဲမှာထားလို့ ဆိုလိုက်ပေတယ်။

ခေါင်းမှာပေါ်ရင်, ရင်ကနေ လှမ်းမြင်။
အလယ်ပိုင်းကျောရင်ကပေါ်ရင်, ရင်ကနေလှမ်းမြင်။
အောက်ပိုင်း ပေါင်ခြေသလုံးကပေါ်ရင်,ရင်ကနေလှမ်းမြင်။
ကွက်ကွက်ကလေးပေါ်လာရင်, ရင်ကနေ လှမ်းမြင်။
တကိုယ်လုံးပေါ်ရင်, ရင်ကနေလှမ်းမြင်။
အပူကလေးပေါ်ရင်, ရင်ကနေလှမ်းမြင်။
အအေးကလေးပေါ်ရင်, ရင်ကနေလှမ်းမြင်။
အလှုပ်ကလေးပေါ်ရင်, ရင်ကနေလှမ်းမြင်။
ဆင်းရဲဒါလေးပေါ်ရင်, ရင်ကနေလှမ်းမြင်။
ချမ်းသာဒါလေးပေါ်ရင်, ရင်ကနေလှမ်းမြင်။

ဝင်တဲ့နေ့က စ၍ တရားထွက်တဲ့ နေ့အထိ ဆယ်ရက် လုံးလုံး ဆိုတော့ ထိုင်လျက်,ချည်းလဲဘဲ မနေနိုင်၊ အိပ်လျက်, ရပ်လျက်, သွားလျက်,ချည်းလဲဘဲ မနေနိုင်ဘူး။

ဣရိယာ ပုဒ်လေးပါး - အနေ လေးမျိုးဖြင့် ချမ်းသာ သလို လှည့်ပြီးတော့၊ ထိုင်လျက်တလှည့်၊ အိပ်လျက်တလှည့်၊ ရပ်လျက်

တလှည့်၊ သွားလျက်တလှည့်၊ ဣရိယာ ပုဒ်လေးပါးဖြင့်လှည့်ပြီး သကာလ ချမ်းသာသလို မှတ်ပါ။

**ထိုင်လျက် အားထုတ်ပုံ။**

ထိုင်လျက် အားထုတ်မယ် ဆိုလျှင် - ဘယ်လို ထိုင်ရ မလဲ၊ ဘယ်လိုအိပ်ရမလဲ၊ ဘယ်လို ရပ်ရ မလဲ၊ ဘယ်လို သွားရမလဲ မေးလျှင်၊ အိမ်မှာနေသလို့ချမ်းသာသလို့ နေတတ်သလိုနေကြ။

သို့သော် ခန္ဓာမှာ လျှပ်တလက်မက- ဖြစ်ပျက် မမြင်သေးခင် အမိဋ္ဌာန် ပါရမီ ကလေး၊ ရံခါ့ ရံခါ့ ကူ၍ ခပ်ကြာကြာလေး ထိုင်ပါ။

နာရီဝက် ထိုင်မယ်ဆိုလျှင် နာရီဝက်၊ တနာရီထိုင်မယ်ဆိုလျှင် တနာရီအတွင်း၊ ဤအတွင်း၌ မလှုပ်မယှက် မပြင်ဘဲနဲ့၊ ပေါ်ဒါ မှတ်၍နေပါ့မည်လို့ ရည်ရွယ်ချက်ကလေးဟာဖြင့်၊ အောက်မေ့ တာ ကလေးဟာဖြင့်၊ အမိဋ္ဌာန် ပါဘဲ၊ ထိုင်တိုင်း့ ထိုင်တိုင်း့ အမိဋ္ဌာန် ပါရမလား့ မေးရင်၊ ချွင်းချက်ကလေး ခန္ဓာကိုယ်မှာ လျှပ်တလက်မက၊ ဖြစ်ပျက်မမြင်သေးတဲ့ အချိန်ပြောတာ။

ဖြစ်ပျက် မြင်လို့ရှိလျှင် ကြာကြာဘဲ ထိုင်ထိုင်၊ မြန်မြန်ဘဲ ပြင်ပြင်၊ ဖြစ်ပျက် ပါသောကြောင့် ချမ်းသာသလို မှတ်နိုင် ပါတယ်။

ဒါဖြင့် ကြာကြာထိုင်ခိုင်းတာ ဘာဖြစ်လို့ ?

။ ဖြစ်ပျက်မြင်စေချင်လို့ ။ ။

သဘောကြပလား ?

။ ကြပါတယ်ဘုရား။ ။

ညောင်းဘို့ ထုံဘို့ ကျင်ဘို့ ကိုက်ဘို့ ဆိုတဲ့ ကိုယ်ဆင်းရဲတဲ့ ဒုက္ခတွေဘိုလို့ ထိုင်ခိုင်းဒါ မဟုတ်ဘူး၊ ခန္ဓာကိုယ်မှာ - လျှပ်တလက်မက ဖြစ်လိုက်ပျက်လိုက်ဆိုတဲ့ သင်္ခါရဒုက္ခ၊ ဒီဖြစ်ပျက်ကလေးတွေ မြင်စေချင်လို့ - ကြာကြာ ထိုင်ခိုင်းဒါ၊ ဖြစ်ပျက်မြင်မယ်ဆိုလျှင်- ကြာချင် ကြာ, မကြာချင်နေ.... သဘောကြပလား ?။

။ ကြပါတယ်ဘုရား။ ။

စိတ်တော့ ဘယ်မှာထား ?

။ ရင်မှာထား။ ။

ရင်မှာ ထားပြီးဘာလုပ်နေ ?

။ ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေ။ ။

ထိုင်တာ မှတ်မလား ပေါ်ဒါမှတ်မလား ?

။ ပေါ်ဒါမှတ်ရပါဘုရား။ ။

**အိပ်လျက်အားထုတ်ပုံ။**

ထိုင်လျက်ညောင်းလို့၊ အိပ်လျက် မှတ်မယ်ဆိုလျှင်၊ ဘယ်လိုအိပ်ရမလဲ မေးလျှင် အိပ်ချင်သလို အိပ်၊ အိပ်တတ်သလို အိပ်၊ ချမ်းသာသလိုအိပ် အိပ်တော့မပျော်ရဘူး။

သို့သော် ကြာကြာကလေး အိပ်ပါ၊ တင်းပြည့် ကျပ်ပြည့် ကြာသွားအောင်၊ ရံခါ, ရံခါ, အမိဋ္ဌာန်ပါရမီလေး ကူရတယ်၊

နာရီဝက် နေနိုင်မယ်ဆိုလျှင် နာရီဝက်အတွင်း၊ တနာရီနေနိုင်မယ် ဆိုလျှင် တနာရီအတွင်း၊မလှုပ်မယှက် မပြင်ဘဲနဲ့ ပေါ်တာမှတ်၍ နေပါမည်လို့- စိတ်ထဲက ရည်ရွယ်ချက်ကို အဓိဋ္ဌာန်ခေါ်တယ်။

စိတ်တော့ ဘယ်မှာထား ?

॥ ရင်မှာထား॥ ॥

ရင်မှာ ထားပြီး ဘာလုပ်နေ ?

॥ ကိုယ်မှာပေါ်ဒါငါးမျိုးမှတ်နေပါ။ ॥

အိပ်ထာမှတ်မလား ပေါ်ဒါမှတ်မလား ?

॥ ပေါ်ဒါ ငါးမျိုးမှတ်နေရပါဘုရား॥ ॥

**ရပ်လျက်အားထုတ်ပုံ။**

ရပ်လျက် အားထုတ်မယ်ဆိုလျှင်၊ ရပ်တတ်သလိုရပ်၊ ချမ်းသာသလိုရပ်၊ သို့သော် ကြာကြာကလေးတော့ ရပ်ရမယ်၊ နဲနဲလေး ကြာသွားအောင် အဓိဋ္ဌာန် ပါရမီ ကလေး့ ရံခါ့ရံခါ့ ကူရတယ်။

စိတ်တော့ ဘယ်မှာထား ?

॥ ရင်မှာထား॥ ॥

ရင်မှာ ထားပြီးဘာလုပ်နေ ?

॥ ကိုယ်မှာပေါ်ဒါ ငါးမျိုး မှတ်နေပါ။ ॥

ရပ်ထာ မှတ်မလား ပေါ်ဒါမှတ်မလား ?

॥ ပေါ်ဒါ ငါးမျိုးမှတ်နေပါ။ ॥

## စကြံန်လျှောက်အားထုတ်ပုံ။

စင်္ကြံန်လျှောက်ရင်လဲ, ဘယ်လိုလျှောက်ရမလဲမေးရင် နဂိုရ်က အိမ်မှာ, ကျောင်းမှာ, ရွာမှာ, လျှောက်သလို၊ ချမ်းသာ သလို လျှောက်ပါ၊ နက်ဖန်ခါကျမှ- ကျယ်ကျယ်, လွှင့်လွှင့်, ဆုမ္မယ်၊ ဒီနေ့တော့ လျှောက်တတ်သလိုလျှောက်ပါ။

သို့သော်- ညောင်းလောက်အောင် ခပ်ကြာကြာ ကလေး လျှောက်ပါ၊ ရံခါ, ရံခါ, အဓိဋ္ဌာန်ပါရမီကူ၍ ညောင်းလောက် အောင် ခပ်ကြာကြာ လျှောက်ခိုင်းတာ ဘာဖြစ်လို့, ခန္ဓာမှာ လျှပ်တလက်မက ဖြစ်ပျက်မြင်စေချင်လို့ ။

သဘောကြပလား ?

॥ ကြပါတယ်ဘုရား။ ॥

ညောင်းအောင်, ကိုက်အောင်, ထုံအောင်, လျှောက်ခိုင်းတာ မဟုတ်ဘူး၊ ခန္ဓာမှာ လျှပ်တလက်မက ဖြစ်ပျက်နေတဲ့ ရုပ်,- နာမ်, ကလေးတွေ မြင် စေ ချင် လို့၊ ခပ်ကြာကြာ ကလေး လျှောက်ခိုင်းတာ။

စိတ်တော့ ဘယ်မှာထား ?

॥ ရင်မှာထားပါတယ်ဘုရား။ ॥

ရင်မှာ ထားပြီး ဘာလုပ်နေ ?

॥ ကိုယ်မှာပေါ်ဒါ ငါးမျိုး မှတ်နေပါဘုရား။ ॥

လျှောက်ထာမှတ်မလား ပေါ်ဒါမှတ်မလား ?

॥ ပေါ်ဒါ ငါးမျိုး မှတ်နေပါဘုရား။ ॥

**အနေမရွေးပုံ။**

ထိုင်တာ, အိပ်ထာ,ရပ်ထာ,သွားတာ, ဣရိယာပုဒ် လေးပါး၊ အနေလေးမျိုးသာထူးတယ်၊အမှတ်မထူးပါ၊အနေမရွေး,ဘယ်လို နေနေ၊ စိတ် ရင်ထဲမှာထား၊ ပေါ်ဒါ ငါးမျိုး မှတ်နေပါ။

အနေမှတ်မလား ပေါ်ဒါမှတ်မလား ?

॥ ပေါ်ဒါ ငါးမျိုး မှတ်နေရပါဘုရား॥ ॥

**အလုပ်မရွေးပုံ။**

အလုပ်မရွေး, ဘယ်အလုပ်ကို လုပ်ကိုင်, လုပ်ကိုင်။

**ဥပမာ။** ။လက်ဆန့်မယ်၊ လက်ကွေးမယ်၊စားမယ်၊သောက်မယ်၊ ရေချိုးမယ်၊ အဝတ်လဲမယ်, စသည်ဖြင့်၊ အလုပ်မရွေး ဘယ်အလုပ်ကို,လုပ်ကိုင်,လုပ်ကိုင်, စိတ် ရင်ထဲမှာထား၊ ပေါ်ဒါ ငါးမျိုး မှတ်နေပါ။

အလုပ် မှတ်မလား ပေါ်ဒါမှတ်မလား ?

॥ ပေါ်ဒါ ငါးမျိုး မှတ်နေရပါဘုရား॥ ॥

**နေရာ မရွေးပုံ။**

နေရာမရွေး, ဘယ်နေရာရောက်ရောက်- စိတ် ရင်ထဲမှာထား၊ ပေါ်တာ ငါး မျိုး မှတ်နေပါ၊ ဆွမ်းစားကျောင်း သွားမယ်၊ ဓမ္မာရုံလာမယ်၊ အိမ်သာ တက်မယ်၊ ရေချိုးမယ်, စသည်ဖြင့် ဘယ်နေရာရောက်ရောက် - စိတ် ရင်ထဲမှာထား၊ ပေါ်ဒါ ငါး မျိုး မှတ်နေပါ။

**အချိန်မရွေး မှတ်ပုံ။**

အချိန်မရွေး, ဘယ်အချိန်မျိုးမဆို - ယောဂီတို့ သံချောင်း ခေါက်ထာ တရားဖြုတ်တဲ့ သံချောင်း မဟုတ်ဘူးနော်၊ အချက် ပေးတာဘဲ တရားဖြုတ်တဲ့ သံချောင်းရယ်လို့ တခုမှ မရှိဘူး၊ ယောဂီတို့ ဆယ်ရက် အားထုတ်မယ်ဆိုလျှင် - ဆယ်ရက်လုံးလုံး ဘယ်အချိန်မျိုး မဆို - စိတ် ရင်ထဲမှာထား၊ ပေါ်ဒါလေးတွေ မှတ်နေပါ။

သို့သော် ဘုရားရှင် ကိုယ်တော်မြတ်က - နေ့ရှည်လများ အားထုတ်သွားတဲ့ ပုဂ္ဂိုလ် များအတွက်၊ သန်းခေါင်ယံတော့ အိပ်ဘို့ခွင့်ပြုပါသည်။

ညဦးယာမ် ကုလားနာရီနဲ့ (၁၁) နာရီထိအောင် တရား အားထုတ်ချိန်၊ (၁၁)နာရီက (၃) နာရီထိအောင် အိပ်လိုက အိပ်ချိန်ဘဲ၊ မအိပ်လိုလျှင်လဲ အားထုတ်နိုင်ပါတယ်၊ (၃)နာရီက နေပြီး မိုးသောက်ယာမ် မိုးလင်းအထိ တရားအားထုတ် ချိန်ဘဲ။

သုံးနာရီ သံချောင်း ခေါက်ပြီ ဆိုလျှင် - အကုန်လုံး မမာတဲ့ ပုဂ္ဂိုလ်မှတပါး အကုန်လုံး နိုးရမယ်၊ အိပ်တဲ့ပုဂ္ဂိုလ်ရယ်လို့ မရှိ ရဘူး၊ ကိုယ့်ကျောင်းမှာကိုယ် ညီညီ, ညာညာနဲ့, အကုန် နိုးကြ၊ မျက်နှာသစ်၊ တပိုတပါးသွား၊ ဆေးလိပ် သောက်၊ ကွမ်းစား၊ ဝါသနာ ပါမယ်ဆိုလျှင် အကြာကြီး လုပ်မနေနဲ့၊ ကွမ်းဖတ်ကြီးတွေ - ငုံပြီးတော့လဲ မနေနဲ့၊စားသောက်ပြီးလျှင်- စိတ် ရင်ထဲမှာထား၊ ပေါ်ဒါ ငါးမျိုး မှတ်နေပါ။

**အိပ်ငိုက် ဖျောက်ပုံ။**

တရားမှတ်နေတဲ့အချိန်၌ - အိပ်ငိုက်တဲ့ စိတ်မျိုး ပေါ်လာမယ် ဆိုလျှင်၊ မျက်စေ့ ချက်ခြင်းဖွင့်-အလင်းရောင်ကြည့်၊ ဘယ်ညာ တစောင်းပြောင်း၊ လမ်းကလေးများ ရှောက် ပေးလိုက်မယ် ဆိုလျှင်၊ ငိုက်ခြင်း, သန်းခြင်း, ပျင်းခြင်း, ဝေခြင်း, ဆိုတဲ့၊ ထိနမိဒ္ဓ၊ တွေ ကင်းပြီးတော့ သွားတတ်တယ်။

အဲဒီလို အားထုတ်သော်လဲ မပျောက်ပါဘူး၊ အင်မတန်မှ ဇက်တွေ, ဂုတ်တွေ, လေးပြီးတော့ ငိုက်တဲ့ စိတ်က များ နေမယ်ဆိုလျှင်၊ နာရီဝက်ဘဲ - တနာရီဘဲ အိပ်လိုက်ပါ။

သည့်ထက်တော့ ပိုမကြာရဘူး၊ ဤကဲ့သို့ အိပ်မယ်ဆိုလျှင် အလေ့အထရှိတဲ့ ပုဂ္ဂိုလ်များဆိုလျှင်၊ မကြာခင် နိုးလာတာဘဲ၊ နိုးလာပြီဆိုလျှင် - ချက်ခြင်း မျက်နှာသစ်, ဆေးသောက်, ကွမ်း စား, ပြီးသကာလ ဆက်လက် အားထုတ် ကြပါလို့ ဆိုလိုတယ်၊

အသံတွေနဲ့ ပတ်သက်၍ ပြောမယ်ဆိုလျှင်၊ ယောဂီများ အားထုတ်တဲ့ နေရာမှာ၊ တယောက်တကျောင်း အားထုတ်မယ် ဆိုရင်တော့ ကောင်းပါတယ်၊ ယခုတော့ အများဖြစ်တယ်၊ အများဖြစ်တော့ အသံတိတ်, လူသွား, လူလာ, ကင်းဆိတ် ပါစေ။

အသံဆိုတော့ ချောင်းဆိုးတဲ့အသံတွေ ချောင်း သိပ်ဆိုး အားကြီးလျှင် အများနဲ့ မနေပါနဲ့၊ လွတ်ရာ ကျွတ်ရာ တနေရာ၌ - ရှောင်ပြီးတော့ နေပါလို့ ဆိုလိုတယ်၊ ချောင်း ဆိုးလွန်းသောအသံ၊ စကားပြောသံ, ထိုင်တဲ့အသံ, ခြေနင်းသံ,

နောက်ပိတ်ဆုံး ဘယ်ညာတစောင်း ပြောင်း လိုက်တဲ့ အသံ့တောင်မှ၊ ပြင်းပြင်း ထန်ထန် မမြည်ပါစေနဲ့လို့ ဆိုလိုသည်။

လူသွားလူလာတွေလဲ ကင်းဆိတ်ပါစေ၊ ယောဂီအချင်းချင်း တကျောင်းမှ - တကျောင်းသို့ မသွားပါနဲ့၊ တရားအားထုတ်နေတဲ့ (၁၀) ရက်အတွင်းမှာ - အိမ်အကြောင်း, စီးပွားရေးအကြောင်း, တိုင်းပြည် အကြောင်း, စိတ် ပူပန်း စေတတ်တဲ့ အကြောင်း,မှန်သမျှ မပြောပါနဲ့၊ အိမ်သံယောဇဉ်၊ ပစ္စည်းဥစ္စာသံယောဇဉ်၊ အလုပ် အကိုင် သံယောဇဉ်တွေ၊ အားလုံး ဖြတ်ထားကြ၊ ဘာမှ တွေးတောခြင်းမရှိနဲ့ စိုးရိမ် သောက ပူပင်ကြောင့်ကျ အကုန်လုံးနှိမ်ပြီးသကာလ- စိတ် ချမ်းချမ်းသာသာကလေးနဲ့၊ တရားကို ကြိုးစား အားထုတ် နေကြပါ၊ ဆယ်ရက်ပြည့်လျှင် ကိုယ့်အိမ်ကိုယ် ပြန်ကြမှာဘဲ။

အကယ်၍ အရေးကြီးတယ်ဆိုလို့ရှိရင်လဲ - အိမ်က, မနေပါဘူး၊ လာပြော မှာဘဲ၊ အပြင်လူတွေလဲ စိတ်ထိခိုက် တတ်တဲ့ စကားမျိုး မပြောကြပါနဲ့၊ မိမိကလဲ ပိတ်ထားပါ၊ လာတွေ့တဲ့ အချိန်ကလေးမှာ ပြောစရာရှိလျှင် တခွန်းနှစ်ခွန်းပြောပါ၊ ပေးစရာရှိရင် ပေးလိုက် - ယူစရာရှိရင် ယူလိုက်, ပြီးလျှင် ကြာရှည်လက်မခံပါနဲ့ ပြန်လွှတ်လိုက်ကြပါ။

အကယ်၍ စကား လက်ခံပြီး ပြောနေမယ်ဆိုလျှင် - ကိုယ်တယောက်ထဲ မဟုတ်ဘူး၊ ဘေးကလူတွေလဲ ရှိပါသေးတယ်၊ သမာဓိ,ပျက်တတ်ပါတယ်၊ ဝိတက်လဲ ဖြစ်တတ်ပါတယ်၊ စကားသံတွေကြားနေမယ်ဆိုလျှင် သမာဓိ,လဲ ပျက်တတ်ပါတယ်။

မိမိကလဲ - တောင်ပြော, မြောက်ပြောနဲ့, ဆိုတော့ ဝိတက် မငြိမ်ဘူးခေါ်တယ်၊ တိရစ္ဆာနကထာ .... နှုသောသူမှာ မပြော အပ် - သေးပါ၊ ဆိုတဲ့အတိုင်း တရားကလဲ အားထုတ်ခါစ ရှိသေးတယ်၊ အားထုတ်ပါသော်လဲ တရားမြင်တာ နုသေးတယ်၊ မရင့်သေးဘူး - အထိမခံသေးဘူး၊ အဲသလို အချိန်ကလေးမှာ စကားတွေ ဘာတွေ ဟာဖြင့် ပိတ်ထားပါ၊ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်တဲ့ စကားမျိုးတောင် မပြောပါနဲ့၊ ပိတ်ထားပါလို့ ဆိုလိုတယ်။

အားလုံး ရှင်းသွားပလား ?

။ ရှင်းသွားပါတယ်ဘုရား။ ။

အားကော ထုတ်တတ်ပလား ?

။ ထုတ်တတ်ပါပြီဘုရား။ ။

ဝင်တဲ့နေ့ကစ၍ တရားထွက်တဲ့နေ့အထိ စိတ်သည် ရင်ထဲမှာ ထား ကိုယ်မှာပေါ်ဒါင်ါးမျိုး မှတ်နေပါ။

အနေမရွေး ဘယ်လိုနေနေ စိတ် ရင်ထဲမှာထား ပေါ်ဒါ ငါးမျိုး မှတ်နေပါ၊ အလုပ်မရွေး ဘယ်အလုပ်ကို လုပ်ကိုင် လုပ်ကိုင်, နေရာမရွေး ဘယ်နေရာ ရောက်ရောက်, အချိန်မရွေး ဘယ်အချိန်မျိုး မဆို, စိတ် ရင်ထဲမှာထား၊ ပေါ်ဒါ ငါးမျိုး မှတ်နေကြပါလို့ ဆိုလိုတယ်။

ဒီနေ့ည အကျဉ်းချုပ်ကလေး၊ နက်ဖန် မနက်ကျတော့မှ ကျယ်ကျယ် လွင့်လွင့် အရင်းကစပြီး ဟောတော့မည်။

တရား စဝင်သည့်နေ့ ဖြစ်သည်အားလျော်စွာ အန္တရာယ်ကင်းပြီး သွားရလေအောင် စီးချတဲ့ ဂါထာကလေး ရွတ်မယ် ယုံယုံကြည်ကြည်နဲ့ နာကြပေတော့။

**အန္တရာယ်ကင်း စီးချဂါထာ။**

**သဗ္ဗေဗုဒ္ဓါ ခေမပ္ပတ္တာ ပစ္စေကာနဉ္စ ယံခေမံ၊**

**အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗသော။**

ခေမပ္ပတ္တာ ခေမပ္ပတ္တာနံ၊ ဘေးရန် အေးငြိမ်း ရုပ်, နာမ် တွေ ဇာတ်သိမ်းသည့်၊ အငြိမ်းဓါတ် နိဗ္ဗာန် ချမ်းသာမြတ်ကြီးသို့၊ကိုယ်စီ ကိုယ်ငှ ရတော်မူကြ - ရောက်တော်မူကြကုန်ပြီးသော၊ သဗ္ဗေ ဗုဒ္ဓါ၊ သဗ္ဗေသံဗုဒ္ဓါနံ၊ ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကြကုန်ပြီးသော၊ အလုံးစုံသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏၊ တေဇေနစ၊ တန်ခိုးရှိန်စော် မေတ္တာတော် အာနုဘော်တော်အားဖြင့်ရင်း၊ ယံခေမံ၊ အကြင်ဘေးရန် အေးငြိမ်း ရုပ်, နာမ်,တွေ ဇာတ်သိမ်းသည့် အငြိမ်းဓါတ် နိဗ္ဗာန်ချမ်းသာမြတ်ကြီးသို့၊ပတ္တာနံ၊ ကိုယ်စီကိုယ်ငှ ရတော်မူကြ - ရောက်တော်မူကြကုန်ပြီးသော၊ ပစ္စေကာနံ၊ ဘုရားပွင့်တာထက် မက၊ အလွန်တရာ များပြား လှစွာသော၊ ပစ္စေက ဗုဒ္ဓါ ကိုယ်တော် မြတ်ကြီးတို့၏၊ တေဇေနစ၊ တန်ခိုးရှိန်စော် မေတ္တာတော် အာနုဘော်တော်အားဖြင့်ရင်း၊ ခေမပ္ပတ္တာနံ၊ ဘေးရန် အေးငြိမ်း ရုပ်,နာမ်,တွေ ဇာတ်သိမ်းသည့် အငြိမ်းဓါတ်-နိဗ္ဗာန် ချမ်းသာမြတ်ကြီးသို့၊ ကိုယ်စီကိုယ်ငှ ရတော်မူကြ-ရောက်တော်မူကြကုန်ပြီးသော၊အရဟန္တာနံ၊ ဘုရားတဆူ တဆူမှာ-နှစ်ဆဲ့လေး သင်္ချေ,ကုဋေခြောက်

ဆယ်,ဗိုလ်ခြေတသိန်း,မက ကျွတ်တန်းဝင်၍ သွားကြ ကုန်သော၊ အသင်္ချေ-အနန္တသော, ရဟန္တာ ကိုယ်တော်မြတ် တို့၏၊ တေဇော-နစ၊ တန်ခိုးရှိန်စော် မေတ္တာတော်အာနုဘော်တော်အားဖြင့်ငင်း။ သဗ္ဗသော၊ မိမိတို့ ပတ်ဝန်းကျင်၊ မိမိတို့ နေထိုင်ရာ ကျောင်း၏၊ ဘေး, ဒေါင့်, ရှေ့, နောက်, ထက်, အောက်, မလပ်၊ ထက်ဝန်းကျင်သော အရပ် ဆယ်မျက်နှာ တို့၌၊ ရက္ခံ၊ ကာရံဆီးတား-အစောင့် အရှောက်များ စီးချထားခြင်းကို၊ ဗန္ဓာမိ၊ စိတ်ဝယ် အမြဲစွဲကပ်, အသိအမှတ်ပြုထားပါ၏ အရှင်ဘုရား။

ကနေ့ အလုပ်ပေး တရားနှင့် တကွ- စီးချတဲ့ ဂါထာ များကို၊ ကရုဏာသန်သန်ထား မေတ္တာများများဖြင့်၊ ဟောကြားလိုက်ရ ဒါကို ကြားနာ ရတဲ့ သင် သူတော်ကောင်း အပေါင်းတို့မှာ၊ အားထုတ်ပုံ အားထုတ်နည်းများ မရဘူးဆိုလျှင်၊ အန္ဓပုထုဇဉ် အပါယ်ခွင် မလွတ်သေးပါ၊ အားထုတ်ပုံ အားထုတ် နည်းများ ရသွားမယ်ဆိုလျှင်၊ ကလျာဏ ပုထုဇဉ်အပါယ်ခွင်လွတ်တော့မယ် ဆိုဒါ၊ ဝမ်းမြောက်သော အလား၊ တရားတော်ကို ချီးကျူး သောအားဖြင့်၊ သုံးကြိမ် သာဓု- သာဓု- သာဓု လို့ စိတ် ပါ လက်ပါ အားရပါးရ ခေါ်နိုင်ကြပါစေကုန် သတည်း။

ပုဗ္ဗကိစ္စ အလုပ်ပေး တရားတော် ပြီး၏။

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော် ဘုရားကြီး ကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# ဓါတုမနသိကာရပဗ္ဗနှင့်ဣရိယာပထပဗ္ဗ။

အလုပ်ပေးတရားတော်

# ဒုလ္လဘ ဒေသနာ

ကျေးဇူးရှင်
ကသစ်ဝိုင် ဆရာတော် ဘုရားကြီး၏

# ဓါတုမနသိကာရပမ္ဗနှင့်အာရိယာပထပမ္ဗ။

## အလုပ်ပေးတရားတော်

ဒုလ္လဘဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

လက်အုပ် မချိနဲ့ လက်ချထား ယောဂီ တဘက်ပါလျှင် တဘက်ကလေး သိုင်းထားကြ၊ တင်ပလ္လင် ခွေတော့ ဖျက်လိုက်ပါ၊ တင်ပလ္လင်ခွေမထိုင်ပါနဲ့ တရားထိုင်တုံးတော့ တင်ပလ္လင်ခွေထိုင်လို့ ရပါတယ်၊ ယခုတော့ အလုပ်ပေး တရားနာယူ ရမည့် အခါ ဖြစ်ပါတယ်၊ ဒါကြောင့် တင်ပလ္လင်ခွေဖြုတ်ပါ။

မျက်လုံးလေးတွေ မှိတ်ထားကြ၊ နောက်ကို နေ့တိုင်းနေ့တိုင်း ဒီအတိုင်းပါဘဲ၊ ဆုံးမတရားလေး အလုပ်ပေးတရားလေး နာယူတဲ့ အချိန်မှာ ချမ်းသာသလို ဘယ်ညာတစောင်း-ပြောင်းပြီးတော့ နာယူကြ၊ မျက်စေ့ ဟိုကြည့် ဒီကြည့်တော့ မကြည့် ပါနဲ့ မျက်လုံးမှိတ်ထားရင် အာရုံတခုထဲ သွားနေဒါဘဲ၊ ဟောသော

**No. 5**

တရားကို နားကြား ရင်က ခွဲချမ်းစိတ်ဖြာပြီးတော့ နာယူနိုင်ပါတယ်။

မှတ်တတ်တဲ့ပုဂ္ဂိုလ် စာတတ်ပေတတ် ပုဂ္ဂိုလ်တွေပါလို့ မှတ်ချင်တယ်ဆိုလျှင် စာအုပ်နဲ့ ခဲတံ၊ ဖေါင်တိန်၊ ယူလို့ ရပါတယ်၊ ရှေ့နားချပြီး ရေးချင်သလို ရေးပါ၊ ညနေပိုင်းလဲ ဒီအတိုင်းပါဘဲ မှတ်ချင်ရင် မှတ်လို့ ရပါတယ်၊ အကယ်၍ မဆုံးလို့ ပါဠိလိုချင်လို့ ပါဠိမဆုံးရင် အစ တို့ထားလိုက်၊လင်္ကာလိုချင်လို့ လင်္ကာ၊ မဆုံးရင် အစ တို့ထားလိုက်၊ ညအခါ ဆရာတော်အားလပ်ခွင့်ရတဲ့အချိန်မှာ လာပြီးတော့ ဆုံးအောင်ရေးမှတ်မယ်ဆိုလျှင် ရနိုင်ပါတယ်။

ညက ပြောခဲ့တဲ့ စကားလေး ပြန်မေးအုံးမယ်၊ လေးလေး၊ ဝန်ဆောင်တဲ့သဘောနဲ့ ဖြေဆိုကြပါ။

ယောဂီတို့ဝင်တဲ့နေ့ကစ၍ ထွက်သည့်နေ့အထိ စိတ်ဘယ်မှာထား ?

॥ ရင်မှာထား॥ ॥

ရင်မှာထားပြီး ဘာလုပ်နေ ?

॥ ကိုယ်မှာပေါ်ဒါငါးမျိုးမှတ်နေ॥ ॥

ဘာနဲ့မှတ် ?

॥ စိတ်နဲ့မှတ်॥ ॥

ဘယ်အချိန်မှတ် ?

॥ ပေါ်တဲ့အချိန်မှတ်॥ ॥

## မူလ ကသစ်ဝိုင် ဝိပဿနာ

ဘယ်မှာပေါ်တတ် ?

။ တကိုယ်လုံးမှာပေါ်တတ်။ ။

တကိုယ်လုံးမှာ ပေါ်ဒါ ဘယ်နှစ်မျိုး ?

။ ငါးမျိုးပါဘုရား။ ။

ငါးမျိုးရေစမ်း။

(ပူဒါ, အေးဒါ, လှုပ်ထာ,ဆင်းရဲဒါ, ချမ်းသာဒါ)

ပူရင် ပူဒါလို့ မှတ်နေ၁်။

အေးရင် အေးဒါလို့ မှတ်နေ၁်။

လှုပ်ရင် လှုပ်ထာလို့ မှတ်နေ၁်။

ဆင်းရဲလျှင် ဆင်းရဲဒါလို့ မှတ်နေ၁်။

ချမ်းသာလျှင် ချမ်းသာဒါလို့ မှတ်နေ၁်။

ခေါင်းမှာပေါ်ရင် ဘယ်နှစ်မျိုး ?

။ ငါးမျိုးပါဘုရား။ ။

ဘယ်ကနေ မှတ်မလဲ ?

။ ရင်ကနေ မှတ်ပါဘုရား။ ။

အလယ်ပိုင်းကျောရင် စသည်မှာပေါ်လျှင် ဘယ်နှစ်မျိုး?

။ ငါးမျိုးပါဘုရား။ ။

ဘယ်ကနေမှတ် ?

။ ရင်ကနေ မှတ်ပါဘုရား။ ။

အောက်ပိုင်း ပေါင်ခြေသလုံး စသည်မှာပေါ်လျှင် ဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါဘုရား॥ ॥

ဘယ်ကနေမှတ် ?

॥ ရင်ကနေ မှတ်ပါဘုရား॥ ॥

ကွက်ကွက်ကလေးပေါ်ရင် ဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါဘုရား॥ ॥

ဘယ်ကနေမှတ် ?

॥ ရင်ကနေ မှတ်ပါဘုရား॥ ॥

တကိုယ်လုံးပေါ်ရင် ဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါဘုရား॥ ॥

ဘယ်ကနေမှတ် ?

॥ ရင်ကနေ မှတ်ပါဘုရား॥ ॥

**တပြိုင်နက်ပေါ် သုံးမျိုး။**

တကိုယ်လုံးမှာ တပြိုင်နက်ထဲ တနေရာထဲမှာ ပေါ်ဒါကတော့ သုံးမျိုးဘဲရှိတယ်၊ တနေရာထဲ၌ ငါးမျိုးတော့ တပြိုင်နက် မပေါ်နိုင်ဘူး၊ ရေတွက်ပြမယ်နော်....။

ပူဒါနဲ့ အေးဒါတို့သည် တွဲသလား၊ မတွဲဘူးလား ?

॥ မတွဲပါဘုရား॥ ॥

ပဋိပက္ခရန်ခေတ်ဘဲ၊ ဒါဖြင့် တနေရာ တည်းမှာ အပူရှိမယ် ဆိုလျှင် အအေးမရှိ၊ အအေးရှိမယ်ဆိုလျှင် အပူမရှိ၊ အပူခေတ် ရောက်လျှင် အအေးခေတ်ပျောက်၊ အအေးခေတ် ရောက်လျှင် အပူခေတ်ပျောက်၊ ပူဒါပေါ်လျှင် အေးဒါမပေါ်၊ အေးဒါ ပေါ်လျှင် ပူဒါမပေါ်၊ ဆန့်ကျင်ဘက်တခုစီသာ ပေါ်ရတယ်။

ဒါဖြင့် ပူဒါနဲ့ အေးဒါ နှစ်ခု မူတည်ထားလိုက်နော်၊ အပူ လေးနဲ့ လှုပ်ထာလေးနဲ့တွဲ၊ အအေးလေးနဲ့ လှုပ်ထာလေးနဲ့ တွဲ၊ ပူလှုပ်တတွဲ၊ အေးလှုပ်တတွဲလို့ နှစ်ခုတွဲဖြစ်လာပြီ။

ဆင်းရဲဒါနဲ့, ချမ်းသာဒါ, တွဲသလား မတွဲဘူးလား ?

॥ မတွဲပါဘုရား॥ ॥

သူလဲဘဲ ပဋိပက္ခ ရန်ခေတ်ဘဲ၊ ဒါဖြင့် တနေရာ တည်းမှာ ဆင်းရဲချမ်းသာ တပြိုင်နက် မပေါ်နိုင်၊ ဆင်းရဲဒါ ပေါ်လျှင် ချမ်းသာဒါမပေါ်၊ ချမ်းသာဒါပေါ်လျှင် ဆင်းရဲဒါ မပေါ်၊ ဆင်းရဲဒါရောက်လျှင် ချမ်းသာဒါပျောက်၊ ချမ်းသာဒါ ရောက် လျှင် ဆင်းရဲဒါပျောက်၊ ဒါဖြင့် ဆင်းရဲချမ်းသာ နှစ်ခုတပြိုင်နက် မဖြစ်သောကြောင့် တခုစီသာပေါ်ရ။

**သုံးမျိုးတွဲပုံ။**

ပူ, လှုပ်, ဆင်းရဲ, သုံးခုတွဲဒါတမျိုး။

ပူ, လှုပ်, ချမ်းသာ, သုံးခုတွဲဒါတမျိုး။

အပူနဲ့ပတ်သက်၍ နှစ်မျိုးရတယ်။

အေး, လှုပ်, ဆင်းရဲ, သုံးခုတွဲဒါတမျိုး။

အေး, လှုပ်, ချမ်းသာ, သုံးခုတွဲဒါတမျိုး။

အအေးနဲ့ ပတ်သက်၍လဲ နှစ်မျိုးရတယ်။

ကိုယ်တွေ့တရားတွေနော်.... စာတွေပြောနေတာ မဟုတ်ဘူး၊ ကိုယ်တွေ့ပြောနေဒါ၊ ယောဂီတို့ တရား အားထုတ်လျှင် ကောန် မြင်ပါလိမ့်မယ်။

**ခန္ဓာမှာ အပူပေါ်ပုံ။**

ခန္ဓာမှာ ပူဒါလေး ပေါ်တတ်၊ တိုးတိုးပြီးတော့ ပူဒါလေး ပင် ဖြစ်ဖြစ်၊ တိုးလဲမတိုး, ရော့လဲ မရော့ ပါဘဲနဲ့, တန့်ပူဒါဘဲ ဖြစ်ဖြစ်၊ တစ, တစ, အပူ တို့သည် ချိချိ သွားတဲ့ ရော့ပူဘဲ ဖြစ်ဖြစ်၊ခန္ဓာမှာ အပူလေး ပေါ်တတ်တယ်၊ အပူလေးပေါ်လာပြီ ဆိုလျှင် လှုပ်ထာလေးလဲ ပါတတ်တယ်၊ ကြမ်းကြမ်း တမ်းတမ်း မလှုပ်လျှင် သိမ်သိမ် မွှေ့မွှေ့ လှုပ်ထာလေးလဲ ပါတတ်တယ်၊ မခံသာလျှင် ဆင်းရဲမှုလဲ ပါတတ်တယ်၊ ခံသာလျှင် ချမ်းသာ မှုလဲ ပါတတ်တယ် ကိန်းသေယူကြ။

**ခန္ဓာမှာ အအေးပေါ်ပုံ။**

အေးတာလေး။ ။ခန္ဓာကိုယ်မှာ တစ,တစ,တိုးတိုးပြီးတော့ အေးဒါလေးလဲ ပေါ်တတ်တယ်၊ တိုးလဲ မတိုး ရော့လဲ မရော့ ပါဘဲနဲ့, တန့်အေးပြီး တော့လဲ ပေါ် တတ် တယ်၊ တစ, တစ, အအေးတို့သည် ချိချိသွားတဲ့ အခါမှာ ရော့ နံအေးဒါလေးလဲ ပေါ်တတ်တယ်။

အအေး ဘက်က ခန္ဓာမှာပေါ်ပုံကလေး။ ။အေးဒါလေး ပေါ်မယ်ဆိုလျှင် လှုပ်ထာလေးလဲ ပါတတ်တယ်၊ ကြမ်းကြမ်း တမ်းတမ်း မလှုပ်လျှင် သိမ်သိမ်မွေ့မွေ့ လှုပ်ထာလေးလဲ ပါတတ် တယ်၊မခံသာလျှင် ဆင်းရဲမှုလဲပါတတ်တယ်၊ခံသာလျှင် ချမ်းသာ မှုလဲပါတယ်၊ ကိုယ်တွေ့ တရားမှတ်ပါ။

**လှုပ်ထာလေး ခန္ဓာမှာပေါ်ပုံ။**

လှုပ်ထာလေး ခန္ဓာကိုယ်မှာ ပေါ်မယ် ဆိုလျှင် အမျိုးမျိုး ရှိတယ်။

ဒိတ်ဒိတ်, ဒိတ်ဒိတ်, နဲ့ လှုပ်ထာ၊
လှုပ်လှုပ်, လှုပ်လှုပ်, နဲ့ လှုပ်ထာ၊
ဖြတ်ဖြတ်, ဖြတ်ဖြတ်, နဲ့ လှုပ်ထာ၊
ဆပ်ဆပ်, ဆပ်ဆပ်,နဲ့ လှုပ်ထာ၊
ရိပ်ရိပ်, ရိပ်ရိပ်, နဲ့ လှုပ်ထာ၊
ရှိရှိ, ရှိရှိ, နဲ့ လှုပ်ထာ၊
ဖျင်းဖျင်း, ဖျင်းဖျင်း, နဲ့ လှုပ်ထာ၊
စစ်စစ်, စစ်စစ်, နဲ့ လှုပ်ထာ၊

စသည်ဖြင့် ခန္ဓာကိုယ်မှာ လှုပ်ထာလေးတွေ ပေါ်တတ်တယ်၊ လှုပ်ထာလေးပေါ်ပြီဆိုလျှင် ပူဒါလေးလဲ ပါချင်ပါတတ်တယ်၊ သို့မဟုတ် အေးဒါလေးလဲ ပါချင်ပါတတ်တယ်၊ မခံသာလျှင် ဆင်းရဲမှုလဲ ပါတတ်တယ်၊ ခံသာလျှင် ချမ်းသာမှုလဲ ပါတတ် တယ်၊ ကိန်းသေယူကြ။

## ခန္ဓာမှာ ဆင်းရဲမှုပေါ်ပုံ။

ခန္ဓာကိုယ်မှာ ကျင်ဒါ၊ နာဒါ၊ ကိုက်ထာ၊ အောင့်ဒါ၊ မူးဒါ၊ ဝေဒါ ဆိုတဲ့ ကိုယ်ဆင်းရဲမှုလေးတွေလဲ ပေါ်တတ်တယ်၊ စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်မချမ်းသာဘူး ဆိုတဲ့ စိတ်ဆင်းရဲမှု ကလေးတွေလဲ ပေါ်တတ်တယ်၊ ဆင်းရဲဒါလေး မြင်မယ် ဆိုလျှင် ခန္ဓာထဲမှာ လက်တွေ့ ပူဒါလေးလဲ ပါချင်ပါတတ်တယ်၊ သို့မဟုတ် အေးဒါလေးလဲ ပါချင်ပါတတ်တယ်၊ လှုပ်ထာလေးလဲ ပါတတ်သည်၊ ကြမ်းကြမ်း တမ်းတမ်း မလှုပ်လျှင် သိမ်သိမ် မွေ့မွေ့ လှုပ်ထာလေးလဲ ပါတတ်သည်လို့ ကိန်းသေယူကြ။

## ခန္ဓာမှာ ချမ်းသာမှု ပေါ်ပုံ။

ခန္ဓာ ကိုယ်မှာ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု၊ ကလေးတွေလဲ ပေါ်တတ်တယ်၊ အေးကနဲ၊ ဖြန်းကနဲ၊ စိမ့်ကနဲ၊ သိမ့်ကနဲ ဆိုတဲ့ ချမ်းသာမှုကလေးတွေ ပေါ်တဲ့အချိန်မှာ ပူဒါလေးလဲ ပါချင်ပါတတ်တယ်၊ သို့မဟုတ် အေးဒါလေးလဲ ပါချင်ပါတတ်တယ်၊ လှုပ်ထာလေးလဲ ပါတတ်သည်၊ ကြမ်းကြမ်း တမ်းတမ်း မလှုပ်လျှင် သိမ်သိမ် မွေ့မွေ့ လှုပ်ထာလေးလဲ ပါတတ်တယ်လို့ ကိုယ်တွေ့ ကိန်းသေယူကြ။

သို့သော် ယောဂီတို့မှာကတော့ မျှော်မှန်းချက် မရှိရဘူး၊ ဆရာတော်က ပူဒါလေးပေါ်ရင်၊ လှုပ်ထာလေးလဲပါတတ်တယ်၊ မခံသာလျှင် ဆင်းရဲမှုလဲပါတတ်တယ်၊ ခံသာလျှင် ချမ်းသာမှုလဲ ပါတတ်တယ်လို့ ဆိုပင်ဆိုသော်လဲ မိမိတို့ကတော့ လက်တွေ့ ယူရတယ်။

အပူလေးဘဲ သိသေးတယ်ဆိုလျှင် အပူသာမှတ်ပါ၊ လှုပ်ဒါလေးဘဲသိသေးတယ်ဆိုလျှင် လှုပ်ဒါလေးဘဲမှတ်ပါ၊ ဆင်းရဲဒါလေးဘဲ သို့မဟုတ် ချမ်းသာဒါလေးဘဲ သိသေးတယ် ဆိုလျှင် ဆင်းရဲဒါ၊ ချမ်းသာဒါ၊ လေးဘဲမှတ်ပါ၊ ထင်ရှားဒါတွေသာမှတ်ပါ၊ မထင်ရှားဒါတွေ မမှတ်ပါနဲ့ လိုက်ပြီးတော့လဲ မရှာပါနဲ့ ဒီတရားက လိုက်ပြီးရှာရတဲ့တရားမျိုးမဟုတ်ဘူး၊ အဆင်သင့် ခန္ဓာမှာပေါ်နေတာဘဲ။

**ပေါ်ပုံကလေး။**

အပူနဲ့အအေးတို့သည် တခုမရှိလျှင် တခုရှိပြီးသားဘဲ၊ အပူမရှိလျှင် အအေးရှိတယ်၊ အအေးမရှိလျှင် အပူရှိပြီးသားဘဲ၊ တကိုယ်လုံးဟာ ရုပ်တွေချည်းဘဲ၊ ရုပ်ဆိုလျှင်မဟာဘုတ်လေးပါးအမြဲတန်းရှိနေဒါဘဲ၊ဥဏှတေဇောမရှိလျှင်သီတတေဇောရှိရမယ် သီတတေဇောမရှိလျှင် ဥဏှတေဇောအမြဲတန်းရှိရတယ်၊တေဇောဓါတ်နဲ့ကင်းတဲ့နေရာရယ်လို့မရှိ၊ ဝါယောဓါတ်နဲ့ကင်းတဲ့နေရာလဲမရှိသောကြောင့် ကြမ်းကြမ်းတမ်းတမ်းမလှုပ်လျှင် သိမ်သိမ်မွေ့မွေ့လှုပ်တတ်တယ်။

"ကိုယ်တွေ့ဉာဏ်မြင်"ကိုပဓါနထားပြီးတော့ပြသောကြောင့် ကိုယ်တွေ့ပူဒါဖြစ်စေ၊ အေးဒါဖြစ်စေ၊ လှုပ်ရှားဒါဖြစ်စေ၊ ရွရွ၊ ဖြိုး၊ဖျင်း၊ စိုး၊စစ်၊ဆိုတဲ့ ပထဝီဓါတ်ကလေးတွေဘဲဖြစ်စေ၊ဒီဓါတ်သုံးပါးက ဖေါဋ္ဌဗ္ဗဓါတ်ခေါ်တယ်၊ ဖေါဋ္ဌဗ္ဗဓါတ်ဆိုလျှင်ကာယဝိညာဉ် ထိ၊ သိ၊ ပါတယ်၊ ပါမယ်ဆိုလျှင် ဆင်းရဲဒါဘဲဖြစ်စေ၊ ချမ်းသာဒါဘဲဖြစ်စေ၊ နှစ်ခု၊တခုခုရှိရမယ်၊ မရှိဘဲနဲ့ ဘယ်အခါမှ မရှိရဘူး၊သေသေချာချာမှတ်ပါ။

**တကိုယ်လုံးမှာ တနေရာတည်း တပြိုင်နက် ပေါ်ဒါင်ါးမျိုး။**

ပူ, လှုပ်, ဆင်းရဲ, သုံးခုတွဲဒါတမျိုး။

ပူ, လှုပ်, ချမ်းသာ, သုံးခုတွဲဒါတမျိုး။

အေး, လှုပ်, ဆင်းရဲ, သုံးခုတွဲဒါတမျိုး။

အေး, လှုပ်, ချမ်းသာ, သုံးခုတွဲဒါတမျိုး။

ခန္ဓာမှာ သုံးခုတွဲ လေးမျိုးလို့ ကိန်းသေယူကြ၊ ဒါက ညက ဟောခဲ့တဲ့ တရားအကျဉ်းချုပ်ကလေးပါဘဲ။

ယနေ့မနက်တော့ ခန္ဓာမှာ ဝိပဿနာ အလုပ်ကို အရင်းက စပြီး ဟောတော့မယ်၊ သေသေချာချာနာကြပေတော့။

**ဝိပဿနာအလုပ်ခြောက်မျိုး။**

ဝိပဿနာ အလုပ်ဆိုဒါ ခြောက်မျိုးရှိပါသည်။

(၁) မျက်လုံးတွေ့ ဉာဏ်မြင် အလုပ်တမျိုး။
(၂) နားတွေ့ ဉာဏ်မြင် အလုပ်တမျိုး။
(၃) နှာခေါင်းတွေ့ ဉာဏ်မြင် အလုပ်တမျိုး။
(၄) လျှာတွေ့ ဉာဏ်မြင် အလုပ်တမျိုး။
(၅) ကိုယ်တွေ့ ဉာဏ်မြင် အလုပ်တမျိုး။
(၆) မနောတွေ့ ဉာဏ်မြင် အလုပ်တမျိုး။

ဘယ်နှစ်မျိုးလဲ ?

။ ခြောက်မျိုးပါဘုရား။ ။

ဝိပဿနာ လုပ်ငန်းကို ပြတယ်၊ ဝိပဿနာ တရား ဟောတယ် ဆိုလျှင် ဒီခြောက်မျိုးဘဲ ပြနိုင်ပါတယ်၊ လူဘဲပြပြ,ရှင်ဘဲပြပြ, ရဟန်းဘဲပြပြ, ဘိုးသူတော် မယ်သီလဘဲပြပြ, ဘယ်နှစ်မျိုးပြနိုင်သလဲ ?

॥ ခြောက်မျိုးဘဲပြနိုင်ပါတယ်॥ ॥

**ကသစ်ဝိုင်ဆရာတော်ပြပုံ॥**

ဆရာတော်များ ပြဒါလဲ ခြောက်မျိုးဘဲ ပြပါတယ်၊ သို့သော် ခြောက်မျိုးလုံးတော့ တပြိုင်နက် မပြပါ ခွဲ၍ပြပါသည်॥

**ပြပုံကလေး॥**

ကိုယ်တွေ့ဉာဏ်မြင်ကို ပဓါန ပင်တိုင် အလုပ်၊ ကျန်, ငါးတွေ့ဉာဏ်မြင်ကို အ,ပဓါန ယာယီအလုပ်နှစ်ခုခွဲ၍ပြပါသည်၊ ပင်တိုင် အလုပ်ဘယ်နှစ်မျိုး တမျိုးထဲနော်-ကိုယ်တွေ့ဉာဏ်မြင် တမျိုးထဲ၊ ယာယီအလုပ်က ငါးမျိုး၊ ကျန်, ငါးတွေ့ ဉာဏ်မြင်လို့ မှတ်ပါ॥

**ခွဲရခြင်းအကြောင်း॥**

"အနာကုလာစ ကမ္မန္တာ" ဆိုတဲ့ မင်္ဂလသုတ်မှာ စီးပွားရှာကောင်း, မရှာကောင်း, ရှာကောင်းတယ်၊စီးပွားရေးလဲ မြတ်စွာဘုရားကလုပ်တဲ့၊ သို့သော် အနာကုလာ, အနှောက်အရှက် အရှုပ်အထွေး၊သောက,ဗျာပါဒ, မများစေနဲ့ အလုပ်နဲ့ ပတ်သက်၍ သောက, စိုးရိမ်, ပူဆွေး,ခြင်း မရှိရဘူး၊ ကာယိကဒုက္ခ, ကိုယ်လဲ မဆင်းရဲရဘူး၊ စေတသိကဒုက္ခ, စိတ်လဲမဆင်းရဲရဘူး၊ဉပါယာသ

သက်ကြီး ရှိုက်ငင် ပင်ပင်ပန်းပန်းဆိုတဲ့ ဒီလို ဒေါသမျိုးလဲ မဖြစ်ရဘူး၊ အဲသလိုရှာပါတဲ့။

**ပင်တိုင်နှင့်ယာယီအလုပ်ခွဲပုံ။**

ဘယ်လိုရှာရမလဲမေးရင် အလုပ်တခုကို လုပ်နိုင်ကိုင်နိုင်တယ်ဆိုတဲ့ ပင်တိုင်အလုပ်တခုထားရတယ်၊ ၎င်းပင်တိုင်အလုပ်ကလေးကို လုပ်နေကြဒါ သိတ်လဲမပင်ပန်းလှဘူး၊ကိုယ်နှင့်တကွ သားသမီးဆွေမျိုးတွေလဲ သောက, ဗျာပါဒ, မများလှဘူး၊ နိုင်နင်းတယ်ဆိုပါတော့ ဤကဲ့သို့ ပင်တိုင်အလုပ်နိုင်နင်းပြီ ဆိုလျှင် လုပ်ချင်တဲ့ယာယီအလုပ်ကို တိုးချဲ့လိုက်ပါ၊ ပင်တိုင်အလုပ် နိုင်နင်းသည့်အတွက်ကြောင့် ယာယီအလုပ် တိုးချဲ့ပြန်လဲ နိုင်နင်း သွား တော့တာဘဲ၊တိုးချဲ့ဒါနဲ့ ပတ်သက်၍ သောက,တွေ ဗျာပါဒ,တွေ ကိုယ်ဆင်းရဲမှုဒုက္ခ, စိတ်ဆင်းရဲမှု ဒုက္ခ,တွေ သိတ်မရှိဘူး၊ မရှိရင်အဲဒီအလုပ်မျိုးကို လုပ်ပါတဲ့။

တိုးချဲ့ လိုက်တဲ့ အတွက်ကြောင့် သောက သိပ်များ ဒါဘဲ၊ ဒေါမနဿ၊ စိတ်လဲဆင်းရဲတယ်၊ ကောင်းကောင်းလဲ မအိပ်ရ၊ ကောင်းကောင်းလဲ မစားနိုင်၊ ဘုရား ကျောင်း ကန် တောင်မှ မှန်မှန်မသွားနိုင်၊ အိမ်မှာ နေ့တိုင်း ဘုရားရှိခိုးတယ်၊ ကမ္မဋ္ဌာန်းထိုင်တယ်၊ ဒီလိုအလုပ်လေးတောင်မှ မှန်မှန်မလုပ်နိုင်ဘူး၊ တိုးချဲ့လိုက်တဲ့ အလုပ် အတွက်ကြောင့် ကုသိုလ်ရေးတွေ ဆုတ်ယုတ်သွားတယ်၊ အဲသလိုဆိုရင် ယာယီအလုပ်ကို ဖြုတ်၍ ပင်တိုင်အလုပ်နဲ့ နေကြ။

ဒါကြောင့် စီးပွားရေးမှာ ပင်တိုင်အလုပ် ယာယီအလုပ် ခွဲပြီး သကာလ၊ လုပ်ကဲ့ထုံးလို ဆရာတော်များကလဲ နိုင်နင်းတဲ့ ပင်တိုင်အလုပ်တမျိုး၊ တိုးချဲ့တဲ့ ယာယီအလုပ်တမျိုး၊ နှစ်မျိုးခွဲ၍ ပြပါသည်၊ ပင်တိုင်အလုပ်ဆိုလျှင် "ကိုယ်တွေ့ ဉာဏ်မြင်" အလုပ်ပါဘဲ၊ ယာယီအလုပ်ဆိုလျှင် ကျန်ငါးတွေ့ ဉာဏ်မြင် အလုပ်ပါဘဲ။

## ကိုယ်တွေ့ ဉာဏ်မြင်။

"ကိုယ်တွေ့ဉာဏ်မြင်"ပင်တိုင်အလုပ်အတွက် စစ်ပြမယ်၊ ကိုယ်တွေ့ကတမျိုး, ဉာဏ်မြင်ကတမျိုး, နှစ်မျိုးခွဲပါ၊ ကိုယ်တွေ့မှာလဲ ကိုယ်က,တမျိုး တွေ့က, တမျိုး နှစ်မျိုးခွဲပါ။

## ကိုယ်အရကောက်ပုံ။

ကိုယ်ဆိုဒါ တကိုယ်လုံးကို ယူပါ၊ ဘာ့ကြောင့်လဲ မေးလျှင် ကာယ ပသာဒ, ကာယဓာတ်ကို,ကိုယ်ကောက်ရလေသောကြောင့် တဖက်သော ပုဂ္ဂိုလ်တို့ ယုံကြည်နိုင်လောက်တဲ့ အကြောင်းတပါးပါဘဲ၊ ဒါဖြင့် ကိုယ်ဆိုရင် တကိုယ်လုံးကိုယူပါ။

## တွေ့ အရကောက်ပုံ။

ကိုယ်မှာတွေ့တာ ကိုယ်မှာ ပေါ်ဒါတို့သည် ဓာတ်သုံးမျိုး၊ တေဇောဓာတ်တမျိုး- ဝါယောဓာတ်တမျိုး၊ ပထဝီဓာတ်တမျိုး၊ သုံးမျိုးကောက်ထား သုံးမျိုးဘာကြောင့်ကောက်ရသလဲမေးရင် ဖေါဋ္ဌဗ္ဗရုံ,ဖေါဋ္ဌဗ္ဗဓာတ်ကို ကိုယ်တွေ့ကောက်ရလေသောကြောင့်

စာတတ်သော ပုဂ္ဂိုလ်များ အကြောင်းလေး ယူပုံ၊ သင်္ဂြိုဟ်နဲ့ ကိုက်သောကြောင့် သဘောကြသွားတာဘဲ၊ ကိုယ်က တကိုယ်လုံး ယူပါ။

ကိုယ်မှာတွေ့ဒါ, ကိုယ်မှာ ပေါ်ဒါ,က သုံးမျိုး၊ တေဇော, ဝါယော, ပထဝီ- ဓာတ်သုံးမျိုး ကိန်းသေ ယူပြီးသည့်နောက်၊ ရှင်းသထက် ရှင်းအောင် ခွဲလိုက်အုံးမယ်၊ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်သည် အလုပ်က ဆရာဖြစ်ပုံ။

**အလုပ်ဓာတ်နှင့် အပေါ်ဓာတ်။**

တေဇော,ဝါယော,နှစ်ပါးကို အလုပ်ဓာတ်၊ပထဝီဓါတ်တပါးကို အပေါ်ဓာတ်လို့ ကျဉ်းသထက်ကျဉ်း၊ရှင်းသထက်ရှင်းအောင် ခွဲပြလိုက်ပြန်သည်။

အလုပ်ဓာတ် ဘယ်နှစ်ပါးလဲ ?

॥ နှစ်ပါးပါဘုရား॥ ॥

တေဇောနဲ့ ဝါယောနော်....

အပေါ်ဓာတ် ဘယ်နှစ်ပါးလဲ ?

॥ တပါးပါဘုရား॥ ॥

ပထဝီဓာတ် တပါးထဲနော်....

ပထဝီဆိုတာ စာစကားခေါ်တယ်၊ စာသုံးတော့ ပထဝီ၊ဗမာသုံးတော့ အမှုံ့,ပရမတ် သုံးတော့- မာဒါ, သုံးခုသုံးနိုင်ပြီ ပထဝီကို ဖေါ်ရတယ်၊ အမှုံ့တွေကိုမြင်အောင် ရှာရတယ်၊ ခန္ဓာကြီးမှာ

ပထဝီ အမှုံတွေ မတည်ထားပုံတဲ့၊ စာသိအတွက် စစ်ပြလိုက်အုံးမယ်။

**စာလိုစစ်ပြပုံ။**

စာက....ယောကျ်ား တကိုယ်လုံး၊ မိန်းမ တကိုယ်လုံးသည် ရုပ်နဲ့နာမ်လို့ ဆိုတာကော ယုံကြည်ရဲ့လား ?။

ဒါက ဘုရားစကားလေ "အဒ္ဒဇ္ဈ ဝစနော ဘဂဝါ" ဆိုတဲ့အတိုင်း ဒို့ဘုရားသည် စကား နှစ်ခွန်းမပြောဘူး၊ တခွန်းတည်း သုံးတယ်၊ ယောကျ်ား တကိုယ်လုံး၊ မိန်းမ တကိုယ်လုံးဟာ ရုပ်နဲ့နာမ်ဒီနှစ်ခုဘဲရှိတယ်၊ စိတ်ဆိုတဲ့ နာမ်တရားလေးဖယ်ထားလိုက်လျှင် တကိုယ်လုံးဟာ ရုပ်တွေချည်းဘဲ။

သုံးဆယ့်နှစ် ကောဋ္ဌာသလဲ ရုပ်တွေချည်းပါခေါင်း၊ကိုယ်၊ ခြေလက်၊ စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေလဲ ရုပ်တွေချည်းပါ ယောကျ်ား တကိုယ်လုံး၊ မိန်းမ တကိုယ်လုံးလဲဘဲ ရုပ်တွေချည်းပါ၊ ဟုတ်ကဲ့လား ?။

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ရုပ်ဆိုလျှင် ရုပ်နှစ်ဆယ့်ရှစ်ပါး ရှိတယ်၊ မဟာဘုတ် လေးပါးသည် မတည်ရုပ်၊ ဥပါဒါရုပ် နှစ်ဆယ့်လေးပါးသည် အမှီရုပ်၊ စာနဲ့ ကိုက်ပုံနော်၊ ယောကျ်ားတွေ မိန်းမတွေကိုမှတည်ထားတဲ့ ရုပ်က မဟာဘုတ်လေးပါးခေါ်တယ်၊ မဟာဘုတ် လေးပါးက၊ မတည်ရုပ်နော်၊ မဟာဘုတ် လေးပါးကိုမှီတဲ့ ရုပ်က ဥပါဒါရုပ်နှစ်ဆယ့်လေးပါးနော်၊ဒါကတော့ သင်္ဂြိုဟ်အတိုင်းပါဘဲ။

မဟာဘုတ် လေးပါးကို အရင်းကြအောင် စစ်အုံးမယ်၊ မဟာဘုတ် လေးပါးမှာ ပထဝီ မဟာဘုတ်သည် မ,တည်ရုပ်၊ ကျန်တဲ့ မဟာဘုတ် သုံးပါးသည် အမှီရုပ်၊ မတည် မဟာဘုတ်က ပထဝီနော်၊ ကျန်တဲ့ မဟာဘုတ် သုံးပါးက အမှီရုပ်နော်၊ ကျန်တဲ့ မဟာဘုတ် သုံးပါးသည် ဘယ်ကိုမှီ၍ဖြစ်သလဲ မေးလျှင် ပထဝီကို မှီရတယ်၊ အမှုန်တွေကို မှီရတယ်နော်။

"ပထဝီ ဓာတု ပတိဋ္ဌာနရသာ" ဆိုတဲ့ အဋ္ဌကထာကြီးများနဲ့ အညီ ယုံကြ။

ဒါဖြင့် အသားတွေ အရေတွေဆိုတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသတွေလဲ၊ ပထဝီနဲ့ မတည်ထားတယ်၊ အမှုန်တွေနဲ့ မတည်ထားတယ်၊ အမှုန်စု အမှုန်ပုံလို့ ဆိုလိုတယ်၊ ခေါင်း,ကိုယ်,ခြေ,လက်, စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေလဲ ပထဝီ အမှုန်တွေနဲ့ မတည်ထားတယ်၊ ယောကျ်ား တကိုယ်လုံး၊ မိန်းမတကိုယ်လုံးလဲ ပထဝီအမှုန်တွေနဲ့ မတည်ထားတယ်၊ အမှုန်စု အမှုန်ပုံလို့ ဆိုး ဖြတ်ပါ စာတွေ့နော်။

"သဒ္ဒ သင်္ခါရ ပုဉ္ဇောယံ နယိဓ သတ္တူပ လဗ္ဘတိ" ဆိုတဲ့ ပါဠိတော်နဲ့အညီ ပါဘဲ၊ ဒါဖြင့် ယောကျ်ား တကိုယ်လုံး မိန်းမ တကိုယ်လုံးဟာ အမှုန်တွေနဲ့ မတည်ထားတာပေါ့၊ အမှုန်စု အမှုန်ပုံလို့ ဆိုလိုက်ပေသည်။

အရှင်ဘုရား စာကတော့ အမှုန်စု အမှုန်ပုံကြီးလို့ ဆိုပါတယ်၊ တပည့်တော်များ မမြင်ပါဘုရားလို့ ဆိုလျှင် ဓာတ်ဓော ခါတ်ကို ရှုပါ၊ ဝါယောဓါတ်ကို ရှုပါလို့ ဆိုလိုသည်၊ ပထဝီ

မြင်ချင်တယ် အမှန် မြင်ချင်တယ်ဆိုလျှင် ပထဝီ မရှုနဲ့၊ တေဇောဓါတ် ကိုရှုပါ၊ ဝါယောဓါတ်ကို ရှုပါ၊ တေဇောဓါတ်, ဝါယောဓါတ်,ကိုရှုလျှင် ပထဝီအမှန်အလိုလို ပေါ်တက် လာလိမ့်မယ်၊ ပထဝီကို ရှုနေလို့ မရဘူးနော် - အဲဒါ အရင်းခံဘဲ သေသေ ချာချာမှတ်ပါ။

## ဓာတ်ခွဲပုံ။

တေဇောဆိုလျှင် ပူဒါ, အေးဒါ, တစုံနှစ်ခု၊ ဝါယောဆိုလျှင် လှုပ်ထာ, ငြိမ်ဒါ, တစုံနှစ်ခု၊ ပေါင်းလိုက်တော့ နှစ်စုံ လေးခု၊ ပူဒါ, အေးဒါ, လှုပ်ထာ, ငြိမ်ဒါ, လေးခု၊ အဲဒီလေးခုထဲမှာ ငြိမ်ဒါလေး ထပ်နှုတ်လိုက်ပြန်သည် ဘာကြောင့်လဲမေးရင် ဆရာတော်များ တရား ပြခါစ ယောဂီများကို ငြိမ်ဒါလေး ထည့်မှတ်ခိုင်းတယ်၊ ယောဂီတို့ ရှုမှတ်တဲ့ နေရာမှာ အထင်နဲ့သာ ရှုမှတ်ထာ များသည်၊ ပေါ့ပေါ့ ဆဆ ရှုမှတ်ထားများသည်၊ အချိန်ကုန်သောကြောင့် ကိုယ့်သဘောနဲ့ကိုယ် ငြိမ်တဲ့ဓာတ်ကို နှုတ်လိုက်ပြန်သည်၊ ဘယ်နှစ်ခု ကျန်သလဲ ? ပူဒါ- အေးဒါ- လှုပ်ထာ သုံးမျိုး ကျန်ပြန်သည်။

## စာထဲသွင်းပြပုံ။

စာနဲ့သွင်းပြမယ်၊ ထိုသုံးခုသည် သတိပဋ္ဌာန် လေး ပါး တို့တွင် ကာယာ နုပဿနာ သတိပဋ္ဌာန် ထဲသို့ သွင်းရပါသည်၊ ကာယာ နုပဿနာ သတိပဋ္ဌာန်မှာ ဆယ့်လေးခဏ်း ရှိပါသည်၊

ဝိပဿနာနဲ့ ဆိုင်တဲ့ အခဏ်းက သုံးခဏ်း၊ ဒီသုံးခဏ်းမှာ တစ်နံပါတ် ဓါတုမနသိကာရပဗ္ဗ ထဲသို့ သွင်းရပါသည်။

ဒါဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန် ဓါတုမနသိကာရ-ပဗ္ဗ ထဲသို့ သွင်းရတာက ပူဒါ၊ အေးဒါ၊ လှုပ်ထာ၊ သုံးမျိုး ငါးမျိုးထဲမှာ သုံးမျိုးတော့ ကိုက်သွားပြီ နှစ်မျိုး ကျန်သေးတယ်၊ ဆင်းရဲ၊ ချမ်းသာ နော်၊ ဒါလဲ စာကိုက်လုပ်ရမယ်၊ ယခု ဆရာတော် စစ်ပြတာ ကိုယ်တွေ့နော်။

ဒါဖြင့် ကိုယ်တွေ့ ဆိုလျှင် (တိဏ္ဏံ သင်္ဂတိတိဖဿော) ပဋိစ္စ-သမုပ္ပါဒ် ပါဠိတော်နှင့်အညီ သုံးခုတွေ့ဆုံမှ ကိုယ်တွေ့ခေါ်တယ်၊ စာလိုသုံးခုတွေ့ဆုံပုံ စာတတ်သော ပုဂ္ဂိုလ်တွေအတွက် ပြောမယ်၊ အတိုက်ဖောဋ္ဌဗ္ဗခေါ်ရယ်၊ အခံ ကာယပသာဒ- အကြည်ခေါ်ရယ်၊အပေါ်ကာယ ဝိညာဏ်ခေါ်ရယ်၊ သုံးခုတွေ့ဆုံဒါ ကိုယ်တွေ့ခေါ်သည်။

## မြန်မာလိုသုံးခု တွေ့ဆုံပုံ။

အပူလေးရယ်၊ ကိုယ်လေးရယ်၊ ထိသိ ကလေးရယ်၊ သုံးခု တွေ့ဆုံဒါခေါ်တယ်။

အအေးလေးရယ်၊ ကိုယ်လေးရယ်၊ ထိသိ ကလေးရယ်၊ သုံးခု တွေ့ဆုံဒါခေါ်တယ်။

အလှုပ်လေးရယ်၊ ကိုယ်လေးရယ်၊ ထိသိ ကလေးရယ်၊ သုံးခု တွေ့ဆုံဒါခေါ်တယ်။

စာမတတ်သော ပုဂ္ဂိုလ်များအတွက် နားလည်အောင် ရှင်းပြမယ်။

အပူကလေးသည် ကိုယ်မှာလာပေါ်တော့ ထိသိ ပေါ်ဒါ သုံးခု တွေ့ဆုံဒါ ခေါ်တယ်၊ အအေးကလေးသည် ကိုယ်မှာ လာပေါ်တော့ ထိသိ ပေါ်တာ သုံးခု တွေ့ဆုံဒါ ခေါ်တယ်၊ လှုပ်ထာလေးသည် ကိုယ်မှာလာပေါ်တော့ ထိသိပေါ်တာ သုံးခု တွေ့ဆုံဒါ ခေါ်တယ်။

**စာတွေ့နဲ့ ဆင်းရဲချမ်းသာ ကောက်ပုံ။**

စာတွေ့နဲ့လဲ ကိုက်ရမယ်၊ ခန္ဓာနဲ့လဲ ကိုက်ရမယ်၊ အဲဒီသုံးခု တွေ့ဆုံတဲ့ နေရာမှာ ထိုသို့ဆိုတာ ကာယ ဝိညာဏဓာတ်ကို ခေါ်ပါတယ်၊ ကာယဝိညာဏဓာတ်ဆိုလျှင် သဂြိုဟ် အဟိတ် စိတ်မှာ ဒုက္ခသဟဂုတ်ကာယဝိညာဉ်၊ သုခသဟဂုတ်ကာယဝိညာဉ်၊ နှစ်ဖြာ ပါသည် ဖြစ်လေသောကြောင့် ဆင်းရဲ၊ ချမ်းသာ၊ နှစ်ဖြာ ထည့်၍ ရှုရပါသည်။

**ကိုယ်တွေ့နဲ့ ဆင်းရဲ ချမ်းသာ ကောက်ပုံ။**

အပူလေးဖြစ်စေ၊ အအေးလေးဖြစ်စေ၊ အလှုပ်လေးဖြစ်စေ၊ ခန္ဓာထဲမှာ ပေါ်တက်လာပြီဆိုလျှင် ဝေဒနာ နှစ်မျိုး ပေါ်တတ်တယ်၊ မခံသာလျှင် ဆင်းရဲမှုလဲ ပေါ်တတ်သည်၊ ခံသာလျှင် ချမ်းသာမှုလဲ ပေါ်တတ်သည်၊ ဒါကြောင့် စာတွေ့၊ ကိုယ်တွေ့ နှစ်ဖြာ ဆင်းရဲ၊ ချမ်းသာ၊ ပါသည် ဖြစ်လေသောကြောင့်၊

ဆင်းရဲချမ်းသာ နှစ်ဖြာကို "ဝေဒနာ နုပဿနာ သတိပဋ္ဌာန်" ထဲသို့ သွင်းရပါသည်။

ဒါဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန် ဓါတုမနသိကာရပဗ္ဗ ထဲသို့ သွင်းရတာက ပူဒါ, အေးဒါ, လှုပ်ထာ, သုံးမျိုး၊ဝေဒနာ-နုပဿနာ သတိပဋ္ဌာန်ထဲသို့ သွင်းရတာက ဆင်းရဲဒါ, ချမ်းသာဒါ, နှစ်မျိုး, ပေါင်းလိုက်တော့ ကိုယ်တွေ့ ငါးမျိုးနော်၊ ကိုယ်က တကိုယ်လုံးခေါ်တယ်၊ ကိုယ်မှာတွေ့ဒါ, ကိုယ်မှာပေါ်ဒါ,က ငါးမျိုး။

ခေါင်းမှာပေါ်ဒါ ဘယ်နှစ်မျိုး ?

။ ငါးမျိုး။ ။

အလယ်ပိုင်း ကျော ရင်မှာပေါ်ဒါ ဘယ်နှစ်မျိုး ?

။ ငါးမျိုး။ ။

အောက်ပိုင်း ပေါင် ခြေသလုံး စသည် မှာ ပေါ်ဒါ ဘယ်နှစ်မျိုး ?

။ ငါးမျိုး။ ။

ကွက်ကွက်လေးပေါ်ဒါ ဘယ်နှစ်မျိုး ?

။ ငါးမျိုး။ ။

တကိုယ်လုံးပေါ်ဒါ ဘယ်နှစ်မျိုး ?

။ ငါးမျိုး။ ။

တပြိုင်နက် တနေရာတည်းမှာ ပေါ်ဒါက ဘယ်နှစ်မျိုး ?

။ သုံးမျိုး။ ။

ဒါက ကိုယ်ထဲက ပေါ်ရုံ ပေါ်ပြဒါ၊ခန္ဓာကိုယ်ရှိမယ်ဆိုလျှင် ပူဒါ၊ အေးဒါ၊ လှုပ်ထာ၊ အမြဲတန်း ရှိတာဘဲ၊ သက်ရှိ ဆိုလျှင် ဆင်းရဲ၊ ချမ်းသာ၊ အမြဲတန်းရှိတာဘဲ၊ သက်မဲ့ ဆိုလျှင် ဒီနှစ်ခု တော့ မရှိပါ၊ ခန္ဓာမှန်သမျှ မပာာဘုတ်လေးပါးတို့သည် အမြဲ တန်း ရှိနေတာဘဲ၊ အားလုံး ရှင်းရဲ့လား ?

॥ ရှင်းပါတယ်ဘုရား॥ ॥

ဒါက ကိုယ်ထဲက ပေါ်ရုံ ပေါ်ပြဒါ၊ မြင်တော့ ဉာဏ်မြင်၊ ဘယ်သူမြင်သလဲ၊ ဉာဏ်ကမြင်သည်၊ အပူလေးသည် ပေါ်တဲ့ ဘက်က၊ အအေးလေးသည် ပေါ်တဲ့ဘက်က၊ အလှုပ် လေးသည် ပေါ်တဲ့ ဘက်က၊ ဆင်းရဲ၊ ချမ်းသာ၊သည်ပေါ်တဲ့ ဘက်က။

**ဥပမာ။** ॥ရုပ်ရှင်ထဲဌ်ပိတ်ကားထဲမှာပေါ်ပြတဲ့အရုပ်ကလေးနဲ့ တူတယ်၊ အရုပ် ကလေးသည် ပေါ်ရုံ ပေါ်ပြ တယ်၊ အရုပ်က အရုပ်ကို မမြင်၊ မြင်ဒါက ရုပ်ရှင် ကြည့်သူ၊ ကဲ့သွားတယ်၊ အရုပ်ကလေးနဲ့ ကိုယ်တွေ ငါးမျိုးနဲ့ တူပါတယ်၊ ရုပ်ရှင်ကြည့်သူနဲ့ ဉာဏ်မြင်နဲ့ တူတယ်၊ "ငထွေရှက်စ" ခေါ် တယ်၊ နှစ်ခုစပ်မှ အဓိပ္ပါယ်တခုရတယ်၊ မြင်စရာရှိလျှင် ဘယ်သူ က မြင်သလဲ၊ ဉာဏ်က မြင်တယ်။

**ကသစ်ဝိုင် ဆရာတော် လက်ကိုင်ဒုတ်။**

ပက္ကုသာတိမင်းကြီး ခုတ်ခြောက်ပါးနဲ့ ရဟန္တာဖြစ်တဲ့ထုံး ဆရာတော်က နှလုံးသွင်းပြန်တယ်၊ ဆရာတော် လက်ကိုင်ဒုတ်ကို ပြောလျှင်၊ ကိုယ်တွေဉာဏ်မြင်တခုလဲ လက်ကိုင်ထားတယ်၊ခုတ်

ခြောက်ပါးလဲ လက်ကိုင်ဒုတ်တခု ယားတယ်၊ ဆရာတော် ပြတဲ့ နည်းခေါ်တယ်။

ဒါကြောင့် ဓာတ်ခြောက်ပါးကိုလဲ ဆရာတော် လက်ကိုင် ထားသောကြောင့် အဲဒီ ဓာတ်ခြောက်ပါး စစ်ကြေ့မယ်၊ ရုပ် ဓာတ်က ငါးပါး၊ မဟာဘုတ် လေးပါးနဲ့ အာကာသဓာတ်, နာမ်ဓာတ်က တပါးယည့်၍ နာမ်ဓာတ်မှာ ဆိုလျှင် ဝိညာဏ- ဓာတ် သိမှုတလုံးတည်း ယူထားတယ်၊ စိတ်ရယ်, စေတသိက်ရယ်, လို့လဲ မခွဲနဲ့ စိတ်ကတလုံး၊ စေတသိက်က ခုနစ်လုံး၊ နာမ်ဓာတ် ရှစ်ပါး၊ ဒီလိုလဲ ခွဲမနေနဲ့ နာမ်တေပညာသလို့လဲ ခွဲမနေနဲ့ သာမည သိမှုတလုံးထဲ ယူထားနေ၁်....။

အဲဒီ သိမှုကလေးကို လူတို့ အခေါ် များရာ ဉာဏ်လို့ခေါ် တယ်၊ နာမ်လို့ ခေါ်တယ်၊ စိတ်လို့ ခေါ်တယ်၊ ဒါကြောင့် ဉာဏ်ကမြင်တယ်၊ နာမ်ကမြင်တယ်၊ စိတ်ကမြင်တယ်လို့ အသုံး များရာလိုက်ပြီး ပြောချင်သလို ပြောပါတော့။

## နှလုံးအိမ်၌ ဉာဏ်, နာမ်, စိတ်, တည်နေပုံ။

ဉာဏ်, နာမ်, စိတ်, သည် ဘယ်ထဲမှာ နေသလဲမေးရင် နှလုံး အိမ်ထဲမှာနေတယ်၊ နှလုံးအိမ်ကလေး....ဗဟုသုတရှိဘို့ရန် လုပ်ပြ မယ်၊ ကြာဖူးလေးခူးခဲ့၊ လန်နေကွာနေသော အဖတ်ကို ခွါပြစ် လိုက်၊ ဂျင်လိုဘောက်ထိုးထား၊ အဲဒါ နှလုံးအိမ် ပုံသဏ္ဍာန်လေး ဘဲ၊ အသားပေါ့၊ နှလုံးအိမ်ကတော့ နှလုံးသား အတွင်းမှာ ပုန်းညက်စေ့လောက် တွင်းကလေးရှိတယ်၊ တွင်းထဲမှာ သွေး လေးရှိတယ်၊ သွေးပေါ်မှာ လှိုင်းစီးနေသလို အကြည်ဓာတ်လေး-

ရှိတယ်၊ စာလို "ဟဒယဝတ္ထု"လို့ ခေါ်တယ်၊ ဗမာလို အကြည်ဓာတ် ခေါ်တယ်၊ အဲဒီအကြည်ဓာတ်အပေါ်မှာ ဉာဏ်ကလေး နာမ်ကလေး, စိတ်ကလေး, မှီပြီးတော့ ဖြစ်တယ်။

နောက်ကပြန်မေးမယ်၊ ဉာဏ်, နာမ်,စိတ်,သည်ဘယ်ပေါ်မှာ တည်နေသလဲ၊ နှလုံးအကြည်ပေါ်မှာ၊ နှလုံးအကြည်သည် သွေးပေါ်မှာ၊ သွေးသည့် တွင်းထဲမှာ၊ တွင်းသည် နှလုံးအိမ်ထဲမှာ၊ နှလုံးအိမ်သည် ရင်ထဲမှာ၊ ရင်ရောက်လာပြီ၊ သားမြတ်နှစ်ခုတို့၏ အလယ်ရင်ရိုးရှိတယ်၊ ရင်ရိုးကလေးက ရင်ချိုင့် ရင်ညွန့်လေးလို့ ခေါ်တယ်၊ အဲဒီ ရင်ရိုးချိုင့် အလယ် တွဲတွဲမှာ နှလုံးအိမ် ကပ်နေသည်။

ဒါက စာအတိုင်းပြောဒါ၊ ရွှေဉာဏ်တော် ရှိတယ်ဆိုဒါကော ယုံရဲ့လား?

။ ယုံပါတယ်ဘုရား။ ။

ဘုရားဟာ တကယ်သိတယ်နော်၊ ကိုယ်တိုင်လဲတကယ်ကျင့်ခဲ့တယ်နော်၊ ဘုရားဖြစ်တော့ သဗ္ဗညုတ ရွှေဉာဏ် ဘွားကနဲပေါ်တယ်၊ အရဟတ္တမဂ်ဉာဏ်ရောင်နဲ့ သဗ္ဗညုတ ဉာဏ်ရောင် နှစ်ခုစပ်လိုက်တဲ့အခါကြတော့ ဘွားခနဲ ဒီဉာဏ်ကြီးပေါ်လာရတယ်၊ အဲဒါအကုန်သိတယ်ခေါ်တယ်။

ဒါကြောင့်နှလုံးအိမ်သည် သားမြတ် နှစ်ခုတို့၏ အလယ် ရင်ချိုင့်ရိုးအောက်နားမှာ ကပ်နေတယ်လို့ စာသိ အတိုင်း ယူကြ၊ သဘောကြပလား၊အဲဒါဉာဏ်မြင်ကြည့်ပြောဒါ။

ဒါဖြင့်နေရာနှင့်ပတ်သက်၍ပြောလျှင် ဉာဏ်, နာမ်, စိတ်, သည် ရင်ထဲမှာနေသောကြောင့် ရင်ကမြင်တယ်၊ ဉာဏ်က မြင်တယ်၊ စိတ်ကမြင်တယ်လို့ ဆိုလိုက်ပေသည်။

ဒါကြောင့် ဉာဏ်မြင်ကြည့်ပြီးတော့ ဆရာတော်က အင်္ဂါတခု လုပ်လိုက်တယ်၊ စိတ်သည် ဘယ်မှာထား၊ ရင်မှာထား၊ ဘာဖြစ် လို့မြင်စရာရှိရင် ရင်ကချည့်ဘဲဒိုင်ခံမြင်လို့ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဘယ်ကနေ မြင်ကြသလဲ ?

॥ ရင်ကမြင်ပါတယ်ဘုရား॥

ခေါင်းမှာပေါ်ရင် ဘယ်ကမြင် ?

॥ ရင်ကမြင်॥ ॥

အလယ်ပိုင်းကပေါ်ရင် ဘယ်ကမြင် ?

॥ ရင်ကမြင်॥ ॥

အောက်ပိုင်းကပေါ်ရင် ဘယ်ကမြင်?

॥ ရင်ကမြင်॥ ॥

ကွက်ကွက်လေးပေါ်ရင် ဘယ်ကမြင်?

॥ ရင်ကမြင်॥ ॥

တကိုယ်လုံးပေါ်ရင် ဘယ်ကမြင်?

॥ ရင်ကမြင်॥ ॥

စိတ်သည် ရင်ထဲမှာ ဘာဖြစ်လို့ ထားရသလဲ၊ ရင်မှာချည်း

စိတ်ထားတာ ရင်ကချည်းဒိုင်ခံမြင်ရလေသောကြောင့် စိတ်သည် ရင်ထဲမှာထားလို့ ဆိုလိုက်ပေသည်၊ ဒါကဉာဏ်မြင်စစ်လိုက်ထာ၊ ရင်ကဘာကိုမြင်သလဲလို့ မေးလိုက်တော့ ကိုယ် တွေ့မြင်ရ တယ်၊ မျက်လုံးတွေ့ကို မြင်သည် မဟုတ်ပါ၊ နားတွေ့ နှာခေါင်း တွေ့ လျှာတွေ့ကိုမြင်သည်မဟုတ်ပါ၊ မနောတွေ့ကိုလဲ မြင်သည်မဟုတ်ပါ၊ ကိုယ်တွေ့ မြင်ရတယ်၊ ကိုယ်မှာပေါ်ဒါငါးမျိုးကို မြင်နေရမယ်လို့ ဆိုလိုသည်။

သဘောကြပလား?

။ ကြပါတယ်ဘုရား။ ။

ဒါက ကိုယ်တွေ့နဲ့ ပတ်သက်ပြီး ပြောဒါ၊ အဲဒါကြည့်ပြီး တော့အင်္ဂါလေး....ဉာဏ်မြင်ကြည့်၍ ဝင်တဲ့နေ့ကစ၍ ထွက်တဲ့နေ့ အထိ စိတ်သည်ရင်ထဲမှာထား၊ ကိုယ်တွေ့ကြည့်၍ ကိုယ်မှာပေါ် ဒါ ငါးမျိုးမှတ်နေပါ။

စိတ်ဘယ်မှာထား ?

။ ရင်မှာထား။ ။

အဲဒါဉာဏ်မြင်·ကြည့်ပြောဒါ။

ဘာလုပ်နေ ?

။ ကိုယ်မှာပေါ်ဒါ ငါးမျိုး မှတ်နေ။ ။

ကိုယ်တွေ့ကြည့်ပြောဒါ။

အင်္ဂါနှစ်ခုထဲ ညကစကား ဒီမှာလာကိုက်တယ်၊ နခမ်းသတ် လိုက် ညကနဲ့ ဒီမနက်ဆိုလျှင် ဒီမှာပင်တခါတည်းဆုံဆည်းသွား

တယ်၊ ညာကာစကားနဲ့ ဒီမနက်စကား သည်အင်္ဂါမြစ်ရေနဲ့ ယမုနာမြစ်ရေနှီးနှောဘိသကဲ့သို့ နှီးနှောသွားရတယ်။

ကာယာနုပဿနာ သတိပဋ္ဌာန်၌ ဝိပဿနာနဲ့ဆိုင်တဲ့ အခဏ်းသုံးခဏ်းမှာ၊ တစ်နံပါတ် ဓါတုမနသိကာယပဗ္ဗနဲ့ ဝေဒနာသတိ-ပဋ္ဌာန် အကွက်ဖြစ်ပေသည်။

နှစ်နံပါတ်ဣရိယာပထပဗ္ဗအတွက် အလုပ်ပေးတရားပြသပါလိမ့်မည်၊ ပါဠိလိုဣရိယာပထ ငမာလို အနေခေါ်တယ်။

**အနေလေးမျိုး။**

ထိုင်နေဒါတမျိုး။

အိပ်နေဒါတမျိုး။

ရပ်နေဒါတမျိုး။

သွားနေဒါတမျိုး။

ဘယ်နှစ်မျိုးလဲ ?

။ လေးမျိုးပါဘုရား။ ။

အဲဒီလေးမျိုးအားထုတ်ရမယ်။

**ချမ်းသာသလိုအားထုတ်ပုံ။**

ထိုင်လျှက်လဲ အားထုတ်နိုင်တယ်၊ အိပ်လျှက်လဲ အားထုတ်နိုင်တယ်၊ ရပ်လျှက်လဲအားထုတ်နိုင်တယ်၊ သွားလျှက်လဲအားထုတ်နိုင်တယ်၊ စီးပွားရေးဆိုလို့ရှိရင် ဣရိယာပုသ် တခုတည်းများကြတယ်။

**ဥပမာ။** ။အပ်ချုပ်စားတဲ့ ပုဂ္ဂိုလ်ဟာ ထိုင်လျက် ချည်းဘဲ၊ စာရေးလုပ်စားတဲ့ ပုဂ္ဂိုလ်ဟာ များသော အားဖြင့် ကုလားထိုင်မှာ အချိန်ကုန်အောင် ထိုင်ရတယ်၊ ဈေးသည်များ မှာဆိုလို့ရှိရင် ထိုင်တာ သိတ်များတယ်၊ ကောက်စိုက်သမားတို့ စပါးရိတ်ထာမျိုးတို့ဆိုလျှင် တခါထဲကုန်းပြီးတော့ မတ်တတ်ရပ် ရိတ်ရတယ်၊ မတ်တတ်ရပ် ကောက်စိုက်ရတယ်၊ ကုန်းစိုက် လက် စိုက် ဆိုလို့ရှိရင် ရပ်ပြီးတော့ စိုက်ရတာဘဲ အဲဒါ တနေကုန်ဘဲ။

အဲဒါ သူတို့စီးပွားရေးကြတော့ ဆင်းရဲလိုက်ထာ ဒီလိုမယူ ဘူး၊ လောဘသားကိုး မျိုးတပေါပြီးရင်တပေါဘဲ၊ ဒီနေ့ဘယ် လောက်ရတယ်၊ ဘယ်လောက်စိုက်ရတယ်၊ စက်ချုပ်သမားကလဲ တထည်ပြီးရင် နောက်တထည်လိုသေး- ဒီနေ့ဘယ်လောက်စီမယ် ဆိုဒါ လောဘသားတွေဆိုတော့ နေပူဒါဘဲ၊ညောင်းဒါဘဲ ဘာမှ မဟုတ်တော့ဘူး။

ယခုဒီမှာ တရားထိုင်မယ်ဆိုရင် နေရာကလဲ နဲနဲ ကောင်းမှ မကောင်းရင် တရားလဲမပင်ချင်ကြဘူး၊ အဆင်းရဲလဲပိုပြီးတော့မခံ ချင်ကြဘူး၊ တယ်ဆင်းရဲတယ် တယ်ညောင်းဒါဘဲ၊ တရားတော့ အားထုတ်ချင်ပါရဲ့ ညောင်းတယ်ဆိုတဲ့ ဆင်ခြေတွေသိတ်များ ဒါဘဲ ဒါကြောင့်လဲ ယခုထက်ထိတရားမရကြတာဘဲ။

ဘယ်သူကမှ ကိုယ့်ကိုလာတားမြစ်ထာမဟုတ်ဘူး၊ထိုင်လျက် လဲအားထုတ်နိုင်ပါတယ်၊ အိပ်လျက်လဲ အားထုတ် နိုင်ပါတယ်၊ ရပ်လျက်လဲအားထုတ်နိုင်ပါတယ်၊ သွားလျက်လဲအားထုတ်နိုင်ပါ တယ်၊ ချမ်းသာသလိုအားထုတ်ကြ။

**ဥပမာ။** ။အပ်ချုပ်စားတဲ့ ပုဂ္ဂိုလ်ဟာ ထိုင်လျှက် ချည်းဘဲ၊ စာရေးလုပ်စားတဲ့ ပုဂ္ဂိုလ်ဟာ များသောအားဖြင့် ကုလားထိုင်မှာ အချိန်ကုန်အောင် ထိုင်ရတယ်၊ ဈေးသည်များမှာဆိုလို့ရှိရင် ထိုင်တာသိတ်များတယ်၊ ကောက်စိုက်သမားတို့ စပါးရိတ်ထာမျိုးတို့ဆိုလျှင် တခါထဲကုန်းပြီးတော့ မတ်တတ်ရပ်ရိတ်ရတယ်၊ မတ်တတ်ရပ်ကောက်စိုက်ရတယ်၊ ကုန်းစိုက် လက်စိုက် ဆိုလို့ရှိရင် ရပ်ပြီးတော့ စိုက်ရတာဘဲ အဲဒါ တနေကုန်ဘဲ။

အဲဒါ သူတို့စီးပွားရေးကြတော့ ဆင်းရဲလိုက်ထာ ဒီလိုမယူဘူး၊ လောဘသားကိုး မျိုးတပေါပြီးရင်တပေါဘဲ! ဒီနေ့ဘယ်လောက်ရတယ်၊ ဘယ်လောက်စိုက်ရတယ်၊ စက်ချုပ်သမားကလဲ တထည်ပြီးရင် နောက်တထည်လိုသေး- ဒီနေ့ဘယ်လောက်စီမယ် ဆိုဒါ လောဘသားတွေဆိုတော့ နေပူဒါဘဲ၊ညောင်းဒါဘဲ ဘာမှ မဟုတ်တော့ဘူး။

ယခုဒီမှာ တရားထိုင်မယ်ဆိုရင် နေရာကလဲ နဲ့နဲ ကောင်းမှ မကောင်းရင် တရားလဲမပင်ချင်ကြဘူး၊ အဆင်းရဲလဲပိုပြီးတော့မခံချင်ကြဘူး၊ တယ်ဆင်းရဲတယ် တယ်ညောင်းဒါဘဲ၊ တရားတော့ အားထုတ်ချင်ပါရဲ့ ညောင်းတယ်ဆိုတဲ့ ဆင်ခြေတွေသိတ်များဒါဘဲ ဒါကြောင့်လဲ ယခုထက်ထိတရားမရကြတာဘဲ။

ဘယ်သူကမှ ကိုယ့်ကိုလာတားမြစ်ထာမဟုတ်ဘူး၊ထိုင်လျှက်လဲအားထုတ်နိုင်ပါတယ်၊ အိပ်လျှက်လဲ အားထုတ်နိုင်ပါတယ်၊ ရပ်လျှက်လဲအားထုတ်နိုင်ပါတယ်၊ သွားလျှက်လဲအားထုတ်နိုင်ပါတယ်၊ ချမ်းသာသလိုအားထုတ်ကြ။

## ထိုင်ပုံထိုင်နည်း နှစ်မျိုး။

သမထ ထိုင်ပုံထိုင်နည်းကတမျိုး၊ အလွတ် ထိုင်ပုံထိုင်နည်းက တမျိုး၊ ဘယ်နှစ်မျိုးလဲ ?

။ နှစ်မျိုးပါဘုရား။ ။

## သမထ ထိုင်ပုံထိုင်နည်း။

သမထထိုင်ပုံ ထိုင်နည်းကို အရင် ဆုံးမမယ် သေသေ ချာချာ မှတ်ကြ။

"ပလ္လင်္ကံ အာဘုဇိတွာ - ပါဠိတော်" ယောကျ်ား ဖြစ်လျှင် အောက်ပိုင်း တပလ္လင်ခွေထိုင်၊ မိန်းမဖြစ်လျှင် မိန်းမထိုင် ထိုင်လို့ ဆိုလိုတယ်၊ ယောကျ်ားတွေ ဘယ်လိုထိုင်, တပလ္လင်ခွေထိုင်၊ မိန်းမတွေ ဘယ်လိုထိုင်, မိန်းမထိုင်,ထိုင်၊ ဒါယေဘုယျနည်းနော်၊ များသောအားဖြင့် ထိုင်ဒါပြောတာ။

ယောကျ်ားတွေလဲ မိန်းမထိုင် ထိုင်နိုင်ပါတယ်။ မိန်းမတွေလဲ တင်ပလ္လင်ခွေ ထိုင်နိုင် ပါတယ်၊ သို့သော်လဲဘဲ မိန်းမ ထိုင်လဲ တင်ပလ္လင်ခွေ တမျိုး ပါဘဲ၊ "အဒ္ဓပလ္လင်္ကံ"တဲ့ တဖက်သာလျှင် တဝက်သာလျှင် တင်ပလ္လင်ခွေ ထိုင်တယ်၊ ဒါကြောင့် တဖက် တဝက်သာလျှင် တင်ပလ္လင်ခွေ နည်းကို လောက မိန်း မ ထိုင်, ထိုင်လို့ ဆိုလိုက်ပေတယ်။

## တင်ပလ္လင်ခွေ ထိုင်ပုံ နှစ်မျိုး။

မထပ်ဘဲနဲ့ တင်ပလ္လင်ခွေထိုင်ပုံတမျိုး၊ ထပ်၍ တင်ပလ္လင်ခွေ ထိုင်ပုံတမျိုး နှစ်မျိုးရှိပါသည်၊ မထပ်ဘဲနဲ့ တင်ပလ္လင်ခွေ ထိုင်ပုံ

ဆုံးမမယ်၊ တရားအားထုတ်တဲ့ ယောဂီဆိုတာ ဉာဏ်ထက်ရတယ်၊ အရိပ်ပြလျှင် အကောင် ထင်ရတယ်၊ တကယ် ထိုင်ပြမှသိတယ်၊ ဘောလ်ထဲ ရေးပြမှသိတယ်ဆိုလျှင် ဉာဏ်နုံ့တယ်ခေါ်တယ်၊ ဒီက ပါးစပ်ပြောလိုက်ရင် သိပါပြီဘုရား၊ အရှင်ဘုရားပြောလိုက်ထာ နဲ့နဲ့တောင် ရှည်သေး၊ တပည့်တော်တို့ ပါးစပ် ဟလျှင် သိတဲ့ အနေမျိုးပါဘုရား၊ အဲဒီလိုဆိုလျှင် တရားအားထုတ်လို့ သိတ် လျင်မြန်တာဘဲ။

**မထပ်ဘဲနဲ့ တင်ပလ္လင်ခွေထိုင်ပုံ။**

**ဥပမာ။** ။ဘယ်ဘက် ခြေဖျားကို အပြင်ဘက် ထုတ် ထား၊ ညာဘက် ခြေဖျားကို ဘယ်ဘက် သကောက်ကွေး ကြားထဲသို့ သွင်းထား၊ ဉာဏ်မှာ မြင်ရဲ့လား ? ထပ်သလား ? မထပ်ဘူးလား ? မထပ်ဘူး၊ အဲဒါ မထပ်ဘဲနဲ့ တင်ပလ္လင်ခွေ ထိုင်ပုံ ထိုင်နည်းဘဲ။

**ထပ်၍ တင်ပလ္လင်ခွေထိုင်ပုံ။**

**ဥပမာ။** ။ဘယ်ဘက် ခြေဖျားကို ညာဘက် သကောက်ကွေး ပေါ်တင်၊ ညာဘက်ခြေဖျားကို ဘယ်ဘက်သကောက် ကွေးပေါ်တင်၊ ဉာဏ်မှာ မြင်ရဲ့လား၊ ထပ်သလား မထပ်ဘူး လား ?

။ မထပ်ပါဘုရား။

ထပ်၍ပင်ထိုင်ထိုင်၊ မထပ်ဘဲနဲ့ပင်ထိုင်ထိုင်၊ ကြာကြာထိုင်နိုင် တာ လိုရင်းဘဲ၊ မိန်းမထိုင်မှာလဲ ဖိ၍ထိုင်နည်းတမျိုး၊ မဖိဘဲနဲ့

ထိုင်နည်းတမျိုး၊ ကြိုက်သလိုထိုင်ကြ၊ ကြာကြာ ထိုင်နိုင်တာ ဆိုရင်းတခုပါဘဲ၊ အောက်ပိုင်းအတွက် ရှင်းသွားပြီ။

အထက်ပိုင်းပြောမယ်၊ ခါးက အောက်ကို အောက်ပိုင်းခေါ်ပါ၊ ခါးက အထက်ကို အထက်ပိုင်းခေါ်ပါ၊ ခါးက ဗဟိုနော်.... 'ဥဇုံကာယံ ပဏိဓါယ' ပါဠိတော် အထက်ပိုင်းဖြစ်သော ကိုယ်ကို မတ်မတ် ဖြောင့်ဖြောင့်ထား။

**အထက်ပိုင်း ကိုယ်ထားပုံ။**

အထက်ပိုင်း ဖြစ်သော ကိုယ်ကို မတ်မတ် ထားရ မယ်နော်.... ခေါင်းသည် အထက်ပိုင်းထဲကပါတယ်၊ ပါရင် ခေါင်းလဲ မတ်မတ် ထားရတယ်၊ ဒါက တရားထိုင်တဲ့ အခါ သမထ ထိုင်ပုံ ပြောတာ၊ သူ့နည်းနဲ့ သူ ခွဲထားရတယ်၊ မတ်မတ်ထားဆိုသော ကြောင့် ခေါင်းကြီး ငိုက်ဆိုက်, နောက်လန်, ဘေးစောင်း, မထားနဲ့ ကြည့်လို့လဲ မကောင်းဘူး။

အဲသလိုထားရင် သူငယ်ချင်း ဝင်လာတတ်တယ်၊ သူငယ်ချင်း ဟာ ထိနမိဒ္ဓဘဲ ငိုက်တတ်တယ်၊ သန်းတတ်တယ်၊ ပျင်းတတ် တယ်၊ ဝေတတ်တယ်လို့ ဆိုလိုသည်၊ ဟုတ်ကော ဟုတ်ကြ ရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

မှတ်ထားနော်.... သူငယ်ချင်း အဝင်မခံနဲ့ မျှတ်တတ်တယ်၊ အထက်ပိုင်းဖြစ်သော ကိုယ်ကို မတ်မတ်ထားရင် ဘယ်လိုအကျိုး ရှိမလဲ၊ ရောဂါဝေဒနာ နည်းခြင်း အကျိုးရှိတယ်လို့ 'ဗုဒ္ဓမဟ္ဂညူ' ကျမ်းပြုလိမ္မာ အဋ္ဌကထာဆရာတို့ ဖွင့်ပြပါသည်။

**ရောဂါဝေဒနာနည်းပုံ။**

အထက်ပိုင်းဖြစ်သော ကိုယ်ကို မတ်မတ် ထားမယ်ဆိုလျှင် ကျောက်ဆူးရိုး တဆယ့်ရှစ်ချောင်း ရှိပါတယ် မတ်မတ်ထားလိုက်တဲ့အခါမှာ အဲဒီ ကျောက်ဆူးရိုးချင်း အစွန်းချင်း ထိသွားတယ် ထိုးနေဒါဘဲ အစွန်းချင်းထိမယ် အစွန်းချင်း ထိုးမယ်ဆိုလျှင် အဲဒီ ကျောက်ဆူးရိုးမှာ ကပ်သော အသား, အရေ, အကြော, တို့သည် အောက်သို့ မလျောကျနိုင် မလျောကျလျှင် ရောဂါဝေဒနာ နဲခြင်း အကျိုးရှိတယ်လို့ ဗုဒ္ဓမတ္တည ကျမ်းပြုလိမ္မာ အဋ္ဌကထာ ဆရာမြတ်တို့ ဖွင့်ပြပါသည်။

လူတွေထိုင်နေကြ မမွတာက - ကျောကုန်းလေး ညွတ်ညွတ် မထားဘူးလား, ခေါင်းလေးက ရှေ့စိုက်မထားဘူးလား, အဲဒီလို ထားတယ်ခေါ်တယ် ဒါကတော့ အလွတ်နည်းပါ သမထ ထိုင်နည်းတော့ မဟုတ်ပါ၊ လက်ခ လေး လိုတော့တယ် လက်ကို ဘယ်လိုထားမလဲမေးရင် ကျမ်းဂန်ထဲ၌ လက်ကို ဘယ်လိုထားရမယ်ဆိုဒါ မပါသောကြောင့် ကြိုက်သလို ထားနိုင်သည် ချမ်းသာသလို ထားနိုင်တယ်လို့ အဓိပ္ပါယ်ရပါသည်။

**ရှေးဆရာတို့ လက်ထားပုံ။**

သို့သော် ရှေ့က ကမ္မဋ္ဌာန်း အားထုတ်ပြီးတော့ သွားကြတဲ့ ဆရာတော်ကြီးများလက်ထားပုံ ဘယ်ဘက်လက်ဖဝါး ပြောလိုက်လျှင် ညာဘက် လက်ဖဝါးကို သိပြီးသားဘဲ ဘယ်ဘက် လက်ဖဝါးဖြန့်ထား လက်ဖဝါးနဲ့ လက်ချောင်း တဖြောင့်ထဲ နေပါစေ, လက်ချောင်းလေးတွေလဲ တချောင်းနဲ့ တချောင်း ထိပြီး

တော့ စိတ်စိတ်ထား, ဘယ်ဘက် လက်ဖဝါးထားသလို ညာဘက် လက်ဖဝါးလဲ ဖြန့်ထား၊ ကဲ-ကပ်လိုက်, ဘယ်ဘက် လက်ဖဝါးက အောက်က ညာဘက် လက်ဖဝါးက အပေါ်ကတင် လက်မလေး နှစ်ခုထိပ်ချင်းယှဉ် အသာလေး ထိပ်ချင်းထိရုံလေးဘဲ၊တွန်းမထား နဲ့၊ တွန်းထားရင်း အဲဒီထိပ်ကနေ ဝေဒနာ ပေါ်တတ်တယ်၊ ထိရုံ လေး လက်မလေးနှစ်ခု ထိပ်ချင်းယှဉ် ပေါင်ပေါ်မှာ တင်ထား အဲဒါ သမထထိုင်ပုံနော်။

သမထ ထိုင်ပုံကတော့ သူများတွေရင်လဲ ကြည့်ညိုစရာ ကောင်းတယ်၊ အော်-အရိယာအရှင် သူတော်စင်တွေ ရွှေကုန်းက ကမ္မဋ္ဌာန်း အားထုတ်သွားဒါ ဒီနည်းပါလား၊ ဒို့လဲ သူတော်စင် အတန်းသို့ ဘုရား သာသနာတော်နဲ့ ကြုံကြိုက် ပဋိပတ္တိသာသနာ တော်,နဲ့ ဆုံခိုက်အခါမှာ ယခုလို ထိုင်ရခြင်းသည် ဒို့အဖို့မှာ သူတော်ကောင်း ပီသပါပြီ, မြတ်စွာဘုရားက, တရားအားထုတ် တရားအားထုတ်လို့,ဒီလိုဆိုဒါဘုရားစကား ဒို့တော့ နားထောင် ပြီလို့, အားရဝမ်းသာစရာလေး ဖြစ်လာတတ်တယ်,အဲဒါ သမထ ထိုင်ပုံထိုင်နည်းဘဲ။

ထိုင်ပုံ ထိုင်နည်းတော့ သိသွားပြီး ကြာကြာလေးတော့ ထိုင်ရတယ် နော် - ကြာခြင်း အကြောင်း တရား ပြောမယ်၊ တချို့က ငေါ့တတ်ထာ ရှိတယ်၊ ဘယ်လို ငေါ့သလဲ ဆိုလျှင် အို....ကြာကြာနေရင်,ထုံဒါ,ကျင်ဒါ,ကိုက်ထာ, ပေါ်ဒါပေါ့ကွာ ဒါတရားလား ပြောကြတယ်။

ထို့ကျင့်, ကိုက်, ခဲ ဆိုတဲ့ 'ကာယိကဒုက္ခ'ကို မြင်စေခြင်လို့ ကြာကြာထိုင်ခိုင်းသည် မဟုတ်ပါ၊ လျှပ်တလက်မက ဖြစ်ခြင်း, ပျက်ခြင်း,မအောင့်နိုင်တဲ့ သင်္ခါရ ဒုက္ခ,မြင်စေချင်လို့ ကြာကြာ ထိုင်ခိုင်းတာ၊ တိုတိုပြောလျှင် ခန္ဓာမှာ လျှပ်တလက်မက ဖြစ်ထာ, ပျက်ထာ,လေးကို မြင်စေချင်လို့ ကြာကြာထိုင်ခိုင်းတာ ရှင်းပါ ရဲ့လား ?

။ ရှင်းပါတယ်ဘုရား။ ။

**အဖုံးသုံးပါး။**

အရင်းခံပြောအုံးမယ် ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ အနိစ္စတလုံး မမြင်တာ,သန္တတိ ဖုံးလို့၊ ဒုက္ခတလုံး မမြင်တာ, ဣရိယာပုထ် ဖုံလို့၊ အနတ္တတလုံး မမြင်တာ, ဃန ဖုံးလို့ ဒါလူတိုင်းတော့ ကြားဘူးကြမှာဘဲ ဝိသုဒ္ဓိမဂ် စကားအတိုင်း လက္ခဏာရေး သုံးပါး မမြင်ကြတာ အဖုံးသုံးပါးရှိနေလို့။

**ဒုက္ခကိုဣရိယာပုထ် ဖုံးပုံ။**

ဒုက္ခမမြင်တာ ဣရိယာပုထ် ဖုံးတယ်ဆိုတဲ့ စကားတလုံးကို အခြေခံ စစ်ပြမယ် ဒုက္ခကို သင်္ခါရဒုက္ခ ကောက်ရတယ်၊ သင်္ခါရ ဒုက္ခဆိုတော့ ဖြစ်ခြင်း,ပျက်ခြင်း,မအောင့်နိုင်ဒါ,ရှင်းရှင်းပြောရင် ဖြစ်,ပျက်,ခေါ်တယ်၊ ခန္ဓာကိုယ်ကြီးထဲမှာ လျှပ်တလက်မက ဖြစ်ထာ, ပျက်ထာ,ခေါ်တယ်၊ အဲဒါမမြင်တာ, မမြင်တာ တခြား မဟုတ်ပါ၊ဣရိယာပုထ်ဖုံးနေလို့၊ဣရိယာပုထ်ဆိုတာ အနေလေး မျိုးခေါ်တယ်၊ ဖုံးတယ်ဆိုတာက ခဏခဏ ပြင်တယ်ခေါ်တယ်-

ထိုင်ဒါ ခဏ,ခဏ, မြင်နေလို့ အိပ်ထာ, ခဏ, ခဏ, မြင်နေလို့ ဆိုလိုတယ်။

ဒါဖြင့် ခဏ, ခဏ, မြင်လျှင် ဖုံးတတ်တယ် ဆိုသောကြောင့် ကြာကြာလေး ထားကြည့်ပါ၊ ထိုင်လဲ ခပ်ကြာကြာလေး ထိုင်၊ အိပ်လဲ ခပ်ကြာကြာလေးအိပ်၊ ရပ်လဲ ခပ် ကြာကြာလေး ရပ်၊ သွားလဲ ညောင်းလောက်အောင် ခပ်ကြာကြာ သွားကြည့်စမ်း၊ အဒီလို ထားကြည့်မယ်ဆိုလျှင် ခန္ဓာမှာ လျှပ်တလက်မက ဖြစ်လိုက်, ပျက်လိုက်, မြင်လာလိမ့်မယ်လို့ဆိုလိုသည်၊ ဒါကြောင့် ဒုက္ခကို ဣရိယာပုသ် ဖုံးတယ်ဆိုတဲ့ စကားတလုံး အခြေခံထားပြီး သကာလ ကြာကြာကလေး နေကြ ရှင်းသွားပလား ?

။ ရှင်းပါဘုရား။ ။

ကြာကြာနေခြင်း အကြောင်းနော် ကာယိက ဒုက္ခဆိုတဲ့ ကျင်, နာ, ကိုက်ခဲ့ဒါကို ပြောတာမဟုတ်ဘူး၊ခန္ဓာမှာ ရုပ်နာမ်ကလေးတွေလျှပ်တလက်မက ဖြစ်ထာ,ပျက်ထာ,လေးမြင်အောင် မှတ်နော်။

တင်းပြည့် ကျပ်ပြည့် ကြာသွားအောင် အမိဋ္ဌာန် ပါရမီလေး ကူနော်၊ပါရမီဆယ်ပါးလဲ သာဝကတွေ ဖြည့်ကျင့်ရတယ်၊ သာဝက ဗောဓိဆိုတဲ့ ရဟန္တာဆုထူးကြီးပန်တဲ့ ပုဂ္ဂိုလ်ဆိုလျှင်၊ပါရမီဆယ်ပါး ဖြည့်ကျင့်ရတယ် ခေါ်တယ်၊ ဒီမှာ အဓိဋ္ဌာန် ပါရမီလေး ရံခါ,ရံခါ, ကူရတယ်၊ အခါခပ်သိမ်းမကူနိုင်လို့ရှိရင်, ရံခါ ရံခါ ပါပစေ, ညက ပြောခဲ့တဲ့အတိုင်း နာရီဝက် ထိုင်နိုင်မယ် ဆိုလျှင်,နာရီဝက်အတွင်း၊တနာရီ ထိုင်မယ်ဆိုလျှင်,တနာရီအတွင်း

ဖရောင်းတိုင်တပက်၊ ဖရောင်းဟိုင်တတိုင် ဤအတွင်း၌မလှုပ်မယှက် မပြင်ဘဲနဲ့ ပေါ်တာမှတ်၍ နေပါမည်၊ ရည်ရွယ်ချက်ကလေးဟာ ဖြင့် အခိဋ္ဌာန်ပါဘဲ၊ အဲဒါ သမထ ထိုင်နည်းမှတ်။

စိတ်တော့ ဘယ်မှာထား ?

။ ရင်မှာထား။ ။

ဘာလုပ်နေ ?

။ ကိုယ်မှာပေါ်ဒါငါးမျိုးမှတ်နေ။ ။

ထိုင်ဒါမှတ်မလား, ပေါ်ဒါမှတ်မလား ?

။ ပေါ်ဒါငါးမျိုး မှတ်နေပါဘုရား။ ။

ထိုင်တာ လိုရင်းလား၊ ပေါ်ဒါမှတ်ရတာ လိုရင်းလား၊ ပေါ်ဒါမှတ်ရတာ လိုရင်းနော်.... သေသေ ချာချာ မှတ်ကြ၊ သမထထိုင်နည်းပြောဒါ။

အခိဋ္ဌာန် ပါရမီ ပြည့်၍ ဖြစ်စေ, ဆင်းရဲဒုက္ခ ပြင်းထန်လှ၍ ဖြစ်စေ, မနေနိုင်လို့ ပြင်ရတော့မယ် ဆိုလျှင်, ပြင်လိုက်တော့ အလွတ်ထိုင်ပုံ ပေါ်လာလိမ့်မယ်၊ ခုနပြောတဲ့အတိုင်း မပြင်ဘဲနဲ့ နေသွားရင်တော့, သမထ ထိုင်နည်း ခေါ်တယ်၊ ပြင်လိုက်မယ် ဆိုလျှင်, အလွတ်ထိုင်နည်းလို့ မှတ်ပါ။

လက်ပြင်လျှင် လက်ထဲ စိတ်ဖြန့်ပါ၊ ပေါ်ဒါမှတ်၍ တဖြေး ဖြေး ပပြင်ချင် ပြင်ချင် ပြင်ကြပါ၊ မျက်လုံးတော့ မှိတ်ထား နော်.... မျက်လုံးတွေ့မဟုတ်ဘူး၊ ဒီက ကိုယ်တွေ့ သက်သက်ခေါ် တယ်၊ လက်ပြင်ချင်ရင်, လက်ထဲစိတ်ဖြန့်, ပေါ်ဒါမှတ်၍ တဖြေး ဖြေး လက်ကိုပြင်ကြ။

ခုနတုန်းကတော့ ဘယ် ညာ ထပ်တယ်၊ ပြင်လိုက်တဲ့ အခါ ကြတော့ ညာ ဘယ်ပေါ့၊ ယခုလို ချည်းဘဲ ပြင်ရတော့မယ် ဆိုလျှင် အမှတ်နဲ့ ပြင်ကြ၊ ခဏ ခဏ တော့ မပြင် ရဘူးနော်.... ဆင်းရဲဒုက္ခ ပြင်းထန်လှ၍ မနေနိုင်မှ ပြင်ရတယ်။

**အလွတ်ထိုင်ပုံ။**

သမထ ထိုင်ပုံထိုင်နည်းမှတပါး ကြိုက်သလို ထိုင်ကြ၊ ဘယ် ညာ, ညာ ဘယ် ထပ်၍ဖြစ်စေ, မထပ်ဘဲဖြစ်စေ, လက်ဝါးချင်း ကပ်၍ ဖြစ်စေ, လက်တခုပေါ်၌ လက်တခုထပ်၍ဖြစ်စေ, လက် ပိုက်၍ ဖြစ်စေ, လက်နှစ်ဖက်ကို ပေါင်ပေါ်မှာ မှောက်, လျက် ပက်လက်, စောင်းလျက်ဖြစ်စေ, ဘေးချ၍ ဖြစ်စေ, ကြိုက်သလို ထားနိုင်သည်၊ အဲဒါ အလွတ်ထိုင်နည်းခေါ်တယ်။

ခြေထောက် ပြင်ချင်တယ် ဆိုလျှင် ခြေထောက်ထဲ စိတ်ဖြန့် ပေါ်ဒါမှတ်၍ ဖြေးဖြေး, ဖြေးဖြေး, ခြေထောက်ကို ပြင်ကြ၊ အိမ်မှာလို ဗြုန်းကနဲ, ဒိုင်းကနဲ, မြည်အောင် မပြင်ရဘူး၊ ယောဂီ တွေက များတယ်၊ ကိုယ့်နေရာမှာကိုယ်, ချွတ်ခနဲ, ဖြတ်ခနဲ, ပြင် မယ် ဆို လျှင် ဘေး က လာ ပြီး အားတုတ်တဲ့ ပုဂ္ဂိုလ် ဟာ အားထုတ်လို့ မရဘူး၊ သမာဓိပျက်တတ်တယ်။

ဒါကြောင့် အလေ့အကျင့် လုပ်ထားကြ၊ ခြေထောက် ပြင် သောအခါမှာဆိုလျှင်, ခုနတုန်းက တင်ပလ္လင်ခွေ ထိုင်ထားတယ်၊ အပြင်ဘက် ညာအတွင်း တင်ပလ္လင်ခွေ မိန်းမထိုင်,မထိုင်ချင်တော့ ဘူးဆိုလျှင်, ကြိုက်သလိုပါဘဲ, ခြေဆင်း၍ဖြစ်စေ, ဒူးထောက်၍ ဖြစ်စေ, ဒူးနှစ်ဖက်သိုင်း၍ ဖြစ်စေ, မှီ၍ဖြစ်စေ, မမှီဘဲနဲ့ ဖြစ်စေ

ကြိုက်သလို ခြေထောက်ကို ထားနိုင်ပါသည်၊ ဒါက အလွတ် ခြေထောက်ထားနည်းခေါ်တယ်။

ဘယ် ညာ တစောင်း ပြောင်းချင်တယ် ဆိုလျှင် စိတ်သည် ရင်ထဲက တကိုယ်လုံးသို့ဖြန့် ပေါ်ဒါမှတ်၍ ဖြေးဖြေး, ဖြေးဖြေး, ကိုယ်ကြီးကို ဘယ် ညာ တစောင်း ပြောင်းကြပါလို့ ဆိုလိုတယ်။

သမထထိုင်နည်းကော ထိုင်တတ်ပလား ?

॥ ထိုင်တတ်ပါပြီ ဘုရား။ ॥

အလွတ်ထိုင်နည်းကော ထိုင်တတ်ကြပလား ?

॥ ထိုင်တတ်ပါပြီဘုရား။ ॥

ထိုင်တာ မှတ်မလား၊ ပေါ်ဒါမှတ်မလား ?

॥ ပေါ်ဒါ မှတ်ရပါဘုရား။ ॥

ပေါ်ဒါမှတ်ရတာ လိုရင်းအချုပ်နော်....၊အဲဒါ နှစ်ခုချုံးရင် ညက စကားနဲ့ သွားကိုက်တယ်။

ထိုင်ချင်သလို မထိုင်ရဘူးလား ?

॥ ထိုင်ရပါတယ်ဘုရား။ ॥

ထိုင်ရတယ်နော်- ချမ်းသာသလို မထိုင်ရဘူးလား ?

॥ ထိုင်ရပါတယ်ဘုရား။ ॥

ထိုင်ဒါလိုရင်းလား ပေါ်ဒါ မှတ်ရတာလိုရင်းလား ?

॥ ပေါ်ဒါမှတ်ရ ဒါလိုရင်းပါဘုရား။ ॥

ပေါ်ဒါမှတ်ရဒါ လိုရင်းနော်....ကို့ယို့ကားယားထိုင်နေလို့ ရှိလျှင် ကို့ယို့ကားယားမှတ်မလား၊ ပေါ်ဒါမှတ်မလား ?

။ ပေါ်ဒါ မှတ်ရပါဘုရား။ ။

ပေါ်ဒါမှတ်နေ၌.... ကိုယ့်ကားယားကို သူမြင်တာမှမဟုတ်ဘဲ၊ ခန္ဓာမှာရှိတဲ့ အပူကလေး၊ အအေးကလေး၊ လှုပ်ရှားမှု ဆိုတဲ့ ဓာတ်ကလေး၊ ကန့်၊ တိုး၊ တွန်း၊ ဆိုတဲ့ လေဓာတ်ကလေးသူတို့ ကိုယ့်ကားယား ပါရဲ့လား ?

။ မပါပါ ဘုရား။ ။

သူတို့ပေါ်ပြီး ပျက်သွား တာဘဲ၊ ပေါ်ရုံ ပေါ်ပြ တာဘဲ၊ သူတို့အနေ ကြည့်မယ်ဆိုလျှင် ဒီအပူ၊ အအေးလေး၊ဟာ ကိုယ့် ကားယား ရှိပါ့မလား ?

။ မရှိပါဘုရား။ ။

ဒီအပူ၊ အအေး၊ လေးဟာ တယ်ရှိသေဒါဘဲ၊အဲသလို ရှိသေးသလား ?

။ မရှိတော့ပါဘုရား။ ။

မရှိတော့ဘူး အင်မတန် သိမ်သိမ် မွေ့မွေ့ အခိုးအငွေ့သာ ရှိဒါ ချက်ခြင်းပေါ်၊ ချက်ခြင်းပျက်၊ သွားတာဘဲ သူတို့ကို ကိုယ့်ကားယားအသွင် ဘယ်ထင်မလဲ။

ထင်ရဲ့လား ?

။ မထင်ပါဘုရား။ ။

သူက သဘောလောက် ရှိဒါဘဲ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

အဲဒါ ထိုင်လျှက် အားထုတ်ပုံပါဘဲ။

## အိပ်လျက် အားထုတ်ပုံ။

အိပ်လျက်အားထုတ်ပုံပြောမယ်။ ။ညကအတိုင်းဘဲချမ်းသာသလို အိပ်နိုင်တယ်, အိပ်တတ်သလို အိပ်နိုင်တယ်, ယခုမနက်လဲ ဒီအတိုင်းပါဘဲ ဘယ်လိုအိပ်ပြီး အားထုတ်ရမယ်လို့ ကျမ်းဂန်မှာ သေချာစွာ မပါ အိပ်ပုံ အိပ်နည်းလေးတော့ ပါ,ပါတယ် - အိပ်လျက် အားထုတ်ပုံတော့ မပါ။

ဒါကြောင့် ကျမ်းဂန်အရ ပြောမယ်ဆိုလျှင် ချမ်းသာသလို အိပ်နိုင်တယ်, အိပ်တတ်သလို အိပ်နိုင်တယ်လို့, ကောက်ပါ၊ သို့သော် ကမ္မဋ္ဌာန်း အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တို့ လက်တွေ့ပြောရင် ပက်လက်လှန်ပြီးတော့ အိပ်လျက် အားထုတ်မယ် ဆိုလျှင် မြင်လွယ်တတ်ပါသည်။

## ပက်လက်လှန်အိပ်ပုံ။

လူ သေပြီးကာစ အလောင်းပြင်ထားတဲ့ ပုံသဏ္ဍာန်လို, ဆရာဝန်များ ခွဲစိတ်တော့မယ်လို့, ခုံပေါ်မှာ ပက်လက်လှန်ပြီးတော့ တင်ထားတဲ့ ပုံသဏ္ဍာန်လို, ခြေထောက်ရယ်, ကိုယ်ကြီးရယ်, ခေါင်းရယ်, ဒီသုံးခု တဖြောင့်ထဲထား တောင့်တောင့် တင်းတင်း ကြီးလဲ မလုပ်နဲ့, အသက်ရှူ ပြင်းပြင်းကြီးလဲ မလုပ်နဲ့၊ သူ့ဟာနဲ့သူ, အသာလေး ပြစ်ထား, နာတာရှည် လူမမာတို့သည် အမောဆိုက် သေတော့မည့်ဆဲဆဲလေးမှာ အသက် ရှူရှိုက်, ရှူရှိုက်, ခနေတဲ့ ပုံသဏ္ဍာန်လို ခန္ဓာမှာကြည့်မယ်ဆိုလျှင် ဗိုက်ခလေးဟာ အင်မတန်မှ လျော့ပြီးသကာလ, ထားတဲ့ ပုံသဏ္ဍာန်လို, ခပ်လျော့လျော့လေး ထားရင် ပိုပြီးတော့ ကောင်းပါတယ်၊

မြင်မှုမြင်ပါ့မလားလို့ ဒီလိုစိတ်မျိုး နဲနဲမှ မမွေးပါနဲ့၊ ငါသည် ပါရမီထူးရှိတဲ့ ပုဂ္ဂိုလ်တယောက်ဘဲ၊ အားထုတ်လိုက်လျှင် မုချ ရမှာဘဲဆိုဒါ၊ ယုံကြည်ပြီးသကာလ ကြိုးစား အားထုတ်ကြ။

အိပ်တော့ ကြာကြာလေးအိပ်နော်၊ အိပ်မပျော်သွားလျှင် ထိုင်လျက် အားထုတ်တာထက်၊ အိပ်လျက် အားထုတ်ထာက ပိုမြင်တတ်တယ်၊ သို့သော် ပက်လက်အိပ်လိုက်လို့ ရှိလျှင်၊ သူငယ် ချင်းထိနမိဒ္ဓ၊ ဝင်လာသောကြောင့် အိပ်ပျော် သွားတတ်တယ်၊ အဲဒါလေးဟာ ဆိုးတယ်ခေါ်တယ်၊ ထိနမိဒ္ဓ မဝင်ဘူးဆိုလို့ ရှိလျှင် ကြာကြာလေးအိပ်၊ အိပ်ပျော်ဒါ ပြောတာ မဟုတ်ဘူးနော်။

"ကာယပသာရဏာသခ်ါတံ သယနမ္ဒိဝုစ္စတိ" လို့ အဋ္ဌကထာ လာသောကြောင့် ကိုယ်လက် ဆန့်တန်းတာခေါ်တယ်၊ အိပ် ပျော်ရင်တော့ မရဘူး၊ ကြာကြာလေး တုံးလုံးလှဲတာ၊ တင်း ပြည့်ကျပ်ပြည့်ကြာသွားအောင် အဓိဋ္ဌာန် ပါရမီလေးလဲ ရံခါ ရံခါကူကြ။

စိတ်ဘယ်မှာထား ?

॥ ရင်မှာထား॥ ॥

ဘာလုပ်နေ ?

॥ ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေ॥ ॥

အိပ်ထာမှတ်မလား ပေါ်ဒါမှတ်မလား ?

॥ ပေါ်ဒါငါးမျိုးမှတ်နေ॥ ॥

ဘယ်နေရာကမှတ် ?

။ ရင်ကမှတ်။ ။

ဘာနဲ့မှတ် ?

။ စိတ်နဲ့မှတ်။ ။

ဘယ်အချိန်မှတ် ?

။ ပေါ်တဲ့အချိန်မှတ်။ ။

ဘယ်မှာပေါ်တတ် ?

။ တကိုယ်လုံးမှာပေါ်တတ်။ ။

ဒါလိုရင်းဘဲ ဘယ်လို အိပ် အိပ်၊ အိပ်ထာ လို ရင်း မဟုတ်ဘူးနော် - အမိဌာန် စေ့၍ဖြစ်စေ၊ ဆင်းရဲဒုက္ခ ပြင်းထန်လှ၍ဖြစ်စေ၊ မနေနိုင်တော့ဘူး ပြင်ရတော့မယ်ဆိုလျှင်၊ မျက်လုံးတော့မှိတ်ထားနော်၊ မျက်စိအာရုံတော့ ဆိတ်ပဲစေ၊ လက်ပြင်လျှင် လက်ထဲစိတ်ဖြန့်၊ ပေါ်ဒါမှတ်၍ ဖြေးဖြေးပြင်ကြ၊ ခြေထောက်ပြင်ချင်ရင်၊ ခြေထောက်ထဲ စိတ်ဖြန့်၊ ပေါ်ဒါမှတ်၍ ဖြေးဖြေး၊ ပြင်ကြ။

ကိုယ်ကြီးဘယ်ညာတစောင်းပြောင်းချင်တယ်၊ ကွေးချင်တယ်၊ ဆန့်ချင်တယ်ဆိုလျှင်ကိုယ်ကြီးထဲစိတ်ဖြန့်၊ပေါ်ဒါမှတ်၍ဖြေးဖြေး၊ ဖြေးဖြေး၊ဘယ်ညာတစောင်း ပြောင်းပါ၊ ကွေးပါ၊ ဆန့်ပါ၊လို့ ဆိုလိုသည်။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ဆရာတော်က ပက်လက်လှန်အိပ်လျှင် မြင်လွယ်တယ်ဆိုသော်လဲ့လူချင်းလဲမတူဘူး, စိတ်ထားချင်းလဲမတူဘူး, ဒို့တော့ စောင်းလျှက်အားထုတ်ထာ မြင်လွယ်တယ်၊ ဒို့တော့ ပက်လက်အားထုတ်ထာမြင်လွယ်တယ်၊ ဒို့တော့ ကွေးလျှက် အားတုတ်ထာ မြင်လွယ်တယ်! မှောက်လျှက် အားထုတ်ထာ မြင်လွယ်တယ်၊ ကိုယ်မြင်လွယ်တဲ့ နည်းအတိုင်းသာ ကြိုးစားအားထုတ်ကြ။

**ရပ်လျှက်အားထုတ်ပုံ။**

ရပ်လျှက်အားထုတ်ပုံပြောမယ်၊ ရပ်လဲရပ်ကြနော်- ရပ်လျှင်ဘယ်လိုမြင်တယ်ဆိုဒါလဲသိရအောင်ဆွမ်းလောင်းတော့မတ်တတ်ရပ်လောင်းကြတယ်၊ ကဲ- ခန္ဓာထဲမှာ့မတ်တတ်ရပ်ထာ, ငါရပ်သလား ?

။ မဟုတ်ပါဘုရား။ ။

ပေါင်ခြေသလုံးနဲ့ရပ်သလား ?

။ မရပ်ပါဘုရား။ ။

ကိုယ်ကြီးနဲ့ရပ်သလား ?

။ မဟုတ်ပါဘုရား။ ။

တကယ်တန်း လက်တွေ့ "ဘာဝနာမယဒါန"ဆွမ်းလောင်း ရအောင်နော်- ရပ်လျှက်လဲ လုပ်ထားရတယ်။

**မတ်တတ်ရပ်ပုံ။**

ညကတော့ ချမ်းသာသလိုရပ်နိုင်တယ်၊ ယခုလဲ ဒီအတိုင်းဘဲချမ်းသာသလိုရပ်နိုင်တယ်၊ရပ်တတ်သလိုရပ်နိုင်တယ်၊ ခြေနှစ်ဘက်

စုံရပ်၍ဖြစ်စေ- တဖက်ထောက်ပြီးရပ်၍ဖြစ်စေ- မှီပြီးတော့ရပ်၍ဖြစ်စေ- မမှီဘဲနဲ့ရပ်၍ဖြစ်စေ- လက်ပိုက်လျက်ရပ်၍ဖြစ်စေ- လက်ချလျက်ရပ်၍ဖြစ်စေ- ကြိုက်သလိုရပ်နိုင်ပါသည်၊ အဲဒါမတ်တတ်ရပ်ပုံကလေး, ကြာကြာတော့ ရပ်နေ၁်-တင်းပြည့် ကျပ်ပြည့်ကြာသွားအောင် အမ်ဋ္ဌာန်ပါရမီလေးလဲ ရံခါရံခါကူကြ။

စိတ်တော့ ဘယ်မှာထား ?

॥ ရင်မှာထား ॥ ॥

ဘာလုပ်နေ ?

॥ ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေ။ ॥

ရုပ်ထာမှတ်မလား၊ ပေါ်ဒါမှတ်မလား ?

॥ ပေါ်ဒါမှတ်နေပါဘုရား ॥ ॥

ပေါ်ဒါငါးမျိုးမှတ်နေ၁်- အမ်ဋ္ဌာန်စေ့၍ဖြစ်စေ၊ မနေနိုင်တော့ဘူး ပြင်ရတော့မယ် ဆိုလျှင်, ပေါ်ဒါမှတ်၍ ဖြေးဖြေး-, ဖြေးဖြေး, မပြင်ချင်, ပြင်ချင် လှုပ်ျင်းသဘောနဲ့ ပြင်ကြ၊ ဒါက ရပ်လျက်အားထုတ်ပုံဘဲ။

**လျှောက်အားထုတ်ပုံ။**

စင်္ကြံန်လျှောက်ရမယ်နေ၁်-စင်္ကြံန်တော့ မလျှောက်ဘဲမနေကြနဲ့၊ မကျန်းမမာအိုမင်းမစွမ်းတဲ့ပုဂ္ဂိုလ်တွေမဟုတ်ရင် စင်္ကြံန်တော့ ခပ်နာနာလျှောက်ပါ၊ ကျမ်းဂန်ထဲမှာ စင်္ကြံန် လျှောက်လျက် တရားထူးပေါက်တာတွေများသည်။

မိလက္ခုပမာ တုယှူစရာ။

အင်မတန် အကုသိုလ်တွေ ကြီးမားပြီးတော့နေတဲ့ မိလက္ခ-မထေရ်ကြီးဟာ လူဖြစ်စဉ် အခါ ကာလတုန်းက မုဆိုးအလုပ်နဲ့ အသက်မွေးသတဲ့၊ တောတောင်မှာပိုက်ကွန်တွေထောင်၊ ထောင်ချောက်တွေထောင်၊ရတဲ့သားသမင်များကို၊ဖုတ်ကင်စားသောက်ရောင်းချပြီးတဲ့နောက်၊ ရေသောက် ချင်တဲ့ ဆန္ဒ ကြောင့် တောကျောင်းတကျောင်းသို့သွား ရေသောက်မယ်လို့ ရေကိုဖွင့်ကြည့်လိုက်တဲ့အခါမှာ ရေတစက်မှမတွေ့ရဘူး။

မလှမ်းမကမ်းမှာ စကြံန်လျှောက်၍ တရားအားထုတ် နေတဲ့မထေရ်ကိုတွေ့တော့၊မထေရ်ကြွားအောင် အော်ပြောလိုက်တယ်၊ တယ်ပျင်းတဲ့ရဟန်းပါလား၊ သူများလှူတဲ့ ဆွမ်း၊ကွမ်း၊တွေစားပြီးတော့ ရေလေးတောင် မခပ်ချင်၊ အင်မတန်ပျင်းတဲ့ ရဟန်းဘဲလို့၊ ပြောလိုက်တဲ့အသံကို မထေရ်က ကြားတော့၊ ထူးဆန်းသည်ဖြစ်လေသောကြောင့် ရေအိုး လာ ဖွင့်ကြည့် လိုက်တဲ့ အခါမှာရေအပြည့် တွေ့ရ၍ ခွက်ခလေးနဲ့ ခပ်ပေး လိုက်တဲ့ အခါ မှာ၊ မုဆိုးကြီးလဲ ဝလောက်အောင် သောက်ရ၊ ရေသောက်ပြီး မုဆိုးကြီး စဉ်းစားတယ်၊ ဩော် ငါ့ အကုသို လ် ကံ တို့ သည် ကားအင်မတန် ကြီးမားလှပါ တကား၊ ရေပြည့်သော အိုးတောင်ပုန်းရှောင်တဲ့ပမာ၊ ရေတစက်မှမတွေ့ရဘူး၊ ဒီအတိုင်း နေခဲ့ပါမူငါသည် မုချ ဆတ်ဆတ် အပါယ် ကျတော့မှာဘဲလို့၊ ထိတ်လန့်သံဝေဂ ရပြီးတဲ့နောက် တောကျောင်းမထေရ်ထံ၊ကိုရင်ကြီး ဝတ်ပြီးသကာလ၊ တရားများအားထုတ်ပြီးတော့နေပါသတဲ့။

ကိုရင်ကြီး ဝတ်ပြီး အားထုတ်ပင် အားထုတ်ပါ သော်လဲ၊ ကောင်းတဲ့အတိတ်နိမိတ်တွေ ဘာတခုမှမမြင်၊ လုပ်နေကြ ဖြစ်တဲ့ တောတောင်မှာ ပိုက်ကွန်တွေမြင်၊ ထောင်ချောက် တွေ မြင်၊ ဖုတ်ကင်စားသောက်တာတွေ မြင်နေတော့၊ ကိုရင်ကြီး စဉ်းစား တယ်၊ ငါသည် အပါယ်ကျမှာကြောက်လို့ ကိုရင်ကြီး ဝတ်ပြီး တရားအားထုတ်ပါသော်လဲ၊ ထူးထူးထွေထွေ ကောင်းတဲ့အတိတ် နိမိတ်ဆိုလို့ ဘာတခုမှမမြင်၊ လုပ်နေကြဖြစ်တဲ့ မုဆိုး အလုပ်နဲ့ ပတ်သက်ပြီးတော့ မြင်နေတယ်၊ ဒီအတိုင်း နေလို့တော့ ဘာ အကြောင်းထူးအုံးမှာလဲ၊ လူထွက်တာ ကောင်းတယ်လို့ ဆရာ သမား သွားလျှောက်တယ်။

ဆရာဖြစ်တဲ့ပုဂ္ဂိုလ်က တခါထဲ အဝီစိငရဲမီးကြီးကို အမိဌာန် လေးနဲ့ ယူပြီးတော့ သူ့ပြလိုက်ထာဘဲ၊ ကိုရင်ကြီး ဒီမီးဟာနော်.... ငရဲမီးခေါ်တယ်၊ ကိုရင်ကြီး မနေနိုင်လို့ လူထွက်မယ် ဆိုလျှင် ဟောဒီ .... ငရဲမီးတော့ လောင် ခံ ရ မှာ ဘဲ၊ ဆရာ ကလဲ သာမည ဆရာမဟုတ်ဘူး၊ အဘိညာဉ်တန်ခိုးအင်မတန်အမျိုးမျိုး မှာပြည့်စုံတဲ့ဆရာဖြစ်တော့ ဪ ငါ့ဆရာ ပြောတာ အင်မတန် မှန်မှာဘဲ၊ ငါတော့လူထွက်ရင်တော့ ဒီမီးတော့ အလောင်ခံရမှာ ဘဲဆိုပြီးတော့ ကြောက်ထာကိုး၊ ကြောက်တော့ အဲဒီမီးမလောင် ရအောင်၊ အဝီစိငရဲမီးထဲမကျရအောင် သူက သိတ်ပြီး ပြင်းပြင်း ထန်ထန်အားထုတ်တာဘဲ။

ကောက်ရိုး ကရွတ်ခွေစိစိကြီးကို ခေါင်းပေါ် တင်ပြီးကာ ခေါက်တုံ့ ခေါက်ပြန် စင်္ကြံန်လျှောက်ခါ အားထုတ် နေသည့်

အတွင်းမှာ "ဖြစ်ပျက် သုံးခါရပ်တဲ့ အနာဂါမ်"အဖြစ်သို့ရောက်သွားသတဲ့။

ဒါကြောင့် ကျမ်းဂန်ထဲမှာ လမ်းလျှောက် နေရင်း တရားအားထုတ်ထား! တရားထူးပေါက်ထာ များလှ၏၊ စင်္ကြံန်လျှောက်ခြင်းအကျိုး၊အကျိုးငါးပါးကလဲ ပဥ္စကနိပါတ် အင်္ဂုတ္တိုလ် ပါဠိတော်ဘုရားကိုယ်တိုင်ဟောထားပါသည်။

## လမ်းလျှောက်ခြင်းအကျိုးငါးပါး

**ဆောင်။** ။ခရီးသွား နိုင်၊ ကြန့်ခိုင် အားအင်၊ကင်းစင်ရောဂါ၊ အစာကြေကျက်၊မပျက်သမာဓိ၊ငါးပါးရှိ၊ လာ၏ စင်္ကြံန်အကျိုးတည်း။

**ခရီးသွားနိုင်။** ။စင်္ကြံန်လျှောက်တဲ့ပုဂ္ဂိုလ်တို့သည် အကြောင်းတခုရှိလို့ ခရီးသွားမယ်ဆိုလျှင် ခရီးလဲ သွားနိုင်တယ်၊ ပေါင်မှိုးခုခြင်း၊ ခြေထောက်နာခြင်းမရှိ၊ နေ့ခြင်းပြန်မသွား နိုင်သောပုဂ္ဂိုလ်တို့သည် နေ့ခြင်းပြန်သွားနိုင်တယ်။

ခရီးသွားတော့ခြေထောက်နဲ့ သွားတယ်၊ သွားပါများတော့ ရင်က မောတယ်၊ ချွေးကျတော့တကိုယ်လုံး အိုက်စပ်စပ်ဖြစ်သွားတယ်၊တကိုယ်လုံးဖြစ်ပျက်ချည်းဘဲ၊ လမ်းလျှောက်တော့'လေ'နဲ့ လျှောက်'လေ'နဲ့ လျှောက်ရင်မိပါ၊မီးနဲ့ လေနဲ့ နှစ်ခုပေါင်းတော့ တကိုယ်လုံး ပူရှိန်ပူခိုး ပူငွေ့တွေထ၊ အိုက်စပ်စပ်ဖြစ်၊ နောက်တော့ အာကာသရပြီးတော့ချွေးလေးတွေတစိုစိုနဲ့ ဖြစ်နေတယ်၊ ဒါကြောင့်လမ်းလျှောက်ပါများတော့'လေ'နဲ့ လျှောက်သာများ

တတ်တယ်'လေ'နဲ့ လျှောက်ထာ များသောကြောင့် အကြောင်း ရှိလို့ ခရီးသွားလျှင်ခရီးသွားနိုင်ခြင်းအကျိုးတခုရပါသည်။

**ကြံ့ခိုင်အားအင်။** ။အင်အားဗလများလဲ ခိုင်မာသန့်စွမ်း သတဲ့၊ အင်အားဗလ မဆုတ်ယုတ်ဘူး ဆိုလိုတယ်။

**ကင်းစင်ရောဂါ။** ။တယ်ဟုတ်ပါလား ရောဂါလဲ ကင်းစင် တတ်တယ်၊ ကျမ္မာရေးနဲ့လဲ ပြည့်စုံ တတ်တယ်။

ဒါကြောင့် မြို့များမှာ အဘိုးကြီးတွေပင် ဖြစ်သော်လဲ၊ တယ် လမ်းလျှောက်ကြတယ်၊ မနက်စောစော၊ လေးနာရီ - လေးနာရီ ခွဲလောက်ဆိုရင်, နှင်းကလေးနဲ့, တချို့လမ်းလျှောက်တယ်၊ အခု အလေ့အထမှာဆိုရင်,အဘိုးကြီးတွေတင် မဟုတ်တော့ဘူး၊ တအိမ်သားလုံး, သားကလေးတွေ, သမီးကလေးတွေ တပြုံကြီးနဲ့ လမ်းထွက်လျှောက်တယ်၊ ရောဂါလဲကင်း ကျမ္မာရေးနဲ့လဲ ပြည့် စုံ၊ ခုန ဆရာတော် ပြောတဲ့အတိုင်းဘဲ၊ လမ်းလျှောက်တော့ အခိုးထ၊ အခိုးထတော့ ခန္ဓာမှာဆိုလို့ရှိရင်၊ အာကာသ ရပြီး တော့ ချွေးလေး တစိုစို ဖြစ်နေတော့, ကျမ္မာရေးနဲ့ ပြည့်စုံ တယ်၊ အခိုး အငွေ့တွေလဲ ကိုယ်ထဲမှာ မအောင်းတော့ဘူး။

**အစာကြေချက်** ။လမ်းလျှောက်ထာ အစာကြေ ဆိုပါ ကလား၊ ပျို့တယ် အံတယ် အစာမကြေ ဘူးလို့ ထင်ရင် လမ်းလျှောက်တဲ့။

ဒါ ဘုရားဟောနေ၁်၊ ဘုရားဟောဒါလဲယုံကြည်ကြ။ ။ကြေမှာပေါ့ ဟို-ပါစက တေဇောဆိုတဲ့ ဝမ်းမီးဟာ စားသောအစာကို ကြေချက်တတ်တယ်၊ အဲဒီ ဝမ်းမီးညံ့နေရင် အစာမကြေဘူးပေါ့၊ အဲဒီဝမ်းမီးကလေးကို လမ်းလျှောက်တဲ့ အခါကြတော့ ခန္ဓာမှာ ပုရိုန်, ပုခိုး, ပုငွေ့ တွေ ထတယ်ခေါ်တယ်၊ ဥတုဇ, မီးတဲ့ စိတ္တဇ,ဥတုဇ,မီးခေါ်တယ်၊ အဲဒီ မီးကလေးက ခုပြောတဲ့ ပါစက တေဇောဆိုတဲ့ ကမ္မဇရုပ် ဝမ်းကို ဝိုင်းပြီးတော့ အားပေးလိုက်တဲ့ အခါ ကြတော့၊ ချက်ခြင်း ကြေသွားတာဘဲ တယ်ကောင်း တာဘဲ။

**မပျက်သမာဓိ။** ။ဆရာ တော်တို့ လုပ်ငန်း အဲဒါဘဲ၊
သမာဓိမပျက်ဘူး၊အသာကလေး နေရင်
သမာဓိ ပျက်ချင် ပျက်အုံးမယ်။

ခုတော့ သမာဓိ မပျက်ဘူး၊ ဟုတ်လဲဟုတ်ထဲဘဲ လမ်းကို ကြာကြာ လျှောက်နေတဲ့ ပုဂ္ဂိုလ်တယောက် ရပ်လိုက်စမ်း၊ ရင်ထဲက ဒိတ်ဒိတ်နဲ့ ၊ ချွေးဟွေလဲကြ၊ ရင်လဲ သိတ်ခုန်တာဘဲ၊ ခရီးသွားစမ်း၊ခရီးသွားတဲ့အခါ မောလို့ နားကြစို့လို့ဆိုရင်, ခန္ဓာမှာ ချွေးပြန်လာတာဘဲ၊ အမှန်မှာ ခရီးသွားက အိမ်ပြန်ရောက် လျှင်ရောက်ချင်း ထိုင်, ထိုင်ပြီးတော့ အိမ်က တခုခုပြောလိုက်ရင်, ဟာ, နေစမ်းပါဦး နောက်မှ ပြောစမ်းပါ, ဒီမှာ မောလှန်းလို့ ၊ မောလှန်းလို့ဆို၊ ရင်ကလဲသိတ်ခုန်, ချွေးတွေကလဲ သိတ်ကြ, အဲဒါ မကြည့်ဘဲမနေနိုင်ဘူး၊ ဟိုမှာဒီမှာသွားပြီး စိတ်ရောက် သော်လဲ ခဏကလေး၊ ခန္ဓာမှာ အင်မတန်မှ တခါထဲ ဖြစ်ပျက်

တွေက၊ သိတ်မြန်နေတာဘဲ၊ ဒါကြောင့် "မပျက်သမာဓိ" သိတ်ကောင်းတာ၊ သမာဓိလဲမပျက်ဘူး၊ သမာဓိမပျက်ရင် ဖြစ်ပျက်မြင်တာပေါ့။

သမာဓိ လိုရင်းဘဲပေါ့ "မပျက်သမာဓိ၊ ငါးပါးရှိ၊ လာ၏စကြံန်အကျိုးတည်း"ဘုရားဟောကလေးကို တခါတည်း လက်ာစီကုံးလိုက်တယ်။

"ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေချက်၊မပျက်သမာဓိ၊ငါးပါးရှိ၊လာ၏စကြံန် အကျိုးတည်း" တဲ့ စကြံန်လျှောက်ရမယ်နော်၊ အဘိုးကြီးတွေ၊ အဖွားကြီးတွေ၊ မလျှောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖယ်ထား၊ လျှောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေ လမ်း နာနာ လျှောက်၊ ဘေး မှာ လျှောက်လို့လဲ သိတ်ကောင်းတာဘဲ၊ ကဲ လမ်းလျှောက်ပုံကလေး အရေးကြီးတာဘဲ။

**လမ်းလျှောက်နည်း။**

ညကတုန်းက ချမ်းသာသလို လျှောက်နိုင်၏၊ လျှောက်တတ်သလို လျှောက်နိုင်၏၊ ဒီနေ့အရင်းကြကြပြောမယ် လမ်းလျှောက်တော့မယ်ဆိုတော့၊ မတ်တတ်မရပ်ဘူးလား၊ မတ်တတ်ရပ်တော့စိတ်ဘယ်မှာထား ?

။ ရင်မှာထားပါဘုရား။ ။

ဘာလုပ်နေ ?

။ ပေါ်ဒါ ငါးမျိုးမှတ်နေပါဘုရား။ ။

ဒီအတိုင်းဘဲ မတ်တတ်ရပ်နေပြီးတော့ မျက်စေ့ထဲ မြင်ထား "အာဒိကမ္မိက" တရားအားထုတ်ခါစ အမြင် မသန်သေးသော ယောဂီများအတွက် ဆုံးမမယ်တဲ့။

လမ်းလျှောက်တော့ လက်ကို ငြိမ်ထားရမယ်၊ လက်ငြိမ်ထား မှတ်ပါ၊ လက်ငြိမ်ပုံ လေးမျိုး။

(၁) လက်နှစ်ဘက် ရှေ့ချ၍ဖြစ်စေ။
(၂) လက်နှစ်ဘက် ဘေးချ၍ဖြစ်စေ။
(၃) လက်နှစ်ဘက် နောက်ပစ်၍ဖြစ်စေ။
(၄) လက်ပိုက်၍ဖြစ်စေ။

လက်ငြိမ်ပုံ ဘယ်နှစ်မျိုးလဲ ?

။ လေးမျိုးပါဘုရား။

## ဣန္ဒြေခြောက်ပါး တည်တည်ထား။

မှတ်ပါနေဦး အချိုးကြပါစေ၊ ဆုံးမပြီးလျှင် တသွေမတိမ်း လိုက်နာပါ၊ မျက်လုံးလိုတယ်၊ မျက်လုံးလိုတယ်၊ ယောဂီဆိုတာ "ပါတိမောက္ခသံဝရ"သီလတင်မဟုတ်သေးဘူး "ဣန္ဒြိယသံဝရ" သီလပါတယ်၊ ဣန္ဒြေ ခြောက်ပါး လုံရတယ်, မျက်စေ့အတွက် ဆိုတော့ စက္ခုန္ဒြေလုံရတယ်၊ မျက်စေ့ စောင့်စီးပါနေဦး၊ မျက်စေ့ မကလက်ပါနဲ့, မဆော့ပါနဲ့, မကစားပါနဲ့,ဆိုလိုသည်။

မကလက်နဲ့,မဆော့နဲ့,မကစားပုံကလေး။ ။လမ်းလျှောက် ရင်, လမ်းကလေးလောက် မြင်အောင် ကြည့်ပါ၊ ဟိုကြည့်

ဒီကြည့်၊ ဟိုစာအုပ်ကြည့် ဒီစာအုပ်ကြည့်၊ မကြည့်ပါနဲ့၊ အသံကြား ဘွားကနဲနဲ့ အမှတ်မပါဘဲနဲ့ ဇွတ်ထိုးပြီး မကြည့်လိုက်ပါနဲ့ ဒီကဲ့သို့ မြင်မယ်ဆိုရင် စက္ခုဒွါရစောင့်စီးတယ်, မျက်စေ့မကလက်တော့ဘူး၊ မဆော့တော့ဘူး မကစားတော့ဘူးနော်၊ ယောကျ်ားတွေ, သံဃာတွေ, ကြိုးစားပြီးတော့ စောင့်စီးကြစမ်းပါ။

## စိတ်ဖြန့်ပုံဖြန့်နည်း။

အရေးကြီးတာက သံဃာ တော်တွေနဲ့, ယောကျ်ားတွေ, ရှေ့ဆောင် ခေါင်းဆောင်ဖြစ်တော့ အချိုးကြရင်၊ နောက်လိုက်အချိုးကျတာဘဲ၊ ရှင်းထားပြီ, လက်လဲငြိမ်ထားပြီ, မျက်လုံးလဲစောင့်စီးထားပြီ, ကဲ လမ်းလျှောက်ပေါ့။

စိတ်ကဘယ်မှာနေ ?

။ ရင်ထဲမှာနေပါဘုရား။ ။

ရင်မှာနေ ဖြန့်တော့မယ်, ဖြန့်ချလိုက်မယ်, စိတ်နဲ့ဘဲ ဖြန့်ရတယ်, မျက်စေ့နဲ့မဖြန့်ရဘူး၊ ရင်ထဲမှာနေတဲ့ စိတ်ကလေးဟာဘယ်ခြေလှမ်းရင် ဘယ်ခြေထောက်ထဲသို့ အတွင်းဖြန့်ဖြန့်၊ ညာခြေလှမ်းရင် ညာခြေထောက်ထဲသို့ အတွင်းဖြန့်ဖြန့်, အပြင်ဖြန့်မဖြန့်ရဘူးနော်။

အပြင်ဖြန့်ကိုပြောမယ် ခြေထောက်မြင်တယ်,ကြွတာ,မြောက်ထာ, ချတာ, မြင်တယ်ဆိုရင် အဲဒါ အပြင်ခေါ်တယ်၊ မှားလို့မဟုတ်ဘူးနော် ကြွတာ, မြောက်ထာ, ချတာ, တို့သည် အပြင်

မျက်မြင်ခေါ်တယ်၊ ဓါတ်သဘော ခန္ဓာထဲမှာ ကြွတာတွေ၊ မတာတွေ၊ အပူကလေး၊ အအေးကလေး၊ အလှုပ်ကလေး၊ အရွှကလေးသည် ကြွတာရှိ မရှိ၊ ကြွတာ ခန္ဓာမှာ "လေ" ပမာ၊ ပထဝီဆိုတဲ့ အမှုန်ကလေးဟာ ကြွတာရှိမရှိ၊ ခြေထောက်မှမရှိဘဲ မဟုတ်ဘူးလား၊ ခြေထောက်မရှိဘူး၊ လက်မရှိဘူး၊ ကိုယ်မရှိဘူး၊ သူတို့က ဓါတ်သဘောဆိုရင် ဖြစ်ပြီး ပျက်သွားတာဘဲ၊ ပရမတ်သဘော ကြကြနနမြင်ရင် နေရာမရွေး၊ ပျက်တယ်၊ ခေါ်တယ် ဟုတ်ကြရဲ့လား ?

॥ မှန်ပါဘုရား॥ ॥

ဒါကြောင့် ဆရာတော်တို့က အတွင်းဖြန့်ဖြန့်တာ၊ မှားလို့တော့ မဟုတ်ဘူးနော်၊ အပြင်ဆိုရင်တော့ အာရုံတွေအများကြီးပေါ့၊ အခု အတွင်းဖြန့်ဖြန့်မယ်၊ ရင်ထဲကနေပြီးတော့ ခြေထောက်ထဲသို့ အတွင်းဖြန့်ဖြန့်ရင် ပေါ်ဒါငါမျိုး၊ တမျိုးမျိုး မြင်နေရမယ်၊ အဲဒါ အတွင်းဖြန့်ဆိုတယ်။

သဘောကြပလား ?

॥ ကြပါပြီဘုရား॥ ॥

ဘယ်ခြေလှမ်းရင် ဘယ်ခြေထောက်ထဲသို့ အတွင်းဖြန့်ဖြန့် ကြွတုန်းပေါ်ဒါ မှတ်ရမယ်။

ခြေခြောက်တိုးကော ဘာမှတ်ရမလဲ ?

॥ ပေါ်ဒါမှတ်ရပါမယ်ဘုရား॥ ॥

အောက်ချလိုက်ရင်ကော ?

॥ ပေါ်ဒါမှတ်ရပါမယ်ဘုရား॥ ॥

ဘယ်လှမ်းပြီး ညာလှမ်းကြွတုန်းကော ?

။ ပေါ်ဒါ မှတ်ရပါမယ်ဘုရား။ ။

ကျယ်ကျယ်ယူကြနော်။

ကြွတုန်းကော ဘာမှတ်ရမလဲ ?

။ ပေါ်ဒါမှတ်ရပါမယ်ဘုရား။ ။

မြှောက်ရင်ကော ဘာမှတ်ရမလဲ ?

။ ပေါ်ဒါမှတ်ရပါမယ်ဘုရား။ ။

အောက်ချလိုက်ရင်ကော ဘာမှတ်ရမလဲ ?

။ ပေါ်ဒါမှတ်ရပါမယ်ဘုရား။ ။

ညာပြီးရင် ဘယ်ကြွသည်ကစ၍ ချသည်တိုင်အောင်၊ တလှမ်း အတွင်း ဘာမှတ်ရမလဲ ?

။ ပေါ်ဒါ မှတ်ပါမယ်ဘုရား။ ။

ဘယ်နေရာက မှတ်ရမလဲ ?

။ ရင်ကမှတ်ရပါမယ်ဘုရား။ ။

ဘာနဲ့ မှတ်မလဲ ?

။ စိတ်နဲ့ မှတ်ပါမယ်ဘုရား။ ။

ဘယ်အချိန်မှတ်ရသလဲ ?

။ ပေါ်တဲ့အချိန် မှတ်ရပါဘုရား။ ။

ဘယ်မှာပေါ်တတ်သလဲ ?

။ တကိုယ်လုံးမှာ ပေါ်တတ်ပါဘုရား။ ။

လျှောက်တော့ခြေပေါ်တော့ တကိုယ်လုံး။

တကိုယ်လုံးနော် ခြေထောက်နဲ့ လျှောက်သော်လဲဘဲ၊ ခြေထောက်မှာသာ ပေါ်တာမဟုတ်ဘူး။ ခြေထောက်ကို နောက်မှ မြင်တတ်တယ်၊ အမြင်သန်ရာသွားပြီး မြင်တတ်တယ်။ ဥပမာ-ခြေထောက်က လှမ်းနေပေမယ်လို့၊ခေါင်းက မြင်ချင်မြင်တတ်တယ်၊ ကျောက မြင်ချင်မြင်တတ်တယ်၊ ရင်က မြင်ချင်မြင်တတ်တယ်။

နောက်မှ နယ်ခွဲ့စနစ်နဲ့ ဖြန့်ဖြန့်ကြည့်လိုက်တဲ့အခါကြတော့ တကိုယ်လုံးမြင်တတ်တယ်၊ လမ်းလျှောက်တဲ့ အချိန်ကလေးဟာ တကိုယ်လုံး ဆွ့ဆွ့ပေးနေတယ်နော်၊ခုဆရာတော်ပြောတဲ့အတိုင်း လမ်းလျှောက်ထာ ခြေထောက်နဲ့လျှောက်, မောစရာရှိရင် ရင်က မော၊ချွေးကျစရာရှိရင် တကိုယ်လုံး၊ အိုက်စပ်စရာရှိရင် တကိုယ်လုံး၊ မဟုတ်ဘူးလား၊ ဒါကြောင့် လမ်းလျှောက် နေတုံးဟာ မြင်မြင်, မမြင်မြင်, တကိုယ်လုံးတော့ ဖြစ်,ပျက်, ရှိတယ်၊ အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ဤကဲ့သို့ အမှတ်နဲ့ လမ်းလျှောက်မယ် ဆိုရင် ခြေလှမ်းကို တိုင်းကြည့်၊ အကြဲ အစိပ် တူရမယ်၊ တူလျှင် အမြင် ထူးရမယ်၊ အကြဲအစိပ်, ဘယ်ဘက် ခြေလှမ်းသည် တတောင် ရှိလျှင်, ညာဘက် ခြေလှမ်းလည်း တတောင်ပါ၊ ဘယ်ဘက် ခြေလှမ်းသည် တောင်ဆုပ်ရှိမယ်ဆိုရင်, ညာဘက် ခြေလှမ်းလည်း တောင်ဆုပ် ရှိရမယ်၊ ဒါက အကြဲအစိပ်ခေါ်တယ်၊အလျင်အမြန် ဘယ်ဘက် ခြေလှမ်းသည် ကြွသည်ကအစ, ချသည့်အခါတိုင်အောင်,တမိနစ်

ကြာမယ်ဆိုရင်၊ ညာဘက်ခြေလှမ်းလဲ တမိနစ် ကြာရမယ်၊ ဘယ်ဘက် ခြေလှမ်းသည် နှစ်မိနစ်ကြာမယ်ဆိုရင်၊ညာဘက်ခြေလှမ်းလဲ နှစ်မိနစ်ကြာရမယ်၊ လျှောက်တော့မယ် ဆိုရင်, မြန်မြန်ကြီးတော့ မလျှောက် ရဘူး၊ မနှေးလွန်း, မမြန်လွန်း, လျှောက် ရ မယ်၊ ကိုယ့် နေရာမှာကိုယ်, လေ့ကျင့်ခဏ်း, အားထုတ်ခဏ်း, ဝင်မယ်ဆိုရင်၊ ဘယ့်လောက်နီးနီး,ခုလို တရားတော်နာမယ်၊ ဆွမ်းစားခေါက်တဲ့ အခါ ဆွမ်းစား သွားရင်, မနှေးလွန်း, မမြန်လွန်း, သွားကြပါ၊ နှေး လွန်း တော့ တော်တော်နဲ့ မရောက်တတ်၊ မြန်လွန်းတော့ အမှတ်လွတ်တတ်ပါတယ်။

## မနှေး မမြန် ယောဂီဟန် လျှောက်ပုံ။

ဒါကြောင့် မနှေးလွန်း, မမြန်လွန်း, ယောဂီနဲ့ လျှော်အောင် သွားပါ၊ သဘောကြ ပလား၊ မြင်လွယ်တဲ့ နည်းစံနစ် ကလေး ပြောမယ်၊ မြင်လွယ်တဲ့ စံနစ်ကလေး၊ လမ်းကလေးတခုကြည့်ပါ၊ ရှည်သောလမ်း, တိုသောလမ်း, နှစ်ခု၊ တိုသောလမ်း ဆိုလျှင် မနှေးလွန်း, မမြန်လွန်း, ပေါ်ဒါမှတ်ပြီး သကာလ၊ ဆယ်ခေါက်လောက် လျှောက်၊ ရှည်သောလမ်း ဆိုလို့ရှိရင် ငါးခေါက်လောက် မှန်မှန်လျှောက်၊ မြင်သည် ဖြစ်စေ, မမြင်သည် ဖြစ်စေ, နှစ်မိနစ်လောက် ရပ်ကြည့်၊ ချက်ခြင်း မျက်လုံးမှိတ်၊ ရင်ကနေစိုက်ပြီးတော့ ခြေဖမိုးထိအောင် ကြည့်လိုက်၊ လမ်းလျှောက်တာ မမြင်ရင်ရပ်ထား, မြင်တတ်သည်၊ နှစ်မိနစ်နော်....နှစ်မိနစ်။

အဲဒါ မြင်မြင်, မမြင်မြင်, ဆက်ပြီးတော့ လျှောက်ပါအုံး၊ တဆက်ထဲနော်.... တဆက်ထဲ၊ လမ်း ရှည် ရင် ငါးခေါက်၊

လမ်းတိုရင် ဆယ်ခေါက်လောက် မှန်းလျှောက်၊ (မှန်းဆိုတာ ၁-၂-၃-၄, စသည် မရေတွက်ရဘူး) မြင်သည်ဖြစ်စေ, မမြင်သည်ဖြစ်စေ, ဒုတိယ ဆက်ရပ်ကြည့်ပါအုံး၊ နှစ်မိနစ်လောက်၊ ပထမ ရပ်တာ မမြင်ရင်, ဒုတိယ ရပ်ထာ မြင်တတ်သည်၊ မြင်သည်ဖြစ်စေ, မမြင်သည်ဖြစ်စေ, ဆက်လျှောက်ပါအုံး၊ တတိယရှိသွားပြီ တခေါက်ထဲ။

အဲဒါ မြင်မြင်, မမြင်မြင်,ညောင်းပြီ မလျှောက်နိုင်တော့ဘူး၊ ကဲ-အိပ်ရာထဲသွား,ပက်လက်လှန်လိုက်၊စောင်လေး, သင်္ကန်းလေး, ခြုံနိုင်ရင်ခြုံ, မခြုံနိုင်ရင် ဒီအတိုင်းထား၊ရင်ကနေ စိုက်ပြီးတော့ ခြေဖမိုးထိအောင် ကြည့်၊ မျက်စေ့ မှိတ်ထား၊ ခွေးသေကောင်ပုတ်,လင်းဒဆွဲတဲ့ပုံသဏ္ဌာန်လို ခန္ဓာမှာ လေပြင်းနေတယ်၊ တလှုပ်လှုပ်, တရွရွ, တမွမွ, တရိပ်ရိပ်, တလှုပ်လှုပ်, တစစ်စစ်, တဖြစ်ဖြစ်,နဲ့ ရုပ်ရှင်စနစ်လို ကိုယ်ထဲမှာ ပေါ်နေတတ်သည်လို့ ဆိုလိုသည်၊ ရှင်းသွားပလား ?

॥ ရှင်းပါပြီ ဘုရား॥ ॥

## လမ်းလျှောက်နဲ့ ရပ်,အိပ်,တွဲပုံ။

လမ်းလျှောက်ထာနဲ့ရပ်ထာ, လမ်းလျှောက်ထာနဲ့အိမ်ထာ, တွဲပုံကလေးပေါ့၊ ဆရာတော်ပြောချင်တာ၊ ဆရာတော်အကြိုက် လမ်းလျှောက်ခြင်းသည် အမြင်အသန်ဆုံးဘဲ၊ ဒါကြောင့် လမ်းလျှောက်ထာနဲ့ ထိုင်တာတွဲ, လမ်းလျှောက်ထာနဲ့ ရပ်ထာတွဲ, သက်သက်ထိုင်, သက်သက်အိပ်, သက်သက်ရပ်,ထာထက်၊ လမ်း

လျှောက်ပြီး ထိုင်၊ လမ်းလျှောက်ပြီးအိပ်၊ လမ်းလျှောက်ပြီး ရပ်ထာ ပိုမြင်တယ်။

**လက်တွေ့ စမ်းကြည့်။**

သို့သော် လက်တွေ့စမ်းကြည့်လေ၊ စမ်းကြည့်ရတယ်၊ သူများ ဘယ်လိုပြောပြော၊ ကိုယ့်လက်တွေ့နဲ့ လုပ်ကြည့်ရတယ်၊ ဆရာတော်က ပက်လက်လှန်အိပ်ထာ မြင်လွယ်တယ်ဆိုတယ်၊ ဒို့ မဟုတ်ဘူး၊ ဒို့က စောင်းလျက်အိပ်ရင်၊ ကွေးလျက် အိပ်ရင်၊ မြင်လွယ်တယ်ဆိုရင်၊ ကိုယ်မြင်လွယ်သလို လုပ်လေ၊ အိပ်ထာလဲ ဘယ်လိုအိပ်၊ ဘယ်လိုအသက်ရှူရင်၊သာမြင်တယ်ဆိုရင်၊ ကိုယ့်လက်တွေ့နဲ့ ကိုယ်ပြော၊ နောက်ပိတ်ဆုံး ခန္ဓာကိုယ်မှာ လျှပ်တလက်မက ဖြစ်ပျက်၊ မြင်ဘို့အရေးကြီးတာဘဲ၊ ဒီလို မြင်အောင်ပင် နည်းအမျိုးမျိုးနဲ့ ပြနေကြတယ်၊ဒီဖြစ်ပျက်၊မမြင်လို့ ရှိရင်၊ ဖြစ်ပျက်၊ ဆုံးတဲ့နိဗ္ဗာန်ကို မရတော့ဘူး။

ဖြစ်ပျက်လမ်းကသွားမှ နိဗ္ဗာန်ရောက်မယ်၊ မှတ်စိတ်ကသွားမှ မဂ်ကျတယ် ခေါ်တယ်၊ ဒါကြောင့် သူ့ဟာသူ ဖြစ်ပျက်ကို ဒီမှတ်စိတ်ကလေးနဲ့ မှတ်ရတယ်၊ လမ်းက၊ ဖြစ်ပျက်လမ်းက၊ ဒီအတိုင်းသွားရင် နိဗ္ဗာန်ရောက်မယ်၊ မှတ်စိတ်ကသွားရင် မဂ်ကျလိမ့်မယ်၊ ဖိုလ်ဝင်စားလို့ ရလိမ့်မယ်၊ အဲဒါ သူ့လမ်းကလေးနဲ့ သူ့ဟာသူ သွားကြရတာနော်၊ အသေအချာမှတ်ကြ၊ ရှင်းသွားပလား ?

။ ရှင်းသွားပါပြီ ဘုရား။ ။

လမ်းကော လျှောက်တတ်ပလား ?

॥ လျှောက်တတ်ပါပြီ ဘုရား॥ ॥

လျှောက်တတ်ပြီနော်-လမ်းလျှောက်တော့စိတ်ဘယ်မှာထား?

॥ ရင်မှာထားပါတယ်ဘုရား॥ ॥

ဘာလုပ်နေ ?

॥ ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေပါဘုရား॥ ॥

ဘယ်မှာပေါ်တတ်သလဲ ?

॥ တကိုယ်လုံးမှာပေါ်တက်ပါတယ်ဘုရား॥ ॥

တကိုယ်လုံးနော်၊ တကိုယ်လုံး အမြင်သန့်သန့်သလို မြင်လိမ့်မယ်၊ တချို့လမ်းလျှောက်ထာ ခေါင်းမှာမြင်တတ်, တချို့ ကျော, တချို့ရင်, တချို့ပေါင်, တချို့ခြေသလုံး, နောက်တော့ အတူတူမြင်လာလိမ့်မယ်၊ နယ်ခွဲစနစ်နဲ့သာ ချွဲချွဲကြည့်၊ နောက်တော့ တကိုယ်လုံးမြင်လာလိမ့်မယ်။

အဲဒီလိုဆိုလို့ရှိရင် ရွှေတိဂုံ၊ ရွှေမောမောဘုရား၊ တန်ခိုးကြီးသောဘုရား၊ ကားမစီးဘဲ တခါထဲသွား၊ ချက်ခြင်းဟန်ကြ၊ ခြေတလှမ်း တသန်းမကတန်ဒါဘဲ၊ သဘောကြပလား ?

॥ ကြပါပြီဘုရား॥ ॥

**ပညတ်, ပရမတ်ခွဲပုံ။**

အဲဒါလမ်းလျှောက်ပုံကလေး၊ အကုန်လုံးစုံပြီနော်၊ ကဲ.... ပြန်ချုံး၊ ထိုင်လျက်, အိပ်လျက်, ရပ်လျက်, သွားလျက်, ဗမာလို အနေလေးမျိုး၊ စာလို- ဣရိယာပုထ်လေးပါး၊ အဲဒီအနေ လေးမျိုးဆိုဒါ မျက်မြင်သာ ကွဲတယ်၊ ဉာဏ်မြင်တော့ အတူတူဘဲ၊

မျက်မြင်သာလေးမျိုးကွဲတယ်၊ မျက်မြင်ဘက်ကစစ်မယ်၊ မျက်မြင်ဆိုရင်အပြင်၊ အပြင်ဆိုရင် ပညတ်၊ ပညတ်ဆိုရင် အစထဲက မရှိပါ့ ဟော....မှတ်ထားကြ၊ ထိုင်လျက်ဆိုတာ-အစထဲက မရှိပါဘူးတဲ့နော်....။

အိပ်လျက်၊ ရပ်လျက်ကော အစကထဲက ပါရဲ့လား ?

॥ မပါ-ပါဘုရား॥ ॥

ခန္ဓာဆိုရင် ရုပ်နဲ့ နာမ်ဘဲ၊ ရုပ်မှာ ကလလ၊ ရေကြည်က စတည်လာတယ်၊ ဒီရေကြည်က ရုပ်ပေါင်းသုံးဆယ်ဘဲ ရှိတယ်၊ အဲဒီရုပ်ပေါင်းသုံးဆယ်ထဲမှာ ထိုင်လျက်၊ အိပ်လျက်၊ ရပ်လျက်၊ သွားလျက်၊ ပါသလား ?

॥ မပါ-ပါဘုရား॥ ॥

ဟော-နောက်ကို ရေကြည်က အမြုတ် အမြုတ်က သားတစ်ဖြစ်ထာကော၊ ထိုင်၊အိပ်၊ရပ်၊စသည်ပါရဲ့လား ?

॥ မပါ-ပါဘုရား॥ ॥

အစထဲက မပါလာဘူး၊ အစထဲက ရှိမှ မရှိဘဲ၊ မရှိသော်လဲ သမုတိသစ္စာလို့၊ လူတို့ခေါ်ဝေါ် သမုတ်ထားသည်ဖြစ်လေသောကြောင့်၊ ထိုင်လျက်ပြော၊ အိပ်လျက်ပြော၊ ရပ်လျက်ပြော၊ သွားလျက်ပြော၊ဆိုဒါတွေ မှန်နေတာဘဲ၊ သမုတိနယ်၊လောကထဲမှာ မှန်သည်ဖြစ်လေသောကြောင့်၊ ထိုင်လျက် ဒို့ဘယ်လိုမြင်တယ် ဟော့၊ အိပ်လျက် ဒို့ဘယ်လိုမြင်တယ်၊ ရပ်လျက် ဒို့ဘယ်လိုမြင်တယ်၊ သွားလျက် ဒို့ဘယ်လို မြင်တယ်လို့ပြော၊ မှန် တယ် မှသားလွတ်မယ်ဆိုရင် အပါယ်မကျပါ၊သို့သော်'သညာဝိပ္ပလ္လာသ' ထိုင်တယ်၊ အိပ်တယ်၊ ရပ်တယ်၊ သွားတယ်ဆိုဒါ၊ အမှတ်မှား

မပျောက်ပါ၊ မပျောက်ရင် ဒီလိုမျက်မြင်နဲ့ မဂ်၊ဖိုလ်၊နိဗ္ဗာန်၊ မရောက်နိုင်ပါ။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ဥာဏ်မြင်ပြောကြစို့။ ။ဥာဏ်မြင်ဆိုရင် စိတ်ရင်ထဲမှာထား ပေါ်ဒါငါးမျိုးမှတ်နေခြင်းသည် ဥာဏ်မြင်ဘဲခေါ်တယ်၊ ဆရာ တော်ပြနေဒါ ဥာဏ်မြင်တွေမှတ်ခိုင်းနေဒါ၊ အပြင်မှတ်သလား၊ အတွင်းမှတ်သလား ?

။ အတွင်းမှတ်ပါတယ်ဘုရား။ ။

ဆရာတော်က အတွင်းသမားခေါ်တယ်၊ ဥာဏ်မြင်ဆိုရင် အတွင်း၊ အတွင်းဆိုရင် ပရမတ်၊ ပရမတ်ဆိုရင် ရှိတာခေါ် တယ်၊ ရှိတာဆိုပေမယ်လို့ အမြဲရှိသည်မဟုတ်ပါ၊ ပေါ်တုန်း၊ ပေါ်ခိုက်၊ ပစ္စုပ္ပန်လောက်သာ ရှိတယ်ပြောရတယ်၊ ပေါ်တုန်း၊ ပေါ်ခိုက်၊ တကယ်ရှိသည်ဖြစ်လေသောကြောင့် 'ပရမတ္ထသစ္စာ' အမှန်ဆုံးလို့ပြောရတယ်၊ သမုတိသစ္စာက၊ အမှန်တင် ပြောဒါ၊ ဆုံး၊မထည့်ရဘူး၊ ပရမတ္ထသစ္စာနယ် ကြတော့ စကားပြော အ မှန်ဆုံး ပြောရတယ်။

စကားပြောမယ် ဆွေးနွေးမယ်ဆိုရင် အမှန် ဆွေး နွေး မှာ လား၊ အမှန်ဆုံး ဆွေးနွေးမှာလား၊ စကားပလ္လင်ခံလိုက် အမှန် ဆွေးနွေးမယ်ဆိုရင် သမုတိသစ္စာနယ် ပညတ်နယ်ခေါ်တယ်။

အမှန်ဆုံးဆိုလို့ရှိရင် ပရမတ္ထ သစ္စာနယ်ခေါ်တယ်၊ အမှန် ဆွေးနွေးမယ်ဆိုရင် ပညတ်နယ် သမုတိသစ္စာနယ်ခြင်း ဆွေးနွေး

မှ ကိုက်တယ်၊ အမှန်ဆုံးဆွေးနွေးမယ်ဆိုရင် ပရမတ္ထ နယ် ခြင်း ဆွေးနွေးမှကိုက်တယ်၊ ပညတ်နဲ့ ပရမတ်ဆိုဒါ ကိုက်မှမကိုက်ဘဲ။

ဒါကြောင့် ပရမတ္ထသစ္စာ အမှန်ဆုံးနယ် ဖြစ်သောကြောင့် ပြောရင် မှသားလွတ်တယ်၊ ဒို့ထိုင်ထာ အိပ်ထာ ရပ်ထာ သွားဒါ မတွေ့တော့ဘူး၊ ဘာတွေ့သလဲ၊ ဓာတ်တွေ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်နေတာဘဲ၊ အဲသလိုဆိုရင် မှသားလွတ် အပါယ်လဲမကျပါ၊ သညာဝိပ္ပလ္လာသ ထိုင် အိပ် ရပ် သွား ဆိုတဲ့ အမှတ်မှားလဲပျောက်၊ မဂ် ဖိုလ် နိဗ္ဗာန် လဲ ရောက်နိုင်ပါတယ်။

ဒါကြောင့် ဆရာတော်ပြဒါကတော့ 'ကိုယ်တွေ့ဉာဏ်မြင်' ရယ် ဓာတ်ခြောက်ပါးရယ် လက်ကိုင်ဒုတ်ယားပြီး ပြသောကြောင့် ဘာမှထူးထူးထွေထွေတော့ မမှတ်ရဘူး၊ စိတ်ရင်မှာထားပြီးတော့ ပေါ်ဒါငါးမျိုး မှတ်ထာဘဲ၊ ထိုင်လဲဒီလိုဘဲ၊ အိပ်လဲဒီလိုဘဲ၊ ရပ်လဲဒီလိုဘဲ၊ သွားလဲဒီလိုဘဲ ညကစကားနဲ့ ဒီမနက်ပြောတဲ့ စကား မမှတ်တတ်စရာ ဘာမှလဲမရှိတော့ဘူး။

လမ်းကော လျှောက်တတ်ပလား ?

။ လျှောက်တတ်ပါပြီဘုရား။ ။

ခုန စကားနဲ့နဲ့ကျန်ခဲ့တယ်၊ ဆရာတော်တို့ လုပ်ငန်းက စိတ်ရင်မှာထားပြီးတော့ ပေါ်ဒါ ငါးမျိုး မှတ်ရတယ်၊ မမြင်ဘဲနဲ့ လဲ မှတ်လို့ မရဘူး၊ နောက်ပြီးတော ဝိသုဒ္ဓိမဂ်ထဲမှာလာတဲ့ "ကြွ ဆောင် ရွှောင် ထိုး ချ ဖိ ရိုး" ခြောက်မျိုး ခြေလှမ်း ပျက် အဲဒါ မျက်မြင်ပြောဒါ။

ဆရာတော်များ တရားအားယုတ်ခါစ တရားပြခါစဆိုလျှင် ကိုးချက်ပျက်ကိုမှတ်ခိုင်းတယ်၊ တောင်ဝှေးနှစ်ချောင်းထောက်ပြီး တော့ ကိုးချက်ပျက်ကိုမှတ်တယ်၊ ကိုးချက်ဘဲလှမ်းလှမ်း ခြောက်

ချက်ဘဲလှမ်းလှမ်း နောက်ပိတ်ဆုံးခန္ဓာမှာ ဖြစ်ပျက် မြင်ဒါဘဲ၊ ဒါကြောင့် ဒါတွေ လုပ်မနေတော့ဘူး အတွင်းသမား တခုတည်း ကိုင်ထားလိုက်တာဘဲ။

ဒါကြောင့် ကြွတယ် ချတယ် မြှောက်တယ် လို့ လဲ ဒီမှာမမှတ် ပါနဲ့ ၊မှားလို့ တော့မဟုတ်ဘူး၊ကြွလျှင်ပျက် ချရင်ဖြစ် ဒီလိုကြဲကြဲ ဖြစ်ပျက်လေးလဲ မမှတ်ပါနဲ့ ၊ ဒါက စိတ်ထင်ခေါ်တယ်၊ခန္ဓာမှာ ဖြစ်ပျက်မမြင်ပါဘဲနဲ့ ပါးစပ်ကဖြစ်စေ စိတ်ကဖြစ်စေ ဖြစ်ပျက် ဖြစ်ပျက်နဲ့ လိုက်မမှတ်ပါနဲ့ ။

ကြွရင် ဘယ်ခါတ်လွန်တယ် ဘယ်ခါတ် ယုတ်တယ် ချရင် ဘယ်ခါတ် လွန်တယ် ဘယ်ခါတ်ယုတ်တယ် ယုတ်သောခါတ် လွန်သောခါတ် ခွဲပြီးတော့ မနေပါနဲ့ ၊ဒါ ဒီမှာ မသုံးပါဘူး၊ လုပ်ငန်းအမြင်ဘဲ လိုတယ်၊ ကြွနေဒါရုပ် ကြွမှန်းသိဒါနာမ်ရုပ် နာမ်ခွဲမနေပါနဲ့ ၊ ကြွချင်လို့ ကြွသည် ကြွချင်ဒါကအကြောင်း ကြွနေဒါကအကျိုး ဒီလိုအကြောင်းအကျိုးလဲ လုပ်မနေပါနဲ့ လက်တွေ့ဘဲ ဘာမှစာမထည့်ပါနဲ့ ၊စာလဲပညတ်ပါဘဲ လက်တွေ့ သဘာဝမှလိုရင်းခေါ်တယ် ခန္ဓာထဲမှာ၊ဥပမာ။ ။အပူလေးပေါ် တယ် အဲဒီအပေါ်က သဘာဝခေါ်တယ်၊အဲဒီအပူကို စာလို ဉဏှ- တေဇော ဗမာလိုဆိုလျှင် ပူဒါကပူတယ် အဲဒါ ပညတ်ပါဘဲ နာမပညတ်ခေါ်တယ်။

ဒါကြောင့် သဘောလိုပါတယ် အင်္ဂလိပ်လိုသုံး ကုလားလိုသုံး တရုပ်လိုသုံး ဘာသာ တရာ့တပါး သူ့ ဘာသာနဲ့ သူ ပညတ်တွေ သုံးကြတာဘဲ သဘာဝလိုရင်းခေါ်တယ် ဗမာစကားပါမှ ဗမာ စာတတ်မှ တေဇော ဝါယော ရုပ်သံ နာမ်သံ ပါမှ မဟုတ်ပါဘူး။

အားလုံးသဘောကြရဲ့လား ?

။ ကြပါပြီဘုရား။ ။

ကဲ, ချုံးကြစို့ကနေ့အရင်းကျကျ "ကိုယ်တွေ့ဉာဏ်မြင်" အလုပ်ပေးတရား ပြသပုံ'ဣရိယာပထလေးပါး အားထုတ်ပုံ,အားထုတ်နည်းတို့ကို အကျယ်တဝင့် ပြသလိုက် ပါသည်၊ နည်းမှ ကောင်းကောင်းလေး မရသေးလျှင် "ဉာဏတော အန္ဓပုထုဇဉ်" နှစ်ဘက်စုံလုံးကန်း အကန်းကြီး ဖြစ်ပါတယ်။

အကန်းကြီး ဖြစ်မယ်ဆိုလျှင် တစ်တရားခံ ဒိဋ္ဌိမပျောက်, နှစ်တရားခံ အကုသိုလ်မကင်း, သုံးနံ့ပါတ် အပါယ်ကျ, မလွတ်တော့ပါ။

ထိုင်လျှက်, အိပ်လျှက်, ရပ်လျှက်,သွားလျှက်, တပည့်တော်တို့ အားထုတ်တတ်ပါပြီဘုရား၊နည်းကိုလဲ ကောင်းကောင်းကြီးရပါပြီဘုရားလို့ဆိုလျှင်၊ စာတတ် ကလျာဏ ပုထုဇဉ်ဘဲ စာတတ် ကလျာဏ ပုထုဇဉ် ဖြစ်မယ်ဆိုလျှင် အထင်နဲ့ဒိဋ္ဌိပြုတ်ပါတယ်၊ ဒိဋ္ဌိပြုတ်မယ်ဆိုလျှင်,နှစ်တရားခံ အကုသိုလ်ကံလဲ ကင်းကြတော့မယ်,ကင်းလျှင် သုံးနံ့ပါတ် အပါယ်ပေးတော့မယ်ဆိုဒါ, ဝမ်းမြောက်သောအလားတရားတော်ကို ချီးကျူးသော အားဖြင့်, ကိုယ့်မြို့ကိုယ့်ရွာဒေသမှာ ဤလိုအလုပ်ပေးတရားမျိုး ကွယ်ပြီးတော့ မသွားရလေအောင်အားပေးသောအလားချီးကြူးသော အားဖြင့် သုံးကြိမ်(သာဓု,သာဓု,သာဓု,လို့)စိတ်ပါလက်ပါအားရပါးရ ခေါ်နိုင်ကြပါစေကုန်သသည်း။

ဣရိယာပထပဗ္ဗ အလုပ်ပေးတရားပြီး၏။ ။

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော် ဘုရားကြီး ကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# သီလခဏ်း။

ညတရားတော်

## ဒုလ္လဘ ဒေသနာ

No. 9

## ကျေးရွာရှင်
## ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏
# သီလခဏ်း။
## ညတရားတော်

ဒုလ္လဘဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### "ကန်တော့ပုံ ကန်တော့နည်း"

ဂါရဝါနိဝါတ ဖြစ်အောင် လက်အုပ်ချီကြ၊လက်ဝါးချင်းကပ်ထားပါ၊ လက်ချောင်းကလေးတွေလဲဘဲတချောင်းနဲ့တချောင်းထိထားပါ၊ လက်ဝါးချင်း ကပ်လိုက်တော့၊ လက်ညှိုး၊ လက်ညှိုးချင်း၊ လက်ခလယ်- လက်ခလယ်ချင်း၊ လက်သူကြွယ် - လက်သူကြွယ်ချင်း၊ထိနေပါလိမ့်မယ်၊လက်မရှက်ပါနဲ့၊လက်ကို ခုံးတုံးထုံးမလုပ်ပါနဲ့၊ နဖူးပေါ် လက်အုပ်တင် လိုက်ပါ၊ အလောတော်လေးတင်ပါ၊ ဂုဏ်တင်ပြီးတော့ ရှိခိုးရလိမ့်မယ်၊ ဂုဏ် တင်ခါနီးတော့ မျက်လုံးမှိတ်လိုက်ရတယ်။

မိမိတို့ရင်တွင် နှာမ့်အစဉ်မှာ ဝင်နေတဲ့ စေတနာကလေးကဥာဏ်မှန်ပြောင်း တပ်လိုက်ပြီး သကာလ - ရှိခိုးခံရသော ရတနာ

သုံးပါးနဲ့ ဆရာသွားတို့၏ရင်တွင် နာမ်အစဉ်မှာဝင်တဲ့ သီလဂုဏ်ကို ထိုးကြည့်လိုက်ပါ၊ သမာဓိဂုဏ်ကို ထိုးကြည့်လိုက်ပါ၊ ပညာဂုဏ်ကို ထိုးကြည့်လိုက်ပါ၊ဂုဏ်နဲ့ပြည့်စုံသောပုဂ္ဂိုလ်တို့ကိုရှိခိုးမယ်ဆိုလျှင်, လိုချင်သော အကျိုးတွေ ပြီးတယ်လို့ ယုံကြည် ပြီး သကာလ၊ ခန္ဓာမှာ လက်ငင်းဖြစ်ပျက်နေသော ရုပ်,နာမ်,ဓမ္မဖြင့် လေးလေးညီညီပြတ်ပြတ်ရှင်းရှင်း ကံတော့ကြ။

"ဆုပေး"

အခါတပါးဝယ် မိထွေးတော်ဂေါတမီသည် ဘုရားရှင် ကိုယ်တော်မြတ်ကို ရှိခိုးသောအခါ၊ ဘုရားရှင် ကိုယ်တော်မြတ် ကြီးသည် တကမ္ဘာလုံး တည်နိုင်ပါစေ၊ သက်တော် ရာကျော်ရှည်တော်မူနိုင်ပါစေလို့ - ရွတ်ဖတ်ပြီးကာ၊ ရှိခိုးလိုက်သော အခါ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ မိထွေးတော် ဂေါတမီ ဤလို ရွတ်ဖတ်ပြီးကာ၊ ငါဘုရားအားရှိခိုးခြင်းသည်၊ငါဘုရားကိုရှိခိုးရာ မမည်၊ ရှိခိုးရာမကြရောက်လို့တားမြစ်လိုက်သောအခါ၊ မိထွေးတော်ဂေါတမီက မြတ်စွာဘုရား ဘယ်လိုမျှား ရှိခိုးရပါမလဲလို့ ထပ်လျှောက်လိုက်သောအခါ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက၊

**အာရဒ္ဓ ဝီရိယေ ပဟိတတ္တေ၊ နစ္စံဒဠ္ဍ ပရက္ကမေ၊**

**သမဂ္ဂေသာဝကေ ပဿ၊ ဧသာဗုဒ္ဓါန ဝန္ဒနာ....လို့**

မိထွေးတော် ဂေါတမီ - တရားကိုနေ့ညမယုတ် လုံးပန်းကြိုးကုတ်အားထုတ်၍ နေကြတဲ့ ယောဂီ ပုဂ္ဂိုလ်တို့ကို ဖူးမြင်ခြင်းသည်၊ ငါဘုရားကိုဖူးမြင်ရာမည်၏၊ဖူးမြင်ရာကြရောက်၏ဟုအမိန့်ရှိသော

ဒေသနာတော်မြတ်ကိုမှတ်သားပြီးကာ၊ ကျောင်းရောက်၍ ဆိတ်ငြိမ်ရာ ဝိဝေကရသဖြင့်စဉ်းစားလေသည်။

မြတ်စွာဘုရားက၊ တရားအားထုတ်သော ပုဂ္ဂိုလ် တို့ကို ရှိခိုးခြင်းသည်၊ ဘုရားအား ရှိခိုးရာရောက်၏ ဟူသော စကားသည် ဘယ်လိုစကားပါလိမ့်မလဲလို့ စဉ်းစားဝေဖန် ဆင်ခြင် ကြည့်လိုက်သောအခါဝယ်၊ တရားမြင်လျှင် - ဘုရားမြင်တာဘဲလို့ မိထွေးတော်ဂေါတမီ ဆိုးဖြတ်လိုက်သလို၊ မိမိတို့၏ ခန္ဓာ ကိုယ် တွင်း သမာဓိသွင်း၍ ဉာဏ်ဖြင့်ရှင်းလင်းဆင်ခြင်ကြည့်လိုက်သော အခါဝယ် - ရုပ်ရှင်စနစ်လို မျိုးစုံဖြစ်ပေါ်နေတဲ့ ရုပ်ဓါတ်၊ ပေါ်တိုင်း, ပေါ်တိုင်း,လိုက်သိနေတဲ့ နာမ်ဓါတ်၊ ရုပ်ဓါတ်,နာမ်ဓါတ်,နှစ်ရပ် တို့သည်၊ အဟောင်းပျက်၊ အသစ်ဆက်ခါ၊ လျှပ်တလက် မကမြန်မြန်ကြီး,ဖြစ်ပျက်-ဖြစ်ပျက်နဲ့, နေတာတွေကို ကိုယ် ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့်တကယ်တန်း မြင်ရသော အခါဝယ်၊ လောကီ တရားရတနာ အစစ်တွေကိုမြင်သည်၊ ပူဇော်သည်၊ကံတော့သည်၊ မည်ပါပေ၏၊ ဖြစ်ပျက် တွေကို မှတ်ရင်း,မှတ်ရင်း, မတ်တတ်နဲ့ ဖြစ်ပျက်ဇာတ်သိမ်း ချုပ်ငြိမ်းသွားတဲ့ နိဗ္ဗာန် တဘက် ကမ်းကို ဒီဘက်ကမ်းက မဂ်ဉာဏ်, ဖိုလ်ဉာဏ်,ဖြင့် ကိုယ်အရင်မြင်ကြသော ပုဂ္ဂိုလ်တို့သည်၊ လောကုတ္တရာ တရား အစစ်တွေကို မြင်သည်၊ ပူဇော်သည်၊ ကန်တော့သည် မည်ပါပေ၏။

တရားရတနာအစစ်ကို မြင်ခဲ့ပါလျှင်၊ ဘုရားရတနာ အစစ်၊ သံဃာရတနာအစစ်ကိုလည်း မြင်သည်၊ ပူဇော်သည်၊ ကန်တော့သည် မည်ပါပေ၏၊ ကိုယ်ကိုယ်တိုင် ရတနာသုံးပါးအစစ်တွေကို မြင်ရသလို၊ သူတပါးကိုလဲ ရတနာသုံးပါးအစစ်တွေ မြင်ရလေ

အောင်၊ စားရေး၊ သောက်ရေး၊ ဝတ်ရေးဆိုဒါ၊ လိုလေသေးတယ် မရှိ၊ အိမ်မှာလိုရင် ကိုယ့်တာဝန်တခု ထားပြီး သကာလ၊ လိုတဲ့ နေရာမှာပြည့်စုံအောင် ဆောင်ကျဉ်းပြီးတော့နေတာက ဘုံဆိုင် အလုပ်၊ ခန္ဓာကျွန်အလုပ်ဖြစ်ခဲ့ပေတယ်၊ သာသနာတော်နှင့် စပ် သည့်အလုပ်သည်သာလျှင်ကိုယ်ပိုင်အလုပ်ပါတကား၊ သာသနာ့ တာဝန်သည်သာလျှင် ကိုယ့်တာဝန် အစစ်ပါတကား၊ ကိုယ့် အလုပ်ကိုယ် လုပ်ခြင်လွန်းလို့၊ ကိုယ့်တာဝန် ကိုယ်ထမ်းခြင်ကြ လွန်းလို့၊ရှေးရှေးကဒါနပြုဆုတောင်းလာခဲ့ကြပါသည်၊ သီလပြု ဆုတောင်းလာခဲ့ကြပါသည်၊ သမထပြု ဆုတောင်း လာခဲ့ ကြ ပါသည်။

ဆုတောင်းလဲ ပြည့်ပြီနော်.... ပဋိပတ္တိ သာသနာတော်ကြီးနဲ့ လဲ ရင်ဆိုင်တွေ့ပြီနော်....သာသနာ အလုပ်ဟာဖြင့် ဒို့အလုပ်ဘဲ၊ ဒို့အလုပ်ဘဲ၊ ဒို့မှ ဒီသာသနာ အလုပ်ကြီးကို မလုပ်ဘူး ဆိုလျှင်၊ ဘယ်သူက လုပ်တော့မှာလဲ၊ သာသနာ့တာဝန်ကို ဒို့ထမ်းတော့ မယ်လို့ အားပေးမှုတခု ပြုကြရုံမျှ မက တရားတော်မျှားကို တောင်၊ ကိုယ်တိုင် ဟောနိုင်၊ ပြနိုင်၊ဆုံးမနိုင်၊သံသယကို ဖြေရှင်း နိုင်၊ အယူမှား ဒိဋ္ဌိ၊ အကြီးစားကို အလွယ်တကူနှင့် ချတ်နိုင်၊ ဖြုတ်နိုင်ကြသော မြန်မာပြည် တပြည်လောက်သာမက၊ ကမ္ဘာ တဝှမ်းလုံး ထင်ရှားကျော်ကြားလောက်တဲ့ ကမ္ဘာ့ သာသနာပြု အာဇာနည်ပုဂ္ဂိုလ်ထူး၊ပုဂ္ဂိုလ်မြတ်တွေ ရလွယ်၊ရောက်လွယ်၊နိုင်သည့် ကိုယ်ဖြစ်ကြစေ။

ဆရာတော်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

သီလ တရားတော်။

လက်ချ, လက်ချ, တရားနာတော့ ချမ်းသာသလို,ဘယ်,ညာ, တစောင်းပြောင်းပြီး ချမ်းသာသလို တရားတော်ကို နာကြ။

## သဒ္ဓမ္မံ မမယန္တု သပ္ပုရိသာ။

အတိမနာပ သုခကာမာ၊ လူချမ်းသာ, နတ်ချမ်းသာ,ပြဟ္မာ ချမ်းသာ, တို့ထက် ဆထက်လွန်ကြူး ထူးကဲလွန်မြတ် စိတ်နှလုံး ရွှင်ပြုံးစေတတ်သော, မဂ်ကျနိုင်တဲ့ချမ်းသာ, ဖိုလ်ဝင်စားနိုင်တဲ့ ချမ်းသာ, နိဗ္ဗာန်ချမ်းသာ, မြတ်ကြီးကို အလွန် လိုချင် စုံမက် နှစ်သက် မြတ်နိုး၍ နေကြကုန်သော။ သပ္ပုရိသာ၊ ကြားကြား သမျှ ကလျာဏဂိုဏ်းဝင် သူတော်စဉ်အပေါင်းတို့သည်။ သဒ္ဓမ္မံ၊ မဂ်မြင်, ဖိုလ်မြင်, နိဗ္ဗာန်ဝင်နိုင်တဲ့ ဉာဏ်စဉ်နဲ့စပ်သော တရား ကောင်း, တရားမြတ်, တွေကို၊ နိဗ္ဗာန် လမ်းစဉ်နဲ့ စပ်သော တရားကောင်း, တရားမြတ်, တွေကို။ မမယန္တု၊ သဒ္ဓါစုံမက် နှစ်သက်မြတ်နိုး၍ နာနိုင်ကြပါစေကုန်သတည်း။ ။

သာဓု....သာဓု....သာဓု။

လူ့ချမ်းသာ, နတ်ချမ်းသာ, ပြဟ္မာ ချမ်းသာ, တို့ထက်၊ ဆထက်လွန်ကြူး ထူးကဲ့ လွန်မြတ် စိတ်နှလုံး ရွှင်ပြုံးစေတတ် သော မဂ်ကျသောချမ်းသာ, ဖိုလ်ပင်စားနိုင်တဲ့ချမ်းသာ, နိဗ္ဗာန် ချမ်းသာ,ကြီးကို၊ အလွန်လိုချင် စုံမက်နှစ်သက် မြတ်နိုး၍ နေကြ တယ်ဆိုတာ တကယ်ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

တိုတိုလေးပြောတော့ တရားအားထုတ်သော ပုဂ္ဂိုလ်တို့သည်၊ နိဗ္ဗာန်ချမ်းသာကြီးကို လိုချင်တယ်ဆိုတာ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒါနပြု ဆုတောင်းကြတဲ့ ပုဂ္ဂိုလ်, သီလပြု ဆုတောင်းကြတဲ့ ပုဂ္ဂိုလ်, သမထပြု ဆုတောင်းကြတဲ့ ပုဂ္ဂိုလ်, တွေလဲဘဲ နိဗ္ဗာန် ချမ်းသာလိုချင်တယ်ဆိုတာ ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဗုဒ္ဓဘာသာ ဘုရားအယူကို ယူနိုင်တဲ့ပုဂ္ဂိုလ်မှန်သမျှ၊ နိဗ္ဗာန် ချမ်းသာကြီးကို လိုချင်လို့ ကုသိုလ်ရေးတွေ ပြုကြတယ် ဆိုတာ၊ အင်မတန်ထင်ရှားတယ်နော်.... ဒါဖြင့် နိဗ္ဗာန်ချမ်းသာတဲ့....။

## နိဗ္ဗာန်တည်ရာနှင့် သဘော။

နိဗ္ဗာန်ကို ဘယ်လမ်းက သွားရသလဲ၊နိဗ္ဗာန်သည် ဘယ်အနား မှာ ရှိသလဲလို့ သိဘို့လိုတယ်နော်....ဒီလိုဆိုရင်ရှေ့နားကဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်,လို့ ဖြစ်ပျက်, တွေကတော့ အင်မတန်များ ဒါဘဲ၊ သို့သော်လဲ "စတိ" သဘောနဲ့ ဆယ်လုံးလောက်ရေးထား၊ ဖြစ်ပျက်, နောက်မှာ ဆုံးတာကလေး ရေးထား၊ နှစ်မျိုးထဲဘဲ၊ ဖြစ်ပျက်နဲ့,ဆုံးတာနော်.... မှတ်မိပလား ?

။ မှတ်မိပါတယ်ဘုရား။ ။

ဆုံးတယ် ဆိုတာ နိဗ္ဗာန် ခေါ်တယ်၊ ဆုံးတယ်, ဆုံးတယ်, ဆိုတာ မဖြစ်တာခေါ်တယ်။

**အနုပ္ပါဒေါ နိဗ္ဗာနံ။** ။မဖြစ်ခြင်းသည် နိဗ္ဗာန်၊ နိဗ္ဗန်ကို လုပ်ငန်းစနစ်နဲ့ ဗမာပြန်။

**နိဗ္ဗာန နိဗ္ဗာနမ္ဗိ။** ။ဆုံးတယ်၊ချုပ်တယ်၊ငြိမ်းတယ်လို့ ဗမာလိုပြန်ထားကြ၊ ဒါဖြင့် မဖြစ်မှ ဆုံးတယ်၊ ချုပ်တယ်၊ ငြိမ်းတယ်၊ ရပ်တယ်တဲ့၊ ဗမာစကား ခေါ်နေကြတော့ နိဗ္ဗာန် ခေါ်တယ်၊ အဲဒီ နိဗ္ဗာန်သည် ဖြစ်ပျက်၊ အဆုံးနားမှာ ရှိတယ်တဲ့၊ ရှင်းရှင်းလေး မှတ်ထားကြ။

**သခ်ါရ သီသံ-။ နိရောဓေါ။** ။ဆိုတဲ့ ပါဠိတော်နဲ့ အညီပါဘဲလို့ မှတ်ပါ၊ မှတ်ထားကြ၊ ဒါဖြင့် နိဗ္ဗာန်နေရာ သိသွားပြီး၊ဖြစ်ပျက်နောက်မှာ ဆုံးတဲ့နိဗ္ဗာန်ရှိသည်၊ ဆုံးတဲ့ နိဗ္ဗာန်ကြီးကို သွားချင်တယ် ဆိုရင် ဖြစ်ပျက် တလမ်းထဲ ရှိတာဘဲ၊ ဒိပြင် လမ်း ရယ်လို့ မရှိတော့ဘူး။

**ယသ္မာ စခေါ အတ္ထိ အသင်္ခတံ**

**တသ္မာ ဇာတဿ နိဿရဏံ ပညာယေယျ၊**

ဥဒါန်းပါဠိတော်နဲ့ အညီပါဘဲ။

ဖြစ်ပျက်ကသွားရင် ဘယ်ရောက် ?

။ နိဗ္ဗာန်ရောက်ပါတယ်ဘုရား။ ။

နိဗ္ဗာန်ရောက်မယ် နိဗ္ဗာန်သည်ဘယ်နားမှာရှိသလဲ ?

။ ဖြစ်ပျက် အဆုံးနာဴမှာရှိပါတယ်။ ။

ဖြစ်ပျက်အဆုံးမှာရှိတယ်၊ဖြစ်ပျက်က ကိုယ်ခန္ဓာကြီးဆုံးတဲ့ နိဗ္ဗာန်ဟာ ခန္ဓအပြင်ဘက် ခေါ်တယ်၊ "ဗဟိရာဓမ္မာ" ဆိုတဲ့ ပါဠိတော်နဲ့ အညီပါဘဲ၊ နိဗ္ဗာန်သည် ကိုယ်ကြီးထဲမှာလား၊ ကိုယ့် အပြင်ဘက်မှာလား၊ တကယ်စစ်ရင် ပြင်ဘက်မှာဘဲ၊ ဗဟိဒ္ဓစင်စစ် ဘဲခေါ်တယ်၊ ပြင်ဘက်ပင် ဖြစ်ငြားသော်လဲဘဲ၊ ဖြစ်ပျက်နဲ့ စပ်နေပြန်တယ်၊ ဖြစ်ပျက်ဆိုတော့ ကိုယ်တွင်း ဖြစ်သောကြောင့် အဇ္ဈတ္တနဲ့၊ စပ်သွား ပြန်တယ် နိဗ္ဗာန်၊ နိဗ္ဗာန်၊ အဇ္ဈတ္တနဲ့ စပ်နေတယ်။

ဒါကြောင့်၊ "နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ" ။ ။ကျမ်းဂန်.... ကျမ်းဂန်....ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဆိုဘဲ့ သခ်ိတ တရားသာလျှင် ခန္ဓာကြီးနဲ့ စပ်နေသည် မဟုတ်ဘူးတဲ့၊ မဖြစ်မပျက်တဲ့ နိဗ္ဗာန် ချမ်းသာကြီးလဲ ခန္ဓာကြီးနဲ့ စပ်နေသတဲ့၊ ဒီခန္ဓာမရှိရင် နိဗ္ဗာန်ကို ရကိုမရဘူး၊ ဒါကြောင့် နိဗ္ဗာန်သည် ဘယ်သူနဲ့စပ်သလဲ ဒီခန္ဓာကြီးနဲ့စပ်တယ်၊ ခန္ဓာနဲ့စပ်တယ်ဆိုတာ ရှင်းရှင်းပြောရင် ဖြစ်ပျက်နဲ့ စပ်တယ်ခေါ်တယ်၊ ဖြစ်ပျက်မရှိ ရင် ဒီနိဗ္ဗာန်ကြီးကို မြင်ကိုမမြင်ရဘူး၊ ကိန်းသေနော်၊ ကိန်းသေ ယူထားကြ။

ဒါဖြင့် ဖြစ်ပျက်နဲ့စပ်တယ်၊ ခန္ဓာကြီးနဲ့ စပ်တယ်ဆိုသော ကြောင့် ခန္ဓာကတခြား နိဗ္ဗာန်ကတခြားလို့ ဒီလိုမယူနဲ့။

ပေါ့....ကိုယ့်ကိုယ်ထဲမှာ ရှာရမယ်ဆိုရင်၊ အိမ်မှာလဲ နိဗ္ဗာန်ရှာလို့ရသွားဘဲ၊ မြို့ကြီး၊ပြကြီးထဲမှာလဲ နိဗ္ဗာန်ရှာလို့ရသွားဘဲ၊

॥ ရပါတယ်ဘုရား॥ ॥

ခန္ဓာမှာရှိရင် ရှာလို့မရတဲ့နေရာ ရှိသေးသလား ?

॥ မရှိပါဘုရား॥ ॥

မရှိဘူးခေါ်တယ်....ကဲ ခန္ဓာထဲမှာ ရှာတော့ ဘာတွေ့လဲ?

॥ ဖြစ်ပျက်တွေ့ပါတယ်ဘုရား॥ ॥

ဖြစ်ပျက်တွေ့မယ် နိဗ္ဗာန် မတွေ့နိုင်ဘူး၊ ခန္ဓာတကိုယ်လုံးက ဖြစ်ပျက်ကြီးဘဲနော် ?

॥ မှန်ပါဘုရား॥ ॥

ခန္ဓာထဲမှာရှာရင်ဖြစ်ပျက်ကိုသာတွေ့ရမယ်၊ အဲဒီဖြစ်ပျက်ကို မှတ်ရင်း၊ မှတ်ရင်း၊ မတ်တတ်နဲ့ ဖြစ်ပျက်ဆုံးသွားတဲ့ နိဗ္ဗာန်ကြီးကို တခါမြင်ရင်၊ တခါမြင်ရင်ဆိုတော့ မဂ်နဲ့မြင်ရတယ်,....မဂ်-ဉာဏ်နဲ့မြင်ရတယ်, ဖိုလ်ဉာဏ်နဲ့မြင်ရတယ်နော်....॥

မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နဲ့ မြင်ရတယ်လို့ ဒီလိုမှတ်ထားကြ၊ ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်....॥

| | |
|---|---|
| တခါမြင် | သောတာပန်॥ |
| နှစ်ခါမြင် | သကဒါဂါမ်॥ |
| သုံးခါမြင် | အနာဂါမ်॥ |
| လေးခါမြင် | ရဟန္တာ॥ |

ရှင်းသွားရဲ့လား ?

။ ရှင်းပါတယ်ဘုရား။ ။

အဲဒါ မြင်တာက ရှေ့ခေါ်တယ်၊ နိဗ္ဗာန်ကို ရှေးဦးစွာ မြင်ရတယ်၊ ရဟန္တာဖြစ်ပြီးတဲ့နောက် ပရိနိဗ္ဗာန်စံမယ်, ဘုရားဖြစ်ပြီးတဲ့နောက်, ပစ္စေကဗုဒ္ဓါ ဖြစ်ပြီးတဲ့နောက်,ပရိနိဗ္ဗာန်စံရင်,နိဗ္ဗာန်ဝင်။

ဒါဖြင့် ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်တခုကို မြင်တာနဲ့ ဝင်တာ၊ နှစ်ခုရှိရတယ်၊ မြင်ဆဲခဏ, မြင် နိဗ္ဗာန်,၊ ဝင်ဆဲ ခဏ, ဝင် နိဗ္ဗာန်,တဲ့၊ မြင်ဒါက အာရုံပြုခေါ်တယ်၊ ဝင်ဒါက မျက်မှောက်ပြုခေါ်တယ်တဲ့၊ စာသိသမားတွေ အတွက်၊ နိဗ္ဗာန် ဝင်ဒါက အနုပါဒိသေသနိဗ္ဗာန်ခေါ်တယ်၊မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နဲ့မြင်ဒါက သဉပါဒိသေသ နိဗ္ဗာန်ခေါ်တယ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်,နဲ့ မြင်ဒါက ကိလေသ ပရိနိဗ္ဗာန်ခေါ်တယ်၊ နိဗ္ဗာန်ဝင်ဒါက ခန္ဓ ပရိနိဗ္ဗာန်ခေါ်တယ်တဲ့။

**အဟောင်းနိဗ္ဗာန်။**

ရှင်းသွားပလား ?

။ ရှင်းပါတယ်ဘုရား။ ။

ရှင်းရှင်းလေး မှတ်ထားကြ၊ ဒါဖြင့် ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်တခုကို, နိဗ္ဗာန်ကတော့ တခုထဲဘဲ " အများမရှိ တပါးသိ သန္တိနိစ္စထော" နိဗ္ဗာန်ကတော့ ဝင်တဲ့ ပုဂ္ဂိုလ်တို့နဲ့ စပ်ပြီးတော့ပြောရင်အများကြီးဘဲ,.... အများကြီးဘဲ,.... သို့သော်လဲဘဲ သဘောပြောလိုက်မယ်ဆိုရင် တခုထဲဘဲ "သန္တိသဘောတခု, နိစ္စသဘောတခု" သန္တိဆိုဒါ ခုနပြောတဲ့ ဖြစ်ပျက်တွေ ချုပ်ငြိမ်းတဲ့ သဘော

ကလေးဘဲ၊ ဘုရားမြင်ရတဲ့ နိဗ္ဗာန်လဲဘဲ ဖြစ်ပျက် ချုပ်ငြိမ်းတဲ့သဘော, ပစ္စေကဗုဒ္ဓါတွေ မြင်ရတဲ့နိဗ္ဗာန်လဲဘဲ ဖြစ်ပျက် ချုပ်ငြိမ်းတဲ့သဘော, ရဟန္တာ ကိုယ်တော်တွေ မြင်ရတဲ့ နိဗ္ဗာန်လဲဘဲ ဖြစ်ပျက် ချုပ်ငြိမ်းတဲ့သဘောဘဲ, ရှင်းသွားပလား ?

॥ ရှင်ပါတယ်ဘုရား॥ ॥

**အဟောင်းနိဗ္ဗာန်॥**

သန္တိသဘော ဖြစ်ပျက် ချုပ်ငြိမ်းတဲ့သဘောအားဖြင့် တခုထဲ ခေါ်တယ်၊ နိစ္စသဘောတဲ့, နိဗ္ဗာန်သည် အမြဲရှိတယ် ခေါ်တယ်၊ ဖြစ်ပျက်နဲ့ နိဗ္ဗာန် စပ်နေတယ်ဆိုပေမဲ့ ဖြစ်ပျက်မြင်မှ နိဗ္ဗာန်ရှိတာမဟုတ်ဘူး, နိဗ္ဗာန်ဆိုတာ နိစ္စ,အမြဲရှိသောကြောင့် ကာလသုံးပါး လွတ်နေတယ်၊ နိဗ္ဗာန်သည် ဖြစ်တုံးလဲ မဆိုနိုင်ဘူး၊ ဖြစ်ပြီးလဲ မဆိုနိုင်ဘူး၊ ကေန်ဖြစ်မယ်လို့ အနာဂါတ်သဘောလဲ မဆိုနိုင်ဘူး၊ အမြဲရှိနေတယ် ကာလသုံးပါးဆိုဒါက ဖြစ်ပျက်ရှိမှ ခေါ်တယ်၊ နိဗ္ဗာန်က ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဖြစ်ခြင်း၊ပျက်ခြင်း လုံးဝမရှိဘူး၊ မရှိသောကြောင့် ကာလသုံးပါး လုံးဝ လွတ်နေတယ်ခေါ်တယ်၊ ဒါဖြင့် ဒီနိဗ္ဗာန်သည် အသစ်လား အဟောင်းလားလို့ ဒီလိုမေးရင် အဟောင်းနိဗ္ဗာန်ခေါ်တယ်၊ နိဗ္ဗာန်မှန်ရင် အဟောင်းကြီးဘဲ၊ မဂ်နဲ့မြင်ရတဲ့နိဗ္ဗာန်လဲ အဟောင်းဘဲ, ဖိုလ်ဉာဏ်နဲ့မြင်ရတဲ့ နိဗ္ဗာန်လဲ အဟောင်းဘဲ,ပရိနိဗ္ဗာန်စံလို့ နိဗ္ဗာန်ထဲ ဝင်တာလဲ, အဟောင်းခေါ်တယ်။

မဂ်ပေါ် ဖိုလ်ပေါ်မှ နိဗ္ဗာန် ပေါ်လာသည် မဟုတ်ဘူး၊ အဟောင်းကြီးဘဲနေ၁်-ဒါကြောင့် မဂ်နဲ့မြင်ကြတာ,ဖိုလ်ဉာဏ်နဲ့

မြင်ကြတာလဲဘဲ့ ကာလသုံးပါး လွတ်တယ်နော်၊ အဲဒါသေချာ မှတ်ပါ၊ ဆရာတော်တပါး ယူထားတာနဲ့တော့ ကွာသွားလိမ့် မယ်၊ မင်္ဂကျဆဲ ဖိုလ်ကြဆဲမှာ ပစ္စုပ္ပါန် နိဗ္ဗာန်လို့ ယူကြ၊ အဲဒီလို ဆိုရင် ရှေးမဆွက မရှိ၊ မင်္ဂဉာဏ်ပေါ်လာမှ ဖြစ်ပျက်ရှိလာတယ် လို့ဆိုလိမ့်မယ်၊ နိဗ္ဗာန်ဆိုတာ အဟောင်းနော်.... အသစ်ရယ်လို့ ရှိတာမဟုတ်ဘူး သေသေချာချာ မှတ်တော့- ကဲ ချုံးတော့မယ်။

## မြင်နိဗ္ဗာန် ဝင်နိဗ္ဗာန်။

ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မင်္ဂဉာဏ် ဖိုလ်ဉာဏ်ဖြင့် မြင် တာက "မြင်နိဗ္ဗာန်"။

ပရိနိဗ္ဗာန်စံတော့ ဝင်သွားတာက "ဝင်နိဗ္ဗာန်"။

သေသေချာချာရှင်း.... ဝင်နိဗ္ဗာန်ဆိုတော့ ခန္ဓပရိနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ခေါ်တယ် အဲဒါက နောက်ပိတ်ဆုံးဘဲ။

မြင်နိဗ္ဗာန်ဆိုဒါက မင်္ဂဉာဏ်နဲ့ မြင်ကြတာ၊ ဖိုလ်ဉာဏ်နဲ့ မြင်ကြဒါခေါ်တယ်။

အဲဒါလေး ဆရာတော်ကြည့်ပြီးတော့ "မင်္ဂမြင်၊ ဖိုလ်မြင်" လို့ သုံးလိုက်တယ်၊ ပရိနိဗ္ဗာန်စံတော့ ဝင်သွား သောကြောင့် ဒါကတော့ နိဗ္ဗာန်ဝင်လို့ ဆိုလိုက်တယ်၊ ဘုန်းကြီး ပြောပုံ မှတ်ထားနော်....။

မင်္ဂမြင်၊ဖိုလ်မြင်၊နိဗ္ဗာန်ဝင်၊ လောကုတ္တရာတရားသုံးခုနဲ့ ချုံး ထားလိုက်၊ဝင်တာ နေပစေအုံး၊ဝင်တာနေပစေအုံး၊ ပရိနိဗ္ဗာန်စံမှ ဝင်ကြ၊ ရှေးဦးစွာ မြင်ဘို့လိုတယ်၊ ဘာနဲ့မြင်မလဲလို့ မေးရင်

မဂ်နဲ့, ဖိုလ်နဲ့, ဒီနှစ်ခုနဲ့ မြင်ရတယ်၊မဂ်နဲ့ မြင်တာက မဂ်ကျတဲ့ မဂ္ဂဝီထိ,ဖိုလ်ဉာဏ်နဲ့ မြင်ကြတာက ဖိုလ်ဝင်စားတဲ့ဖလသမာပတ် ဝီထိ, ဒီလိုမှတ်ထားပါ၊ ဒါဖြင့် မဂ်နဲ့ မြင်တဲ့အထဲမှာ မဂ်ရှေ့ပြေး ဂေါတြဘူ, မဂ်နောက် ဖိုလ်နှစ် ကြိမ်သုံးကြိမ်ပါတယ်၊ ပဓါန-နည်း,ရှေ့နောက် ဝန်းရံပြီးတော့,ပါလာသော်လဲဘဲ,မဂ်သာလိုရင်း ခေါ်တယ်၊ ဒါကြောင့် မဂ်နဲ့ မြင်တာမှာ မဂ္ဂ- ဝီထိ တစ်ဝီထိလို့ ယူသောကြောင့် မဂ်ရှေ့ပြေး, ဂေါတြဘူလဲ, ပါတယ် မဂ်နောက် လိုက်, ဖိုလ်နှစ်ကြိမ်, သုံးကြိမ်လဲ,ပါတယ်၊ ဒီထိအောင်ယူ- ဖိုလ်နဲ့ မြင်တာက ဖလသမာပတ် အတွက်၊ ဖိုလ်ဝင်စားတာယူတဲ့ ရှင်းရှင်းလေး မှတ်ထားကြ။

**အပါယ်လေးခွင် ပင်စင် လွတ်မြောက်ရေး။**

အဲဒါလေးချုံးလိုက်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်,ဖြင့်ဆုံးတဲ့ နိဗ္ဗာန် ကြီးကို တခါမြင်လျှင် သောတာပန်ခေါ် အပါယ်ခွင် ပထမ လွတ်လတ်ရေးရ၊ ဘုံသုံးဆယ့်တစ်နဲ့ ကိုက်တော့မယ်၊ ပုဂ္ဂိုလ်နဲ့ ဘုံနဲ့ ကိုက်တော့မယ်နော် ရှင်းရှင်းလေးမှတ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို တခါမြင်လျှင် သောတာပန်ပင် - အပါယ်ခွင် ပထမလွတ်လတ်ရေးရ။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို နှစ်ခါမြင်လျှင် သကဒါဂါမ်ပင်- လူနတ် ငါးဘုံ- ဒုတိယ လွတ်လတ်ရေးရ၊ ၄ - နဲ့ - ၅ - ပေါင်း - ၉။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို သုံးခါမြင်လျှင် အနာဂါမ်ပင်- ကျန်တဲ့ လူနတ် နှစ်ဘုံ တတိယ လွတ်လတ်ရေးရ။

၉- နဲ့ ၂- နဲ့ပေါင်း ၁၁ - ကာမ တဆယ့်တဘုံ လွတ်သွား ပြီအနာဂါမ်သေရင်, ကာမတဆယ့်တဘုံ, ဘယ်တော့မှ ပြန် မလာတော့ဘူး။

ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကြီးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လေးခါ မြင်လျှင် ရဟန္တာပင်-ဉာဏ်တော်လိုက်၍ ဘုရား့ပစ္စေကဗုဒ္ဓါပင်, ပြဟ္မာဘုံ - ၂၀ - စတုတ္ထ လွတ်လပ်ရေးရ - ၁၁ - နဲ့ ၂၀နဲ့ပေါင်း ဘုံသုံးဆယ့်တစ် လွတ်သွားတာဘဲ ဘုံသုံးဆယ့်တစ် လွတ်သွားမှ နိဗ္ဗာန်ဝင်လိမ့်မယ်၊ဒါကြောင့် နိဗ္ဗာန်ဝင်ချင်တယ်ဆိုရင် ဘုံ(၃၁) က လေးခါ လွတ်ရတယ် လေးခါမလွတ်မချင်း၊ ဘယ်တော့ကမှ နိဗ္ဗာန်မဝင်နိုင်ဘူး၊ ရှင်းရှင်းလေးမှတ်။

လေးခါ လွတ်ခြင်တယ်ဆိုရင် ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဖြင့် လေးကြိမ်မြင်ရတယ်၊ မမြင်ရင် ဘယ် နည်းနဲ့ကမှ လေးခါမလွတ်နိုင်ဘူး၊ ပထမဆုံး လွတ်ဘို့အရေး ကြီးတာ ဘုံသုံးဆယ့်တစ်က ပထမဆုံး လွတ်လတ်ဘို့ဆိုတာ ဘယ်ဘုံလဲ ပထမဆုံးအပါယ်လေးဘုံက လွတ်ဘို့ အရေးမကြီး ဘူးလား ?

॥ အရေးကြီးပါတယ်ဘုရား॥ ॥

ဒါအရေးကြီးတယ် ဒါကိုမြင်ထားရတယ်။

ချက်ခြင်း နိဗ္ဗာန်ဝင်နိုင်တာမဟုတ်ဘူး - မြင်တာရှေ့ဝင်တာ နောက်မြင်ဒါကလဲ, လေးခါမြင်ပြီးမှ့ဝင်ရတယ့်ဒီလေးခါမှမမြင် လျှင်ဘယ်တော့မှမဝင်နိုင်ဘူး့လေးခါမြင်ဒါကလဲပထမဆုံး မြင်ဘို့

No. 10

အရေးကြီးတာဘဲ၊ ပထမဆုံး ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးကိုမြင်တဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်က, "သောတာပန်" ဒါဖြင့် သောတာပန် ဖြစ်ဘို့ အရေးမကြီးဘူးလား ?

။ အရေးကြီးပါတယ်ဘုရား။ ။

ဒါအရေးကြီးတာဘဲ သောတာပန်ဖြစ်ရင် ဘယ်ဘုံက လွတ်သွားသလဲ ?

။ အပါယ်လေးဘုံပါဘုရား။ ။

ဒါဖြင့် အပါယ်လေးဘုံလွတ်ဘို့ အရေးကြီးတာဘဲ ဒါမှတ်ထားကြ။ ။ဒိပြင်ဘုံတွေနေပေစေအုံး....နေပေစေအုံး....ပထမတန်းအောင်မှ ဒုတိယတန်း၊ ဒုတိယတန်းအောင်မှ တတိယတန်း, ဒီလိုတက်သွားရတယ်, ဒါကြောင့် အရေးကြီးတယ်နော်- အပါယ်လေးဘုံလွတ်ဘို့ အရေးမကြီးဘူးလား ?

။ ကြီးပါတယ်ဘုရား။ ။

တခါတရံ လွတ်ဘို့လား အမြဲတန်းလွတ်ဘို့လား ?

။ အမြဲတန်းလွတ်ဘို့ပါ ဘုရား။ ။

ပင်စင်လွတ်ဘို့ အရေးကြီးတယ်, ပင်စင်လွတ်ချင်တယ်ဆိုရင် သောတာပန်ဖြစ်အောင်လုပ်၊ ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

သေသေချာချာ မှတ်ထားကြ၊ နံပါတ်ကလေး တတ်ထားကြ၊ ( ၃ ) နံပါတ် အပါယ်လို့တတ်ထား (၂) နံပါတ် သောတာပန်လို့တတ်ထား သောတာပန် ဖြစ်ချင်တယ်ဆိုရင် (၁) နံပါတ် ဒိဋ္ဌိလို့ တတ်ထား နံပါတ်မမေ့စေနဲ့။

**ဆောင်။** ။ဒိဋ္ဌိအငုတ်ပြုတ်လျှင် သောတာပန်ပင်၊ အပါယ်ခွင် ပထမ လွတ်လတ်ရေးရ။ ။

လက်ာ လေးမမေ့နဲ့ အကြောင်း အကျိုးပြန်ဆက်၊ (၁) နံပါတ် ဒိဋ္ဌိပြုတ်လျှင် ဘာခေါ်, သောတာပန်ခေါ်, သောတာပန်ဖြစ်လျှင် ဘယ်ဘုံလွတ်

။ အပါယ်လေးဘုံ လွတ်ပါတယ်ဘုရား။ ။

အဲ ရှင်းရှင်းလေးမှတ်ထားကြ၊ သောတာပန်တို့သည် အပါယ်လေးပါး လွတ်တယ်ဆိုဒါ တခဏလား၊ အမြဲလား ?

။ အမြဲပါဘုရား။ ။

ပင်စင်လွတ်တယ်နော်၊ ဒါက တခုစီမှတ်ထား၊ အကြောင်း အကျိုးဆက်ထားရတယ်၊ ဒိဋ္ဌိပြုတ်ထာနဲ့၊ သောတာပန်ဖြစ်ထာနဲ့ အပါယ်လေးပါး လွတ်ထာနဲ့, တပြိုင်နက်ခေါ်တယ်။

**လောကသုံးခွင် လွတ်လျှင် သောတာပန်ပင်။**

ဒိဋ္ဌိပြုတ်ထာက သင်္ခါရလောကမှ လွတ်ပုံ။

သောတာပန်ဖြစ်ထာက ပုထုဇဉ် သတ္တလောကမှ လွတ်ပုံ။

အပါယ်လေးပါး လွတ်ထာက ဘုံသုံးဆယ့်တစ် တည်းဟူသော ဩကာသလောကမှ လွတ်ပုံ။

**"လောကတော ဥတ္တရတီတိ လောကုတ္တရာ"**

လောကသုံးပါးမှ တကယ်လွတ်မှ လောကုတ္တရာ ခေါ်တယ်၊ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

နဲနဲကလေး ခဲရာခဲဆစ် ခေါ်တယ်, အဲဒါက တမျိုးဘဲ,အဲဒါက တမျိုးဘဲ၊ ဒါပရိယာယ်ခေါ်တယ်၊ အပါယ်လေးပါး လွတ်ချင်တာနဲ့, သောတာပန်ဖြစ်ချင်တာနဲ့, ဣဋ္ဌိ အငုတ် ပြုတ်လိုက်ထာနဲ့,အတူတူဘဲ၊ မဟုတ်ဘူးလား၊ အကြောင်းအကျိုး အတူတူဘဲ၊ အဲဒါက တမျိုးမှတ်လိုက်အုံး။

ဋီကာကြီးတို့နှင့်အညီ တမျိုးနံပါတ်တတ်၊ လိုရင်းကတော့ အပါယ်မကျဘို့၊ ဒါ လိုရင်းဘဲ ဟုတ်တယ်မဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

လိုရင်းဘဲခေါ်တယ်၊ ဒါဖြင့် (၃)နံပါတ် အပါယ် တပ်လိုက်၊ (၂)နံပါတ် အကုသိုလ်ကံ တပ်လိုက်၊ (၁) နံပါတ်က ဒိဋ္ဌိ တပ်လိုက်စမ်းတဲ့၊ ဟော....ဒါကလဲ တမျိုးဘဲ....။

**အပါယဂါမိက ကမ္မာနိနာမ သက္ကာယဒိဋ္ဌိယာ၊**

**သတိယေဝ ဝိပ္ပစ္စန္တိ နော အသတိယာ၊**

ဆိုတဲ့ ဋီကာကြီးတို့နဲ့ အညီ နံပါတ် တပ်လိုက် ထာဘဲ၊ အပါယ်ပြစ်ချနိုင်သော အကုသိုလ်ကံတို့သည်၊ ဒါက(၂)တရားခံခေါ်တယ်၊ သက္ကာယဒိဋ္ဌိ ရှိမှသာလျှင်၊ ဒါက (၁)တရားခံ အပါယ်ကျ၏ အဖြစ်ဖြင့် အကျိုးပေး နိုင်၏၊ သက္ကာယဒိဋ္ဌိ မရှိကဲ့သော်- အပါယ်ကျ၏အဖြစ်ဖြင့်, ဘယ်အခါမှ အကျိုး မပေးနိုင်လို့ ဋီကာကြီးတို့နှင့် အညီ ကောက်ချက် ချထားရတယ်၊ မှတ်ထားနော်....။

။ မှန်ပါဘုရား။ ။

တစ်တရားခံ ဘယ်သူလဲ ?

॥ ဒိဋ္ဌိပါဘုရား॥ ॥

နှစ်တရားခံ ဘယ်သူလဲ ?

॥ အကုသိုလ်ကံပါဘုရား॥ ॥

သုံးနံပါတ် အပါယ်နော်....॥

ဒါဖြင့် အပါယ်ကျတဲ့ တရားခံစစ်ရင် နှစ်ဦးထွက်လာ လိမ့်မယ်၊ တစ်တရားခံ ဒိဋ္ဌိနဲ့, နှစ်တရားခံ အကုသိုလ်ကံ, အဲဒါ နှစ်ခုထွက်လာလိမ့်မယ်၊ စစ်ကြ,စစ်ကြ, အပါယ်ကျတဲ့လူမှန်သမျှ ဒီတရားခံ နှစ်ဦးရှိရမယ်၊ မှတ်မိပလား ?

॥ မှတ်မိပါပြီဘုရား॥ ॥

## ဒိဋ္ဌိရှိလျှင် ပုထုဇဉ်။

တစ်တရားခံ ဒိဋ္ဌိရှိရင် ဒါ- ပုထုဇဉ်ဘဲ၊ ဒိဋ္ဌိမရှိလို့ရှိရင် ဒါ- အရိယာဘဲ၊ ပုထုဇဉ်, ပုထုဇဉ်, ဆိုဒါ ဘာကြည့်ပြောသလဲ ဆိုတော့၊ ဟောဒီ ဒိဋ္ဌိကြည့်ပြောရတယ်၊ ရင်တွင် နာမ်, အစဉ် မှာ ဒိဋ္ဌိကလေးရှိရင် သူ့ဘာခေါ်, ပုထုဇဉ်ခေါ်, ပုထုဇဉ် ခေါ်တယ်။

"ပုထုအဝိဟတ သက္ကာယဒိဋ္ဌိကာ ဇနာ ပုထုဇ္ဇနာ"

အဋ္ဌကထာ ကြီးတို့နှင့်အညီပါဘဲ၊ မှတ်ထားနော်....

ဒိဋ္ဌိရှိရင် ဘာခေါ်လဲ ?

॥ ပုထုဇဉ်ခေါ်ပါဘုရား॥ ॥

သေသေ, ချာချာမှတ်, ပုထုဇဉ်ခေါ်တယ်။

အသား, အရေ, အကျော,လဲ ပုထုဇဉ်မဟုတ်ဘူး။

ခေါင်း, ကိုယ်, ခြေ, လက်,လဲ ပုထုဇဉ်မဟုတ်ဘူး။

ယောကျ်ား, မိန်းမ, တွေလဲဘဲ ပုထုဇဉ်မဟုတ်ဘူး။

ပုထုဇဉ်စစ်စစ်ဆိုဒါ ဉာဏ်နဲ့မြင်ရတယ်, မျက်စေ့နဲ့ တွေ့ရတာ မဟုတ်ဘူး။

ဘာရှိရင် ပုထုဇဉ်ခေါ် ?

ဒိဋ္ဌိရှိရင် ပုထုဇဉ်ပါဘုရား။ ။

ဒိဋ္ဌိ, ဒိဋ္ဌိကြီး တယ်ဆိုးဒါဘဲ၊ ဒိဋ္ဌိမရှိရင် ဘာခေါ် ?

။ အရိယာခေါ်ပါတယ်ဘုရား။

ဟောဒါကလေး ရှင်းရှင်း မှတ်ထားရတယ်၊ ဒိဋ္ဌိရှိရင် လာတော့မယ်, လာတော့မယ်၊ နှစ်တရားခံ အကုသိုလ်ကံ တွေကတယ်များဆိုပါကလား၊ ဒိဋ္ဌိရှိရင်ဲလ- ဒါဖြင့် ပုထုဇဉ် ဖြစ်ရင်, အကုသိုလ်ကံတွေ သိပ်များတာဘဲ၊ နှစ်တရားခံပေါ်ပုံ၊ အဲဒီ နှစ်တရားခံကလေးကို ဒီနေရာက စစ်ထားလိုက်၊နှစ်နံပါတ် အကုသိုလ်ကံနော်....။

**ကံသုံးပါးဖြန့်ပုံ။**

ဒွါရနဲ့ ပါတ်သက်၍ ကံသုံးပါး ဖြန့်လိုက်၊ ကာယကံ-ဝစီကံ-မနောကံ။

ဘယ်နှစ်ပါး ?

॥ သုံးပါးပါဘုရား॥

သုံးပါးခေါ်- ကာယကံ ဆိုတော့ ကိုယ်နဲ့ လုပ်တဲ့ အလုပ် နော်.... "သက်သတ်, ခိုးမှု, ကာမေသု" ဘယ်နှစ်ခု ?

॥ သုံးခုပါဘုရား॥ ॥

သုံးခု ဒါတွေတော့ သိပြီးသားတွေဘဲ၊ ဝစီကံကတော့ ပါး စပ်နဲ့ ပြောတဲ့အလုပ်နော်၊ "လိမ်ပြော, ဂုံးချော, စိတ်ကြမ်းပြော, ဖျင်းပြော, လေးတန် ဝစီကံ"

ဘယ်လောက်ရှိ ?

॥ လေးခုရှိပါဘုရား॥ ॥

မနောကံတဲ့၊ စိတ်ဆိုး, စိတ်ညစ်, စိတ်ကောက်, စိတ်မချမ်း သာဒါ, ဒါတွေလဲ မနောကံခေါ်ယူနေကြတော့- အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ....ဘယ်နှစ်ခုရှိ ?

॥ သုံးခုပါဘုရား॥ ॥

အဲဒါယူရင်လဲရတယ်၊ ဆရာတော်တော့ ဒီမှာ ဒီလိုမယူဘူး နော်၊ ဆရာတော်ယူတာက တမျိုး၊ ဒီမှာ ကာယကံနဲ့ စပ်တဲ့ မနောကံ-သုံး၊ ဝစီကံနဲ့ စပ်တဲ့ မနောကံ- လေး၊ ပေါင်းတော့ ခုနှစ်ခုယူထားတယ်၊ ရှင်းရှင်းမှတ်၊ နောက် 'သမထခဏ်း'ကြ တော့မှ ပေါ်လာလိမ့်မယ်၊ အချိန်ကုန်မည်စိုး၍ ဒီမှာမရှင်းဘူး နော်....ပြန်စစ်စမ်း။

ကာယကံ ဘယ်နှစ်ခု ?

။ သုံးခုပါဘုရား။ ။

ဝစီကံဘယ်နှစ်ခု ?

။ လေးခုပါဘုရား။ ။

မနောကံဘယ်နှစ်ခု ?

။ သုံးခုပါဘုရား။ ။

ဒါက ယူနေကြ၊ ဆရာတော်အယူဘယ်လောက်လဲ ?

။ ခုနစ်ခုပါဘုရား။ ။

(မနောကံ ခုနစ်ခုနှော် မှတ်ထား၊ မှတ်ထား၊ ထူးတာကလေးတော့ မှတ်ထားရတယ်။)

**အကုသိုလ်ကံ-ဟောင်း-သစ်-ခွဲပုံ။**

အဲဒါ နှစ်တရားခံစစ်လိုက်တယ်၊ ခွဲအုံး-ခွဲအုံး၊ ဒီထိအောင် မရသေးဘူး၊ အဟောင်းနဲ့ အသစ် ခွဲချလိုက်၊ကာယကံဟောင်း၊ ဝစီကံဟောင်း၊ မနောကံဟောင်း၊ အဟောင်းဘက်က သုံး၊ ကာယကံ-ကံသစ်၊ ဝစီကံ-ကံသစ်၊ မနောကံ- ကံသစ်၊ အသစ်ဘက်ကသုံး၊ ပေါင်းတော့ အကုသိုလ်ကံသည်။

ခြောက်မျိုးမရဘူးလား ?

။ ရပါတယ်ဘုရား။ ။

အဟောင်းနဲ့ အသစ်ကိုခွဲအုံးမယ်၊ အဟောင်းဆိုဒါ "ဥပ္ပန္နာနံ ပါပကာနံ-ပဟာနာယ-ဝါယမော" ဆိုတဲ့ သမ္မပ္ပဓာန်နဲ့ အညီဖြစ်ပြီးသား အကုသိုလ်ကို အဟောင်းခေါ်တယ်။

ရှင်းပလား ?

॥ ရှင်းပါတယ်ဘုရား॥ ॥

ဖြစ်ပြီးသား အကုသိုလ်ဆိုပေမယ်လို့ တိမ်တိမ်ကလေးမှတ်ရဘူး၊အကုသိုလ်ကံဆိုတော့ အစစ်က အရင်းဆိုရင် "စေတနာ" ခေါ်တယ်၊ အဲဒီစေတနာပျက်သွားရင် သတ္တိကံကလေးကျန်တယ်၊ အဲဒီ ကံကလေးကျန်ဒါကို အဟောင်း ခေါ်တယ်၊ နက်နက်တွေး....ပေါ်ပေါ်လွင်လွင်မတွေးနဲ့၊ သူ့အသက်ကိုသတ်ချင်တဲ့ "ဝဓက" စေတနာ၊ စေတနာပျက်သွားရင် သတ္တိဆိုတဲ့ကံလေးမကျန်ဘူးလား ?

॥ ကျန်ပါတယ်ဘုရား॥ ॥

နာနက္ခဏိက ကမ္မသတ္တိနေ၁်-ရှင်းသွားပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

အဲဒါကို ကံဟောင်းခေါ်တာ၊ ဟို - ဖြစ်ပြီးရင် ပျက်သွားဘာမှမကျန်လို့ရှိရင်, ဒီကံ,အဟောင်းလို့ ဆိုနိုင်ပါ့မလား ?

॥ မဆိုနိုင်ပါဘုရား॥ ॥

ဘာမှ ကျန်မှ,မကျန်ဘဲ၊ (ဥပမာ)... ကြိယာစိတ်၊အဲဒီကြိယာစိတ်တွေဟာ ဖြစ်ပြီးရင် ဘာကျန်သေးသလဲ ?

॥ ဘာမှ မကျန်ပါဘုရား॥ ॥

အဲဒါ ကံဟောင်းမဆိုရဘူး၊ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ယခုဒီလိုမဟုတ်ဘူး၊ အကုသိုလ်စေတနာလေးပျက်သွားရင် ဘာကျန် ?

॥ သတ္တိကျန်ပါတယ်ဘုရား॥ ॥

သတ္တိကျန်- ဒီသတ္တိကို ဘာခေါ် ?

॥ ကံခေါ်ပါတယ်ဘုရား॥ ॥

ကံ ခေါ်တယ်နော်....

"စေတနာဟံဘိက္ခဝေ-ကမ္မံ ဝဒါမိ" လို့ ဆိုသော်လဲဘဲ၊ စေတနာကို ကံလို့မကောက်နဲ့၊ သတ္တိကိုကံလို့ကောက်.... ။

တင်စားခေါ်တာနော်-ရှင်းပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

သေသေချာချာမှတ်ပါ၊ ဒါကြောင့် ကံဟောင်း၊ ကံဟောင်း ဒီလို ဆိုလိုတာ သဘောကြပြီနော် ?

॥ သဘောကြပါဘုရား॥ ॥

သန်းကလေး, ခြင်ကလေး, ဂျပိုးလေး, ယင်စွ- သတ္တဝါလေး ကိုသတ်ပေမယ်လို့ မထိလေးစားမလုပ်နဲ့၊ အင်္ဂါင်္ဂါးချက်နဲ့ ပြည့်စုံမယ်ဆိုရင် ကမ္မပထမြောက်တယ်, ကမ္မပထမြောက်သော "ဝဓက" စေတနာသည်၊ ရင်ထဲမှာဖြစ်ပြီး ပျက်သွားတယ်, သတ္တိကျန်၊ အဲဒီကံလေးကျန်၊ အဲဒီကံလေးသည်အဟောင်း။

ရှင်းသွားပလား ?

॥ ရှင်းသွားပါဘုရား॥ ॥

သူ့အသက်ကို သတ်ကြတဲ့ ကံဟောင်းသည် ဘယ်လောက်ရှိ၊ အနန္တ၊ ခိုးယူတိုက်ဖျက် လုယက်ဘို့ဆိုတဲ့ ကံဟောင်းသည် ဘယ့်လောက်ကျန်၊ အနန္တ၊ ပြစ်မှားတဲ့ကံလဲအနန္တ၊ မုသားပြောတဲ့ကံ၊ ဂုံးချောတဲ့ကံ၊ စိတ်ကြမ်းပြောတဲ့ကံ၊အဖျင်းပြောတဲ့ကံ၊ ဝစီကံလဲ အနန္တ ခေါ်တယ်၊ ဒါဖြင့် ပုထုဇဉ်တို့ ရင်တွင် နာမ်အစဉ်မှာ အကုသိုလ် ကံဟောင်းတို့သည် တပုံကြီးဘဲ....

ရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

**ကံ-ကံ၏အကျိုးယုံကြည်ပုံ။**

အဲဒါကံဟောင်း-ကံဟောင်းခေါ်တယ်၊မနောကံလဲဒီအတိုင်းဘဲ၊ မနောကံဆိုတော့ စိတ်ထဲမှာ သတ်ဘို့ကြံစီတယ်၊ ခိုးယူတိုက်ဖျက် လုယက်ဘို့ကြံစီတယ်၊ ပြစ်မှားဘို့ကြံစီတယ်၊ လိမ်ပြောဘို့၊ ဂုံးချောဘို့-စိတ်ကြမ်းပြောဘို့-အဖျင်းပြောဘို့ကြံစီရုံ ကြံစီတယ်၊ ကိုယ်နဲ့လဲ မလုပ်ဘူး၊ ပါးစပ်နဲ့လဲ ထုတ်မပြောဘူး၊အဲဒီကြံစီတဲ့ မနောကံလေးဟာ အင်္ဂါနဲ့ ညီညွတ်မယ်ဆိုရင်၊ ကမ္မပထမြောက်၊ မြောက်လို့ - စေတနာ ပျက်သွားမယ်ဆိုရင် သတ္တိကံကလေး မကျန်ဘူးလား ?

။ ကျန်ပါတယ်ဘုရား။ ။

(အဲဒါမှတ်ထား-ဒီလိုကျန်တာသိမှ ကံ့ကိုယုံကြည်တယ်ခေါ်တယ်။)

**ကမ္မဥ-ကမ္မဖလဥ-သဒ္ဒဟိတွာ-ကတံ-သမ္ပဇာနကတံ။**

(အင္ဂသာလိနီ)

ဉာဏ်ယှဉ်ရတယ်၊ ကံကိုယုံတယ်၊ ကံ၏အကျိုးကို ယုံတယ်၊ ဘယ်လိုယုံသလဲ ယုံပုံပြောစမ်းပါ၊ စေတနာပျက်သွားရင် ကံက လေးတခုကျန်တယ်ဆိုတာ တကယ်ယုံတယ်....

မယုံဘူးလား ?

။ ယုံပါတယ်ဘုရား။ ။

အဲဒီလို ယုံရတယ် ခေါ်တယ်၊ ဒါကိုအဟောင်းနော်သဘော

ကြပလား ?

။ ကြပါတယ်ဘုရား။ ။

ဒါဖြင့် အကုသိုလ် ကာယကံဟောင်း ဘယ်လောက်ရှိ ?

။ အနန္တပါဘုရား။ ။

ဝစီကံ-ကံဟောင်း ဘယ်လောက်ရှိ ?

။ အနန္တပါဘုရား။ ။

မနောကံ-ကံဟောင်း ဘယ်လောက်ရှိ ?

။ အနန္တပါဘုရား။ ။

အနန္တနော်-အဲဒါက "ဥပ္ပန္နာနံ-ပါပကာနံ" အရခေါ်တယ်၊ အလကားမဟုတ်ဘူးနော် အဲဒီလိုဆိုရင် နဲနဲကလေး တင်စားရ.... ဒါနပြုကြတယ်၊ ပြုသောအခါကာလမှာဆိုရင်၊ မိဿက,တွေပါ

တတ်တယ်၊ ငါးချိန့်ပက်ချိန့်ကြက်ချိန့် ဆိုတဲ့ အကုသိုလ်တွေ မပါဘူးလား ?

॥ ပါ-ပါတယ်ဘုရား॥ ॥

ပျော်ပွဲရှင်ပွဲဆိုတဲ့ ဒါတွေမပါဘူးလား ?

॥ ပါ-ပါတယ်ဘုရား॥ ॥

အဲဒီစေတနာလေး ပျက်သွားရင် သတ္တိကံ့ကျန်မကျန် ?

॥ ကျန်ပါတယ်ဘုရား॥ ॥

အဲဒါ အဖတ်တင်တယ်၊ ပေါ့ပေါ့တန်တန် မဟုတ်ဘူးနော်၊ ပေါ့ပေါ့မဟုတ်ဘူး၊ လျှုတဲ့ ကုသိုလ်ကတော့ အကျိုးပေးရင်တော့ ချမ်းသာမှာဘဲ ခုနအကုသိုလ် ရှုတ်ရှုတ်ရှက်ရှက်လေးပါတဲ့ အတွက်ကြောင့် ဒီအကုသိုလ် အကျိုးပေးရင်တော့ရှုတ်ရှက်ခတ်မှာဘဲ "မိဿကဒါန" ခေါ်တယ်။

ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

အင်း-ပေါ့ပေါ့ မထင်ကြနဲ့ သတ္တိကျန်တယ်-ကျန်တယ်ဆိုဒါ လူတွေ တကယ်မသိဘူး၊ ဟာ့ဒိဟာဒို့ပျော်ရင် ဘာဖြစ်သလဲ-ဘာဖြစ်လဲ၊အဲဒီလောက်သာသိတာ ပျော်လို့ရှိရင်အကုသိုလ်နဲ့ပျော်ရင် သတ္တိနာမ် အစဉ်မှာ ကျန်-ကျန်နေတယ်ခေါ်တယ်၊ ပေါ့ပေါ့ လေး မဟုတ်ဘူးနော်....

ဒီထိအောင် ယုံကြည်ကြ၊ အားလုံးရှင်းပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

သေသေချာချာ မှတ်စမ်း၊ သေသေချာချာမှတ်စမ်း၊အဲဒါကံ ဟောင်းအတွက် ရှင်းသွားပြီ၊ ကာယကံ, ကံဟောင်းလဲအနန္တ၊ဝစီကံ, ကံဟောင်းလဲ့ အနန္တ၊ မနောကံ, ကံဟောင်းလဲအနန္တ။

ယုံကောယုံပလား ?

॥ ယုံပါတယ်ဘုရား॥ ॥

ကံသစ်ပြောမယ်-ကံသစ် ပြောမယ်, ကံသစ်က"အနုပ္ပါဒါနံ-ပါပကာနံ-အနုပ္ပါဒါယ-ဝါယမော"မဖြစ်သေးသော အကုသိုလ် ခေါ်တယ်၊ မိမိရင်တွင် နာမ်အစဉ်မှာ မဖြစ်သေးဘူး,မဖြစ်သေး ဘူးဆိုရင်၊ပျက်ထာရှိမရှိ ?

॥ မရှိပါဘုရား॥ ॥

မဖြစ်ရင် ပျက်ထာရှိ-မရှိ ?

॥ မရှိပါဘုရား॥ ॥

မရှိရင် သတ္တိကံ, ကျန်မကျန် ?

॥ မကျန်ပါဘုရား॥ ॥

မဖြစ်မှ မဖြစ်ဘဲကို မဖြစ်ရင် မပျက်တော့ဘူး(ဥပမာ) သတ်ခြင်တဲ့ စေတနာဖြစ်ကို မဖြစ်ဘူး၊ မဖြစ်ရင် ဒီစေတနာ မပျက်၊ မပျက်ရင် သတ္တိကံ ကျန်မကျန် ?

॥ မကျန်ပါဘုရား॥ ॥

အဲဒါ အသစ်ခေါ်တယ်-အသစ်ခေါ်တယ်၊ ရှင်းထား,ဒါဖြင့် မဖြစ်သေးသော အကုသိုလ် ဆိုတာ ရင်တွင်နာမ် အစဉ်မှာ သတ္တိကလေးမရှိတာ ခေါ်သည်၊ ဒီထိအောင် ယူထားကြ၊ ဒါဖြင့် မဖြစ်

သေးသော အကုသိုလ်ကံဟောင်း၊ ကာယကံ-ကံဟောင်း၊ ဝစီကံ-ကံဟောင်း၊ မနောကံ- ကံဟောင်းလို့ ဒီလို အသစ် ဖက်က ယူထားကြ။

ရှင်းသွားပလား ?

။ ရှင်းပါဘုရား။ ။

**အပါယ်ကျပုံ·ကံမျိုးစုံ။**

နှစ်-တရားခံနောက်တော့အစစ်လွတ်လွတ်သွားပြီ၊ တစ်တရားခံ ဒိဋ္ဌိရှိလျှင်၊ နှစ်တရားခံ အကုသိုလ်၊ ကံဟောင်းလဲတင်၊ကံသစ်လဲဝင်၊ ကံဟောင်းကို ကြွေးဟောင်းလို့ မှတ်ပါ၊ ကံသစ်ကို ကြွေးသစ်လို့မှတ်ပါ၊ ဥပမာလေးနဲ့တင်စားမှ ကောင်းတယ်၊ အကုသိုလ် ကံဟောင်း ကြွေးဟောင်းလဲ အနန္တတင်၊ ကံသစ် ကြွေးသစ်လဲ အနန္တဝင်, ဝင်ဘာဖြစ်သလဲ၊သုံးနံပါတ်အပါယ်ကျမှာပေါ့....

ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

မိမိကိုယ်ကို မိမိစစ်စမ်း၊ ငါသည် အပါယ်ကျတဲ့ ဘဝပေါင်း ဘယ်လောက်ရှိသလဲ စစ်ကြ,စစ်ကြ....

ဘယ်လောက်ရှိသလဲ ?

။ အနန္တပါဘုရား။ ။

အနန္တခေါ်တယ်နော်....

**ဆောင်။** ။လူနတ်ကသော-လူနတ်လော၊ နည်းပေမြှုမှုံလောက်။
လူနတ် ကသော-ပါယ်ကျ လော၊ များ ပေ မြေ ကြီး
လောက်၊နခ-သိခသုတ္တန်ထောက်....

ဘယ်လောက် ကြောက်စရာကောင်း၊ လူ့ဘဝလေး တခါတလေရ၊ သေသွားရင် လူပြန်ဖြစ်ထာ- နတ်သွားဖြစ်ထာ၊ ဗြဟ္မာသွားဖြစ်ထာ၊တဘဝတလေလေး၊ နတ်ဘဝကလေးတခါတလေရ နတ်ဘဝက သေတိုင်း နတ်ပြန်ဖြစ်ထာ၊ လူသွားဖြစ်ထာ၊ ဗြဟ္မာသွားဖြစ်ထာ၊ တဘဝတလေလေး၊ အင်မတန့်နဲ့ဆိုပါကလား၊ လူကသေတိုင်းသေတိုင်း၊ တဘဝခြား၍ အပါယ်ကျ၊ ကျပြီးတော့ သွားလိုက်ထာ၊ နှစ်သိန်း လေးသောင်း အထု ရှိသော မဟာပထဝီမြေမှုံ့နဲ့အမျှ၊ အလွန်များပါ ကလား (နှစ်သိန်းလေးသောင်းဆိုတာ ဒု-ကိုပြောတာနော်၊ အလျားလဲမဟုတ်ဘူး၊ အနံလဲမဟုတ်ဘူး)မြေကြီးအထုကို ပြောတာခေါ်တယ်၊အလျားဘယ်လောက်ရှိသလဲမေးရင် စကြာဝဠာနှုတ်ခမ်းခြင်းစပ်နေတယ်နော်၊ အလျားလဲအနန္တခေါ်တယ်၊ အနံကော့စကြာဝဠာ နှုတ်ခမ်းခြင်း စပ်နေတယ်နော်၊ အနံလဲ အနန္တခေါ်တယ်၊ အထုသာပြောနိုင်တယ်။ ။

အဲဒါ-နခသိခ သုတ္တန် ဒေသနာတော် မိမိ အကြောင်းလေး မိမိယုံကြနော်....

ကောင်းသော လူဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ, ဖြစ်ထာက တဘဝတလေ မြတ်စွာဘုရား လက်သဲတော်ပေါ်မှာ တင်ထားတဲ့ မြူမှုံကလေးတမှုံစာလောက် မပြောပလောက်ပါ၊ လူကသေ

ပြီး, နတ်ကသေပြီး, ဗြဟ္မာကသေပြီး, အပါယ်ကျ ကျပြီးတော့ သွားလိုက်ထာ၊ နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီ မြေမှုန့်နဲ့အမျှ....

ယုံကောယုံရဲ့လား ?

။ ယုံပါတယ်ဘုရား။ ။

နခသိခ, သုတ္တန် ဒေသနာတော်....

ဒို့မြတ်စွာဘုရားသည် သဗ္ဗညုတ ရွှေဉာဏ်တော် ရတယ်ဆိုတာကောယုံရဲ့လား ?

။ ယုံပါတယ်ဘုရား။ ။

အလုံးစုံ အကုန်အစင်သိတယ်ဆိုတာကောယုံရဲ့လား ?

။ ယုံပါတယ်ဘုရား။ ။

ဒီဘဝအကြောင်းလဲ သိတယ်၊ နောက်နောင်ဘဝအကြောင်းလဲ သိတယ်၊ ရှေ့ကိုလဲ ဘယ်လိုဖြစ်လိမ့်မယ်ဆိုတာကော သိတယ်ဆိုတာကော ယုံရဲ့လား ?

။ ယုံပါတယ်ဘုရား။ ။

ရွှေဉာဏ်တော် ကျက်စားတယ်နော်၊ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာကော အကြောင်းနဲ့ အကျိုး စပ်ပြီး သိတယ် ဆိုတာကော ယုံရဲ့လား ?

။ ယုံပါတယ်ဘုရား။ ။

"အဒ္ဒစ္စဝစနော္ဘဂဝါ"ဆိုသည့်အတိုင်း ဒို့ဘုရားသည်စကား နှစ်ခွန်းမသုံးဘူး၊ တခွန်းဆိုင်ကြီးနော်၊ ယခုပြောတာတခွန်းထဲ မှတ်ပါ၊ ဟုတ်လဲ ဟုတ်စရာဘဲ၊ ဘာကြောင့်လဲဆိုရင် နှစ်တရား ခံ အကုသိုလ်လ်တွေဟာ အလွန်များတာဘဲ၊ များတယ်- မများ တယ်-ကိုယ့်စိတ်ကလေး, ကိုယ်ချိန်ကြည့်၊ စိတ်နှလုံးကောင်း တာနဲ့မကောင်းတာနဲ့ဘယ်ဒင်းများသလဲဆိုရင် မကောင်းတဲ့ အချိန်က များတယ် ဟုတ်ကြရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒါအပါယ်ကျတဲ့ ဘဝပေါင်း သိပ်များပုံဘဲ၊ မတော် တ ဆ အပါယ်လေးပါးကျသွားမယ်ဆိုရင်အပါယ်လေးပါးက လွတ် ဘို့....

လွယ်မလား မလွယ်ဘူးလား ?

॥ မလွယ်ပါဘုရား॥ ॥

အင်မတန်ခဲယဥ်းတာဘဲ॥

**ဆောင်॥** ॥အပါယ်ကသေ လူနတ်လေ-နည်းပေ မြူမှုံလောက် အပါယ်ကသေ, ပါယ်ကြလေ, များပေ ခမြေကြီး လောက်၊ နခ-သိခ-သုတ္တန်တောက်....॥

ဟော....အပါယ်ကသေလို့ အပါယ်ကျသွားပြီ၊ အပါယ်က သေလို့ လူဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ,ကလေးရဘို့ အ တော် ခဲယဥ်းတာဘဲ၊ တဘဝတလေလေး ကံစွပ်မိ ရင်လေ၊ အ ပါယ် ပြန်ပြန်ပြီးတော့သွားကြတာ ဘယ်လောက် များတယ်ထင်သလဲ၊ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေမှုံနဲ့ အမျ॥

**ဥပမာ။** ။ထောင်ကျဒါကတော့ ငါးနှစ်ပါဘဲ၊ထောင်ထဲ ကျတော့တယ်ဆိုးတာဘဲ၊ဆိုးတော့ ထောင်ထဲမှာ အမှုသစ်တွေ တိုးတော့ လွတ်မယ်ကြံသေး့နောက်အပြစ်လာ၊လွတ်မယ်ကြံသေး့ နောက်အပြစ်လာတော့ ထောင်ထဲမှာ တသက်လုံးနေရသလိုဘဲနော်....သတ္တဝါတို့၏ရင်တွင် နာမ်အစဉ်မှာ ကံဟောင်းဘယ်လောက်ရှိ့ အနန္တ၊ ကံသစ်ဘယ်လောက်ရှိ့ အနန္တ၊ တကံကို အပါယ်တခါကျဆိုဒါ ယုံရဲ့လား ?

။ ယုံပါတယ်ဘုရား၊

**ဒိဋ္ဌိအမျိုး အပါယ်ကျိုး**

**ဧကာ စေတနာ၊ ဧကံပဋိသန္ဓိံ ဒေတိ၊**

**နာနံစေတနာယောနာနံပဋိသန္ဓိံယော ဒေန္တိ။**

(အဋ္ဌသာလိနီအဋ္ဌကထာ)

တကံကို အပါယ်တခါကျ့ တကံကိုယ်အပါယ်တခါကျဆိုရင် ကံဟောင်းအတွက်ကော လွတ်နိုင်စရာရှိသလား၊ ကံသစ်ကြွေးသစ့်အတွက်ကော လွတ်နိုင်စရာရှိသလား ?

။ မရှိပါဘုရား။

ဒါကိုယ့်ကိုယ်နော်... ဟိုကြည့်- ဒီကြည့်နဲ့ မကြည့်နဲ့ ဘယ်သူ အပါယ်ကျသလဲ၊ ငါအပါယ်ကျတာပြောတယ်၊ ဘာဖြစ်လို့ ဒီလောက်တောင် အပါယ် ခဏ့ခဏ့ကျရသလဲ....၊ အကြောင်း

ရှာ- နှစ်တရားခံ အကုသိုလ်ကံဟောင်း, ကြွေးဟောင်းတွေတင်၊ ကံသစ်,ကြွေးသစ်တွေဝင်လို့၊ ရှင်းသွားပလား ?

॥ ရှင်းသွားပါဘုရား॥ ॥

ဘာဖြစ်လို့ ဒီအကုသိုလ်ကံဟောင်း, ကြွေးဟောင်းတွေတင်ရသလဲ၊ စစ်လိုက်- တစ်တရားခံ ဒိဋ္ဌိရှိလို့....॥

ရှင်းသွားပလား ?

॥ ရှင်းသွားပါဘုရား॥ ॥

ဒီတရားခံနှစ်ခုမှာ, ဘယ်တရားခံကြောက်ဘို့အကောင်းဆုံးလဲ, တစ်တရားခံနော်....ယခုလူတွေ များသောအားဖြင့်ဆိုရင်, နှစ်တရားခံသာ သတ်နေကြတယ်၊ မီးရှိလို့ မီးခိုးလာ- မီးခိုးမှန်တဲ့ အတွက်ကြောင့် ဒီမီးခိုး,ဖလိုခြင်ဘူး၊ မီးခိုးကိုဘဲ လိုက်လိုက်သတ်နေကြတယ်၊ တစ်တရားခံ,မီး'သတ်တဲ့သူနည်းတယ်....

ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

နှစ်တရားခံ အကုသိုလ်ကံတွေ- အဖျား လိုက်လိုက်သတ်နေကြတယ်၊ သတ်ပေမယ်လို့ သူတို့ကံဟောင်း,ကြွေးဟောင်းကို ဘယ်တော့ကမှ မသတ်နိုင်ဘူး၊ ကံသစ်သာ လိုက်လိုက်သတ်နေ, ဖြစ်ပြီးသားကို သူတို့မပါယ်နိုင်ဘူး၊ မဖြစ်ရသေးတာတွေကိုသာ ရှောင်နေကြတယ်၊ ဒီလိုဆိုတဲ့ အဓိပ္ပါယ်နော်-ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

ဒါကြောင့် မြတ်စွာဘုရားက ဒိဋ္ဌိ,အရေးကြီးတယ်တဲ့၊ အပါယ်မကျစေချင်ရင် လိုရင်း ဒိဋ္ဌိ,သတ်ရမယ်တဲ့။

သတ္တိယာ-ဝိယ-ဩမဋ္ဌော၊ ဍယှမာနေ၀ မတ္ထကေ၊
သာက္ကယ ဒိဋ္ဌိပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ ။

လို့ ဘုရားဟောလိုက်တယ်၊ အပါယ်မကျခြင်ရင်ဘာ သတ်ရမလဲ၊ ဒိဋ္ဌိသတ်ရမယ်၊ ဘယ်လောက်ကြာမှ သတ်ရမလဲ၊ ရင်ဝ လှံစူးသောပုဂ္ဂိုလ်, လှံကိုအရေးတကြီးနှုတ်သလိုဘဲ၊ ထိပ်မှာ မီးလောင်သောပုဂ္ဂိုလ်, မီးကိုအရေးတကြီးအမြန်ဆုံး ငြိမ်းသတ်သလိုဘဲ၊ ဒိဋ္ဌိကိုတော့ ဒီထက်ပိုပြီးအရေးကြီးတယ်နော်, ဒီထက် မြန်မြန်သတ်ရမယ်နော်- ဘာဖြစ်လို့လဲ၊ ဒီ,ဒိဋ္ဌိလေး ရှိမယ်ဆိုရင် အပါယ်ကျ မလွတ်ဘူးနော်....

အားလုံး သဘောကြပလား ?

။ ကျပါတယ်ဘုရား။ ။

ကဲ ဒီနေ့ပေါ်လာပြီ ပထမဆုံးပြောတဲ့ တစ်တရားခံဒိဋ္ဌိ နှစ်တော့ သောတာပန်၊ သုံး အပါယ်ဆိုတာနဲ့ ကိုက်သွားတာဘဲ, အပါယ်မကျချင်ရင် သောတာပန် ဖြစ်အောင်လုပ်, သောတာပန် ဖြစ်ချင်တယ် ဆိုရင်, ဒိဋ္ဌိ အငုတ် ပြုတ်အောင် ဖြုတ်, သွားပြီ ဒီအတန်း။

နောက်ကဥပဒေလေး-အပါယ်မကျချင်လျှင်-နှစ်ဘရားခံအကုသိုလ် ကံဟောင်း ကြွေးဟောင်းလဲ စင်အောင်လုပ်,ကံသစ် ကြွေးသစ်လဲ မဝင်အောင်လုပ်၊ မဝင်ချင်တယ်ဆိုရင် တရားခံဒိဋ္ဌိအငုတ် ပြုတ်အောင်ဖြုတ်၊ နှစ်ခုလုံး မညီဘူလား ?

။ ညီပါတယ်ဘုရား။ ။

ဒိဋ္ဌိသတ်ရမယ် အပါယ်မကျချင်ရင် ဒိဋ္ဌိသတ်ရမယ်၊ သောတာပန် ဖြစ်ချင်တယ် ဆိုရင် ဒိဋ္ဌိသတ်ရမယ် အပါယ်လေးပါး လွတ်လတ်ရေး ရချင်တယ်ဆိုရင် ဒိဋ္ဌိသတ်ရမယ်၊ ပရိယာယ်တွေ နော်။

**"ဒိဋ္ဌိသတ်နည်း"**

ကဲ ဒိဋ္ဌိသတ်တဲ့ လမ်းစဉ်ရွေးကြစို့.... သူ့လမ်းနဲ့သူ တက်တက်လာရတယ်၊ လမ်းရှည်တမျိုး,လမ်းတိုတမျိုး,နှစ်မျိုးရှိသည်။

**လမ်းရှည်။** ။သီလအစ, သမထအလယ်, ဝိပဿနာအဆုံး ဒိဋ္ဌိအငုတ် ပြုတ်နိုင်တဲ့လမ်းရှည် လမ်းစဉ်သုံး၊ ဒီလိုလဲရတယ် သောတာပန်ဖြစ်နိုင်တဲ့ လမ်းရှည် လမ်းစဉ်သုံး၊ အပါယ်လေးပါး - ပထမ လွတ်လတ်ရေးရနိုင်တဲ့လမ်းရှည် လမ်းစဉ်သုံး။

ပရိယာယ်တွေ၊ စာတတ်ရင်တော့ ဝေဆာလိမ့်မယ်၊ လိုရင်းကတော့ ဒိဋ္ဌိကလေးမှတ်ထားပါ။

လမ်းရှည်နော်-ပြန်ရွတ်မယ်။ ။သီလအစ, သမထအလယ်, ဝိပဿနာ အဆုံး, ဒိဋ္ဌိအငုတ် ပြုတ်နိုင်တဲ့လမ်းရှည် လမ်းစဉ်သုံး။ ရအောင်လုပ်၊ လမ်းတိုလေးစဉ်ထား။

**လမ်းတို။** ။သီလအစ,သမထဝိပဿနာ,အဆုံး ၊ဒိဋ္ဌိအငုတ် ဖြုတ်နိုင်တဲ့ လမ်းတိုလမ်းစဉ်ထုံး၊ သောတာပန် ဖြစ်နိုင်တဲ့ လမ်းတို လမ်းစဉ်ထုံး၊ အပါယ်လေး ပါးလွတ်လတ်ရေးရနိုင်တဲ့ လမ်းတိုလမ်းစဉ်ထုံး။

ရအောင်လုပ်၊ လမ်းရှည်ဆိုတာ သမထ ယာနိကပြော။ လမ်းတို ဆိုတာ ဝိပဿနာ ယာနိကပြော၊

ဝိပဿနာ ယာနိကမှာ ပညာကစ ဖြည့်ကျင့်တဲ့လမ်း တလမ်း၊ သီလကစ ဖြည့်ကျင့်တဲ့လမ်း၊ တလမ်း၊ နှစ်လမ်း ရှိတယ်၊ "ပညာကစ ဖြည့်ကျင့်တဲ့လမ်းသည် ဥဃဋိတညူ၊ ဝိပဉ္စိတညူ၊ ပုဂ္ဂိုလ်တွေအတွက်၊ တရားနာတဲ့ ပုဂ္ဂိုလ်တွေအတွက်" ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမဲ့ နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်ဆိုလျှင် သီလကစရတယ်၊ (သောဏဒါဠသုတ် အဋ္ဌကထာ ဋီကာမှာ လာတယ်၊ ကျမ်းညွှန်းလိုက်တယ်)

ကဲ စဉ်ကြစို့၊ စဉ်ကြစို့၊ လမ်းရှည်နဲ့ လမ်းတို ချုံးစမ်း၊ လမ်းရှည်လဲ သီလ၊ သမထ၊ ဝိပဿနာ၊ လမ်းတိုလဲ သီလ၊ သမထ၊ ဝိပဿနာ သိက္ခာသုံးပါး၊ ပဋိပတ္တိသာသနာ မလွတ်တန်းခေါ်ကြတယ် - အားလုံးဒါတူတူဘဲ....။

**လမ်းရှည်က**။ ။သမထနဲ့၊ ဝိပဿနာ၊ ခွဲအားထုတ်ရတယ်။

**လမ်းတိုက**။ ။သမထနဲ့၊ ဝိပဿနာ၊ တွဲအားထုတ်ရတယ်။

ခွဲရေး တွဲရေးဘဲ၊ သမထရှေ့၊ ဝိပဿနာ နောက်မှ အားထုတ်ရင်လမ်းရှည်ဘဲ၊ သမထနဲ့ ဝိပဿနာ၊ တပြိုင်နက် "ယုဂနဒ္ဓ" နည်း အားထုတ်မယ်ဆိုရင် လမ်းတို၊ ဒါက ရှင်းရှင်းလေး မှတ်အုံး၊ တရားကိုယ်တော့ ဒီအတိုင်းဘဲ သုံးပါးဘဲရတယ်၊ ကဲ သတ်ကြစို့၊ သတ်တဲ့နည်းနဲ့ အသတ်ခံရတဲ့ ဒိဋ္ဌိတရားခံနဲ့ - ကဲ စပ်ကြစို့....။

**သီလသည် ကာယကံ ဝစီကံ သစ် ရှောင်ပုံ။**

**ဆောင်။** ။ကာယကံ ဝစီကံ အသစ်ကို သီလနဲ့ရှောင်။
မနောကံ အသစ်ကို သမထနဲ့ဖိ။
နာမ် ရုပ် အမှားကို ဝိပဿနာနဲ့ဖြုတ်။
အငုတ်ပြုတ်လျှင် သောတာပန်ပင် အပါယ်ခွင်
ပထမ လွတ်လတ်ရေးရ။

အကုန်လုံး ပါသွားတာဘဲ သူများတော့ ချချပေးတယ် ဆရာတော်တို့ကတော့ နာရီပိုင်း ရှည်သွားမည် ဖြစ်လေသော ကြောင့်၊ ချမပေးဘူး၊ သို့သော် နောက်တော့ နေ့တိုင်း နေ့တိုင်း ဒါတွေ ပောသွားမှာဘဲ၊ ကဲ ထပ်ဆိုလိုက်အုံးမယ်….။

ကာယကံ ဝစီကံ အသစ်ကို သီလနဲ့ရှောင်၊ မနောကံ အသစ်ကို သမထနဲ့ဖိ၊ နာမ် ရုပ် အမှားကို ဝိပဿနာနဲ့ဖြုတ်၊ အငုတ်ပြုတ်လျှင် သောတာပန်ပင်၊ အပါယ်ခွင် ပထမ လွတ်လတ် ရေးရ၊ ပထမနည်းအတိုင်းဘဲ ခေါ်တယ်။

ကဲ ဒီတော့ သီလခဏ်းလေး၊ သီလခဏ်းလေး ခေါ်တယ်၊ ဟို လမ်းရှည်ထဲက သီလပင်ဖြစ်ဖြစ်၊ လမ်းတိုထဲက သီလပင်ဖြစ်ဖြစ် ယူလိုက် တခုထဲ "သီလဆိုရင် ရှောင်ရမယ်နော်" သီလဟာရှောင် တရားနော် မှတ်မိပလား ?

။ မှတ်မိပါဘုရား။ ။

ရှောင်ဒါ ဝါရိတ္တသီလ ခေါ်တယ်၊ စာရိတ္တသီလ ပြောရင်

ဖြည့်ကျင့်ရမယ့် တရားခေါ်တယ်၊ ရှောင်တယ်၊ ရှောင်တယ်ဆိုတာ ဝါရိတ္တသီလနော်။

ရှင်းသွားပလား ?

॥ ရှင်းပါပြီဘုရား။ ॥

ရှင်းရှင်းလေး မှတ်ထားကြ၊ လူ့သီလဘဲဖြစ်ဖြစ်၊ ရှင့်သီလဘဲဖြစ်ဖြစ်၊ ရဟန်းသီလဘဲဖြစ်ဖြစ်၊ ရှောင်ရမှာဘဲ၊ ဝါရိတ္တအတွက်နော်၊ ဘာရှောင်ရမလဲမေးရင် ကာယကံ ဝစီကံ အသစ်ကိုတဲ့၊ ဟော....တခါထဲပါသွားပြီ သီလရှောင်တယ် ရှောင်တယ်ဆိုတာ၊ ကာယကံ ဝစီကံ အသစ်ကိုသာ ရှောင်နိုင်တယ်။

ဟုတ်ကြရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား။ ॥

သီလသည် တစ် တရားခံ သတ်သလား၊ နှစ်တရားခံ သတ်သလား ?

॥ နှစ်တရားခံ သတ်ပါတယ်ဘုရား။ ॥

နှစ်နော် နှစ်၊ နှစ်၊ တစ်တရားခံ မဟုတ်ဘူး၊ တစ်တရားခံကို နဲနဲလေးမှ မသတ်နိုင်ဘူး၊ သီလကလေ နှစ်တရားခံဆိုပေမယ်လို့ ကာယကံနဲ့ ဝစီကံနော်၊ ကာယကံနဲ့ ဝစီကံ ဖြစ်ပေမယ်လို့ အသစ်နော်၊ အသစ်၊ အဟောင်းကို နဲနဲမှ မရှောင် နိုင်ဘူး၊ သီလ၊ သီလ၊ သီလ၊ သေသေချာချာစစ်ကြ၊ သေသေချာချာစစ်ကြ၊ ဒါကြောင့် စာလဲရအောင် လုပ်ထားရတယ်၊ ကာယကံ၊ ဝစီကံ၊ အသစ်ကိုရှောင်သလား၊ အဟောင်းကိုရှောင်သလား ?

॥ အသစ်ကို ရှောင်ပါဘုရား။ ॥

ဖြစ်ပြီးသား ရှောင်သလား၊ မဖြစ်ရသေးတာ ရှောင်သလား ?

॥ မဖြစ်ရသေးတာ ရှောင်ပါတယ်ဘုရား॥ ॥

မဖြစ်ရသေးတာတွေ၊ မဖြစ်ရသေးတာ ဘယ်သူလဲမေးတော့ ကာယကံနဲ့ ဝစီကံခေါ်တယ် ဟုတ်ရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

သူများအသက်ကို မသတ်ရသေးဘူး၊ မခိုးရသေးဘူး၊ မပြစ်မှားရသေးဘူး၊ လိမ် မပြောရသေးဘူး၊ ဂုံးမတိုက်ရ သေးဘူး၊ စိတ်ကြမ်း မပြောရသေးဘူး၊ အဖျင်းမပြောရသေးဘူး၊ ဒါဖြင့် ရင်တွင်နာမ်အစဉ်မှာ သတ္တိကလေး မရှိသေးဘူးပေါ့။

သဘောကြပလား ?

॥ သဘောကြပါဘုရား॥ ॥

သီလရှောင်တာပြောတာ၊ သေသေချာချာမှတ်ထား ဒါဖြင့် သီလသည်၊ ကာယကံ ဝစီကံ အသစ်ကိုရှောင်တယ်တဲ့၊ အမြဲရှောင်နိုင်သလားမေးရင်၊ သီလရှိတုံးသာ ရှောင်နိုင်တယ်၊ သီလ မရှိရင် ဒီအသစ်ကော တဖွါးဖွါးမဝင်ဘူးလား ?

॥ ဝင်ပါတယ်ဘုရား॥ ॥

မဖြစ်သေးတာကော ဖြစ်ဖြစ်မလာဘူးလား ?

॥ ဖြစ်ပါတယ်ဘုရား॥ ॥

တပုံကြီးနော် ကြွေးဟောင်းကြေအောင် မဆပ်နိုင်သေးတဲ့ အပြင်၊ ကြွေးသစ်လဲ တဖွါးဖွါးယူဒါဘဲ၊ စားစရာမရှိသလိုဘဲ ငွေကရှိနေပြီဆိုရင် ကြွေးဟောင်းကြောင့် မင်းတို့ရဲ့အနန္တကျ

ကျချင်ကျပစေနော် အသစ်အတွက် ဘယ်လောက်ဘဲခံရခံရဆိုပြီး အသစ်ကော မလုပ်ဘူးလား ?

॥ လုပ်ပါတယ်ဘုရား॥ ॥

ဘယ်သူရှိလို့လဲ၊ ဒိဋ္ဌိရှိလို့ ကြွေးဟောင်းလဲ မဆပ်တော့ဘူး၊ ကြွေးသစ်လဲ ထပ်ထပ်ထပ်ထပ်ယူနေတာအဲဒီ-ဒိဋ္ဌိ လက်ချက်ဘဲ၊ တယ်ကြောက်စရာကောင်း။

## ဒိဋ္ဌိရှိလျှင် ကံမျိုးစုံကြူးလွန်ချင်။

### "သာဝဇ္ဇော ပုထုဇ္ဇနဘာဝေါ"

ပုထုဇ္ဇနဘာဝေါ၊ ပုထုဇဉ်အဖြစ်နဲ့ နေရခြင်းသည်၊ ပုထုဇဉ်ဆိုတာ ဘယ်ဒင်းကြည့်ပြောသလဲ ?

॥ ဒိဋ္ဌိကြည့်ပြောတာပါဘုရား॥ ॥

ဒိဋ္ဌိနော်-အဲဒါလေးကြည့်ပြော၊ နို့မို့ဆိုရင် မဆိုင်တာသူမှန်းတတ်တယ်၊ ဟာ....ဒီပုထုဇဉ်ဆိုတဲ့ အသား၊အရေ၊အကျော၊ လဲ တယ်မကောင်းပါဘူး၊ ခေါင်း၊ကိုယ်၊ခြေ၊လက်၊လဲ မုန်းစရာဘဲ၊ ယောကျ်ား၊မိန်းမ၊လဲ မုန်းစရာဘဲ၊ မဟုတ်ယာ သွားပြီးတော့ အပြစ်မြင်တတ်တယ်၊ ဒိဋ္ဌိ လိုရင်းခေါ်တယ်၊ ပုထုဇ္ဇနဘာဝေါ၊ ပုထုဇဉ်အဖြစ်နှင့် နေရခြင်းသည် သမုတိသစ္စာအနေ (ဝါ) ရင်တွင် နာမ်အစဉ်မှာ ဒိဋ္ဌိတလုံးလက္ခံထားလိုက်ရခြင်းသည်၊ပရမတ္ထသစ္စာဉာဏ်အမြင်ခေါ်တယ်၊ သာဝဇ္ဇော၊ တယ်ပြီးတော့ အပြစ်တွေများလှပါတကား၊ အပြစ်တွေ တယ်ပြီးတော့ ကြီးလှပါတကား၊ ပုထုဇဉ်ဆိုလျှင် တယ်အပြစ် များသတဲ့၊ သမုတိနယ်၊

ပညတ်နယ် ပြောလိုက်ထာ ဒိဋ္ဌိကလေးရှိရင် တယ်ပြီးတော့ အပြစ်များပါကလား၊ တယ်ပြီးတော့ အပြစ်တွေလဲ ကြီးမားလှပါတကား၊ ဘယ်လိုအပြစ်တွေကြီးသလဲ....။

**"ယတြာဟိနာမ-မာတုဃာတာဒိနိ အနန္တရိယကမ္မာနိကရိဿတိ"**

(အဋ္ဌကထာ-ဖွင့်လိုက်ပြန်တယ်)

ပုထုဇဉ်လေးတွေ-ပုထုဇဉ်လေးတွေ ဘုရားလဲသိသား၊ တရားမှန်းလဲ သိသားဘဲ၊ သံဃာမှန်းလဲသိသားဘဲ၊ ကံ့ကံ၏အကျိုးကိုလဲ ယုံသားဘဲ၊ သို့သော်လဲ ရင်တွင် နာမ်အစဉ်မှာ ဒိဋ္ဌိကလေးတလုံး လက္ခံထားမယ်ဆိုရင် ယခုသမ္မာဒိဋ္ဌိ အမျိုးကောင်းသားအမျိုးကောင်းသမီးပင် ဖြစ်ကြပါငြားသော်လဲ၊ အမေ့ မိဘတို့ကိုတကယ်တန်း ယုံကြည်တဲ့လေးစားတဲ့ မိဘာဝတ္တရား၊ဆရာသမားဝတ္တရားကို ကြေပင်ကြေငြားသော်လဲဘဲ၊ တနေ့ကြရင် ဒိဋ္ဌိတလုံးရှိရင်၊ အမေလဲ သတ်ကြလိမ့်အုံးမယ်၊ အဖေလဲ သတ်ကြလိမ့်အုံးမယ်၊ ရဟန္တာကိုလဲ သတ်ကြလိမ့်အုံးမယ်၊ ဘုရားကိုလဲ သွေးစိမ်းတည်အောင် လုပ်ကြလိမ့်အုံးမယ်၊ သံဃာကိုလဲ သင်းခွဲကြလိမ့်အုံးမယ်။

ဒီဒင်မကသေးပါ ကံ့ကံ၏အကျိုးကို ယုံကြည်တဲ့ သမ္မာဒိဋ္ဌိအမျိုးကောင်းသား့အမျိုးကောင်းသမီး့ ဖြစ်ငြားသော်လဲ့ကံကိုပါယ်တဲ့"အကြိယဒိဋ္ဌိ"အယူကြီးကိုလဲ ယူကြလိမ့်အုံးမယ်၊ကုသိုလ်ကံဆိုတာ ရှိတာမဟုတ်ဘူးဟေ့....အကုသိုလ်ကံဆိုတာလဲဘဲရှိတာမဟုတ်ဘူးဟေ့၊စေတနာလေး ပျက်သွားမယ်ဆိုရင်၊ သတ္တိကံကလေးဟာ ကျန်တယ်ဆိုတာ ဒါအလကားပြောဒါ၊ ဒို့လဲမမြင်

ရဘူး၊ ဒါကြောင့် ကံတရားဆိုတာတကယ်မရှိဘူးဟေ့....ကုသိုလ်ဆိုတာလဲ တကယ်မရှိဘူးဟေ့၊ အကုသိုလ်ဆိုတာလဲ တကယ်မရှိဘူးဟေ့လို့ အကြောင်းတရားကံကို ပယ်မြစ်တဲ့ အကြိယဒိဋ္ဌိ အယူကြီးကိုလဲ ယူကြလိမ့်အုံးမယ်။

ကံမှမရှိဘဲဟေ့-ဒီကံ၏ အကျိုးကိုပေးတဲ့ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဆိုတဲ့ ဒီလိုအကျိုးတွေ ရှိတယ်ဆိုတာ အလကားပေါ့လို့ အကျိုးကိုပယ်မြစ်တဲ့"နတ္ထိကဒိဋ္ဌိ"အယူကြီးကိုလဲ ယူကြလိမ့်အုံးမယ်။ ။

အကြောင်းဆိုတဲ့ ကံတရားလဲ မရှိဘူး၊ အကျိုးဆိုတဲ့ တရားလဲ မရှိဘူးဆိုတဲ့အကြောင်းအကျိုး နှစ်ပါးကို ပယ်မြစ်တဲ့ "အဟေတုကဒိဋ္ဌိ" အယူကြီးလဲ ယူကြလိမ့်အုံးမယ်၊"နိယတ မိစ္ဆာဒိဋ္ဌိ" ကိလေသန္တရာယ်ဆိုတဲ့ အကြီးစားတွေလဲ ယူကြလိမ့် အုံးမယ်၊ ဒီပြင် သေးသေးမွှားမွှား ဆိုတဲ့ သူ့အသက်ကို သတ်ကြတာ၊ သူများဥစ္စာခိုးယူတိုက်ဖျက် လုယက်ပြီးတော့ နေကြတာ၊မသွားလာကောင်းတဲ့ ကာမဂုဏ်တို့၌ ပြစ်မှားပြီးတော့ နေကြတာ၊ ကာယကံတွေကတော့ ပြောစရာမလိုတော့ဘူး၊ ဝစီကံတွေကလဲ ပြောစရာ မလိုတော့ဘူး၊ မနောကံ တွေလဲ ပြောစရာ မလိုတော့ဘူး။

ဒိဋ္ဌိလေးတလုံးရှိမယ်ဆိုရင် ယခုပင် ဘုရား၊တရား၊သံဃာနဲ့နေပါသော်လဲဘဲ စိတ်မချရဘူးတဲ့၊ နောက်သောအခါ ကာလမှာ ဆိုရင် ခုနကပြောတဲ့၊ အနန္တရိယကံကြီးငါးပါး၊ နိယတမိစ္ဆာဒိဋ္ဌိ ဒီလိုအယူကြီးကိုလဲ ယူကြလိမ့်အုံးမယ်၊ဒါကြောင့် ဒိဋ္ဌိတလုံးလက်ခွဲ ထားခြင်းသည် အင်မတန်မှ အပြစ်တွေ များပါတယ်၊ ယခုပ

ရက်သောက်, ဘိန်းစား အလုပ်ပင် မလုပ်ပြေးသော်လဲ၊ ဒိဋ္ဌိက လေးတလုံး လက္ခံထားမယ်ဆိုရင် နောင်ကို အရက်သောက်တယ်, ဘိန်းစားတဲ့အဖြစ်မျိုးလဲ ရောက်ကြလိမ့်အုံးမယ်၊ ယခုပင် ခြေလက်အင်္ဂါစုံတဲ့ လူချောလူလှပင် ဖြစ်ပြေးသော်လဲဘဲ၊ ဒိဋ္ဌိတလုံး လက္ခံထားမယ်ဆိုရင် အင်္ဂါချို့ယွင်းတဲ့ အမျိုးယုတ်ညံ့တဲ့ အဖြစ်မျိုးလဲ ဖြစ်ကြလိမ့်အုံးမယ်။

ယခုပင်-လူပင်ဖြစ်ပြေးသော်လဲဘဲ၊ ဒိဋ္ဌိတလုံး လက္ခံထားမယ်ဆိုရင် တိရစ္ဆာန်လဲ ဖြစ်ကြလိမ့်အုံးမယ်၊ ပြိတ္တာလဲ ဖြစ်ကြလိမ့်အုံးမယ်၊ အသူရကာယ်လဲ ဖြစ်ကြလိမ့်အုံးမယ်၊ ငရဲအနန္တ အကုန်လုံးလဲကျ,ကြလိမ့်အုံးမယ်၊ ယုံကြရဲ့လား သေသေချာချာလဲ မှတ်နော်၊ ကြောက်လဲကြောက်စရာကောင်းသား၊ ဒါကြောင့် လူကို မမုန်းပါနဲ့၊ ဒိဋ္ဌိကိုမုန်းပါ၊ စိတ်ကလေးတွေကိုလဲ မမုန်းပါနဲ့၊ စိတ်ကို သူဖျက်ထား၊ ဟောဒီ ဒိဋ္ဌိခေါ်တယ်၊ ဒါကြောင့် ဒီ-ဒိဋ္ဌိကလေးကိုဘဲ မုန်းပါလို့ ဆိုလိုက်ပေတယ်၊ အဲဒါ ရှင်းရှင်း မှတ်ပါတော့။

**သီလသမားစိတ်နိုင်ရဲ့လား။**

ဒါဖြင့် သီလတရားသည် ကာယကံ, ဝစီကံ, အသစ်ကိုသာ ရှောင်သည်၊ သီလရှိတုံးသာ ရှောင်သည်၊ သီလမရှိမယ် ဆိုရင် အသစ်လဲအနန္တဝင်မြဲဝင်တယ်၊ ဒါဖြင့် သီလမသတ်နိုင်တာ,သီလ မရှောင်နိုင်တာ ပြန်စစ်စမ်း၊ ကာယကံ, ဝစီကံ, အဟောင်းတွေလဲ မရှောင်နိုင်ပါ၊ မနောကံ, နဲ့ ပတ်သက်၍ မနောကံ,အဟောင်း အသစ် နှစ်ခုလုံးကိုလဲ မရှောင်နိုင်ပါ။

သီလသမား စိတ်နိုင်ရဲ့လား ?

॥ မနိုင်ပါဘုရား॥ ॥

ရဟန်းတော်များသီလလဲ"မနောဒွါရေအနာပတ္တိ" ဆိုသော ကြောင့် စိတ်မလုံဘူး၊ ဒါကြောင့် ပေ့ါ စိတ်သိပ်မကောင်းပါ ဘူး၊ ရောင်းရေးဝယ်ရေးတွေလဲ သိပ်ပြီးတော့ မကောင်းပါဘူး သားသမီးတွေလဲ ပျက်စီးလို့ ဥစ္စာတွေလဲ ပျက်စီးလို့ စိတ်လဲ သိပ် မကောင်းပါဘူး၊ကျောင်းသွားပြီးတော့ ဥပုသ်စောင့်ပြီးတော့နေ ပါအုံးမယ်လို့ သီလလေးခံယူပြီးတော့ နေမယ်ဆိုရင်....

စိတ်မကောင်းတာ ပြောက်နိုင်ပါ့မလား ?

॥ မပြောက်နိုင်ပါဘုရား॥ ॥

**ဥပုသ်သဘော॥**

သီလက-ကာယကံ၊ ဝစီကံ၊ သာ တတ်နိုင်တယ်၊ မနောကံ မတတ်နိုင်ဘူးနော်၊ သို့သော် သီလသက်သက် မဟုတ်ဘူး၊ ဥပုသ် ပါရင် ကောင်းတယ်၊ ဥပုသ်ဆိုတော့ (သီလခံယူ စင်ဖြူအောင် လုပ်၊ တရားအားထုတ် နေရတာကို ဥပုသ်သဘောလို့ ခေါ်) ဥပုသ် စစ်စစ်လဲ တယ်လိုပါကလား - ရှစ်ပါးသီလ၊ ကိုးပါး သီလ၊ ဆယ်ပါးသီလ ခံယူထား၊ သီလကလေး စင်ကြယ်အောင် တရားအားထုတ်ရ၊ တရား အားထုတ်ထားပါမှ ဥပုသ်စစ်တယ် နော်၊ သမထတရား၊ အားထုတ်မယ်ဆိုရင် မနောကံ၊ စိတ်တော့ နိုင်ပါရဲ့၊အရင်း နာမ်၊ ရုပ်၊ မနိုင်ပြန်ဘူး၊ ဝိပဿနာတရား အား ထုတ်မယ်ဆိုရင် အရင်းပါနိုင်တယ်၊ နာမ်၊ ရုပ်၊ လဲ စင်ကြယ်တယ်

ရှောင်မှ, ရှောင်မှ, ကဲ ရှောင်ပုံကလေး သူ့ဟာသူ စစ်ထား ရတယ်၊ ကာယကံ့ဆိုတော့ မိစ္ဆာကမ္မန္တ၊ မိစ္ဆာသီလ၊ မဂ္ဂင်ထဲ သွင်းထား၊ အလုပ်မကောင်းဘူး။

ဝစီကံ့ဆိုတော့ မိစ္ဆာဝါစာ၊ အပြောမကောင်းဘူး။ နောက် ပြီးတော့ ကာယကံနဲ့ ဝစီကံ့ နှစ်ခုပေါင်း ခုနှစ်ခု၊ ဒါ မိစ္ဆာ-အာဇီဝ, အသက်မွေးဝမ်းကြောင်း မကောင်းဘူး၊ အဲဒါ ဒုသီလ, မိစ္ဆာသီလ, ခေါ်တယ်၊ အကုသိုလ်ဘက်က ခေါ်တယ်။

အဲဒါ မကောင်းတဲ့ မိစ္ဆာသီလ, သိရင်၊ ကောင်းတဲ့ သမ္မာ-သီလ, သိဒါဘဲ၊ ပြောင်းပြန်လှန်လိုက်တော့၊ ကာယကံ့သုံးပါး အလုပ်မှားတာ, သုံးခုရှောင်ကြဉ်လိုက်လျှင်၊ အလုပ်မှန်ဒါ သုံးခု၊ သမ္မာကမ္မန္တ၊ သီလ, မဂ္ဂင်ဖြစ်ပါသည်.... ရှင်းပလား ?

။ ရှင်းပါဘုရား။ ။

အပြောမှားဒါ, အပြောမကောင်းတာ,လေးခု၊ မိစ္ဆာဝါစာမှ ရှောင်ကြဉ်လိုက်လျှင်၊ အပြောမှန်ဒါ, လေးခု၊ အပြောကောင်း ဒါ, လေးခု၊ သမ္မာဝါစာ၊ သီလမဂ္ဂင် ဖြစ်ပါသည်၊ ပြောချင် ပြော, မပြောချင်နေ, အဘိဓမ္မာလမ်းကြောင်း ရှောင်ရင်တော့ အပြောကောင်းပြီး....။

ရှင်းပလား ?

။ ရှင်းပါဘုရား။ ။

အသက်မွေးဝမ်းကြောင်း မှားတာ,ခုနှစ်ခုမှ, ရှောင်ကြဉ်လိုက် လျှင်၊ အသက် မွေးဝမ်းကြောင်း ကောင်းတာ ခုနှစ်ခု၊ သမ္မာ-အာဇီဝ၊ သီလ,မဂ္ဂင် ဖြစ်ပါသည်.... အားလုံးရှင်းပလား ?

။ ရှင်းပါတယ်ဘုရား။ ။

ရှင်းရှင်းလေး မှတ်ထားကြ။

လူ့သီလအတွက် ညစာ စားရတဲ့ ငါးပါး သီလ, အာဇီဝ-ဋ္ဌမက သီလ,နဲ့လဲ ဆောက်တည် နိုင်ပါ၏၊ ညစာ မစားရတဲ့ ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ,နဲ့လဲဘဲ၊ ဆောက်တည်နိုင်ပါတယ်၊ တရားလဲ အားထုတ်နိုင်ပါ၏လို့ ဆိုလိုတယ်။

ရှင်းသွားပလား ?

။ ရှင်းပါတယ်ဘုရား။ ။

**သီလ ခံယူပုံ ခံယူနည်း။**

အဲဒီ လူ့သီလ,လေးနဲ့ စစ်မယ်၊ သီလ, ခံယူနေကြ အတိုင်းနော်.... ယခုကာလ- သီလ, ခံယူနေကြတာက၊ ရှည်လျားတယ်ခေါ်တယ်၊တချို့ သီလ, ရှည်ရှည်မခံချင်ဘူး၊ တိုတို့,တုတ်တုတ်, ကလေးနဲ့ သီလ,ခံပြီးရင်၊ တရားဘဲ ဆက်အားထုတ်ချင်ကြတာဘဲ၊ ဒါကြောင့် သီလ,လေးကို နဲနဲစစ်မယ်။

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ

အနုဂ္ဂဟံ ကတွာ သီလံဒေထ မေဘန္တေ။ ။

ဒါလေးလဲ ပါဠိလိုဆိုရင်၊ပြတ်ပြတ်,သားသား, ပီပီ,ရှင်းရှင်း, ဖတ်ရတယ်၊ အဲဒါ သီလ, တောင်းခေါ်တယ် မဆိုသော်လဲဘဲ၊ အပြစ်မရှိပါ' ရှေ့တချက်တိုး....။

"ယ,မဟံ, ဝဒါမိ,တံဝဒေထ" ဆရာတော်ကဆို နောက်က "အာမဘန္တေ" ဘာပြောမှန်းလဲမသိဘူး၊ ဆရာတော်တို့ ငယ်စဉ်

ကလဲ ဆရာသမား့ မိဘတွေ သင်ထားလို့ ရှေ့က ပါဠိတကျော့ ဆိုသွားရင်၊ နောက်က အာမဘန္တေ့လို့ ဆိုလိုက်ထာဘဲ၊ ဆရာတော်က ဘာဆိုလဲ မေးလိုက်ရင်၊ ဘာမှန်းမှ မသိဘူး၊ အဲဒါ-ကလေးလဲရအောင် လုပ်ရတယ်။

"ယမဟံ ဝဒါမိ တံဝဒေထ"ဆိုရင်၊ ငါ ရှေ့ကဆို ပြမယ့်ငါ ဆိုသလို နောက်ကလိုက်ဆိုကြ၊ဒီလိုပြောတဲ့ အဓိပ္ပါယ်ခေါ်တယ်၊ မှန်ပါဘုရား လိုက်ဆို ပါ့မယ်လို့ အာမဘန္တေ ခံတာနော်....ဒါကြောင့် ဆရာတော်တို့ ခုနေခါမှာဆိုရင် ပါဠိတွေ တယ်မသုံးတော့ဘူး၊ ဗမာလိုချည်းဘဲချချချ ပေးတယ်၊ ပါဠိလို သုံးတဲ့ပုဂ္ဂိုလ်တွေကများကြ၊ ဒီတော့ မိရိုးဖလာ အစဉ်အလာလိုဖြစ်နေကြ၊ သူ့မေးကြည့်လို့ရှိရင်လဲ လုံးစေ့-ပတ်စေ့ နားလယ်တဲ့ပုဂ္ဂိုလ်တယ်နည်းတာဘဲ။

## ဘုရားရှိခိုးပုံသုံးမျိုး

နမော-တဿ-ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။

ဒါဘုရားရှိခိုးခေါ်တယ်၊ ဝိပဿနာ တရားအားထုတ်သော ပုဂ္ဂိုလ်တို့သည် ဉာဏ်မြင့်ဘုရားရှိခိုးစစ်စစ် အားထုတ်ပြီးတော့ နေသောကြောင့် နမောတဿ-မဆိုသော်လဲ အပြစ် မရှိပါ။

တချို့ယောဂီတွေရှိတတ်၊ အိမ်မှာ ဘုရား ကျယ်ကျယ်ကြီး ရှိခိုးတတ်တဲ့ အလေ့ရှိတော့ တရားအားထုတ်တဲ့အခါမှာကျယ်ကျယ်ရှိခိုးတတ်-ဟာ-ဘုရားရှိမခိုးပါနဲ့ ကျယ်ကျယ်လဲ မဆိုပါနဲ့ သွားတားမြစ်လိုက်တယ်၊ ဟာ....နင်တို့အလုပ်သည်ဘုရားမှမရှိခိုးရတဲ့အလုပ် ငါအားမထုတ်ခြင်ဘူးဆိုကာ တချို့ ပြန်သွားတယ်၊

သူက ဘုရားရှိခိုးဆိုတာ မျက်မြင်၊ ဉာဏ်မြင်၊ ဒီလိုမသိဘူးခေါ်တယ်၊ မျက်မြင်၊ ဘုရားရှိခိုး၊ စိတ်မြင်၊ ဘုရားရှိခိုး၊စိတ်ထင်ဘုရားရှိခိုး၊ သဏ္ဍာန် မပျောက်ဘူး၊ သဏ္ဍာန်မပျောက်ဘူးဆိုရင်ဘုရားစစ်စစ် ရှိခိုးရာမမည်ဘူးနော်။

ဉာဏ်မြင်၊ ဘုရားရှိခိုးမှ သဏ္ဍာန်ပြောက်တယ်၊ဘုရားသဏ္ဍာန်တခုလုံး ကြည့်လိုက်ရင် ရုပ်ထူး နာမ်ထူးဘဲ၊ ဒီပြင်တော့ ရှိတာမဟုတ်ဘူး၊ ဒီရုပ်ထူး နာမ်ထူးကို ဉာဏ်နဲ့ မြင်ရတယ်၊ ဉာဏ်နဲ့မြင်တဲ့အလုပ်သည် ဝိပဿနာ အလုပ်ဘဲ၊ တရားအားထုတ်တဲ့အလုပ်ဘဲ၊ ဒါကြောင့် ခန္ဓာကိုယ်တွင်း သမာဓိသွင်း၍ ဖြစ်ခြင်း၊ ပျက်ခြင်း၊ တရားတွေကို ဉာဏ်အလင်း ထင်မြင်အောင် ဆင်ခြင်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်မှန်သမျှ ဘုရားအစစ်ကို ဉာဏ် နဲ့ မြင်သည်၊ ဘုရားအစစ်ကို တကယ်တန်းပူဇော်သည်၊ ကန်တော့သည်မည်ပါပေ၏၊ ဒါကြောင့် ဉာဏ်မြင်ဘုရားရှိခိုးစစ်စစ် ဖြစ်သောကြောင့် နမောတဿ-မဆိုသော်လဲဘဲ အပြစ်မရှိပါ၊ ကဲရှေ့တချက်တိုး။ ။

## သရဏဂုံဆောက်တည်ပုံ

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဒါက သရဏဂုံ ဆောက်တည်တယ်ခေါ်တယ်၊ သရဏဂုံဆိုတာ ကိုးကွယ်တယ် ခေါ်တယ်၊ကိုး ကတကယ်အားကိုးတယ်၊ ကွယ် က ဘေးကွယ်တယ်လို့၊ ဒီလိုအဓိပ္ပါယ် ယူထားကြ၊ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ် ကို တကယ်အားကိုးရင်၊ ဘေးတွေ၊ ဆင်းရဲတွေ၊ ကွယ်လိမ့်မယ်၊ တကယ် ယုံကြည် ပြီးတော့

ဆောက်တည်မှ သရဏဂုံစစ်စစ် တည်တယ်၊ဒီဇတ္တအခုဝိပဿနာ, တရား အားထုတ်တဲ့ ပုဂ္ဂိုလ်တို့သည် ဉာဏ်မြင်, ဘုရား အစစ်ကို တကယ်အားကိုးတယ်၊ အားကိုးသည် ဖြစ်လေ သောကြောင့် အပါယ်ဘေးတွေ ကွယ်လိမ့်မယ်၊ အပါယ်ဆင်းရဲတွေ ကွယ်လိမ့်မယ်၊ သူ့အဆင့်အတန်းနှင့်သူ....

**သောတာပန်။** ။ဖြစ်မယ်ဆိုရင် အပါယ်ဘေး,အပါယ်ဆင်းရဲ။

**သကဒါဂါမ်။** ။ဖြစ်မယ်ဆိုရင် လူ့နတ်,ငါးဘုံဘေး-လူ့နတ် ငါးဘုံ ဆင်းရဲ။

**အနာဂါမ်။** ။ဖြစ်မယ်ဆို, ကျန်လူ့နတ်,နှစ်ဘုံဘေး - ကျန် လူ့နတ် နှစ်ဘုံဆင်းရဲ။

**ရဟန္တာ။** ။ဖြစ်မယ်ဆိုရင် ဗြဟ္မာ့ဘုံနှစ်ဆယ်၊ တနည်း ဘုံသုံးဆယ့်တစ်,မှာရှိတဲ့ ရုပ်, နာမ်, ဘေး၊ ရုပ်,နာမ်,ဆင်းရဲဒါ အကုန် လုံး ကွယ် သွား ဒါဘဲ။

အစစ်အမှန် မှတ်ထားကြ၊ ဒါကြောင့် ဝိပဿနာ တရား စစ်စစ်, အမှန် အားထုတ်နေသော ပုဂ္ဂိုလ်သည်၊ ဘုရားမှန်, ဘုရားစစ်၊ တရားမှန်, တရားစစ်၊ သံဃာမှန်, သံဃာစစ် တွေကို၊ တကယ်တန်း အားကိုးရင်၊ ဘေးတွေ, ဆင်းရဲတွေ, ကွယ်လိမ့်မယ်လို့ ယုံကြည်ပြီးသကာလ၊ အားထုတ်နေကြသည် ဖြစ်လေသောကြောင့်၊ သရဏဂုံသုံးပါး, မဆောက်တည်သော်လဲ အပြစ်မရှိပါ။

## ငါးပါးသီလ ဆောက်တည်ပုံ။

ကဲ.... ငါးပါးသီလလေး, ကျန်တော့တယ်၊ ဟော့- ငါးပါးသီလ, ခံကြစို့ဆိုရင်၊ အဟံဘန္တေ,က စဆို လိုက်တာဘဲ၊ အဟံ-ဘန္တေ,က ငါးပါးသီလ, ထင်နေကြတယ်၊မဟုတ်ဘူးတဲ့၊ ဟော-ဒါကြောင့် ဆရာတော်တို့ ခွဲခွဲပြောတယ်၊ ကဲ- သရဏဂုံ ဆောက်တည်ကြ ဆိုရင်၊ ဗုဒ္ဓံ သရဏံ, ဆိုရတယ်၊ ဆရာတော် ကတော့ ဗမာလို ချပေးတာဘဲ၊ကဲ- ငါးပါးသီလ,ခံကြဆိုတော့၊ ပါဏာတိပါတာ,ဝေရမဏီ, ဆိုရတယ်၊ အဲဒါ ဆရာတော်က လမ်းဖွင့်ပေးဒါဘဲ။

ငါးပါးသီလ,မှာလဲဘဲ၊ အကျယ်ဆောက်တည်နည်း,အကျဉ်းဆောက်တည်နည်း, နှစ်မျိုးရှိတယ်၊ ငါးပါးသီလဆိုတော့ ပုဒ်,တခုစီ ဆောက်တည်မယ် ဆိုရင် အကျယ်ဘဲ၊"ပါဏာတိ ပါတာ, ဝေရမဏီ သိက္ခာပဒံ, သမာဒိယာမိ, ရှင်းရှင်းဆို၊ အဒိန္နာဒါနာ, အဒိန္နဒါနာ, မဆိုနဲ့၊ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ ကာမေသုမိစ္ဆာစာရာ, ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ မုသာဝါဒါ, မုသာ့,လို့ မထည့်နဲ့၊ ဝါဒါ,မှာ ဒ အောက်ချိုင့်ရေးချ ဒါ, ဝါရာ့,လို့ ရကောက် မလုပ်ရဘူး၊ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ သုရာမေရယ မဇ္ဇပမာ ဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" ပါဠိပတ်သား အက္ခရာ, ပုဒ်, ပါဒ်, မှန်ရတယ်၊ ပါဠိ,မှန်မှ အနက်,မှန်တယ်၊ အနက်,မှန်မှ အဓိပ္ပါယ်,မှန်တယ်လို့ သဘောလေး ယူထားကြ၊ ကဲ- အဲဒါက အကျယ်ဆောက်တည်နည်းခေါ်တယ်။

ဒီလိုမှ အကျယ်မဆောက်တည်နိုင်လျှင်၊ အကျဉ်းဆုံးတပေါင်းတည်း၊ ပဉ္စသီလံ သမာဒိယာမိ၊ ပါဠိလို၊ ငါးပါးသီလ ခံယူဆောက်တည်ပါ၏၊ ဗမာလို- ဒီလိုလဲရ၊ ပါးစပ်က ဆိုနိုင်တယ်၊ အနာတွေ ဘာတွေ မပေါက်ဘူးဆိုလျှင်၊ ပါးစပ်က နှုတ်မြွက်ဆိုတော့၊ ပါးစပ်မဟနိုင်ဘူး ဆိုလဲမဆိုနိုင်ဘူး ဆိုလျှင် စိတ်ထဲကသာ အောက်မေ့ပေတော့။

ရှင်းသွားပလား ?

။ ရှင်းပါတယ်ဘုရား။ ။

**ငါးပါးသီလ စစ်တမ်း။**

ကဲ....ဒါလေးနဲ့နဲ့စစ်မယ်၊ ငါးပါးသီလအကြောင်းလေး နဲ့နဲ့စစ်မယ်တဲ့၊ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသု မိစ္ဆာစာရာ၊ သုံးပုဒ်က ကာယက ံ မကောင်းတဲ့အလုပ်၊ မိစ္ဆာကမ္မန္တ၊ သူများအသက်ကို သတ်ကြတာ၊ သူများဥစ္စာ ခိုးယူ တိုက်ဖျက်လုယက်ကြတာ၊ မသွားလာကောင်းသော ကာမဂုဏ်တို့၌ ပြစ်မှားကြတာ၊

ကောင်းတဲ့အလုပ်လား မကောင်းတဲ့အလုပ်လား ?

။ မကောင်းတဲ့ အလုပ်ပါဘုရား။ ။

မိစ္ဆာကမ္မန္တ ခေါ်တယ်၊ မကောင်းသော အလုပ်ဆိုရင်၊ 'ဒုစရိုက်' ဒု မကောင်း၊ စရိုက်-အကျင့် အလုပ်ခေါ်၊ မကောင်းသော အကျင့်တွေ မကောင်းသော အလုပ်တွေ ခေါ် ဒီသုံးခုနော်.... ကာယက ံ မိစ္ဆာကမ္မန္တ မှတ်ထားကြ၊ အဲဒီသုံးခုကို ရှောင်ရမှာ

လား, လုပ်ရမှာလား, ဘာလေးမြင်လဲ- ဝေရမကာ, ဝေရမကာ, ပါတယ်နော်....။

ပါကာတိပါတာ, နောင်ဘာတွေ ?

။ ဝေရမကာပါဘုရား။ ။

အဒိန္နာဒါနာ, နောင်ဘာတွေ ?

။ ဝေရမကာပါဘုရား။ ။

ကာမေသု မိစ္ဆာစာရာ, နောင်ဘာတွေ ?

။ ဝေရမကာပါဘုရား။ ။

ဟောကြည့်....သူများအသက်ကို မသတ်နဲ့ ရှောင်၊ သူများ ဥစ္စာကို မခိုးနဲ့ ရှောင်၊ သူ့ သားမယားကို မပြစ်မှားနဲ့ ရှောင်, တဲ့၊ ဘယ်သူရှောင်ခိုင်းသလဲမေးရင် "လောကဝဇ္ဇ"နော်၊ ဘုရား က ရှောင်ခိုင်းတာ မဟုတ်ဘူး၊ လောကသဘောလုပ်ရင် အပြစ် ရှိတယ်နော်၊ဘုရားက ရှောင်ခိုင်းရင် 'ပဏ္ဏတ္တိဝဇ္ဇ'ခေါ်-ခု 'ပဏ္ဏတ္တိ-ဝဇ္ဇ' မဟုတ်ဘူးနော်....

လောကဝဇ္ဇ, သဘောကြရဲ့လား ?

။ ကြပါဘုရား။ ။

**သီလယူ မယူ တွေ့ရှောင်။**

သီလမရှိလဲ, တွေ့ ရှောင်၊ "သမ္ပတ္တဝိရတိ" သီလရှိရင်လဲဘဲ, တွေ့ရှောင်၊ "သမာဒါနဝိရတိ" ဒီ ဝိရတိ နှစ်ပါးကို သဘော ပေါက်ရင်၊ သီလ လိုရင်းမဟုတ်ဘူး၊ သီလ ရှိရှိ,မရှိရှိ,မကောင်းတဲ့ အလုပ်ဆိုလျှင်....

ရှောင်ရမလား လုပ်ရမလား ?

॥ ရှောင်ရမှာပါဘုရား॥ ॥

တချက်မှတ်ထားကြ၊ ဘုရားဟောထင်နေတတ်တယ်၊ ဘုရား-ပွင့်လဲရှောင်, ဘုရားမပွင့်လဲရှောင်....

သဘောကြရဲ့လား ?

॥ ကြပါဘုရား॥ ॥

သာသနာရှိတုံးလဲရှောင်၊ သာသနာပ ကော ?

॥ ရှောင်ရမှာပါဘုရား॥ ॥

ယခုဘဝလဲရှောင် နောက်နောက်ဘဝတွေကော ?

॥ ရှောင်ရမှာပါဘုရား॥ ॥

ရှေ့လာမဲ့ဘဝတွေကော ?

॥ ရှောင်ရမှာပါဘုရား॥ ॥

မရှောင်ရင်ဘယ့်နဲ့-အပြစ်ရှိတယ် လောကဝဇ္ဇနော် ရှင်းရှင်း-လေး မှတ်ထားကြ၊ ကဲ-ရှေ့တချက်သွားကြစို့။

**မုသာဝါဒသဘော။**

မုသာဝါဒါ အဲဒီမှာ မုသာဝါဒါလို့ ဆိုတော့ ဥပလက္ခဏ နည်းလေးယူထား၊ ပိသုဏာဝါစာ,ဖရုသာဝါစာ, သမ္ဖပ္ပလာပဝါစာ ဘယ်နှစ်မျိုး, လေးမျိုး,နော် ဒါသိပြီးသားဘဲ၊ အဲဒါ မိစ္ဆာဝါစာ ဆိုတဲ့ မကောင်းတဲ့ စကားနော်၊ မကောင်တဲ့ အပြောနော်၊ မကောင်းတဲ့ အပြောဆိုရင် - ဒါ • ဒုစရိုက်ဘဲ၊ ပစီဒုစရိုက်ခေါ်။

ဇစီက၊ ပါးစပ်၊ နှုတ်၊ ဒုစရိုက်က၊ မကောင်းသော အကျင့်ခေါ်တယ်၊ ဒီလူပါးစပ်ဟာလေ တော်တော်မကောင်းတဲ့ ပါးစပ်၊ ဘာဖြစ်လို့ လိမ်ပြောတာဘဲ၊ ဂုံးတိုက်ထာဘဲ၊ စိတ်ကြမ်းလဲ ပြောဒါဘဲ၊ အဖျင်းလဲ ပြောဒါဘဲ၊ ဒီလူကြီးသည် အသက်ပင် ကြီးသော်လဲ သူ့ပါးစပ် တယ်ဆိုး၊ သူ့ပါးစပ် တယ်ယုတ်မာ၊ ဘာတွေ ပြောနေလို့လဲ မေးရင်၊ ခုနပြောတဲ့ အလုပ်မျိုးကို ပြောနေလို့တဲ့။

သဘောကြပလား ?

။ ကြပါဘုရား။ ။

နှင်းကန် ကျိမ်ဆဲနေပါမှ၊ ပါးစပ်မကောင်းဘူး မဟုတ်ဘူး၊ လိမ်ပြောရင်လဲ မကောင်း၊ ဂုံးတိုက်ရင်လဲ မကောင်း၊ စိတ်ကြမ်းပြောရင်လဲ မကောင်း၊ အဖျင်းပြောရင်ကော - ကောင်းကြရဲ့လား၊ ဝစီဒုစရိုက်နော် မကောင်းတဲ့ အကျင့်နော်၊ ဒါဖြင့် ဒီမကောင်းတဲ့ အကျင့်ကိုကောလုပ်ရမှာလား....ရှောင်ရမှာလား ?

။ ရှောင်ရမှာပါဘုရား။ ။

ဘာလေးတွေ'ပွေ' ဝေရမဏီနော် မုသာဝါဒါ နောင်မှာ မယောင်မလည်နဲ့ ကြည့်လိုက် ဘာတွေလဲ ?

။ ဝေရမဏီ ပါဘုရား။ ။

ဒါဖြင့် ဘယ်နဲ့လုပ်ရှောင်ရမယ်တဲ့၊ ဘုရားကရှောင်ခိုင်းတာလား၊လောကသဘောနော်လောကဝဇ္ဇ သီလမရှိလဲတွေ့တုံးရှောင်သမ္ပတ္တဝိရတီ၊ သီလ ဆရာသမားထံမှာ ခံယူပြီးလို့ရှိရင်လဲ ရှောင်သမာဒါန ဝိရတီ၊ ဒီနှစ်ခု အဓိပ္ပါယ်ကောက်လိုက် - ဟာ....သီလ

ရှိရှိ, မရှိရှိ တွေ့ ရှောင်သာရှောင်လိုက်, ပြောကိုမပြောနဲ့ ၊ ပြော ဘာဖြစ်လဲ, ပြော, နှစ်တရားခံဖြစ်ထာပေါ့၊ နှစ်တရားခံဖြစ်ရင် သုံး အပါယ်ကျမှာပေါ့၊ နံပါတ်သာ တတ်လိုက်နော်။

အားလုံး သဘောကြရဲ့လား ?

။ ကြပါတယ်ဘုရား။ ။

**သုရာမေရယသဘော။**

ကဲ-ရှေ့တချက်သွားကြ။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ သုရာ, သေရည်, မေရယ, အရက်,နော်၊သေရည်, အရက်ဆိုရင် ဘယ်လိုနေသလဲတဲ့ မေးလိုက်တယ်၊ ဇီးကွက်,ဇီးကွက်,လို့ အော် တဲ့ငှက်ကို မေးစရာလိုသေးသလား၊ မလိုဘူး၊ ဒီမှာ၊ မဇ္ဇ, ပါပြီ မူးတတ်တယ်၊ ပမာဒ, ပါပြီ၊ မေ့တတ်တယ်တဲ့- ဟုတ်ကောဟုတ် ကဲ့လား၊ အရက်သမား, ဘိန်းစားသမားသည် မူးတတ်တယ် ဆိုတာ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

မေ့ကော မေ့တတ်တယ်ဆိုဒါ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီ မူးလာပြီဆိုရင် နှစ်တရားခံအကုသိုလ်ကံတွေ အကုန်လွန် ကြူးတာဘဲ, သတ်ရမှာလဲ ဝန်မလေးဘူး၊ ခိုး,တိုက်, ပြစ်မှားရ မှာလဲ ဝန်မလေးဘူး၊ လိမ်ပြော,ဂုံးတိုက်,စိတ်ကြမ်းပြော,အဖျင်း ပြောရမှာလဲ ဝန်မလေးဘူး၊ ဆဲရမှာလဲ ဝန်မလေးဘူး၊ အယုတ်

ဆုံး နောက်ပိတ်ဆုံး ဝတ်လစ်စလစ်ဖြစ်တောင်မှ ဝန်မှလေးဘူး၊ အဲဒါ အရက်သမား ဘိန်းစားသမားတွေအတွက်။

ကဲ နောက်ပြီးတော့ မေ့တတ်တဲ့ အမေ့လေးဟာ တယ်ကြောက်စရာကောင်း၊ ဒီဘဝဒင်မဟုတ်ဘူးနော်၊ လိုက်လိုက်တဲ့ဘဝတွေမှာဆိုရင် တယ်ကြောက်စရာကောင်း၊ နောက်ပိတ်ဆုံးဘုရားနဲ့တွေ၊ သာဝကနဲ့တွေ၊ တရားနာလို့ မရဘူး၊ တရားနာရင်လဲ၊ သူဟာ တယ်ပြီးတော့ မေ့တတ်ထာကို၊ ငိုက်ချင်ငိုက်၊ သန်းချင်သန်း၊ ပျင်းချင်ပျင်း၊ ဝေချင်ဝေ၊ စိတ်လေချင်စိတ်လေ၊ တရားနာတဲ့ဘက်ကို သွင်းလို့ကိုမရဘူး၊ အမူးသမား၊ အရက်သမားဆိုတာက တည့်လို့ကိုမရဘူး၊ တည့်ယားလဲ ရမ်းနေတာဘဲ မဟုတ်ဘူးလား၊ အခုလဲထို့အတူဘဲ တယ်ပြီးတော့ ကြောက်စရာကောင်း သက္ကန္တရာယ်၊ မဂ္ဂန္တရာယ်၊ ဖြစ်တယ်တဲ့နော်။

**အရက်အကျိုးပြ ဂါထာ။**

**ပဥ္စသတဥ္စာနုက္ကော၊ ယက္ကောဘဝတိ မူဂါဒိ။**
**ဥမ္မတ္တကောဝ အနန္တော၊သုရာပ ါကာဿ နိဿန္ဒော၊**

ဒါအကျိုးဆက်တွေခေါ်တယ်၊ သေရည် အရက်အတွက်ဟာ တယ်ကြောက်စရာ ကောင်းတယ်၊ သောက်ပြီးလို့ ဘာမှ သတ်ခြင်း၊ ခိုးခြင်း၊ ပြစ်မှားခြင်း၊ မလုပ်ပါဘူး၊ မူးလို့ အသာလေး အိပ်ရာထဲ လှဲအိပ်နေဒါလဲ အပြစ်ရှိတာဘဲ၊ ဟုတ်ကဲ့လား၊ အပြစ်ရှိတယ်နော်....။

**သောတာပန်မှန်ရင် အရက်မဝင်။**

ဒါကြောင့် သောတာပန်တို့ အရက်နဲ့ ရေနဲ့တိုက်၊ ရေသာဝင်တယ်၊ အရက်မဝင်ဘူး၊ အရက်က အပါယ်ချနိုင်တဲ့ အကုသိုလ်

ကံ့ခေါ်တယ်၊ သောတာပန်က တပါယ်တံခါးပိတ်သွား၊အရက်ဝင်မယ်ဆိုရင် သောတာပန် အပါယ်ကျနေလိမ့်မယ်၊ အစိတ္တက ကံနော်.... စိတ်မရှိသော်လဲ ဝင်သွား့ အပြစ် သင့်တတ်တယ့် သဘောကြပလား ?

॥ သဘောကြပါဘုရား॥ ॥

ဒါဖြင့် ဆေးအမှတ်နဲ့ အရက်တွေသောက်ရင့် မှိုဝဲရင့်ဘယ့်နှယ် အပြစ်ရှိ့မရှိ ?

॥ ရှိပါတယ်ဘုရား॥ ॥

ဟင်းနံ့ကလေး့ ဘာလေး့ကောင်းအောင် မမွှးဘူး ဆိုရင်တော့ ထည့်ကောင်းတယ်တဲ့၊ အရက်က့ တယ်ဟင်းနံ့ကောင်းဆိုပါကလား၊ စကာ့စကာ့ သို့သော် မွှးအောင်တော့ မထည့်နဲ့နော်.... အနံ့ကလေး ကောင်းအောင်လောက် ထည့်မယ်ဆိုရင်ထည့်လို့ရတယ်တဲ့....။

ရှင်းပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

ဒီသေရည် သေရက်ကို မြတ်စွာဘုရားက့ ကျမ္မာအောင်သောက်လို့ခိုင်းသလား့ သောက်လို့ ခိုင်းသလား ?

॥ မခိုင်းပါဘုရား॥ ॥

ဘယ့်နှယ်လုပ်ရမလဲ ?

॥ ရှောင်ရပါတယ်ဘုရား॥ ॥

ရှောင်ရမယ်တဲ့ ဘာလေးတွေ့လို့လဲ ?

॥ ဝေရမဏီ့ တွေ့ပါဘုရား॥ ॥

မှတ်ထား၊ ဝေရမဏီလေး အသာကလေး မယောင်မလယ် ကပ်ထား၊ ဘုရားက မသောက်နဲ့လို့ ရှောင်ခိုင်းလို့လား၊ဘုရားက ရှောင်ခိုင်း လို့လား၊ မဟုတ်ဘူးနော်....၊ "လောက ဝဇ္ဇ" လောကသဘောအပြစ်ရှိလို့၊ ဘယ်လို အပြစ်ရှိလဲ၊ သောက်ရင် နှစ်တရားခံ အကုသိုလ်ကံ၊ အကုသိုလ်ကံ ဆိုရင် ဘယ်သွားကြမလဲ ?

။ အပါယ်ပါဘုရား။ ။

## ငါးပါးသီလမြဲ လူစစ်ဘဲ။

သုံးနှံပါတ် အပါယ်တန်းနေတာဘဲ၊ ငါးပါးသီလ စစ်တန်းထုတ်တယ်၊ ကဲ- တခါ ဝေရမဏီ ပြန်ကောက်စမ်း၊ သူများအသက်ကို သတ်ခြင်းမှလဲ ရှောင်၊ ကာယကံမှလဲ ရှောင်၊ ဝစီကံမှလဲ ရှောင်လို့ ဒီလိုဆိုလိုက်တယ်၊ ကဲ- စစ်စမ်း၊ ဘယ်လောက်ရှောင်ရမလဲ၊ ဝေရမဏီ ရှောင်လို့ရှိရင် ဘယ်လောက် ရှောင်ရမလဲလို့ မေးရင်၊ နိစ္စ-ဂရုမ္မသီလလေ၊ ငါးပါးသီလဂုဏ်ထူးဟာနိစ္စ-ဂရုမ္မအင်္ဂါနှစ်ချက်၊ နိစ္စဆိုတော့ အမြဲတသက်လုံးရှောင်ဆိုပါကလား၊ ဘယ့်နှယ်လဲ ပရိသတ်တွေ၊ငါးပါးသီလအတွက် တသက်လုံးရှောင် ဆိုပါကလား၊ တသက်လုံးရှောင်ရင် ငါးပါးသီလမြဲ၊ ငါးပါးသီလမြဲရင်၊ အဲဒီပုဂ္ဂိုလ် လူအစစ်မှတ်လိုက်တော့၊ ကဲ- မမြဲတဲ့ပုဂ္ဂိုလ် ဘယ့်နှယ်ပြော ?

။ လူမစစ်ပါဘုရား။ ။

လူမစစ်ရင် ဘာခေါ် ?

။ တိရစ္ဆာန်ပါဘုရား။ ။

တိရစ္ဆာန်တဲ့ နေဘ်.... ဆရာတော် ပြောတာ မဟုတ်ဘူး၊ တိရစ္ဆာန်တဲ့နေဘ်.... မှတ်ထားကြ။

သဘောကြပလား ?

။ ကြပါဘုရား။ ။

အခုကြည့်စမ်း၊ ငါးပါးသီ တသက်လုံး၊လုံကြရဲ့လား၊လုံကြရဲ့လား ?

။ လုံတဲ့လူ လုံပါတယ်ဘုရား။

အဲ- လုံတဲ့လူ လုံလို့ တော်ပါသေးရဲ့၊ တယောက် တလေ ပေါ်လာရင် တော်သေးတယ်၊ တသက်လုံးများ လုံရင်တော့၊ ခေတ်ဆိုးမရှိပါဘူး၊ ဆုတ်ကပ်မရှိပါဘူး၊တက်ကပ်ချည်းဘဲခေါ်တယ်၊ လူကြည့်ရင်လဲ တကယ့် လူဖြူ၊ လူစင်၊ လူသူတော်ကောင်း၊ အိမ်ကြည့်ရင်လဲ တကယ် သန့်သန့်၊ ရှင်းရှင်း၊ စင်စင် ကြယ်ကြယ်၊ ဒီအိမ်လဲ စည်စည်၊ကားကား၊ မြို့ကြည့် ရွာကြည့်၊ တိုင်းပြည်ကြည့်၊ အကုန်လုံး စည်စည်ကားကား၊ ဘာမှ လိုလေ သေးတယ် ရှိမယ် မဟုတ်ဘူး၊ ငါးပါး သီလများ တကယ်တန်း ပြည့်စုံကြရင်လေ....။

**မြောက်ကျွန်းသေက-ပါယ်မကြ။**

ဟိုမြောက်ကျွန်းမှာ ငါးပါးသီလ ပြည့်စုံတယ်၊ ဓမ္မတာသီလ၊ ခေါ်တယ်၊ သူတို့ငါးပါးသီလရယ်လို့ သိတာမဟုတ်ဘူး၊အမေ့၊ အဖေ့၊ က-သူ့အသက်မသတ်ရင် သူတို့လဲ မသတ်ဘူး၊မခိုးရင်သူတို့လဲ မခိုးဘူး၊ အကုန်လုံး လူကြီးလုပ်သလို လိုက်လုပ် နေတာဘဲ၊

လူကြီးကလဲ ဒါငါးပါးသီလ၊ လူငယ်ကလဲ ဒါငါးပါးသီလ၊ ဒီလို သိကြဒါမဟုတ်ဘူး ဓမ္မတာ့ခေါ်တယ်။ ။

သဘောကြရဲ့လား ?

။ သဘောကြပါတယ်ဘုရား။ ။

ဒါဖြင့် မြောက်ကျွန်းက သေရင်-အပါယ်ကျစရာ ရှိသေး သလား၊ သူတို့မြောက်ကျွန်း အောက်မှာလဲ- အပါယ်လေးပါး မရှိဘူးတဲ့၊ တယ်ထူးတာဘဲနော်-တောင်ကျွန်းအောက်မှာတော့-ငရဲကြီးရှစ်ထပ်ကို ဖင်ခုထိုင်ထားတာဘဲဟင်....“ဇိနလင်္ကာရဋီကာ” က တောင်ကျွန်းအောက်မှာသာငရဲကြီး ရှစ်ထပ်ရှိသတဲ့၊ မြောက် ကျွန်း အောက် မှာ တော့ မရှိဘူးလို့ ဆိုတယ်....သ ဘော ကြ ရဲ့လား ?

။ ကြပါဘုရား။ ။

ရှင်းရှင်းမှတ်ထားကြ။ ။ကဲ....ဂရုဓမ္မလေးပြောမယ်၊ ငါး ပါးသီလ ခံယူပြီးလျှင် ငါ့သီလရှိတဲ့ပုဂ္ဂိုလ်လို့ အလေးလဲ ပြုကြ နော်၊ ဇာမဏီငှက်သည် အမွေးတပင်ကျွတ်မှာကို အလွန်ပင် ဂရု စိုက်ရဘိသကဲ့သို့ ငါးပါးသီလလေးဆရာသမားထံမှာခံယူခဲ့တယ်၊ ဘုရားရှေ့မှာ ခံယူခဲ့တယ်, သိမဟုတ် စိတ်ထဲကငါးပါးသီလခံယူ ဆောက်တည်ခဲ့တယ်၊ ဆောက်တည်ခဲ့သော ငါးပါးကလေးကို တကယ်ပျက်ထာကို မဆိုထားနဲ့ ညှိုးနွမ်းမှာတောင် အင်မတန် ဂရုစိုက်ရမဲ့ သဘောရှိရမတဲ့။

အခုဂရုမစိုက်ကြတော့ဘူး၊ ဂရုမစိုက်ပုံ လက်တွေ့ပြောမယ်၊ သာရေး,နာရေးကလေးတခုရှိလာတယ် ပရိဿတ်တွေဖိတ်တာဘဲ

ဖိတ်ပြီးတဲ့နောက် ပျော်ရွှင်စရာလေးတချို့ ပါချင်ပါ၊ ပျော်ရွှင်တာနဲ့ အချိန်ကုန် နောက်တော့ ဟော့-တရားနာကြဟေ့ လို့ ဆိုရင် သူ့ထက်ငါ ပန်းပြေးသလိုဘဲဆိုကြတာဘဲ၊ အင်း-ဆိုကြတာတွေ များတာဘဲ၊ ငါးပါးသီလ, ပါဏာတိပါတာ-ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊အဒိန္နာဒါနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မဆိုဘူးလား ?

။ ဆိုပါဘုရား။ ။

သီလခံယူတယ်ဆိုတာ သိက္ခာပုဒ်တော်လဲ ပိုင်းခြားရတယ်၊ ကာလလဲပိုင်းခြားရတယ်၊ သိက္ခာပုဒ်တော် ပိုင်းခြားဘို့ဆိုတာလဲ များသောအားဖြင့် အနက်မထင်တာများတယ်၊ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ ရှေ့က ဘုန်းကြီးက ချပေး နောက်ကလိုက်ဆို၊ မင်းဘာဆိုတာလဲမေး၊ ဘယ်သိမလဲ ဟိုကချပေးတော့ လိုက်ဆို ဒီလိုသာ များကြတာဘဲ-သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ ဒီလိုစေတနာ ပေါ်မပေါ်,မပေါ်ဒါများတယ်၊ အကယ်၍ပေါ်ပါသော်လဲဘဲငါသည်တထိုင်,ငါသည်တရက်, ငါသည်တနာရီ, ဒီလိုကာလမပါဘူး၊ ဓမ္မတာခံယူဆောက်တည်နေကြ, ဒါကြောင့် သီလခံယူပြီးလို့ရှိလျှင် ကိုယ့်ကိုယ် ငါးပါးသီလ လုံခြုံတယ်ဆိုတဲ့ အမှတ်လဲ မရှိတော့ဘူး၊ ပြောခြင်တာ ရှောက်ပြော, အရက်သောက်,ဘိန်းစား, ဆိုရင်လဲ တခါထဲသောက်နေကြ,သောက်ကြတာ သီလလေး ညှိုးနွမ်းမယ်ဆိုတာ ဘာမှလဲ ဂရုမစိုက်ကြဘူး၊ ဟိုတောရွာတွေဘာတွေမှာဆိုလို့ရှိရင် တံငါလုပ်တဲ့ပုဂ္ဂိုလ်ဟာ တံငါပြန်ပြီးတော့ ဒီနေ့လုပ်ကြ

ဒါဘဲ့, အရက်လဲ ပြန်သောက်ကြဒါဘဲ၊မဿအသုဘဆိုရင်သီလ ခံပြီးတဲ့နောက် ဖဲဝိုင်းကစား လုပ်ကြဒါဘဲ၊ သီလဟာ ပါးစပ် ပြောလောက်သာ ရှိတော့တယ်တဲ့၊ ဂရုမပြုတော့ဘူး အဲဒါ ဟုတ် ကြရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

တွေ့လဲတွေ့ဘူးကြရဲ့လား ?

॥ တွေ့ဘူးပါတယ်ဘုရား॥ ॥

အဲဒါ-အလေးဂရုပျက်ပြီ, ဒါကြောင့် အလေးဂရုပြုကြနော်.... ကဲ....ကုန်လဲကုန်သွားပြီ, အချိန်လဲစေ့ပြီ, ပုံမှန်တော့ တနာရီခွဲ ပါဘဲ့, လွန်လို့ရှိရင် နှစ်နာရီမတ်တင်းဘဲ, နဲနဲလေးစကားမဆုံး ဘူးဆိုရင် နှစ်နာရီဘဲတဲ့-အခုတနာရီခွဲတော့ ကျော်သွားပြီ၊ "ကာ ယကံ, ဝစီကံ, အသစ်ကို သီလနဲ့ရှောင်" လို့ ဆိုတဲ့အတိုင်းကာယ ကံ, ဝစီကံ, အသစ်ကောက်ပုံ, သီလကောက်ပုံ, ရှောင်ပုံ, တို့ကို သုံးပိုင်း, သုံးကဏ္ဍထား၍ ကရုဏာသန်သန်ထား မေတ္တာများ များဖြင့် ဟောကြားလိုက်ပါသည်။

နဲနဲလေး တခုပြောအုံးမယ်၊ သီလသမားသည် ကာယကံ, ဝစီ ကံ, အသစ်ကို ရှောင်တယ်နော်-အဟောင်းရှောင်နိုင်ရဲ့လား ?

॥ မရှောင်နိုင်ပါဘုရား॥ ॥

တစ်တရားခံဒိဋ္ဌိကောသတ်နိုင်ရဲ့လား ?

॥ မသတ်နိုင်ပါဘုရား॥ ॥

ကာယကံ့ဝစီကံ့ အသစ်တောင် သီလရှိတုံးနေ၁-သီလမရှိရင် ရှောင်နိုင်ရဲ့လား ?

॥ မရှောင်နိုင်ပါဘုရား॥ ॥

အဲဒါ-ငါးပါးသီလလုံတဲ့ပုဂ္ဂိုလ်တွေ ဆင်ခြေကန်တာ ရှိသေးတယ်၊ တရားအားထုတ်ဘို့ သွားခေါ်လိုက်လို့ရှိရင် သူတို့ကဘယ်လိုပြောလဲ၊ ဟာ-ဒို့တရားအားထုတ်ဖို့ မလိုဘူး၊ ဒို့မှာ ငါးပါးသီလ ငယ်စဉ်တောင်ကြေးခလေးကစပြီးတော့ခုထက်ထိလုံတယ်၊ သူများအသက်ဆိုရင် သန်း့ဂျပိုး့တောင် မသတ်ခဲ့ဘူး၊ လိမ်ပြောဆိုလို့ရှိရင် ဘာပြောမှန်းတောင် မသိဘူး၊ အရက်ဆိုတာ အနံ့တောင် မခံနိုင်ဘူးလို့ အဲဒီလို ပြောတတ်တယ်၊ ကဲ....စစ်တော့မယ်....သူလုံတဲ့ ငါးပါးသီလသည် အလွန်ဆုံး လုံလှလို့ရှိရင် တသက်ပါဘဲ၊ နောင်ဘဝဆိုရင် လုံမယ့် မလုံဘူးလို့ ပြောနိုင်ပါ့မလား ?

॥ မပြောနိုင်ပါဘုရား॥ ॥

ကဲလုံတယ်၊ ဒီဘဝလုံတယ်ပင်ထား-သူလုံလို့ရှိရင် ကာယကံနဲ့ ဝစီကံ အသစ်လောက်သာ လုံတယ်၊ အဟောင်းမကျန်ဘူးလား ?

॥ ကျန်ပါတယ်ဘုရား॥ ॥

မနောကံ အဟောင်းအသစ်ကော မကျန်ဘူးလား ?

ကျန်ပါတယ်ဘုရား॥ ॥

တစ်တရားခံ ဒိဋ္ဌိကော မကျန်ဘူးလား ?

ကျန်ပါတယ်ဘုရား॥ ॥

အဲဒီအတွက်နဲ့ အပါယ်မကျနိုင်ဘူးလား ?

။ ကျနိုင်ပါတယ်ဘုရား။ ။

သူ့သီလလေးဟာ-လုံရင်တသက်၊ ဒီတသက်လုံးလုံတဲ့အခါမှာ သေခါနီး၌ အာစိဏ္ဏကံ အကျိုးပေးရင် တော်ရဲ့ ဒသကုသိုလ် အာသန္နကံ အကျိုးပေးလာပြီဆိုရင် အပါယ်ကျအုံးမှာဘဲ၊သီလက ကယ်နိုင်ပါ့မလား ?

။ မကယ်နိုင်ပါဘုရား။ ။

အကယ်၍ သီလလေးလုံခြုံပြီးသေကာလ သေသွားပြီ ဆိုပါတော့ နောက်ဘဝမှာ လူ့နတ် ဖြစ်မှာဘဲ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။

လူဖြစ်တဲ့အခါမှာ သီလရှိမရှိ မသိနိုင်ဘူး၊ အကယ်၍ရှိသော်လဲဘဲ အဲဒီသီလသည် နောက်ဘဝ အကျိုးပေးမယ်, မပေးမယ်, မသိနိုင်ဘူး။

သိရဲ့လား ?

။ မသိပါဘုရား။ ။

အဲဒါကြောင့် သီလ, ငါးပါးသီလလုံခြုံတဲ့ ပုဂ္ဂိုလ် တို့သည် အဖျားလေးလောက်သာလျှင် သတ်ပါတယ်၊ အလယ်လဲကျန်ပြန်တယ်၊ အရင်းနာမ်ရုပ်မှာတင်တဲ့ ဒိဋ္ဌိငုတ်လဲ ကျန်ပြန်သည်ဖြစ်လေသောကြောင့် "ဝိပဿနာ"အားမထုတ်လို့ရှိရင်၊ ဘယ်နည်းနဲ့မှ အပါယ်ကျမလွတ်နိုင်ပါ၊သီလ,ဆိုတာတပွဲတိုး,တနပ်စားဘဲ အားကိုးရပါတယ်လို့ဆိုတာ ရှင်းရှင်းလေးမှတ်၊ စကားကျန်ကလေး

ထည့်ပြောလိုက်မယ်နော်-ဤကဲ့သို့ ကာယကံ, ဝစီကံ, အသစ်ကို သိလနဲ့ ရှောင်ပုံကို ဂရုဏာ သန့်သန့်ထား မေတ္တာများများ ဖြင့် ဟောကြားလိုက်ရပါသည်၊ ကြားနာတဲ့ အရှင်သူတော် ကောင်း အပေါင်းတို့မှာ တရားနာတယ်, နာတယ်ဆိုတာရင်တွင် နာမ်အစဉ်မှာ ပညာဆီကလေး အသိကလေး လာယူတာ ခေါ် တယ်၊ အသိကလေး လာယူတာက ဝိဇ္ဇာလမ်းခေါ်တယ်၊ မနက် ခင်း ကျေးမွေးကြတာ, နေ့လယ်ခင်း ကျွေးမွေးကြတာ, ညနေ ခင်း ဖျော်ရည်များ တိုက်ကြတာ, အဲဒါက ရုပ်မှုတွေ ထဲကို ဓါတ်ဆီထည့်တယ်ခေါ်တယ်၊ ဓါတ်ဆီထည့်တာကစရဏလမ်းပါ ဒါကြောင့် ဝိဇ္ဇာလမ်းလဲ ပြိုးရတယ်၊ စရဏလမ်းလဲ ကျင့်ရတယ်၊ ဝိဇ္ဇာလမ်းနဲ့ ၁ရဏလမ်း နှစ်ခုရှိမယ်ဆိုရင် လိုရာခရီးသို့ပြန်သန်း သွားလာနိုင်တဲ့ ငှက်ပမာလို ထို့အတူပင် မိမိတို့ ဆုတောင်းပြည့် တော့မယ်ဆိုတာ စရဏလမ်းက ချမ်းသာဘို့ပါ၊ ဝိဇ္ဇာလမ်းက ဝိပဿနာဉာဏ်မြင်ပေါက်,မဂ်ဖိုလ်နိဗ္ဗာန်ရောက်တော့မယ်ဆိုတာ ဝမ်းမြောက်သောအလား တရားတော်ကိုချီးကျူးသောအားဖြင့် သုံးကြိမ် သာဓု-သာဓု-သာဓု-ခေါ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု-သာဓု-သာဓု

သိလခဏ်းပြီး၏။

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော် ဘုရားကြီး ကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# သမ္မာ ဥပဒ္ဒ-အလုပ်ပေးတရားတော်

# ဒုလ္လဘ ဒေသနာ

ကျေးငူးရှင်
ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

# သမ္မာဉာဏ်ပေးတရားတော်

ဒုလ္လဘဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မျက်လုံးမှိတ်ထား၊ အမှတ်ကလေးနဲ့နေရတယ်၊ မေးတာလဲ ဖြေပေါ့ ရှင်းရှင်းဖြေရတယ်။

ယောဂီတို့၏စိတ်ဘယ်မှာထား ?

॥ ရင်မှာထားပါဘုရား॥ ॥

ရင်မှာထားပြီးဘာလုပ်နေ ?

॥ ကိုယ်မှာပေါ်ဒါငါးမျိုးမှတ်နေပါဘုရား॥ ॥

ဘာနဲ့မှတ် ?

॥ စိတ်နဲ့မှတ်ရပါတယ်ဘုရား॥ ॥

ဘယ်အချိန်မှတ်ရမလဲ ?

॥ ပေါ်တဲ့အချိန်မှတ်ရပါမယ်ဘုရား॥ ॥

မပေါ်ခင်မှတ်လို့ရမရ ?

။ မရပါဘူးရှား။ ။

ပျောက်သွားပြီးရင်ကောမှတ်လို့ရမရ ?

။ မရပါဘူးရှား။ ။

ပေါ်တုံးပေါ်ခိုက်သာမှတ်ရတယ်၊ မပေါ်ဒါလဲ ပေါ်အောင် မလုပ်ရဘူး, ဆုလဲမတောင်းရဘူး, ပေါ်အောင် လုပ်တော့, လိုချင်လွန်းအားကြီးတော့, လောဘဖြစ်တတ်, လောဘဖြစ်ရင် ပြိတ္တာဘုံ ရောက်တတ်တယ်။ ။

ပျောက်သွားတာကို လိုက်ရှာနေမယ်ဆိုရင်, ဒါလဲဘဲလောဘ ဖြစ်တတ်, ဘာမှမကြိုးစားရဘူးနော်၊ စိတ်ကလေး တည်အောင် ထား လုပ်ရတယ်, သည့်ပြင်လုပ်စရာ ဘာမှမရှိဘူး၊ ဘာမှ မလုပ်ရဘူး။ ။

စိတ်ကတော့ဆုတောင်းခြင်းမရှိပါနဲ့၊ ပယ်ချခြင်းလဲ မရှိနဲ့, ခန္ဓာမှာ ဆင်းရဲဒါပေါ်လျှင်,မလိုချင်ကြဘူး,ပယ်ချခြင်ကြတယ်၊ ကြမ်းကြမ်းတမ်းတမ်း,ပေါ်ရင်လဲဘဲ မလိုချင်ဘူး,မမှတ်ချင်ဘူး, ပယ်ချခြင်တယ်, ဒါလဲ- ဒေါသခေါ်တယ်, ငရဲကျတတ်တယ် နော်။ ။

ခန္ဓာမှာ- ဆိုးသည်ဖြစ်စေ, ကြမ်းသည်ဖြစ်စေ,နူးသည်ဖြစ်စေ, ဖြစ်ခိုက်,ဖြစ်ခိုက်, မမှတ်နိုင်ဘူးဆိုရင်, မောဟ, ဖြစ်တတ်တယ်၊ တိရစ္ဆာန်ဘုံရောက်တတ်တယ်နော်.... ဒါကြောင့် လိုချင်တာလေး မရှိနဲ့, ပယ်လဲမချနဲ့, ပေါ်ခိုက်, ပေါ်ခိုက်' အသာလေး မှတ်-မှတ်, မှတ်မှတ်သွားတဲ့။ ....

ထိုင်လျှက်ကော- အားထုတ်တတ်ကြပလား၊ ?

။ တတ်ပါပြီဘုရား။ ။

စိတ်ဘယ်မှာထား။ ။

။ ။ရင်မှာထားပါဘုရား။ ။

ဘာလုပ်နေ၊ ?

။ ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေ။ ။

လေးလေး- လေးလေး လေ- မေတ္တာပို့သလို့ပေါ့ ပြတ်ပြတ်ရှင်းရှင်းဖြေပေါ့။

အိပ်လျှက်ကော အားထုတ်တတ်ပလား၊ ?

။ အားထုတ်တတ်ပါပြီဘုရား။ ။

စိတ်ဘယ်မှာထား ?

။ ရင်မှာထားရပါဘုရား။ ။

ရင်မှာထားပြီး ဘာလုပ်နေ ?

။ ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေပါဘုရား။ ။

ရပ်လျှက်ကော အားထုတ်တတ်ပလား ?

။ တတ်ပါပြီဘုရား။ ။

စိတ်ဘယ်မှာထား ?

။ ရင်မှာထားပါဘုရား။ ။

ရင်မှာထားပြီး ဘာလုပ်နေ ?

။ ကိုယ်မှာပေါ်ဒါငါးမျိုးမှတ်နေပါဘုရား။ ။

စကြိုန်ကော လျှောက်တတ်ပလား ?

လျှောက်တတ်ပါပြီဘုရား။ ။

စကြိုန်လျှောက်ရင်ကော စိတ်ဘယ်မှာထား ?

။ ရင်မှာထားပါဘုရား။ ။

ရင်မှာထားပြီး ဘာလုပ်နေ ?

။ ကိုယ်မှာပေါ်ဒါငါးမျိုးမှတ်နေပါဘုရား။ ။

ဘာနဲ့မှတ် ?

။ စိတ်နဲ့မှတ်ပါဘုရား။ ။

အတူတူပါဘဲ၊ တရားဝင်စနေ့တုံးကလဲ စိတ်ရင်ထဲမှာထား၊ ပေါ်ဒါငါးမျိုး မှတ်ထားတာဘဲ၊ မနေ့က "ဣရိယာပထ" အနေလေးမျိုးမှာလဲ စိတ်ရင်ထဲမှာထား, ပေါ်ဒါငါးမျိုးမှတ်ထားတာဘဲ၊အမှတ်ခြင်းတော့ တူတယ်မဟုတ်လား ?

။ တူပါတယ်ဘုရား။ ။

"ကိုယ်တွေ့ဉာဏ်မြင်" အလုပ်တခုထဲ ပြထားတာနော်၊ အရင်းခံ မပျောက်စေနဲ့....

**နည်းပေးအကျယ် မဂ်ဝေးတယ်။**

ဒီကနေ့မနက်တော့ "သမ္မဇဉ္ဈပဗ္ဗ" အလုပ်ပေးတရား ပြသပါလိမ့်မယ်၊ သမ္မဇဉ္ဈ ဆိုတော့ နဲနဲကျယ်တယ်။

**ဆောင်ပုဒ်။** ။ကမ္မဋ္ဌာန်းပေး, နည်းကျယ်ရေး, ရဝေး့မဂ်, နိဗ္ဗာန်။ ။

လို့ဆိုသောကြောင့် သာဓကလေးတခု တင်ပြလိုက်တယ်။

**ပမာပုံပြ-သာဓက။** ။ရှင်သာရိပုတ္တရာကိုယ်တော်ကြီးသည် ပန်းတိမ်သည် ဖြစ်ခဲ့ဘူးသော ရဟန်းကြီးတပါးအား အသုဘကမ္မဋ္ဌာန်း ပေးလိုက်တဲ့အခါမှာ နိမိတ်ကို မထင်တော့, အသုဘနှင့်ဆိုင်ရာ နံနံလေး ကျယ်ကျယ် လှင့်လှင့် ဟောလိုက်၊ ဟောလိုက်, ပြန်သော်လဲဘဲ၊ နိမိတ်တွေ မထင်ဘူး၊ တတိယတဖန် ဒီထက်ကျယ်ပြီးသကာလ အသုဘနှင့်ဆိုင်ရာ ဟောလိုက်ပြန်တော့ ကျယ်သထက်ကျယ်ပြီး သွားသည် ဖြစ်လေသောကြောင့် နိမိတ်သည် မထင်သထက်မထင်၊ ဤကဲ့သို့မထင်တဲ့အခါ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ဒီရဟန်းကြီးဟာ သာဝက,ဝေနေယျ, သာဝကဆုံးမလို့ကျွတ်ရမဲ့ ရဟန်းကြီးမဟုတ် ဗုဒ္ဓဝေနေယျ, ဘုရားရှင် ကိုယ်တော်မြတ် ဆုံးမမှသာလျှင် ကျွတ်မဲ့ရဟန်းကြီးဖြစ်တယ်လို့ ဆုံးဖြတ်လိုက်တယ်။ ။

ထို့နောက် ရဟန်းကြီးကို ခေါ်ဆောင်၍ ဘုရားရှင်ထံမှောက်ရောက်သောအခါ ကာလဝယ်, မြတ်စွာဘုရား ဒီရဟန်းအား အသုဘ ကမ္မဋ္ဌာန်းစီးဖြန်းပြီးတော့ ပေးလိုက်တဲ့အခါမှာ၊နိမိတ်မထင်, မထင်တဲ့အတွက်ကြောင့် ဒုတိယတဖန် မကျင်း မကျယ်-ဟောပြန်ပါသော်လဲဘဲ နိမိတ်မထင်ကြောင်းပါ ဘုရား၊ တတိယတဖန် အတိဝိတ္ထာရ, အလွန်ကျယ်ကျယ်လှင့်လှင့် ဟောပါသော်လဲ နိမိတ်မထင်ကြောင်းပါဘုရား၊ ဤကဲ့သို့ မထင်တဲ့ အခါမှာ ဤရဟန်းကြီးသည် သာဝက, ဝေနေယျ,မဟုတ်၊ ဗုဒ္ဓဝေနေယျ, ဖြစ်တယ်လို့ ဘုရားတပည့်တော် ဆုံးဖြတ်ပြီးတဲ့နောက် ဘုရားထံမှောက် ရောက်အောင် ဘုရားတပည့်တော် ခေါ်လာခြင်း ဖြစ်ပါ

တယ်ဘုရား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆုံးမတော်မူပါဘုရား လို့ လျှောက်ထားလိုက်သောအခါဝယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဘုရားမျက်လုံး နှစ်လုံးရှိတယ်၊ "အာသယာနုသယဉာဏ်"တည်းဟူသော မျက်လုံးတလုံး၊ "ဣန္ဒြိယ-ပရောပရိယတ္တိ"ဆိုတဲ့ ဉာဏ်မျက်လုံးတလုံး၊ ဒီမျက်လုံး နှစ်လုံးဟာ-ဗုဒ္ဓစက္ခုပါဘဲ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ရဟန်းကြီး၏စရိုက်၊ အနုသယ၊ စသည်တို့ကို ကြည့်လိုက်သောအခါ ကာလဝယ် ပန်းတိမ်ဖြစ်ခဲ့ဘူးသော ရဟန်းကြီး ဖြစ်လေသောကြောင့် အသုဘနဲ့-နဲနဲကလေးမှ မတော်ဘူး၊ ပန်းဟိမ်သည်တို့ မည်သည်မှာ ပန်းလေးတွေကို ထူးထူးဆန်းဆန်း ကြံစီစိတ်ကူးပြီး ထုကြတဲ့ အလေ့အထ၊ ဝါသနာဘာဂီ စရိုက်နဲ့ လျှော်အောင် တံခိုးတော်ဖြင့် အင်မတန် ထူးဆန်းတဲ့ ပန်းကလေးကို ဖန်ဆင်းပြီးသကာလ ပြလိုက်သောအခါဝယ်၊ ရဟန်းကြီးက ပန်းကလေး မြင်တော့ စိတ်ထဲမှာ အင်မတန် ကြည်နူးပြီးတော့ သွားတယ်။

လူ့ပြည်မှာ ဒီလောကထူးဆန်းကောင်းမွန်လှပသော ပန်းတွေ တခါမှမတွေ့ဘူးပါဘူး၊ငါသည် ပန်းထုနေတာ ကြာလဲ ကြာလှပြီ၊ ဒါလောက်တောင် အင်မတန် ဆန်းကြယ်သော ပန်းကလေးဟာဖြင့် တခါမှ မမြင်ဘူးပါဘူး၊ မတွေ့ဘူးပါဘူး၊ တယ်လှပါကလား၊ တယ်လှပါကလား၊လို့ ပန်းကလေးအပေါ်မှာအင်မတန် ကြည်နူးပြီးတော့ နေတဲ့အချိန်မှာ စိတ်ကလေးကတော့ ပန်းထဲရောက်သွားတာဘဲ၊ ဝင်သွားတာဘဲ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် တံခိုးဣဒ္ဓိပါဒ်နှင့် အင်မတန် ဆန်းကြယ်သစ်လွင်သော ပန်းကလေးကိုတခါထဲ "ညှိုးနွမ်း"

"ညှိုးနွမ်း"ပြီးတော့ သွားအောင်ဖန်ဆင်းပြလိုက်သော အခါကာလဝယ်,ပန်းနဲ့ပတ်သက်ပြီးသကာလ မမြဲမခိုင်တဲ့-အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်, ကို ထင်လာပြန်သတဲ့။

သို့သော် ဗဟိဒ္ဓဖြစ်တယ်၊ကိုယ်တွင်းသွင်းပြီးတော့ကြည့်လိုက်တဲ့အခါမှာဆိုလို့ရှိရင် မမြဲမခိုင်တဲ့ အနိစ္စ အပြစ်တွေ, သင်္ခါရ-ဒုက္ခ,ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ခြင်း, ပျက်ခြင်း, မအောင့်နိုင်တဲ့ဒုက္ခအပြစ်တွေ၊ ဘာတခုမှမပိုင်, အစိုးမရတဲ့-အနတ္တ, အပြစ်တွေ-တရေးရေးမြင်လာပြီးသကာလ၊ ဖြစ်ပျက်မြင်, ဉာဏ်စဉ်တက်၍, ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကြီးကို-တ-ခါမြင်သောတပန်၊ နှစ်ခါမြင် သကဒါဂါမ်၊ သုံးခါမြင်အနာဂါမ်၊ လေးခါမြင်ရဟန္တာ၊ ဖြစ်ပြီးတော့ သွားပါသတဲ့-အဲဒါနဲ့ပတ်သက်ပြီးသကာလ-ဆရာတော်ကရေးလိုက်တယ်။

"ကမ္မဋ္ဌာန်းပေး,နည်းကျယ်ရေး,ရဝေး,မဂ်,နိဗ္ဗာန်,"လို့ရေးလိုက်ပြန်တယ်- ကမ္မဋ္ဌာန်းပေးတဲ့တခါမှာ- သားတော်ကြီး အရှင်-သာရိပုတ္တရာ-လို့,နည်းကျယ်ကျယ်မပေးနဲ့ ပေးလို့ရှိရင် မရဘူးလားလို့မေးရင် ရတော့ရပါရဲ့ ရပါသော်လဲဘဲ-မဂ်ဖိုလ်နိဗ္ဗာန်အရဝေးတယ်လို့ဆိုတာမှတ်ပေတော့။

သို့ပင် ဖြစ်ငြားသော် လဲဘဲ ဆရာတော်သည် သမ္ဗောဓိပဗ္ဗ-ဆိုတော့ နဲနဲကျယ်ဝန်းတယ်-ပါဠိတော်,အဋ္ဌကထာ,ဋီကာ,အာစ-ရိယဝါဒ, စသည်တို့ဖြင့် ဒီလိုများပြောမယ်ဆိုရင်- နည်းတော့နဲနဲလေးကျယ်ဝန်းတယ်-ကျယ်ဝန်းပင် ကျယ်ဝန်းပြန်ပါ ငြားသော်လဲဘဲ၊ ဘုရားရှင်ကိုယ်တော်မြတ်တောင် ဟောကြား ထားသေးတာ၊ အဋ္ဌကထာ,ဋီကာ,ဆရာတို့လဲရေးထားသေးတာဘဲ....။

ဒါကြောင့်လုပ်ငန်းတရားဆိုတာ, အင်မတန်မှ-နာရခဲပါတယ်, နာစေချင်တဲ့ဆန္ဒမျိုးဖြင့် "သမ္မဇညပဗ္ဗ" ကို အကျယ်တဝင့်ပြပါမယ်၊သို့ပါသော်လဲဘဲ အကျဉ်း လေးတော့ မှတ်ထားရ-လိုရင်းလေးတော့ မှတ်ထားရမယ်။ ။

ဆရာတော်ကြီးသည် ဝင်တဲ့ညတုံးကလဲ, စိတ်ရင်ထဲမှာထား, ပေါ်ဒါငါးမျိုးမှတ်နေရမယ်, လို့ ပြောကဲ့၊ မနေ့က "ဣရိယာပထပဗ္ဗ" မှာလဲဘဲ စိတ်ရင်ထဲထား, ပေါ်ဒါငါးမျိုး မှတ်နေရမယ်, ဟောခဲ့၊ ကနေ့ "သမ္မဇညပဗ္ဗ" မှာလဲဘဲ စိတ်ရင်ထဲမှာထား-ပေါ်ဒါငါးမျိုးမှတ်နေရမယ်လို့ ပြောခဲ့တာဘဲ-အတူတူပါဘဲ။ ။

ဘာဖြစ်လို့လဲမေးရင် "ကိုယ်တွေ့ဉာဏ်မြင်" ကို၊ ပင်တိုင်အလုပ်ထားရှိပြနေသောကြောင့် အခြေလက်မလွှတ်ရဘူး-အရင်းလက်မလွှတ်ရဘူး၊ ဒါကြောင့်ဘယ်လိုပင် ကျယ်ကျယ်-လွင့်လွင့်ပြပင်ပြပါငြားသော်လဲဘဲ၊ စိတ်ရင်ထဲမှာထားပြီး-ပေါ်ဒါငါးမျိုးမှတ်ခိုင်းနေတာဘဲလို့ ယောဂီတို့ကတော့-တိုတို-တုတ်တုတ်, အကျဉ်းချုပ်မှတ်လိုက်ပေတော့- ရှင်းပလား ?

ရှင်းပါပြီဘုရား ။ ။

**အမြင်နှစ်ရပ်ဉာဏ်မြင်မှတ်။**

"**အဘိက္ကန္တေ ပဋိက္ကန္တေ-သမ္ပဇာန ကာရီဟောတိ**"ပါဠိတော်ရှေ့တိုးလဲသိ, နောက်ဆုတ်လဲသိ-ဗမာပြန်, ဗမာပြန်, ကလေးမှတ်ထားရတယ် - ပြတဲ့နေရာမှာ "မျက်မြင်-ဉာဏ်မြင်" နှစ်မျိုးစပ်ပြမယ်။

မျက်မြင်ဆိုရင်မမှတ်နဲ့နော်-ဉာဏ်မြင်ဆိုမှတ်ရမယ်နော်၊ ရှေ့တိုးနောက်ဆုတ်၊ ဆိုတာ-မျက်မြင်ခေါ်တယ်၊ မမှတ်ပါနဲ့-ဉာဏ်မြင်သာမှတ်ပါလို့ဆိုသောကြောင့်၊ ရှေ့တိုးရင်လဲ့ နောက်ဆုတ်ရင်လဲ့ စိတ်ရင်ထဲမှာထား၊ ပေါဒါ ငါးမျိုးမှတ်၍ တဖြေးဖြေး ရှေ့တိုးပါ၊ တဖြေးဖြေးနောက်ဆုတ်ပါ၊ လို့ဆိုလိုတယ် - သာမညနော်။

ဣရိယာပုဒ်လေးပါးနှင့် ပတ်သက်၍ ရှေ့တိုး နောက်ဆုတ်ပုံလေး။

**ထိုင်လျက်။** ။တဖြေး ဖြေး ရှေ့တိုး နောက်ဆုတ် ချင်ခဲ့သော် - စိတ်သည် - ရင်ထဲက တကိုယ်လုံးဖြန့်-ပေါဒါမှတ်၍၊ တဖြေးဖြေးထိုင်လျက် ရှေ့တိုးပါ - နောက်ဆုတ်ပါလို့ဆိုလိုက်တယ်။

**အိပ်လျက်။** ။ရှေ့တိုး နောက်ဆုတ် ပြုလုပ်ချင်ကဲ့သော်၊ စိတ်သည်ရင်ထဲက တကိုယ်လုံးဖြန့်ကြည့်-ပေါဒါမှတ်၍၊ အိပ်လျက်-တဖြေးဖြေးရှေ့တိုးပါ-နောက်ဆုတ်ပါလို့ဆိုလိုက်တယ်။ ။

**သွားလျက်။** ။ခြေထောက်တဖြေးဖြေး ရှေ့တိုး နောက်ဆုတ်လုပ် ခြင်ခဲ့သော် စိတ်သည် - ရင်ထဲက-အောက်ပိုင်းသို့ဖြန့်, သို့မဟုတ် တကိုယ်လုံးဖြန့်, ပေါဒါ မှတ်၍ ဘဖြေးဖြေး သွားလျက် ရှေ့တိုးပါ နောက်ဆုတ်ပါလို့ ဆိုလိုက်တယ်။ ။

**No. 14**

ရပ်လျက်။ ။ရပ်တဲ့အခါ-ဒီနေရာလေးတွေ့ထူးတယ်ခေါ်တယ်၊ ရပ်လျက် ရှေ့တိုး နောက်ဆုတ်ဆိုတာ-သွားလျက်ရှေ့တိုးနောက်ဆုတ်နဲ့ မထပ်အောင်၊ အပေါ်ပိုင်းယူရတယ်၊ အပေါ်ပိုင်းယူတော့ ခါးကုံးခါးကော့ကိုယူရပြန်တယ်၊ ခါးကုန်းတယ်ဆိုရင် ရပ်လျက်-ရှေ့တိုးခေါ်တယ်၊ ခါးကော့ဆို ရပ်လျက် နောက်ဆုတ်တယ်ခေါ်တယ်၊ ဒါကိုထူးသောကြောင့် အဋ္ဌကထာဆရာများ ဖွင့်ပြထားရပြန်တယ်၊ ဒါကြောင့် ခါးကုံးချင်ကဲ့သော်-ခါးကော့ချင်ကဲ့သော် - စိတ်သည် ရင်ထဲက အပေါ်ပိုင်းသို့ဖြန့်-ပေါ်ဒါမှတ်၍ တဖြေးဖြေးခါးကုံးကြပါ၊ ခါးကော့ကြပါ့လို့ ဆိုလိုက်တယ်၊ “ဒါကနိတတ္တ” တိုက်ရိုက် ပြော တာ နော်....။

ဘယ်ဘက်ဘေးစောင်း, ညာဘက်ဘေးစောင်း, ပြုလုပ်တဲ့နေရာမှာလဲဘဲစိတ်သည်ရင်ထဲကတကိုယ်လုံးသို့ ဖြန့်ပေါ်ဒါမှတ်၍၊ တဖြေးဖြေးဘယ်ဘက်ဘေးစောင်း၊ ညာဘက်ဘေးစောင်းကြပါလို့ ဆိုလိုက်ပါတယ်၊ ဒါက“နေယျတ္တ”သွယ်ဝိုက်ပြောတာ။

ယောဂီတို့ရှင်းကြရဲ့လား ?

။ ရှင်းပါပြီဘုရား။ ။

ခရေစေ့တွင်းကျ အတုခိုးစရာ၊ လိုက်နာစရာ, ဝတ္ထုကြောင်းကလေးနဲ့ ဆွမ်းခံကြသော ရဟန်းတော်များ ကျင့်ရမည့် ဝတ်လေးမျိုး။

၁။ ။ဆွမ်းခံအသွား၌သာ ကမ္မဋ္ဌာန်း လက်မလွှတ်ပါဘဲနဲ့ “ဂတ” ဝတ်နဲ့ ပြည့်စုံသော ရဟန်းတော်ကတမျိုး။

၂။ ။ဆွမ်းခံအပြန်၌သာ ကမ္မဋ္ဌာန်း လက်မလွှတ်ပါဘဲနဲ့ “ပစ္စာဂတ” ဝတ်နဲ့ ပြည့်စုံသော ရဟန်းတော်က တမျိုး။

၃။ ။ဆွမ်းခံ အသွားရော အပြန်ပါကမ္မဋ္ဌာန်း လက်မလွှတ်ပါဘဲနဲ့ “ဂတပစ္စာဂတ” ဝတ်နှင့် ပြည့်စုံသော ရဟန်းတော်က တမျိုး။

၄။ ။အသွားရော အပြန်ပါ ကမ္မဋ္ဌာန်းမပါဘဲ “ဂတပစ္စာဂတ” ဝတ်နဲ့ မပြည့်စုံသော ရဟန်းတော်ကတမျိုး။

**ပမာပုံပြ တုခိုးကြ။**

ထိုရဟန်းတော် လေးမျိုးရသည့်အနက်၊ကျမ်းဂါန်ထဲမှာပါတဲ့ တိဿမထေရ်၊ ရဟန်းတော်တပါးသည်၊ အသွားလဲ ကမ္မဋ္ဌာန်း လက်မလွှတ်ပါ၊ အပြန်လဲကမ္မဋ္ဌာန်း လက်မလွှတ်ပါ၊ လှမ်းတိုင်း, လှမ်းတိုင်း,အမှတ်နဲ့ လှမ်းလှမ်း, လှမ်းလှမ်း,ပြီးတော့ သွားလိုက် ထာ၊ရံခါ,ရံခါ, တခါတလေ အမှတ်လွှတ်သွားတယ်၊ သုံးလှမ်း, အမှတ်လွှတ်သွားရင် သုံးလှမ်း, နောက်ပြန်ဆုတ်၊ သုံးလှမ်း, စေ့ အောင် အမှတ်နဲ့ ပြန်ပြန်,ပြန်ပြန်, ပြီးတော့ လှမ်းလိုက်ခြင်း၊ လေးလှမ်း, ငါးလှမ်း, အမှတ် လွှတ်သွားသော် လေးလှမ်း, ငါး လှမ်း, နောက်ပြန်ဆုတ်၊ လေးလှမ်း, ငါးလှမ်း စေ့အောင်အမှတ် နဲ့ ပြန်ပြန်,ပြန်ပြန်, ပြီးတော့ လှမ်းလိုက်ခြင်း။

ငါးလှမ်း, ခြောက်လှမ်း, အမှတ်လွှတ် သွားရင် ငါးလှမ်း, ခြောက်လှမ်း,နောက်ပြန်ဆုတ်၊ အမှတ်နဲ့ ပြန်ပြန်,ပြန်ပြန်, ပြီး တော့လှမ်းသွားနေတာကိုလယ်သမားတွေမြင်တော့ဒီမထေရ်ဟာ

ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်၊ ပြုလုပ်နေတာ၊ လမ်းမှားများနေရော့သလား - ပစ္စည်းများ ပျောက်လို့ ရှာနေရော့သလားလို့ - တီးတိုးတီးတိုး ပြောဆိုနေတဲ့ အသံကို မထေရ်က ကြားပင် ကြားငြားသော်လည်းဘဲ ပေါက်တဲ့နေရာကိုဖါ၊ ကျိုးတဲ့နေရာမှာဆက်တဲ့ ပုံသဏ္ဍာန်လို၊ အမှတ်လွတ်သွားရင် နောက်ပြန်ဆုတ် အမှတ်နဲ့ ပြန်ပြန်၊ ပြန်ပြန်၊ လှမ်းလှမ်း၊ လှမ်းလှမ်း၊ သွားလိုက်ထာ (၁၉) နှစ်ကြာတော့ ရဟန္တာကိုယ်တော်မြတ် ဖြစ်သွားကြောင်း။

ဘယ်နှယ်နှစ် အားထုတ်ရသလဲ ?

။ ၁၉နှစ် အားထုတ်ရပါဘုရား။ ။

၁၉- နှစ်တော်နော်-ဇွဲလိုတယ်၊ ဇွဲကောင်းဘို့လိုတယ်၊ နည်းမှန်ပြီလို့ သိရင်၊ မရမနေဆိုတဲ့ ဇွဲကလေးနဲ့ အားထုတ်ဘို့လိုတယ်။

သင်ရဟန်းလူရှင် ယောဂီ သူတော်စင်တို့မှာလဲဘဲ ရှေ့တိုးနောက်ဆုတ် အမှတ် လွတ်ခဲ့သော်၊ ခါးကုံး၊ ခါးကော့၊ အမှတ်လွတ်ခဲ့သော်၊ ဘယ်ဘက် ဘေးစောင်း၊ ညာဘက် ဘေးစောင်း၊ အမှတ်လွတ်ခဲ့သော်၊ သူ့နေရာသူ ပြန်ထားပြီးသကာလ အမှတ်နဲ့ ပြန်ပြန်၊ ပြီးတော့ ပြုလုပ်ဘို့ရာ သတိပေးလိုက်ပါသည်၊ ရဟန်းလူရှင် သူတော်စင်တို့။

ရှေ့တိုးနောက်ဆုတ် ပြုလုပ်တတ်ပြီလား ?

။ တတ်ပါပြီဘုရား။ ။

ခါးကုံးခါးကော့ ပြုလုပ်တတ်ပြီးလား ?

။ တတ်ပါပြီ ဘုရား။ ။

ဘယ်ဘက်ဘေးစောင်း, ညာဘက်ဘေးစောင်း, ပြုလုတ်တတ်ပြီလား ?

။ တတ်ပါပြီဘုရား။ ။

တတ်တယ်ဆိုတာဉာဏ်မြင်ခေါ်တယ်၊ မတတ်သေးလျှင် အန္ဓပုထုဇဉ် အပါယ်ခွင် မလွတ်သေးပါ၊ တတ်မှ စာတတ် ကလျာဏ ပုထုဇဉ်ဖြစ်၍ အပါယ်ခွင် လွတ်မြောက်တော့မယ်ဆိုတာ၊ဝမ်းမြောက် ဝမ်းသာများရှိခဲ့ပါလျှင် သုံးကြိမ် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု။

**ကွေး, ဆန့်, ဉာဏ်မြင်, ဝိပဿနာ လုပ်ငန်းစဉ်။**

"**သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီဟောတိ**" ပါဠိတော်ကွေးလဲသိ, ဆန့်လဲသိ, ဗမာပြန်, ကွေးတာ, ဆန့်တာ, ဆိုတာမျက်မြင်ခေါ်တယ်၊ မမှတ်ရဘူး၊ ဉာဏ်မြင်မှ မှတ်ရတယ်၊ ကွေးရင်လဲ ကွေးတဲ့နေရာသို့ စိတ်ဖြန့်၊ ဆန့်ရင်လဲ ဆန့်တဲ့နေရာသို့ စိတ်ဖြန့်၊ ပေါ်ဒါမှတ်၍ တဖြေးဖြေး, တဖြေးဖြေး, ကွေးပါ၊ တဖြေးဖြေး, တဖြေးဖြေ, ဆန့်ပါလို့ ဆိုလိုက်တယ်၊ "သာမည"

"ဣရိယာပုဒ်လေးပါးနဲ့ ပတ်သက်၍ ကွေးပုံ, ဆန့်ပုံလေး'

**ထိုင်လျက်။** ။ထိုင်လျက်ကို မျက်မြင် ကြည့် မယ်ဆိုရင် အောက်ပိုင်းကွေးပြီးတော့၊ အထက်ပိုင်းဆန့်ထားတယ်ခေါ်တယ်၊ ကဲဒါဖြင့်, ထိုင်ရာကနေပြီးတော့ တဖြေးဖြေး,ထချင်တယ်ဆိုရင် အဲဒါဆန့်တာပါဘဲ၊စိတ်ရင်ထဲကအောက်

ပိုင်းသို့ဖြန့်၊ သို့မဟုတ် တကိုယ်လုံးသို့ဖြန့်, ပေါ်ဒါမှတ်၍ တဖြေး ဖြေး, တဖြေးဖြေး,ထပါ၊ မတ်တတ်ထရာက ထိုင်ချင်ကဲ့လို့ ရှိရင် ပေါ်ဒါမှတ်၍ တဖြေးဖြေး, တဖြေးဖြေး, ထိုင်ပါ၊ ထချီ,ထိုင်ချီ, ထချီ, ထိုင်ချီ, ပြုလုပ်ခဲ့သော် စိတ် ရင်ထဲက, တကိုယ်လုံးသို့ဖြန့်၊ ပေါ်ဒါမှတ်၍ တဖြေးဖြေး, တဖြေးဖြေး, ပြုလုပ်ကြပါလို့ ဆိုလိုတယ်။

**သွားလျက်။** ။ခြေထောက်, ထောက်ထားရင် - ဒါဆန့်တာဘဲ၊ မြှောက်လိုက်ရင် အဲဒါကကွေးသွားတာဘဲ၊ ခြေထောက်ကို ကွေးချီ, မြှောက်ချီ, ချချီ ပြုလုပ်ခဲ့သော်၊ စိတ်သည် ရင် ထဲ က ခြေထောက်ထဲသို့ဖြန့်၊ ပေါ်ဒါ မှတ်၍ ခြေထောက်ကို ကွေးချီ,မြှောက်ချီ, ချချီ, ပြုလုပ်ပါ။

**ရပ်လျက်။** ။ကွေးချီ, ဆန့်ချီ, ပြုလုပ်ခဲ့သော် ခုနလို ခါးကုံး ခါးကော့ပါဘဲ၊ ခါးကုန်း ချင်ကဲ့သော်, ခါးကော့ ချင်ခဲ့သော်, ပေါ်ဒါမှတ်၍ တဖြေးဖြေး တဖြေးဖြေး' ရပ်လျက် ခါးကုံး- ခါးကော့ပါ၊ ဘယ်ဘက်ဘေးစောင်း, ညာဘက်ဘေး စောင်းပြုလုပ်ကြပါလို့ ဆိုလိုက်သည်၊ ကိုယ်အင်္ဂါ အစိတ်အ ပိုင်းနဲ့ ပတ်သက်၍ ကွေးပုံဆန့်ပုံတွေကတော့ များလှပါ၏။

လက်ချောင်းလေးတွေ ဆုပ်ချီ, ဖြန့်ချီ, ပြုလုပ်ခဲ့သော်၊ လက် မောင်း ကွေးချီ,ဆန့်ချီ,ပြုလုပ်ခဲ့သော်၊ လက်ဝါးဖြန့်ချီ,ဆုပ်ချီ ပြု လုပ်ခဲ့သော်၊စိတ်သည် ရင်ထဲက လက်မောင်းထဲသို့ဖြန့်ပေါ်ဒါမှတ် ၍ တဖြေးဖြေး,တဖြေးဖြေး, ပြုလုပ်ကြပါလို့ ဆိုလိုက်သည်။

ခြေထောက်-ကွေးချီ,ဆန့်ချီ,ကွေးချီ,ဆန့်ချီ, ပြုလုပ် ခဲ့သော် စိတ်သည် ရင်ထဲက-ခြေထောက်ထဲသို့ဖြန့်၊ ပေါဒါမှတ်၍၊ တဖြေးဖြေး,တဖြေးဖြေး,ခြေထောက်ကွေးချီ,ဆန့်ချီ,ကွေးချီ,ဆန့်ချီ ပြုလုပ်ကြပါလို့ ဆိုလိုက်တယ်။

ခန္ဓာကိုယ်ကြီးကို ကွေးချီ, ဆန့်ချီ, ကွေးချီ, ဆန့်ချီ,ပြုလုပ် ခဲ့သော် တကိုယ်လုံး စိတ်ဖြန့်လိုက်ပါ၊ ပေါဒါမှတ်၍ တဖြေးဖြေး ကွေးချီ,ဆန့်ချီ,ကွေးချီ,ဆန့်ချီ၊ ပြုလုပ်ကြပါလို့ ဆိုလိုက်တယ်။

လက်ပိုက်ထာ, လက်ဖြေတာ, ဒါလေးလဲ ရှိသေးတယ်၊လက်ကို ပိုက်ချင်ခဲ့သော်-ပိုက်သောလက်ကို ဖြေချင်ခဲ့သော်-လက်ထဲသို့ စိတ်ဖြန့်၊ ပေါဒါမှတ်၍, တဖြေးဖြေး,တဖြေးဖြေး, လက်ပိုက်ကြပါ၊ ပိုက်သောလက်ကို ဖြေကြပါလို့ ဆိုလိုက်တယ်။

အားလုံးရှင်းကြပလား ?

။ ရှင်းကြပါပြီဘုရား။ ။

## သာဓကတင်ပြ-လိုက်နာကြ။

ခရေစေ့တွင်းကျ အတုခိုးစရာ၊ လိုက်နာစရာဝတ္ထုကြောင်းကလေး။ ။ဆရာသည် တ ပည့် တို့ ကို သုံး မ ပြီး တော့ နေတဲ့ အ ခိုက်၊ ဆ ရာ့ လက် သည် ဖြုံး ခ နဲ မြန် မြန် ကြီး ဆန့် လိုက် အ မှတ် မ ပါ မှန်း သိ တော့ မြန် မြန် ကြီး ပြန် ကွေး လိုက် ပြန်....ဖြေးဖြေး,ဖြေးဖြေး, အမှတ်နဲ့ ပြန်ပြန်,ပြန်ပြန်, ပြီးတော့၊ ဆန့်,ဆန့် သွားတာကို တပည့်တွေ မြင်တော့ ဒို့ဆရာ တယ်ထူး

တယ်ပော့၊ ပထမ ကွေးသောလက်ကို ဆန့်လိုက်ထာမြန်၏၊ ဆန့်ပြီးသားလက်ကို ပြန်ကွေးလိုက်ထာလဲ မြန်လှ၏၊ ကွေးပြီးသားလက်ကို နောက်တဖန် ပြန်ဆန့်တော့ တယ်နှေးပါကလား၊ ထူးတယ်ထူးတယ်ထူးခြင်းအကြောင်းကို လျှောက်ထား လိုက်သောအခါပယ်။

ဆရာက တပည့်တို့ ငါသည် ဘယ်အခါမှ အမှတ်လွှတ်ပြီးတော့ မဆန့်ခဲ့ပါဘူး၊ ယခုတော့ သင်တပည့်တို့ကို ဆုံးမ ပြီးတော့ နေတဲ့အခိုက်၊အမှတ်လွှတ်ပြီးတော့ ဆန့်မိတယ်လို့ ပြောကြားလိုက်သောအခါပယ်၊ တပည့်တို့ကကောင်းချီးဩဘာ ထောပနာပေးပြီးတဲ့နောက်....အရှင်ဘုရား ရဟန်းတော်တို့ ဆိုတာ ဤလိုကမ္မဋ္ဌာန်း လက်မလွှတ်ပါဘဲနဲ့ ဖြစ်သင့် ဖြစ်ထိုက် ကြပါတယ်ဘုရား....ရဟန်းတော်တို့ဆိုတာ ကမ္မဋ္ဌာန်း လက်မလွှတ်ဘဲအမြဲရှိရမယ် ဆိုလိုတယ်နော်။ ။

သင်ရဟန်းရှင်လူ သူတော်စင်အပေါင်းမှာလဲဘဲ၊ ကွေးခြင်း၊ ဆန့်ခြင်း အမှတ်လွှတ်ခဲ့သော်၊ ထိုင်ချီ-ထချီ၊ အမှတ်လွှတ်ခဲ့သော်၊ ခါးကုန်း-ခါးကော့ အမှတ်လွှတ်ခဲ့သော်၊ဘယ်ဘက်ဘေးစောင်း ညာဘက်ဘေးစောင်း အမှတ်လွှတ်ခဲ့သော်၊ သူ့နေရာသူပြန်ထားပြီးသကာလ အမှတ်နဲ့ ဖြန့်ဖြန့်ဖြန့်ဖြန့် ပြီးတော့ ပြုလုပ်ဘို့ရန်သတိပေးလိုက်ပါသည်၊ အားလုံးသော ရဟန်းရှင်လူ သူတော်စင်အပေါင်းတို့....

ကွေးတတ် ဆန့်တတ်ပလား ?

။ တတ်ပါပြီဘုရား။ ။

ခါးကုံးခါးကော့ကောတတ်ပလား ?

။ တတ်ပါပြီဘုရား။ ။

ဘယ်ဘက်ဘေးစောင်း, ညာဘက်ဘေးစောင်းကော တတ်ပြီလား ?

။ တတ်ပါပြီဘုရား။ ။

လက်ပိုက်ကောတတ်ပလား ?

။ တတ်ပါပြီဘုရား။ ။

လက်ဖြေကော ဖြေတတ်ပလား ?

။ တတ်ပါပြီဘုရား။ ။

လက်အုပ်ကောချီတတ်ပလား ?

။ တတ်ပါပြီဘုရား။ ။

ချီသောလက်ကိုကော ပြန်ချတတ်ပလား ?

။ တတ်ပါပြီဘုရား။ ။

အမျိုးမျိုးနော်, အမျိုးမျိုးနော်၊ တတ်တယ် ဆိုတာ ဉာဏ်မြင်ပြောတာ၊ ဤကဲ့သို့ ကွေးတဲ့ ဆန့်တဲ့ နေရာမှန်သမျှ မတတ်သေးခဲ့လျှင် အန္ဓပုထုဇဉ်, အပါယ်ခွင် မလွတ်သေးပါ၊ တကယ်မြင်နဲ့ တတ်မယ်ဆိုရင် စာတတ် ကလျာဏ ပုထုဇဉ်ဖြစ်၍ အပါယ်ခွင် လွတ်မြောက်တော့မယ်ဆိုတာ, ဝမ်းမြောက်သော အလား ချီးကျူးသောအားဖြင့် သုံးကြိမ်သာဓု ခေါ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု-သာဓု-သာဓု။

ဟောဒီမှာ နဲနဲလေး ချင်းချက် ကလေး ကျန်သေး၊ ကွေးခြင်း၊ဆန့်ခြင်းနဲ့ ပတ်သက်၍ ကျန်ရစ်ခဲ့ပြန်သေးသည်၊လက်အုပ်ချီခြင်း၊ ဝတ်ချခြင်းလဲဘဲ ကွေးခြင်း,ဆန့်ခြင်းထဲက ပါဘဲ။ ။

လက်အုပ်ချီခြင်းသည်....အဥ္စလီပဏာမ။

ဝတ်ချခြင်းသည်....ပဉ္စနာမဏာမ,ဟူ၍နှစ်မျိုး။

**လက်အုပ်ချီပုံ နည်းအစုံ။**

လက်အုပ်ချီခြင်းသည်လဲ နှစ်မျိုးရှိပေသည် ရှိပုံကလေ၊.... ။

(၁) ရိုးရိုး လက်အုပ်ချီနည်းကတမျိုး။ ။

(၂) အမွန်းတင် လက်အုပ်ချီနည်းက တမျိုး၊ နှစ်မျိုးရှိပါသည်။

ရိုးရိုးလက်အုပ်ချီနည်း။ ။ဂါရဝ, နိဝါတ, ဖြစ်အောင် ရိုသေထိုက်အောင် နှိမ့်ချထိုက်အောင် လက်အုပ်ချီရမယ်, ဆိုလိုတယ်၊ ဘယ်လိုချီရမလဲမေးရင် ဘယ်ဘက် လက်ဖဝါးတခုပြလျှင်, ညာ-ဘက်လက်ဖဝါးလဲဘဲ၊ ပိုင်ပြီးသွားဘဲ, ဘယ်ဘက်လက်ဖဝါးဖြန့်ထား၊ ကုန်းတုန်းတုန်းမထားရဘူး၊ လက်ချောင်းကလေးတွေလဲ ဖြန့်ထား၊ လက်ချောင်း တချောင်းနဲ့တချောင်း ပူးကပ် ထိနေပေစေ၊ လက်ဖဝါးနဲ့ လက်ချောင်းလဲဘဲ တဖြောင့်ထဲ နေပေစေ၊ ဘယ်ဘက် လက်ဖဝါး ဖြန့်ထားသလို ညာဘက် လက်ဖဝါးလဲ ဖြန့်ထားပါ၊ ကဲ လက်ချင်းကပ်လိုက် လက်ဖဝါးချင်းလဲ ပူးကပ်နေပါသည်၊ လက်ချောင်းချင်းလဲ ပူးကပ်နေပါသည်၊ လက်ညှိုး

လက်ညှိုးချင်း၊ လက်ခလယ် လက်ခလယ်ချင်း၊ လက်သူကြွယ် လက်သူကြွယ်ချင်း၊ ပူးကပ်ပြီးတော့ နေပါသည်၊ အဲဒီလက်အုပ်ကို နဖူးပေါ်တင်ပြီးတော့ ထားလျှင်၊ အဲဒါ ဂါရဝ ဖြစ်အောင် လက်အုပ်ချီတဲ့ ရိုးရိုး လက်အုပ်ချီနည်းလို့ သာမှတ်ပါ။

အမှန်းတင် လက်အုပ်ချီနည်း။ ။ဆိုတာက စိတ်သည် ရင်ထဲမှာထား လက်ထဲသို့ စိတ်ဖြန့် ပေါ်ဒါမှတ်၍ လက်အုပ်ချီနေတာ၊ အမှန်းတင် လက်အုပ်ချီနည်းခေါ်တယ်၊ ဝိပဿနာနဲ့ စပ်တဲ့ လက်အုပ်ချီနည်းခေါ်တယ်။

ရှင်းသွားပလား ?

။ ရှင်းပါဘုရား။ ။

ဝတ်ချခြင်းလဲဘဲ နှစ်မျိုးပါဘဲ....။

(၁) ရိုးရိုးဝတ်ချနည်းကတမျိုး။

(၂) အမှန်းတင် ဝတ်ချနည်းကတမျိုး နှစ်မျိုးရှိပါသည်။

ရိုးရိုးဝတ်ချနည်း။ ။ဂါရဝ နိဝါတ ဖြစ်အောင် ရှိသေထိုက်အောင် နှိမ့်ချထိုက်အောင် ဝတ်ချနည်းလို့ ဆိုလိုပါတယ်၊ ဘယ်လို ဝတ်ချရမလဲ မေးခဲ့သော် "ထိခြင်းငါးပါး" နဲ့ ပြည့်စုံအောင် ဝတ်ချရမယ်လို့ ဆိုလိုတယ်။

## ထိခြင်းငါးဖြာ သိအပ်စရာ။

ထိချင်းငါးပါးသည် ဝတ်ချတဲ့နေရာမှာသာ ကောက်ရသည်၊ လက်အုပ်ချီတဲ့နေရာမှာ မကောက်ရပါ၊ ဘယ်မှာထိရမလဲမေးခဲ့သော်၊ မိမိတို့တည်ရာ နေရာမှာ ငါးခု လာထိပါလို့ ဆိုလိုတယ်။

"ဘူမိယံ ပဥ္စပတိဋ္ဌိတေန ဝန္ဒိတွာ" ( သုတ်သီလက္ခံ အဋ္ဌကထာ)

"ပဥ္စင်္ဂါနိ ပထဝိယံ ပတိဋ္ဌာပေတွာ ပါဒိနာဘိ မုခေါ အဘိဝန္ဒိတွာ" (ဇာတ်အဋ္ဌကထာ)

အဲဒီ အဋ္ဌကထာ နှစ်ခု၌"ဝန္ဒိတွာ" ဆိုတဲ့ ပါဋ္ဌိတခု"အဘိဝန္ဒိ-တွာ" ဆိုတဲ့ ပါဋ္ဌိတခု၊ ထိုပါဋ္ဌိနှစ်ခုဖြင့် ဝတ်ချတဲ့နေရာမှာသာ ထိခြင်းငါးပါးကောက်ပါလို့ ဆိုလိုက်တယ်။

"ဘူမိယံ" ဆိုတဲ့ ပါဋ္ဌိတခု "ပထဝိယံ ပတိဋ္ဌာပေတွာ" ဆိုတဲ့ ပါဋ္ဌိတခု ထိုပါဋ္ဌိနှစ်ခုဖြင့် မိမိတို့၏ တည်နေရာမှာ ငါးခု လာထိပါလို့ ဆိုလိုက်တယ်၊ ရှင်းရှင်းလေးမှတ်ကြ။

**ထိခြင်းငါးပါး။**

သုတ်သီလက္ခံ အဋ္ဌကထာကို မှတည်ပြီးသကာလ ကောက်တော့မယ်။

(၁) ခြေနှစ်ဘက် တည်ရာမှာထိခြင်း။

**သဘော**။ ။ခြေနှစ်ဘက်တည်ရာမှာထိရမယ်၊ ခြေထောက်ခြင်း ထိချင်ထိ မထိချင်နေ အင်္ဂါမဟုတ်ပါ။

(၂) ဒူးနှစ်ဘက် တည်ရာမှာထိခြင်း။ ။

**သဘော**။ ။ဒူးနှစ်ဘက် တည်ရာမှာ ထိရမယ်၊ ဒူး ဒူးခြင်း ထိချင်ထိ၊ မထိချင်နေ အင်္ဂါမဟုတ်ပါ။

(၃) လက်ဖဝါးနှစ်ဘက် တည်ရာမှာထိခြင်း။

**သဘော**။ ။လက်ဘယ်ထိရ, တည်ရာမှာ ထိရ၊ လက်ဖဝါးကို တခါထဲ ဖြန့်ချလိုက်ရ, လက်ဖဝါးကလဲ အောက်ထိနေရ၊ လက်ချောင်း အကုန်လုံးကလဲ အောက်ထိနေ ခုန်းတုန်းတုန်း လုပ်မနေနဲ့, လက်ဖဝါးနှစ်ဘက် တည်ရာမှာ ထိခြင်း။

(၄) တတောင်ဆစ် နှစ်ဘက်တည်ရာမှာထိခြင်း။ ။

**သဘော**။ ။တတောင်ဆစ်နှစ်ဘက် တည်ရာမှာ ထိရမယ်၊ တတောင်ဆစ်ခြင်း ထိချင်ထိ၊ မထိချင်နေ တတောင်ဆစ်နဲ့ ဒူးနဲ့ ထိချင်ထိ၊ မထိချင်နေ အင်္ဂါမဟုတ်ပါ။

(၅) နဖူးပြင်တည်ရာမှာ ထိခြင်း။ ။

**သဘော**။ ။နဖူး ဘယ်မှာထိရ တည်ရာမှာထိရမယ်၊ အဲဒါလေး သတိချပ်ရတယ်၊ တချို့, စာတတ်, ပေတတ် ပုဂ္ဂိုလ်တို့တောင် ဒီနေရာလေး နဲ့နဲ့ ချို့ယွင်းချက်ရတယ်၊ လက်ပေါ်မှာ နဖူးတင်တာကို၊ တချို့ ဆုံးဖြတ်ကြတယ်, မဟုတ်ဘူးနော် "ဘူမိယံ" ဆိုတဲ့ပါဠိ "ပထဝီယံ ပတိဋ္ဌာပေတွာ" ဆိုတဲ့ ပါဠိ,ဒီပါဠိနှစ်ခုကို ယုံကြည်ရ အားကိုးအားထားရတယ်, မဟုတ်လား၊ ဒါကြောင့် နဖူးပြင် တည်ရာမှာထိခြင်း၊ အားလုံး ငါးခု ရှိတယ်။

ခြေ, လက်, နဖူး, တတောင်, ဒူး, ဟု ငါးဦးသော တည်ခြင်းဖြင့်၊ ထိခြင်းဖြင့်လို ပခုက္ကူ ဆရာတော် ဘုရားကြီးများလဲ အနက် ပေးထားပါသည်၊ လို့မှတ်၊ ဒါက- သုတ်သီလက္ခံ

အဌကထာကို မူတည်ပြီးပြောလိုက်ပုံဘဲ၊ ပဋိသမ္ဘိဒါမဂ်- ဂဏ္ဌိပုဒ်ဝါဒကဲ့လေး ရှိသေးတယ်၊စာပေလိုက်စားသော ပုဂ္ဂိုလ်များ ဗဟုသုတရှိရန်အလို့ငှါ ထုတ်ပြောအုံးမယ်။

**ကျမ်းမျိုးအစုံညှိထားပုံ။**

"**ပဥ္စပတိဋ္ဌိတေနာ ဘတိ ဒွိဇာနု ဒွိဟတ္ထနဋ္ဌာတလေဟိ**" ဖွင့်ပုံ ဒွိဇာနုဆိုသောကြောင့် - ဒူးနှစ် ဘက် တည် ရာ မှ ထိ ခြင်း "၂" ဒူးနှစ်လုံးရှိသောကြောင့် နှစ်လုံးတည်ရာမှထိရမယ်တဲ့-သူကတော့ ခြေးထောက်မပါဘူး။

ဒွိဟတ္ထ၊ ဆိုသောကြောင့် လက်နှစ်ဘက်တည်ရာမှာ ထိခြင်း၊ "၂"နှစ် နှင့် နှစ် ပေါင်း လေး၊ နဖူးပြင်တည်ရာမှာထိခြင်း တစ်ပေါင်း"၅"

ဒူး,လက်,နဖူး,တည် ငါးဦးဖြင့်လို့, ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်ကို အနက်ပေးရင်၊ ဒူး-လက်-နဖူးပါဘဲ၊ သုတ်သီလက္ခံကတော့-ခြေ-လက်-နဖူး-တတောင်-ဒူး,တဲ့ ဟောသူက-ငါ့ခုတမျိုးစီဘဲ- သို့သော် ညှိတတ်မယ်ဆိုရင်, မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာက စီးဆင်းလာတဲ့ရေတို့သည် သမုဒ္ဒရာထဲကြပြီဆိုရင် - နှီးခံနှောသွားဘိသကဲ့သို့ထို့အတူပါဘဲ၊ ညှိတတ်ရင်တော့အတူတူပါဘဲ။ ။

ပဋိသမ္ဘိဒါမဂ် - ဂဏ္ဌိပုဒ်က- ထူးတာလေးသာ ဆိုပါသည်၊ ဆိုပုံ-ဝတ်ချတဲ့ပုဂ္ဂိုလ်ဟာ-ခြေထောက်နှစ်ဘက်ဟာ၊ နဂိုရ်ကထိပြီးသားဘဲ မထူးပါဘူး၊ခြေထောက်ကြီးမိုးမျှော်ပြီး, ချတာများတွေ့ဘူးရဲ့လား,မတွေ့ဘူးပါဘူး၊ ခြေထောက်ကတော့နဂိုရ်ကထိ

ပြီးသွားဘဲ၊ ဒါကြောင့် အင်္ဂါထဲမှာ ထဲ့မယူပါဘူး၊ နဂိုရ် ထိဖြစ်သောကြောင့်၊ ဒူးထိမထိ အဲဒါသာရှိနေကြ၊ ယောကျ်ား တွေဝတ်ချရင် တချို့ဒူးမကျဘူး, အဲဒါ ယောကျ်ားတွေဘက်က၊ ချို့ယွင်းတယ်ခေါ်တယ်။

ဒါကြောင့် ဒူးနှစ်ဘက် တည်ရာမှာထိပြီးတော့ချပါ၊ လက်ဆို တဲ့ နေရာမှာ လက်ကောက်ဝတ်တင် မကောက်ပါနဲ့၊ တတောင် ဆစ်ထိ ကောက်လိုက်ရင် 'သုတ်သီလက္ခံ အဋ္ဌကထာ'နဲ့ လက် နှစ်ဘက် တည်ရာမှာ ထိခြင်းလဲ ပါသွားသည်၊ တတောင်ဆစ် တည်ရာမှာ ထိခြင်းလဲ ပါသွားသည်။

ဟော.... ညီတတ်ရင် အတူတူပါဘဲ၊ ကျမ်းဂန်နှစ်ခု ညီညွတ် ပြီးတော့ သွားပါသည်၊ ဒါကြောင့် 'သုတ်သီလက္ခံအဋ္ဌကထာ' ဝါဒအတိုင်းသာလျှင် ရှင်းရှင်းကြီး မှတ်ပေတော့။

ထိခြင်း ငါးပါး ကောက်တတ်ပလား ?

॥ ကောက်တတ်ပါပြီ ဘုရား॥ ॥

ကောက်လဲ ကောက်ကြနော်။ ॥ဆရာတော်တို့ ငယ်စဉ်က ကိုရင်ဘဝက့စာသင်တယ်၊ စာသင်တဲ့အခါမှာ ဒီ့ထိခြင်းငါးပါး တယ်ပြီးတော့ ဝတ်ချပုံ့ ဂါရဝဖြစ်တော့၊ကိုယ်ကလဲ စာပေတော့ မကြည့်တတ်သေးတဲ့ အချိန်မှာ၊ ဟိုမေး့ ဒီမေး့နဲ့ မေးပါသော် လဲဘဲ၊ တယောက်တမျိုး့ တပါးတမျိုး့နဲ့ ဆိုတာလို ပြောနေ ကြတာဘဲ၊ ဘယ်ဥစ္စာ အမှန် အတိအကျယူရမယ်ဆိုတာလဲမသိ၊ ကိုယ့်ကိုယ်တိုင် စာပေ လိုက်စားပြီး သကာလ၊ စာပေကြည့် တတ်တဲ့ အချိန် ကလေးများ ကြပြီ ဆိုတော့၊ ယခုလို အကိုး

သာမကနဲ့ တွေ့တော့ ကိုယ်လဲပိုင်တယ်ကိုယ့်တပည့် ဒါယကာ ဒါယိကာမတို့ကိုလဲ ပိုင်ပိုင်ကြီး ဆုံးမနိုင်တယ်။

ဒါကြောင့် မိမိလိုဘဲ သံသယရှိတဲ့ ပုဂ္ဂိုလ်များ၊ အမှန်ပင် မြင်ချင်တဲ့ ပုဂ္ဂိုလ်များကို အလွယ်တကူနဲ့ ရနိုင်အောင် ကျမ်းဂန် လေး ထုတ်ပြီး သကာလ ဆုံးဖြတ်ခြင်းဖြစ်ပါတယ်၊ ဆုံးဖြတ်ရုံ မကသေးပါ၊ ဆရာကောင်း တပည့်ပီသမယ်ဆိုရင်၊ ဆရာကောင်း ၏ ဒကာ-ဒကာမတွေ ပီသလာမယ်ဆိုရင်၊ ဝတ်ချပုံလဲဘဲ အချိုး ကြ၊ကြ၊ ဂါရဝဖြစ်အောင်၊ နိဝါတဖြစ်အောင်၊ ထိခြင်း ငါးပါး နဲ့ ပြည့်စုံအောင်၊ ဝတ်ချကြပေတော့။

အရှင်ဘုရား- ထိခြင်းငါးပါးသည်၊ နေရာတိုင်းမှာ သာလျှင် ဝတ်ချရမှာလားလို့၊ ဒီလိုများမေးခဲ့ပါလျှင်၊ လျှော်တဲ့နေရာမှာ သာ ဝတ်ချပါ၊ မလျှော်တဲ့နေရာမှာ ဆိုလျှင်၊ လျှော်သလိုသာ ဝတ်ချပါလို့ ဆိုလိုသည်။

**မလျှော်တဲ့ နေရာပြောမယ်။**

ဖုံတွေထူထပ်ပြီးတော့ နေတဲ့နေရာ။

စိုစွတ်ပြီးတော့ နေတဲ့နေရာ။

ရွှံ့ညွန်တွေပေါများပြီးတော့ နေတဲ့နေရာ။

ဆူးညှောင့်ခလုတ်တွေ ပေါများပြီးတော့ နေတဲ့နေရာ။

ခရောင်းတောကြီးများရှိပြီးတော့ နေတဲ့နေရာ။

သေးငယ်လှသော တိရစ္ဆာန် ငယ်ငယ်ကလေးတွေ သွားလာ ပြီးတော့ နေတဲ့နေရာ။

ဆင်ရိုင်း၊ ကျွဲရိုင်း၊ နွားရိုင်း၊ ဆိုတဲ့ တိရစ္ဆာန်အရိုင်းတွေ သွားလာပြီးတော့ နေတဲ့နေရာ။

ပွဲတော်များကဲ့သို့ အင်မတန် လူစီကားပြီး သကာလ၊ ကျင်းကျင်း၊ ကြပ်ကြပ်၊ ဖြစ်တဲ့နေရာ။

လူတယောက်သာ သွားလာ လောက်တဲ့ လမ်းလေး တခု၊ တံတားလေးတခု၊ ဆိုတဲ့နေရာ။

အဲဒီလို နေရာမျိုးမှာကတော့ မလျှော်လှပါဘူး၊ လျှော်သလို ထိခြင်း ခလးပါး၊ ထိခြင်းသုံးပါး၊ ထိခြင်းနှစ်ပါး၊ ထိခြင်းတပါး၊ နဲ့ ပြည့်စုံအောင် ဝတ်ချကြပေတော့၊ လက်အုပ် ချီကြပေတော့ လို့ ဆိုလိုသည်။

သံဃာတော်များဘက်သို့ နောက်ခိုင်း ရိုင်းစိုင်းတဲ့ အမူအရာ မျိုးနဲ့တော့ ဘယ်အခါမှ မနေကြနဲ့လို့ ဆိုလိုသည်။

အားလုံး ရှင်းပလား ?

။ ရှင်းပါတယ်ဘုရား။ ။

အဲဒါက ရိုးရိုး ဝတ်ချတာဘဲ။

## အမွန်းတင် ဝတ်ချပုံ။

အမွန်းတင် ဝတ်ချဒါ ဆိုဒါက "ဝိပဿနာ"နဲ့ ဝတ်ချဒါ မျိုးကို ဆိုလိုသည်၊ဝတ်ချပုံ။ ။လက်အုပ်ချီတဲ့နေရာမှာ စိတ်သည် ရင်ထဲက၊ လက်ထဲသို့ဖြန့်၊ သို့မဟုတ် တကိုယ်လုံးသို့ ဖြန့်၊ပေါ်ဒါ မှတ်ပြီးတော့ လက်အုပ်ချီနေကြ၊ ဝတ်ချတော့မယ်ဆိုရင်၊ လက်

ကို အရင် ရှေ့သွား, သွားရင်, လက်ထဲသို့ စိတ်ဖြန့်, ပေါ်ဒါ မှတ်ပြီး သကာလ သွားပါ၊ ကိုယ်ကြီးက နောက်လိုက်မယ်ဆိုရင်၊ ကိုယ်ကြီးထဲသို့ စိတ်ဖြန့်ပေါ်တာမှတ်ပြီး သကာလ ကုန်းကြပါ။

ရှေ့ကို မနှေးလွန်း, မမြန်လွန်း, ကုန်းလိုက်တဲ့အခါမှာ ရှေ့ကို ဝတ်ချနေတုံးဆိုလျှင်၊ ပြုန်းကနဲ ပြန်မထပါနဲ့အုံး၊ နောက်မှ ပြန်ထတဲ့အခါမှာဆိုလို့ရှိရင်လဲဘဲ၊ ပေါ်ဒါမှတ်ပြီး သကာလ၊ ဖြေးဖြေး, ဖြေးဖြေး, ပြန်ထပါ၊ ထ-ထပြီးခြင်း, ထိုင်-ထိုင်ပြီးခြင်း့လဲ ဝတ်မချလိုက်ပါနဲ့အုံး၊ ပေါ်ဒါမှတ်ပြီး ထိုင်နေကြပါ လို့ ဆိုလိုသည်။

ဤကဲ့သို့ ကိုယ့်နေရာ ကိုယ်ဝတ်ချမယ်ဆိုရင်၊ တခါ ဝတ်ချမယ်ဆိုလို့ရှိရင်၊ ငါးမိနစ်လောက်ကြာအောင် ဝတ်ချပါ၊ သုံးခါဆိုတော့ ဆယ့်ငါးမိနစ်လောက်ကြာအောင်ဝတ်ချပါ၊ ဆယ့်ငါး မိနစ်လောက်ကြာသွားရင်။ ခန္ဓာကိုယ်မှာ လက်တွေ့ ပြပါလိမ့်မယ်၊ တလှုပ်လှုပ်, တရွရွ, တမ္မမ္မ, တရိပ်ရိပ်, တလှစ်လှစ်, တဖြစ်ဖြစ်, တစစ်စစ်,နဲ့ ရုပ်ရှင်စနစ်လို ကိုယ်ထဲမှာ မျိုးစုံပေါ်ဒါကို တွေ့ရပါလိမ့်မယ်၊ ပေါ်တိုင်း, ပေါ်တိုင်း့လဲ လိုက်လိုက်, လိုက်လိုက်,ပြီး သိ,သိ, နေတာ တွေ့ရပါလိမ့်မယ်။

မျိုးစုံပေါ်ဒါက ရုပ်, ပေါ်တိုင်းသိဒါက နာမ်, ဟော ရုပ်, နာမ်, နဲ့ ဝတ်ချတယ်ဆိုဒါ, ဖြစ်ပျက်နဲ့, ဝတ်ချတယ်ဆိုဒါ, လက္ခဏာရေးသုံးပါးနဲ့,ဝတ်ချတယ်ဆိုတာ,ဘယ်သူမှမပြောရဘူး ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်ပြီးတော့ လာပါလိမ့်မယ် လို့ ဆိုလိုသည်။

အားလုံး နားရှင်းကြရဲ့လား ?

။ ရှင်းပါတယ်ဘုရား။ ။

ချွင်းချက်ကလေး၊ ကွေးချင်း, ဆန့်ချင်း,နဲ့ ပတ်သက်၍ ကျန်ရစ်ခဲ့တာကလေးကို ဖြည့်စွက်ချက်ကလေး- ယောဂီတို့တော့ ဖြစ်ပါရဲ့ ဖြစ်ပါပြွားသော်လဲဘဲ ဆရာသည် ကုန်စင်အောင် မပြောခဲ့တဲ့နေရာဆိုလို့ရှိရင် တချို့ ယောဂီတွေ ဖြစ်ကြတာက တော့ တရားအားထုတ်တယ်ဆိုဒါ သပ်သပ်၊ ရှိခိုးတယ် ဝတ်ချ တယ်ဆိုဒါ သပ်သပ်၊ ထင်တတ်တယ် မဟုတ်ဘူးနော်, အလုပ် မရွေး ဘယ်အလုပ်မျိုးမဆိုပါဘဲ, အယုတ်ဆုံး ကျင်ကြီး, ကျင် ငယ်, အလုပ်တောင် ဝိပဿနာ ပါရတယ်ဆိုဒါ နောက်ကို လာ ပါလိမ့်မယ်။

ဒါကြောင့် ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှန်သမျှ ရေလဲ နှင့် အကုန်သုံးကြပါ ၊ ဘယ်နေရာမဆို ဝိပဿနာ မပါဘဲနှင့် မနေကြပါနဲ့ ၊ အကုန်လုံး ပါကြပါ၊ ဒါမှယဥ်ကျေးမှုရှိမယ်နော်, တချို့ ဝတ်မချတာဘူးနော် - အဲဒါ ကျန်ရစ်ခဲ့တဲ့နေရာမှာ ဖြည့် စွက်ချက်ကလေးဘဲ။

## ဥာဏ်မြင်ကြည့်စုံ အားတုတ်ပုံ။

ကဲ ရှေ့ဆက်ကြစို့....။

"**အာ လောကိတေ ဝိလောကိတေ သမ္ပဇာန ကာရီ ဟောတိ**" ပါဠိတော်။ ။တွဲတွဲကြည့်လဲသိ, စောင်းကြည့်လဲ သိ, ဗမာပြန်,မျက်မြင်ဆိုရင် မမှတ်နဲ့ ၊ တွဲတွဲကြည့်တယ်, စောင်း ကြည့်တယ်, ငုံ့ကြည့်တယ်, မော့ကြည့်တယ်, နောက်ပြန်ကြည့်

တယ်, ဆိုဒါ မျက်မြင်ခေါ်တယ်၊ မမှတ်ပါနဲ့ - ဉာဏ်မြင်သာ မှတ်ပါ, ဉာဏ်မြင်ဆိုလျှင်, ပေါဒါငါးမျိုးမှတ်ရပါတယ်၊ တဲ့တဲ့ ကြည့်ရင်လဲ,စောင်းကြည့်ရင်လဲ,မော့ကြည့်ရင်လဲ,ငုံ့ကြည့်ရင်လဲ, သမင်လည်ပြန် ကြည့်ရင်လဲ, နောက်ပြန်ကြည့်ရင်လဲ, စိတ်သည် ရင်ထဲက အပေါ်ပိုင်းသို့ဖြန့်,ပေါဒါမှ တ်၍ ဖြည်းဖြည်း, ဖြည်း ဖြည်း, ကြည့်ကြပါလို့ ဆိုလိုသည်၊ မျက်စေ့ပင် ရောက်သော် မျက်မြင်ကို ဆိုလိုသည် မဟုတ်ပါ "ကိုယ်တွေ့ဉာဏ်မြင်" ကို ဆိုလို ပါသည်။

**ကိုယ်တွေ့ ဉာဏ်မြင်ဆိုလိုပုံကလေး။**

စာထဲမှာ မျက်လုံးကို ဘယ်သူလာဖွင့်ပေးသလဲ၊ မျက်လုံးကြီး ကိုမှိတ်အောင် ဘယ်သူကနှိပ်ချပေးသလဲ၊ မျက်လုံးကြီးကို ဘယ် သူက ဒေါက်ထောက်ပေးသလဲ၊ မျက်လုံးကြီးလယ်အောင် ဘယ် သူကလာပြီးတော့ လှည့်ပေးသလဲ "မေးပုံ" ဖြေတဲ့အခါမှာ....။

**"စိတ္တကြိယာ ဝါယောဓါတု ဝိပ္ဖါဒေန အာလောကေတိ"** တဲ့လေ,ခေါ်တယ်,တွန်းချပေးတယ်,လေက,ဖွင့်ပေးတယ်,လေက လှည့်ပေးတယ်နော်,လေဆိုပေမဲ့ ဒီပြင်၊ ကံကြောင့်ဖြစ်တဲ့လေ,ဥတု ကြောင့် ဖြစ်တဲ့လေ, ဒီလေတွေမဆိုင်ပါ- စိတ်ကြောင့် ဖြစ်တဲ့ လေသာဆိုပါသည်၊ လေဆိုရင် - ဟော - ကိုယ်တွေ့ထဲက၊ မျက် လုံးတွေက ဝဏ္ဏ,ရူပါရုံဘဲရှိတယ်၊ ဒါကြောင့်။

**"အာလောကိတေ ဝိလောကိတေသမ္ပဇာန ကာရီဟောတိ"** လို့ ပါဠိတော်ပင် ဆိုငြားသော်လဲဘဲ မျက်လုံးတွေ့ မဟုတ်ပါ

ကိုယ်တွေ့ကို ပြောပါသည် ဒါကြောင့်.... ကိုယ်တွေ့ ယခုပြ ပါသည်။

ရှင်းတတ်ကြပလား ?

။ ရှင်းတတ်ပါပြီဘုရား။ ။

**သာမဏေပြ-တုခိုးကြ။**

ခရေစေ့တွင်းကြ အတုခိုးစရာ, လိုက်နာစရာ, ဝတ္ထုကြောင်း ကလေး သိရှိရမှာသောက မင်းကြီးသည် လေသာပြတင်းပေါက် ကိုဖွင့်ပြီးတော့ ကြည့်နေတဲ့အခိုက် နိဂြောဓ သာမဏေကလေးက လဲ ခုနှစ်နှစ်ရွယ် ရှင်ပြုတယ် (ရှင်ပြုခဏ်းကလေးလဲ နဲနဲမှတ်ရ တယ်) ရှင်ပြုတော့ ဆရာကိုယ်တိုင် ခေါင်းရိပ်တယ်၊ အလဟဿ တိရစ္ဆာနကထာ,စကားတွေ မပြောကောင်းဘူးတဲ့၊ဆရာကခေါင်း ရိပ်နေတုံး, ဘာများဟောနေသလဲတစပဥ္စက ကမ္မဋ္ဌာန်း,ကေသာ, လောမာ,နခါ,ဒန္တာ,တစော, ဒီငါးခုဘဲ ဆံပင် စက်ဆုပ်စရာ ကောင်းပုံ၊ အမွေးစက်ဆုပ်စရာ ကောင်းပုံ၊ ခြေသည်း, လက် သည်း, စက်ဆုပ်စရာ ကောင်းပုံ၊ သွားများ စက်ဆုပ်စရာကောင်း ပုံ၊ အရေ စက်ဆုပ်စရာ ကောင်းပုံ၊ ဒီငါးမျိုးကို စိုက်ပြီးတော့ ဟောနေတယ် ကိုရင်ကလေးကလဲ ခေါင်းရိပ်တုံး နာနေတယ်။ ဘယ်လောက် ဟန်ကြသလဲ။

ဘေးက ပရိသတ်တွေ ရှိရင်လဲ ပရိသတ်တွေကလဲ ငြိမ်ပြီး တော့ နေရတယ် (ရှင်ပြုခဏ်းလေး မှတ်ထားရတယ်) ခေါင်းရိပ် ပြီးရော, ရှင်သာမဏေလေးကလဲ"ရဟန္တာ" ဖြစ်သွားရော, ဘယ် လောက် နေရာကြသလဲ၊ ပဋိပက္ခဉာဏ ပညီမြွေတယ် ရင့်သန်

ပြီတဲ့ အဋ္ဌကထာ ဆရာများဟာ ဒီနေရာ ဘယ်ပြီးတော့ ပပဉ္စကူသူဒ္ဓိ-က ဖွင့်ထားကြတယ်၊ တော်စွ လျော်စွ စကား ပြောမယ်ဆိုရင် ကိုရင်ကလေးဟာ ပါရမီထူး ရှိမယ်ဆိုရင် ရအပ် ရသင့် ရထိုက် သော မဂ် ဖိုလ် တွေမှ ဝေးပြီးတော့သွားပါလိမ့်မယ်၊ ဒါကြောင့် သူ့ပါရမီအလျောက် မဂ် ဖိုလ် နိဗ္ဗာန် ရဘို့ရန် အလို့ငှာ ကမ္မဋ္ဌာန်းတရားများ ဟောကြားတော်မူပါလို့ အဋ္ဌကထာ ဆရာတို့ လဲ ရေးထားဒါတွေ ရှိပါတယ်။

ဒါကြောင့် အဲဒီကိုရင်ကလေးဟာဖြင့် ရဟန္တာ ဖြစ်ပြီးတဲ့ နောက် တနေ့သဉ္ဇ မယ်တော်အိမ်သို့ သွားမယ်လို့ နန်းယင်ပြင်က ဖြတ်သွားတဲ့အချိန်မှာ၊ ( ရဟန္တာကိုး ) ရဟန္တာဆိုတော့ တယ် ဣန္ဒြေရတာဘဲ ကြည့်တဲ့နေရာမှာလဲဘဲ သတိသမ္ပဇဉ် မလွတ်ပုံ ကွေးတဲ့နေရာ ဆန့်တဲ့နေရာမှာလဲ သတိသမ္ပဇဉ် မလွတ်ပုံ နောက် ပြီးတော့ ဆိုရင်လဲဘဲ ကြွတဲ့ မြောက်တဲ့ ချတဲ့ နေရာမှာလဲဘဲ သတိသမ္ပဇဉ် မလွတ်ပုံ လေသာပြတင်း ဖွင့်ကြည့်နေတဲ့ သီရိဓမ္မာ သောကမင်းကြီး တွေ့လိုက်တဲ့ အခါကြတော့ မင်းကြီးသည်၊ ဒီကိုယ်တော်၏ သဏ္ဌာန်မှာ တရားကောင်းရှိပြီးလို့ ဆုံးဖြတ်လိုက် သတဲ့၊ ဒီနေရာမှာ သွေးစပ်ရ မြင် မြင်ခြင်းချစ်ခင်တာက ရှေးက အကိုဖြစ်ခဲ့ဘူးသော သွေးနီးလို့ တရားကောင်းရှိတယ်လို့ ဆုံး ဖြတ်ထာက၊ ဣန္ဒြေရှိလို့ ဆိုဒါမှတ်ရ ရှေးကသွေးစပ်ထာနဲ့ ခုန ပြောတဲ့ တရားကောင်းရှိတယ်လို့ ဆုံးဖြတ်ထာနဲ့ ဘာမှမဆိုင် ဘူးနော်။

အဲဒီကိုရင်ကလေးသွားဒါ လှမ်းဒါ ရပ်ထာ မျက်စေ့ဖွင့်ဒါ မှိတ်ထာ တဲ့တဲ့ကြည့်ဒါ စောင်းကြည့်ဒါ မော့ကြည့်ဒါ ကိုတွေ့

လို့ တရားကောင်းရှိတယ်လို့ ဆိုးဖြတ်တဲ့ပမာ....သင်ရဟန်းလူမျှင်သူတော်စင်တို့မှာလဲဘဲ၊ မျက်စေ့အမြဲတန်း မှိတ်ထားရမယ်လို့ မဆိုလိုဘူး၊ ကြည့်သင့်ကြည့်အပ်၊ ကြည့်ထိုက်လို့ကြည့်တဲ့အခါမှာဆိုရင်၊ ပေါ်ဒါမှတ်၍ ဖြေးဖြေးဖွင့်၊ ဖြေးဖြေးမှိတ်၊ ပေါ်ဒါမှတ်ပြီးသကာလ တဲ့တဲ့ကြည့်၊မော့ကြည့်၊ စောင်းကြည့်၊ နောက်ပြန်ကြည့်ကြပါလို့ ဆိုလိုသည်။

အားလုံးကြည့်တတ်ကြပလား ?

။ ကြည့်တတ်ပါပြီဘုရား။ ။

နဂိုရ်တုံးကကော မကြည့်တတ်ဘူးလား ?

။ ကြည့်တတ်ပါဘုရား။ ။

နဂိုရ်တုံးက ကြည့်တတ်တယ်ဆိုပေမဲ့ မျက်မြင်သာ နားလည်ဒါ၊ ဉာဏ်မြင် နားမလည်ဘူးမဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ရှေးတုံးက ကြည့်တတ်တယ်ဆိုဒါက သမုတိသစ္စာ၊ ပညတ်နယ်မှာတော့မှန်ပါ၏၊ ယခုကြည့်တတ်တယ်ဆိုဒါက၊ ပရမတ္ထသစ္စာ၊ အမှန်ဆုံးနယ်ထဲက မှုသားလဲလွတ်တယ်၊ အပါယ်လဲ မကျဘူး၊ သညာဝိပ္ပလ္လာသ၊ အမှတ်မှားလဲလွတ်တယ်၊မဂ်ဖိုလ်၊နိဗ္ဗာန်၊လဲ ရောက်နိုင်တယ်။

အားလုံးရှင်းပလား ?

။ ရှင်းပါတယ်ဘုရား။ ။

ဟော-တခဏ်းပြီးသွားပြီ။ ။မကြည့်တတ်သေးလျှင် အန္ဓပုထုဇဉ်ဖြစ်၍၊ အပါယ်ခွင် မလွတ်နိုင်သေးပါ၊ ကြည့်တတ်လျှင်

စာတတ် ကလျာဏ ပုထုဇဉ်ဖြစ်၍၊ အပါယ်ခွင် လွတ်မြောက်တော့မယ်ဆိုဒါ ဝမ်းမြောက် ခဲ့ပါလျှင်သုံးကြိမ်သာခုံ ခေါ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု-သာဓု-သာဓု

**အိပ်၊ နိုး နှစ်ရပ် ဝိပဿနာစိတ်နဲ့မှတ်။**

**"သုတွေ-ဇာဂရိတေ-သမ္ဗဇာနကာရီ ဟောတိ"** ပါဠိတော်ကျော်ရွတ်လိုက်ပြန်တယ်၊ ဆိုင်ရာ,ဆိုင်ရာနေ၌၊ အိပ်ပျော်ရင်လဲ,သိ၊ နိုးရင်လဲ,သိ၊ ဗမာပြန်, အိပ်ပျော်တယ်, နိုးတယ်,ဆိုဒါ အပြင် မျက်မြင်ပြောသည်၊ ဒါကြောင့် မမှတ်ပါနဲ့၊ ဉာဏ်မြင်သာ မှတ်ရမယ်လို့ ဆိုသောကြောင့်၊ အိပ်ပျော်နေတုံး လဲဘဲ ပေါ်ဒါမှတ်ပါ၊ နိုးရင်လဲဘဲ ပေါ်ဒါမှတ်ပါလို့ ဆိုလိုသည်။

အိပ်ပျော်ရင်လဲ စစ်လိုက်ရအုံးမယ်။ ။အိပ်ပျော်တယ် ဆိုတာ ဘဝင်စိတ်နဲ့အိပ်တယ်၊ ဘဝင်စိတ်ဆိုရင်၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, နိမိတ်သုံးပါး,တပါးပါးသာလျှင် မြင်နိုင်တယ်၊ ခန္ဓာကိုယ်တွင်းမှာ လက်ငင်း ပေါ်နေဒါမျိုးကို မမြင်နိုင်ပါ၊ မသိနိုင်ပါ၊ လက်ငင်းပေါ်နေဒါကို သိဒါကတော့၊ဝိပဿနာဉာဏ်ပါဘဲ, ဝိပဿနာဉာဏ်ဆိုဒါဟာ ကုသိုလ်စိတ်နဲ့၊ ကြိယာစိတ်၊ဒီနှစ်ခုသာလျှင် ယှဉ်ရ ယခုဘဝင်စိတ်ဆိုတော့ ဝိပါက်စိတ်ဖြစ်နေပြန်သည်။

ဒါဖြင့် အိပ်ပျော်နေတုံး ဘယ်လိုမှတ်မလဲ၊ မေးမယ်ဆိုရင် နှစ်မျိုးရှိတယ်၊ အိပ်မပျော်သေးခင် တပုံးလုံးဝမမြင်သောပုဂ္ဂိုလ်တမျိုး၊ မြင်နေသောပုဂ္ဂိုလ်တမျိုးလို့ နှစ်မျိုးရှိပါတယ်။

## တရားမမြင်သူအိပ်ပုံ။

မမြင်သူအတွက် အိပ်မပျော်သေးခင်လဲ စိတ်ရင်ထဲမှာထား၊ ပေါ်ဒါလေးတွေ ငါးမျိုးမှတ်နေဒါဘဲ၊ သို့သော် မြင်တော့မမြင်ပါဘူး၊ ဒါနဲ့ အိပ်ပျော်သွားတော့ သာမမြင်ဒါပေါ့၊ အိပ်ရာက ဇတ်ကနဲ နိုးလိုက်ပြန်ရင်လဲ မမြင်ပါဘူး၊ သုံးချက်လုံး မမြင်ဘူး၊ သို့သော် ဆရာက နိုးရင်ချက်ခြင်းပင် မှတ်ပါလို့ ဆိုလိုက်ပါသဖြင့်၊ အော်-ဖြစ်ပျက်တွေနဲ့ အိပ်နေပါတကားလို့ ဆင်ခြင်လိုက်ရဒါခေါ်တယ်၊ ဒါက တရားမမြင်တဲ့သူခေါ်တယ်။

## တရားမြင်သူအိပ်ပုံ။

တရားမြင်တဲ့သူအတွက် အိပ်မပျော်သေးခင် ခန္ဓာမှာ တကိုယ်လုံးပင် ဖြစ်စေ၊ ကွက်ကွက်ဘဲ ဖြစ်စေ၊ အစိပ်အပိုင်းပင်ဖြစ်စေ၊ မှတ်နေတာဘဲ မှတ်လို့လဲသိပ်ကောင်း၊ သို့သော် ခန္ဓာမှာ ပင်ပန်းသည်ဖြစ်လေသောကြောင့် အိပ်ပျော်သွားပြန်တယ်၊ ၅-မိနစ် ၁၀-မိနစ်၊ မိနစ် ၂၀၊ နာရီဝက်၊တနာရီ အိပ်ပျော်သွား အိပ်ပျော်နေတုံးတော့ မမြင်ပြန်ဘူး၊ အိပ်ရာက ဇတ်ကနဲ နိုးလိုက်ပြန်သောအခါဝယ် တကိုယ်လုံး ရစရာမရှိဘူး၊ ဖြစ်ပျက်တွေ မြင်နေတာဘဲ....။

ဤကဲ့သို့ အိပ်မပျော်သေးခင်လဲ ဖြစ်ပျက်မြင်သည်ဆိုရင်၊အိပ်ပျော်နေတုံး ခန္ဓာမှာ ဖြစ်ပျက်ပင် မမြင်ရငြားသော်လဲဘဲ၊ဖြစ်ပျက်တွေနဲ့ အိပ်နေပါကလားလို့ ဆုံးဖြတ်လိုက်ရဒါ "မိဂပဒဝဋ္ဋနွ"နည်းတဲ့၊သမင်တကောင် ကျောက်ဖျာပေါ်ဖြတ်ပြေးတဲ့အခါမှာ တက်ခြေရာတခု ထင်နေဒါမြင်၏၊ ဆင်းခြေရာတခု ထင်

နေဒါမြင်၏၊ ဤကဲ့သို့ ခြေရာနှစ်ခု ထင်နေဒါ မြင်မယ်ဆိုရင် ခလယ်ခေါင် ကျောက်ဖျာထက်၌ဖြတ်ပြီးတော့ခြေရာမထင်သော်လဲ ဖြတ်ပြေးဒါကို ဆုံးဖြတ်နိုင်သလို့ ထို့ အတူပါဘဲ၊ သမင်သည် တက်ရာခြေကိုမြင်ဒါနဲ့၊ အိပ်မပျော်သေးခင် ဖြစ်ပျက်မြင်ဒါနဲ့ တူပါတယ်၊ ဆင်းခြေရာကို မြင်ဒါနဲ့ အိပ်ရာက နိုး နိုးခြင်း ဖြစ်ပျက် မြင်ဒါနဲ့ တူပါတယ်၊ ကျောက်ဖျာပေါ်၌ ခြေရာမထင်သော်လဲဘဲ ဖြတ်ပြေးတယ်လို့ ဆုံးဖြတ်နိုင်ဒါနဲ့ အိပ်ပျော်နေတုံး ဖြစ်ပျက် မမြင်သော်လဲဘဲဖြစ်ပျက် တွေနဲ့ အိပ်ပျော်နေပါတကား လို့၊ ဆုံးဖြတ်နိုင်ချင်းနဲ့ တူပါသည်၊အိပ်ပျော်လျှင် သိပုံလေး။
ရှင်းသွားပလား ?
။ ရှင်းပါပြီဘုရား။ ။
သေသေချာချာ မှတ်ကြ၊ အဲဒါကို ဆင်ခြေ ကန်ပြီးတော့ တချို့ယောဂီတွေ လုပ်တတ်အချင်းချင်း တရားအားထုတ်သော တချို့ယောဂီက အိပ်ပျော်သွားရော၊ ပျော်ရုံတင် မဟုတ်ဘူး၊ တချို့လဲ ဟောက်၊ တချို့လဲ အသက်ရှူပြင်း ငြိမ်းတွားပြီး လုပ်နေတော့ နှိုးပြန်တယ်၊ နှိုးတော့ တချို့ယောဂီက ဘယ်လို ပြောသလဲ၊ ကျွန်တော့ကို မနှိုးပါနဲ့၊ ကျွန်မကို မနှိုးပါနဲ့၊ ဆရာတော်က ပြောထားတယ်၊ မအိပ်ရဘူးလို့ မပြောဘူး၊ အိပ်ရာက နိုးလို့ရှိရင် ဖြစ်ပျက်ကို ဆင်ခြင်ရင် ပြီးတာပါဘဲ၊ ဆရာတော် ပြောထားတဲ့ အတိုင်းဘဲ၊ ယခုလဲဘဲ အိပ်ရာကနိုး နိုးခြင်း ဖြစ်ပျက်ကို ဆင်ခြင်တာဘဲတဲ့၊ ဟော- တယ်ဆင်ခြေတွေ တတ်လှတယ်နော်။
အဲဒီလို ဆိုရင်လဲဘဲ (၇)ရက်လုံးလုံး (၁၀) ရက်လုံးလုံး အိပ်ပြီးမှ ပြန်သွားရင်လဲ ကသစ်ဝိုင်ကျောင်းမှာ (၁၀) ရက်လုံးလုံး

အားထုတ်တာနဲ့ ဆိုဒါ ဒီအဓိပ္ပါယ် မရဘူးလား၊ မလုပ်ကြနဲ့ ဒီလို ဆင်ခြေမျိုး မကောင်းဘူး ဟုတ်ကဲ့လား။

ရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

**အိပ်၊ စား၊ စကား၊ နည်းပါးကြ။**

နိုး၊ နိုးခြင်းလဲ စိတ် ရင်ထဲမှာထား ပေါ်ဒါ ငါးမျိုးမှတ်နေပါလို့ ဆိုလိုသည်၊ အအိပ်တော့ နဲရတယ်၊ တရားအားထုတ်တယ်ဆိုဒါ အအိပ်တော့ နဲရတယ်။

ဆောင်ပုဒ်။ ။အအိပ်၊ အစား၊ စကားများ၊ နည်းပါးကြစေရာ။

သုံးချက်၊ အနဲသုံးမျိုး၊ အအိပ်လဲနဲရမယ်၊ အစားလဲနဲရမယ် တဇွတ်ဇွတ် စားမနေရဘူး၊ အချိန်နဲ့ စားရတယ်၊ စကားလဲ နဲရမယ်၊ အခါခပ်သိမ်း စကားပြောမနေရဘူး၊ အချိန်နဲ့ပြော၊ ပြောစရာရှိလို့ ပြောရင်လဲ၊ တိုတိုနဲ့ မြန်မြန်ပြီးအောင် ပြောရတယ်၊ တာရှည် ဖွဲ့နွဲ့ပြီး ပြောနေဘို့လဲ မလိုဘူး၊ လိုရင်းစကားလေးပြောရင် ပြီးတာဘဲ၊ မှတ်ထားကြ။

မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အအိပ်ကတော့ တော်တော်နဲရမယ်၊ ညပိုင်း မဟုတ်ဘူး၊ နေ့ပိုင်းတောင်မှ ပက်လက်လှန် အိပ်လိုက်ပြီဆိုရင်၊ လာပြီ၊ သူငယ်

ချင်း,....ဘယ်သူလဲ"ထိနမိဒ္ဓ"လာပြီ၊ တော်တော်ကြာ ကြာတော့ အသက်ရှူဟာ ဖေါက်လာပြီ၊ တော်တော်ကြာကြာတော့ အသက်ရှူဟာ မှန်သွားတာဘဲ၊ နောက်ပြီး လာပြန်ပြီ သူ့ငယ်ချင်းအကြီးဆုံး ခေါခေါ, ခေါခေါ,နဲ့ တော်တော်ကြာ ဟောက်တောင့်ဟောက်သေး၊ တချို့ ယောင်တောင့်ယောင်နေတယ်။

မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အိပ်ပျော်တဲ့စိတ်က ဘဝင်စိတ်, နိုးတဲ့စိတ်က ဝီထိစိတ်ခေါ်တယ်,ပျော်တဲ့စိတ်တွေကြီး များ၍,နိုးတဲ့စိတ်တွေ နဲရမယ်ဆိုရင်, အနားမှာ ဒုန်းဒိုင်း- ခြေသံဘယ်လောက်ပြင်းပြင်း၊ ချောင်းဘယ်လောက် ဆိုးဆိုး၊ ဘယ်တော့မှ နိုးကိုမနိုးဘူး၊ သူနိုးလာလို့ မနိုးတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီလိုပုဂ္ဂိုလ်မျိုး၊ အဲ - ဒီက တုံးခေါက်လိုက်ပြီ အချိန်လဲ စေ့ပြီ၊ တရားနာသွားကြစို့၊ ဆွမ်းသွားစားကြစို့၊ သူ့ဖြင့် - ဟိုမှာ့ခေါ်တုံး ရှိသေးတယ်၊ တုံး ဒီလောက်ပျင်းသော်လဲ သူ့မှာ မနိုးဘူး၊ အဲဒါ ဘဝင်စိတ်ကြီးဘဲ၊ အိပ်ပျော်တဲ့ စိတ်ကြီးဘဲ၊ များလွန်းတယ် ခေါ်တယ်၊ တချို့ကတော့ တယ်ဆပ်တယ်ခေါ်, အနားမှာ ချွတ်ကနဲဆို, လန့်နိုးသွားတာဘဲ၊ စကားလေး နဲနဲပြောမယ်ဆိုရင်လဲ လန့်နိုးသွား၊ နောက်ပိတ်ဆုံး အိမ်မြှောင် စုတ်ထိုးတဲ့ အသံတောင် သူမခံ နိုင်ဘူး။

အဲဒီလို အိပ်တဲ့ ပုဂ္ဂိုလ်များဟာ၊ တရားအားထုတ်တဲ့ အခါမှာ မြန်မြန်နိုးတဲ့ ဝီထိစိတ်တွေ များများထားရတယ်၊ ဝီထိစိတ်တွေကြားထဲမှာ အိပ်ပျော်တဲ့, ဘဝင်စိတ်ကလေး ထားမယ်ဆိုရင်,

သူဟာ သိပ်အိပ်မပျော်တော့ဘူး၊ သူ့-မေးကြည့်ရင်၊ တပည့်တော် သိပ်မအိပ်ဘူးဘုရား၊ တပည့်တော်စိတ်ထဲမှာ- အိပ်တယ် တောင်မှမထင်ရဘူးဘုရားလို့၊သို့သော်အိပ်တော့အိပ်တယ်နဲ့တယ် ခေါ်ရ၊ တနာရီလောက်မှာဆိုရင် ကြားထဲမှာ တမိနစ်လောက် ၂စက္ကန့် - ၃စက္ကန့်လောက် ၁၀စက္ကန့်လောက် - အဲဒီလိုကြားထဲမှာ အိပ်အိပ်သွားတဲ့ ပုဂ္ဂိုလ်ခေါ်တယ်။

သို့သော်လဲ- ဒါကတော့ ခဏ, ခဏ, ဒီလိုဖြစ်နေရင် တရားလဲမရဘူး၊ အိပ်ရေးလဲမဝဘူး၊ မျက်နှာသာ ထသစ်လိုက်၊ အိပ်လို့ရှိရင် အိပ်ရေးဝရင်လဲ ကောင်း၏၊ မအိပ်လို့ရှိရင်လဲ တရားရလျှင်လဲ ကောင်း၏၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကတော့၊ အိပ်မှုံစုံမွှားဖြစ်နေတော့ ဘာမှလဲ အိပ်ရေးလဲမဝဘူး တရားလဲမရဘူး မျက်နှာသာ ထသစ်တော့၊ အချိန် သိပ်ကုန်တာဘဲနော်။

အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ရှင်းတတ်ကြပြီလား ?

။ ရှင်းတတ်ပါပြီဘုရား။ ။

အိပ်တတ်ကြပြီလား ?

။ အိပ်တတ်ပါပြီဘုရား။ ။

နိုးတတ်ကြပြီလား ?

။ နိုးတတ်ကြပါပြီဘုရား။ ။

အိပ်တတ်တယ်၊ နိုးတတ်တယ်ဆိုတာကတော့ ဉာဏ်မြင်ပြောပါတယ်၊ မတတ်သေးလျှင် အနုပုဗ္ဗ အပါယ်ခွင် မလွတ်နိုင်

သေးပါ၊ တကယ်တတ်မယ်ဆိုလို့ရှိရင်၊ စာတတ်ကလျာဏ ပုထုဇဉ်ဖြစ်၍၊ အပါယ်ခွင်လွတ်တော့မယ်ဆိုဒါ၊ ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ပါလျှင်၊ သုံးကြိမ်သာဓု ခေါ်နိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု။

**ပြော, မပြော, လုပ်ငန်းသဘော။**

**"ဘာသိတေ-တုဏှိဘာဝေ-သမ္ပဇာန ကာရီ ဟောတိ"** ပါဠိတော် စကားပြောရင်လဲ-သိ၊ မပြောဘဲ ဆိတ်ဆိတ်နေရင်လဲ့ သိ၊ "ဗမာပြန်" စကားပြောတယ် ဆိတ်ဆိတ်နေတယ်ဆိုတာ၊ မျက်မြင်ခေါ်တယ်၊မမှတ်ပါနဲ့၊နောက်မှမမှတ်ရခြင်းအကြောင်း ပြောမယ်၊ ဉာဏ်မြင်မှ မှတ်ရတယ်၊ ဒါဖြင့်စကားပြောရင်လဲဘဲ၊ ပေါ်ဒါမှတ်ပြီးတော့ပြောပါ၊ ဆိတ်ဆိတ်နေရင်လဲဘဲ၊ပေါ်တာ မှတ်ပြီးတော့ ဆိတ်ဆိတ်နေပါလို့ ဆိုလိုက်တယ်။

စကားပြောတော့ ပါးစပ်နဲ့ပြောတယ်၊ ပြောပါများတော့ မောတယ်၊ မောတော့ရင်ခုံတယ်၊ ပြောပါများတော့အိုက်စပ်စပ် ဖြစ်တယ်၊ ချွေးကြတယ်၊ တကိုယ်လုံးပါ၊ ဒါကြောင့်စကားပြော တဲ့အချိန်လေးမှာ၊ တကိုယ်လုံး၌၊ ဖြစ်တယ်-ပျက်တယ်-ဖြစ်ထာ၊ ပျက်ထာ၊ ရှိတယ်ဆိုတာ၊ ယုံလဲ ယုံကြ။ ။

ယုံကောယုံရဲ့လား ?

။ ယုံပါတယ်ဘုရား။ ။

မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ စကားပြောတဲ့ အချိန် ကလေးမှာ၊တကိုယ်လုံးမှာ ဖြစ်ပျက်တွေရှိတယ်၊စကားပြောတော့

ပရမတ်လို့ဆိုရင်၊ လေနဲ့ပြောပါတယ်၊ လေနဲ့ပြောရင် မီးပါလာတတ်ပါတယ်၊ လေနဲ့မီး နှစ်ခုပေါင်းလျှင်၊ စကားပြောနေတဲ့အချိန်ကလေးမှာ၊ ပုရိန်၊ပုခိုး၊ပုငွေ့တွေထပါတယ်၊ပုရိန်၊ပုခိုး၊ပုငွေ့တွေ ထမယ်ဆိုရင်၊ အပူကမီး၊မီးကဖုတ်ပါလိမ့်မယ်၊ အရှိန်၊ အခိုးက၊ "လေ" လေကမှုတ်ပါလိမ်မယ်၊ မီးကဖုတ်-လေကမှုတ်တော့ခန္ဓာမှာတလှုပ်လှုပ်၊တရွရွ၊တမွမွ၊တရိပ်ရိပ်၊တစစ်စစ်၊တဖြစ်ဖြစ်၊နဲ့ တကိုယ်လုံးမှာ ရုပ်ရှင်စနစ်လိုမျိုးစုံပေါ်နေပါလိမ့်မယ်။

ရှင်းသွားပလား၊ ?

။ ရှင်းသွားပါပြီဘုရား။ ။

## ပြောလျှင်အမှတ်နဲ့ပြော။

ဒါကြောင့် စကားပြောတဲ့အချိန်ကလေးမှာလဲ၊ပေါ်ဒါမှတ်ပြီးတော့ ပြောပါ၊ဆိတ်ဆိတ်နေရင်လဲဘဲ၊ ပေါ်ဒါမှတ်ပြီးတော့ဆိတ်ဆိတ်နေပါလို့ ဆိုလိုက်တယ်၊ ဒါဖြင့် စကားတွေ ပြောပြီးတော့ နေရမှာလားလို့မေးရင်၊ တိရစ္ဆာနကထာ၊နုသောသူမှာ မပြောအပ်သေးပါ "မူလပဏ္ဏာသ-သဗ္ဗာသဝသုတ် အဋ္ဌကထာ" ကတားမြစ်လိုက်ပြန်သေးသည်၊ တရားအားထုတ် ပြန်ပါသော်လဲဘဲ၊ တရားနုသေးသော ပုဂ္ဂိုလ်တို့မှာ၊ အမြင်မသန့်သေးသော ပုဂ္ဂိုလ်တို့မှာ၊ တိရစ္ဆာနကထာ၊၃၂-ပါးကိုမပြောကြပါနဲ့ အုံး၊ တိရစ္ဆာန်စကားဆိုတာ၊ မဂ်၊ ဖိုလ်၊နဲ့ ဖလာကန့်လန့်ဖြစ်သော စကားဖြစ်ပါတယ်၊ မဂ်၊ဖိုလ်၊ရဲ့ အန္တရာယ် လို့ ဆိုလိုတယ်နော်၊ ရွာနှင့်စပ်သောစကား၊ နိဂုံးနှင့်စပ်သောစကား၊ မြို့နှင့်စပ်သော စကား၊ တိုင်းပြည်နှင့်စပ်သောစကား၊ မင်းနှင့်စပ်သောစကား

စသည်တို့ဖြင့်၊ ၃၂-မျိုးသော စကားတို့ကိုဖြင့် မပြောကြပါနဲ့ အုံး၊ ပြောရင်ဝိတက်အတွေး အတောတွေ များပါတယ်၊သမာ ဓိပျက်ပါတယ် ဝိပဿနာ-ဉာဏ်မြင်တော့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်မရ နိုင်ပါ။

ဒါဖြင့် အရှင်ဘုရား စာစကားတွေတော့ ပြောရမှာလားလို့ မေးရင်၊ စာစကားတွေလဲဘဲ မပြောကြပါနဲ့အုံး၊ တချို့ပြော ကြတယ်၊တရားအားထုတ်တဲ့နေရာမှာ၊စာမတတ်ထာသာကောင်း တယ်၊ စာတတ်လျှင်နောက်ကြတယ်၊ပြောကြ၊လှေနံဒါးထစ်မမှတ် ပါနဲ့၊ မျှားသောအားဖြင့်ဆိုရင်၊ စာတတ်သော ပုဂ္ဂိုလ်တို့သည် စာနဲ့ ညှိနှိုင်းနေတာများကြတယ်၊ စာလိုတွေးတောပြီးတော့ နေတာများကြတယ်၊ တော်တော်နဲ့ မယုံကြည်နိုင်ပါဘူး၊ ဒါ ကြောင့်စာတတ်ပြီဆိုရင် ဘေးက အတွေးအတောတွေများသည် ဖြစ်လေသောကြောင့်၊သမာဓိမရနိုင်ပါ “ဝိတက္ကဗဟုလော” လို့ စာတတ်သောပုဂ္ဂိုလ်တို့သည်၊ အကြံ၊ အစီ၊ အတွေး၊ အတော၊ များ ဒါကိုသာဆိုလိုသည်။

ဒါကြောင့် စာတတ်သော ပုဂ္ဂိုလ်တို့သည်၊ အတွေများလျှင် ပြင်ဘက် “ဗဟိဒ္ဓ” အာရုံသို့ရောက်နေပါသည်၊ ရောက်နေမယ် ဆိုရင်၊ အတွင်း “အဇ္ဈတ္တ” ကပေါ်ဒါလေး၊ ဖြစ်ပျက်တာလေး၊ ကို မမှတ်နိုင်ပါ၊ မမှတ်နိုင်တော့ အမှတ်ကြဲပါသည်၊ အမှတ်ကြဲ လျှင် မဂ်၊ဖိုလ်၊နိဗ္ဗာန်၊ မဝင်နိုင်ကြပါဘူး။

ဒါကြောင့် စာတတ်သောပုဂ္ဂိုလ်များလဲဘဲ၊ လုပ်ငန်းကလေး တခုပေါ်လာပြီဆိုရင်၊ အားမထုတ်ခင် စီစစ်လိုက်ရတယ်၊ ဆရာ တော်များလဲဘဲ၊ ဒီလုပ်ငန်းကလေး တခုရတဲ့ အချိန်ကလေးမှာ၊

အားမထုတ်သေးခင် စဉ်းစားတာဘဲ ဆရာတော်လဲ စာတတ်ပေတတ် ပုဂ္ဂိုလ်တွေပါဘဲ၊စာတခုကိုပညတ်နက်မှတပါး၊အဋ္ဌကထာ, ဋီကာ,တွေကို ကောက်ပြီးသကာလ၊ ကြည့်လဲ ကြည့်နိုင်ပါတယ်၊ ပခုက္ကူမှာ ဆိုရင်၊ စာနက် ဖေါက်လာဒါတွေလဲ များလှပါတယ်၊ ဒါကြောင့် ဆရာတော်တို့ကိုယ်တိုင်လဲဘဲ ကြည့်တတ်ပြီးသကာလ ညှိနှိုင်း ဒါဘဲ၊ ရေးတန်ရေးလို့ ကျက်တန် ကျက်လို့ ဤကဲ့သို့ ညှိနှိုင်းပြီးတဲ့နောက်၊ အားထုတ်တော့မယ်ဆိုလျှင်၊ ဘာမှမစဉ်းစားတော့ဘူး၊ ယုံကြည်ချက်နဲ့ အားထုတ်လိုက် ပါတယ်။

အားထုတ်တဲ့နေရာမှာ၊ဆရာတော်တို့ဟာဆရာဖြစ်မဲ့ ပုဂ္ဂိုလ်ဖြစ်သောကြောင့် ယခုလူတွေလိုအမြင်မမြန်ဘူး၊လမ်းလျှောက်တဲ့နေရာမှာ တော်တော်လေးဘဲလျှောက်ရ၊နှင်လား, ငါလား, မရမနေဆိုတဲ့၊ ဇွဲကလေးနဲ့ လျှောက်ရတယ်၊ အအိပ် အနေဆိုဒါ၊ တယ်နဲ့ဒါဘဲ၊ သံပုံးကလေး- လေးဒေါင့် ရေနံဆီ သံပုံးကလေး ကုတင် ပေါ် တင်ထားဒါဘဲ၊ အောက်ကမြေကြီးဘဲ ရှိတယ်၊ ကုတင်က-ကုတင်စုတ်ကလေးဘဲ၊ငိုက်ပြီ,ငိုက်လိုက် ချက်ခြင်းမျက်နှာသစ်ပစ်လိုက်ထာဘဲ၊ ဆက်အားထုတ် နောက်တော့ဘာဖြစ်၊ မျက်နှာသစ်လွန်းအားကြီးတော့၊ မျက်လုံးတွေနီတော့၊ နဂိုရ်ကလဲ၊ မျက်စေ့ရောဂါရှိတော့ မျက်လုံးများ ဒုက္ခပေးအုံးမလားလို့ စိတ်ထဲကအောက်မေ့၊ သို့သော်လဲ မလျှော့ဘူး၊ မလျှော့ဘဲနဲ့နောက်ကို ဒီလိုဘဲ အားထုတ်လိုက်တဲ့ အခါမှာ၊ "မျက်စေ့အကျင့်"ဆိုဒါ၊ သိပ်ဟုတ်ထာဘဲ၊ နောက်မနီတော့ဘူး၊ မျက်လုံး

လဲမကြိမ်းတော့ပါဘူး၊ မျက်ဝတ်ဆံတွေဘာတွေလဲ မထွက်တော့ပါဘူး။

ဒါကြောင့်မျက်လုံးလဲ အကျင့်ဆိုဒါ ဟုတ်တယ် "မျက်စေ့အကျင့်ဝမ်းမှာအချင့်"ဆိုဒါဟုတ်တယ်၊ဝမ်းမှာလဲ ချင့်ပြီးတော့စားရင် ဟုတ်ထာဘဲ၊ ပိုလွန်ပြီးတော့စားရင် နောက်ကိုလဲဘဲဒီထက်ပိုပြီးတော့ စားရတယ် ခေါ်တယ်၊မစားလို့အစာမပြည့်ပြန်ဘူး၊ အဲဒီလိုဖြစ်တယ်နော်၊ ဒါကြောင့် မျက်စေ့ အကျင့်တွဲဘာမှမဖြစ်ဘူးနော်၊ ကြောက်လဲမကြောက်နဲ့ သို့သော်မှတ်တမ်းကလေးတခု ရှိရတယ်။

**ခန္ဓာကိုယ် မငဲ့မှတရားရ။**

"ပဟိတတ္တေန" ဟော စာက "**အာရမ္မဏေ-လဘိတ္ဝာန-ပဟိတတ္တေနဘိက္ခုနာ-ဘိယျောဟာသော့ဇနေတဗ္ဗော-အဓိဂတ္တိဿာမိ-ဥတ္တရိ**" ပဟိတတ္တေန့တဲ့ တရားရှာရင် ကိုယ်နဲ့အသက် မငဲ့ကွက်ရဘူးတဲ့ အသက်ပင်သေသေ့ခန္ဓာကိုယ်ပင်ကြေကြေ့နိဗ္ဗာန်ရရင်ပြီးရော, ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မြင်ရရင်ပြီးရော၊ မဂ်နဲ့, ဖိုလ်နဲ့ အသက်နဲ့ လဲလိုက်မယ်ဟော့၊ ယခု မဂ်ကျမလား၊ ဖိုလ်ဝင်စားလို့ ရမလား၊ မဂ် ကျ မယ်၊ ဖိုလ် ဝင် စား လို့ ရမယ် ဆို ရင်၊ ရပြီးလျှင်, ရပြီးခြင်းသေပေစေ၊ အဲဒီလိုစွန့်စားထားရတယ်၊ အဲဒါကလေးတခုလဲ လက်ကိုင်ရှိရတယ်၊ ဒီလိုလက်ကိုင်မရှိရင်၊ နဲနဲလေး ဒုက္ခရောက်ရင်၊ အိမ်ပြန်ခြင် ကြတယ်၊ နဲနဲလေး ဆင်းရဲရင်၊ နဲနဲလေး ခန္ဓာကိုယ်မှာ ဖြစ်လာရင် ပြန်ခြင် ကြတယ်၊ တရား

အားထုတ်နောက်ဆုတ်၊ ဘယ်တော့ကမှ တရားမရဘူး၊ မှတ်ထား နော်။

သေချင် သေသွားပစေ၊ အော်....တရားအားထုတ်ရင်း သေ သွားဒါ မြတ်တယ်လို့၊ ဒီလိုဇွဲကလေးနဲ့ ဆိုရင်, တော်တော်ကြာ သူက ရှောင့်သွားဒါဘဲ၊ ဇွဲက မရှောင့်ရဘူး၊ ခုနဖြစ်တဲ့ ရောဂါက ရှောင့်သွားရတယ်နော်၊ သူကလဲဆေးတလက်ဘဲခေါ်တယ်၊မဟုတ် ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

**တရားရေအေးအမြိုက်ဆေး။**

**"ဓမ္မောသထံ-သမ္မာနတ္ထိ-ဧတံပိဝေထ - ဘိက္ခဝေါ"** တရား လောက် ကောင်းတဲ့ ဆေးရယ်လို့ ရှိသေးသလား ?

။ မရှိပါဘူးဘုရား။ ။

ဒါကြောင့် တရားလဲ ဆေးတလက်နော်၊ ဆရာဝန်ဆေးမှ့ထိုး ဆေးမှ့, စားဆေးမှ့ စွန်းတယ်လို့မထင်နဲ့၊ ဆရာဝန်ဆေးလဲထိုး ပေါ့၊ တရားဆေးလဲ သောက်ပေါ့နော်။

အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ရှင်းသွားပြီ၊ စာတတ်တဲ့ ပုဂ္ဂိုလ်များလဲ စာစကား တွေကို မပြောကြပါနဲ့အုံး, ဆိုင်းထားပါ၊ သို့သော်-ခုန စာတတ်လျှင် နောက်ကျတယ်ဆိုတဲ့စကားတော့,လှေနံဓါးထစ်မမှတ်ရဘူးနော်၊ ဆရာတော်တို့လဲ စာတတ်ဘဲ၊ဒီလိုဆိုရင်နောက်ကျနေမှာဘဲနော်၊

စာတတ်ပေတတ် နောက်ကျတယ်၊ ဒီလိုတော့ မမှတ်ရဘူး၊ စာတတ်လျှင် သာကောင်းတယ်၊ သို့သော်လဲ ခုနပြောခဲ့တဲ့ ဝိတက်တွေတော့ မရှိစေနဲ့၊ စောက်ချပြီးတော့ အားထုတ်၊ စောက်ချအားထုတ်တော့ ခန္ဓာကိုယ်မှာ မြင်လာရော၊ နှစ်ချက် မြင်တတ်တယ်၊ အမှား့က တချက်မြင်တတ်တယ်၊ အမှန်က တချက်မြင်တတ်တယ်၊ ပညတ်ဘက်က တချက်မြင်တတ်တယ်၊ ပရမတ်ဘက်ကတချက်မြင်တတ်တယ်၊ဟော-စာတတ်သော ပုဂ္ဂိုလ်ကဒါပညတ်ဘဲ၊ ဒါပရမတ်ဘဲ၊ ဒါပညတ်ဆိုရင် မှားပြီ၊ ဒီလမ်းမလိုက်နဲ့၊ ဒါကပရမတ်ဘဲ၊ ပရမတ်ဆိုရင် ဖြစ်ပျက်လမ်းသာလိုက်၊ နောက်ပိတ်ဆုံး ဖြစ်ပျက်ဆုံးရင်နိဗ္ဗာန်တွေ့မှာဘဲ၊ဟော-လမ်းသိတဲ့ပုဂ္ဂိုလ်တွေ ခေါ်တယ်နော်။

အဲဒီတော့ စာတတ်သော ပုဂ္ဂိုလ်တို့ ယုံယုံကြည်ကြည်နဲ့ အားထုတ်မယ်ဆိုရင် သူက အရင်ပေါက်တယ်- မဟုတ်ဘူးလား၊ အားလုံးရှင်းရှင်းမှတ်ထားကြ၊ ဒါဖြင့်ကမ္မဋ္ဌာန်း စကားကော ပြောရမှာလားလို့မေးရင် ကမ္မဋ္ဌာန်း စကားလဲဘဲ မပြောကြပါနှင့်အုံး၊ တရားဟောလို့မရှင်းတဲ့ ဥစ္စာများလဲဘဲ တရားဟောပြီးတဲ့အချိန်မှာ နာရီဝက် ပြောဘို့ ဆွေးနွေးဘို့ ခွင့်ပြုပါတယ်၊ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်ထားလေးလဲ မရှင်းမလင်းဘူး ဆိုလို့ရှိရင်လဲဘဲ၊ တရားပြသတဲ့ ဆရာ့ထံမှာ လျှောက်ဘို့ဘဲ ရှိပါတယ်၊ ကိုယ့်ဟာကိုယ် ဆွေးနွေးပြီးတော့ နေတာမရှိပါနဲ့၊ ကိုယ့်ဟာကိုယ် သံသယဖြစ်ပြီးတော့ နေဒါလဲ မရှိပါနဲ့၊ အချိန်လဲကုန်တတ်ပါတယ်။

သဘောကြပလား ?

။ ကြပါတယ်ဘုရား။ ။

ပြောဆိုသံထွက်သမာဓိပျက်။

ဒါကြောင့် ခုနပြောခဲ့ပြီးတဲ့ အတိုင်း၊စကားပြောရင် လဲဘဲ မပြောဘဲနဲ့ မနေသာ၊ ဒီလိုများ ဖြစ်လာမယ်ဆိုလို့ ရှိရင်၊ယောဂီ ဘဲဖြစ်ဖြစ်, စာဘဲဖြစ်ဖြစ်, ကမ္မဋ္ဌာန်းဘဲဖြစ်ဖြစ်, ပေါ်ဒါ မှတ်ပြီး သကာလ ပြောပါ၊တိုးတိုးတိတ်တိတ်နေ့ာ်, မပြောဘဲနဲ့ နေရင် လဲဘဲ ဆိတ်ဆိတ်နေပါလို့ ဆိုလိုသည်၊ လူများထဲမှာ ကတော့ တချို့လဲ အမြဲတန်းအားထုတ်နေတဲ့သူ ရှိတတ်,စကား ပြောတယ် ခေါ်တယ်ဆိုဒါတောင်မှ,လက်ရပ်ခေါ်ဒါ,အကောင်းဆုံးပါဘဲ။

ရှင်အနုရုဒ္ဓါ,ရယ် ရှင်နန္ဒိယ, ရှင်ကိမိယ,ရယ်၊ အင်ကြင်းတော မှာ တရားအားထုတ်ပြီးတော့ နေတဲ့အချိန်မှာအလုပ်တခုရှိလို့၊ ကိုယ်တယောက်ထဲမနိုင်လို့,ရေခပ်စရာရှိတယ်၊အိုးဟာနှစ်ယောက် ဆွဲရတော့မယ် ဆိုလို့ ရှိရင် လက်ရပ်ခေါ်မရ၊အနားသွားပြီးတော့ ပခုံးလက်နဲ့ သွားတို့လိုက်ထာဘဲ၊ ဒီဘက်လှည့်ကြည့်ရင် လက်ရပ် ခေါ်ပြီးတော့'အိုးဆွဲလိုက်ထာ အလုပ်ပြီးသွားဒါဘဲ၊ အဝေးက လှမ်းခေါ်လိုက်မယ်ဆိုရင် ဘေးကလူတွေ မကြားဘူးလား၊ကြား ရင် သမာဓိပျက်သွားတတ်တယ်နေ့ာ်၊ ဒါကြောင့် အသံဓါတ် သည် အင်မတန်မှ အနှောက်အရှက် ဖြစ်တတ်တယ်လို့ ဒီလိုမှတ် ထားကြ။

ဥပမာပြ-လိုက်နာကြ။

အတုခိုးစရာ,လိုက်နာစရာ, ဝတ္ထုကြောင်းကလေး....

ဂင်္ဂါမြစ်ကမ်းမှာနေတဲ့ တိဿမထေရ် တပါး၊ သုံးနှစ်တိုင်တိုင် ဘရားအားထုတ်ပြီးတော့ ရဟန္တာဖြစ်ပြီးတဲ့နောက်ပြန်ပြောင်းပြီး

စဉ်းစားလိုက်တယ်၊ ငါသည် သုံးနှစ် တိုင်တိုင် အားထုတ် ခဲ့ဒါ ဘယ်လိုများ အားထုတ်ခဲ့ပါသလဲလို့ စဉ်းစားလိုက်တဲ့ အခါမှာ၊ ပထမနှစ် တဝါ, စကားတခွန်းမှမပြော၊ ဒုတိယနှစ် တဝါကြလဲ ဘဲ, ရွာတွင်းမှာနေတဲ့ တကာမတယောက်စိတ်ကူး ပေါက်ပေါက် လာသည်။

**စိတ်ကူးပေါက်ပုံကလေး။** ။ဒီမထေရ်သည် ရွာ တွင်း သို့ "ဝင်တိုင်းဝင်တိုင်း" ဘယ်သူနဲ့မှ စကား မပြောဒါ "အ" လို့ မပြောဒါလား၊ မပြောချင်လို့ မပြောဒါလား၊ သိရအောင် စမ်း အုံးမှဘဲလို့ နွားနို့တခွက်ကို ယူလာသတဲ့၊ မထေရ်ဆွမ်းခံကြွလာ တဲ့ အခါမှာ ဆိုရင်, ဒီနွားနို့ကိုလောင်းမယ်ဆိုတဲ့သဘောမျိုးနဲ့, ပြလိုက်သောအခါဝယ်,မထေရ်ကမလောင်းနဲ့ဆိုတဲ့, သဘောမျိုး နဲ့, လက်ကာပြလိုက်သတဲ့၊ တကာမ-က, မရဘူး အတင်း ဇွတ် လောင်းတာဘဲ၊ အဲဒီလိုလောင်းတဲ့ အခါမှာ,ပပြောဘဲနဲ့ မနေ သာ စကားတခွန်းထုတ်ပြီးတော့ ပြောလိုက်သတဲ့ "အလံဘဂိနိ" ရဟန္တာကိုယ်တော်မြတ်တို့ အရိယာတို့ဆိုဒါ မာတုကာမ တွေ့ ရင် ပါဠိလို "ဘဂိနိ" ဗမာလို "နှမ" တော်တော့ နှမ, နှမ,လို့ စကားတခွန်းဘဲ ပြောလိုက် သတဲ့။

တတိယနှစ်, တပါကြတော့ စကားတခွန်းမှ မပြော, သုံးနှစ် တိုင်တိုင် ငါတရားအားထုတ်ပြီးတော့ လာခဲ့ဒါ, ဆန့်ကျင်ဘက် ဖြစ်သော တကါမတယောက်၊ ပေါ်ပေါက် လာသည့်အတွက် ကြောင့်,စကားတခွန်းသာပြောမိခဲ့တယ်၊အကယ်၍များ တကာမ တယောက် မပေါ်ပေါက်ဘူး ဆိုရင်၊ သုံးနှစ်တိုင်တိုင် တရား အားထုတ်ခဲ့ဒါ ဘယ်သူနဲ့မှ စကားမပြောဘဲနဲ့ အားထုတ်ခဲ့မှာ

အမှန်ပါဘဲလို့၊ တရား အားထုတ်ထာ- အားရလွန်းလို့လေ့ အလွန် စိတ်ထဲမှာ ဝမ်းသာ့စိတ်ထဲမှာ ဝမ်းသာရုံသာမက၊ ပါးစပ်ကလဲ ပြောခြင်ဒါကိုး၊ တချို့ တရားမြင်တဲ့ ပုဂ္ဂိုလ် မပြောနဲ့ ဆိုဒါ မရဘူး၊ နဂိုရ်ကစကား မပြောတတ်ဘဲ့ပုဂ္ဂိုလ်ဟာ တရားမြင်လာရင် ပြောတတ်တယ်ခေါ်တယ်၊နဂိုရ်က တရားမဟောတတ်တဲ့ပုဂ္ဂိုလ်ဟာ - ကိုယ်တွင်းက မြင်လာရင် တယ်ဟောခြင်ဒါဘဲ၊ ယခုလဲ ထို့အတူပါဘဲ ဝမ်းသာလွန်းအားကြီးတော့ ပါးစပ်က ပြောလိုက်ထာ၊ ဥဒါန်းကျူးတယ် ခေါ်တယ်။

**ဒွိန္နံအန္တရဝဿာနံ၊ ကေဝါစ မေဘာသိတံ။**

**တတိယံ အန္တရဝဿမှိ၊ တမေဝခန္ဓေ ပဓါလိတော။ ၄**

(ထေရာအပါဒါန်)

ဘောဇ္ဈာ၊ အို- လူရောနတ်ပါ သတ္တဝါအပေါင်းတို့၊ ဒွိန္နံ အန္တရ ဝဿာနံ၊နှစ်နှစ်နှစ်ဝါတို့၏ အတွင်း၌၊ ကေဝါစာ၊ အလံ-ဘာဂိနီ၊ တော်တော့နှစ် မဆိုတဲ့စကား တခွန်းကို၊ မေ၊ ငါ့ မြစ်ကမ်းနားမှာနေတဲ့ တိဿမထေရ် ဆိုတဲ့ ငါသည်၊ ဘာသိတံ၊ နှုတ်မှ အတင်းဇွတ်လောင်းတဲ့ ဒကာမ တယောက်အတွက်ကြောင့် မပြောချင့် ပြောချင့်နှင့် ပြော့ဆိုမိ အပ်ခဲ့ပါပြီ၊ တတိယံ-အန္တရဝဿမှိ၊ သုံးနှစ် သုံးဝါတို့၏ အတွင်း၌၊ တမေဝ ခန္ဓေ၊ အဝိဇ္ဇာဆိုတဲ့ အမိုက်တုံးကြီးကို၊ ပဓါလိတော၊ မဂ်လေးဆင့်ဖြင့် မကြေ့ ကြေအောင့် ထုချေဖျက်ဆီး သတ်လိုက် လေတော့၏ တကား။

သာဓု- သာဓု- သာဓု-

ဒါကြောင့် ရဟန်း, လူ, ရှင်, သူတော်စင် အပေါင်းတို့မှာ လဲဘဲ၊ တိဿမထေရ်ကို အတုခိုးပါနော်၊ သုံးနှစ်တိုင်တိုင်, စကား မပြောပါဘဲ, ဆန့်ကျင့်ဘက် တကာမ တယောက် ပေါ်ပေါက် လာသည့်အတွက်ကြောင့်၊ တခွန်းသာ ပြောမိတယ်၊ အကယ်၍ ဒကာမတယောက်သာ, မပေါ်ပေါက် လာခဲ့ပါလျှင်၊ ဒီမထေရ် သည် သုံးနှစ်လုံးလုံး ဘယ်သူနဲ့မှ စကားမပြောဘဲနဲ့ အားထုတ် နေနိုင်မှာပါကလားလို့ - အားကြသော အားဖြင့် (၁၀) ရက် ကလေးဘဲ,ဘာမှလဲ ကြာတာမဟုတ်ဘူး၊ ဒါကြောင့် (၁၀)ရက် လုံးလုံးမှာဆိုရင် တချို့ အဓိဋ္ဌာန်ရှိကြတယ်၊ ငါသည် အကြောင်း ထူး မရှိပါဘဲနဲ့, ဘယ်သူနဲ့မှ စကားမပြောပါဘူး၊ ဆရာတော် နဲ့ တရားစစ်သော ပုဂ္ဂိုလ်သာလျှင် အကြောင်းရှိလို့ လာမေး မယ်ဆိုရင် ပြောမယ်လို့ ချွင်းချက်ကလေး ထားပြီးသကာလ တချို့မှာ အဓိဋ္ဌာန်ရှိကြတယ်၊ တချို့မှာ ကျောင်းတကျောင်း နှစ်ယောက်, သုံးယောက်, လေးယောက်, ရှိမယ်ဆိုရင် ဂတိကဝတ် များ ထားကြတယ်၊ တချို့မှာ ဆရာတော်ကိုတောင် လာ ပြီးသကာလ လျှောက်၍ စကားမပြောဘဲနဲ့ အဓိဋ္ဌာန်လေးယူ ကြတယ် "အ,အ" အကျင့်မျိုးတော့ မဟုတ်ဘူး၊ အင်မတန် အကြောင်းထူးမရှိဘူး ဆိုလို့ရှိရင် စကားမပြောဘဲနဲ့ ဂတိက ဝတ် ပြုလုပ်ပြီးသကာလ၊တရားအားထုတ်ကြဒါ ရှေးက-ကမ္မဋ္ဌာန်း အားထုတ်တဲ့ ထုံးနှစ်လုံး သွင်းကြပါတော့။

စကား ပြောတတ်ပလား ?

။ ပြောတတ်ပါပြီ ဘုရား။ ။

ဆိတ်ဆိတ်ကော နေတတ်ပလား ?

။ နေတတ်ပါပြီဘုရား။ ။

မပြောတတ်လျှင် အနန္တ ပုထုဇဉ်၊ အပါယ်ခွင် မလွတ်နိုင်သေးပါ၊ ပြောတတ်ခဲ့ပါလျှင် ကလျာဏ ပုထုဇဉ်ဖြစ်၍၊ အပါယ်ခွင် လွတ်တော့မယ်ဆိုဒါ ဝမ်းမြောက်ခဲ့ပါလျှင် သုံးကြိမ် သာဓု ခေါ်နိုင်ကြပါစေ ကုန်သတည်း။

သာဓု- သာဓု- သာဓု။

## ဘာကိုင်ကိုင် ဝိပဿနာပိုင်ပိုင်လုပ်။

**"သံဃာဋိပတ္တ စီဝရ ဓါရဏေ သမ္ပဇာန ကာရီဟောတိ"** ပါဠိတော် ဗမာပြန်လိုက်တော့၊ ရဟန်းတွေအတွက်မို့ သင်္ကန်း၊ သပိတ်၊ တို့သာပြန်တယ်၊ ဒီမှာတော့ လူတွေပါတယ်၊ ကိုင်ရင်လဲ သိပေတော့၊ အကျီ၊ လုံချီ၊ ဘာကိုင်ကိုင်၊ စားစရာဘဲ ကိုင်ကိုင်၊ ပုဂံ၊ အိုး၊ ခွက်၊ ဘဲ ကိုင်ကိုင်၊ အမှိုက်ဘဲ ကိုင်ကိုင်၊ ဘာဘဲကိုင်ကိုင်၊ ကိုင်တဲ့ဝတ္ထုကို အာရုံမပြုပါနဲ့၊ ကိုင်တဲ့လက်ကိုလဲ အာရုံမပြုပါနဲ့၊ ကိုင်တယ်၊ ယူတယ်၊ ပေးတယ်၊ ကမ်းတယ်၊ ဆိုတဲ့ အမူအရာကိုလဲ အာရုံ မပြုပါနဲ့၊ ဘယ်ဘက်လက်နဲ့ ကိုင်ရင်၊ ဘယ်ဘက်လက်ထဲ သို့စိတ်ဖြန့်၊ ညာဘက်လက်နဲ့ ကိုင်ရင် ညာဘက်လက်ထဲသို့ စိတ်ဖြန့်ပါ ပေါ်ဒါမှတ်ပြီးတော့ ဖြေးဖြေး၊ ဖြေးဖြေး၊ ကိုင်ကြပါ သို့ ဆိုလိုတယ်။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

တံခါးများ ဖွင့်မယ်၊ ပိတ်မယ်၊ မီးများဖွင့်မယ်၊ ပိတ်မယ်၊ ဒါလဲဘဲ အများသဘော လုပ်ကြနေ၁်၊ တချို့မှာဆိုရင် အမှောင်ကြိုက်တယ်၊ တချို့အလင်း ကြိုက်တတ်တယ်၊ တချို့မှာဆိုရင် အအေးကြိုက်တယ်၊ တချို့မှာဆိုရင် အအိုက်ကြိုက်တယ်၊တချို့က လေမခံနိုင်ဘူး၊ ဒီတော့ အများကြိုက် လုပ်ရတယ်၊ ကိုယ့်သဘောနဲ့ ဘယ်တော့မှ မလုပ်ရဘူး၊ အို- အိုက်တဲ့ ဥစ္စာဘဲ တံခါးကြီးပိတ်ပြီးတော့ မနေနိုင်ပါဘူးလို့ မငေါ့နဲ့၊ ပိတ်ပြီးနေချင်တာက- သုံးယောက်- ဖွင့်ချင်တာက တယောက်၊ နှစ်ယောက်ဆိုရင် အများဘက်လိုက်ရတယ်၊ "ကိုယ့် အလုပ်ဆိုင်း၊ သူ့အလုပ်ဝိုင်းသော်၊ သူ့စိတ်တိုင်းကြ လုပ်တယ်ခေါ်" "မူလပဏ္ဏာသ"။

ဘာဖြစ်ဖြစ် သူ့စိတ်တိုင်းကြ လုပ်ရတယ်၊ ကိုယ့်စိတ်တိုင်းကြ မလုပ်ရဘူး၊ ဤကဲ့သို့ တံခါးကြီးကို ဖွင့်မယ်၊ ပိတ်မယ်၊ မီးကိုဖွင့်မယ်၊ ပိတ်မယ်၊ ယူမယ်၊ ပေးမယ်၊ ကမ်းမယ်၊ စသည်တို့ကို ပြုမယ်ဆိုရင် လက်ထဲသို့ စိတ်ဖြန့် ပေါဒါမှတ်၍ ဖြေးဖြေး၊ဖြေး ဖြေး၊ ဖွင့်ပါ၊ ပိတ်ပါ ဆိုလိုသည်။

**မှတ်သားလိုက်နာ-ဥပမာ**။

ခရေစေ့တွင်းကျ၊ အတုခိုးစရာ၊လိုက်နာစရာ၊ဝတ္ထုကြောင်း။

အရင့်အမာကြီး ထိပ်သီးဖြစ်တော်မူသော ဒို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်ဇေတဝန်ကျောင်း၊ ဂန္ဓကုဋီတိုက်တော်အတွင်းမှာ သီတင်းသုံးပြီး နေတော်မူတဲ့အခိုက်၊အပြင်ဘက်ထွက်မယ်လို့၊ တံခါးနားသွားရပ်၊ တံခါးဖွင့်မယ်လို့၊ညာလက်

မောင်းတော်ကြီးကို ဆန့်တန်းလိုက်တဲ့ အချိန်၊ တံခါကြီးက အသက်လဲမရှိပါ၊ မလျှောက်လဲ-မလျှောက်တတ်ပါ၊ သို့သော်လဲ မလျှောက်တတ်သော်လဲ လျှောက်တတ်သည့်ပမာ "သုတ်သီလက္ခံ အဋ္ဌကထာ" ရေးပုံ၊မြတ်စွာဘုရား, ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ကိုယ်နဲ့အသက် မငဲ့ကွက်ဘဲနဲ့၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း သတ္တဝါတို့၏ အကျိုးငှါ၊ ပါရမီဆယ်ပါး, အပြားသုံးဆယ်, စွန့်ခြင်းကြီး ငါးသွယ်,တို့ကို ရက်ရက်ရောရောနဲ့, ဖြည့်ကျင့်ပြီးတော့ လာရတဲ့ပါရမီရှင်ကြီး, ဘုန်းရှင်ကြီး, ကံရှင်ကြီး, သမ္ဘာရှင်ကြီး,တဆူဖြစ်တော်မူပါလျက်နဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်,တံခါးကြီးကိုလက်မောင်းတော်ကြီးနဲ့ဖွင့်ရင်သင့်တော်ပါ့မလားဘုရား။

(ခုကာလ ဆရာသမားအလိုက်ကိုသိတဲ့ ပုဂ္ဂိုလ်များ ဘာလေးဖြစ်ရှေ့က,ပြေးပြီးတော့ တံခါးဖွင့်တန်-ဖွင့်လိုက်ထာဘဲ၊ ရေဆိုရင်လဲဘဲ၊ တခါထဲ ပြေးပြီးတော့ စောစော စီးစီးက ယူပြီး ကပ်တန် ကပ်လိုက် ထာဘဲ၊ ဆရာသမားကိုယ်တိုင်ယူရင်မသင့်တော်ဘူး)

တံခါးကြီးကို ဖွင့်မယ်ဆိုရင် သင့်တော်ပါ့မလားဘုရား၊ ဘယ်နည်းနှင့်မှ မသင့်တော်ပါဘူးဘုရား၊ မဖွင့်ပါနဲ့လို့ မလျှောက်တတ်သော်လဲဘဲ၊ လျှောက်တတ်သည့်ပမာ၊တံခါးကြီးက အလိုလိုကျွိကနဲမြည်ပြီးတော့ ပွင့်သွားကြောင်း၊ ဘုရားတံခိုး,ဘုရားတံခိုး ဘုရားဖြစ်မှ ဒီလို တံခိုး အံ့ဩစရာ ဖြစ်ရသည် မဟုတ်သေးပါ၊ သိဒ္ဓတ္ထ မင်းသား ဖြစ်စဉ်အခါ ကာလတုံးက တောထွက်မယ်

လို့ ညကြီးသွားတဲ့အခါမှာဆိုရင် တံခါးကြီးကို အလိုလိုဖွင့် ထားကြောင်း။

ဒါကြောင့် သင်ရဟန်းလူရှင်သူတော်စင်အပေါင်းတို့မှာလဲဘဲ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတောင် သမ္ပဇဉ် မလွတ်ပါဘဲနဲ့၊ တံခါးကြီးကိုဖွင့်ဒါ့,ဖွင့်ပေးဒါ၊ ပိတ်ထာ, ပိတ်ပေးဒါကဘဲလို့, သင်ရဟန်းလူရှင် သူတော်စင် အပေါင်းတို့မှာ ဘာမှဂုဏ်ထူးလဲ မရှိပါ၊ မရှိသည်ဖြစ်လေသောကြောင့် အမှတ်နဲ့ ဖွင့်,ပိတ်,စသည် ပြုလုပ်ကြပါလို့ ဆိုလိုသည်။

ကိုင်တတ်ကြပလား ?

။ ကိုင်တတ်ပါပြီဘုရား။ ။

ပေးတတ်ကြပလား ?

။ ပေးတတ်ပါပြီဘုရား။ ။

ယူတတ် ငင်တတ်ပလား ?

။ ယူတတ် ငင်တတ်ပါပြီဘုရား။ ။

ဖွင့်တတ် ပိတ်တတ်ပလား ?

။ ဖွင့်တတ် ပိတ်တတ်ပါပြီဘုရား။ ။

တတ်တယ်ဆိုတာ ဉာဏ်မြင်ခေါ်တယ်၊ မတတ်သေးလျှင် အန္ဓပုထုဇဉ် အပါယ်ခွင် မလွတ်နိုင်သေးပါ၊ တကယ်တတ်မှ စာတတ်ကလျာဏ ပုထုဇဉ်ဖြစ်၍၊ အပါယ်ခွင် လွတ်တော့မယ်ဆိုဒါ ဝမ်းမြောက်သောအလား တရားတော်ကို ချီးကျူးသောအားဖြင့် သုံးကြိမ်သာဓု ခေါ်နိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု။

## ကျင်ကြီးကျင်ငယ် ဉာဏ်မြင်ဖြင့် စွန့်ပုံ။

"ဥစ္စာရ ပဿာဝ ကမ္မေ သမ္ပဇာန ကာရီ ဟောတိ" ပါဠိ-တော် ကျင်ကြီးစွန့်လဲသိ, ကျင်ငယ်စွန့်လဲသိ, "ဗမာပြန်"ကျင်ကြီး ကျင်ငယ် စွန့်တဲ့အလုပ်သည် မျက်မြင်အလုပ်ပါ၊ ဒါကြောင့်ကျင်ကြီးကျင်ငယ်စွန့်သောအလုပ်နဲ့ ပတ်သက်၍ မျက်မြင်ကို မမှတ်ရပါ၊ဉာဏ်မြင်သာမှတ်ရ, ဉာဏ်မြင်ဆိုတော့ ကျင်ကြီးကျင်ငယ်စွန့်တုံး စိတ်ရင်ထဲမှာထား ပေါဒါငါးမျိုးမှတ်ပြီးတော့ ကျင်ကြီးစွန့်ပါ။ ကျင်ငယ်စွန့်ပါလို့ ဆိုလိုပါသည်။

ကောက်ချက်ချတော့မယ်၊ ကျင်ကြီး,ကျင်ငယ်စွန့်တဲ့ အလုပ်သည် ယုတ်ညံ့သော အလုပ်ဖြစ်ပါသည်၊ ယုတ်ညံ့သော အလုပ်တောင် ဝိပဿနာ,ပါရမယ်ဆိုသဖြင့်၊ အလုပ်မရွေး,ဝိပဿနာလုပ်နိုင်တယ်၊လုပ်ကောင်းတယ်, လုပ်ကြပါလို့၊ဥပဒေတခု,သင်တန်းစာတခု, ဘုရားခွင့်ပြုပါသည်၊ ဒါဖြင့် ဝိပဿနာမလုပ်ကောင်းတဲ့ အလုပ်ရယ်လို့ ရှိသေးသလား ?

॥ မရှိတော့ပါဘုရား॥ ॥

မုဆိုးတံငါ အလုပ်မှာကော ?

॥ ဝိပဿနာ ပါကောင်းပါတယ်ဘုရား॥ ॥

သူခိုးဓမြ အလုပ်မှာကော ?

॥ ဝိပဿနာပါကောင်းပါတယ်ဘုရား॥ ॥

ဇာတ်သဘင် အလုပ်ကော ?

॥ ဝိပဿနာပါကောင်းပါတယ်ဘုရား॥ ॥

ဝိပဿနာမပါကောင်းတဲ့ အလုပ်သည် ဘယ်အလုပ်လဲ ?

။ မရှိပါဘုရား။ ။

မရှိဘူးနော် အလုပ်မရွေး လုပ်နိုင်တယ်၊ သူခိုးဓားပြတွေ တွေ့မယ်ဆိုရင်၊ မုဆိုးတံငါတွေများ တွေ့မယ်ဆိုရင်၊ ရိပ်သာ ကိုသာ တိုက်တွန်းကြ၊ မင်းတို့နဲ့ သိပ်တော်တာဘဲလို့၊ တလမ်းသွားလို့, လူတဘက်သား အညွန့်တုံးအောင် ဘယ်တော့မှ မပြောလိုက်နဲ့, ပြောလိုက်ရင် မှားပြီးသားဘဲ။

"အင်္ဂုလိမာလ"ကြည့်စမ်း၊ကမ္ဘာတသိန်းပါရမီဖြည့်ကျင့်ခဲ့ဘူးတဲ့ မဟာသာဝက အလောင်း "ပစ္ဆိမဘဝိက"ဒီဘဝတွင် ရဟန္တာဖြစ်မဲ့ပုဂ္ဂိုလ်ပါဘဲ၊ ဘယ်လောက်မိုက်သလဲ ကြည့်စမ်း၊ လက်ညှိုးပေါင်းတထောင်ရအောင် လိုက်ပြီးတော့ သတ်ဖြတ် နေတယ်၊ တချောင်း အတွက်နဲ့, မယ် တော် သွား ရင် မယ် တော် ကို သတ်မယ့်ဆိုတဲ့စိတ်နဲ့ လိုက်တယ်၊ ဒီကြားမှာ ဘုရားဝင်တော့ ဘုရားကိုလဲသတ်မဲ့စိတ်နဲ့ လိုက်တယ်၊ ဒီပုဂ္ဂိုလ်ကြည့်မယ် ဆိုရင် အမေ့ အမေ့မှန်းမသိ၊ ဘုရား့ဘုရား့မှန်းလဲမသိ၊တယ်ပြီးတော့ ဆိုးတဲ့ပုဂ္ဂိုလ် သူသေလို့ရှိရင် အဝီစိကလွဲရင် ဘယ်မှာလက္ခံလိမ့်မလဲလို့, ဒီလိုများပြောရင် မှားပြီးသားဘဲ၊ သစ္စာလေးပါး, မြတ်တရား,ပိုင်းခြားထင်ထင်, ကိုယ်ကိုယ်တိုင် မသိသေး, မမြင်သေးသော ပုဂ္ဂိုလ်တွေမှန်သမျှ အကုန်လုံးမိုက်မှားကြတော့မှာဘဲ သစ္စာလေးပါး,မြတ်တရား, ပိုင်းခြားထင်ထင်,သိမြင်တဲ့အခါကြတော့ အင်္ဂုလိမာလ။

မိုက်သေးသလား ?

။ မမိုက်တော့ပါဘုရား။ ။

## အလုပ်လုပ်ရင်းဝိပဿနာသွင်း။

မမိုက်တော့ဘူး၊ အဲဒါကြောင့်မို့ မပြောရဘူးနော်လို့၊ နောက်ပြီးတော့ ဆိုရင်လဲဘဲ၊ ကျင်ကြီး, ကျင်ငယ်, စွန့်တဲ့ နေရာသည် အိမ်သာ, ကုဋီ,ဖြစ်တယ်၊ အိမ်သာ,ကုဋီသည်ယုတ်ညံ့သောနေရာဖြစ်ပါတယ်၊ ယုတ်ညံ့သောနေရာမှာတောင် ဝိပဿနာအားထုတ်ကောင်းတယ်လို့ ဆိုလိုက်ပါသဖြင့်၊ ကဲ-နေရာ သတ်မှတ်တော့၊ နေရာမရွေး ဘယ်နေရာမျိုးမဆို, ဝိပဿနာ အားထုတ် နေကြပါလို့ ဥပဒေတခု၊ သင်တန်းစာတခု၊ ဘုရားခွင့်ပြု ထားပါတယ်၊ မှတ်ကြ,မှတ်ကြ။

ဒါဖြင့် ဝိပဿနာ မလုပ်ကောင်းတဲ့နေရာ ဘယ်နေရာလဲ ?

။ မရှိပါဘုရား။ ။

အင်းထဲမှာကော လုပ်ကောင်းရဲ့လား ?

။ လုပ်ကောင်းပါတယ်ဘုရား။ ။

အရက်ဆိုင် ဘုံဆိုင်မှာကော လုပ်ကောင်းရဲ့လား ?

။ လုပ်ကောင်းပါဘုရား။ ။

ပွဲသဘင်ထဲမှာကော လုပ်ကောင်းရဲ့လား ?

။ လုပ်ကောင်းပါဘုရား။ ။

"ပုဗ္ဗသေန" မင်းသား ပွဲသဘင်ထဲမှာ ရဟန္တာ ဖြစ်ထာ, နောက်ပြီးတော့ ဆိုရင်၊ ရုပ်ရှင်ရုံထဲမှာကော အားထုတ်ကောင်းရဲ့လား ?

။ အားထုတ်ကောင်းပါတယ်ဘုရား။ ။

ဒါကြောင့်မို့ ထင်ပါရဲ့၊ ယောဂီယောင်းတွေ, ယောဂီယောင်းတွေ, အသစ်တွေ ပြောဒါမဟုတ်ဘူး၊ ရုပ်ရှင်သွားသွားကြည့်ကြဒါ၊ ဒါကြောင့်မို့ထင်ပါရဲ့တရားသွားအားထုတ်ကြဒါနဲ့ တူတယ်နော်၊ နောက်ပြီးတော့ သူတို့ကပြောလိုက်သေးတယ်၊ ယောဂီယောင်းတွေက၊ ဘယ့်နယ်တရားအားထုတ် နေပြီးတော့ပွဲသွားကြည့်ရသလား,ရုပ်ရှင်သွားကြည့်ရသလားဆိုရင်, နင်တို့နဲ့ မတူပါဘူး၊ ဒို့က-ဖြစ်ပျက်နဲ့ကြည့်ဒါတဲ့၊ သူက ဘာနဲ့ ကြည့်တယ်၊ ဖြစ်ပျက်နဲ့ကြည့်တယ်တဲ့။

ဟုတ်ကော ဟုတ်ရဲ့လား ?

။ မဟုတ်ပါဘုရား။ ။

ဖြစ်ပျက်နဲ့ ကြည့်ရင် ဒီအရုပ်တွေ, တွေ့ပမလား ?

။ မတွေ့ပါဘုရား။ ။

ဘာတွေ့မလဲ ?

။ ဖြစ်ပျက်တွေ့ပါဘုရား။ ။

ဖြစ်ပျက်ဘဲ တွေ့မှာပေါ့၊ ဖြစ်ပျက်တွေ့ရင် သူကြည့်လို့ရပါ့မလား ?

။ မရပါဘုရား။ ။

ဒါဖြင့် နောက်တပတ်သွားအုံးမလား ?

။ သွားတာပါဘဲဘုရား။ ။

အဲဒီ ဖြစ်ပျက် ကြည့်တဲ့သူ နောက်တပတ်လဲ သွားတာဘဲ၊

ဟိုဇာတ်ကောင်းကလေးများ၊ရုပ်ရှင်အသစ်, ကားသစ် ကလေး များ,လဲပြီ့,ထွက်လာပြီဆိုရင် သူတို့ရှေ့က မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဒါကြောင့်ကိုယ်ကြည့်ဒါတော့ကြည့်ပစေ၊ အငုတ်မပြုတ်သေး ရင် ကြည့်ချင်လဲ ကြည့်မှာဘဲ၊ သို့သော် ဝိပဿနာတော့ အထင် မသေးကြနဲ့၊ ဝိပဿနာလဲထဲ့မပြောနဲ့၊ နို့မဟုတ်ရင် ဆရာ သမားလဲ ထိခိုက်တယ်၊ ဘုရားလဲ ထိခိုက်တယ် ခေါ်တယ်။

မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အားလုံးရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

ကျင်ကြီး,ကျင်ငယ် စွန့်တာတောင်မှ, ဝိပဿနာ ပါရင် မဂ်, ဖိုလ်,နိဗ္ဗာန်, ရပါသေးတယ်ဆိုလိုက်ပါသဖြင့်၊ ကဲ ဆရာတော်က "ဆွမ်းမလောင်းနဲ့"လို့ ပိတ်ပင်ကောင်းပါ့မလား ?

॥ မပိတ်ပင်ကောင်းပါဘုရား॥ ॥

ဆွမ်းလောင်းရင်ကော ဝိပဿနာပါရင် နိဗ္ဗာန်,မဂ်,ဖိုလ်,မရ ဘူးလား ?

॥ ရပါတယ်ဘုရား॥ ॥

ဒါကြောင့် တချို့တယ်စွတ်စွဲကြတယ်၊ ဝိပဿနာပေါ်လာပြီ ဆိုရင် ဆွမ်းငတ်တော့မယ်၊ ဆွမ်းလောင်းတဲ့ ပုဂ္ဂိုလ်မရှိတော့ဘူး

ဟောဒီလိုဆိုတတ်တယ်၊ ဒါကြောင့်သေသေချာချာလောင်းတတ်ပြီဆိုရင်ႇသေသေချာချာဘဲႇလောင်းချင်တော့တာဘဲ၊ ဝိပဿနာပါလေလေႇပိုပြီးတော့ လှူချင်တော့ဒါဘဲ၊ ဒါကြောင့် ဆွမ်းလောင်းတဲ့ဥစ္စာႇ ဝိပဿနာ အပြစ်မတင်ပါနဲ့၊ ကိုယ့်ခန္ဓာကြည့်မယ်ဆိုရင် ကိုယ့်ခန္ဓာမှာ သီလႇသမာဓိႇပညာႇ ဂုဏ်ကလေးရှိမရှိကိုသာလျှင်အပြစ်တင်ပါ၊ စာရိတ္တႇမဏ္ဍိုင် ကြံခိုင်ဘို့ သာလျှင်အပြစ်တင်ပါလို့ သတိပေးစကားပြောကြားလိုက်ရပါသည်။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ကျင်ကြီး, ကျင်ငယ်, စွန့်တတ်လို့ ဝမ်းမြောက် ခဲ့ပါလျှင် သုံးကြိမ် သာဓု ခေါ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု။

**အစားအသောက်၊ သိပျက် မပြောက်နဲ့။**

စားခဏ်ကလေး၊ စားခဏ်းကလေး တခုကျန်တော့တယ်။

"**အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာန ကာရီ-ဟောတိ**" ပါဠိတော်တို့ကို ပြန်တော့မယ်ႇစားရင်းလဲသိ သောက်ရင်လဲသိ"ဗမာပြန်"ထမင်းဘဲစားစားႇဟင်းဘဲစားစားႇ မုန့်ပဲသရေစာဘဲစားစားႇ ကွမ်းဘဲစားစားႇ စားတဲ့နေရာ ချုံးတော့မယ်၊ ကိုင်ခွန့်တာတမျိုး, ဝါးတာတမျိုး, မျိုချတာတမျိုး, သုံးမျိုးဖြစ်ပါတယ်။

**စားပုံစားနည်း။** ။ဘယ်ဘက်လက်နဲ့ ကိုင်ရင်, ဘယ်လက် လက်ထဲသို့စိတ်ဖြန့်ပါ၊ ညာဘက်လက်နဲ့ ကိုင်ရင်,ညာဘက် လက်ထဲသို့ စိတ်ဖြန့်ပါ၊ ပေါ်ဒါမှတ်ပြီးတော့ ကိုင်ပါ,ကိုင်ပြီးတဲ့နောက် ပေါ်ဒါကိုမှတ်ပြီးသကာလ၊ဖြေးဖြေး, ဖြေးဖြေး, မြှောက်ပါ၊ မနွေးလွန်း, မမြန်လွန်း, မြှောက်ပါ၊ နွေးလွန်းတော့ ဆွမ်းတလုပ် ပါးစပ်နားရောက်ခဲပါတယ်၊ မြန်လွန်းတော့ အမှတ်လွတ်ပါတယ်၊ ဒါကြောင့် မနွေးလွန်း, မမြန်လွန်း, ပေါ်ဒါမှတ်ပြီးတော့၊ မြှောက်ပါ,ပါးစပ်နားကြပြီ,ဆိုလို့ ရှိလျှင် ပေါ်ဒါမှတ်ပြီးတော့၊ ပါးစပ်ဟာပါ,အစဉ်အတိုင်း ပြော သွားမယ်နော်,နို့ မို့ ရင်မကုန်ဘူး, ပေါ်ဒါမှတ်ပြီးသကာလ ဆွမ်း ကို ထမင်းကိုခွန့်ပါ၊ မဝါးနဲ့ အုံး ငုံရှိငုံထားအုံး၊ ပေါ်ဒါမှတ်ပြီး သကာလ လက်ကို ဖြေးဖြေး,ဖြေးဖြေး,ချပါ။

လက်ငြိမ်လိုက်၊ ပေါ်ဒါမှတ်ပြီးသကာလ ဝါးပါ "ဝါးတယ် ဝါးတယ်" ဒီလိုမပြောရဘူးနော် "ဆရာတော်တို့က အတွင်းသမား ဘဲမဟုတ်ဘူးလား" ပေါ်ဒါမှတ်ပြီးသကာလ ဝါးပါ, ပေါ်ဒါ မှတ်ပြီးသကာလ မျိုချပါ၊ ဟော- ဆွမ်းတလုတ် ကုန်သွားပြီ- နောက်တလုတ်လဲ ဒီအတိုင်းဘဲ ပေါ်ဒါမှတ်ပြီးတော့ ကိုင်ပါ၊ ပေါ်ဒါမှတ်ပြီးတော့ မြှောက်ပါ၊ ပေါ်ဒါမှတ်ပြီးတော့ ခွန့်ပါ၊ ပေါ်ဒါမှတ်ပြီးတော့ လက်ချပါ၊ ပေါ်ဒါမှတ်ပြီးတော့ ဝါးပါ၊ ပေါ်ဒါမှတ်ပြီးတော့ မျိုချပါ၊ ဟော ရှင်းသွားရော။

**ကွမ်း စားပုံ စားနည်း။** ။ကွမ်းစားမယ်ဆိုရင်လဲဘဲ စားနိုင် ပါတယ်၊ ကွမ်းယာရင်လဲ ပေါ်ဒါ မှတ်ပြီးတော့ ယာပါ၊ ယာပြီးတဲ့နောက် ပေါ်ဒါမှတ်ပြီးတော့

ကမ္မဋ္ဌာန်းအစ်ကိုသိမ်းပါ၊ ပေါ်ဒါမှတ်ပြီးသကာလ ကမ္မဋ္ဌာန်းယာကို ခွန့်ပါ၊ ပေါ်ဒါမှတ်ပြီးသကာလ လက်ကို ပြန်ချပါ၊ ကမ္မဋ္ဌာန်းယာခွန့်ပြီးတဲ့နောက်, ပေါ်ဒါမှတ်ပြီးသကာလ မျက်လုံးကိုမှိတ် ဝါးစမ်းပါ, ဝါးစမ်းပါ, မျက်မြင်ပြောရင် ကမ္မဋ္ဌာန်းစားနေတယ်, ဉာဏ်မြင်ပြောရင်, ပေါ်ဒါမှတ်ပြီးတော့ နေတယ် ဆိုလိုသည်၊ ပေါ်ဒါမှတ်ပြီးသကာလ ထွေးတန့်,ထွေးပါ,မျိုချတန့်,မျိုချပါလို့ ဆိုလိုသည်။

သို့သော် ကမ္မဋ္ဌာန်းစားတဲ့နေရာမှာ ဆိုလို့ရှိရင်, ကိုယ့် နေရာကို ယူသွားပြီးသကာလ ကျကျ, နန, ထိုင်ပြီးတော့မှ စားကြပါလို့ ဆိုလိုသည်၊ မတ်တတ်ရပ်ပြီးတော့ စားခြင်းတော့ မလုပ်ကြပါနဲ့၊ ကမ္မဋ္ဌာန်းတံတွေး တွေ, ဟိုထွေး ဒီထွေးတော့ မလုပ်ပါနဲ့၊ ကိုယ့်ကျောင်းမှာဆိုလို့ရှိရင် ဒီကျောင်းတွေဟာ ဆရာတော်တို့နဲ့ ပတ်သက်၍ "သာသနိက,ဓမ္မိက" ကျောင်းရေစက်ချထားတယ်၊ ဆရာတော်တို့ကလဲ ဓမ္မဒိဋ္ဌာန် သဘောနဲ့ - ရုပ်, နာမ်, ဖြစ်ပျက်, နဲ့ လက္ခဏာရေး သုံးပါးကို အာရုံထားပြီးတော့ ပဋိပတ္တိသာသနာပြုသည် ဖြစ်လေတောကြောင့်၊ သာသနာ ရည်မှန်းပြီးသကာလ ရေစက်ချထားပါတယ်, ပုဂ္ဂိုလ်သဘောလဲဘဲ ရုပ်, နာမ်, ဖြစ်ပျက်ပါ၊ ဂိုဏ်းသဘောလဲဘဲ ရုပ်,နာမ်,ဖြစ်ပျက်,ပါ၊ သံဃိက သဘောလဲ ရုပ်, နာမ်, ဖြစ်ပျက်,ပါ။

ဒါကြောင့် "သာသနိက,ဓမ္မိက"ဆိုတဲ့ နေ့ရာမျိုးကို ရည်မှန်းပြီးတော့ လှူဒါန်းထားသည် ဖြစ်လေသောကြောင့်၊ အင်မတန်ဓမ္မစေတီထိုက်ပါတယ်၊ထိုက်သောကြောင့်အပြစ်လဲဘဲ သုံးဆောင်တတ်လျှင် သုံးဆောင်ကောင်းပါတယ်၊ အပြစ်လဲ မရှိပါ၊ မသုံးဆောင်တတ်ပြီဆိုရင် အပြစ်များတတ်တယ်နော်၊ ဒါကြောင့်ကမ္မဋ္ဌာန်း

နောက်ပြီး ဆေးလိပ်သောက်ရင်လဲ သောက်ရ, ဒါက လူတွေ အတွက် ပြောပါသည်၊ ဆေးလိပ်သောက်ရင်လဲဘဲ, ဆေးလိပ်မီး ညှိရင်,မီးချစ်ရင်လဲဘဲ ပေါ်ဒါ မှတ်ပြီးသကာလ ချစ်ပါ၊ ပေါ်ဒါ မှတ်ပြီးသကာလ ဆေးလိပ်ဖွါပါ၊ ပေါ်ဒါ မှတ်ပြီးသကာလ သိမ်းလိုက်ပါ၊ အောက်က ခွက်ကလေးခံပြီးသကာလ-ကဲ-ကြကြ, နန, တင်ပလ္လင်ခွေတ်စမ်း၊ ခြေထောက်ဆင်းစမ်း၊ မျက်လုံးမှိတ်ပြီး သကာလ ပေါ်ဒါ မှတ်၊ ပြီးတော့ ဆေး လိပ် ကို ရှူ ပါ၊ ဆေး လိပ် ရှူ တယ်, သောက် တယ်, သောက် နေ တယ် ဆို ဒါ မျက် မြင်, ခေါ် ပါ တယ်၊ မမှတ် ရပါ၊ ဉာဏ် မြင်မှ, မှတ် ရပါသည်၊ ဉာဏ်မြင်ဆိုရင်, အတွင်းမှာဆိုလျှင် အခိုးတွေ သွား တဲ့အခါမှာ၊ ရှိန်းကနဲ, ရွှကနဲ, ဖျင်းကနဲ, စိုးကနဲ, စစ်ကနဲ,စသည် တို့ဖြင့် ခန္ဓာကိုယ် တကိုယ်လုံးမှာ ဖြစ်,ပျက်,တွေ မြင်နေတယ်၊ အရှိန်,အခိုး,တွေ သွားလာဒါမြင်နေတယ်ဆိုလျှင်,ဒို့ဟာ ဆေး လိပ်သောက်ထာမဟုတ်ဘူး၊ဉာဏ်မြင်,ပြောရင် ဒို့ဟာဖြစ်,ပျက်, တွေ မှတ်နေတယ်, တရားအားထုတ်နေတယ် ခေါ်တယ်။

ရှင်းသွားပလား ?

ရှင်းပါပြီဘုရား။ ။

အပြောလဲလိုတယ်၊ မျက်မြင်ကြည့်ပြောရင်ဆေးလိပ်သောက် တယ် ပြောရတယ်၊ ဉာဏ်မြင် ကြည့်ပြောမယ် ဆိုရင်, တရား အားထုတ်နေတယ် ပြောရတယ်, ဆေးလိပ်မရှိဘူး။

သဘောကြပါသလား ?

။ ကြပါတယ်ဘုရား။ ။

သို့သော်, ကိုယ့်နေရာမှာ ကိုယ်သောက်ရတယ်၊ လမ်းရှောက်ပြီးတော့ မသောက်ပါနဲ့, ဆေးတံကြီး မကိုင်ပါနဲ့, လက်ကြား မညှပ်ပါနဲ့, မကိုက်ပါနဲ့, ဆိုလိုသည်။

တချို့ဆေးလိပ်သောက်ရင် ဆင်ခြင်ပြီးတော့ သောက်ကြ၊ ဘာဆင်ခြင်ပြီးတော့ သောက်မလဲဆိုလို့ရှိရင် တချို့ စီးကရက်တွေ သောက်ထာ, တချို့ဆေးပြင်းလိပ်, မွှေးကြိုင်တဲ့ ဆေးတံသောက်ဆေးတွေ ရှိသေးတယ်၊ တချို့ အနံ့မခံနိုင်ဘူး၊ တညင်သဘော်မှာ ဆရာတော်သွားတုံးက၊ အရင် ဆရာတော်နဲ့ ဆွေးနွေးဘူးတဲ့၊ ပုဂ္ဂိုလ်တဦး ပါလာ၊ပါလာတော့ ဆရာတော် ဆေးလိပ်မသောက်, ကွမ်းမစားဘူးဆိုဒါ သူကသိတယ်၊ သိတော့ အရှင်ဘုရား ဆေးလိပ်နံ့ ခံနိုင်ပါသလားလို့, မေးတော့ ဆရာတော်လဲဘာမှမပြောဘူး၊ဒါနဲ့ သူလဲဆေးလိပ်သောက်မြဲသောက်၊ သူကတော့ ခွင့်တောင်းပန်ဒါဘဲ၊ ဒါပေမဲ့ ဆရာတော် ဆေးပြင်းလိပ်အနံ့ကြီးတယ်ဆိုးဝါးတော့, ဆရာတော်နှာခေါင်းလက်ကိုင်ပုဝါနဲ့ပိတ်ထား,သူကလဲသိတယ်၊ အရှင်ဘုရား ဆေးလိပ်နံ့ မခံနိုင်ဘူး ထင်ပါတယ်ဘုရား၊ ဒီဘက်ကြွပါဘုရား,လေတင်ကိုကြွပါဘုရား,လို့ ဆိုတော့ ပြောင်းသွားရတယ်၊ တော်သေးဒါပေါ့၊ ကိုယ်ကြိုက်တတ်လို့ သောက်ငြားသော်လဲဘဲ သူတပါးအန္တရာယ်မဖြစ်အောင်, သောက်နိုင်ရင် တော်သေးဒါပေါ့၊ အနံ့မခံနိုင်ဒါရှိသေးတယ်၊ မသောက်တတ်တဲ့ လူဟာ သာပြီးတော့ အနံ့မခံနိုင်ဘူး။

အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

စားကော စားတတ်ပလား ?

။ စားတတ်ပါပြီဘုရား။ ။

သောက်ကော သောက်တတ်ပလား ?

။ သောက်တတ်ပါပြီဘုရား။ ။

မသောက်တတ် မစားတတ်ရင် ဘာခေါ် ?

။ အန္ဓပုထုဇဉ် ခေါ်ပါဘုရား။ ။

အန္ဓပုထုဇဉ်ဆိုရင် အပါယ်ခွင် လွတ်မလွတ် ?

။ မလွတ်ပါဘုရား။ ။

ကလျာဏ ပုထုဇဉ်ဆိုရင် စာတတ်ရှိသေး လုပ်ငန်းတတ်က တမျိုးခေါ်တယ် မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

စားတတ်ပါပြီဘုရား၊ သောက်တတ်ပါပြီဘုရားဆိုလျှင်စာတတ် ကလျာဏ ပုထုဇဉ်ဖြစ်၍၊ အပါယ်ခွင် ဝေးသထက် ဝေးတော့ မယ်ဆိုဒါ ဝမ်းမြောက်သောအားဖြင့် သုံးကြိမ်သာဓု ခေါ်နိုင် ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု။

ကဲ-ကောက်ချက်ချတော့မယ်၊ သမ္မဇညပဗ္ဗ၊ ကောက်ချက်ချ ရင်၊ မရွေးသုံးပါး။ ။အလုပ်မရွေး၊ နေရာမရွေး၊ အချိန်မရွေး၊ ဆိုတာ သူတွေ့၊ အိပ်ပျော်တဲ့နေရာ၊ ဝိပဿနာစိတ်၊ မရှိတာ တောင် ဆင်ခြင်ပါလို့ ဆိုလိုက်ပါသဖြင့် အချိန်မရွေးအားထုတ်

နေပါလို့, ဆိုလိုက် ပါသည်၊ ဒီစကားတခွန်းကို ဟိုတုံးက ကောက်ချက်ချလိုက်ရသည်။

အလုပ်မရွေး,နေရာမရွေး,အချိန်မရွေး,သုံးခုရသည်၊ ဣရိယာ-ပထပဗ္ဗက, အနေမရွေးတခုရသည်၊ ပေါင်း"ကိုယ်တွေ့ဉာဏ်မြင်" အလုပ်မှန်ရင် မရွေးလေးပါး။

(၁) အနေမရွေး။
(၂) အလုပ်မရွေး။
(၃) နေရာမရွေး။
(၄) အချိန်မရွေး။

မရွေးလေးပါးအတိုင်း အားထုတ်ရတော့မယ်၊ဘယ်လိုနေနေ, ဘယ်အလုပ်ကို လုပ်ကိုင်လုပ်ကိုင်, ဘယ်နေရာရောက်ရောက်, ဘယ် အချိန်မျိုးမဆို,စိတ်ရင်ထဲမှာထား၊ ပေါ်ဒါမှတ်ပြီးသကာလအား ထုတ်နေကြပါ ဆိုလိုသည်၊ အကယ်၍အားထုတ်တဲ့ ပုဂ္ဂိုလ်တို့မှာ အင်္ဂါနှစ်ပါး ရှိပါသည်၊ ဤလုပ်ငန်းသည် မှန်တယ်လို့ ဆိုတာ ယုံကြရဲ့လား ?

॥ ယုံပါတယ်ဘုရား॥ ॥

ငါသည် ပါရမီထူးတယ်ဆိုဒါကောယုံကြရဲ့လား၊ ?

॥ ယုံပါတယ်ဘုရား॥ ॥

အားထုတ်လိုက်ရင် မုချ တ ရား ထူး ရ မယ် ဆိုတာ၊ ယုံကြ ရဲ့လား၊ ?

॥ ယုံပါတယ်ဘုရား॥ ॥

ယုံကြည်တာကော ခိုင်မြဲရဲ့လား၊ ?

॥ ခိုင်မြဲပါတယ်ဘုရား॥ ॥

အဲဒီယုံကြည်မှုသုံးခု၊ ခိုင်မြဲမှုကလဲ အင်္ဂါတပါး॥

ခန္ဓာကိုယ်မှာ အားထုတ်လိုက်မယ်ဆိုရင်၊ လျပ်တလက်မက ဖြစ်လိုက်, ပျက်လိုက်, မြင်နိုင်တဲ့ ဝိပဿနာဉာဏ်ရှိခြင်းကလဲ အင်္ဂါ တပါး॥

အဲဒီအင်္ဂါနှစ်ပါးရှိတဲ့ ယောဂီသည်၊ သွားတုံးမှာလဲဘဲ၊ ထိုင် နေတုံးမှာလဲဘဲ, အိပ်နေတုံးမှာလဲဘဲ, ရပ်နေတုံးမှာလဲဘဲ, အနေမရွေး မဂ်,ဖိုလ်,နိဗ္ဗာန်ရနိုင်ပါတယ်၊ အလုပ်မရွေး မဂ်,ဖိုလ်, နိဗ္ဗာန်, ရနိုင်ပါတယ်၊ ဘယ်နေရာမျိုးမဆို မဂ်, ဖိုလ်, နိဗ္ဗာန်, ရနိုင်ပါတယ်၊ ဘယ်အချိန်မျိုးမဆို၊ ရနိုင်ပါတယ် လို့ဆိုတာ॥

**ယဿစပန-ဗလဝတိသဒ္ဓါ-ဝိပဿနာစ-အာရဒ္ဓါတဿ-ဂစ္ဆန္တဿ-တိဋ္ဌန္တဿ-နိသိဒန္တဿ-နိပ္ပဇ္ဇန္တဿ-ခါဒန္တဿ-ဘုဥ္ဇန္တဿ-မဂ္ဂဖလ-ပဋိဝေဓေါနာမ-နတ္ထိတိ-နဝတ္တဗ္ဗော॥**

လို့ အဋ္ဌကထာ-ဋီကာကြီးတို့နှင့်အညီ၊ အနက်မပေးတော့ဘူး စာတတ်ရင်တော့ အနက်လာပြီးသားဘဲ၊ အ နက် ပေး ဘို့ မလို တော့ဘူး တကယ်စာတတ်ဆိုရင်၊ ပါဠိရွတ်လိုက်တာနဲ့ အနက် ထင်ပြီးသားဘဲ၊ အဲဒီစကားရယ် "ဥဒယ-ဘယ" ဉာဏ်ရယ်၊ ဒီနှစ်ခုရှိမယ်ဆိုရင် ဘယ်လိုနေနေ မဂ်,မကြနိုင်ဘူးလား၊?

॥ ကြနိုင်ပါတယ်ဘုရား॥

ဟောဒီခေတ်ဟာ၊ အရိယာခေတ်မဘုတ်ဘူး ဘယ်နည်းနဲ့မှ

မင်္ဂ မကျနိုင်ဘူး၊ ရဟန္တာခေတ်မဟုတ်ဘူးလို့ ဒီလိုပြောလို့ရပါ့မလား၊ ?

။ မရပါဘုရား။

မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံခါနီး၊ သုဘဒ္ဒရဟန်းကြီးဘယ်လိုဟောသွားသလဲ၊ချစ်သား-သုဘဒ္ဒ၊ ငါဘုရားသာသနာတော်ထမ်း ရဟန်း သံဃာတော်များ ကောင်းမွန်စွာနေခဲ့မယ်ဆိုရင်၊လောကမှာ ရဟန္တာမဆိတ်ဘူးတဲ့၊ ဘုရားဟောထားခဲ့တာ၊ ကြားဘူးတယ်မဟုတ်လား၊ ?

။ ကြားဘူးပါတယ်ဘုရား။

အဲဒါရဟန္တာမဆိပ်ဘူးသဘောကြပလား ?

။ သဘောကြပါတယ်ဘုရား။ ။

ဖြစ်ပျက်လဲမြင်တယ်၊ ယုံကြည်တာလဲရှိမယ်ဆိုရင်၊ ဖြစ်ပျက်က လမ်းသွားရင် ဘယ်ရောက်၊ ဆုံးတဲ့နိဗ္ဗာန်ရောက်တာဘဲ၊ ဖြစ်ပျက်ကိုမှတ်တဲ့မှတ်စိတ်ကသွားရင်၊မင်္ဂကြတာဘဲ၊ ဟုတ်ကဲ့လား၊?

။ ဟုတ်ပါတယ်ဘုရား။

မှတ်စိတ်နောင်မှာ၊ မင်္ဂရှိတယ်၊ ဖိုလ်ရှိတယ်နော်၊ ဖြစ်ပျက်နောင်မှာနိဗ္ဗာန်ရှိတယ်နော်၊ဒီဖြစ်ပျက်မြင်ပါလျက်ကယ်နဲ့ နိဗ္ဗာန်မရောက်ဘူးဆိုဒါ၊ ဟုတ်နိုင်ပါ့မလား၊ ?

။ မဟုတ်နိုင်ပါဘုရား။

တကယ်မှတ်ပါလျက်နဲ့၊ မင်္ဂ မကျဘူးဆိုဒါ၊ ဟုတ်နိုင်ပါ့မလား၊ ?

။ မဟုတ်နိုင်ပါဘုရား။

ကျေးဇူးရှင်
ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏
# သမထ ခန်း။

## ညတရားတော်

ဒုလ္လဘဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**လက်အုပ်ချီပုံ၊**

ဂါရဝ, နိဝါတ, မင်္ဂလာ တော်နှင့်အညီ ရိုသေ ထိုက်အောင် နှိမ့်ချထိုက်အောင်, လက်အုပ်ချီကြ။

**လက်ထားပုံ။**

လက်ဝါးချင်းကပ်ထား, လက်ဝါးနဲ့ လက်ချောင်း ကလေးတွေ တဖြောင့်ထဲထား၊ လက်ချောင်း လက်ချောင်းခြင်း လဲဘဲ ထိထားလိုက်၊ လက်ယှက်ခြင်း မပြုလုပ်ပါနဲ့၊ ခုန်းတုံးတုံးလဲ မပြုလုပ်ပါနဲ့ - ကဲ....နဖူးပေါ် လက်တင်ကြစမ်း။

**မျက်စေ့ထားပုံ။**

ရှိခိုးခါနီး ဆဲဆဲလေးမှာ မျက်လုံး မှိတ်ထားကြ။

**ဂုဏ်တင်ပုံ။**

မိမိတို့ရင်တွင်နာမ်အစဉ်မှာဝင်တဲ့ စေတနာကလေးက ဉာဏ်မှန်ပြောင်းတပ်ပြီး "သကာလ ရှိခိုးခံရသော ရတနာသုံးပါးနှင့်-ဆရာသမားတို့၏ ရင်တွင် နာမ် စဉ်မှာဝင်တဲ့- သီလ၊သမာဓိ၊ ပညာ၊ဂုဏ်ကို မျှော်မှန်း၍ ကြည်ညိုသော သဒ္ဓါ၊ ထက်သန်သော စေတနာ၊ အသိ၊ဉာဏ်၊ပညာ၊ပြဋ္ဌာန်းပြီးကာ၊ ခန္ဓာမှာ လက်ငင်း ဖြစ်ပျက်နေသော ရုပ်၊နာမ်၊ဓမ္မ၊ဖြင့်- လေးလေး၊ညီညီ၊ ပြတ်ပြတ်၊ ရှင်းရှင်း၊ ကန်တော့ကြ။

**ဆုပေး။**

သီရိဓမ္မာသောက မင်းကြီး၏၊ အသန္ဓိမိဖုရားသည်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏၊အသံတော်နှင့် ဆင်တူရိုးမှားဖြစ်သော ကရဝိတ်ငှက်မင်း၏ အသံကို ကြားလိုက်ရသောအခါဝယ်၊ အော်-အဟိတ်၊တိရစ္ဆာန်ဖြစ်သော၊ကရဝိတ်ငှက်မင်း၏အသံတောင်ဤမျှလောက် သာယာနာပျော်ဘွယ် ရှိသေးတယ်ဆိုလျှင်၊ အင်္ဂါရှစ်ပေါ်၊ အသံတော်နှင့် ပြည့်စုံတော်မူသော၊ သက်တော် ထင်ရှားမြတ်ဘုရား၏၊ အင်္ဂါရှစ်ပေါ်၊ အသံတော်ကိုများ ကြားနာလိုက်ရမယ်ဆိုလျှင်၊ သာ၍ပင် သာယာ နာပျော်ဘွယ် ရှိတော့မှာ ပါတကားလို့ အရင်းကြအောင်များ စဉ်းစားလိုက်မိတဲ့အခါ၊ကြက်သီးကလေး ဖြန်းကနဲ၊ စိမ့်ကနဲ၊ သိမ့်ကနဲ၊ အေးကနဲ၊ ဆိုတာလိုသိသိ၊ သာသာ၊ ပီတိဇောတွေ ဖြစ်ပေါ်၍ လာကြပြီးလျှင်၊ ဖြစ်လာသော ပီတိကိုပင်လျှင်၊ ဖြန်းသိပျက်၊ စိမ့်သိပျက်၊ သိမ့်သိပျက်၊ အေးသိပျက်၊ အနေမျိုးဖြင့် သိပျက်၊ သိပျက်၊ ဆက်ခါ၊ ဉာဏ်စဉ်တက်၍ သိပျက် ဇာတ်သိမ်း ချုပ်ငြိမ်းသွားသော နိဗ္ဗာန်

တဘက်ကမ်းကို၊ ဤဘက်ကမ်းက သောတာပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုသွားတဲ့ထုံး၊ သောတာပန် ဖြစ်သွားတဲ့ထုံး၊ နှလုံးသွင်းပြီးသကာလ၊ ယခုရှိခိုးနေကြကုန်သော သင်ဒါယကာ ဒါယကာမအပေါင်း သူတော်ကောင်းတို့သည်၊ အိမ်မှာ ရှိသော ဘုရားကိုပင်ဖြစ်စေ၊ ကျောင်းမှာရှိသော ဘုရားကိုပင်ဖြစ်စေ၊ တံခိုးကြီးတော်မူလှသော ရွှေတိဂုံ ရွှေမော်ဓော ကျိုက်ထီးရိုး မဟာမြတ်မုနိ ဘုရားကိုပင် ဖြစ်စေ မျက်စေ့ ဖွင့်ပြီးတော့ ဖူးမြင်လိုက်ရသောအခါဝယ်....

အော်.... သက်တော်ထင်ရှား ဘုရားအစစ်ကို မဆိုထားဘိ ဘုရားရှင်၏ ကိုယ်စား ရုပ်ပွားတော်၊ ဆင်းထုတော် စေတီတော်ကြီးတောင်၊ ဤမျှလောက် - ဖူးမြင်လို့ တင်းမတိမ်၊ အားမရ မရောင့်ရဲနိုင်ခဲ့ပါလျှင် (၃၂) ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာတော်ကြီး (၈၀) သော လက္ခဏာတော်ငယ်၊ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးပြီးသကာလ၊ အသဒိသ မည်သူနှင့်မှ မတူနိုင်၊ အတုလ မည်သူနှင့် မှနှိုင်းယှဉ်လို့ မရတဲ့သက်တော်ထင်ရှား မြတ်ဘုရားစစ်ကို၊ ယခုနေအခါမျိုး ဒို့မျက်စေ့ဖြင့်ဖူးမြင်လိုက်ရမယ်ဆိုလျှင်၊ မျက်စေ့ထဲမှာလေ - ဘုရားထွက်တော့မှာ မဟုတ်တော့ပါဘူးလို့၊ အရင်းကြအောင်များ၊ညဉ်းစား လိုက်မိတဲ့အခါ၊ ကြက်သီးကလေးတွေ ဖြန်းကနဲ စိမ့်ကနဲ သိမ့်ကနဲ အေးကနဲ ဆိုတာလို သိသိသာသာ ပီတိတော့ ဖြစ်တော့မှာဘဲ တကယ်လို့များပီတိဖြစ်မယ်ဆိုရင်၊ ဖြစ်လာသောပီတိကိုပင်လျှင်၊ ဖြန်းသိပျက် စိမ့်သိပျက် အေးသိပျက် အနေမျိုးဖြင့်၊ သိပျက်

သိပ္ပကျ်, ဆက်ခါ ဉာဏ်စဉ်တက်၍ သိပ္ပကျ်, ဇာတ်သိမ်း ချုပ်ငြိမ်း သွားသော နိဗ္ဗာန်တဘက်ကမ်းကို၊ ဒီဘက်ကမ်းက- မဂ်ဉာဏ်, ဖိုလ်ဉာဏ်,ဖြင့် ကိုယ်အရင် လှမ်းမြင်နိုင်ကြပါစေ၊ကိုယ်လှမ်းမြင်ရသလို သူတပါးကိုလဲ လှမ်းမြင်ရလေအောင်၊စားရေး, သောက်ရေး, ဝတ်ရေး, နေရေးဆိုဒါလိုလေသေးတယ်မရှိ အိမ်မှာလိုရင် ကိုယ့်တာဝန်တခုထားပြီးသကာလ,လိုတဲ့နေရာမှာ ပြည့်စုံအောင် ဖန်တီးပြီးတော့ နေဒါက ဘုံဆိုင်အလုပ်၊ ခန္ဓာ ကျွန်အလုပ် ဖြစ်ခဲ့ပေတယ်၊ သာသနာတော်နှင့် စပ်သော အလုပ်သည်သာလျှင် ကိုယ်ပိုင်အလုပ်ပါတကား၊သာသနာ့တာဝန်သည်သာလျှင် ကိုယ့်တာဝန်အစစ်ပါတကားလို့၊ကိုယ့်အလုပ်မှန်း,ကိုယ့်တာဝန်မှန်း, သိကြသည်ဖြစ်၍ လိုတဲ့နေရာမှာ အားပေးချီးမြှောက် ထောက်ပံ့ ယုံမျှမက-တရားတော်များကိုတောင်ကိုယ်တိုင်ပြနိုင်ဟောနိုင်ဆုံးမနိုင်၊ သံသယဝဋ္ဋ်ကို ဖြေရှင်းနိုင်၊ အယူမှား ဒိဋ္ဌိအကြီးစားကို အလွယ်တကူဖြင့် ချွတ်နိုင်,ဖြုတ်နိုင်,ကြသော မြန်မာပြည်တပြည် လောကသာမက ကမ္ဘာတဝှမ်းလုံး, ဗုဒ္ဓဘာသာတရား, လွှမ်းမိုးပြီးတော့ သွားရလေအောင်၊ ကမ္ဘာ့သာသနာပြု အာဇာနီ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ရလွယ်, ရောက်လွယ်, နိုင်ကြသည် ဖြစ်ကြစေ။

ဆရာတော်ဘုရားပေးတဲ့ ဆုနဲ့ ပြည့်စုံရပါလို၏အရှင်ဘုရား။

ဝတ်ချရင် ထိခြင်းငါးပါးနှင့်ညီအောင် ဝတ်ချကြ,တထောင်ဆစ် လဲကြပစေ၊ လက်ဝါးလဲ ဖြန့်ချထား၊ နဖူးလဲဘဲ လက်ဝါးနှစ်ခုကြားထဲမှာ ထိနေပစေ၊ လက်ချပြီးတော့ တရားနာကြ၊ တရားနာတဲ့အခါမှာ (ရေးချင်လဲရေးလို့ ရပါတယ်၊ မရေးတဲ့

ပုဂ္ဂိုလ်များကတော့) မျက်လုံးကလေး မှိတ်ပြီးတော့ ဟောသော တရားကို နားကြား, ရင်ကခွဲခြမ်းစိတ်ဖြာပြီးတော့ တရားတော်ကိုနာရင်၊ နာမ်ဓါတ်မှာ ပညာဆီ့ကပ်သွားတတ်တယ်၊ နာမ်ဓါတ်မှာ ပညာဆီ့ကပ်ရင် နာမ်ဆက်ပြတ်,နိဗ္ဗာန်ရောက်တော့မယ်လို့ ဒီလိုလဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ တရားတော်နာရတယ်။

## ဘုရားရှင်၏ သမာဓိဂုဏ်ချီးကြူးပုံ။

**ဟိမဝါဝ ပရိဒေဃော၊ သာဂရောဝ ဒုရုတ္တရော၊**

**တထေဝ စျာနံ ဗုဒ္ဓဿ၊ ကောဒိသွာ နုပသိဒတိ။ ။**

ဟိမဝါ၊ ဆီးနှင်းတွေကို ဆောင်သည့် မြင့်မိုရ်တောင်မင်းကြီးသည်၊ပရိဒေဃောဣဝ၊ ထက်ဝန်းကျင်မှ တာရှည်ခန့်၍တည်တည်တန့်တန့် နေနိုင်ဘိသကဲ့သို့ပင်း၊ သာဂရော၊သမုဒ္ဒရာ ပြင်ကျယ်ရေပင်လယ်ကြီးသည်၊ဒုရုတ္တရောဣဝ၊သာမန်လူသားတို့ ကူးနိုင်ဘို့ရာ့ခတ်နိုင်ဘို့ရာ အလွန်ခဲယဉ်းဘိသကဲ့သို့ပင်း၊ တထေဝ၊ မြင့်မိုရ်တောင်ကြီးနှင့်မခြား၊ သမုဒ္ဒရာပြင်ကျယ် ရေပင်လယ်ကြီးနှင့်မခြား, အလားတူစွာသာလျှင်၊ ဗုဒ္ဓဿ၊သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင်, ကိုယ်တိုင်လည်းသိမြင်ပေ, ဝေနေယျကိုလည်း သိမြင်စေတော် မူနိုင်တဲ့၊ရုပ်ထူး,နာမ်ထူး,အစဉ်သက်တော်ထင်ရှား, ဒို့ဆရာ မြတ်စွာဘုရားကြီး၏၊ စျာနံ၊ ထက်ဝန်းကျင်မှ အရှည်ခန့်၍ တည်တည်တန့်တန့်နေနိုင်တဲ့ စျာန်သမာဓိတွေ, သာမန်လူသားတို့ ဘုရားရှင်ကိုယ်တော်မြတ် စျာန်သမာဓိတွေကို၊ ကြံစည်ဘို့ရာ တွေးတောဘို့ရာ ခဲယဉ်းလှစွာသော စျာန်သမာဓိတွေကို၊ ဒိသွာ၊ ကိုယ်ကိုယ်တိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်ခဲ့ရသည်

ရှိသော်၊ ကော၊ နုတ်နှင့်လူဝယ်, အဘယ်ပုဂ္ဂိုလ်သည်၊ဝါ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးကိုမဆို၊ နုပသီဒတိ၊ မကြည်ညို၊မမြတ်နိုး၊မကိုးကွယ်ဘဲရှိပါတော့အံ့နည်း။ ပသီဒတိဝေ၊ စိတ်ထဲမှာလေ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပင့်လို့မျှားရခဲ့ပါလျှင်၊ အမြဲပင်-ပင့်၍၊ အသက်ထက်ဆုံးပင် ကြည်ညို၊မြတ်နိုး ကိုးကွယ်နိုင်ကြတော့သည်သာလျှင်ကတည်း။

သာဓု-သာဓု-သာဓု။

ဒီနေ့-သမထခဏ်း ဖြစ်လေသောကြောင့်။ ။သမာဓိဆိုင်ရာဘုရားရှင် ကိုယ်တော်မြတ်ကို ချီးမွမ်းပုံတဲ့, ဘုရားရှင် ကိုယ်တော်မြတ် ဂုဏ်တော်တွေကတော့ တပုံကြီးဘဲ, လောကမှာ ဆိုရင်ပန်းမျိုးစုံရောင်းတဲ့ ပန်းဆိုင်ကြီးမှာ, ပန်းကလေးတကုံး သီကုံးမယ်ဆိုတဲ့ စိတ်မျိုးဖြင့်၊ ကြိုးကလေးကိုင်, သီတန်လေး ကိုင်ပြီးသကာလ၊လိုချင်တဲ့ပန်းတကုံးမြန်မြန်ကြီးသီကုံးနိုင်ဘိ သကဲ့သို့၊ ထို့အတူပါဘဲ ဘုရားရှင် ကိုယ်တော်မြတ်၏, ဂုဏ်တော် တွေကတပုံကြီးပါဘဲ, ဘုရားရှင်ကိုယ်တော်မြတ်ကို, သမာဓိခဏ်းနဲ့ချီးမွမ်းမယ်ဆိုရင်လဲဘဲ ချီးမွမ်းလို့ မကုန်နိုင်တော့ပါဘူး။

ဘုရားရှင် ကိုယ်တော်မြတ် ဈာန်, သမာဓိ, ဟာ မြင့် မိုရ်တောင်ကြီးကဲ့သို့ ကြာရှည်လေးမြင့်မှာတည်တည်တန့်တန့်, ခိုင်ခိုင်ခန့်ခန့်,ဖြစ်တဲ့ ဈာန်သမာဓိပါဘဲ၊ ဘုရားကိုယ်တော်မြတ်၏ဈာန်, သမာဓိ,နေပုံကို ကြံစည်မယ်, စဉ်းစားမယ်,တွေးတောမယ်,ဆိုရင်လဲဘဲ, တွေးတောကြံစည်ခြင်းငှါ, မစွမ်းနိုင်တဲ့ အင်မတန် ထူးကဲလွန်မြတ်တဲ့,ဈာန်,သမာဓိ,တွေကို ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဥာဏ်ဖြင့်, တကယ်တန်းမြင်မယ်ဆိုရင်၊ လူထဲကလဲ မကြည်ညိုတာ မရှိ,

တော့ပါဘူး၊ နတ်ထဲကလဲ မကြည်ညိုတာမရှိတော့ပါဘူး၊ဗြဟ္မာထဲကလဲမကြည်ညိုတာမရှိတော့ပါဘူး၊ ဘယ်သူမဆို ကြည်ညိုယုံမက၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုများ ပင့်လို့ရခဲ့ပါလျှင်၊ ခေါင်းပေါ်မှာပင့်တင်ကာ၊ မိမိတို့၏ရင်တွင်နာမ်အစဉ်မှာ၊ သွားလေရာရာ၊ အမြဲတန်းပါပြီးတော့ သွားရလေအောင် အမြဲတန်းကိုးကွယ် ဆီးကပ်ပြီးတော့ သွားရလေအောင်၊ အမြဲပင် သွင်း၍အသက်ထက်ဆုံးပင် ကြည်ညိုမြတ်နိုး ကိုးကွယ်နိုင်ကြတော့သည်သာလျှင်ကတည်း။

သာဓု-သာဓု-သာဓု။

ကဲ- မနေ့က လက်စဆက်ကြစို့....။

**ဆောင်**။ ။ကာယကံ- ဝစီကံအသစ်ကို သီလနဲ့ရှောင်။

မနောကံ အသစ်ကို သမထနဲ့ဖိ။

နာမ်, ရုပ်, အများကို ဝိပဿနာနဲ့ဖြုတ်။

အငုတ်ပြုတ်လျှင် သောတာပန်ပင်, အပါယ်ခွင်,

ပထမ လွတ်လတ်ရေးရ။

ဒီလင်္ကာလေးရအောင် လုပ်ထားကြ။ ။ကာယကံ,ဝစီကံ, အသစ်ကို သီလနဲ့ ရှောင်၊ မနေ့က ဟောခဲ့ပြီ၊ ကနေ့တော့ မနောကံ,အသစ်ကို သမထနဲ့ဖိ,လို့ ဆိုတဲ့ အတိုင်း၊ မနောကံ, အသစ်ကောက်ပုံ, သမထကောက်ပုံ, ဖိပုံ, တို့ကို သုံးပိုင်း,သုံးဂဏ္ဍ, ထားပြီးသကာလ၊ အရင်းကြကြ, ဂရုဏာသန်သန်,ထား မေတ္တာ

များများဖြင့် ဟောကြားပါလိမ့်မယ် ဆိုဒါ သေသေ ချာချာ ပလ္လင်ခံစကား မှတ်ကြပါ။

**မနောကံ ခုနစ်ပါး ကောက်ပုံ။**

မနောကံ့တဲ့ မနောကံ့ဆိုတော့ သိပြီးသားဘဲ၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ဘယ်နှစ်ပါးလဲ ?

။ သုံးပါးပါ ဘုရား။ ။

ဒါကတော့ သိပြီးသားဘဲ၊ ဒါကောက်ရင်လဲဘဲ ဖြစ်ပါတယ်၊ ဖြစ်သော်လဲဘဲ ဒီနေရာမှာဆိုရင် ညကလဲ ပြောခဲ့ပြီ၊ မနောကံ ဘယ်နှစ်ပါး ကောက်ခဲ့သလဲ ခုနစ်ပါးနော်....။

မနောကံ ဘယ်နှစ်ပါး ကောက်ခဲ့သလဲ ?

။ ခုနစ်ပါးပါဘုရား။ ။

ခုနစ်ပါး....ခုနစ်ပါး....ခေါ်တယ်။

ခုနစ်ပါးကောက်ပုံ ကလေးကို နဲနဲပြောမယ်၊ သောတာပန် သည် ဒိဋ္ဌိပြုတ်ရတယ်၊ ဒိဋ္ဌိသတ်ရတယ်၊ အဲဒီ- ဒိဋ္ဌိကို ဉာဏ်ရှိလို့ ဆွဲဆန့်တတ်မယ် ဆိုရင်၊ ဒိဋ္ဌိက ဗမာပြန်ရင် မိစ္ဆာဒိဋ္ဌိ ကြည့်ပြီး တော့၊ 'အမှား'လို့ ဗမာပြန်ရတယ်၊အမြင်မှား,အယူမှား, အသိ မှား, အဲဒီ အမှား သုံးခုကို ကျဉ်းသထက် ကျဉ်းအောင်, ရှင်း သထက်ရှင်းအောင်၊ ဒိဋ္ဌိကို အမှားလို့ ဗမာပြန်လိုက်ကြ၊ ပြန်ပြီး တော့ ဆွဲဆန့်လိုက်စမ်း၊ အရင်းမှား, အလယ်မှား, အဖျားမှား, လို့ သုံးခုပေါ်တက်လာတယ်ခေါ်တယ်၊အဲဒီလို ဆန့်တတ်မှ သတ်

ထာ ကုန်တယ်နော်၊ မဆန့်တတ်ဘူးဆိုရင် သတ်ထာ မကုန်ဘူး ခေါ်တယ်။

လောဘတလုံးလဲ၊ အရင်း, အလယ်, အဖျား, သုံးခုဆွဲဆန့် လိုက်၊ ထို့အတူ-ဒေါသတလုံး, မောဟတလုံးလဲ၊ အရင်း, အလယ်, အဖျား, ဆွဲဆန့်လိုက်၊ ပါဏာတိပါတကံ- တခုထဲကိုလဲ အရင်း, အလယ်, အဖျား, သုံးခု ဆွဲဆန့်လိုက်ရတယ်၊ ဒီမှာ ဒိဋ္ဌိကလေး ဆွဲဆန့်လိုက်၊ အရင်းများ, အလယ်များ, အဖျားများ,လို့ သုံးခု ဆွဲ ဆန့်လိုက်၊ အကြောင်းအကျိုးဆက်စမ်း၊ အရင်းများလို့, အလယ် ခေါင်များကြသည်, အလယ်ခေါင်များလို့, အဖျားများကြသည်, အဖျားများတယ်ဆိုတာ၊ ကာယကံ, ဝစီကံ, ခေါ်တယ်၊ အလယ် ခေါင်မှ ားတယ်ဆိုတာ မနောကံ, ခေါ်တယ်, အရင်း မှားတယ် ဆိုတာက နာမ်, ရုပ်, အမှားခေါ်တယ်။

ဒါ အကြောင်း, အကျိုး, ဆက်နေဒါဘဲ၊ ဒီတော့ အဖျား များသည်၊ ကာယကံ,ဝစီကံ, ကာယကံ သုံး, ဝစီကံလေး,လို့ ဒီလို ဆိုသောကြောင့်- ဒီကာယကံ, ဝစီကံသည် ဘာကြောင့် မှားရ သလဲ, အကြောင်းရှာစမ်း၊ အလယ် မနောကံ,က မှားနေလို့တဲ့၊ ဟော- ဒါကြောင့် အဖျား ကာယကံ, သုံးခုရှိရင်၊ အလယ် မနော ကံ,မှာ ကာယကံ,နဲ့ စပ်သော မနောကံ,လဲ ရှိရမယ်၊ အဖျားမှာ, ဝစီကံ,ပါရင် အလယ်ခေါင်မှာ ဝစီကံ,နှင့် စပ်သော မနောကံ,ရှိရ မယ်၊ ဒါကြောင့် ကာယကံ, သုံး,ဝစီကံ,လေး,ရှိသလို မနောကံမှာ လဲဘဲ ခုနစ်ပါး ရှိရမယ်တဲ့၊ ဒီလိုဆိုလိုက်ပါတယ်၊ ဒါက အရင်း, အလယ်, အဖျား, သုံးခုခွဲတတ်မှ ခေါ်တယ်၊ အသေအချာ ရှင်း ရှင်းမှတ်ပါ ကဲ ကောက်တော့မယ်။

**"ကာယကံနှင့် စပ်သော မနောကံသုံးပါး။"**

သူများအသက်ကို သတ်ဘို့ ကြံစီစိတ်ကူးတာ။ ။တစ်

သူများ ဥစ္စာ ခိုးယူ တိုက် ဖျက် လုယက်ဘို့ ကြံစီ စိတ်ကူးတာ။ ။နှစ်

မသွားလာကောင်းသော ကာမဂုဏ်တို့၌ ပြစ်မှားဘို့ ကြံစီစိတ်ကူးတာ။ ။သုံး

စိတ်ကူးရုံ စိတ်ကူး သေးတယ်နော်၊ ကိုယ်ထိ လက်ရောက် မလုပ်သေးဘူး၊ စိတ်ကူးရုံ စိတ်ကူးတာက မနောကံ ခေါ်၊ ကိုယ်ထိလက်ရောက် ကျူးလွန်သွားမယ်ဆိုရင် ကာယကံ ခေါ်တယ်၊ ယခုတော့ စိတ်ကူးရုံ ခေါ်တယ်၊ ဒါကြောင့် ကာယကံ နှင့် စပ်သော မနောကံ သုံးပါးရပြီ။

**"ဝစီကံနှင့်စပ်သော မနောကံလေးပါး။"**

လိမ်ပြောဘို့ ကြံစီ စိတ်ကူးတာ။ ။တစ်

ဂုံးချောဘို့ ကြံစီ စိတ်ကူးတာ။ ။နှစ်

အဖျင်းပြောဘို့ကြံစီစိတ်ကူးတာ။ ။သုံး

စိတ်ကြမ်းပြောဘို့ကြံစီစိတ်ကူးတာ။ ။လေး

စိတ်ကူးရုံ စိတ်ကူးသေးတယ်။

**"ပဌမံ ဝိတက္ကေ တွာပဋ္ဌာဝါစံ ဘိန္ဒတိ"** အရ ရှေးဦးစွာကြံစီ စဉ်းစားတွေးတောနေတာ ဒါမနောကံ ခေါ်တယ်၊ ဒီတင်ပြောက် သွားမယ်ဆိုရင် မနောကံ ခေါ်တယ်၊ ပါးစပ်က တကယ်၊ ထုတ် ပြောမယ်ဆိုရင် ဝစီကံ ဖြစ်သွားတယ် ခေါ်တယ်၊ ဒါကြောင့်

ဝစီကံ့နဲ့စပ်သော မနောကံ့လေး ပေါင်းလိုက်ရင် မနောကံ့ ဘယ်နှစ်ပါးရှိသလဲ ?

။ ခုနှစ်ပါးပါဘုရား။ ။

အဲဒါ မှတ်ထားကြ တမျိုးဘဲ- သိနေကြ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ့ကောက်ရင် ဖြစ်တယ်၊ သို့သော် ဆရာတော်ပြတဲ့ အရင်း့ အလယ့် အဖျား, အကြောင်း, အကျိုး့နဲ့ ဆိုရင် အခုလို မနော ကံ့ ခုနှစ်ပါး ကောက်မှ ကိုက်တယ်ခေါ်တယ်။

မှတ်မိကြပလား ?

။ မှတ်မိပါဘုရား။ ။

အဲဒါ မနောကံ့ ခုနှစ်ပါး နံပါတ်သာ တတ်ထားကြ၊ မနော ကံ့ အသစ်ကို ဟော- လာပြီ မနောကံ့ဆိုတော့ မနေ့ကပြောတဲ့ အပါယ်ကျတဲ့တရားခံ နံပါတ်ကိုလဲမမေ့နဲ့ အုံး၊ တစ်တရားခံဒိဋ္ဌိ၊ နှစ်တရားခံ အကုသိုလ်ကံ၊ သုံးအပါယ် မမေ့နဲ့နော် နှစ်တရားခံ ဘယ်သူလဲ ?

။ အကုသိုလ်ကံပါ ဘုရား။ ။

**အကုသိုလ်ကံ ခြောက်မျိုး။**

အကုသိုလ်ကံမှာ ခွဲလိုက်တော့ကာယကံ့ကံဟောင်း၊ဝစီကံ့ကံ ဟောင်း၊မနောကံ့ကံဟောင်း၊ကံဟောင်းဘက်ကသုံး၊ ကာယကံ သစ့် ဝစီကံသစ့်မနောကံသစ့်ကံသစ်ဘက်ကသုံး၊ ပေါင်းလိုက် တော့ နှစ်တရားခံ အကုသိုလ်ကံသည် ခြောက်ပါးရှိတယ်.... ရှင်း ပလား?

။ ရှင်းပါတယ်ဘုရား။ ။

“မနောကံသစ် သမထနဲ့ဖိပုံ”

ယခုမနောကံ့ အသစ်တဲ့၊ မနောကံ့အသစ်ကို သမထ့ နဲ့ဖိတဲ့၊ ဟော.... သမထ့တရားသည် ဖိတရားခေါ်တယ်၊ ဟုတ်ကြရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

သမထ့တရားသည် ဖိတရား၊ ဘယ်သူ့ကို ဖိသလဲမေးရင် မနောကံ့ မနောကံ့မှာ အသစ်လား့အဟောင်းလား့ မေးတော့ အသစ့်ခေါ်တယ်၊ အသစ့်ဆိုတော့ ဖြစ်ပြီး သွားလား မဖြစ်ရသေးတာလား ?

॥ မဖြစ်ရသေးတာပါဘုရား॥ ॥

အဲဒီ မဖြစ်ရသေးတာကို မဖြစ်ရအောင်၊ သမထလေးဝင်နေမယ်ဆိုလို့ရှိရင်၊ အဲဒါဖိထားတယ်ခေါ်တယ်၊ “ပရိယုဋ္ဌာန ကိလေသာ” နာမ့် အစဉ်မှာ ထကြွ သောင်းကျန်းဒါ ကလေးကို သမထဝင်လိုက်တော့၊ နာမ်အစဉ်မှာ သောင်းကျန်းဒါ။

ရှိသေးသလား ?

॥ မရှိပါဘုရား॥ ॥

မနောကံကော ပေါ်သေးသလား ?

॥ မပေါ်ပါဘုရား॥ ॥

သူများ အသက်ကိုသတ်ဘို့ ကြံစီစိတ်ကူးဒါ့ သူများ ဥစ္စာခိုးယူတိုက်ဖျက့် လုယက်ဘို့ ကြံစီစိတ်ကူးဒါ့ မကောင်းသောကာမဂုဏ်တို့၌ ပြစ်မှားဘို့ ကြံစီစိတ်ကူးဒါ့ ပေါ်သေးသလား ?

॥ မပေါ်တော့ပါဘုရား॥ ॥

မပေါ်တော့ဘူး၊ ထို့အတူ လိမ်ပြောတို့ ကြံစီဒါ, ဂုံးချော တို့ ကြံစီဒါ, စိတ်ကြမ်းပြောတို့ ကြံစီဒါ, အဖျင်းပြောတို့ ကြံစီ ဒါ,ကော စိတ်အစဉ်မှာ ပေါ်သေးသလား ?

॥ မပေါ်တော့ပါ ဘုရား॥ ॥

ဘယ်သူ ရှိနေလို့လဲ၊ သမထ,ရှိနေလို့၊သမထ,နဲ့ မနောကံ, တဲ့ကို မတဲ့ဘူး၊ သမထ,ရှိနေရင် မနောကံ,ကလေးဟာ ဝတ်နေ ဒါဘဲ....॥

ဟုတ်ကော ဟုတ်ရဲ့လား ?

॥ ဟုတ်ပါဘုရား॥ ॥

**ဥပမာ॥** ॥အနာကြီး ရောဂါရှိတဲ့ ပုဂ္ဂိုလ် တဦး ဆေး သုံးမျိုး စားရတယ်၊ ရှောင်ဆေး တလက်, လိမ်းဆေးတလက်, အမြစ်ဖြတ်ဆေး တလက်, သုံးခုစားရတယ်၊ ရှောင်ဆေးနဲ့ သီလ,နဲ့ တူပါတယ်၊ လိမ်းဆေးနဲ့ သမထ,နဲ့ တူပါတယ်၊ အမြစ်ဖြတ်ဆေးနဲ့ ဝိပဿနာ,နဲ့ တူပါတယ်နော်.... လိမ်းဆေးကလေး လိမ်းလိုက်, လိမ်းဆေးကလေး လိမ်းလိုက်မယ် ဆိုရင်, အပြင်ဘက်မှာ ပေါ်နေတဲ့ အနာကြီး ရောဂါသည် ငုတ် မသွားဘူးလား ?

॥ ငုတ်သွားပါတယ်ဘုရား॥ ॥

အဲဒါ ငုတ်သွားတယ်၊ အတွင်း ဝင်ပြီးတော့ သွားတယ်၊

ပျောက်ကော ပျောက်ရဲ့လား ?

॥ မပျောက်ပါဘုရား॥ ॥

နောက်ကို ဆေးများ, အစားများ, နဲ့ တွေ့မယ်ဆိုရင် ပြန်မပေါ်ဘူးလား ?

။ ပေါ်ပါတယ်ဘုရား။ ။

အဲဒီလို ဖိဆေးနဲ့ သမထ,နဲ့တူတယ်၊ သမထ,တရားလေးရပြီးနေရင်၊ မနောကံ,လာသေးသလား ?

။ မလာတော့ပါဘုရား။ ။

စိတ်ဆိုး, စိတ်ညစ်, စိတ်မချမ်းသာ, စိတ်ကောက်ထာ, လာသေးသလား ?

။ မလာတော့ပါဘုရား။ ။

ငုတ်နေတယ်ခေါ်တယ်၊ သို့သော် အမြစ်တော့ မပြတ်ဘူး၊ ပြတ်ရဲ့လား ?

။ မပြတ်ပါဘုရား။ ။

နောက်ကို ဒီ သမထ,တရားကလေး မရှိဘူးဆိုရင်၊ စိတ်အစဉ်မှာ ပြန်ပေါ်တတ်တယ်၊ ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ် ဘုရား။ ။

**သမထကောက်ပုံ။**

အဲဒါဖိတယ်,ဖိတယ်ခေါ်တယ်၊ "မနောကံ,အသစ်ကို-သမထနဲ့ဖိ"လို့ဆိုတဲ့အတိုင်းသမထ,ကောက်တော့မယ်၊သမထကောက်တော့မယ်၊ လမ်းရှည်ထဲက၊ သမထ,တမျိုး၊ လမ်းတိုထဲကသမထ,တမျိုး နှစ်မျိုးရှိတယ်၊ လမ်းရှည်ထဲက သမထ,ဆိုရင် သင်္ဂြိုဟ်မှာလာတဲ့အတိုင်း"ဥပစာရ သမာဓိ""အပ္ပနာ သမာဓိ"ကောက်ပါ၊

လမ်းတိုထဲက သမထ,ဆိုရင် "ခဏိက သမာဓိ" ကောက်ပါ၊ဒီလို လဲ ရှင်းထားရတယ်။

ဒါသင်္ဂြိုဟ်မှာ ကုန်စင်အောင်မပါဘူး၊ဋီကာကျော်,မဏိမဉ္ဇူ, မဏိဒီပ,တို့မှာလဲ ကုန်စင်အောင် မပါဘူး၊ ဝိသုဒ္ဓိမဂ်, အဋ္ဌကထာ ကြီးတောင် ကုန်စင်အောင် မပါဘူး၊ "ဝိသုဒ္ဓိမဂ် မဟာဋီကာ ပထမအုပ်" နိဒါန်းအစမှာ ကုန်စင်အောင် ပါတတ်တယ်၊ "မူလ ပဏ္ဏာသ, သမ္မာသဝ-သုတ်,အဋ္ဌကထာ"မှာလဲ ပါတတ်တယ်,လို့ ယုံကြနော်၊ အဲဒီမှာ အကုန်ပါတတ်တယ် ခေါ်တယ်၊ တချို့က ဒီလိုမသိလို့ရှိရင် သင်္ဂြိုဟ်အတိုင်းယူထားတတ်တယ်၊ သင်္ဂြိုဟ်က လမ်းရှည်ထဲက-သမထ,ကို ပြောဒါ၊ လမ်းတိုအတွက်ကို မပြော ဘူးနော် ရှင်းသွားပလား ?

။ ရှင်းပါဘုရား။ ။

သေသေချာချာမှတ်ကြ-ဒါဖြင့် လမ်းရှည်ထဲကသမထ ဆိုရင် "ဥပစာရသမာဓိ" "အပ္ပနာသမာဓိ" ကောက်ရတယ်၊ အပ္ပနာ သမာဓိ ကောက်ရသည် ဖြစ်လေသောကြောင့် လမ်းရှည်ထဲက သမထ,ဖြစ်ပုံ၊ ကဲ-လမ်းရှည်စဉ်လိုက်ရတယ်။

"သီလ-အစ, သမထ-အလယ်, ဝိပဿနာ-အဆုံး, ဒိဋ္ဌိအငုတ် ဖြုတ်နိုင်တဲ့ လမ်းရှည် လမ်းစဉ်သုံး' 'လို့ ဆိုတဲ့အတိုင်း ဒအစဆုံး ကို သီလ,လုံခြုံအောင် ဖြည့်ကျင့်ရတယ်နော်၊ နောက်ပြီးတော့ အလယ်ကြပြီဆိုရင်, သမထ,ကမ္မဋ္ဌာန်း စီးဖြန်းရတယ်ခေါ်တယ်၊ ဝိပဿနာ,နဲ့ မတွဲသေးဘူး၊ သမထ,ရှေ့၊ ဝိပဿနာနောက်၊ သည်လိုလုပ်ရင် လမ်းရှည်ဘဲ၊ ဒါဖြင့် သမထ,ကမ္မဋ္ဌာန်း စီးဖြန်း

တော့မယ်ဆိုရင် သမထ,ကမ္မဋ္ဌာန်းထဲက လျော်သော ကမ္မဋ္ဌာန်း တခုကို ပွားများရမယ်နော်၊ပွားများတဲ့အခါ၌ နိဝရဏ,ကွာသည် ကစ၍ ဈာန်၏ရှေ့,ဂေါတြဘု, တိုင်အောင် ဥပစာရ သမာဓိ, ခေါ်တယ်၊ ဥပ,ဈာန်၏အနီး,စာရ,ဖြစ်,သမာဓိ တည်တယ် ခေါ် တယ်၊ ဈာန်၏အနီး ရှေ့နားမှာ ကပ်ဖြစ်တဲ့ သမာဓိတဲ့ရှင်းသွား ပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

အဲဒီ-ဂေါတြဘု, နောင်မှာဆိုရင် ပထမဈာန် လာတတ်တယ်၊ အဲဒီ-ပထမဈာန်သည် အပ္ပနာ သမာဓိ, ခေါ်တယ်၊ အဲဒီနှစ်ခု လေး မှတ်ထားကြ၊ ပထမဈာန်သည်အပ္ပနာ သမာဓိ,ခေါ်သည် ဖြစ်လေသောကြောင့် အပ္ပနာ သမာဓိ,ဆိုလျှင် ဈာန်သမာဓိဘဲ၊ ဈာန်သမာဓိဆိုလျှင် 'စတုက္က' နည်းနဲ့ ဈာန်ရှစ်ပါး 'ပဉ္စက'နည်း နဲ့ ဈာန်ကိုးပါး ဖြစ်သောကြောင့် အပ္ပနာသမာဓိ, ရှစ်ပါး, တနည်း-အပ္ပနာ သမာဓိ,ကိုးပါး ရှိပါသည်။

ဤကဲ့သို့ အပ္ပနာသမာဓိ, ရှစ်ပါးရှိမယ်ဆိုရင်, ဈာန်တခု၌ ဥပစာရ သမာဓိ,တခုတခု ရှိသောကြောင့်၊ ဥပစာရသမာဓိ,လဲဘဲ ရှစ်ပါးပါ၊ ရှစ်နှစ်လီ ဆယ့်ခြောက် တမျိုးရပါသည်၊ အပ္ပနာ သမာဓိ, ကိုးပါးရှိမယ်ဆိုလျှင် ဥပစာရသမာဓိ,လဲကိုးပါးရှိသော ကြောင့် ကိုးနှစ်လီ ဆယ့်ရှစ်၊ တမျိုး ရပါသည်၊ ရှင်းသွား ပလား ?

॥ ရှင်းပါဘုရား॥ ॥

ဒါဖြင့် ဥပစာရသမာဓိ, အပ္ပနာသမာဓိ,နှစ်ခုပေါင်းလိုက်မယ် ဆိုရင် ဆယ့်ခြောက်တမျိုး, ဆယ့်ရှစ်တမျိုး,ဇနော်၊ အဲဒီလို သိရ

ဒါ၊ ဘာကျေးဇူးများသလဲလို့မေးရင် သမထ့ဘက်က-ဝိပဿနာ လှမ်းတက်တဲ့ နေရာမှာ ကျေးဇူးများတယ် ခေါ်တယ်နော်။

**သမထမှ ဝိပဿနာတက်ပုံ။**

လှမ်းတက်ပုံကလေး၊ပထမစျာန်မရသေးခင်၊ဥပစာရသမာဓိ့ကလဲ ဝိပဿနာ လှမ်းတက်နိုင်တယ်၊ ပထမစျာန်ရပြီးမှလဲ တက်နိုင်တယ်၊ ပထမစျာန် ရပြီးတဲ့နောက် ဒုတိယစျာန် မရသေးခင် ဥပစာရ သမာဓိ့ဘက်ကလဲ တက်နိုင်တယ်၊ ဒုတိယစျာန်ရပြီးမှလဲ တက်နိုင်တယ်၊ ဒုတိယစျာန်ရပြီးတဲ့နောက် တတိယစျာန်မရသေးခင်၊ဥပစာရ သမာဓိ့ဘက်ကလဲ တက်နိုင်တယ်၊ တတိယစျာန်ရပြီးမှလဲ တက်နိုင်တယ့်လို့ ဤကဲ့သို့ ဆင့်ကဲ့ဆင့်ကဲ့ အထက်သို့တက်သွားမယ်ဆိုရင် ဆယ့်ခြောက်မျိုး တက်နိုင်သည်၊ တနည်းဆယ့်ရှစ်မျိုး တက် နိုင် သည် လို့ ဆိုဒါ မှတ်ပေတော့ ရှင်းသွားပလား ?

॥ ရှင်းသွားပါတယ်ဘုရား॥ ॥

ဒါက ကိုယ့်လမ်းတော့ မဟုတ်ဘူး၊ဆရာတော်ပြတဲ့ လမ်းကလမ်းတိုပြတယ်၊ ခုဟာလမ်းရှည်ခေါ်တယ်၊လမ်းရှည်ပင်ဖြစ်သော်လဲဘဲ တွေ့ကြုံတဲ့နေရာမှာ အနည်းငယ် ရှင်းပြရတယ်။

ဥပစာရသမာဓိ့ အပ္ပနာသမာဓိ့ဆိုဒါ စာတတ်သော ပုဂ္ဂိုလ်များလောက်သာ-သိနိုင်လောက်ပေသည်၊ စာမတတ်သောပုဂ္ဂိုလ်များအတွက်“ဗုဒ္ဓါနုဿတိ”ကမ္မဋ္ဌာန်းဘုရားဂုဏ်တော်ကိုအောင်းမေ့ခြင်းနှင့်ပတ်သက်၍ အကျဉ်းချုပ်ကလေး ဆုံးမခဲ့မယ်။

**ဘုရားရှိခိုးပုံ-နည်းအစုံ။**

ဘုရားရှိခိုးပုံဘဲနော်-ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဘုရားရှိခိုးပုံလေး နည်းကလေးပေးခဲ့မယ်နော် အင်း....ဘုရားရှိခိုးက သုံးမျိုးရှိတယ်။

ရိုးရိုးဘုရားရှိခိုးဒါက တမျိုး။

အထူးဘုရားရှိခိုးဒါကတမျိုး။

အမြတ်စား ဘုရားရှိခိုးဒါကတမျိုး။

အားလုံးသုံးမျိုးရှိတယ်၊ ရိုးရိုးဘုရားရှိခိုးဆိုဒါက သမထ ဝိပဿနာ မပါဘဲရှိခိုးဒါ ဆိုလိုတယ်၊အထူးဘုရားရှိခိုးဆိုဒါကသမထပါလို့ သမထပါလို့ ရှိခိုးဒါ ခေါ်တယ်နော်, အမြတ်စား ဘုရားရှိခိုးလို့ ဆိုဒါက ဝိပဿနာနဲ့ ရှိခိုးဒါ ဆိုလိုတယ်နော်။

ယခုတော့ အထူးဘုရားရှိခိုး ဆိုသောကြောင့်, သမထ, ဆန်ဆန်ကလေး ဘုရားရှိခိုးပုံတဲ့, အကျဉ်းချုပ်ကလေး မှတ်ထားကြ၊ စျာန်အင်္ဂါငါးပါးရှိတယ်။

**စျာန်အင်္ဂါငါးပါး။**

ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ, ဘယ်နှစ်လုံး ?

။ ငါးလုံးပါဘုရား။ ။

အဲဒီငါးလုံးကို စျာန်အင်္ဂါလို့ ခေါ်တယ်၊ အဲဒီစျာန်အင်္ဂါ

ငါးချက်နဲ့ အညီ ရှိခိုးရင် သမထ ရှိခိုးနည်း ခေါ်တယ်၊ သမထ ရှိခိုးနည်းဆိုရင် "ဝိသေသဘာဂီရ" လို့ ခေါ်တယ် ရှင်းပလား ?

။ ရှင်းပါဘုရား။ ။

## မျက်မြင်ဘုရားရှိခိုးနည်း။

ကဲဒါဖြင့် အိမ်မှာရှိသော ဘုရားကိုပင် ဖြစ်စေ, ကျောင်းမှာ ရှိသော ဘုရားကိုပင်ဖြစ်စေ, ရုပ်ပွားတော် တဆူကိုပင် ဖြစ်စေ, ဖူးတော့ မယ်နော်၊ ဘုရားရှေ့နားမှာ မနီးလွန်း, မဝေးလွန်း, သော အ ရပ် မှာ ထိုင် ရ တယ်၊ ဟို .... လူ များ ရှုပ် တယ် ဆူ ညံ တယ် ဆို လို့ ရှိ ရင်, ဆိတ် ငြိမ် ရာ အ ရပ် မှာ သွား ထိုင်ရတယ်၊ ရဟန္တာကိုယ်တော်များ ဘုရားဖူးပြီ ဆိုလို့ ရှိရင် လူရှင်းရှင်း ဘုရားဖူးတယ်၊ အကယ်၍ ရှုပ်နေတဲ့နေရာ သွားမိပြီ ဆိုရင်၊ လူရှင်းတဲ့အထက်- ပစ္စယံ တက်သွားဒါဘဲ၊ ဘုရားအာရုံ ပြုဒါ သူတို့တကယ်လေးနက်တယ်၊ ဂုဏ်တော်လဲ တယ်ပြီးတော့ စူးတယ်ခေါ်တယ်၊ အဲဒီ- ဥပမာ - ကဲ့သို့ အသံတိတ်ဆိတ် လူခြေ တိတ်တဲ့နေရာကလေးရှာကြ၊ ရှာပြီးတော့ မနီးလွန်း, မဝေးလွန်း, သော ဒီအရပ်မှာထိုင်၊ ထိုင်ပြီးလျှင်- တဘက် ကလေးပါလျှင် တဘက်ကလေး လက်ကတော့ထိုးတဲ့ မျက်စေ့ဖွင့်ပြီးတော့ ဘုရား ကို ကြည့်နော် အားရအောင်ကြည့် မျက်စေ့ ဖွင့်ကြည့်တော့ ဘုရားကို မမြင်ရဘူးလား ?

။ မြင်ရပါတယ်ဘုရား။ ။

**No. 19**

အဲဒါ မျက်မြင်ဘုရားခေါ်တယ်၊ စာလို "ပရိကမ္မ နိမိတ်" တဲ့၊ ဟော- ပရိ့ဆိုဒါ၊ ထပ်ခါ့ထပ်ခါ၊ ကမ္မဆိုဒါ ပြုလုပ်ရမယ် ခေါ်တယ်၊ အဲဒီ မျက်မြင်ဘုရားကို စီးဖြန်းရမယ်လို့ ဆိုလိုသည်၊ သဘောကြပလား ?

။ ကြပါတယ်ဘုရား။ ။

**စိတ်မြင်ဘုရားရှိခိုးနည်း။**

မျက်မြင် ဘုရားဆိုလျှင် မိမိ အိမ်မှာရှိတဲ့ ဘုရား ပြောဒါ၊ ဉပမာ- မဟာမြတ်မုနိဘုရားကို ဖူးတယ်ဆိုပါတော့၊ မျက်မြင် ဘုရားဆိုရင် မဟာမြတ်မုနိဘုရားဘဲ၊ အဲဒါ "ပရိကမ္မ နိမိတ်" အဲဒီ ဘုရားကို မျက်စေ့နဲ့ ဖွင့်ပြီးတော့ စီးဖြန်းရမှာဘဲ၊ မျက်စေ့နဲ့ ဖွင့်ပြီးတော့ ကြည့်ပါများလျှင်- စိတ်နဲ့ မြင့်မမြင်ကို မှိတ်ကြည့် လိုက်၊ မှိတ်ကြည့်လိုက်တော့ စိတ်ထဲမှာ မမြင်သေးလျှင် ပြန်ဖွင့် ကြည့်လိုက်၊ နောက်တခါ မှိတ်ကြည့်လိုက်၊ စိတ်ထဲမှာ မမြင်မချင်း ဖွင့်ချီ့မှိတ်ချီ၊ ဖွင့်ချီ့မှိတ်ချီ၊ ပြုလုပ်ပါခေါ်တယ်၊ နောက်ပိတ် ဆုံးမှာ မှိတ်လိုက်တဲ့ တချက်၌ စိတ်ထဲမှာ မြင်သွားရော၊ မဟာ မြတ်မုနိ ဘုရားဘဲ မြင်နေဒါဘဲ၊ အဲဒါ စိတ်မြင်ဘုရား၊ စာလို "ဉဂ္ဂဟနိမိတ်" ခေါ်တယ်၊ ဉဂ္ဂဟ့ဆိုတာ မနောဒွါရ့ စိတ်နဲ့ ယူဒါခေါ်တယ်၊ နိမိတ့်ဆိုတာ အာရုံခေါ်ဒါဘဲ၊ စိတ်နဲ့မြင်တဲ့ ဘုရားနှေ့်- ခုနတုံးက မျက်မြင်ဘုရား၊ မျက်မြင် ဘုရားလဲ မဟာမြတ်မုနိဘဲ၊ စိတ်မြင်ဘုရားလဲ မဟာမြတ်မုနိဘဲ၊ သိပ်တော့ လဲမထူးဘူး၊ပရမတ်လိုဆိုရင် နဲနဲလေးထူးတယ်၊ မျက်မြင်ဘုရားက ပစ္စုပ္ပန် ရူပါရုံ၊ စိတ်မြင်ဘုရားက- အတိတ်ရူပါရုံ၊ အဲဒီလောက် သာထူးတယ်။

ဝိတက်သဘော။

ပုံတော်ကတော့ မဟာမြတ်မုနိ ဘုရားပါဘဲ၊ အဲဒါ စိတ်နဲ့၊ ဘုရားမမြင်မခြင်း ဖွင့်ချီ၊ မှိတ်ချီ၊ ဖွင့်ချီ၊ မှိတ်ချီ၊ ပြုလုပ်နေတာ-စာလို "ဝိတက်" ခေါ်ပါ၊ ရှင်းပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

ဝိတက်ဆိုတာ "**အာရမ္မဏာ ဘိနိရောပနလက္ခဏော**" စိတ်ကလေးတလုံးကို၊ ဘုရားအာရုံထဲသို့- မရောက်၊ ရောက်အောင်၊ တင်ပေးဒါ၊ အဲဒါ ဝိတက်သဘောတဲ့- စာလို ဝိတက်၊ ဗမာလို ခေါ်လိုက်တော့ အဲဒါ အကြံ အစီ ခေါ်ဒါဘဲ၊ အကြံ အစီကို-သဘောပြောလိုက်တော့ ဘုရားအာရုံထဲသို့ စိတ်ကလေး တင်ပေးလိုက်ထာ ခေါ်တယ်၊ အားလုံးရှင်းပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

တင်လိုက်ထာ ဝိတက်နော်၊ ဟို- နောက်တော့ သမ္မာသင်္ကပ္ပနဲ့၊ သမ္မာဒိဋ္ဌိ၊ အကြောင်း၊ စိတ္တက္ခဏ၊ တချက်ထဲ လာလိမ့်မယ်၊ သမ္မာသင်္ကပ္ပတင်-သမ္မာဒိဋ္ဌိကမြင်- တင်မြင်တပြိုင်နက် ခေါ်တယ်၊ ကြံစီ၊ စဉ်းစား၊ တွေးတောနေတယ်ဆိုဒါ၊ အဲဒါက ပညတ်သမုတိ၊ သဘောခေါ်တယ်၊ စိတ္တက္ခဏ၊ တချက် ထဲမှာ-ကြံစီ၊ တွေးတော၊ စဉ်းစားလို့ ရပါ့မလား ?

॥ မရပါဘုရား॥ ॥

မရတော့၊ သမ္မာသင်္ကပ္ပဟာ-ဝိတက်၊ ဝိတက်ဆိုတာ "**အာရမ္မဏာ ဘိနိရောပနလက္ခဏော**" ခေါ်တယ်၊ အာရုံပေါ်သို့ စိတ်ကလေးတင်၊ ဝိတက် တင်လိုက်သည်နှင့် တပြိုင်နက် မြင်၊ အဲဒါ

သမ္မာဒိဋ္ဌိ ခေါ်တယ်၊ ဒါကြောင့် သဘာဝ ကျအောင် ယူကြတဲ့ ရှင်းသွားရဲ့လား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

ဟော- စိတ်ထဲမှာ ဘုရားမမြင်မခြင်း ဖွင့်ချီ၊ မှိတ်ချီ၊ ဖွင့်ချီ၊ မှိတ်ချီ၊ ပြုလုပ်နေဒါ၊ စလို ဝိတက် ခေါ်ပါ၊ ဗမာလို စိတ်နဲ့ ဘုရားမြင်အောင် ယူနေဒါလို့ ခေါ်ပါတယ်၊ ဟော....နှစ်ခု၊ ဘုရားနှစ်ခုရှိသွားပြီ။

မျက်မြင်ဘုရား .... တစ်။

စိတ်မြင်ဘုရား .... နှစ်။

ဟော စိတ်က ဘာမြင်နေသလဲ ?

॥ ဘုရားမြင်နေပါတယ်ဘုရား॥

ဘုရားမြင်နေတယ် မျက်လုံးက ဘယ့်နှယ်နေသလဲ ?

॥ မှိတ်ထားပါတယ်ဘုရား॥ ॥

**ဝိစာရသဘော။**

မှိတ်ထားတယ် မျက်လုံး မှိတ်ထားတယ်နော်၊ သေသေချာချာမှတ်ကြ၊ မျက်လုံးမှိတ်ထားသော်လဲဘဲ၊ စိတ်ကတော့ ဘုရားမြင်နေဒါဘဲ၊ အဲဒီအခါကြမှ "ဝိစာရ" တဲ့ ဝိစာရဆိုဒါ ဂုဏ်ကိုသုံးသပ်တယ်၊ ဂုဏ်တော်တင်တယ်၊ ဂုဏ်တော်မှန်းတယ်ဆိုလိုတယ်၊ စီးကမ်းကလေးနော်- ဘယ်အချိန် ဂုဏ်တော်တင်ရမလဲ မေးရင်- မျက်လုံးမှိတ်ပြီး၊ စိတ်နဲ့ဘုရားမြင်တဲ့အချိန်မှာ၊ ဂုဏ်တော်တင်ကြ။

သဘောကြပလား၊ ?

။ ကြပါတယ်ဘုရား။ ။

ဒါကြောင့်ဆရာတော်ကရှိခိုးခါနီး၊ရှိခိုးတော့မယ်၊ဩကာသ, ဆိုတော့မယ်ဆိုရင်၊ မျက်လုံးမှိတ်လိုက်ကြ၊ မျက်လုံးမှိတ်တော့၊ မျက်စေ့အာရုံဆိပ်မသွားဘူးလား၊ ဆိပ်သွားတဲ့အခါမှာ ဆိုရင်၊ ရှိခိုးခံရသော ရတနာသုံးပါး၏ရင်တွင် နာမ်အစဉ်မှာ၊ ဝင်တဲ့သီလ ဂုဏ်, သမာဓိဂုဏ်, ကို၊ ထိရောက်အောင် မတင်နိုင်ဘူးလား၊ ?

။ တင်နိုင်ပါတယ်ဘုရား။

အဲဒီလို စီးကမ်းကလေး မှတ်ထားရတယ်၊ ဘယ်အချိန်ဘုရား ဂုဏ်တော်တင်မလဲ၊ ဂုဏ်တော်မွန်းမလဲ၊ အဲဒီလိုဆိုလို့ ရှိရင်၊ မျက်လုံးမှိတ်စိတ်နဲ့ ဘုရားမြင်နေတဲ့အချိန်မှာ၊ ဂုဏ်တော်တင်ကြနော်၊ ဂုဏ်တော်တင်ဒါ ဂုဏ်တော်မွန်းဒါ ဂုဏ်တော် သုံးသပ်ထာကိုပင် လျှင်၊ စာလိုဝိစာရ, ခေါ်ပါသည်၊ ရှင်းပလား ?

။ ရှင်းပါတယ်ဘုရား။ ။

**အရဟံ ဂုဏ်တော် တင်ပုံ။**

ဂုဏ်တော်မွန်းပုံကလေးပြောမယ်၊ဂုဏ်တော်ကတော့ရတဲ့ဂုဏ်တော် မွန်းရဒါဘဲ၊ "အရဟံ" ဂုဏ်တော်ကလေး မွန်းပြမယ်၊ မွန်းလဲမွန်းဘူးရတယ်၊ "အရဟံ, အရဟံ, အရဟံ," ပါဠိတော် သက်သက်ပင်ဖြစ်စေ၊ "ပူဇော်ထိုက်သော ဘုရားကြီးပါတကား" ဘုရားကြီးပါတကားလို့ မြန်မာလိုသက်သက်ဖြစ်စေ၊ အရဟံ, ဂုဏ်ထူးဖြင့် ပူဇော်ထိုက်သော ဘုရားကြီးပါတကား၊ ဘုရားကြီး ပါတကားလို့ ပါဠိမြန်မာ နှစ်ဘာသာရောယှက်၍ဖြစ်စေ၊ တိုတို လေး ဂုဏ်တော်တင်ကြ၊ တကယ့်သမထဆိုရင် စိတ်နဲ့ဂုဏ်တော်

တင်ရ, ပါးစပ်ကမဆိုရဘူး၊ အကယ်၍ စိတ်နဲ့ ဂုဏ်တော်တင်ဒါ မထိရောက်သေးဘူးဆိုရင်၊ ပါးစပ်နဲ့ ဆိုရတယ်၊ ပါးစပ်နဲ့ ဆိုခြင်းသည် စိတ်မှာစွဲမြဲဘို့အထောက်အပံ့ဘဲ။

ဒါကြောင့် ကျယ်ကျယ်ကြီး ဂုဏ်တော်သုံးသပ်နေဘို့မလိုဘူး၊ အကယ်၍ ကျယ်ကျယ်ကြီးသုံးသပ်နေမယ်ဆိုရင်၊ မိမိအသံကို မိမိ သာယာနေဒါရှိတတ်တယ်၊ ဒါကြောင့်စိတ်မှာ ဂုဏ်တော်ကလေးတွေစွဲဘို့၊ မှန်းတဲ့အခါမှာဆိုလို့ရှိရင်၊ ဝစီကံနဲ့မှန်းရတယ်၊မှတ်မိပလား၊ ?

။ မှတ်မိပါပြီဘုရား။ ။

**စိတ်ထင်ဘုရားရှိခိုးပုံ။**

ဤကဲ့သို့ 'အရဟံ'အရဟံ'အရဟံ'လို့ ပါဠိသက်သက် အနက်လဲထင်မယ်၊ သဘောလဲပါမယ်ဆိုရင်၊ပါဠိသက်သက်ကလေး မှန်းတာကောင်းတယ်၊ အရဟံ့အရဟံ'အရဟံ'လို့ ဂုဏ်တော်ကိုတင်ပါများရင်၊ ဂုဏ်တော်ကိုသုံးသပ်၊ဂုဏ်တော်ကိုမှန်းပါများရင်၊ ရွှေနားမှာ ဘုရားတဆူ ဘွားကနဲပေါ်လာတတ်တယ်၊ စိတ်ထင်ဘုရားနော်။

အရင်မျက်မြင်ဘုရား၊ စိတ်မြင်ဘုရားမဟုတ်တော့ဘူး၊ အရင်ဘုရားက၊ ခုန-မဟာမြတ်မုနိဘုရား ပြောခဲ့တယ်၊ ယခု စိတ်ထဲမှာ လာထင်တဲ့ဘုရားက မဟာမြတ်မုနိမဟုတ်တော့ဘူး၊ ရှေ့နားက ဘွားကနဲ့ ပေါ်တက်လာတယ်ဆိုလျှင်၊ တကယ့်ဘုရားလို့ စိတ်က ထင်တတ်၊ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးပြီးတော့နေဒါ၊ တကယ်တန်းတွေ့ရသလို မြင်ရသည်ဖြစ်လေသောကြောင့် ဘုရား အစစ်လို့ စိတ်ကထင်တတ်တယ်။

ဤကဲ့သို့ ဘုရားအစစ်၊ စိတ်ကထင်မယ်ဆိုလျှင်၊ ကြက်သီးက လေးတွေဖြန်းကနဲ့၊ စိမ့်ကနဲ့၊ သိမ့်ကနဲ့၊ အေးကနဲ့၊ ဆိုတာလိုသိသိ သာသာပီတိတွေဖြစ်ပေါ်လာတတ်တယ်၊ဝမ်းသာလာတတ်တယ်၊ လို့ဆိုလိုသည်၊ ငါတော့ဘုရားအစစ်ဖူးရပြီ တယ်ထူးပါကလား၊ ဤကဲ့သို့အောင်းမေ့ပြီးသကာလ၊ ဘုရားရှေ့၊ ကိုယ်ကြီးကိုရှေ့ မယ် လို့ အား ယူ လိုက် တဲ့ အ ချိန် မှာ၊ ရိပ် ခ နဲ့ ပျောက်သွား တတ်တယ်။

**ပီတိသဘော။**

အံ့အားသင့်နေဒါဘဲ၊ နောက်ပိတ်ဆုံး အရဟံ၊ အရဟံ၊ အရဟံ၊ လို့ ဂုဏ်တော်ကိုမှန်းပါများမယ်ဆိုရင်၊ မျက်လုံးမှိတ်၊ စိတ်ရှေ့နားမှာဆိုရင် ဘုရားခနဲ ပေါ်တက်လာပြန်သည်၊ ဤကဲ့သို့ ပေါ်တက်လာတဲ့အချိန်မှာ၊ အင်မတန်ကုသိုလ်ထူးလို့ ငါ့မှာဖူးရ တယ်လို့ ဘုရားအစစ်ကြီးကိုပင် ငါဖူးမြင်ရတယ်လို့ အင်မတန် အားရသည် ဖြစ်သောကြောင့်၊ ကြက်သီးကလေးတွေ ဖြန်းကနဲ့၊ စိမ့်ကနဲ့၊ သိမ့်ကနဲ့၊ အေးကနဲ့၊ ဆိုတာလို သိသိသာသာ ပီတိတွေ ဖြစ်ပေါ်လာတတ်တယ်၊ ဝမ်းသာလာတတ်တယ်၊ အဲဒါ "ပီတိ" ခေါ်တယ်၊ ရှင်းပလား ?

။ ရှင်းပါတယ်ဘုရား။ ။

ဝမ်းသာမယ်ဆိုရင်၊ ကြည်ညိုစရာ-ကြည်ညိုစရာ,ဆိုတဲ့အဖြစ် မျိုးလဲပေါ်လာတတ်တယ်၊ ဒီဘုရားဟာလေ-အင်မတန်ကြည်ညို စရာကောင်း၊ ဘာဖြစ်လို့လဲမေးရင် ဒီဘုရားကို ဂုဏ်တော်များ တင်လိုက်ပြီဆိုရင် အင်မတန် ပီတိဖြစ်လို့၊ ကြက်သီးတွေထလို့

ဝမ်းသာလို့ အင်မတန် ကြည်ညိုစရာကောင်းတဲ့ ဘုရားတဆူရယ်လို့ လောကမှာခေါ်ဝေါ်ပညတ် သမုဒ်အပ်ပါသည်၊ ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ပီတိသည်အကြောင်း၊ကြည်ညိုစရာပေါ်လာတာသည်အကျိုးတရား၊ရှင်းရှင်းလေးမှတ်ထားကြ၊ ကြည်ညိုစရာကောင်းလေလေ ဝမ်းသာလေလေ, ဝမ်းသာလေလေ, ပိုပြီးတော့ ကြည်ညိုစရာကောင်းလေလေ....။

**သုခ သဘော။**

ဤကဲ့သို့ ကြည်ညိုစရာကောင်းပြီး သကာလ၊ ဝမ်းသာလာမယ်ဆိုရင်, စိတ်ချမ်းသာ လာတတ်တယ်၊ စိတ်ချမ်းသာ လာပြီဆိုရင်, တန္တယ်ငင် တစည်ပါဖြစ်သောကြောင့်၊ ကိုယ်လဲဘဲ ချမ်းသာလာတတ်တယ်၊ဤကဲ့သို့ စိတ်ချမ်းသာ, ကိုယ်ချမ်းသာ, ဖြစ်ပေါ်လာမယ်ဆိုရင်, ရတနာအစစ် ပေါ်လာတတ်တယ်၊ "ရတိံ-ဇနေတီတိ ရတနံ" ပျော်စရာ ဖြစ်စေတတ်တယ်လို့ ဆိုလိုသည်၊ ရှင်းရဲ့လား ?

။ ရှင်းပါတယ်ဘုရား။ ။

ဒီတခါ ဘုရားဖူးရဒါ ပျော်တယ်ဟေ့.... တယ်ပြီးတော့ ပျော်တယ်၊ ဘာဖြစ်လို့ ပျော်သလဲ, စိတ်ကချမ်းသာ, ကိုယ်ကချမ်းသာ,လို့။

**ဥပမာ။** ။ဘုရားဖူးတာဟာ တနာရီလောက်တောင် ကြာသွားတယ်၊ ကိုယ်လေးကြည့်မယ်ဆိုရင်၊ ညောင်း

ခြင်း, ထုံခြင်း, ကျင်ခြင်း, ကိုက်ခြင်း, နာခြင်း, အောင့်ခြင်း, ဘာမှလဲ မရှိဘူး၊ ကြာကြာလဲ ထိုင်နိုင်တယ်၊ ငါ့စိတ် ကလေး ဟာလေ.... ဒီတခါ ဘုရားဖူးရဒါ တယ်ချမ်းသာတယ်၊ စိတ်ဆိုး, စိတ်ညစ်, စိတ်ကောက်, စိတ်မချမ်းသာဒါ, မရှိဘူး၊ စိတ်လေ, စိတ်လွင့်, စိတ်ကူး, အချောင်နေဒါလဲဘဲ ဘာမှမရှိဘူး၊အင်မတန် ငါ့စိတ်ကလေး, ဒီတခါ ဘုရားဖူးရဒါ, ခါတိုင်းနဲ့ မတူဘူး၊ တယ်ပြီးတော့လဲ စိတ်ချမ်းသာတယ်၊ ဒါကြောင့် စိတ်ချမ်းသာ, ကိုယ်ချမ်းသာ,ဖြစ်ခြင်း သည်အကြောင်း ရတနာ, ပျော်စရာဖြစ် စေခြင်းသည်ကား အကျိုးတရား။

မျှင်းရှင်းမှတ်ထားနော် ?

။ မှန်ပါ့ဘုရား။ ။

**ကေဂ္ဂတာသဘော။**

အင်း.... ပျော်စရာ ဖြစ်လေလေ, ချမ်းသာလေလေ, ချမ်း သာ လေလေ, ပိုပြီးတော့ ပျော်စရာ ဖြစ်လေလေ၊ ပိုပြီးတော့ ပျော်စရာဖြစ်မယ်ဆိုရင်၊ ဘုရားအာရုံတခုထဲစွဲပြီးတော့ သွားဒါ ဘဲ၊ ဒါ "ကေဂ္ဂတာ" ခေါ်တယ်၊ စိတ်လေး ဟာဖြင့် ဘုရား အာရုံတခုထဲစွဲပြီးတော့ သွားပြီ၊ အဲဒါ 'ကေဂ္ဂတာ'နော်....။

ဘုရားအာရုံတခုထဲ စွဲသွားမယ်ဆိုရင် "သမာဓိ"တဲ့၊ ဘုရား အာရုံထဲမှာ စိတ်ကလေးသည်၊ ကောင်းမွန် တည်တန့်,ခိုင်ခန့်, နေသွားပြီ၊ စိတ်ကလေး ဝပ်သွားပြီ ဆိုလိုတယ်၊ အင်မတန် လေငြိမ်သော နေရာမှာ မီးကလေးထွန်းထား လိုက်ဘိ သကဲ့သို့၊ မလှုပ်တော့ဘူး၊ စိတ်ကလေးသည် ဘုရားအာရုံထဲမှာ ကောင်း

ကောင်းကြီး၊ တည်သွားပြီ ခေါ်တယ်၊ ဤကဲ့သို့ စိတ်ကလေး သည် သမာဓိ ချက်ဖြင့် ကောင်းမွန်စွာတည်မယ် ဆိုလို့ ရှိရင်၊ သမထ ကိလေသာ ငြိမ်းနေပြီနော်....။

**သမထ**။ ။"ကိလေသေ သမေတီတိ သမထော"ဆိုသော ကြောင့်၊ ကိလေသာ ငြိမ်းနေပြီ၊ ဘယ် ကိလေ သာလဲ မနောကံ အသစ်ကို သမထနဲ့ ဖိ လို့ ဆိုသောကြောင့် မနောကံ ကိလေသာနော်....။

သူများအသက်ကို သတ်ဘို့ ကြံစီစိတ်ကူးဒါ။

ခိုးယူ တိုက်ဖျက် လုယက်ဘို့ ကြံစီစိတ်ကူးဒါ။

မသွားလာကောင်းသော ကာမဂုဏ် တို့၌ ပြစ်မှားဘို့ ကြံစီ စိတ်ကူးဒါ။

ပေါ်သေးသလား ?

။ မပေါ်တော့ပါဘုရား။ ။

ကာယကံနဲ့ စပ်တဲ့ မနောကံတွေ ငြိမ်းမနေဘူးလား ?

။ ငြိမ်းနေပါဘုရား၊ ။

ထို့အတူ ဝစီကံနဲ့ စပ်သော မနောကံ လေးခုကော ငြိမ်း မနေဘူးလား၊ အဲဒါ သမထ ခေါ်တယ်၊ အကြောင်း အကျိုး နော်....။

**စိတ္တဝိသုဒ္ဓိကြောင်းကျိုး။**

ဤကဲ့သို့ ကိလေသာ ငြိမ်းနေပြီဆိုရင် "စိတ္တဝိသုဒ္ဓိ" စိတ်က လေး အခုမှသန့်တယ်၊ အခုမှစင်ကြယ်တယ်၊ အခုမှ ကောင်းသွား

တယ် ခေါ်တယ်၊ ငါ့စိတ်နော်, ငါ့စိတ်လေး, ဘုရားမရှိခိုးခင်တုံး က တယ်ရှုပ်တယ်, စိတ်ညစ်တယ်, စိတ်ဆိုးတယ်, စိတ်ကောက် တယ်, စိတ်မချမ်းသာဒါ အတော်များတယ်၊ ကာယကံနဲ့ စပ်တဲ့ သတ်ဘို့ ခိုးဘို့, ပြစ်မှားဘို့, ဒီလိုစိတ်ကူးကြံစီတာတွေ အတော် များတယ်၊ ကောင်းကိုမကောင်းဘူး၊ အခုစိတ်ကလေး အင်မတန် ကောင်းသွားတယ်၊ ဘာဖြစ်လို့ ကောင်းသလဲမေးရင်, ကိလေ သာ ငြိမ်းနေလို့၊ ဘာဖြစ်လို့ ကိလေသာ ငြိမ်းနေသလဲ, ဘုရား အာရုံတခုထဲမှာ စိတ်ကလေးဝပ်သွားလို့,ဘာဖြစ်လို့, ဝပ်သွားသ လဲမေးရင်ဘုရားအာရုံတခုထဲမှာယူပြီးတော့ ထားလို့၊အကြောင်း အကျိုးသာ ဆက်ပေတော့ 'ကေဂုတာ' အကြောင်း၊ သမာဓိ, အကျိုး၊ သမာဓိအကြောင်း သမထ အကျိုး၊သမထအကြောင်း "စိတ္တဝိသုဒ္ဓိ"အကျိုးပါ။

ရှင်းသွားပလား ?

ရှင်းသွားပါပြီဘုရား။ ။

အဲဒီလေးခုဟာ တပြိုင်နက်ပါတယ်၊ အာရုံတခုထဲ ယူမယ်ဆို ရင် စိတ်တည်-စိတ်တည်ရင်-ကိလေသာငြိမ်း၊ ကိလေသာငြိမ်းမယ် ဆိုရင်,စိတ်ကလေးစင်ကြယ်, စိတ်ကလေး စင်ကြယ်မယ် ဆိုရင်, "စိတ္တဝိသုဒ္ဓိ"ဖြစ်၊ ဟော-အားလုံးရှင်းသွားပလား ?

။ အားလုံးရှင်းပါပြီဘုရား။ ။

မနေ့ကအသစ်ကို သမထနဲ့ ဖိပုံပါဘဲ၊ အဲဒါလမ်းရှည်ထဲက သမထနော်။

။ မှန်ပါ့ဘုရား။ ။

လမ်းရှည်ထဲက သမထ စည်းကမ်းအတိုင်း ပြုလုပ်မယ် ဆိုလို့ရှိရင် အဲဒါအထူးဘုရားရှိခိုးဘဲ၊ အိမ်မှာအဲဒီလို ပြုလုပ်ကြနော်၊ ဘုရားမှာ အခုရှိသေဒါတွေ အင်မတန်များ၊ တချို့ အိမ်များမှာ ဆိုလို့ရှိရင် ကျောင်းလိုဘဲ ဘုရားခန်း ခတ်ကျယ်ကျယ်လေးထုတ်ထား၊ ဘုရားခမ်းက တယ်သားနားဒါဘဲ၊ ဆလိုက်မီးတွေ ဘာတွေနဲ့ အင်မတန် သားနားတာဘဲ၊ ဤကဲ့သို့ဘုရားခမ်း၌ ဘုရားအာရုံယူတဲ့ အခါကာလမယ်ဆိုရင် သမထဆန်ဆန်နဲ့ အထူးဘုရားရှိခိုး အထူးအာရုံပြုပုံကလေးကို ယူစေချင်တဲ့ အတွက်ကြောင့်၊ ကိုယ့်လမ်းပင် မဟုတ်ငြားသော်လည်းဘဲ အထူးဘုရားရှိခိုး ရယ်လို့ "ဗုဒ္ဓါနုဿတိ" ကမ္မဋ္ဌာန်းနဲ့ ပတ်သက်၍ အကျဉ်းဆုံးမလိုက်ပါသည်၊ နည်းရလို့ ဝမ်းမြောက်ခဲ့ပါလျှင် သုံးကြိမ် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု။

**လမ်းတိုနဲ့ ဝိပဿနာ။**

အဲဒါလမ်းရှည်တော့ ကုန်သွားဘီ၊ လမ်းရှည်ကုန်သွားတော့ လမ်းတိုပြောကြစို့၊ လမ်းတိုဆိုရင် "ခဏိက-သမာဓိ" ကောက်ရတယ်နော်-ကဲ....လမ်းတိုကလေး စဉ်ကြအုံးစို့။

**ဆောင်။** ။သီလအစ ၊သမထ ဝိပဿနာ အဆုံး၊ ဒိဋ္ဌိအမှားငုတ်၊ပြုတ်နိုင်တဲ့ လမ်းတိုလမ်းစဉ်ထုံး။

ဒါလေးလဲ ရအောင် လုပ်ရတယ်၊ လမ်းတိုနှင့် ဝိပဿနာယာနိက၊လမ်းနဲ့ မဂ်၊ဖိုလ်၊နိဗ္ဗာန်ရချင်တယ် ဆိုရင် သူ့အစဉ်အတိုင်း လုပ်ရတယ်၊သီလအစဆိုသောကြောင့် အစဆုံး၊သီလလုံခြုံ

အောင် ဖြည့်ကျင့်ရတယ်၊ သမထ ဝိပဿနာ, အဆုံးဆိုသော ကြောင့် သီလလုံခြုံပြီးလျှင် သမထနဲ့ ဝိပဿနာ, တပြိုင်ထဲ လုပ် ရတယ်၊ ယုဂနန္ဓ,နည်းခေါ်တယ်၊ ယုဂ,သမထ ဝိပဿနာတစုံ၊နန္ဓ တွဲခေါ်တယ်၊ သမထဝိပဿနာအစုံတွဲ၍ မဂ်ဝင်တဲ့နည်း၊ ဖိုလ် ဝင်စားနိုင်တဲ့နည်း၊ ဒိဋ္ဌအငုတ် သတ်နိုင်တဲ့နည်းလို့ အဲဒီလိုလဲမှတ် ပါ,ဒါဖြင့် သမထသီးခြားမလုပ်ရဘူးနော်၊ ဝိပဿနာအားထုတ် မယ်ဆိုရင်,သမထပါလာဒါဘဲ၊ ဘယ်သမထလဲမေးရင် "ခဏိက" သမထလို့ ယူထားကြ။

**သမထယာနိကဿဟိ-ဥပစာရအပ္ပနာပဘေဒံ**

**သမာဓိ-ဋ္ဌကဿရဿ-ခဏိက-သမာဓိံ ။**

(ဝိသုဒ္ဓိ မဂ်မဟာဋီကာ ပထမအုပ် နိဒါန်း)

ဝိသုဒ္ဓိမဂ် မဟာဋီကာ, ပထမအုပ်-နိဒါန်းမှာ လာတဲ့ စုန္ဒိယ စကားနော်, ဒါဖြင့်လမ်းတိုထဲက၊ သမထဆိုရင်၊ ခဏိက,သမထ၊ ခဏိကသမာဓိကောက်ပါ။

**ခဏိက-သမာဓိအကြောင်း။**

ဒါဖြင့် ခဏိက-သမာဓိ,အကြောင်းပြောကြစို့၊ ဒါကကိုယ့် လမ်းနော်-ကျကျနနမှတ်ပါ၊ ခဏိက-တပုဒ်၊ သမာဓိ-တပုဒ်၊ နှစ် ပုဒ်ခွဲပါ၊ ခဏိကမှာဆိုရင်၊ ဥပါဒ်-ဋ္ဌီ-ဘင်- ခဏ ငယ် သုံး ချက် ကောက်ပါ၊ မြန်မာလိုဆိုရင်၊ ဖြစ်ထာ, ရင့်ဒါ,ပျက်ထာ,သုံးမျိုး ကောက်ပါ၊ ရှင်းရဲ့လား ၊ ?

॥ ရှင်းပါဘုရား ॥

ဠ္ဌီ-ဆိုတာ၊ ရင့်ဒါခေါ်တယ်၊ ရင့်တယ်ဆိုဒါ-ဇရာခေါ်တယ်၊ ပရမတ်ဌ္ဌီ့ပရမတ်ဇရာခေါ်တယ်၊ ပရမတ်-ဌ္ဌီ-ပရမတ်ဇရာကလေးဟာ၊ အင်မတန်သိမ်မွေ့တယ်၊ အင်မတန်သိဘို့ရာ ခဲယဉ်းတယ်၊ ဘာဖြစ်လို့လဲ၊ ဖြစ်ပြီးလျှင်ပျက်တဲ့ဘက်သို့ နဲနဲလေးစောင်းလိုက်ထာ၊နဲနဲလေး ငဲ့လိုက်ထာ၊ အဲဒါပရမတ်ဇရာ့ခေါ်တယ်၊ဖြစ်ပြီးလျှင့်ဘင့်ဘက်သို့နဲနဲလေးစောင်းလိုက်ထာကိုအဲ့ဒါဇရာ့ခေါ်ဒါဘဲ၊ဒါကြောင့် အလွန်တရာ သိမ်မွေ့နူးညံ့သိဘို့ရာခဲယဉ်းသည်ဖြစ်လေသောကြောင့်၊ပရမတ် ဌ္ဌီ-ပရမတ် ဇရာ့ဖယ်ပါ-ဖြစ့်နဲ-ပျက့်နဲ့-ဒီနှစ်ခုယူပါ၊ ဖြစ့်နဲ-ပျက့် ဒီနှစ်ခုယူမယ်ဆိုရင် ပစ္စုပ္ပါန်ယူပါ၊ ပစ္စုပ္ပါန်ယူမယ်ဆိုရင်၊ ပေါ်တုံးပေါ်ခိုက်ယူပါ၊ ပေါ်တုံးပေါ်ခိုက်ကို့ "ခဏိက" ခေါ်ပါသည်။

ရှင်းသွားပလား၊ ?

။ ရှင်းသွားပါဘုရား။ ။

ဒါဖြင့် ခဏိကသည် ပေါ်တုံး ပေါ်ခိုက် ဆိုသောကြောင့်၊ ဖြစ်နဲ့ ပျက်နဲ့၊ဒီနှစ်ခုပါတယ်၊ ဥပါဒ်ခြည်းသက်သက်မဟုတ်ဘူးနော်....ဘင့်လဲမပါဘူးလား၊?

။ ပါပါတယ်ဘုရား။ ။

ဘင့်ပါသောကြောင့် နောက်ကိုရှုမှတ်တဲ့နေရာမှာ၊ ဖြစ်ထာလဲသိရမယ်၊ပျက်သွားဒါလဲသိရမယ်လို့၊ဒီလိုဆိုလိုတယ်နော်။

။ မှန်ပါဘုရား။

ခဏိက-ခြောက်မျိုး။

အဲဒါ-ခဏိက ဘဲ၊ နောက်ပြီးတော့ ခဏိကမှာ ခြောက်မျိုးရှိတယ်၊ ဆရာတော်မနက်ကတုံးက၊ ဝိပဿနာ အားထုတ်မယ်ဆိုရင် ဘယ်နှစ်မျိုးရှိတယ်လို့ ပြောခဲ့သလဲ၊?

။ ခြောက်မျိုးပါဘုရား။ ။

ခြောက်မျိုးနော်·ခြောက်မျိုးရှိသောကြောင့် သမာဓိ လဲဘဲ ခြောက်မျိုးရှိတယ်။

ခြောက်မျိုးကောက်မယ်။

မျက်လုံးတွေ ခဏိကတမျိုး။

နားတွေ ခဏိကတမျိုး။

နှာခေါင်းတွေ ခဏိကတမျိုး။

လျှာတွေ ခဏိကတမျိုး။

ကိုယ်တွေ ခဏိကတမျိုး။

မနောတွေ ခဏိကတမျိုး။

ဘယ်နှစ်မျိုးရှိသလဲ ?

။ ခြောက်မျိုးပါဘုရား။ ။

အခု ဆရာတော်ပြဒါ ကိုယ်တွေနော်၊ဒါဖြင့် ကိုယ်တွေခဏိက ကောက်ပေါ့၊ကိုယ်တွေဆိုလျှင် ကိုယ်မှာတွေဒါ၊ ကိုယ်မှာပေါ်ဒါ

ဘယ်နှစ်မျိုးလဲ ?

။ ငါးမျိုးပါဘုရား။ ။

**ကိုယ်တွေ့ခဏိကသမာဓိ။**

ပူဒါ,အေးဒါ,လှုပ်ထာ,ဆင်းရဲဒါ,ချမ်းသာဒါ,ဘယ်နှစ်မျိုး?

။ ငါးမျိုးပါဘုရား။ ။

အဲဒါကိုယ်တွေ့ခေါ်တယ်၊ ကိုယ်တွေ့ခဏိကဖြစ်သောကြောင့် ငါးမျိုးလဲမှန်ပါစေ၊ ခဏိက, ဖြစ်သောကြောင့် ကိုယ်ထဲမှာ ပေါ်တုံးပေါ်ခိုက် မှန်ပါစေ, ဒီနှစ်ချက်ညီမှ ကိုယ်တွေ့ခဏိကနော်။

သမာဓိဆိုတော့ စိတ်တည်တာဘဲ သဘောကြရဲ့လား ?

။ သဘောကြပါဘုရား။ ။

အဲဒါသုံးချက် ညီရတယ်၊ ကိုယ်တွေ့လဲ ဖြစ်ရမယ်, ခဏိကလဲ ဖြစ်ရမယ်, သမာဓိလဲ ဖြစ်ရမယ်, သုံးချက်ညီ။

က- ယောဂီတို့ ကိုယ်ထဲမှာ သွင်းပြမယ်။

အပူကလေးသည် တင်ပါးမှာ ပေါ်တယ် ဆိုပါတော့၊ အပူကလေးက ကိုယ်တွေ့ထဲကပါ၊ တင်ပါးမှာ ပေါ်တက်လာဒါက ခဏိက,ပါ၊ အဲဒီ အပူကလေး ပေါ်၌ စိတ်ရောက်သွားဒါက သမာဓိ,ပါ၊ ပေါင်းတော့ ကိုယ်တွေ့, "ခဏိက, သမာဓိ" သုံးချက်ညီပါ၊ အလုပ်စခန်းနော်....။

အအေးလေးသည် ခြေဖျား, လက်ဖျား,မှာ ပေါ်တယ်ဆိုပါတော့၊ အအေးလေး,က ကိုယ်တွေ့ထဲကပါ၊ ခြေဖျား,လက်ဖျား, မှာ ပေါ်လာဒါက- ခဏိက,ပါ၊ အဲဒီ အအေးလေး အပေါ်၌ စိတ်ရောက်သွား ဒါက- သမာဓိ,ပါ၊ ပေါင်းတော့ ကိုယ်တွေ့ "ခဏိက, သမာဓိ, သုံးချက်ညီပါ။

ရှင်းရဲ့လား ?

။ ရှင်းပါတယ်ဘုရား။ ။

လှုပ်ထာကလေး။ ။ဒိပ်ဒိပ်, ဒိပ်ဒိပ်,နဲ့ လှုပ်ထာ၊ လှုပ်လှုပ်, လှုပ်လှုပ်,နဲ့ လှုပ်ထာ၊ ဖြတ်ဖြတ်, ဖြတ်ဖြတ်,နဲ့ လှုပ်ထာ၊ ဆပ်ဆပ်, ဆပ်ဆပ်,နဲ့ လှုပ်ထာ စသည်တို့ဖြင့် အလှုပ်ကလေးသည်-ရင်ထဲမှာ ပေါ်တယ်ဆိုပါတော့၊ အဲဒီအလှုပ်ကလေးက-ကိုယ်တွေ့ထဲကပါ၊ ရင်ထဲမှာ ပေါ်တက်လာဒါက ခဏိက,ပါ၊ အဲဒီအလှုပ်ကလေးအပေါ်၌ စိတ်ရောက်သွား ဒါက- သမာဓိ,ပါ၊ ပေါင်းတော့ "ကိုယ်တွေ့, ခဏိက, သမာဓိ" သုံးချက်ညီပါ။

ဆင်းရဲဒါကလေး။ ။ကျင်တာ,နာတာ,ကိုက်ထာ,လေးသည် ပေါင်ထဲမှာ ပေါ်တယ်ဆိုပါတော့၊ အဲ့ဒီ ကျင်,နာ,ကိုက်,ခဲ,ဆိုဒါ ကိုယ်တွေ့ပါ၊ ပေါင်မှာ ပေါ်တက် လာဒါက- ခဏိက, ပါ၊ အဲ့ဒီ ဆင်းရဲတဲ့အပေါ်၌ စိတ်ရောက်သွား ဒါက- သမာဓိ,ပါ၊ ပေါင်းတော့ "ကိုယ်တွေ့,ခဏိက-သမာဓိ" သုံးချက် ညီပါ။

စိမ့်ကနဲ, ဖြန်းကနဲ, သိမ့်ကနဲ, အေးကနဲ, ဆိုတဲ့ ချမ်းသာမှုကလေးတွေ ရင်ထဲမှာ ပေါ်တယ်ဆိုပါတော့၊ အဲဒီ ချမ်းသာမှုလေးတွေက- ကိုယ်တွေ့ထဲကပါ၊ ရင်ထဲမှာ ပေါ်တက်လာဒါက- ခဏိက,ပါ၊ အဲဒီ ချမ်းသာတဲ့အပေါ်မှာ စိတ်ရောက်သွားဒါက- သမာဓိ,ပါ၊ ပေါင်းတော့ "ကိုယ်တွေ့,ခဏိက-သမာဓိ" သုံးချက် ညီပါ။

ပညာ တကယ်ရှိရင်- ဒါလောက် ကျယ်ကျယ်,လွင့်လွင့်,ပြော ထားရင်၊ အစစ်ခံဘို့တောင် မလိုတော့ဘူး၊ ခန္ဓာမှာပေါ်ပုံ ပေါ်

နည်း၊ သမာဓိ ရှိပုံ ရှိနည်းတွေ အကုန်ပါသွားဒါဘဲ၊တရားလဲဘဲ အခြေခံနဲ့ ရသွားရင်၊ ပြလဲ ပြတတ်ထာဘဲ၊ အဲဒါ "ခဏိက-သမာဓိ" နော်....၊ ဘာ ခဏိကလဲ မေးရင်၊ "ကိုယ်တွေ့ ခဏိက-သမာဓိ" နော်....

**သမာဓိမဂ္ဂင်သုံးပါးနဲ့ ညီပုံ။**

ငါးမျိုးလဲ မှန်ရမယ်၊ ခဏိက ဆိုသောကြောင့် ပေါ်တိုင်း ပေါ်တိုင်းလဲ စိတ်ကလေးရောက်သွားရမယ်၊ အဲဒါ ခဏိက-သမာဓိ "ခဏိက-သမာဓိ" ဆိုလျှင် သမ္မာဓိ မဂ္ဂင် သုံးပါးထဲ သွင်းချလိုက်တော့၊ပေါ်တုံးစိတ်တည်တယ်ဆိုရင်၊ 'သမ္မာသမာဓိ' ဘဲ၊ သမာဓိ ကောင်းတယ်၊ သမာဓိ ခိုင်မြဲတယ် ဆိုလိုသည်၊ သမာဓိကောင်းရင်၊ သမာဓိ ခိုင်မြဲရင် ဘယ်နှယ်နေသလဲ။

**ဆောင်**။ ။သမာဓိ ကောင်းတော့ ပေါ်တိုင်းစိတ်တည်ငြား။

ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

သမာဓိ ကောင်းရင် ပေါ်တိုင်း ပေါ်တိုင်း စိတ်မတည်ဘူးလား ?

။ တည်ပါတယ်ဘုရား။ ။

ခေါင်းမှာ ပေါ်ရင်ကော စိတ်မရောက်ဘူးလား ?

။ ရောက်ပါတယ်ဘုရား။ ။

အလယ်ပိုင်းပေါ်ရင်ကော

။ ရောက်ပါတယ်ဘုရား။ ။

အောက်ပိုင်းပေါ်ရင်ကော ?

॥ ရောက်ပါတယ်ဘုရား॥ ॥

ကွက်ကွက်ပေါ်ရင်ကော ?

॥ ရောက်ပါတယ်ဘုရား॥ ॥

တကိုယ်လုံးပေါ်ရင်ကော ?

॥ ရောက်ပါတယ်ဘုရား॥ ॥

စိတ်ကလေး ရောက်ရောက် သွားဒါဘဲ၊ အဲဒါ သမ္မာသမာဓိ "ခဏိက-သမာဓိ"ဘဲ၊ "သမာဓိ ကောင်းတော့ ပေါ်တိုင်း စိတ်တည်ငြား" ဒါကလေးလဲရအောင် လုပ်ရမယ်။

ဒါဖြင့် သမာဓိ ကောင်းတယ်လို့ ဆိုလိုက် သဖြင့်၊ သမ္မာသတိ သတိကောင်းပြီးသား၊ သမ္မာဝါယမ ဇွဲကောင်းပြီးသား လို့ ကိန်းသေယူလိုက်ရတယ်၊ ဘာကြောင့်လဲ ဒီသမ္မာသတိနဲ့ သမ္မာဝါယမ ဒီနှစ်ခုမှ အားမပေးရင်၊ ဘယ်တော့မှ သမ္မာ-သမာဓိ မဖြစ်နိုင်ဘူး၊ ပေါ်တိုင်း ပေါ်တိုင်း စိတ်ကလေးမတည် နိုင်ဘူးနော်....။

အားလုံးရှင်းရဲ့လား ?

॥ ရှင်းပါတယ်ဘုရား॥ ॥

အဲဒါ.... ဓာတုကထာ ဆိုဘူးတဲ့ ပုဂ္ဂိုလ်တွေက ဒီမှာ အလုပ် စခန်းဘဲ၊ ဒါအလုပ်ဘဲခေါ်တယ်၊ သမ္မာသတိ သည် သတိ သမ္မာဝါယမသည် ဝီရိယ၊ သတိနဲ့ ဝီရိယသည် သမာဓိမဟုတ် ပါဘဲနဲ့၊ ဘာဖြစ်လို့ သမာဓိ မဂ္ဂင်ထဲ ထည့်သွင်း ထားရသလဲ၊

အဲဒီလိုမေးရင်၊ ဟိုက ဖြေလိမ့်မယ်၊ စရိယာသင်္ဂဟ တဲ့၊ သမ္မာ·သမာဓိ ဆိုတဲ့ ကေဂွတာ လဲ စိတ်တည်အောင် လုပ်ပေးတာဘဲ၊ ယခု သမ္မာသတိနဲ့ သမ္မာဝါယမ လဲဘဲ စရိယ စိတ်တည်အောင် လုပ်ပေးတာဘဲ သဘောကြပလား ?

॥ ကြပါပြီဘုရား॥ ॥

ကိစ္စသင်္ဂဟလဲခေါ်တယ်၊ အဲဒါ သူတို့နှစ်ခု မကူညီဘူးဆိုရင် ဘယ်နည်းနဲ့ကမှ ဒီ- သမ္မာသမာဓိ ပေါ်တိုင်း ပေါ်တိုင်း စိတ်ကလေး မတည်ရဘူးနော်၊ ကဲ ဒါဖြင့် သမ္မာသတိ ဆိုရင် သတိကောင်းတယ်ခေါ်တယ်။

**သမ္မာသတိ သဘော၊**

သတိကောင်းရင် ဘယ်နဲ့ နေသလဲ....။

**ဆောင်။** ॥သတိကောင်းတော့ ပေါ်တာထင်ရှား။ ॥

ကောက်ချက် ချထားရတယ်- သတိဆိုတော့ အောင်းမေ့တယ်- ဟော....မင်းကို အောင်းမေ့လိုက်ထာ အမှတ်ရလိုက်ထာ လွမ်းလိုက်ထာ နေ့စဉ်နှင့် အမျှပါဘဲလို့ ပြောတတ်တယ်၊ စကားဟာ တယ်ရှည်တာဘဲ၊ ကဲ ဘယ်ဥစ္စာ- သတိ-လဲ၊ အောင်းမေ့ဒါ သတိလား၊ အမှတ်ရဒါ သတိလား- ဘယ်ဥစ္စာ သတိလဲ အသေအချာ စစ်စမ်းလို့ ဆိုတော့ အဲဒါ သဘာဝကြဘို့ ခဲယဉ်းသွားဘဲ။

“**အာရမ္မဏူ ပဋ္ဌာန လက္ခဏော**” ဆိုတဲ့ လက္ခဏာ ကြည့်ပြီးတော့ သတိပြန်ရတယ်။

**ပမာ။** ။ရွှေတိဂုံဘုရားကြီးကိုအမှတ်ရတယ်၊ အမှတ်ရပါ များတော့ ရွှေတိဂုံဘုရားကြီးဟာ ဘွားဘွား ကြီးပေါ်တက်မလာဘူးလား ?

။ ပေါ်ပါတယ်ဘုရား။ ။

အဲဒါ သတိ လက်ချက်ခေါ်တယ်၊ သားတွေ့ မယားတွေ့ ပစ္စည်းတွေ့ အမှတ်ရပါများတော့ သားတွေ့ မယားတွေ့ ပစ္စည်း တွေ့ ပေါ်တက် မလာဘူးလား ?

။ ပေါ်တက်လာပါတယ် ဘုရား။ ။

အဲဒါ ဘယ်သူ့လက်ချက်လဲ ?

။ သတိပါဘုရား။ ။

သတိလက်ချက် ခေါ်တယ်၊ သဘာဝကြအောင် ယူကြ၊ အဲဒါ ကြည့်ပြီးတော့ ဆရာတော်က "သတိကောင်းတော့ ပေါ်ဒါထင် ရှား" ဟုတ်ကော ဟုတ်ရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အောင်းမေ့ပါများရင်၊ အောင်းမေ့အပ်သော အာရုံကြီး သည် ဘွားဘွားကြီး ပေါ်လာတတ်တယ်၊ မှတ်လဲ မှတ်ထားနော် သတိကောင်းတော့ ပေါ်ဒါ ထင်ရှား၊ ကဲ- ပေါ်ဒါ ထင်ရှားပြီ၊ ထင်ရှားတိုင်းကော စိတ်ကလေး တည်မလားလို့၊ ဒီလိုမေးရင် မဟုတ်ဘူး။

**သမ္မာဝါယမ သဘော။**

**ဥပမာ။** ။နေကြီးထွက်နေဒါ မထင်ရှားဘူးလား ?

။ ထင်ရှားပါတယ်ဘုရား။ ။

ထင်ရှားတိုင်းကော နေပေါ်မှာ စိတ်ရောက်မလား သမာဓိချက်ရမလားလို့ ဆိုဒါ မဟုတ်ပါဘူး၊စိတ်ကလေး တခြားထွက်နေရင် ရပမလား ?

။ မရပါဘူးဘုရား။ ။

ဒီနေကြီးကို ကြည့်မှသာလျှင် ပေါ်တိုင်း စိတ်တည်ရမယ်· သဘောကြရဲ့လား ?

။ ကြပါပြီဘုရား။ ။

စိတ် ကလေးသည်၊ ဥဒ္ဒစ္စ, စိတ်လေ, စိတ်လွင့်, စိတ်ကူး, အချောင် နေတယ်, ထိန-မိဒ္ဓ, ငိုက်ခြင်း, သန်းခြင်, ပျင်းခြင်, ဝေခြင်း, ဒီလိုနေမယ်၊ အဲဒီလို နေမယ်ဆိုလို့ ရှိရင် လ,ကြီးသည် အင်မတန်ထင်ရှား၊ နေ့,ကြီးသည် အင်မတန် ထင်ရှားသော်လဲဘဲ မြင်ပမလား ?

။ မမြင်ပါဘူးဘုရား။ ။

ရွှေတိဂုံ ဘုရားကြီးသည် အင်မတန် ရွှေချပြီးတော့၊ ဝါဝါ, ဝင်းဝင်း,ကြီးနဲ့ အင်မတန် ထင်ရှားဒါဘဲ ဘုရား အာရုံမရှိရင် မြင်ပါ့မလား ?

။ မမြင်ပါဘူးဘုရား။ ။

အဲဒါကြည့်တော့ အာရုံ ထင်ရှားတိုင်းလဲ စိတ်မတည်ဘူးနော် ဒါဖြင့် ဘာလေးကူရမလဲဆိုတော့ "သမ္မာဝါယမ" ဇွဲလေး ကူပေးရမယ်၊ ဇွဲကောင်းရမယ်၊ ဇွဲကောင်းရင် ဘယ်လိုနေသလဲ။

**ဆောင်**.၂ ။ဇွဲကောင်းတော့ စိတ်က တခြားမသွား။

ဟော- သမ္မာဝါယမ လေး- အဲဒါ ဗမာပြန်လိုက်တော့ "ဇွဲ" ခေါ်တယ်၊ ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

တခြားမသွားရဘူး၊ အဲဒါ သမ္မပ္ပဓါန်မှာ ကုသိုလ်နဲ့ဆိုင်တဲ့ သမ္မပ္ပဓါန်နှစ်ခု ဒီနေရာ သွင်းလိုက်၊ မတည်းသေးသော စိတ်ကို တည်လာအောင်- ကြိုးစားရမယ်၊ တည်ပြီးသော စိတ်ကို ဒီထက် တိုးပြီး တည်လာအောင် ကြိုးစားရမယ်၊ အဲဒါဇွဲဘဲ၊ စိတ်ကလေး ကအာသာကလေးများ ဇွဲမရှိဘဲနဲ့ လွှတ်ထားရင်၊ သွားခြင်ရာ သွားဒါဘဲ၊ နဂိုရ်တုံးကလဲ ပေါက်လွှတ်ပဲစား ထားတဲ့ စိတ် ကလေး၊ အခုမသွားနဲ့ဆိုရင် ရပါ့မလား ?

။ မရပါဘူးဘုရား။ ။

မရဘူး၊ နဂိုရ်တုန်းက- ငိုက်ရင်, သန်းရင်, ပျင်းရင်, ဝေရင်, ချက်ခြင်း အိပ်ရာထဲဝင်အိပ်တယ်၊ ဒီ- အငိုက်ကလေး, အသန်း ကလေး, အပျင်းကလေး, ကို ပျောက်အောင် မဖျောက်ဘူး နေ၁်....။

။ မှန်ပါဘုရား။ ။

ဒါကြောင့် အလိုလိုက်ထားတဲ့ စိတ်ကလေး၊ နင်မငိုက်နဲ့, မသန်းနဲ့, မပျင်းနဲ့, မဝေနဲ့,ဆိုရင် ရပါ့မလား ?

မရပါဘုရား။ ။

စိတ်ကလေးဟာ အချောင်ထွက်ထွက်နေတတ်တယ်၊ အဲဒီလို အချောင်နေတယ် စိတ်ကူးခြင်ရာ စိတ်ကူးနေတဲ့ စိတ်ကလေ

အခုစိတ်မကူးနဲ့၊ တွေ့ကရာ မင်းမသွားနဲ့၊ ဒီ-လိုဆိုရင် ရပါ့မလား ?

။ မရပါဘုရား။ ။

မရရင်၊ဒီ-အတိုင်း ထားရမလားဆုံးမရမှာဘဲဟုတ်ဘူးလား ?

။ မှန်ပါ့ဘုရား။ ။

မတည်သေးသော စိတ်ကို တည်လာအောင် ကြိုးစားရမယ်၊ တည်ပြီးသော စိတ်ကို ဒီထက်တိုးပြီး တည်လာအောင် ကြိုးစားရမယ်၊ ကြိုးစားပုံကလေး။

**ဗိုလ်ငါးပါးသဘော။**

**"တေနဘိက္ခုနာ ဒဏ္ဍေန ဒဏ္ဍံ မာဒါယ ဇိဝှါယ တာလုံ အာဟစ္စစေတသာ စိတ္တံ နိဂ္ဂဟေ တဗ္ဗံ နိပ္ပိဠေတဗ္ဗံ သန္တာပေတဗ္ဗံ။"**

(ဥဒ္ဒါနသုတ်)

စိတ်ကလေးဟာ၊ ငိုက်ခြင်း, သန်းခြင်း, ပျင်းခြင်း,ဝေခြင်း, ရှိမယ်ဆိုရင် ဝိရိယပြဋ္ဌာန်းသော ကုသိုလ်စိတ်နဲ့ မနိုင်,နိုင်အောင် နှိမ်ရမယ်၊ စိတ်လေ, စိတ်လွင့်, စိတ်ကူး, အချောင်နေတဲ့၊ ဥဒ္ဓစ္စ, များ ပေါ်လာရင် သမာဓိ ဗိုလ်ဖြင့် ချက်ခြင်းပင် နှိမ်ရမယ်၊ သဘောကြရဲ့လား ?

။ ကြပါတယ်ဘုရား။ ။

ဗိုလ်ငါးပါး ဒီနေရာမှာသုံး၊ ထိနမိဒ္ဓ,ကို နိုင်ခြင်ရင် ဝိရိယ, ဗိုလ်နဲ့သတ်၊ ဥဒ္ဓစ္စ, နိုင်ခြင်တယ်ဆိုရင် သမာဓိ,ဗိုလ်နဲ့သတ်။

ဟုတ်ရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

သူ့ဟာသူ ရှင်းရှင်းကလေး၊ အဲဒီနှစ်ခု သတ်ဖို့အရေးကြီးဒါဘဲ၊ ဝိပဿနာသမား၊ အမှတ်သမားတို့သည်၊ အနီးဆုံးကပ်ဖြစ်ထာ၊ အနီးဆုံး ရန်သူသည်၊ ထိန့်မိဒ္ဓနဲ့ ဥဒ္ဓစ္စဘဲ၊ အထက်ရန်သူဆိုရင် ဥဒ္ဓစ္စ, အောက်ရန်သူဆိုရင် ထိန့်မိဒ္ဓ, ဟုတ်ကော ဟုတ်ရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီနှစ်ခု နိုင်အောင်သတ်ရမယ်၊ အဲဒီနှစ်ခုသတ်ဘို့ရာ အထက်ရန်သူ ဥဒ္ဓစ္စ, သတ်ခြင်တယ်ဆိုရင် သမာဓိ့ဗိုလ်၊ အောက်ရန်သူ ထိနမိဒ္ဓ, သတ်ခြင်တယ်ဆိုရင်- ဇွဲ့ကောင်းရမယ်၊ မငိုက်စေရဘူး၊ မသန်းစေရဘူး၊ မပျင်းစေရဘူး၊ နင့်အလို ငါမလိုက်ဘူးလို့ ဒီလို ဇွဲ့ကလေးနဲ့ လုပ်ရမယ်၊ ဟာ- ဒါမှမရဘူးဆိုရင်- ဘုရားက "လေ" နှိပ်ပုံ့နှိပ်ပုံ့ကလေး။

## ဗုဒ္ဓ၏ လောကသိပုံ။

**ဒဏ္ဍောန ဒဏ္ဍာံမာဒါယ**။ အဓိပ္ပါယ် မြန်မာပြန်၊ အံ့သွားကလေးကြိတ်ရမယ်၊ မနိုင်နေရိုးလား၊ နင်လိုပုဂ္ဂိုလ် မနိုင်နေရိုးလား၊ အံ့သွားကလေး ကြိတ်ရမယ်၊ အံမယ် ဒါလောက်တောင်နင်ငိုက်သလား၊ နင်လို အငိုက်မျိုးကို ငါမနိုင့်နိုင်အောင် လုပ်မယ်၊ နင်လိုပျင်းနေဒါ၊ နင်လိုအပျင်းထူနေဒါ၊ ငါမနိုင့် နိုင်အောင်သတ်မယ်၊ အံ့သွားကြိတ်- ဟာ- မနိုင်သေးဘူး၊ "ဇီဝှါယ ဘာလုံ အာဟစ္စ" တောက်ခပ်လိုက်ရတယ်နော်၊ ဇီဝှါယ၊ လျှာ-

ဖြင့်၊ တာလုံ၊အာစောက်ကို၊ အာဟာစွ၊ထိခိုက်ပြီး၍၊တခုစီ အနက်ပေးနေရင် သဘော မပါဘူးပေါ့- ပေါင်း ပေးလိုက်ရတယ်၊ တောက်ခပ်လိုက်၊ လောကမှာဆိုရင် မနိုင်တဲ့ ဝန်ထုတ် ဝန်ပိုးတခု ရှိတယ်၊ ထမ်းတဲ့အခါမှာဆိုရင် မနိုင်တဲ့အခါကြရင် စိတ်တင်းလိုက်၊ အံသွားမျှားကြိတ် မနိုင်နေရိုးလားလို့ တောက်မျှားခပ်လိုက်တဲ့ အခါမှာ စိတ်တင်းတော့ လေပြင်းလာသည်၊ အဲဒါဝါ-ယော၊ "ပရံပရာ ဗလဗလံ ဝိရိယံ" တဲ့- လေအဆင့်ဆင့်တက်ထာကို၊ ဒါ့အားခေါ်လိုက်ထာဘဲ၊ ထမင်းစားလို့ အားရှိဒါတမျိုးနော်၊ အခုတော့ စိတ်တင်း လေပြင်း လိုက်တော့ အားရှိသွားတယ်၊ မနိုင်နေရိုးလားလို့ စိတ်တင်းလိုက်၊ လေပြင်းသွားဒါဘဲ။

အဲဒီလို လေအဆင့်ဆင့်ပြင်းပြီးတော့ လာမယ်ဆိုရင် တော်ရုံတန်ရုံ ဝန်ထုတ်တခုကို မ့လိုက်စမ်း ခေါင်းပေါ် အသာကလေး ရောက် သွားတာဘဲ၊ ပခုံးပေါ် အသာကလေး ထမ်းနိုင်သွားဒါဘဲ။

အဲဒီလို လုပ်ရတယ်၊ မြတ်စွာ ဘုရားကတော့ ပြောစရာမလိုပါဘူး လောကအကြောင်း ကောင်းကောင်းကြီး သိတော်မူဒါဘဲ၊ ရွှေဉာဏ်တော်ရှိတယ်၊ စိတ်နှိပ်ပုံကြည့်စမ်း။

ဒန္တေဟိ ဒန္တံ မာဒါယ၊ အံသွားမျှား ကြိတ်ပြီး၍၊ဇိဝှါယ-တာလုံ- အာဟစ္စ၊ မနိုင် နေရိုးလား ဆိုတဲ့ သဘော မျိုးဖြင့်၊ တောက်ခပ်လိုက်ပြီး၍၊ စိတ္တံ၊ ငိုက် သန်း ပျင်း ဝေ့နေသော၊ ထိနမိဒ္ဓ ဥဒ္ဓစ္စ ပြဋ္ဌာန်းသော အကုသိုလ် စိတ်တွေကို၊ စေတသာ၊ ဝိရိယဗိုလ် သမာဓိဗိုလ် ပြဋ္ဌာန်းသော ကုသိုလ်စိတ်ဖြင့်၊ နိဂ္ဂ-ဏှာတဗ္ဗံ၊မနိုင့်နိုင်အောင်နှိပ်ကွပ်ပြစ်လိုက် အပ်၏၊ နိပ္ပီဠေတဗ္ဗံ၊

နှိပ်စက်ပစ်လိုက်၏၊ သန္တာပေ တဗ္ဗံ၊ မနားမနေ ကောင်းမွန်သော ဇွဲ့ဝိရိယ့မျိုးဖြင့် ကောင်းမွန်စွာအပြင်း- ပူပန်စေအပ်၏၊ မနားမနေ ကြိုးစားအားထုတ်စေအပ်, စေသင့်,စေထိုက်,သည် သာလျှင်ကတည်း။

သာဓု- သာဓု- သာဓု။

(မြတ်စွာဘုရား ကျိန်းစက်ပုံ။)

အဲဒါ နှိမ်ရမယ်နော်၊ အိမ်မှာ ပေါက်လွှတ် ပဲစား အိပ်ချင်သလို အိပ်နေရတဲ့ စိတ်ကလေး ဒီကြတော့၊ မအိပ်ရဘူးဆိုရင်တော့ မရဘူး၊ ဇက်တွေ ဘာတွေလေး၊ မျက်ခုံးတွေ ဘာတွေလေး၊ အဲဒီလိုဖြစ်လာတတ်၊ အဲဒီလို ဖြစ်လာမယ်ဆိုရင်- လူတွေက အအိပ်ပျက်ရင်၊ ရောဂါများ စွဲတတ်တယ်လို့ ဆိုပြီးတော့, ဟော- ခန္ဓာအလိုကို လိုက်ထားဘဲ၊အအိပ်ပျက်တိုင်း ရောဂါရမယ်ဆိုရင် ဘုရားဟာ ရောဂါသည်ကြီး ဖြစ်မှာဘဲ တနေ့လုံး ဘုရား ကျိန်းရဒါ မဟုတ်ဘူး။

ညဥ့်ဦးယံလဲ ကျိန်းရတာမဟုတ်ဘူး၊ သန်းခေါင်ယံလဲကျိန်းရတာ မဟုတ်ဘူး၊ မိုးသောက်ယံကလေး မိုးသောက်ယံဆိုတော့ နာရီပြန် နှစ်ချက်က- ခြောက်နာရီ ထိအောင်၊ လေးနာရီရှိတယ် လေးနာရီကို သုံးပိုင်းပိုင်းစမ်း၊ လေးနာရီကို သုံးပိုင်းပိုင်းမယ် ဆိုလို့ရှိရင်, တနာရီနဲ့ မိနစ်နှစ်ဆယ်ဘဲ ရတယ်၊ ဒီတော့ မြတ်စွာဘုရားသည် တနေ့လုံးညဥ့်ဦးယံ,သန်းခေါင်ယံထိ,ညှော်ခံနေရတယ်၊ ညှော်ခံနေသောကြောင့် ဘုရားသည် မျှတအောင် နှစ်ချက်ကနေပြီးတော့-ခကြိန်လျောက်လိုက်ထား,သုံးနာရီနဲ့ မိနစ်နှစ်ဆယ် ထိ

အောင့် စကြံန်လျှောက်တော်မူတယ်၊ သုံးနာရီနဲ့ မိနစ်နှစ်ဆယ်ကြတော့ ဘုရားကျိန်းတော် မူလိုက်တယ်၊ လေးနာရီနဲ့ မိနစ်လေးဆယ်မှာ မြတ်စွာဘုရား ကျိန်းစက်ရာက ထတော်မူဒါဘဲ၊ ထပြီးရင် ဘာလုပ်သလဲ၊ လေးနာရီနဲ့ မိနစ်လေးဆယ်ကို နောက်တနာရီနဲ့ မိနစ်နှစ်ဆယ် ထည့်ပေါင်းလိုက်တော့ ခြောက်နာရီဖြစ်မသွားဘူးလား၊ ဘုရားဟာ နှစ်နာရီက ခြောက်နာရီအထိ လေးနာရီအတွင်းမှာ တနာရီ နှစ်ဆယ်မိနစ်က စင်္ကြံန်လျှောက်၊ တနာရီမိနစ်နှစ်ဆယ်က ကျိန်း၊ ကျန်တဲ့ မိုးသောက်ယံ တနာရီမိနစ် နှစ်ဆယ်မှာ, မြတ်စွာဘုရားသည်, ကနေ့ အလုပ် စလုပ်ထာဘဲ။

ဘယ်သတ္တဝါများ ချွတ်ရပါလိမ့်မလဲလို့၊ သဗ္ဗညုတဉာဏ်တော် ကွန်ရက်ကြီးကို ဖြန့်လိုက်ထာဘဲ၊ အလုပ်ကပြီးသွားဒါဘဲ ဒါကြောင့်ဘုရားရှင် ကိုယ်တော်မြတ်သည့်အအိပ်အနည်းဆုံးဘဲ, ခုနပြောတဲ့ နှစ်ဆဲ့လေးနာရီမှာ, တနာရီနဲ့ မိနစ်နှစ်ဆယ်သာ ကျိန်းတော်မူတာဘဲ၊ အအိပ်နည်းလို့ ရောဂါစွဲရမယ်ဆိုရင်၊ဘုရားသည် ဆေးရုံပေါ်က ဆင်းရတော့မှာ မဟုတ်တော့ဘူး၊ဟင်.... ဆေးရုံပေါ် တက်နေရမလား။

မျက်စေ့အကျင့်နေ ့နောက်တော့ မျက်စေ့ဟာကြိမ်းခြင်း, စပ်ခြင်း, နီခြင်း,ဖြစ်လာတတ်တယ်၊ မလျှော့နဲ့ တရားအားထုတ်တဲ့နေရာမှာ "ပဟိတတ္တေန" ဒီပုဒ်ကလေး ရထား ပါလိမ့်မယ်၊ ပဟိတတ္တေန, တရားရှာတဲ့အခါမှာကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်တခုရှိထသော၊ ဆရာတော်ချွားပေးတဲ့ အနက်ခေါ်တယ်၊ ဟေ့,အသက်နဲ့,မင်္ဂနဲ့, လဲလိုက်၊

အသက်နဲ့ သောတာပန်နဲ့ လဲလိုက်၊ အခုသောတာပန်ဖြစ်မလား သောတာပန် ဖြစ်ပြီးရင် သေခြင် သေသွားပစေ၊ ယခုရဟန္တာ ဖြစ်မလား ရဟန္တာဖြစ်ပြီးရင် သေခြင်သေသွားပစေလို့ အသက်ကို စွန့်ပြီးတော့ တရားရှာရတယ်။

အဲဒီလိုတရားရှာမယ်ဆိုလို့ ရှိရင် ခလေးများလိုဘဲ၊ ရုပ်ကလဲ သူ့အလို-လိုက်ရင်၊ ရောင့်တက်ထာဘဲ၊ ဟာကြိမ်းချင်ကြိမ်းပစေ၊ ကန်းချင်ကန်းပစေ၊ဘယ်လိုဘဲဖြစ်ဖြစ် အားထုတ်ရင်းနောက်တော့ လဲ အကြိမ်းပျောက်သွားဒါဘဲ၊ အနီလဲ ပျောက်သွားဒါဘဲ၊နဲနဲက လေး တနာရီလောက်၊ နာရီပက်လောက် မှိန်းလိုက် ရလို့ ရှိရင် ဟောဒါ ကျေနပ်သွားဒါဘဲ။

အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ဒါကြောင့် ဝိနနှ မိဒ္ဓကို မနိုင်နိုင်အောင် ဖျောက်၊ စိတ်လေ့ စိတ်လွင့် စိတ်ကူး အချောင်နေဒါကို မနိုင်နိုင်အောင် ဖျောက်၊ နောက်ပိတ်ဆုံးမှာ စဉ်းစား၊ စာလိုစဉ်းစားနေဒါ၊ ဝေဖန်နေဒါ၊ တောင်- မနိုင်နိုင်အောင် ဖျောက်နေ၁၊ အဲဒီလို ဇွဲကလေးနဲ့ မနိုင်နိုင်အောင် ဖျောက်မယ်ဆိုရင် "ဇွဲကောင်းတော့ စိတ်က တခြားမသွား" ဉဒ္ဓစ္စ၊ စိတ်လေ့ စိတ်လွင့်၊ စိတ်ကူး၊ အချောင် နေတဲ့ အပေါ်၊ ထွက်လဲမထွက်ပါ၊ထိနမိဒ္ဓ၊ငိုက်ခြင်း၊သန်းခြင်း၊ ပျင်းခြင်း၊ဝေခြင်း၊ဆိုတဲ့အောက်-ထွက်လဲ မထွက်ပါ၊ အထက်လဲ မသွား၊ အောက်လဲမဆင်းဘူး ဆိုရင် ဒီစိတ်သည် အလယ်ခေါင် တည့်တည့်မတ်မတ်ကြီး။

မနေဘူးလား ?

။ နေပါတယ်ဘုရား။ ။

အဲဒါ "ဇွဲကောင်းတော့ စိတ်ကလဲ တခြားမသွား" "သတိကောင်းတော့ ပေါ်ဒါကလေးလဲထင်ရှား" စိတ်ကလဲ တခြားမသွားဘူး၊ ခန္ဓာထဲမှာလဲ ပေါ်ဒါကလဲ အလွန်ထင်ရှား၊ ဒီလိုဆိုရင် ပေါ်တိုင်း ပေါ်တိုင်း စိတ်ကလေး မတည်ဘူးလား ?

။ တည်ပါတယ်ဘုရား။ ။

**သမာဓိမဂ္ဂင်နဲ့ ကိုက်ပုံ။**

သုံးချက်ညီအောင်လုပ်ရတယ်၊ သုံးချက်ညီအောင်လုပ်ရတယ်၊ ဒါကြောင့်စိတ်တည်ချင်ရင် ပေါ်ဒါထင်ရှားပါစေ၊စိတ်ကလေးလဲ တခြားမသွားပါစေနဲ့၊ အဲဒီသုံးချက် ညီရမယ်၊ စိတ်ကလဲ တခြားမသွား ကိုယ်ထဲမှာလည်း ပေါ်ဒါထင်ရှား၊ ဒီလိုဆိုရင် ပေါ်တိုင်း ပေါ်တိုင်း စိတ်ကလေး တည်ပါသည်၊ သဘောကြပလား ?

။ ကြပါတယ်ဘုရား။ ။

ကျွမ်းဂန်ထဲမှာ ဥပမာပေးပုံကလေး သစ်သီးကလေး ခူးမယ်၊ ပန်းကလေးခူးမယ်၊ မမှီဘူး မမှီတော့ လူကြီး တယောက်က အောက်က ကျောကုန်းပေးတယ်၊ တယောက်ကဘေးနားက ရပ်ပေးတယ်၊ တယောက်က ကျောကုန်းပေါ် တက်တယ်၊ ပခုံးကိုင်ပြီးသကာလ မတ်တတ်ရပ်လိုက်တဲ့အခါမှာ သစ်သီးတွေ ပန်းတွေ မှီမသွားဘူးလား ?

။ မှီပါတယ်ဘုရား။ ။

အဲဒီဥပမာလိုဘဲ အောက်ကကျောကုန်းပေးတဲ့လူနဲ့ "ဝီရိယ" နဲ့ တူပါတယ်၊ ဘေးကမတ်တတ်ရပ်ပေးတဲ့လူနဲ့ "သတိ"နဲ့ တူပါတယ်၊ ကျောကုန်း ပေါ်မှာ မတ်မတ်ကြီး ရပ်နေတာနဲ့ "သမာဓိ"နဲ့ တူပါတယ်။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ရှင်းရှင်းကလေး မှတ်ထားကြ။

**ဆောင်။** ။သမာဓိ ကောင်းတော့ ပေါ်တိုင်း စိတ်တည်ငြား။ သတိကောင်းတော့ ပေါ်ဒါထင်ရှား။ ဇွဲကောင်းတော့ စိတ်က တခြားမသွား။ သမာဓိမဂ္ဂင်သုံးပါး ဖြစ်ပုံတည်း။

ရအောင်လဲ လုပ်ထားရတယ်၊ တရားအားထုတ်ထာ ဒီသမာဓိ ချက်လိုရင်းဘဲ၊ ဝိပဿနာ လိုရင်းမဟုတ်ဘူးနော်၊ သမာဓိချက် လိုရင်းဆိုဒါမှတ်၊ သဘောကြပလား ?

။ ကြပါပြီဘုရား။ ။

ဒါကြောင့် သမာဓိ စိတ်တည်မယ်ဆိုရင် ဝိပဿနာ ဖြစ်ပျက် မြင်တတ်တယ်။

**ခဏိက သမာဓိနှင့် ဝိပဿနာ။**

**နဟိ ခဏိက သမာဓိံ ဝိနာ ဝိပဿနာ သမ္ဘဝတိ။**

(ဝိသုဒ္ဓိမဂ် မဟာဋီကာ, မူလပဏ္ဏာသ အဋ္ဌကထာ)

ခဏိက သမာဓိံ၊ ခဏိက သမာဓိကို၊ (ပါ)ပေါ်တုန်း ပေါ် ခိုက် စိတ်တည်ခြင်းကို၊ ဝိနာ၊ ကျင်ရှောင် ဖယ်ထားလိုက်သည်

ရှိသော်၊ ဝိပဿနာ၊ ဖြစ်ထာ, ပျက်ထာ, မြင်ရတဲ့ ဝိပဿနာ ဉာဏ်သည်၊ နဟိနဝေသမ္ဘဝတိ၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ သည်သာလျှင်ကတည်း။

သာဓု....သာဓု....သာဓု....။

ခဏိက-သမာဓိ မပါရင်၊ ဝိပဿနာမဖြစ်၊ ဒါက ဝင်္ကဝုတ် စကားကောက်ခေါ်တယ်၊ ခဏိက-သမာဓိ မပါရင်၊ ဝိပဿနာ မဖြစ်တဲ့၊ အဓိပ္ပါယ်သိပ်မပေါ်လှဘူး၊ ခဏိက - သမာဓိ ဆိုရင် ပေါ်တုန်း စိတ်တည်တာ ခေါ်တယ်၊ ဝိပဿနာ့က ဖြစ်ထာ, ပျက်ထာ, မြင်ရတယ် ခေါ်တယ်။

**စိတ်တည်ရင် ဖြစ်ပျက်မြင်။**

ဒီတော့ စိတ်မတည်ရင်- ဖြစ်,ပျက်,မမြင်ဘူးတဲ့၊ ဒါလဲ စကား ကောက် ခေါ်တယ်၊ ဝင်္ကဝုတ်စကား၊ ပဋိသေဓ တွေ ဖျက်ပစ် လိုက်ရတယ်၊ ဖြောင့်ပြောမယ်, ဥဇုဝုတ်, စိတ်တည်မှ ဖြစ်,ပျက်, မြင်မယ်တဲ့ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဖြစ်ပျက်မြင်သူသည် ဘာဖြစ်လို့ ?

။ စိတ်တည်လို့ပါဘုရား။ ။

မမြင်သူသည် ဘာဖြစ်လို့ ?

။ စိတ်မတည်လို့ပါဘုရား။ ။

အဲဒါဘဲ တရားစစ်ထာ၊ ဒါဘဲ အားလုံး ဖြစ်, ပျက်, မြင်ရဲ့ လားလို့, ဒီလိုမေးတယ်၊ မမြင်ပါဘုရား၊ အားဘော့ ထုတ်တတ်

ကဲ့လား၊ ထုတ်တတ်ပါတယ်ဘုရား၊ အားလဲထုတ်တတ်တယ်၊ခန္ဓာ ထဲမှာလဲ ဖြစ်ပျက် မမြင်ဘူးဆိုရင်-စိတ်မတည်ဘူး ဆုံးဖြတ်လိုက် ရတယ်၊ စိတ်မတည်ရင်- ဒီပုဂ္ဂိုလ် ဇွဲ ကောင်းကောင်းနဲ့ အားကို မထုတ်ဘူး၊ ဥဒ္ဒစ္စ၊ စိတ်လေ၊ စိတ်လွင့်၊ စိတ်ကူး၊ အချောင်နေဒါ များလိမ့်မယ်၊ ထိနမိဒ္ဓ၊ ငိုက်၊ သန်း၊ ပျင်း ဝေ ဒါ များလိမ့်မည်၊ ဝိစိကိစ္ဆာ၊ နှစ်လုံး၊ နှစ်ခွ၊ တွေးတောပြီး မဆုံးဖြတ်ထားတွေ များ လိမ့်မည်။

ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

**အားမထုတ်ရင် စိတ်မတည်။**

အဲဒါ ဆုံးဖြတ်တယ်ခေါ်တယ်၊ အားမထုတ်ရင်- စိတ်မတည်၊ စိတ်မတည်ရင်- ဖြစ်၊ ပျက်၊ မမြင်ဘူး၊ အဲဒါ တရားစစ်တဲ့ အကြောင်းအကျိုးဘဲ၊ နည်းလဲ သိပါတယ်၊ ဖြစ်ပျက်လဲ မမြင် ဘူးဆိုရင်- နောက်ပိုင် ဆုံးမှာ အားကိုမထုတ်ဘူး၊ လျှော့ချေး သဘောနဲ့၊ တေလေသဘောနဲ့၊ ဟိုသွား၊ ဒီသွား၊ အချောင်နေ ဒါ များတတ်တယ်၊ အဲဒါ အသေအချာ မှတ်ကြ၊ ဖြစ်ပျက် မြင်သူသည် စိတ်တည်လို့ ဆိုဒါ ဟုတ်ရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

မမြင်သူသည် စိတ်မတည်ဘူးဆိုဒါ ဟုတ်ရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

**No. 21**

စိတ်တည်ရင် ဘာဖြစ်လို့ ?

။ ဖြစ် ပျက် မြင်လို့ပါဘုရား။ ။

**တည်ရင်မြင် တပြိုင်နက်ပင်။**

အဲဒါဘဲခေါ်တယ်၊ စိတ်တည်ဒါက, သမာဓိပါ၊ ဖြစ်,ပျက်, မြင်တာက, ဝိပဿနာပါ၊ "စိတ်တည်တာနဲ့ ဖြစ်, ပျက်,မြင်တာနဲ့တပြိုင်နက်ပါ"

**တပြိုင်နက် ဖြစ်ပုံကလေး။**

ပူဒါ, အေးဒါတို့သည် တင်ပါးမှာ ပေါ်တယ်ဆိုပါတော့၊ အဲဒီ ပူ, အေး,အပေါ်၌ စိတ်ရောက်သွားဒါက-'ခဏိက-သမာဓိ' ပါ၊ ပူ,အေး,ကလေးဖြစ်ထာ,ပျက်ထာ,မြင်ရဒါက-ဝိပဿနာ,ပါ၊ စိတ်တည်ဒါနဲ့ ဖြစ်,ပျက်, မြင်ဒါ တပြိုင်နက်ပါ။

ခန္ဓာကိုယ်မှာ လှုပ်ထာ, ရွတာ, မွတာ, ဖြိုးဖြိုး, ဖြင်းဖြင်း, ဖြစ်ထာ, စိုးစို, စစ်စစ်, ဖြစ်ထာတို့သည် ကျောမှာ ပေါ်တယ်ဆိုပါတော့၊ အဲဒီကျောမှာပေါ်တဲ့ အထဲသို့ စိတ်ရောက်သွားဒါက-'ခဏိက သမာဓိ,ပါ၊ အဲဒီ လှုပ်ထာ ကလေးတွေ ဖြစ်ထာ, ပျက်ထာ, မြင်ရ ဒါက- ဝိပဿနာ, ပါ၊ စိတ်တည် တာနဲ့ ဝိပဿနာတပြိုင်နက်ပါ၊ ရှင်းသွားပလာ၊ ?

။ ရှင်းပါပြီဘုရား။ ။

ကြင်ဒါ, နာဒါ, အောင့်ဒါ, ကိုက်ထာ,တို့သည်၊ ပေါင်မှာ, တင်ပါးမှာ, ပေါ်တယ်ဆိုပါတော့ အဲဒီဆင်းရဲတဲ့အပေါ်၌၊ စိတ်

ရောက်သွားဒါက- ခဏိက သမာဓိ ပါ၊ ဆင်းရဲဒါလေးဖြစ်ထာ, ပျက်ထာ, မြင်ရဒါက ဝိပဿနာပါ၊ စိတ်တည်ဒါနဲ့ ဖြစ်, ပျက်, မြင်ဒါက-တပြိုင်နက်ပါ။

ချမ်းသာဒါကလေးသည်၊ ကျောကုန်းမှာ ပေါ်တယ်ဆိုပါတော့၊ အဲဒီချမ်းသာတဲ့အပေါ်၌ စိတ်ရောက်သွားဒါက၊ ခဏိက သမာဓိ ပါ၊ ချမ်းသာဒါကလေးဖြစ်ထာ, ပျက်ထာမြင်ရဒါက, ဝိပဿနာပါ၊ စိတ်တည်ဒါနဲ့ ဖြစ်ပျက်မြင်တာ တပြိုင်နက်ပါ။

**သမထနဲ့ ဝိပဿနာတွဲလုပ်။**

ဒါကြောင့် စာလိုရေးမယ်ဆိုရင်-သမထနဲ့, ဝိပဿနာ အထက်အောက်ဆင့်ပြီးရေးရပါသည်၊ ရှေ့နောက်မရေးရဘူး-တပြိုင်နက်ရေးရမယ်နော်၊ ဒါဖြင့်လမ်းတိုထဲက၊ဝိပဿနာပင်ဖြစ်သော်လဲဘဲ သမာဓိရပါတယ်၊ သမာဓိ ပါပင်ပါငြားသော်လဲဘဲ၊ သီးခြားလုပ်မနေရဘူး၊ သီးခြားမလုပ်ရဘူး၊ သ မ ထ ကမ္မဋ္ဌာန်း, လေးဆယ်ထဲက- လျော်တဲ့ ကမ္မဋ္ဌာန်းတခုကို ပွားများဘို့လိုမနေရဘူး၊ ခုလုပ်ငန်းကြည့်လေ။

ဆယ်ပါးသီလခံပြီးရင် -သမထလုပ်နေသေးသလား၊ ?

॥ မလုပ်ပါဘူးဘုရား॥ ॥

ဝိပဿနာလုပ်လိုက်ထာဘဲ၊ရှုမှတ်ပုံရှုမှတ်နည်းကလေး မပြောဘူးလား၊ ?

॥ ပြောပါတယ်ဘုရား॥ ॥

ပြောပြီးရင်အားထုတ်ထာဘဲ။

॥ မှန်ပါဘုရား॥ ॥

ဒီတော့ ဝိပဿနာအားထုတ်ရင် သမာဓိ မပါဘူးလား။?

။ ပါ, ပါတယ်ဘုရား။ ။

ခဏိက-သမာဓိပါတယ်၊ အဲဒါကြည့်ပြီးတော့ ပြောရတယ်၊ ဥပစာရ သမာဓိ,အပ္ပနာ သမာဓိ, ဆိုတဲ့ သမထကမ္မဋ္ဌာန်း၊ လေး-ဆယ်ကို တချို့ယူထားဒါရှိတတ်တယ်၊ နှင်တို့ တရားအားထုတ်ထာ၊ သမထမှမပါဘဲ၊ ဘယ်လာမြင်ပါ့မလဲ၊ အဲသလိုပြောတတ်တယ်၊ သူကိုသိဒါက-လမ်းရှည်ထဲက-သမထသာသိတယ်၊ လမ်းတိုထဲက၊ ခဏိက သမာဓိ,မသိဘူး၊ သူ့လမ်းနဲ့ - သူ့သမာဓိ, နဲ့ ကောက်ချက် ချယူထားရတယ်၊ စုံအောင် လဲ ကြည့်ထားနော်၊ နည်းလဲဘဲခံထားနော်၊ ဆရာသမားတွေကိုလဲလျှောက်နော်၊ အားလုံးသဘောကြပလား။?

။ ကြပါတယ်ဘုရား။ ။

ရှင်းသွားပြီ....။

**သမာဓိသာလိုရင်း။**

ဒါဖြင့်သမာဓိ'နဲ့ဝိပဿနာ,ဘယ်ဒင်းလိုရင်းလဲမေးရင်-သမာဓိလိုရင်းခေါ်တယ်၊ ဒါကြောင့်မြတ်စွာဘုရားက။

**သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဓိံ ဘိက္ခဝေ ဘာဝေထ။**

ချစ်သားတို့, ချစ်သမီးတို့, သမာဓိတည်အောင် ပွားကြပွားကြနော်-စိတ်တည်အောင် လုပ်ကြလုပ်ကြနော်, သမာဓိ ထူထောင်ပုံတိုက်တွန်းတော်မူရှာသည်၊ မြတ်စွာဘုရား သမာဓိတည်ရင် ဘယ်လိုများအကျိုးများဖြစ်ပါသလဲဘုရားလို့ လျှောက်ထားခဲ့သော်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက....

**သမာဟိတော-ဘိက္ခဝေ-ဘိက္ခုယထာဘူတံ ပဇာနာတိ။**

( မဟာ ဝဂ္ဂ-သစ္စသံယုတ်-သမာဓိသုတ်-ဆဋ္ဌမူ-၃၆၃)

ချစ်သားတို့ ချစ်သမီးတို့ စိတ်တည်မယ်ဆိုရင်-ကိုယ်တွင်းက ဖြစ်ထာ, ပျက်ထာ တို့ကို ဟုတ်တိုင်းမှန်စွာ သိရမြင်ရလိမ့်မယ် ချစ်သားတို့....။

ဟုတ်ကြရဲ့လား၊ ?

။ ဟုတ်ပါတယ်ဘုရား။ ။

သိရမြင်ရလိမ့်မယ်ဆိုတာ-ဝိပဿနာ ဉာဏ်ခေါ်တယ်။

**ဖြစ်,ပျက်,ဉာဏ်မြင်-အရိယာပင်။**

မြတ်စွာဘုရား ခန္ဓာကိုယ်မှာ-ဖြစ်ထာ, ပျက်ထာ, မြင်ရသော ပုဂ္ဂိုလ်တို့သည်၊ ဘယ်လိုများအကျိုးရှိပါသလဲလို့ လျှောက်ထား ခဲ့သော် မြတ်စွာဘုရားက....

**ဇာနတော-ဟံ ဘိက္ခဝေ-ပဿတော-အာသဝါနံခယံ-**

**ဝဒါမိ-နောအဇာနတော-နောအပဿတော။**

( နိဒါနဝဂ္ဂသံယုတ်-ပါဠိတော် ဥပနိသသုတ် )

ချစ်သားတို့ ချစ်သမီးတို့ ခန္ဓာကိုယ်မှာ ဖြစ်ပျက်ကိုဟုတ်တိုင်း မှန်စွာ သိ, သိ, နေသောသူ၊ မြင်,မြင်,နေသောသူအား၊အာသဝေါ၊ ကုန်ခမ်း၍၊ ရဟန္တာဖြစ်လိမ့်မယ်လို့ ငါဘုရားဟောပါသည်၊ ခန္ဓာ မှာ ဖြစ်ပျက်ကို မသိ, မမြင်, သောသူအား၊ ရဟန္တာဖြစ်လိမ့်မယ် လို့ ငါဘုရားမဟောပါ။

ဟုတ်ရဲ့လား၊ ?

။ ဟုတ်ပါတယ်ဘုရား။ ။

ရဟန္တာဖြစ်တဲ့လူဟာ ဖြစ်ပျက်မြင်မှ။

။ မှန်ပါဘုရား။ ။

ရဟန္တာမဖြစ်သေးခင်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ဖြစ်တဲ့လူလဲ, ဖြစ်,ပျက်,မြင်မှပေါ့။

။ မှန်ပါဘုရား။

ဆုတောင်းရုံနဲ့ရပါ့မလား ?

။ မရပါဘုရား။ ။

လှူရုံနဲ့ရပါ့မလား ?

။ မရပါဘုရား။ ။

သီလဆောက်တည်ရုံနဲ့ ရပါ့မလား ?

။ မရပါဘုရား။ ။

ဘုရားရှိခိုး-သမထ ပွားရုံနဲ့ ရပါ့မလား ?

။ မရပါဘုရား။ ။

ဘာဖြစ်လို့ မရသလဲမေးရင်၊ ဒါတွေဟာ ဖြစ်,ပျက်, မြင်တဲ့ အလုပ်မဟုတ်ဘူး၊ ဖြစ်, ပျက်, မြင်တဲ့ အလုပ်သည် ဘယ် အလုပ် ?

။ ဝိပဿနာအလုပ်ပါဘုရား။ ။

## ဖြစ်ပျက်မှတ်မှ-မဂ်ဉာဏ်မြင်။

အဲဒီ ဝိပဿနာ, အားထုတ်တော့၊ ဖြစ်,ပျက်,မြင်မှာဘဲ၊ ဖြစ်, ပျက်,မြင်ရင်, ဖြစ်ပျက်လမ်းကသွားရင်, ဆုံးတဲ့နိဗ္ဗာန် ရောက်မှာဘဲ၊ ဒီဖြစ်ပျက်ကို မှတ်တဲ့, မှတ်စိတ်,ဝိပဿနာ,ဉာဏ်၊ ဒီမှတ်စိတ်က သွားမယ်ဆိုရင် မှတ်စိတ်ဆုံးရင်, မဂ်ဉာဏ်,ဖိုလ်ဉာဏ်,လာမှာဘဲ၊ သူ့လမ်းကလေးနဲ့ သူမှတ်ထားနော်။

။ မှန်ပါဘုရား။ ။

နိဗ္ဗာန်ကို ဘယ်လမ်းကသွား ?

။ ဖြစ်ပျက်လမ်းက သွားရပါတယ်ဘုရား။ ။

ဖြစ်ပျက်လမ်းက သွားရတယ်၊ ဖြစ်ပျက် လမ်းက သွားရင် ဘယ်ရောက် ?

။ နိဗ္ဗာန်ကို ရောက်ပါတယ် ဘုရား။ ။

မှတ်စိတ်က သွားရင်ဘယ်ရောက် ?

။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်, ရောက်ပါတယ်ဘုရား။ ။

မှတ်စိတ်က သွားရင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ရောက်မယ်၊မဂ်ကျခြင်တယ်, ဖိုလ်ဝင်စားခြင်တယ်,ဆိုရင် ဘယ့်နဲ့လုပ် ?

။ မှတ်ရပါတယ်ဘုရား။ ။

မှတ်ရဒါဘဲ-ဘာကို မှတ်မလဲမေးရင်၊ ဖြစ်,ပျက်,ကိုမှတ်ရမယ် ဒါကျမ်းဂန်က မှတ်စိတ်ကို, ဝိပဿနာ၊ ဖြစ်,ပျက်,ကို ဝိပဿနာ အာရုံ၊ ဝိပဿနာ၊ ဝိပဿနာအာရုံလို့ ဒီလိုခွဲဒါဘဲ။ ။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်,ကိုတော့ "အာရမ္မဏိက" ခေါ်တယ်၊ နိဗ္ဗာန်ကိုတော့ အာရုံ,ခေါ်ဒါဘဲ သဘောကြရဲ့လား ?

။ ကြပါတယ်ဘုရား။ ။

အဲဝိပဿနာ, ဝိပဿနာ, အာရုံ၊ မဂ်, မဂ်အာရုံ၊ ဖိုလ်, ဖိုလ်-အာရုံ၊ ဒါအလွယ်ကလေးဘဲ၊ စာမတတ်သော်လဲခုနပြောသလိုဘဲ အပေါ်တန်းက ဖြစ်ပျက်,ဖြစ်ပျက်, နဲ့၊ နောက်က'ဆုံး'ဒါ ရေးထား အောက်ကတော့ မှတ်,မှတ်,မှတ်,မှတ်နဲ့, နောက်က မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ရေးထား၊ မှတ်စိတ်နဲ့, ဖြစ်ပျက်နဲ့, မျှားထိုး မဂ်ဉာဏ်, ဖိုလ်ဉာဏ်,နဲ့၊ နိဗ္ဗာန်မျှားထိုး မဟုတ်လား ?

ဟုတ်ပါတယ်ဘုရား။ ။

မှတ်ရင်ဘယ်သူ့မှတ်မလဲ၊ ဖြစ်ပျက်,ကို မှတ်ရမှာဘဲ၊ မှတ်စိတ် ဆုံးရင်ဘာလာ ?

။ မဂ်ဉာဏ်,လာပါတယ်ဘုရား။ ။

မဂ်ဉာဏ်,လာရင် ဘာမြင်သလဲ ?

။ နိဗ္ဗာန်,မြင်ပါတယ်ဘုရား။ ။

အဲဒါဘဲ မဂ်ဉာဏ်, သည် နိဗ္ဗာန်,အာရုံပြုတယ်၊ ဖိုလ်ဉာဏ်,. သည် နိဗ္ဗာန် အာရုံပြုတယ်,လို့၊ သင်္ဂြိုဟ်တတ်တဲ့ ပုဂ္ဂိုလ်လဲ ဒီအတိုင်းဘဲ အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ရှင်းသွားပြီ ဒါဖြင့် ရဟန္တာဖြစ်ချင်တယ်ဆိုရင် ကိုယ်တွင်းက ဖြစ်ပျက်,ကို မြင်အောင် လုပ်ပါ၊ ဖြစ်ပျက်ကို မြင်ချင်တယ် ဆို-

ရင် ဒီမှာလဲနန်နဲ့ပြောအုံးမယ်၊ "ဇာနတောဟံ - ပဿတောဟံ" ဆိုတဲ့ပုဒ်ကို သစ္စာလေးပါး ဖွင့်ထားလိမ့်မယ်နော်။

။ မှန်ပါဘုရား။ ။

## သစ္စာဝင်ပုံ။

အနိစ္စ,ဒုက္ခ,အနတ္တ, သိတဲ့ပုဂ္ဂိုလ်၊ အနိစ္စ,ဒုက္ခ,အနတ္တ,မြင်တဲ့ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်တို့သည် ရဟန္တာဖြစ်လိမ့်မယ်လို့ ဟောထားလိမ့်မယ်။

မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

သစ္စာလေးပါးက မဂ်,မှာပါတဲ့သစ္စာရှိတယ်၊ နောက်ပြီးတော့ ဝိပဿနာဉာဏ်,မှာပါတဲ့ သစ္စာရှိတယ် သဘောကြရဲ့လား ?

။ ကြပါတယ်ဘုရား။ ။

မဂ္ဂသစ္စာမှာပါတဲ့ သစ္စာလေးပါးက နိဗ္ဗာန်မြင်တယ်၊နောက်ပြီးတော့ ဝိပဿနာဉာဏ်,မှာပါတဲ့ သစ္စာလေးပါးက မဂ်ဉာဏ်, ဖိုလ်ဉာဏ်,ပွင့်ဘို့ဘဲ မဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

မှတ်ထား၊ မှတ်ထာက ဒုက္ခသစ္စာ, သတ်ထာက မဂ္ဂသစ္စာ, ခေါ်တယ်၊ တချက်မှတ်လိုက်လို့ရှိရင် အငုတ်သတ်သိုက် ထာဘဲ၊ မသတ်ဘူးလား ?

။ သတ်ပါတယ် ဘုရား။ ။

အဲ-တချက်မှတ်လို့ရှိရင် အငုတ်သတ်ထာဘဲ၊ တချက်မှတ်လို့ရှိရင် ဒိဋ္ဌိပြုတ်ထာဘဲ၊ ဒိဋ္ဌိပြုတ်ထာကဒုက္ခသစ္စာ, ပိုင်းခြားတယ်ခေါ်တယ်၊ အငုတ် သတ် ထာ က သမုဒယ, ပယ်တယ် ခေါ်တယ်၊ သမုဒယပယ်မယ်ဆိုလို့ရှိရင်-လဲဘဲ နောင်ကို အပါယ် ကျမယ်ဆိုတဲ့အကျိုးတွေရပ်ရပ်မသွားဘူးလား၊ ?

॥ ရပ်ရပ်သွားပါတယ်ဘုရား॥ ॥

အကျိုးတွေရပ်သွားတာက - နိရောဓသစ္စ, ခေါ်တယ်၊ မှတ်, သတ်, ပြုတ်, ရပ်, သစ္စာလေးချက် တပြိုင်နက်ခေါ်တယ်၊ မှတ်, သတ်, ပြုတ်, ရပ်, တဲ့အလွယ်ကလေးခေါ်တယ်၊ မှတ်ထာက-မဂ္ဂသစ္စာပွား၊ သတ်ထာက-ဆိုလို့ရှိရင်လဲ-အဲဒါသတ်မှတ်နော်၊ မှတ်ထာက-မဂ္ဂသစ္စာပွားတယ်ခေါ်တယ်၊ သတ်ထာက - ဆိုလို့ရှိရင် ဒိဋ္ဌိ အငုတ်သတ်တယ်ခေါ်တယ်၊ အဲ့ဒါ ဒုက္ခသစ္စာပိုင်းခြား၍ သိတယ်၊ ပြုတ်ထာက-သမုဒယသစ္စာ, အသစ်မဖြစ်ပယ်တယ် ခေါ်တယ်နော်၊ ရပ်သွားတာက-အပါယ်ကျတဲ့အကြိုးတွေ ရပ်ရပ်သွားတယ်၊ အဲ့ဒါက-နိရောဓသစ္စာ, နိဗ္ဗာန်မျက်မှောက်ပြုတယ် ခေါ်တယ်။

ရှင်းသွားပလား၊ ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

အဲတချက်ဆိုရင်သစ္စာလေးချက်ပါပြီးသား၊ မဂ်ကျလဲဒီလိုဘဲ, မဂ်တခါကျမယ်ဆိုလို့ရှိရင်-ဟိုကတော့၊မဂ်ဆိုတော့ "မြင်" ခေါ်ရတယ်၊ မြင်, သတ်, ပြုတ်, ရပ်, -ဝိပဿနာကြတော့-မှတ်, သတ်, ပြုတ်, ရပ်,။

သဘောကြပလား၊ ?

॥ သဘောကြပါဘုရား॥ ॥

အဲဒါ သစ္စာလေးချက်ဘဲ-ပရိနိဗ္ဗာန်စံမှုတခု၊ နိဗ္ဗာန်ဝင်မှုတခု၊ ဒါတွေလဲ ပါသွားတယ်တဲ့၊ အားလုံးရှင်းပြီနော်- အဲဒါ သမာဓိ ချက်ဘဲ၊ ကဲဒါဖြင့် သမာဓိတော့သိပြီ။

**ခဏိကသမာဓိစွမ်းပုံ॥**

အပူကလေးပေါ်ရင် အပူပေါ်မှာ စိတ်တည်နေတဲ့ အခိုက်၊ အအေးလေး ပေါ် ရင် အအေးလေး ပေါ်မှာ စိတ်တည် နေတဲ့ အခိုက်၊ အလှုပ်ကလေးပေါ်မယ်၊ ဆင်းရဲဒါကလေး ပေါ်မယ်၊ ချမ်းသာဒါကလေးပေါ်မယ်၊ အဲဒီလိုပေါ်တဲ့အထဲမှာ စိတ်တည် နေတဲ့အခိုက်၊ ခဏိက- သမာဓိ ခေါ်တယ်၊ ခဏိကသမာဓိဖြစ် မယ်ဆိုရင် သမထ ကိလေသာ ငြိမ်းတယ်တဲ့။

မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဒီ....ဥပစာရ သမာဓိ အပ္ပနာသမာဓိမှ စွမ်းသည်မဟုတ်ဘူး၊ ခဏိက သမာဓိလဲဘဲ သမထ ကိလေသာ ငြိမ်းတယ်-ငြိမ်းပုံပြော မယ်။

**ကိလေသာဝင်ပုံငြိမ်းပုံ॥**

ကိလေသာတဲ့ - အကျဉ်း ဆယ်ပါး၊ အကျယ်ပွားရင် ထောင့် ငါးရာနော် ဒါက-စာသင်သားသရုပ်ခွဲနည်းခေါ်တယ်၊ယောဂီတို့ သဘောသိဘို့ လိုတယ်၊ ကိလေသာ- သဘော ပြောရတော့မယ်

ဆိုရင်, ရင် ကို နာနာ အကဲခတ် ထားရတယ်၊ စိတ်ကလေး ပူ လောင်ဒါ၊ စိတ်ကလေး ဆင်းရဲဒါ၊ ကိလေသာသဘော,မှတ်ပါ။

သဘောကြပလား ?

॥ သဘောကြပါပြီဘုရား॥ ॥

ရာဂ,ဒေါသ,မောဟ,မာန,ဆိုတဲ့ ဒီတရားကိုယ်တွေ သိချင်သိ, မသိချင်နေ, စိတ်ကလေး အကဲခတ် စိတ်ကဘယ်မှာနေလဲ ?

॥ ရင်မှာနေပါတယ်ဘုရား॥ ॥

အဲဒါ အကဲခတ်ထားရတယ်၊ စိတ်ကလေး ပူတယ်၊ စိတ်က လေး ဆင်းရဲတယ်ဆိုရင်၊ မုချ ဒီစိတ်မှာ ကိလေသာဝင်မယ် ဆို ရင်၊ တန္ဒယ်ငင်,တစဉ်ပါ သားစဉ်မြေးဆက်လိုက်ပုံ၊စိတ်ပူလောင် မယ်ဆိုရင် စိတ်၏မှီရာဖြစ်တဲ့ သွေးကော မပူဘူးလား၊ ?

॥ ပူပါတယ်ဘုရား॥ ॥

သွေးပူမယ်ဆိုရင် နှလုံးအိမ်လဲမပူဘူးလား၊ ?

॥ ပူပါတယ်ဘုရား॥ ॥

နှလုံးအိမ်ဘယ်မှာနေ၊ ?

॥ ရင်မှာနေပါတယ်ဘုရား॥ ॥

အဲဒါ ရင်ကောမပူဘူးလား၊ ?

॥ ပူပါတယ်ဘုရား॥ ॥

တန္ဒယ်ငင်နေ့ဒ်....

॥ မှန်ပါဘုရား॥ ॥

ရင်ပူလာပြီ, သွေးပူလာရင်၊ ရင်ပူလာပြီ၊ အဲဒီ သွေးပူလေး သည်....

ရင်ထဲက-ဒိပ်ဒိပ်, ဒိပ်ဒိပ်, မကျဘူးလား ?

။ ကျပါတယ်ဘုရား။ ။

သွေးပူတွေ ကျဆင်းတာဘဲ၊ သွေးကျောမှန်ယမျ-သွေးပူတွေ တကိုယ်လုံး ကျဆင်းသွားမယ်ဆိုရင်-တ ကိုယ် လုံး ကော မပူဘူး လား ?

။ ပူပါတယ်ဘုရား။ ။

ဟော-သားစဉ်မြေးဆက် လိုက်သွားတာခေါ်တယ်၊ စိတ်က လေးလဲပူတယ်၊ သွေးကလဲ ပူတယ်၊ သွေးလေး ပူမယ် ဆိုရင်၊ ရင်ကလေးလဲ ပူတယ်၊ သွေးသည် ရင်ထဲကသွေးသည် ပူလွန်း မ က ပူ မယ် ဆို ရင် အ ဆုပ် ထိ တတ် တယ်၊ အဆုပ် ထိ မယ် ဆို ရင် တီ ဘီ ရော ဂါ, အ ဆုပ် ရော ဂါ မျိုး စွဲတတ်တယ်၊ သိပ် ပူ လွန်း မ က ပူ မယ် ဆိုလို့ ရှိရင် အဲဒီ သွေးသည် သွေး ပုတ်,သွေးမဲဖြစ်တတ်တယ်၊ အဆိပ်ဖြစ်တတ်တယ်ခေါ်တယ်နော်။

အဲဒီ- သွေးပူတို့သည် တကိုယ်လုံး ကြဆင်းပြီးသကာလ၊ အင် မတန် ပူလွန်းမကပူမယ်ဆိုရင်၊ ကြုံလှီ ပိန်ခြုံးသော အနာရောဂါ မျိုးလဲ ဖြစ်တတ်သည်၊ နွေခေါင်ခေါင်ပေါက်သော သစ်ပင်များ လို့, ကုန်းခေါင်ခေါင် ပေါက်သော သစ်ပင်များလို့, အင်မတန် ခြောက်သွေ့ ကြုံလှီပိန်ခြုံးပြီးတော့ လဲနေတတ်တယ်- နော်.... သွေးပုတ်, သွေးမဲ့လေးတွေ ကြမယ်ဆိုရင် အကွက်နာ ဖြစ်တတ် တယ်နော်၊ အကွက်နာ ဖြစ်တတ်တယ်၊ သွေးမသန့်ဘူးနော်။

။ မှန်ပါဘုရား။ ။

ဒီဒင်မျှမကသေးပါ၊ ရင်မှာပူသည် ဖြစ်လေသောကြောင့် အပူရှိရင် လေရှိမြဲဘဲ လေရှိမယ်ဆိုရင်- ရင်မှာ လေခံရော၊ လေခံမယ်ဆိုလို့ရှိရင်- စားလို့လဲ မဝင်တော့ပါ၊ ဘယ်လောက် ဟင်းကောင်းကောင်းနဲ့ ချက်ရှဲကျွေးပင် ကျွေးငြားသော်လဲဘဲ၊ စားလို့တော့ မဝင်တော့ဘူး၊ ဘာဖြစ်လို့လဲ- ရင်ခံနေလို့နော်၊ လေခံနေတယ်၊ လေဘာကြောင့် ခံလဲမေးမယ်ဆိုရင်- ရင်ထဲက အလွန်ပူနေလို့ဘဲ။

ဒါကြောင့် ရင်ထဲမှာ လေခံသည်ဖြစ်လေသောကြောင့်၊ စားလို့လဲ မဝင်တော့ပါ၊ ဒီဒင်မျှမကသေးပါ၊ ရင်ထဲက အပူသည် အပူရှိရင်-ပူရှိန်၊ ပူခိုး၊ ပူငွေ့၊ ရှိတတ်တယ်၊ အပူက မီးနော်၊ အရှိန်၊ အခိုး၊ အငွေ့၊ ကလေးနော်၊ မီးရှိရင် လေရှိမြဲဘဲ- အဲဒီမီးနဲ့ လေနှစ်ခု ပေါင်းလိုက်တဲ့အခါမှာ အရှိန်၊ အခိုးတွေ ထလိမ့်မယ်၊ မီးခိုးတွေ၊ မီးရှိန်တွေ၊ မီးငွေ့တွေ၊ဟာ ပေါ့သလား၊ လေးသလား ?

။ ပေါ့ပါတယ်ဘုရား။ ။

ပေါ့ရင် အောက်ဆင်းမလား- အပေါ်တက်မလား ?

။ အပေါ်တက်ပါတယ်ဘုရား။ ။

အင်း မီးခိုးကြည်လေ အခုဒီမှာလဲ- ပူရှိန်၊ ပူခိုး၊ ပူငွေ့ တို့သည် ပေါ့သော ဓါတ်ဖြစ်သောကြောင့်- ခေါင်းထိအောင် တက်လိမ့်မယ်၊ ခေါင်းထဲ ရောက်ပြီဆိုရင်၊ မူးနောက်နောက် ဖြစ်တတ်တယ်၊ ခေါင်းလဲ ကိုက်တတ်တယ်၊ မျက်စေ့ထဲ ရောက်မယ်ဆိုရင်-မျက်စေ့ ဝေတတ်တယ်၊ မျက်စေ့မှုံတတ်တယ်၊ မျက်ဝတ်ဆံ-

များလဲ ထွက်တတ်တယ်၊ မျက်ထောင့်လဲဘဲ နီပြီးတော့ သွားတတ်တယ်၊ မှိတ်ပြီးတော့ အိပ်ပင် အိပ်ငြားသော်လဲဘဲ အခိုးတက်သည် ဖြစ်လေသောကြောင့်၊ အိပ်လို့ကိုပင်မရ၊ တညလုံး ဟိုလိုမ့် ဒီလိုမ့်နဲ့ မိုးလင်းခဲလှချေ့ဆိုတဲ့ အဖြစ်မျိုးနဲ့- မိုးသာ လင်းသွားတော့တယ်၊ အိပ်လို့မပျော်ပါ။

ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

လက်တွေ့ ဟုတ်ကြရဲ့လား။ ။

။ ဟုတ်ပါတယ်ဘုရား။ ။

စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်မကောင်းဘူးတဲ့ပုဂ္ဂိုလ်၊ မရှိပါဘူးနော်၊ အကြောင်း၊ အကျိုးသာ နားမလယ်တယ်၊ စိတ်ဆိုးတဲ့ အချိန်- စိတ်ညစ်တဲ့အချိန်၊ စိတ်မကောင်း၊ စိတ်မချမ်းသာတဲ့အချိန်၊ ဆိုပါ ဘယ်သူမဆို စားလို့တော့ မဝင်ဘူး၊ အိပ်လို့ကော ပျော် ရဲ့လား ?

။ မပျော်ပါဘုရား။ ။

အဲဒါ ကိန်းသေဘဲခေါ်တယ်၊ အကြောင်း၊ အကျိုးသာ နားမလယ်တယ်၊ အဲဒီလို ကိလေသာတွေကို- ခဏိက သမာဓိ ရှိရင်၊ ငြိမ်ပြီးတော့ သွားတတ်တယ်နော်၊ ပူလောင်တဲ့နေရာမှာ စိတ်ပူလောင်ရင်၊ စိတ်ဆင်းရဲသည်၊ ရင်ပူလောင်ရင်၊ ရင်ဆင်းရဲသည်၊ တကိုယ်လုံးပူလောင်ရင်၊ တကိုယ်လုံး ဆင်းရဲသည်၊ စားလို့မဝင် အိပ်လို့ မပျော်လို့ရှိရင်၊ တကိုယ်လုံး ဆင်းရဲသည် နော်၊ နာမ်ပူ

ရှင့်, ရုပ်ပူလာဒါဘဲ၊ နာမ် ဆင်းရဲရင်, ရုပ်ကလေးလဲ ဆင်းရဲလာဒါဘဲ၊ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

နာမ့်,လိမ္မာမှ, ရုပ်,ချမ်းသာမယ့်,ဆိုတာ တကယ်ဟုတ်တယ် ?

။ မှန်ပါဘုရား။ ။

နာမ့်,ကလေး ခိုင်းစေရာ သူက နောက်က လိုက်ရဒါဘဲ အားလုံး ရှင်းပလား ?

။ ရှင်းပါတယ်ဘုရား။ ။

အဲဒီ ကိလေသာတွေ ငြိမ်းသွားတယ်၊ ပျောက် သွားတယ်၊ ဒါဖြင့် ပူလောင်ဒါတွေပျောက်သွားဒါပေါ့၊ ဆင်းရဲဒါ ပျောက်သွားဒါပေါ့။

ဘာဘောကြပလား ?

။ ကြပါတယ်ဘုရား။ ။

ဘယ်လောက် စွမ်းသလဲ၊ ဒီအပူကလေးပေါ်မှာ- စိတ်တည်နေဒါဘဲ၊ အပူကလေးပေါ် စိတ်တည်နေတဲ့အခိုက် အအေးလေးပေါ်မှာ စိတ်တည်နေတဲ့အခိုက်၊ အလှုပ်ကလေးပေါ်မှာ စိတ်တည်နေတဲ့အခိုက်၊ ဆင်းရဲဒါကလေးပေါ်မှာ၊ ချမ်းသာကလေးပေါ်မှာ၊ စိတ်တည်နေတဲ့အခိုက်- "ခဏိက" သမာဓိ့ လေးဘဲ၊ အဲဒီ- ခဏိက, သမာဓိ့ကလေးဟာ၊ သမထ ကိလေသာ, ငြိမ်းနေပါတယ်၊ စိတ်ပူလောင်ဒါလဲ၊ ပျောက်ပါတယ်၊ စိတ်ဆိုး, စိတ်ညစ်, စိတ်ကောက်, စိတ်မချမ်းသာဒါလဲ, ပျောက်ပါတယ်၊ စိတ်

ဆင်းရဲဒါလဲ ပျောက်ပါတယ်၊ ကိုယ်ပူ လောင်ဒါ၊ ကိုယ်ဆင်းရဲဒါလဲ ပျောက်ပါတယ်၊ အိပ်လို့ မပျော်ဒါလဲ ပျောက်ပါတယ်၊ စားလို့ မဝင်ဒါလဲ ပျောက်ပါတယ်၊ တီဘီ၊ ရောဂါမျိုးလဲ ပျောက်ပါတယ်၊ နောက်ပြီးတော့ဆိုရင် အကွက် နာမျိုးလဲ ပျောက်သွားပါလိမ့်မယ်လို့ ဆိုလိုသည်။

အားလုံးသဘောကြပလား ?

။ သဘောကြပါပြီဘုရား။ ။

## စိတ္တဝိသုဒ္ဓိ

ဒါဖြင့် ကိလေသာငြိမ်းမယ်ဆိုရင် "စိတ္တဝိသုဒ္ဓိ" ဆက်ထားရတယ်၊ခဏိကသမာဓိ့ရယ်၊ သမထရယ်၊ စိတ္တဝိသုဒ္ဓိ ရယ်၊ ဒီသုံးခု ဆက်ထားရတယ်၊ အခုမှဘဲ ငါ့စိတ်အေးသွားရတယ်၊အရင်တုံးက တယ်လဲပူဒါဘဲ- တယ်လဲဆင်းရဲဒါဘဲ၊ စားလို့လဲမဝင်တော့ဘူး။ အိပ်လို့လဲ မပျော်တော့ဘူး၊ အင်မတန် ကြုံလှီပိန်ချုံးပြီးတော့- ငါဖြင့်လေ- အခုမှဘဲ အေးသွားတော့ဒါဘဲ၊ စားလို့လဲသိတ် ကောင်းသွား၊အိပ်လို့လဲပျော်ပြီး ငါ့ရုပ်ကလေးကြည့်စမ်း အရင်တုံးကအသားနဲ့ မတူတော့ဘူး၊ အခုတော့လေ- အင်မတန်စိုစို ပြေပြေ၊ လေးတွေဖြစ်လာပြီ၊ စိတ်ကောင်းတော့ ကိုယ်နတ်တွဲ သဘောကြရဲ့လား၊?

။ ကြပါတယ်ဘုရား။ ။

အဲဒါလေး ရှင်းရှင်းမှတ်ထားတော့ ?

။ မှန်ပါဘုရား။ ။

No. 22

မနောကံ့အသစ်ကို သမထ နဲ့ ဖိလို့ဆိုတဲ့အတိုင်းမနောကံ အသစ် ခုနှစ်ပါးကောက်ပုံ၊ သမထမှာ လမ်းရှည်ထဲက သမထ ကောက်ပုံ၊ လမ်းတိုထဲက သမထ ကောက်ပုံ၊ ဖိပုံ၊ သုံးပိုင်း သုံး ကဏ္ဍထား၍၊ ကရုဏာသနိသနိထား မေတ္တာများများဖြင့် ဟော ကြားခဲ့ပါပြီ၊ လမ်းရှည်ထဲက သမထဘဲဖြစ်ဖြစ်၊ လမ်းတိုထဲက သမထဘဲ ဖြစ်ဖြစ်၊ သမထဆိုရင်မနောကံ ကိုသာလျှင် ဖိတယ်ဆို သောကြောင့် တစ်တရားခံထဲကလား နှစ်တရားခံထဲကလား ?

॥ နှစ်တရားခံပါဘုရား॥ ॥

နှစ်တရားခံမှာ အဟောင်းထဲကလား အသစ်ထဲကလား ?

॥ အသစ်ထဲကပါဘုရား॥ ॥

အသစ်နော် ?

॥ မှန်ပါဘုရား॥ ॥

သမထဆိုရင် သီလက ရှေ့ကနေရတယ်၊ သီလက ရှေ့က နေတဲ့အတွက်ကြောင့် ကာယကံ၊ ဝစီကံ၊ အသစ်ရှောင်ပြီးသားဘဲ သမထ ပါသောကြောင့် မနောကံ၊ အသစ်ဖိပြီးသားဘဲ။

အဟောင်းတွေ မကျန်ဘူးလား ?

॥ ကျန်ပါတယ်ဘုရား॥ ॥

ကာယကံ ဟောင်း ဝစီကံ ဟောင်း မနောကံ ဟောင်းတွေ မကျန်ဘူးလား ?

॥ ကျန်ပါတယ်ဘုရား ॥

သမထ, တရား စျာန်, တရား၊ အဘိညာဉ်, တရားတို့က ဒီအပေါင်းတွေ သတ်နိုင်ပါ့မလား ?

॥ မသတ်နိုင်ပါဘုရား။ ॥

ဖြစ်ပြီးသားကို မဖိနိုင်ဘူး၊မဖြစ်ရသေးတာကိုသာ ဖိနိုင်တယ် သဘောကြရဲ့လား ?

॥ ကြပါတယ်ဘုရား ॥

တစ်တရားခံဒိဋ္ဌိ, နာမ်, ရုပ်, အမှားကိုကော ဒီသမထ, ဖြုတ်နိုင်ရဲ့လား ?

॥ မဖြုတ်နိုင်ပါဘုရား။ ॥

စျာန်အဘိညာဉ်တံခိုး၊ မြေလျှိုးမိုးပျံနိုင်တဲ့ ဗြဟ္မာကြီးတွေကော ဖြုတ်နိုင်ရဲ့လား ?

॥ မဖြုတ်နိုင်ပါဘုရား။ ॥

ဒါဖြင့် သမထ စျာန် အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ် အပါယ်ကျ မလွတ်ဘူးပေါ့ ?

॥ မလွတ်ပါဘုရား။ ॥

မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား။ ॥

"ဗြဟ္မာ့ပြည်တွင် ပြောင်ဝင်းဝင်း, ဝက်စားကျင်းမှာ တရှုတ်ရှုတ်" လို့ ရှေးဆရာကြီးတွေ မရေးဘူးလား ?

॥ ရေးပါတယ်ဘုရား။ ॥

ဥပဒိ အမည်ရှိသော မင်းသမီးနဲ့ ပတ်သက်၍ ရေးဒါ ခေါ်တယ်?

။ မှန်ပါဘုရား။ ။

ရှင်းသွားပလား ?

။ ရှင်းပါဘုရား။ ။

ဒါကြောင့် ဈာန်အဘိညာဉ်တံခိုး ဘယ်လောက်ပင် မြေလျှိုး မိုးပျံ၍ လောကီတံခိုးမှာ ထယ်ထယ် ဝါဝါ ကြီးကြီး မားမား ဖြစ်နေငြားသော်လဲ၊ တစ်တရားခံ ဒိဋ္ဌိကို မဖြုတ်နိုင်သောကြောင့် အပါယ်ကျ လုံးဝမလွတ်နိုင်သေးပါ၊ ယုံရဲ့လား ?

။ ယုံပါတယ်ဘုရား။ ။

သီလ လဲ မလွတ်နိုင်ဘူးနော်၊ သမထ ကော မလွတ်နိုင်ဘူး နော် ?

။ မှန်ပါဘုရား ။

## ကြေးဆပ်ပုံ ဉပမာ။

ကြွေးဆပ်ပုံကလေး ပြောမယ်၊ ကြွေးတရာရှိတဲ့ပုဂ္ဂိုလ် သီလ တရားသည်၊ ဒီကြွေးတရာကို နဲနဲလေးမှ မဆပ်ဘူး၊ သမထ သမားသည် ဒီကြွေးတရားကို နဲနဲလေးမှ မဆပ်ဘူး၊ကြွေးဟောင်း မဆပ်တဲ့ အပြင် ကြွေးသစ်ကို၊ ခဏ ခဏ ယူအုံးမယ်နော်၊ ကြွေးဆပ်ထာက- ဝိပဿနာ သမားမှ ဆပ်ထာ သဘောကြ ရဲ့လား ?

။ သဘောကြပါဘုရား။ ။

ဝိပဿနာ့သမားသည် တချက်မှတ်ရင် ကြွေးဟောင်းဆပ်ပြီး ဘဲ၊ ဖွဲ့ဖွဲ့ ဆပ်တယ်၊ တချက်မှတ်- တကျပ်ဆပ်၊ တချက်မှတ် တကျပ်ဆပ်၊ ဥပမာထား၊ ကိုးဆယ့်ကိုးချက်မှတ်လို့ရှိရင်၊ ကိုး ဆယ့်ကိုးကျပ် ဆပ်ပြီးသား မနေဘူးလား ?

॥ နေပါတယ်ဘုရား॥ ॥

ဘယ်လောက် ကျန်သေးသလဲ ?

॥ တကျပ် ကျန်ပါတယ်ဘုရား॥ ॥

အဲဒီတကျပ် ကျန်တာကို မဂ်ကျလိုက်တော့ ဒိဋ္ဌိအငုတ် ပြုတ် မသွားဘူးလား ?

॥ ပြုတ်သွားပါတယ်ဘုရား॥ ॥

ကြွေးရှိသေးသလား ?

॥ မရှိတော့ပါဘုရား॥ ॥

အပါယ်ကျမဲ့ ကြွေးရှိသေးသလား ?

॥ မရှိတော့ပါဘုရား॥ ॥

တစ်တရားခံဒိဋ္ဌိမရှိတော့ဘူး၊ အဲဒါ မဂ်ကျလိုက်တဲ့ အခါ ကြတော့၊ ကျန်တကျပ် ဆပ်ထာနဲ့တူသွားရော၊ ကြွေး ရှိသေးသလား ?

॥ မရှိပါဘုရား॥ ॥

အပါယ်ကျမဲ့ကြွေးဟောင်းရှိသေးသလား ?

॥ မရှိတော့ပါဘုရား॥ ॥

ကြွေးသစ်ကော သူ ယူအုံးမလား ?

॥ မယူတော့ပါဘုရား॥ ॥

အဲဒါမှတ်ထားကြ॥ ॥ဒါကြောင့် ဝိပဿနာ, အားမထုတ်သေးသော ပုဂ္ဂိုလ်တို့သည်၊အပါယ်ကျမဲ့ကြွေးတွေ, ကြွေးထူတွေ, မှတ်ကြတော့၊ ကြွေး, ဆပ်ကို မဆပ်ဘူး၊ ဒါနှ, ဘယ်လောက်မိုးထိအောင် လုပ်သော်လဲ ကြွေး, မဆပ်ဘူး၊ သီလ, သမားလဲ တသက်လုံးလုံး ကြွေးဟောင်းမဆပ်ဘူး၊ သမထ, သမားလဲ ကြွေးဟောင်း မဆပ်ဘူး၊ ကြွေးမဆပ်တယ်ဆိုဒါ, အပါယ်ကျမယ်ဆိုတဲ့ တစ်တရားခံ ဒိဋ္ဌိ, နှစ်တရားခံ အကုသိုလ်,ကံဟောင်းတွေ နဲနဲလေးမှ မသတ်ဘူး ဆိုလိုတယ်၊ အားလုံးရှင်းပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

ကဲ-တော်လောက်ပါပြီ॥ ॥ကနေ့ သမထ,လမ်းကို အကျယ်တဝင့် စာကော, လုပ်ငန်းပါ, ကိုယ်တွေ့ ကလေးတွေ ထည့်ပြီးသကာလ၊ လက်ကိုင်ဒုတ်ထားပြီးသကာလ၊ ခန္ဓာကိုယ်မှာ ဖြစ်, ပျက်,နေပုံတို့ကိုကရုဏာသန်သန်ထား,မေတ္တာများများဖြင့်ဟောကြား လိုက်ရပါသည်၊ ကြားနာရတဲ့ သူတော်ကောင်းအပေါင်းတို့မှာ ကနေ့အဖို့ လက်တွေ့တွေ, အလွန်တရာပါသည် ဖြစ်လေသောကြောင့်၊ ဒို့,မှာဖြင့် အလွန်တရာ ကျေးဇူးများလှပါပေ၏၊ ရင်တွင် နာမ်,အစဉ်မှာ ဆိုလို့,ရှိရင်- ပညာဆီကလေးတွေဟာဖြင့် မသိဒါ, သိပြီးတော့ သွားရပါပေ၏၊ သိပြီးသား ပိုပြီးတော့, ရှင်းပြီးတော့ သွားရပါပေ၏,လို့, နာမ်,ခေတ်မှာ ပညာကပ်မယ်ဆိုလျှင်၊ နာမ်,ဆက်ပြတ်, နိဗ္ဗာန်ရောက်တော့မယ် ဆိုဒါ၊ ဝမ်း

မြောက်သောအလား တရားတော်ကို ချီးကြူးသော အားဖြင့်၊ ကိုယ့်မြို့ ကိုယ့်ရွာ, ကိုယ့်ဒေသ,မှာ ဤတရားတော်မျိုး ကွယ် ပြီးတော့ မသွားရလေအောင်၊ အားပေးသောအလား, ချီးကြူး သောအားဖြင့်၊ သုံးကြိမ် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

သမထခန်း ပြီး၏။

# ကသစ်ဝိုင် ဆရာတော် ဘုရားကြီး ဟောကြားတော်မူသော

**မဂ်ဝင်, နိဗ္ဗာန်မြင်, ဖိုလ်ဝင်, နိဗ္ဗာန်မြင်, လမ်းစဉ်။**

လမ်းရှည် ....သီလအစ သမထ အလယ် ဝိပဿနာအဆုံး
မဂ်ဝင်နိဗ္ဗာန်မြင် ဖိုလ်ဝင်နိဗ္ဗာန်မြင် } **လမ်းရှည် လမ်းစဉ်ထုံး။**

လမ်းတို....သီလအစ သမထ/ဝိပဿနာ အဆုံး
မဂ်ဝင် နိဗ္ဗာန်မြင် ဖိုလ်ဝင်နိဗ္ဗာန်မြင် } **လမ်းတို လမ်းစဉ်ထုံး။**

အမှာ .... သမထယာနိက ကို (လမ်းရှည်) ခေါ်။ ဝိပဿနာယာနိကကို (လမ်းတို) ခေါ်။
မဂ်ခေါ်ပုံ.... အငုတ်သတ်(၁) အကြောင်းသစ်ပြတ် (၂) အကျိုးသစ်ရပ် (၃) (မဂ်) လို့မှတ်။

# ပဌမမဂ်—ဒိဋ္ဌိသတ်ပုံ။

အဖျား (လုပ်မှား, ပြောမှား, သက်မွေးမှား) ကို သီလနဲ့ရှောင်။

ဒိဋ္ဌိအမှား သုံးစား) အလယ်ခေါင် (အကြံမှား)ကို သမထနဲ့ဖိ။

သတ်ပုံများ) အရင်းရှိ (အငုတ်မှား)ကို ဝိပဿနာနဲ့ ဖြုတ်။

အငုတ်ပြုတ်လျှင် မဂ်ဝင်နိဗ္ဗာန်မြင် ဖိုလ်ဝင်နိဗ္ဗာန်မြင်။

သီလမဂ္ဂင်ဖြစ်ပုံ .... လုပ်မှား(၃) ပြောမှား (၄) သက်မွေး (၇) မှ ရှောင်ကြဉ်လိုက်လျှင်
လုပ်မှန် (၃) ပြောမှန် (၄)သက်မွေးမှန် (၇)သီလမဂ္ဂင် ၃ ပါးဖြစ်ပါ၏။

ဇွဲကောင်းတော့ စိတ်ကတခြားမသွား။ )
သမာဓိမဂ္ဂင်) သတိကောင်းတော့ ပေါ်တာထင်ရှား။ ) ခဏိက သမာဓိမဂ္ဂင်။
ဖြစ်ပုံ) သမာဓိကောင်းတော့ ပေါ်တိုင်းစိတ်တည်ငြား ) ၃ ပါး။

## ကျမ်းပြီး နိဂုံး ခါးပတ်ဖုံး

ဤကျမ်းစာ ထုတ်ဝေ ရခြင်း၊ ဖြစ်ပေါ် ရခြင်း သည်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အပေါ်ဝယ်၊ ကြည်ညိုဝပ် တွား၊ လွန်လေးစားကြသည့်၊ တပည့် ရဟန်း၊ ရှင်၊ လူ၊ ယောဂီ၊ သူတော်စင် အပေါင်းတို့၏၊ လိုလား တောင့်တ၊ ခယညွတ်တွား၊ တောင်းပန် လျှောက် ထားသည်က တဖြာ၊ ဆရာတော် ဘုရား ကြီး၏၊ မူလ ရည်ရွယ်တော်မူချက်၊ ဖြည့်စွက်လိုသည် တဝ၊ ဆရာတော်ဘုရား၊ ကိုယ်တိုင် ဟောကြားတော် မူသွားခဲ့သည့် မူရင်း တရားတော်များ၊ ငါးထောင်သာသနာ ထွန်းလင်းဖြာ လျှက် မပျက်၊ မယွင်းဘဲ၊ ကြာမြင့်၊ ရှည်ကြာ၊ ကောင်းစွာ တည်ရစ်ပါစေခြင်း စသော အကျိုးငှါ ထုတ်ဝေရခြင်း၊ ဖြစ်ပေါ် လာရခြင်း ဖြစ်ပါပေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဟောကြားတော် မူခဲ့ သော "ကိုယ်တွေ့ ဉာဏ်မြင် အလုပ်ပေး ဝိပဿနာ တရားစဉ်" ဤ ကျမ်းစာ ပထမတွဲ၌ နိဗ္ဗာန်ဆိုဒါ မသိလျှင် ခရီးဝေးပုံ၊ သိလျှင် အနီးကလေးရှိပုံ၊ နာမ်၊ ရုပ်၊ မမြင်သည့်အတွက်၊ သက္ကာယဒိဋ္ဌိ ဝင်၍၊ ကိလေသာတရားများ၊ ဖုံးအုပ်၊ လွှမ်းခြုံ၊ ထားသောကြောင့် အလုံးစုံသော သတ္တဝါမှန်သမျှ တို့သည် ထို ကိလေသာ ကာမ ဂုဏ်တို့၏ အကြား၌၊ နိဗ္ဗာန် တရားကို အနီးကလေးနဲ့ မမြင်နိုင် ကြပုံ။

နာမ်, ရုပ်, မမြင်ကြ, အန္ဓပုထုဇဉ် မှန်သမျှ, ယခုဘဝတွင်, ဘုရားတကာ, ဘုရားအမ, ကျောင်းတကာ, ကျောင်းအမ, အမည်တွင်ကြ၍, သီလနှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်တွေပင် ဖြစ်နေကြငြားသော်လည်း၊ နောင်ဘဝ သီလကင်းမဲ့သော ဒုဿီလ ဖြစ်ငြား၍, သီလ ပျက်ပြားပြီး, အရက်သမား, စသည့်ဘဝမျိုး ဆိုက်ရောက်ခဲ့ပါလျှင်, အပါယ်လေးပါးကျရပုံ။

ခဏိက, သမာဓိကလေးဖြင့် ပေါ်တိုး, ပေါ်ခိုက်, ခန္ဓာမှာ အသိစိတ်ကလေး စိုက်ကြည့် နေသောအခါ၊ ကိလေသာ အပူ ငြိမ်း၍ ရောဂါဝေဒနာများ, ကင်းဝေ သွားတတ်ပုံ စသည်ဖြင့် စာတွေ, ကိုယ်တွေ, နှစ်ဖြာ ရောစပ်၍ အားထုတ်ပုံ အားထုတ် နည်းများကို ဟောကြား ထားသော ဒေသနာတော် ဖြစ်၍၊ ဤကျမ်းစာအုပ်ကို ကြည့်ရှု လေ့လာ မှတ်သား၍၊ ရုပ်, နာမ်, တရား အဟုတ်အမှန် ရှုမှတ် ပွားများသော အားဖြင့်, ဘာဝနာ-မယဉာဏ်နှင့် ပြည့်စုံပြီးကာ, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဤနှစ်တန် ဖြင့်၊ ဖြစ်, ပျက်, ဆုံးရာ နိဗ္ဗာန် တဘက်ကမ်းသို့, တက်လှမ်း ဝင်ရောက်, မျက်မှောက် ပြုနိုင် ကြပါစေသောဟု ဆုပတ္ထနာ အာသီသပြုရင်း, "ကိုယ်တွေ ဉာဏ်မြင် အလုပ်ပေး ဝိပဿနာ တရားစဉ်" အမည်ရှိသော ကျမ်းစာ၊ ပထမတွဲကို ဤနေရာ၌ အဆုံး ခါးပတ် နိဂုံးသတ်လိုက်ရပါတော့ သတည်း။

**ဘဒ္ဒန္တ ခေမိန္ဒ - ဘဒ္ဒန္တလက္ခဏ**

မူလ- ကသစ်ဝိုင်ရိပ်သာ

အော(၁) ၁၆ မှ အဆက်၊

၉၈။ ။ဝါမြို့နယ် ဒါးညာစုကျေးရွာ ဒေါ်သိန်းလှ စေတနာ ၅၁
၉၉။ ပဲခူးနယ်ကုန်းမြို့ ဦးပြား ဒေါ်သိန်းတင်စေတနာ ၅
၁၀၀။ ညောင်ခါးရှည်ရွာ ဒေါ်ဒေရင် မိသားစု စေတနာ ၅
၁၀၁။ ဦးပါ ဒေါ်တင်မေ စေတနာတစုကကွယ်လွန်-
သူ မလှလှကြည် ရည်စူး၍ ၅
၁၀၂။ ပုဇွန်တောင် ရွှေဘုန်းပွင့် ဒုလ္လဘာ ဦးပဏ္ဏဝံသ
စေတနာ ၅
၁၀၃။ ပုဇွန်တောင်စက်ဘူရပ်ဦးလှမောင်ဒေါ်မြမေ
စေတနာ ၅
၁၀၄။ မုဒုံမြို့ စာစဉ်ရပ် မခင်လှဝေ စေတနာ ၅
၁၀၅။ ပဲခူးမြို့ သနပ်ခါးကုန်သည် မကြည် စေတနာ ၅
၁၀၆။ ရန်ကုန်မြို့ သမိုင်းအုတ်ကျင်း အောင်သုခလမ်း
ဒေါ်သောင်း စေတနာ ၅
၁၀၇။ ဦးလွန်းမောင် ဒေါ်ခင်မြင့် စေတနာ ၅
၁၀၈။ ရန်ကုန်မြို့ ဦးဇာဝန စေတနာ ၅
၁၀၉။ ရန်ကုန် ဒုလ္လဘာရဟန်း ဦးသုန္ဒရ ရဟန်းအမ
ဒေါ်ပွင့် စေတနာ ၅
၁၁၀။ ရန်ကုန်မြို့ ဒုလ္လဘာ ရဟန်း ဦးသုန္ဒရ ရဟန်း
အမ ဒေါ်စောရှင် ၅
၁၁၁။ ပဲခူးခရိုင် ကဝမြို့နယ် မကျက်ကြီးရွာဦးစံထွန်း
မကျင်ဥ စေတနာ ၅

၁၁၂။ ညောင်လေးပင် မောင်တင်ဝင်း-မမြင့်သိန်း စေတနာ ၅
၁၁၃။ ညောင်လေးပင်မြို့ ဦးလွန်းခင်-မတင်ကြည်စေတနာ ၅
၁၁၄။ ရန်ကုန်မြို့ သမိုင်း၊ ခင်တိုးဝင်းစေတနာ ၅
၁၁၅။ ကဝမြို့နယ် ထုံးကြီးရွာ ဒေါ်မယ် စေတနာ ၅
၁၁၆။ ပဲခူးမြို့ ညောင်ဝိုင်း ဒေါ်ကြည် စေတနာ ၅
၁၁၇။ ကဝမြို့နယ် ထုံးကြီးရွာ ဒေါ်ငွေရီ စေတနာ ၅
၁၁၈။ ရန်ကုန်မြို့ တောင်ဥက္ကလာ ဒေါ်စန်းရင် စေတနာ ၅
၁၁၉။ ဝေါမြို့နယ် အဗျားအလယ်စု ဦးကြီးမောင်-ဒေါ်မြကျင် သားသမီးများစေတနာ ၅
၁၂၀။ ကဝမြို့နယ် မကျက်ကြီးကျေးရွာ မကြည် စေတနာ ၅
၁၂၁။ ကဝမြို့နယ် မကျက်ကြီးရွာဦးဘရှင်-ဒေါ်စိန်နု စေတနာ ၅
၁၂၂။ ကဝမြို့နယ် ထုံးကြီးရွာ ဒေါ်သိန်းစေတနာ ၅

**ဆုတောင်း**။ ။ဤသို့ သဒ္ဒါရှင်လန်း, လှူဒါန်း ရသော ဓမ္မဒါန၊ ဓမ္မပူဇာ၊ ဓမ္မာနုဂ္ဂဟ မြတ်ပုည ကြောင့် ဘဝတိုင်းဝယ်၊ ပညာကြွယ်လျှက်၊ သုံယ်သွယ်ဂုဏ်နှင့်၊ အစုံတင့်၍၊ တဆင့်ရုပ်နာမ်၊ ဖြစ်ပျက်ဟန်ကို၊ အမှန်မြင်သိ၊ ဉာဏ်မျက်စေ့ဖြင့်၊ အပျက်ဆုံးရာ၊ နိဗ္ဗူတာကို၊ လျင်စွာအမြန်, မဂ်,ဖိုလ်ဉာဏ်ဖြင့်၊ ဝင်စံရွှေ့လျှောက်၊ မျက်မှောက် ပြုရပါစေသား....ဟု ဆုပတ္တနာ, ပြုကြစေကုန်ရာသတည်း။ ။

# စမ္ပဒါန ရှင်များ

## စာအုပ် ရနိုင်သော ဌာန

**ပင်ရင်းဌာန။** ။ဆရာတော်- မူလ- ကသစ် ဝိုင် ဓမ္မ ရိပ် သာ ဝေါစာတိုက်၊ ပဲခူးခရိုင်။

၂။ ။ပဲခူးမြို့၊ ညောင်ဝိုင်း (၁၅)လမ်း၊ ဦးပါ-ဒေါ်အမြိုင် နှင့် ဒေါ်အမာ။

၃။ ။ဘုရားကြီးမြို့၊ ဆေးပွဲရုံ၊ ရဟန်း အမကြီး ဒေါ်ပိန်သေး။

၄။ ။ပြွန်တံဆာမြို့၊ ဈေးအနီး ကျောင်း အမကြီး ဒေါ်အုံးကျင်။

၅။ ။ညောင်လေးပင်မြို့၊ ဦးညို- ဒေါ်သန်းရင်။

၆။ ။ပိန်းဇလုပ်မြို့၊ ဘယဆေးဆိုင် ဒေါ်စိန်မြိုင်။

၇။ ။ပဲနွယ်ကုန်းမြို့၊ ကျောင်းဒါယကာ- ဦးထိုင်စူးဝါး ဒေါ်စာပေါ်။

၈။ ။ဖြူးမြို့၊ ဈေးအတွင်း ဒေါ်ကြည်ဘိန်း။

၉။ ။တောင်ငူမြို့၊ ဈေးအနီး ခေတ်ဆန်း ဓါတ်ပုံတိုက်၊ ဦးကျော်စိန်- ဒေါ်စိန်တင့်။

၁၀။ ။ကျိုက်ထိုမြို့၊ ကသစ်ဝိုင် ဓမ္မရိပ်သာ။

၁၁။ ။မော်လမြိုင်မြို့၊ ကသစ်ဝိုင်ဓမ္မရိပ်သာ။

၁၂။ ။သုံးခွမြို့၊ မဂ္ဂင် ဓမ္မရိပ်သာ။

၁၃။ ။ဝေါမြို့၊ ကသစ်ဝိုင် ဓမ္မရိပ်သာ။

၁၄။ ။အင်းစိန်မြို့၊ လမ်းသစ်လမ်း၊ ဗိုလ်ကြီးပါ-ဒေါ်စီစီ။

၁၅။ ။ရန်ကုန်မြို့၊ ပုဇွန်တောင် အိုးဘိုရပ် လိပ်ကန်လမ်း၊ အမှတ် (၅) ဦးတင်အောင်။

၁၆။ ။ရန်ကုန်မြို့၊ ပုဇွန်တောင်- တပ်မြေရပ်- ကုန်ဈေးတန်း အမှတ် (၂၉) ဦးထွန်းရီ- ဒေါ်ပု။

၁၇။ ။ရန်ကုန်မြို့၊ ပုဇွန်တောင် - တပ်မြေ - မြခွါညိုလမ်း၊ အမှတ် (၅) ဦးထွန်းခိုင်- ဒေါ်အေးချစ်။